http://www.dhammadownload.com

## ဤစာအုပ်၌


၁။ ကဏ္ဍ ဘိက္ခု သံဃာဒိသိသ် အတွင်း — စာမျက်နှာ - ၁
၂။ ကဏ္ဍ အနိယတ အတွင်း — ၃၇
၃။ ကဏ္ဍ နိဿဂ္ဂိပါစိတ် အတွင်း — ၄၀
၄။ ကဏ္ဍ သုဒ္ဓပါစိတ် အတွင်း — ၉၅
၅။ ကဏ္ဍ ပါဋိဒေသနီယ အတွင်း — ၂၀၂
၆။ ကဏ္ဍ သေခိယ အတွင်း — ၂၀၇
၇။ ကဏ္ဍ အဓိကရဏသမထ အတွင်း — ၂၄၃
၈။ ကဏ္ဍ ဘိက္ခုနီ ပါရာဇိက အတွင်း — ၂၄၇
၉။ ကဏ္ဍ သံဃာဒိသိသ် အတွင်း — ၂၅၃
၁၀။ ကဏ္ဍ နိဿဂ္ဂိပါစိတ် အတွင်း — ၂၆၂
၁၁။ ကဏ္ဍ သုဒ္ဓပါစိတ် အတွင်း — ၂၇၆


ကဏ္ဍကျမ်းလာ ဘိက္ခု+ဘိက္ခုနီအတွင်း အဓိပ္ပါယ်များကို စုံစုံလင်လင်
ဝေဝေဆာဆာ တန်ဆာဆင်၍ ဖော်ပြထားပါသည်။

(ဒု+တ) ဝိနယအောင်ပန်း ■ (မြစ်သား) အရှင်ဉာဏာသာမိ

လတ်, ကြီး

# ဝိနယအောင်ပန်း

(ဒု+တ-တွဲ)



ဓမ္မဒါန

အရှင်ဉာဏာသာမိ (မြစ်သား)

သာသနာ-၂၅၅၁ ခု    ကောဇာ-၁၃၆၉ ခု

http://www.dhammadownload.com

၂၀၀၀

လတ်, ကြီး

# ဝိနယအောင်ပန်း

(ဒု+တ-တွဲ)



မွေဒါနု

## အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ-၂၅၅၁ ခု ကောဇာ-၁၃၆၉ ခု

http://www.dhammadownload.com

လတ်, ကြီး

# ဝိနယအောင်ပန်း

(ဒု+တ-တွဲ)



ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ-၂၅၅၁ ခု    ကောဇာ-၁၃၆၉ ခု

http://www.dhammadownload.com

# ဤစာအုပ်၌

၁။ ကဏ္ဍ ဘိက္ခု သံဃာဒိသိသ် အခွင့် စာမျက်နှာ - ၁
၂။ ကဏ္ဍ အနိယတ အခွင့် ၃၇
၃။ ကဏ္ဍ နိဿဂ္ဂိယပါစိတ် အခွင့် ၄၀
၄။ ကဏ္ဍ သုဒ္ဓပါစိတ် အခွင့် ၅၅
၅။ ကဏ္ဍ ပါဋိဒေသနီယ အခွင့် ၂၀၂
၆။ ကဏ္ဍ သေခိယ အခွင့် ၂၀၇
၇။ ကဏ္ဍ အဓိကရဏသမထ အခွင့် ၂၃၃
၈။ ကဏ္ဍ ဘိက္ခုနီ ပါရာဇိက အခွင့် ၂၃၇
၉။ ကဏ္ဍ သံဃာဒိသိသ် အခွင့် ၂၄၃
၁၀။ ကဏ္ဍ နိဿဂ္ဂိယပါစိတ် အခွင့် ၂၅၂
၁၁။ ကဏ္ဍ သုဒ္ဓပါစိတ် အခွင့် ၂၅၆

ကဏ္ဍကျမ်းလာ ဘိက္ခု+ဘိက္ခုနီအခွင့်အဓိပ္ပါယ်များကို စုံစုံလင်လင်
ဝေဝေဆာဆာ တန်ဆာဆင်၍ ဖော်ပြထားပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

လတ်, ကြီး

စာမေးပွဲများအတွက်

# ဝိနယအောင်ပန်း

(ဒု+တ-တွဲ)



ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ- ၂၅၅၁-ခု    ကောဇာ- ၁၃၆၉-ခု

http://www.dhammadownload.com

## စာရေးသူ၏ ဆန္ဒ

"ဝိနယအောင်ပန်း ပထမတွဲ" ကို ရေးသားပြီးနောက် ကျန်ရှိသည့် "ဒုတိယတွဲ, တတိယတွဲ" စာအုပ်များကိုလည်း ဆက်လက်ရေးသား လိုစိတ်များ ဖြစ်ပေါ်လာခဲ့ရပါသည်။

စာသင်သားတစ်ယောက်အတွက် စာတတ်ဖို့ လိုအပ်သကဲ့သို့ စာမေးပွဲ အောင်မြင်မှုမှာလည်း အရေးကြီးလှပေသည်။ "စာမေးပွဲအောင်မြင်မှုနှင့် စာတတ် မြောက်မှုတွင် စာမေးပွဲအောင်မြင်မှုက လွယ်ကူသည်" ဟု စာရေးသူ ထင်မြင်မိပါသည်။

အဘယ်ကြောင့်ဆိုသော် စာမေးပွဲအောင်မြင်မှုသည် ဆိုင်ရာ ဘာသာရပ် များအတွက် "မှတ်စုကောင်း စာအုပ်တစ်အုပ်" လက်ဝယ် ပိုင်ဆိုင်ထားလျှင် အထိုက် အလျောက် ကြည့်ရှုပေးသွားပါက လွယ်လင့်တကူ အောင်မြင်နိုင်ပါသည်။ စာတတ်ဖို့မှာ ကား လွယ်လွယ်နှင့် မတတ်မြောက်နိုင်ပါ။နှစ်ရှည်လများ ကြိုးစား၍ သင်ယူမှသာ တတ်မြောက်နိုင်ပါသည်။

အချို့သော စာသင်သားများသည် မှတ်စုကောင်းကောင်း မရှိသည့်အတွက် ဖြေဆိုသည့် စာမေးပွဲများကို မအောင်မြင်နိုင်ဘဲ လမ်းခု လတ်မှာပင် ရပ်ဆိုင်း၍ အနား ယူသွားကြသူတို့မှာ ဒုနဲ့ဒေး ဆိုသလို အများ အပြား ရှိကြပါသည်။

ဤသို့ မဖြစ်ရလေအောင် စာသင်သားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးရန် ဆန္ဒများ ဖြစ်ပေါ်လာခဲ့ရပါသည်။ ယင်းဆန္ဒကို အခြေခံ၍ ဤစာအုပ်ကို ရေးသားလိုက်ရပါသည်။

## ကျေးဇူးစကား

ဤစာအုပ်ကို စေတနာ, သဒ္ဓါတရား လက်ကိုင်ထားကာ ကွန်ပျူတာ စာစီ, စာရိုက်ခြင်း, ထို့ပြင် အမှားအယွင်းများကို စိတ်ပါလက်ပါ ပြုပြင်ပေးသော "လစန္ဒာ ကွန်ပျူတာ" မှ " အရှင်ကုသလ (ကသဲကုန်း) " အား ကျေးဇူး တင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်ဉာဏသာမိ

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ

ပရိယတ္တိသာသနဟိတ ဒီဃနိကာယဘာဏက

ဝိနယဝိဒူ, ဒီဃနိကာယဝိဒူ (ပထမ) မဇ္ဈိမနိကာယဝိဒူ

http://www.dhammadownload.com




ကထိနဝင် ၄၀
ဧဠကလောမဝင် ၇၀
ပတ္တဝင် ၇၉
မုသာဝါဒဝင် ၉၅
ဘူတဂါမဝင် ၁၀၈
ဩဝါဒဝင် ၁၂၈
ဘောဇနဝင် ၁၃၆
အစေလကဝင် ၁၆၀
သုရာပါနဝင် ၁၆၈
သပ္ပါဏကဝင် ၁၇၉
သဟဓမ္မိကဝင် ၁၈၉
ရတနဝင် ၂၀၄
လသုဏဝင် ၂၅၆
ရတ္တန္ဓကာရဝင် ၂၆၂
နဂ္ဂဝင် ၂၆၅
တုဝဋ္ဋဝင် ၂၇၀
စိတ္တာဂါရဝင် ၂၇၄
အာရာမဝင် ၂၇၉
ဂဗ္ဘိနီဝင် ၂၈၅
ဆတ္တုပါဟနဝင် ၂၉၁

---

အကာလစီဝရ ၅၂/၂၅၅
အင်္ဂုလိပတောဒက ၁၆၉
အစေလက ၁၆၀
အစ္စေကစီဝရ ၉၂
အညစေတာပန ၂၅၄
အညဘာဂိယ ၂၄
အညဝါဒက ၁၁၂
အညဝိညာပန ၂၅၃
အညာတကဝိညတ္တိ ၆၀
အဋ္ဌဝတ္ထုကာ ၂၄၁
အတ္တကာမပါရိစရိယ ၈
အတ္ထင်္ဂတ ၁၂၉
အဓိကရဏ ၂၇၆
အဓိကရဏကုပိတ ၂၅၀
အနနုညာတ ၂၀၉
အနာဒရိယ ၁၇၀
အနာပုစ္ဆာ ၂၉၂
အနာပုစ္ဆာ သန္တရဏ ၂၆၄
အနာပုစ္ဆာ အဘိနိသီဒန ၂၆၃
အနာပုစ္ဆာ ပက္ကမန ၂၆၃
အနိယတ ၃၇
အနုပခဇ္ဇ ၁၂၀
အန္တေပုရ ၂၀၄
အန္တောရဋ္ဌ ၂၇၃
အန္တောဝဿ ၂၇၃
အပနိဓာန ၁၇၀
အပဝါရဏ ၂၀၁
အဖာသုကရဏ ၂၇၁
အဘိက္ခုကာဝါသ ၂၀၁
အမူလက ၁၉၃
အရိဋ္ဌ ၁၀၄
အသံကစ္ဆိက ၂၉၃
အာမကဓည ၂၃၉
အာမိသ ၁၇၀
အာရာမပဝိသန ၂၇၉
အာလောပ ၂၂၇
အာဝသထပိဏ္ဍ ၁၃၆
အာဝသထစီဝရ ၂၇၆
အာဝသထဝိဟာရ ၂၇၇
အာဝုဓပါဏိ ၂၇၀
အာသန္နပရိဘုဉ္ဇန ၂၇၄
ဣတ္ထာလင်္ကာရ ၂၉၁
ဥက္ကောဋန ၁၈၀
ဥက္ခိတ္တက ၂၂၃
ဥက္ခိတ္တကဩသာရဏ ၂၄၈
ဥက္ခိတ္တသမ္ဘောဂ ၁၈၅
ဥက္ခိတ္တာနုဝတ္တိကာ ၂၄၀
ဥစ္စာသဒ္ဒ ၂၂၃
ဥစ္စာရဆဍ္ဍန ၂၆၀
ဥဇ္ဈာပနက ၁၁၂
ဥဇ္ဈာနသညီ ၂၂၆
ဥဒကသုဒ္ဓိက ၂၅၈
ဥဒကေ ဥစ္စာရ ၂၃၂
ဥဒေါသိတ ၅၀
ဥပက္ခဋ ၆၃
ဥပတိဋ္ဌန ၂၃၉
ဥပဿုတိ ၁၉၄
ဥပ္ပထေနဂမန ၂၃၂
ဥဗ္ဘဇာဏုမဏ္ဍလိကာ ၂၃၈
ဥယျုတ္တသေနာ ၁၆၅
ဥယျောဓန ၁၆၀
ဥယျောဓိက ၁၆၇
ဥဿယဝါဒိကာ ၂၄၃
ဦနဒွါဒသဝဿ ၂၈၈
ဦနဝီသတိဝဿ ၁၈၂
ဦနပဉ္စဗန္ဓန ၈၂
ဧကဂါမန္တရဂမန ၂၄၆
ဧကတ္ထရဏတုဝဋ္ဋန ၂၇၀

http://www.dhammadownload.com




| | |
|---|---|
| ကေမဥတုဝန္တန | ၂၇၀ |
| ငွေကလောမ | ၇၃ |
| ငွေကလောမဓောဝါပန | ၇၄ |
| ဩဒနပ္ပဋိစ္ဆာဒန | ၂၂၆ |
| ဩမသဝါဒ | ၉၇ |
| ဩဝါဒ | ၁၂၈/၂၈၄ |
| ဩဝါဒူပသင်္ကမန | ၂၈၄ |
| ကဏ္ဍက | ၁၈၈ |
| ကဏ္ဍုပ္ပဋိစ္ဆာဒိ | ၂၁၂ |
| ကထိန | ၄၀ |
| ကထိနုဒ္ဓါရ | ၂၆၉ |
| ကပ္ပ | ၂၂၇ |
| ကပ္ပါဝစ္ဆေဒက | ၂၂၈ |
| ကမ္မပ္ပဋိဗာဟန | ၁၉၅ |
| ကယဝိက္ကယ | ၇၈ |
| ကာဏမာတာ | ၁၄၀ |
| ကာယသံသဂ္ဂ | ၃ |
| ကာလအတိက္ကမန | ၂၆၉ |
| ကုဋိကာရ | ၁၄ |
| ကုမာရိဘူတ | ၂၈၇ |
| ကုလဒူသက | ၃၀ |
| ကုလမစ္ဆရိနီ | ၂၈၀ |
| ကောသိယ | ၇၀ |
| ခီယနဓမ္မ | ၂၈၉ |
| ဂဏစီဝရ | ၂၆၇ |
| ဂဏပရိဘာသန | ၂၈၀ |
| ဂဏဘောဇန | ၁၃၇ |
| ဂန္ဓဝဏ္ဏက | ၂၉၂ |
| ဂဗ္ဘိနီ | ၂၈၅ |
| ဂရုပါဝုရဏ | ၂၅၅ |
| ဂိဟိဂတ | ၂၈၆ |
| ဂိဟိဝေယျာဝစ္စ | ၂၇၅ |
| စတုတ္ထ ပါဋိဒေသနီ | ၂၁၆ |
| စာရိကာ န ပက္ကမန | ၂၇၃ |
| စာရိတ္တ | ၁၆၂ |
| စီဝရအစ္ဆိန္ဒန | ၈၉ |
| စီဝရဒါန | ၁၃၁/၂၆၈ |
| စီဝရသိဗ္ဗန | ၁၃၁/၂၆၅ |
| စီဝရပဋိဂ္ဂဟဏ | ၅၉ |
| စီဝရပရိဝတ္တန | ၂၅၃ |
| စီဝရသင်္ကမနီယ | ၂၆၇ |
| စောရီဝုဋ္ဌာပိကာ | ၂၄၅ |
| ဆတ္တပါဏိ | ၂၂၉ |
| ဆတ္တုပါဟန | ၂၉၁ |
| ဆန္ဒံ အဒတွာဂမန | ၁၉၉ |
| ဆဗ္ဗဿ | ၇၁ |
| ဇတုမဋ္ဌက | ၂၅၈ |
| ဇာတရူပရဇတ | ၇၄ |
| ဇောတိ | ၁၇၂ |
| တတိယ ပါဋိဒေသနီ | ၂၁၅ |
| တတုတ္တရိ | ၆၁ |
| တလဃာတက | ၂၅၇ |
| တလသတ္တိက | ၁၉၃ |
| တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏန | ၂၇၈ |
| တူလောနဒ္ဓ | ၂၁၀ |
| ထေယျသတ္ထ | ၁၈၃ |
| ဒန္တပေါန | ၁၅၄ |
| ဒုဋ္ဌဒေါသ | ၁၉ |
| ဒုဋ္ဌုလ္လ | ၁၈၁ |
| ဒုဋ္ဌုလ္လဝါစာ | ၆ |
| ဒုဋ္ဌုလ္လာရောစန | ၁၀၅ |
| ဒုတိယိကာဥယျောဇန | ၂၆၂ |
| ဒုတိယ အနိယတ | ၃၉ |
| ဒုတိယ ဥစ္စာရဆဍ္ဍန | ၂၆၀ |
| ဒုတိယ ဥပက္ခဋ | ၆၄ |
| ဒုတိယ ပဝါရဏာ | ၁၄၈ |
| ဒုတိယ ပါဋိဒေသနီ | ၂၁၄ |
| ဒုတိယ သဟဇီဝိနီ | ၂၈၇ |
| ဒုတိယ သဟသေယျ | ၁၀၂ |
| ဒုတိယ သေနာသန | ၁၁၈ |
| ဒုဗ္ဗစ | ၂၉ |
| ဒုဗ္ဗဏ္ဏကရဏ | ၁၇၄ |
| ဒုဗ္ဗလ | ၂၀၀ |
| ဒွေဘာဂ | ၇၁ |
| ဓမ္မဒေသနာ | ၁၀၂ |
| န ဥပဋ္ဌာပန | ၂၇၁ |
| နဂ္ဂ | ၂၆၅ |
| နစ္စဂီတ | ၂၆၁ |
| နန္တ | ၂၁၂ |
| နဟာန | ၁၇၃ |
| နာဘိနုဗန္ဓန | ၂၈၇ |
| နာဝါဘိရုဟန | ၁၃၃ |
| နိက္ကဍ္ဎန | ၁၂၁/၂၇၂ |
| နိသီဒန | ၇၂/၂၁၁ |
| ပစ္ဆတောဂမန | ၂၃၁ |
| ပဉှာပုစ္ဆန | ၂၉၂ |
| ပဋိစ္ဆန္နောကာသ | ၂၆၂ |
| ပဋိဗာဟန | ၂၆၈ |
| ပဌမ အနိယတ | ၃၇ |

ပဌမ ဥစ္စာရဆဋ္ဌန ၂၆၀
ပဌမ ဥပက္ခရ ၆၃
ပဌမ သဟသေယျ ၁၀၀
ပဌမ သံသိကစေတာပန ၂၅၄
ပဌမ သိက္ခမာန ၂၈၆
ပဌမ သေနာသန ၁၁၄
ပဌမ ပါဋိဒေသနီ ၂၁၂
ပဌမ ပဝါရဏာ ၁၄၂
ပဏီတဘောဇန ၁၅၂
ပတ္တ ၇၉
ပတ္တသန္နိစယ ၂၅၂
ပထဝီခဏန ၁၀၇
ပဒသောဓမ္မ ၉၉
ပရ အဘိသပန ၂၆၄
ပရဥဇ္ဈာပနက ၂၆၄
ပရမ္ပရဘောဇန ၁၃၉
ပရိဏတ ၉၄
ပရိဏာမန ၂၀၄
ပရိပါစိတ ၁၃၄
ပရိပုဏ္ဏဒ္ဓါဒသဝဿ ၂၈၉
ပရိမဏ္ဍလ ၂၁၉
ပဝါရဏာ ၁၄၂
ပဝါရိတ ၂၈၀
ပသာခေဇာတ ၂၈၅
ပဟာရ ၁၉၂
ပါဋိဒေသနီယ ၂၁၂
ပါပသမာစာရ ၂၅၀/၁
ပါရိဝါသိက ၂၉၀
ပုရာဏစီဝရ ၅၇
ပေသုည ၉၈
ဘိက္ခုအဇ္ဈောသန ၂၇၉
ဘိက္ခုနိဥမ္မဒ္ဒါပန ၂၉၂
ဘိက္ခုနုပဿယ ၁၃၀
ဘိံသာပန ၁၇၁
ဘုဉ္ဇမာန ၂၂၇
ဘူတဂါမ ၁၀၈
ဘူတာရောစန ၁၀၄
ဘေဒါနုဝတ္တက ၂၈
ဘေသဇ္ဇ ၈၅
ဘောဇနဒါန ၂၇၆
ဘောဇနပဋိဂ္ဂဟဏ ၂၇၉
မဉ္ဇပီဌ ၂၀၉
မဟလ္လကဝိဟာရ ၁၂၄
မဟာနာမ ၁၆၄
မဟာပေသကာရ ၉၁
မုသာဝါဒ ၉၅
မောဟန ၁၉၁
ယာနဂတ ၂၃၀
ယာန ၂၉၁
ရတန ၂၀၅
ရတ္တန္ဓကာရ ၂၆၂
ရဟောနိသဇ္ဇ ၁၃၅/၁၆၂
ရဟောပဋိစ္ဆန္န ၁၆၂
ရာဇ ၆၄
ရာဇာဂါရ ၂၇၄
ရူပိယသံဝေါဟာရ ၇၇
ရောဒန ၂၆၅
လဟုပါဝုရဏ ၂၅၆
လသုဏ ၂၅၆
ဝဋ္ဋပဋိစ္ဆာဒိကာ ၂၃၉
ဝဿိကသာဋိက၈၇/၂၁၂
ဝိကပ္ပန ၁၇၅
ဝိကာလဘောဇန ၁၄၉
ဝိကာလဂါမပ္ပဝေသန ၂၀၇
ဝိလေခန ၁၈၉
ဝိဟာရကာရ ၁၉
ဝေဟာသကုဋိ ၁၂၃
သဃာဋိစာရ ၂၆၆
သဃာဏိ ၂၉၁
သံဃဘေဒက ၂၆
သံသိကစေတာပန ၂၅၄
သံဝိဓာန ၁၃၂/၁၈၄
သံသဋ္ဌ ၂၇၂
သကဗဠ ၂၂၇
သဉ္စရိတ္တ ၁၀
သဉ္စိစ္စ ၁၇၉/၁၉၄
သန္နိဓိကာရက ၁၅၀
သပ္ပါဏက ၁၂၆/၁၇၉
သပဒါန ၂၂၅
သဘောဇန ၁၆၁
သမတိတ္ထိက ၂၂၅
သမ္ဗာဓလောမ ၂၅၇
သယန(ဂတ) ၂၃၀
သသိတ္ထက ၂၂၉
သဟဇီဝိနီ ၂၈၆
သဟဓမ္မိက ၁၈၉
သဟသေယျ ၁၀၀
သာမိသ ၂၂၈
သာသင်္က ၉၃

http://www.dhammadownload.com




သိက္ခာပစ္စာစိက္ခာ ၂၅၀
သိက္ခာမာန ၂၈၆
သိတ္တာဝကာရက ၂၂၈
သုက္ကဝိဿဇ္ဇ ၁
သုဒ္ဓကာဠက ၇၁
သုတ္တကန္တန ၂၇၅
သုတ္တဝိညတ္တိ ၉၀
သုပ္ပဋိစ္ဆန္န ၂၂၂
သုရာပါန ၁၆၈
သူစိဃရ ၂၀၈
သူပေါဒနဝိညတ္တိ ၂၂၆
သေနာဝါသ ၁၆၆
သေနာသန ၁၁၄
သောကာဝါသ ၂၈၉
ဟတ္ထနိဒ္ဓုနက ၂၂၈
ဟတ္ထနိလ္လေဟက ၂၂၈
ဟရိတေ ဥစ္စာရ ၂၃၂
ဟသဓမ္မ ၁၇၀


## မှတ်သားဖွယ်ရာ ခေါင်းစဉ် မာတိကာ


အကတသဟာယ ၂၄၁
အကတာနုဓမ္မေန ၁၈၆
အကပ္ပိယအသား ၁၅၁
အကပ္ပိယကုဋိ ၁၅၁
အကပ္ပိယဘူမိ ၁၃၂/၂၄၆
အကာမာပရိဝတ္တဗ္ဗံ ၃၂
အကာလစီဝရ ၅၂/၂၅၂
အကာလစီဝရံ ဥပ္ပဇ္ဇေယျ ၅၂/၅၃
အကာလစီဝရကို တစ်လ ထက်ပို၍ ထား ၅၆
အကာလသက်န်းဖြစ် ပေါ် လာပုံ ၅၂
အက္ကောသဝတ္ထု ၁၀-ပါး ၉၇
အက္ကောသာဓိပ္ပါယ ၂၃
အကပ္ပိယဘောဇဉ် ၁၄၆
အကပ်ခံနည်း ၁၅၅
အကပ်မခံဘဲ သုံးဆောင် နိုင်သော ဝတ္ထု ၁၅၅
အကပ်မြောက်ကြောင်း အင်္ဂါ ၅-ပါး ၁၅၅
အကပ်ပျက်ကြောင်း အင်္ဂါ ၆-ပါး ၁၅၅
အကပ်မြောက်သော ဝတ္ထုပမာဏ ၁၅၅
အက္ခန္တိ ၂၅၁
အချိန်းအချက် ၃- ၁၃၂
အဂဏ္ဌိပိကာအာပတ် ၂၄၃
အဂ္ဂဗီဇ ၁၀၉
အဂ္ဂဠ္ဌတ္ထပနာယ ၁၂၅
အဂ္ဃသမောဓာနပရိဝါသ် ၃၅
အင် ၄
အဂါရိက ၂၆၈
အင်္ဂုလိပတောဒက ၁၆၉
အစိတ္တက ၂၉၃
အစ္ဆေကစီဝရ ၉၂
အဇ္ဈာဒေသာမိ ၆၃
အဓိဋ္ဌာပေယျ ၇၉
အဓိဋ္ဌေယျ ၇၉
အဓိဋ္ဌစီဝရ ၆၁
အဇာတပထဝီ ၁၀၇
အဇာနန္တဿ ၂၂၀
အဇ္ဈာရာမေ ၂၀၅
အဇ္ဈာဝသထ ၂၀၅
အဇ္ဈာသယပရိဝါသိယ ၂၉၁
အညံစေတာပေယျ ၂၅၄
အညံစေတာပေတွာ ၂၅၄
အညံ ဝိညာပေယျ ၂၅၃
အညတြ ကပ္ပါ ၂၄၅
အညတြဘိက္ခုသမ္မုတိယာ ၅၀/၇၁/၉၄/၁၀၅
အညတြ ဝိညုနာ ပုရိသ ဝိဂ္ဂဟေန ၁၀၃
အညတြ ဥဒကဒန္တ- ၁၅၈
အညဒတ္ထိကေန ၂၅၄
အညဘာဂိယ ၂၄
အညဝါဒက ၁၁၂
အညာတိကာ ၅၇
အညုဒ္ဒိသိကေန ၂၅၄
အဍ္ဎဝတ္ထုကာ ၂၄၂
အတိရေကစီဝရ ၄၃/၄၄
အတိရေကပတ္တ ၇၉
အတိရိတ်ဝိနည်းကံပြုခြင်း အင်္ဂါ ၇-ပါး ၁၄၃

http://www.dhammadownload.com




| | | | |
|---|---|---|---|
| အတိရိတ်ဝိနည်းကံပြုသည်ဟူသည် | ၁၄၆ | အနာဟာရ | ၂၂၇ |
| အတ္တကာမပါရိစရိယ | ၉ | အနိကွန္တ ရာဇက | ၂၀၄ |
| အတ္တနော ပရိဏာမေယျ | ၉၅ | အနိဂ္ဂတရတနက | ၂၀၄ |
| အတ္တုဒ္ဒေသ | ၁၅ | အနိယတ | ၃၈ |
| အဒါပေတွာ | ၁၆၀ | အနိယတသိက္ခာပုဒ်ကို ပညတ်ရကျိုး | ၃၈ |
| အဒိဋ္ဌ | ၂၀ | အနိက | ၁၆၇ |
| အဒိန္န | ၁၅၄ | အနုခုဒ္ဒသိက္ခာပုဒ်ဟူသည် | ၁၉၀ |
| အဒ္ဓါနဂမနသမယ | ၁၃၈/၁၇၃ | အနုဗ္ဗံသေယျ | ၂၁/၁၉၃ |
| အဒ္ဓါနမဂ္ဂပဋိပန္နဿ | ၇၃ | အနုပခဇ္ဇ | ၁၂၀/၁၆၂ |
| အဓိကရဏသမထ | ၂၃၃ | အနုပဒ | ၉၉ |
| အဓိကရဏ်း ၄-ပါး | ၂၃၃ | အနုပသမ္ပန္န | ၉၈/၁၀၀ |
| အဓိဋ္ဌာန်တင်ပုံများ | ၄၆ | အနုဗျဥ္ဇန | ၁၀၀ |
| အဓိဋ္ဌာန်ဝိကပ္ပနာပြုနိုင်သော အငယ်ဆုံးသက်န်း ပမာဏ | ၄၄ | အနုလောမဖျော်ရည်များ | ၁၅၈ |
| | | အနုလောမသင်္ကန်း | ၄၄ |
| အဓိဋ္ဌာန်တင်ရန် မလိုသော အသုံးအဆောင်များ | ၄၇ | အနုဝတ္တကာ | ၂၈ |
| | | အနုဝတ္တန | ၂၄၁ |
| အဓိဋ္ဌာန်ကျကြောင်း, ပျက်ကြောင်း အင်္ဂါ | ၄၇ | အနုဝါဒါဓိကရဏ်း | ၂၃၄ |
| | | အန္တက္ခရ | ၁၀၀ |
| အဓောဂါမိနီ | ၁၁၄ | အနေကပရိယာယေန | ၁၈၅ |
| အနတိရိတ္တ | ၁၄၆/၇ | အနောကာသကတ | ၂၉၂ |
| အနည် ပါစိတ္တိယံ | ၁၂၁ | အန္တရာယိကာ | ၁၈၄ |
| အနညာယဂဏဿ ဆန္ဒံ | ၂၄၈ | အန္တရာယ် ၁၀-ပါး | ၃၂ |
| အနနုညာတသမုဋ္ဌာန် | ၂၉၀ | အန္တရာယိက ၅-ပါး | ၁၈၅ |
| အနာဒရ | ၂၄၁ | အန္တေပုရိကပါရုတ | ၂၂၁ |
| အနာဒရိယ | ၁၇၁ | အန္တောပက္က | ၁၅၁ |
| အနာဒရိယ ၂-မျိုး | ၁၇၀ | အန္တောရဋ္ဌ | ၂၃၃ |
| အန္တရာယ ကရေယျ | ၂၆၇ | အန္တောဝုဿ | ၂၃၃ |
| အနန္တရာယိကိနီ | ၂၆၅ | အန္တောဝုဋ္ဌ | ၁၅၁ |
| အနာပုစ္ဆာ | ၁၆၃ | အပရိသင်္ကိတ | ၂၀ |
| အနာရုမ္ဘ် | ၁၇ | အပရိမဏ္ဍလဝတ်နည်း | ၂၁၉ |

http://www.dhammadownload.com




အပလောကနက် ၁၉၅
အပ္ပဋိကာရ ၂၄၁
အပ္ပဋိစ္ဆန္နမာနတ် ၃၆
အပ္ပဋိသံဝိဒိတ ၂၁၆
အပ္ပတီတ ၁၉
အပ္ပဒိပ ၂၆၂
အပ္ပသဒ္ဒ ၂၂၃
အပ္ပဟရိတေ ဋ္ဌိတေန ၁၂၅
အပ္ပေဝနာမ နံ ဣမမှာ ၂၂
အပေါ်လွှမ်းအိပ်ရာခင်း ၄၆
အဖာသုကရဏ ၂၇၁
အဖော်ရဟန်းကို ပြန်လွှတ်ရ ၁၆၁
အဗ္ဘန္တရသိမ်၌-ပေးလှူလျှင် ၅၄
အဗ္ဘာန် ၃၆
အဘိက္ခုကအာဝါသ ၂၈၁
အဘိဟဋ္ဌုံ ပဝါရေယျ ၆၁/၁၄၈
အမာလွှမ်းသင်္ကန်း ၄၅/ ၄၇/၄၈
အမာ(အနာ)လွှမ်းသင်္ကန်းခွင့်ပြု
တော် မူရကျိုး ၂၁၂
အမူလကစ္ဆေဝ ၂၂
အမူလကေန ၁၉/၂၀
အမှန်အတိုင်းပြောဆိုပါလျက်အာပတ်
သင့်သော စကားသုံးခွန်း ၆
အယူစင်ကြယ်မှု ပျက်စီးကြောင်း
အာပတ်များ ၂၉၄
အရိသာဝိကာမက ပြော တိုင်း-- ၃၇
အရေးပေါ်သင်္ကန်းလှူဒါန်း-- ၉၂/၉၃
အလံကမ္မနိယ ၃၇
အဝဂဏ္ဏကာရက ၂၃၈
အဝလိတ္တာကုဋိ ၁၅
အဝဿုရာ ၂၄၀
အဝဿုတ ၂၃၈/၂၄၉
အဝိပ္ပဝါသသိမ်၌ ၅၄
အဝိဝဒမာနေဟိ ၂၃၇
အဝိဝဒမာန ၂၇
အသံကစ္စိကာ ၂၉၃
အသဉ္စိစ္စ ၂၂၀
အသတိယာ ၂၂၀
အသုတ ၂၀
အသီးကြီး ၉-မျိုး ၁၅၈
အသာနိက ၁၆၇
အသာမိက ၁၅
အသိက္ခိတသိက္ခ ၂၈၆
အသက်မွေးမှု ပျက်စီးကြောင်း
ဖြစ်သော အာပတ် ၂၉၃
အသက် ၂၀-မပြည့်သူကို ရဟန်းခံ ၁၈၂
အဝန်းညီစွာ သင်းပိုင်ကိုဝတ်ပုံ ၂၁၉
အဝန်းညီစွာ ကေသီကို ဝတ်ပုံ ၂၁၉
အာစာရဝိပတ္တိကြောင့် သင့်အာပတ် ၅၀
အာစာရဝိပတ္တိဖြင့်စွပ်စွဲလျှင် ၁၉၃
အာဇီဝဝိပတ္တိကြောင့် သင့်အာပတ် ၅၀
အာဒိကမ္မိကဘိက္ခုနီ ၇-ပါး ၂၃၇
အာဒိဿဒိန္န ၂၅၂
အာပတ္တာဓိကရုဏ်း ၂၃၄
အာပတ် ၇-ဖုံကို ဝိပတ္တိ ၄-ပါးဖြင့်ခွဲ ၄၉
အာပတ်ကိုဖုံးလွှမ်းခြင်း လက္ခဏာ
၁၀-ပါး ၃၁
အာပတ်ကို ဖုံးထားရာရောက်ပုံ ၃၁
အာပတ်ကိုဖုံးထားရာ မရောက်ပုံ ၃၁
အာပတ်အဆက်ဆက် သင့်ပုံ ၁၈၁

http://www.dhammadownload.com




အာပတ်အဆက်ဆက် ပြတ်ပုံ ၁၈၁
အာပတ္တိနိကာယ ၁
အာပတ္တိသန္ဒဿနာ ၂၁
အာမသန ၂၃၈
အာမိသရှိသောလက်ဖြင့် ကိုင်ခြင်းကို
ပယ်မြစ်ရကြောင်း ၂၂၈
အာမိသသမ္ဘောဂ ၁၈၆
အာမိသဟေတု ၁၃၀
အာယသ္မန္တော ၁
အာရညက သေနာသန ၉၃
အာရညိကစုတင် ဆောက်တည်နိုင်
သော အရပ် ၉၃ /၁၁၇
အာရာမ ၂၇၄
အာလောကသန္ဓိ ပရိကမ္မာယ ၁၂၅
အာဝသထ ၂၇၇
အာဝသထစီဝရ ၂၇၆
အာဝသထပိဏ္ဍ ၁၃၆
အာဝုဓ ၂၃၀
အာသနေ နိသိန္နဿ ၂၃၁
အာသန္ဒိ ၂၇၄
အာသာဒနာပေက္ခော ၁၄၈
အာဟစ္စပါဒက ၁၂၃
အာဟာရံ အာဟာရေယျ ၁၅၇
အပ်သောမြေ ၁၃၂
အောင်သွယ်ခြင်းလက္ခဏာ၃-ပါး ၁၁
အောင်သွယ်သော်လည်း အောင်သွယ်
မှု ကိစ္စ မအောင်မြင်က ၁၃
ဣတ္ထာလင်္ကာရ ၂၉၁
ဣတ္ထိယာ ဝါ ပုရိသံမတိ ၁၁
ဣဒံ တသ္မိံ ပါစိတ္တိယံ ၁၈၂

ဥက္ကဋ္ဌသပိတ် ၈၀
ဥက္ကဋ္ဌုက္ကဋ္ဌသပိတ် ၈၀
ဥက္ကဋ္ဌောမကသပိတ် ၈၀
ဥက္ကုဋိကာ ၂၂၄
ဥက္ကောရေယျ ၁၈၀
ဥက္ခိတ္တံ ဘိက္ခုံ ၂၄၀
ဥက္ခိတ္တံ ဘိက္ခုနိံ ၂၄၈
ဥက္ခိတ္တကာယဂမန (နိသီဒန) ၂၂၃
ဥက္ခိတ္တကရဟန်းကို ဩသာရဏာကံပြု
ရမည့်အခါ ၁၈၇
ဥက္ခိတ္တကရဟန်းနှင့် သမ္ဘောဂနပြုရာ ၁၈၇
ဥက္ခိတ္တာနုဝတ္တိကာ ၂၄၁
ဥက္ခေပနီယကံပြုထိုက်သည့် ရဟန်း ၁၈၇
ဥစ္စေ အာသနေ ၂၃၀
ဥဇ္ဇဂ္ဃိကာယ ၂၂၃
ဥဇ္ဈာပနက ၁၁၃
ဥညာ ၂၅၁
ဥဏှသမယ ၁၇၃
ဥတ္တရိဒွိရတ္တတိရတ္တ ၁၀၀
ဥတ္တရိမနုဿဓမ္မ ၁၀၄/၂၉၄
ဥတ္တရတ္ထရဏ ၁၁၈
ဥဒကသုဒ္ဓိက ၂၅၈
ဥဒက ၁၂၆
ဥဒကဟာသဓမ္မ ၁၇၀
ဥဒ္ဒါလနကပါစိတ် ၂၁၀
ဥဒ္ဒိဿမာန ၁၈၉
ဥဒ္ဒေသ ပရိယာပန္နေသု ၂၉
ဥဒ္ဓံ ဂါမိနိံ ၁၃၄
ဥပက္ခရ ၆၃
ဥပစာရသိမ် ၅၃

http://www.dhammadownload.com




ဥပစာရသိမာယ ဒေမ ၅၄
ဥပစာရသိမ်ပြင်ဘက် ၅၅
ဥပဋ္ဌာပေယျ ၁၈၉
ဥပနိက္ခိတ္တ ဝါ ၇၅
ဥပနိဿာယ ဝိဟရတိ ၃၀
ဥပရိဝေဟာသကုဋိယာ ၁၂၃
ဥပလာပေယျ ၁၈၈
ဥပဿယ ၂၇၂
ဥပဿုတိ ၁၉၄
ဥပါဒဂ္ဂရာယိက ၁၈၅
ဥပုသ်နေ့မေးပုံ ၂၈၄
ဥဗ္ဘဇာဏုမဏ္ဍလ ၂၃၈
ဥဗ္ဘတသ္မိံ ကထိနေ ၄၃
ဥဘတောသံဃာအား လှူပါ၏ ၅၅
ဥဘတော သံဃဿ ၅၅
ဥဘတော ဥပသမ္ပန္န ဘိက္ခုနီမနှင့်အတူ
ဘုရားဖူးသွားသော ရဟန်း ၁၃၃
ဥယျာန ၂၇၄
ဥယျုတ္တ ၁၆၆
ဥယျောဇေယျ ၁၆၀/၂၆၂
ဥယျောဓိက ၁၆၇
ဥလ္လိတ္တာကုဋိ ၁၅
ဥလ္လိတ္တာဝလိတ္တာကုဋိ ၁၅
ဥဿယဝါဒိကာ ၂၄၃
ဦနပဉ္စဗန္ဓန ၈၂
ဦနဝီသတိဝဿ ၁၈၂
ဧကတ္ထရဏပါဝုရဏ ၂၇၀
ဧကတော ဥပသမ္ပန္န ဘိက္ခုနီမနှင့်အတူ
ဘုရားဖူးသွားသော ရဟန်း ၁၃၃
ဧကမဉ္စ တုဝဋ္ဋန ၂၇၀
ဧကသာဋကပါရုတ ၂၂၁
ဧကသိမ်ဖြင့် ကထိန်ခင်းပုံ ၄၁
ဧကာဝါ ဂဏမှာ ၂၄၇
ဧကာဝါ ဂါမန္တရံ ဂစ္ဆေယျ ၂၄၆
ဧကာဝါ နဒီပါရံ ဂစ္ဆေယျ ၂၄၆
ဧကုဒ္ဒေသ ၂၇
ဧကော အာဝသထပိဏ္ဍော-- ၁၃၆
ဧကော ဝါ ဒွေဝါ တယော ဝါ ၂၈
ဧတဒဂ္ဂ ဘာဂိနီ ၉
ဧဝဥ္စ သော ဘိက္ခု ၃၀
ဩက္ခိတ္တစက္ခုဂမန (နိသီဒန) ၂၂၂/၂၂၃
ဩတိဏ္ဏ ၃
ဩဒန ၁၄၃
ဩဓာနသမောဓာနပရိဝါသ် ၃၅
ဩမကသပိတ် ၈၀
ဩမသဝါဒ ၉၇
ဩမုတ္တ ၂၃၀
ဩရေနဒ္ဓမာသော ၈၇
ဩဝဒေယျ ၁၂၈/၁၂၉/၁၃၀
ဩဝါဒူပသက်မန ၂၈၄
ဩဘာသေယျ ၆/၇
ဩဘာသန ၇
ဩဟီယေယျ (ဩဟီယန) ၂၄၇
ကံ ၄-ပါးသရုပ် ၁၉၅
ကဏ္ဍုပ္ပဋိစ္ဆာဒိသက်န်း ၄၇
ကတိကာယ ဒေတိ ၅၄
ကတိကာ ၅၄
ကတ္တိကတေမာသိက ပုဏ္ဏမ ၉၂
ကထိန်ခင်းပုံ ၄၀
ကထိန်သက်န်းလှူဒါန်းနိုင်သော

http://www.dhammadownload.com




| | | | |
|---|---|---|---|
| ပုဂ္ဂိုလ် | ၄၁ | ကိစ္စာဓိကရုဏ်း | ၂၃၄ |
| ကထိန်သက်နိုးပေးလှူရာ၌ လျှောက်- | ၄၁ | ကိလေသန္တရာယိက | ၁၈၅ |
| ကထိန်ခင်းထိုက်သော ရဟန်း၏ | | ကုက္ကုစ္စ | ၁၉၄ |
| ဆောင်ရွက်ဖွယ် | ၄၁ | ကုစ္ဆိသမယ | ၈၈ |
| ကထိန်အာနိသင်ကြောင့်အပြစ်မှကင်း | | ကုဋိတိုင်းတာပုံ | ၁၅ |
| လွတ်ခွင့်ရသော သိက္ခာပုဒ်များ | ၄၂ | ကုဋိဆောက်လုပ်မည့် ရဟန်း၏ | |
| ကထိန်အာနိသင် ၅-ပါး | ၄၂ | တာဝန် | ၁၆ |
| ကထိန်နုတ်ကြောင်းမာတိကာ ၈-ပါး | ၄၂ | ကုဋိပ္ပဝေသကပါရုတ | ၂၂၂ |
| ကထိန်အနုမောဒနာပြုပုံ | ၄၂ | ကုဋ္ဌ | ၂၆၀ |
| ကထိန်အာနိသင် | ၄၂ | ကုမာရကသံသဋ္ဌ | ၂၈၉ |
| ကပ္ပဗိန္ဒု | ၄၈/၁၇၄ | ကုမာရိဘူတသိက္ခမာန် | ၂၈၈ |
| ကပ်နည်း | ၁၅၅ | ကုမ္ဘာသ | ၁၄၃ |
| ကပ္ပိနည်း ၅-မျိုး | ၁၁၀ | ကုလဒူသက | ၃၀ |
| ကပ္ပိယကာရက ၁-ကျိပ် | ၆၆ | ကုလမစ္ဆရိနီ | ၂၈၀ |
| ကပ္ပိယကုဋိ ၄-မျိုး ခွင့်ပြုရကျိုး | ၁၅၁ | ကုလမစ္ဆရိယဖြစ်ပုံ | ၂၈၀ |
| ကပ္ပိယဘူမိ | ၁၃၂/၂၄၆ | ကုလေသု စာရိတ္တံ | ၁၆၃ |
| ကဗဠ | ၂၂၃ | ကောဏ္ဍ | ၁၁၅ |
| ကမ္မသမယ | ၁၇၃ | ကောသိယမိဿက | ၇၀ |
| ကမ္မန္တရာယိက | ၁၈၅ | ကွဲအက်သော သပိတ်ကို ဖွဲ့တုပ်ပုံ | ၈၂ |
| ကမ္မလက္ခဏာ | ၁၉၆ | ကွဲအက်သော သပိတ်ကို အဓိဋ္ဌာန်မပျက် | |
| ကယ+ဝိက္ကယ | ၇၈ | အောင် ပြုလုပ်ပုံ | ၈၂ |
| ကလျာဏမွေ | ၁၀ | ကွဲကွာနေသော မိဘ ၂-ပါးကို | |
| ကလိထိုးကစားလျှင် | ၁၆၉ | ဆက်သွယ်ပေးသောရဟန်း | ၁၃ |
| ကာယပ္ပစာလက | ၂၂၄ | ကုန်းတိုက်စကားများ | ၉၈ |
| ကာယဗန္ဓန | ၁၇၈ | ကပ်ပေးနိုင်သော ပုဂ္ဂိုလ်များ | ၁၅၅ |
| ကာယသံသဂ္ဂ သမာပဇ္ဇေယျ | ၄ | ကျင်ကြီးကျင်ငယ် စွန့်ကောင်းသော | ၂၃၂ |
| ကာယသံသဂ္ဂ သက်ရောက်ရကြောင်း | ၃ | ခဏ္ဍသီမာယ ဒေမ | ၅၄ |
| ကာယသာမဂ္ဂီ | ၂၆ | ခန္ဓဝိဂ | ၁၀၉ |
| ကာလစီဝရ | ၅၂ | ခမ္ဘကတ | ၂၂၄ |
| ကာလိက ၄-ပါး | ၁၅၈ | ခါးတောင်းကျိုက်၍ ဝတ်နည်း | ၂၂၀ |

http://www.dhammadownload.com




ခါးပန်းကြိုးအမျိုးအစား ၁၇၈
ခိယျနက ၁၁၃
ခိပ္ပမေဝ ကာရေတဗ္ဗံ ၅၆
ခိယျနဓမ္မ ၂၈၉
ခီရ ၁၅၃
ခုဒ္ဒါနုခုဒ္ဒက ၁၉၀
ခုဒ္ဒ+အနုခုဒ္ဒကခွဲပုံ ၀၉၀
ခုဒ္ဒသိက္ခာပုဒ်ဟူသည် ၁၉၀
ခေတ္တခဏ ကွဲကွာနေသော လင်မယား
　　ကို အောင်သွယ်ပေးလျှင်- ၁၃
ခင်းအပ်ပြီးသော တထိန်ကို နှုတ်ရ-၂၇၀
ခတ်အခင်းပြုလုပ်ပုံ ၁၁၅
ခေါင်းအုံးပမာဏ ၂၁၀
ခိုက်ရန်ဖြစ်သော ရဟန်းကို နှင်ထုတ်
　　ရာ၌ ၁၂၂
ဂဏ ၂၅၅
ဂဏသ ၂၃၉/၂၄၈
ဂဏမှာ ဩဟိယေယျ ၂၄၇
ဂဏနူပိတာအာပတ် ၂၄၃
ဂဏဘောဇဉ် ၁၃၇
ဂဏ္ဍိနီ ၂၈၅
ဂရုဓမ်တရား ၈-ပါး ၁၂၈
ဂရုပါဝုရဏ ၂၅၅
ဂရုဘဏ် ၅-မျိုး ၂၀၀
ဂဟဏ ၂၃၈
ဂဟပတာနီ ၆၀
ဂဟပတိ ၆၀
ဂါမံဝါ နိဂမံဝါ ၃၀
ဂါမသိမ် ၅၄
ဂါမန္တရဂမန ၂၄၆
ဂိလာနသမယ ၁၃၈
ဂိလာနာတိရိတ္တ ၁၄၇
ဂိဟိဂတသိက္ခမာန် ၂၈၈
ဂိဟိပါရုတ ၂၂၁
ဂိဟိသမာရမ္ဘဆွမ်း ၁၃၄
ဂီတ ၂၆၁
ငရဲဖြင့် ကျိန်ဆဲပုံ ၂၆၄
ငါးကြင်းမြီးနှင့်တူသော ဝတ်နည်း ၂၁၉
စက္ကဝါဠသိမ် ၅၄
စက္ခုကတာ ၂၈၀
စတသောအနုပညတ္တိယော ၁၄၀
စတုက္ကဏ္ဏက ၂၁၉
စတုက္ကံသ ၂၅၅
စတုတ္ထပါစိတ်သရုပ် ၂၀၉
စတုမာသပ္ပစ္စယ ပဝါရဏာ ၁၆၄
စတုဟပဉ္စာဟာ ၁၆၅
စပါး ၇-မျိုး ၁၄၃
စမ္မခဏ္ဍ ၁၁၈
စရပိရေ ဝိနသ ၁၈၈
တာရေးတံ ၃-မျိုး ၂၃၅
တာဝနာဓိပ္ပါယ ၂၃
စိတ္တသာမဂ္ဂီ ၂၆
စိတ္တဇဝေဒနာရှင်ရဟန်းကို နှင်ထုတ်
　　ရာ၌ ၁၂၂
စိတ္တာဂါရ ၂၇၄
စိမိလိကာ ၁၁၈
စီဝရံပဒိုဂ္ဂဏှေယျ ၅၉
စီဝရကာရသမယ ၁၃၈
စီဝရစေတာပန္န ၆၃
စီဝရဒါနသမယ ၁၃၈

http://www.dhammadownload.com




စိဝရလာဘ ၂၆၇
စိဝရသက်မနိယ ၂၆၇
စေတာပေတွာ ၆၃
စောဒနာ ၄-မျိုး ၂၀
စောဒနာဝိပ္ပါယသရုပ် ၂၁
စောရီ ၂၄၅
စစ်အင်္ဂါ ၄-ပါး ၁၆၅
စစ်တပ်တွင်းအိပ်သော်လည်း အာပတ်
မသင့်သော အကြောင်းများ ၁၆၇
စစ်တပ်ဖွဲ့စည်းပုံ ၁၆၇
စွန့်ပြီး၍ပြန်ရသော်လည်း မသုံးဆောင်
ကောင်းသော နိဿဂ္ဂိပစ္စည်း ၇၁
စွန့်အပ်သောပစ္စည်း ပြန်မပေးသော
ရဟန်း၏အပြစ် ၄၉
ဆတ္တ-သရုပ် ၂၂၉
ဆတ္တပါဏိ ၂၂၉
ဆန္ဒ ၂၈
ဆန္ဒပရိဝါသိယ(က) ၂၉၀
ဆန္ဒသော ၂၃၈
ဆသု ဓမ္မေသု ၂၈၆
ဆုပန ၂၃၈
ဆေဒနကပါစိတ် ၂၀၉
ဆဲရေးကြောင်း(အက္ကောသ ဝတ္ထု) ၉၇
ဆိုးရန်လိုသော သက်န်း ၄၈
ဆင်နှာမောင်းနှင့်တူသော ဝတ်နည်း ၂၁၉
ဆွမ်းလုပ် ၃-မျိုး ၂၂၇
ဇနပဒသိမ် ၅၄
ဇာတရူပရဇတ် ၇၅
ဇာတပထဝီ ၁၀၇
ဇာတိသက်န်းသရုပ် ၄၃
ဇာနံ ပဋိစ္ဆာဒေတိ ၃၁
ဇာယတ္တန ၁၁
ဇာရတ္တန ၁၁
ဉောင်စောင်း အင်းပျဉ် ၂၁၀
ဉတ္တိကံ ၁၉၅/၁၉၆
ဉတ္တိစတုတ္ထကံ ၁၉၅/၇
ဉတ္တိဒုတိယကံ ၁၉၅/၇
တန်ဆိကယောကျ်ားအားပြောကြား
ရာ၌ ၁၂
တန်ဆိကာ ၁၁
တမ္ဗေ အညာတကော ၆၁
တဋ္ဋိကာ ၁၁၈
တတော စီဝရံ သာဒိတဗ္ဗံ ၆၂
တထာနာသိတံ၌-နာသန-သရုပ် ၁၈၈
တထာဝါဒိနာ ၁၈၆
တထာဝါဒိနာ ဘိက္ခုနာ၌ဘိက္ခု- ၁၈၇
တတြ စေ သာ ဘိက္ခုနီ ၂၁၄
တမန်ညွှန်း ကပ္ပိယ ၄-ယောက် ၆၆
တရားတွေ့သော ဘိက္ခုနီမအား
အာပတ်သင့်ရာ အခါ ၂၄၄
တရားနှင့်လျော်သော သက်န်းဝေဖန် ၂၆၈
တရားနှင့်လျော်သော/မလျော်သော
ကထိန်နှုတ်ခြင်း ၂၇၀
တလယာတက ၂၅၇
တလသတ္တိက ၁၉၃
တာနိ ပဋိဂ္ဂဟေတွာ ၈၆
တာလဝဏ္ဋက ၂၁၉
တာဝတိယံ တေန ဘိက္ခုနာ ၃၃
တိကပါစိတ္တိယ ၅၉
တိစီဝရိက်သက်န်း ထားနိုင်ရာ အရပ် ၅၀

http://www.dhammadownload.com




တိစီဝရိက်သက်န်း ရှာတွင်း၌ ထားနိုင်
သော အင်္ဂါ ၄-ပါး ၉၄
တိစီဝရိတ်အဓိဋ္ဌာန်တင်နိုင်သော
သက်န်း ပမာဏ ၄၅
တိစီဝရိတ်သက်န်း အဓိဋ္ဌာန်ကျ- ၄၇
တိစီဝရေန ဝိပ္ပဝသေ- ၅၀
တိစီဝရိတ်နှင့် ကင်း၍နေသည်-- ၅၀
တိယောဇနပရမ ၇၃
တိရစ္ဆာနဝိဇ္ဇာ ၂၇၈
တိရောရဋ္ဌ ၂၇၃
တူလောနဒ္ဓ ၂၁၀
တေလံ ၈၆
တည်ရာမှသုက်ရွှေ့လျှင် အာပတ်သင့် ၃
တောကျောင်း ၉၃
တိုင်ပင်သင့်သောနေရာ ၁၃၂
ထူပကတ ၂၂၅
ထေယျသတ္တ ၁၈၃
ထေရာ ဘိက္ခူ ၁၃၁
ထောပတ်ထမင်းကို လျှုဒါန်းလော့ ၁၅၃
ထင်ရှားရှိ ရဟန်းကို ပန်ကြားပုံ ၁၆၃
ထန်းရွက်ယပ်ဝန်းနှင့် တူသော ၂၁၉
ဒဏ္ဍကမ္မနာသနာ ၁၈၈
ဒဏ္ဍပါဏိဿ ၂၂၉
ဒဓိ-အရ ၁၅၃
ဒသာဟပရမ အတိရေကစီဝရ ၄၇
ဒသာဟာတိက္ကမ ၄၇
ဒသာဟာနာဂတံ ၉၃
ဒသာဟပရမံ-အရ ရေတွက်ပုံ ၄၈
ဒဿနူပစာရ ၁၆၁
ဒါပေတ္ဗာ ၁၆၀
ဒိဋ္ဌိဝိပတ္တိကြောင့်သင့်သော အာပတ် ၅၀
ဒိဋ္ဌိဝိပတ္တိဖြင့်စွပ်စွဲပါက ၁၉၃
ဒိပသိမ် ၅၄
ဒုကုဋ်ဖြင့်ကထိန်ခင်းပုံ ၄၁
ဒုက္ကဋဝတ္ထု ၁၅-ပါး ၆၅
ဒုက္ခိတ ၂၇၂
ဒုဂ္ဂဟိတ ၂၆၄
ဒုဿီလ ၁၈၁
ဒုဿီလဝါစာ ၆
ဒုဿီလအာပတ်ကို ဖုံးထားသော်လည်း
အာပတ် မသင့် ၁၈၂
ဒုဋ္ဌ ၁၉
ဒုဋ္ဌော ဒေါသော-ဟု ဆိုရကြောင်း ၁၉
ဒုဗ္ဗစ ၂၉
ဒုဗ္ဗလစီဝရပစ္စာသာ ၂၆၉
ဒူပစာရိတ ၂၆၄
ဒေသနာကြားရာ ရောက်ပုံ ၂၉၄
ဒေသနာကြားရာ မရောက်ပုံ ၂၉၄
ဒေသ ၂၅
ဒေါသော ၁၉
ဒွတ္တိဿဒနသ ၁၂၅
ဒွေဝဿာနိ ၂၈၆
ဓမကရိုဏ်ရေစစ် ၂၂၃
ဓမ္မံ ဒေသေယျ ၁၀၃
ဓမ္မ မည်ပုံ ၂၄၀
ဓမ္မအနာဒရိယ ၁၇၁
ဓမ္မ၌ မရှိသေပုံ ၁၇၀
ဓမ္မဝါဒီ ၂၈
ဓမ္မသမ္ဘောဂ ၁၈၆
ဓမ္မိကာနံ ကမ္မာနံ ၁၉၅

http://www.dhammadownload.com




ဓမ္မိကစီဝရဝိဘင် ၂၆၈
ဓမ္မသမ္မုခတာ ၂၃၅
ဓမ္မိက ကထိနုဒ္ဓါရ ၂၇၀
ဓောဝါပေယျ ၅၈
နဂ္ဂါ ၂၆၅
နစ ဘိက္ခူ ဆန္ဒဂါမိနော ၃၀
နစ္စ ၂၆၁
နဋ္ဌစီဝရ ၆၁
န ဋ္ဌိတော နိသိန္နဿ ၂၃၁
နဒီပါရဂမန ၂၄၇
နဒီပါရ်ံ ဂစ္ဆေယျ-၌ နဒီ-အရ ၂၄၇
နဝံ စီဝရလာဘေန ၁၇၄
နဝနီတ ၈၆
နဝပါစိတ္တိယဖြစ်ပုံ ၁၅၃
နာနပ္ပကာရ ၇၇
နာနုဝဇ္ဇေယျ ၂၈၇
နာမမတ္တဝသေန ၃၃
နာသိတာ ၂၃၉
နားမှလေထွက်နေသော ၇၃
နိက္ကမ္မာပေယျ ၁၂၂
နိက္ကမေယျ ၁၂၂
နိဋ္ဌိတစီဝရ ၄၀
နိမန္တိတ ၁၆၂
နိရယဖြင့် ကျိန်ဆဲပုံ ၂၆၄
နိသဇ္ဇံ ကပ္ပေယျ ၃၇
နိဿဂ္ဂိပါစိတ် (၁၀၀) ဖြစ်ပုံ ၈၄
နိသီဒန ၇၂/၂၁၁
နိသီဒိုင်ပြုလုပ်ပုံ ၂၁၁
နိသီဒိုင်သက်န်း ခွင့်ပြုတော်မူရကျိုး ၂၁၁
နိဿဂ္ဂိအဓိပ္ပါယ် ၄၈
နိဿဂ္ဂိယဝတ္ထု ၄-ပါး ၆၅
နိဿဂ္ဂိ အာပတ်ကုစားပုံ ၄၈
နိဿာရဏီယ ၂၄၄
နိဟတာဓိကရဏ ၁၈၀
နီလံဝါ ကဒ္ဒမံဝါ ၁၇၄
နီလပီတစသောအားဖြင့် သုက်
၁၀-မျိုး ကွဲပြားရကြောင်း ၁
နေရာမှ မထစေထိုက်သူများ ၁၂၀
နှင်ထုတ်ထိုက်သော ရဟန်းများ ၁၂၃
ပကတတ် ၃၂
ပက္ခမာနတ် ၂၅၁
ပဂ္ဂယှ တိဋ္ဌေယျ ၂၆
ပစ္စတ္ထရဏ ၁၁၈
ပစ္စုဒ္ဓိရ်ံ ၄၆/၁၇၅
ပစ္စေကစီဝရစေတာပန္နာနိ ၆၄
ပဇ္ဇာဘတ္တ ၁၆၃/၂၆၃
ပဉ္စမဝါကပ်သောရဟန်းတို့ ကထိန်
အာနိသင် မရနိုင်ကြောင်း ၄၁
ပညတ္တိဝီတိက္ကမန္တရာ- ၁၈၅
ပဋိစ္ဆန္နပရိဝါသ် ၃၃
ပဋိစ္ဆန္နမာနတ် ၃၆
ပဋိစ္ဆန္နေ အာသနေ ၃၇
ပဋိစ္ဆန္နေ ဩကာသေ ၂၆၂
ပဋိညာတကရဏ ၂၃၇
ပဋိပိဋ္ဌန ၂၃၈
ပဋိသံဝိဒိတ ၂၁၆
ပဋိသာယနီယာနိ ၈၆
ပဌမာပတ္တိက ၃၀/၂၄၄
ပဏီတဘောဇန ၁၅၂
ပတ္တပရိယန္တ ၈၃/၈၄

http://www.dhammadownload.com




ပဋ္ဌသညီ ပဋိဂ္ဂဟဏ ၂၂၄
ပဋ္ဌသန္ဓိစယ ၂၅၂
ပဋ္ဌာနိက ၁၆၃
ပထဝီ ၂-မျိုး ၁၀၇
ပဒသော ခမ္ဘ ဝါစေယျ ၉၉
ပဗ္ဗာဇနီယကံထိုက်သော ရဟန်း ၃၀/၃၁
ပရမ္ပရဘောဇဉ် ၁၃၉
ပရမ္မုခါ ဝိကပ္ပနာပြုပုံ ၁၇၇
ပရာမသန ၂၃၈
ပရိက္ခာရစောဠ ၄၅
ပရိဏတ ၉၄
ပရိဗ္ဗာဇကပါရုတ ၂၂၁
ပရိဘဝ ၂၅၁
ပရိမဏ္ဍလအာလောပ ၂၂၇
ပရိမဏ္ဍလ နိဝါသန ၂၁၉
ပရိမဏ္ဍလ ပါရုပန ၂၁၉
ပရိဝါသ် ၃၂
ပရိဝါသ် ၃-ပါး ၃၃
ပရိဝါသ်ဆောက်တည် ၃၃
ပရိဝါသ်ကို ချထားရ ၃၃
ပရိဝါသ်ချထားရမည့် ပုဂ္ဂိုလ် ၃၃
ပရိဝါသ်ပေးခြင်းစသော ကံတို့၌
သံဃာကို အလိုရှိရကြောင်း ၂
ပရိသပါရိဝါသိက ၂၉၀
ပရိဠာဟသမယ ၁၇၃
ပလိဗောဓ ၂-ပါး၌ ပါဝင်သော
မာတိကာများ ၄၃
ပလ္လက် ၂၇၄
ပလ္လတ္ထိကာ ၂၂၄
ပဝတ္တိနီ ၂၈၇
ပဝါရဏာ မည်ပုံ ၂၈၁
ပဝါရဏာပြုပုံ ၂၈၂
ပဝါရဏာ ၄-မျိုး ၁၄၂
ပဝါရိတ(ပဝါရဏာ) ၁၄၃
ပဝါရိတ်သင့်/မသင့် ၁၄၄ /၁၄၅
ပဝါရိတ်သင့်ကြောင်းအင်္ဂါ ၅-ပါး ၁၄၂
ပသာခေဇာတံ၌ ပသာခ-အရ ၂၈၅
ပဟာရံ ဒဒေယျ ၁၉၂
ပဟု ၃၂
ပါကာရ ၂၆၀
ပါစိတ္တိယ ၉၅
ပါစိတ်အာပတ် ၉-ချက် တပြိုင်နက်
သင့်နိုင်ပုံ ၁၅၃
ပါစိတ်အာပတ် ၆-ချက်သင့်သော
သိက္ခာပုဒ် ၂၈၅
ပါဋိဒေသနီ ၂၁၂
ပါဒုကာရုဠ္ဌ ၂၃၀
ပါနီယ ၂၅၉
ပါပသဒ္ဒါ ၂၅၀
ပါပသမာစာရ ၃၀
ပါပသိလောကာ ၂၅၀
ပါပါစာရာ ၂၅၀
ပါယန္တိ ၂၈၅
ပါရာဇိကေန ဓမ္မေန ၂၃
ပါရာဇိကကျသူ၏ ဝိသုဒ္ဓိဖြစ်/မဖြစ် ၂၉၅
ပါရိဝတ္တကာ ၅၉
ပါရိဝါသိယ(က) ၄-မျိုး ၂၉၀
ပါရိဝါသိကဆန္ဒဒါန ၂၉၁
ပါရုပိဿာမိ ၂၂၁
ပါဠိကာရကပါရုတ ၂၂၂

http://www.dhammadownload.com




ပိညာက ၂၉၂
ပိဋ္ဌိသမယ ၈၈
ပိဏ္ဍုက္ခေပက ၂၂၈
ပိဋ္ဌ ၁၁၄/၁၁၇/၂၀၉
ပုဂ္ဂလ အနာဒရိယ ၁၇၀
ပုဂ္ဂလ၌ မရိုသေပုံ ၁၇၀
ပုဂ္ဂလသမ္မုခတာ ၂၃၅
ပုဂ္ဂလိက ပရိက္ခာရ ၂၅၅
ပုဋ္ဌပထဝီ ၁၀၇
ပုဗ္ဗပဂတ် ဘိက္ခုံ ၁၂၀
ပုဗ္ဗေ အနိမန္တိတ ၂၁၅
ပုဗ္ဗေ အပ္ပရိဝါရိတ ၉၁
ပုဗ္ဗေ အပ္ပဋိသံဝိဒိတံ ၂၁၆
ပုဗ္ဗေ ဂိဟိသမာရဗ္ဘ ၁၃၄
ပုရာဏစီဝရ ၅၇
ပုရာဏသန္ထတ ၇၂
ပုရိသံ ဒေထာတိ ဝတ္တုံ ၁၄
ပုရိသတ္တကရ ၁၄
ပုရိယပုဂ္ဂလ ၂၃၈/၂၄၂
ပုရိသသံသဋ္ဌ ၂၈၉
ပုရိသဿဝါ က္ကတ္တိမတိ ၁၁
ပုရေဘတ္တ ၁၆၃/၂၆၃
ပူဂ ၂၄၅
ပူဝ ၁၄၁
ပေါက္ခရဏီ ၂၃၄
ပိုးချည်အခင်းစွန့်ပုံ ၇၀
ပင့်ဖိတ်ထားသည့်အိမ်မှ မပန်ကြားဘဲ
သွားကောင်းသော(အခါ) ၁၆၃
ပဲဟင်းကို ခံယူရမည့် ပမာဏ ၂၂၄
ဖလုဗီဇ ၁၀၉
ဖဝါးဆွဲ့နင်း၍ သွားခြင်း ၂၂၄
ဖာဏိတ ၈၆
ဖွပ်လျှော်မှုစသည် ခိုင်းသော်လည်း ၅၉
ဖျော်ရည် ၈-မျိုး ၁၅၈
ဗလဂ္ဂံ ၁၆၇
ဗီဇဂါမ်မည်ပုံ ၁၀၉
ဗီဇဂါမ် ၅-မျိုး ၁၀၉
ဗီဇဗီဇ ၁၀၉
ဗြဟ္မစရိယဖြင့် ကျိန်ဆဲပုံ ၂၆၄
ဗြဟ္မစာရီ ၁၀
ဗြဟ္မဒဏ္ဍ ၁၉၆
ဗြာဟ္မဏပါရုတ ၂၂၂
ဘဏ္ဍာဂါကမ္မ ၁၉၆
ဘိသာပေယျ ၁၇၁
ဘိက္ခာပညတ္တိယာ ၅၅
ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ ၆၃
ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ ၂၂
ဘိက္ခုနိပရိပါစိတ ၁၃၄
ဘိက္ခုနီ(ပ)၌ ဆန္ဒသော ထည့်ရ
ခြင်း အကြောင်း ၂၃၈
ဘိက္ခုနီ(ပ)၌ သိက္ခာသာဇီဝ
မထည့်ရခြင်းအကြောင်း ၂၃၈
ဘိက္ခုပရိသာယ နိဿဋ္ဌိတဗ္ဗော ၈၄
ဘိက္ခုနီပါတိမောက်ပညတ်ရကျိုး ၂၃၇
ဘိက္ခုနီသံဃာဒိသိသ်ကို နိဿာ-
ရဏိယ-ဟုဆိုရကြောင်း ၂၄၄
ဘိက္ခုနီသည် သံဃာသင်းခွဲမှု မပြုဘဲ
သံဃဘေဒကသိက္ခာပုဒ်ကို
ပညတ်ရကြောင်း ၂၅၁
ဘိက္ခုနီမတို့ မာနတ်ကျင့်ရကြောင်း ၂၅၁

http://www.dhammadownload.com




ဘိက္ခုနီမများ မိဘတို့၏ဝေယျာဝစ္စ ၂၇၅
ဘိက္ခုနီမတို့ ဝါဆိုအပ်/ဝါမဆိုအပ် သော ကျောင်း ၂၈၁
ဘိက္ခုနုပဿယ ၁၃၀
ဘိက္ခုမာနတ္တာယ ၃၆
ဘိက္ခုနောဝါဒက အင်္ဂါ ၈-ပါး ၁၂၈
ဘိက္ခုသံဃာနှင့် ဘိက္ခုနီမတို့အား လျှပါ၏-ဟု လျှောက်ထား ၅၅
ဘိက္ခုသ ပုရတော ၂၉၂
ဘိက္ခု အဘိနေတဗ္ဗာ ၁၆
ဘိသိ ၁၁၄/၁၁၅
ဘုတ္တာဝိနာ ကတံ ဟောတိ ၁၄၇
ဘုတ္တာဝိ ၁၄၂
ဘူတဂါမ် ၁၀၈/၁၀၉
ဘူတဂါမပါတဗျတာယ ၁၀၈
ဘူတသ္မိံ ပါစိတ္တိယံ ၁၀၄
ဘူမတ္ထရဏ ၁၁၈
ဘေဒနကပါစိတ် ၂၀၈
ဘေဒနသံဝတ္တနိက ၂၆
ဘေဒါနုဝတ္တကရဟန်း ၂၈
ဘေဒါယ ပရက္ကမေယျ ၂၆
ဘောဇဉ် ၅-ပါး ၁၄၃
ဘုံလျှိုပြုလုပ်ပုံ ၁၁၄
မံသ-အရ ၁၅၂
မအပ်သောမြေ ၁၃၂
မအပ်သောပင့်ဖိတ်နည်း ၁၃၈
မအပ်သောတောင်းခံနည်း ၁၃၈
မစ္ဆဝိလက ၂၁၉
မစ္ဆ-အရ ၁၅၂
မဇ္ဈိမသပိတ် ၈၀
မဓု ၁၁၄/၁၁၇/၂၀၉
မတိုင်ပင်သင့်သော နေရာ ၁၃၂
မစု ၈၆
မနောဒွါရေ အာပတ္တိနာမ နတ္ထိ ၇၄
မန္ထ ၁၄၁
မဟလ္လက ၁၉/၁၂၄
မဟာလနိကေန ပရိက္ခာရေန ၂၅၅
မဟာဇေ္ဋကပါရုတ ၂၂၂
မဟာဝိကဋဆေးကြီး ၁၅၉
မဟာသဒ္ဒ ၂၂၇
မဟာသမယ ၁၃၈
မဟာသိက္ခမာန် ၂၈၆
မဟုတ်မမှန်ပြောဆိုခြင်းကြောင့် သင့်-၉၆
မာတုဂါမဿ သန္တိကေ ၉
မာနတ်ဆောက်တည်ပုံ ၃၆
မာနတ်ချပုံ ၃၆
မာနတ် ၂-မျိုး ၃၆
မာနတ်ကျင့်ရကျိုး ၃၆
မာသော သေသော ဂိမှာန် ၈၇
မိမိ၏ကပ္ပိယပစ္စည်းကို ပေး၍ မယ်တော်၏ ကပ္ပိယပစ္စည်းကို ယူသော ရဟန်း၏ အာပတ် ၂၀၇
မိဿကပထဝီ ၁၀၇
မိဿကသမောဓာနပရိဝါသ် ၃၆
မီးဖြင့်ကပ္ပိပုံ ၁၁၁
မုခဒွါရ ၁၅၇
မုဒ္ဒါဘိသိတ္တ ၂၀၄
မုသာ/မုသာဝါဒ ၉၅/၉၆
မူလဗီဇ ၁၀၉
မေထုနုပသံဟိတာဟိ ၇

http://www.dhammadownload.com




မေထုန်နှင့်စပ်သော စကား ၇
မေရယ ၁၆၈
မောဟကံ ၁၉၁
မယ်တော်၏လက်စွပ်ကို သိမ်းဆည်းပေးသော ရဟန်း၏ အာပတ် ၂၀၇
မိုးရေခံသင်္ကန်း ၄၅/၄၆ ၄၇/၄၈/၈၈/ ၂၀၂
မိုးရေခံသင်္ကန်းရှာမှီး ၈၇
မိုးရေခံသင်္ကန်း၏ ပရိယေသနခေတ် ၈၈
မြေအမျိုးအစား ၁၀၇
ယထာတံ ယုဝါ ယုဝတိ ၇
ယထာဓမ္မ ၁၈၀
ယထာဓမ္မံ နိဟတာဓိကရဏံ ၁၈၀
ယထာဓမ္မော ကာရေတဗ္ဗော ၁၉၁
ယထာသန္ထတံ ၂၀၀
ယာနဂတ ၂၃၀
ယာန-သရုပ် ၂၃၀/၂၉၁
ယာဝကာလိက ၁၅၈
ယာဝဇီဝိက ၁၅၈
ယာဝတတိယက(၁၁)ယောက် ၁၉၈
ယာဝတတိယက ၃၁
ယာမကာလိက ၁၅၈
ယာဝဒေဝ ၁၉၀
ယာဝဒ္ဓါရကောသာ ၁၂၄
ယေဘုယျသိကာ ၂၃၅
ယေမေ အန္တရာယိကာ ၁၈၅
ရန္တသိမ် ၅၄
ရေသိမ် ၅၄
ရတန-အရ ၂၈၅
ရတနာ ၁၀-ပါး ၂၀၅
ရတနသမ္မတ ၂၀၅
ရတ္တိပရိဝါသိယ ၂၉၀
ရထာနိက ၁၆၇
ရဟန်းအချင်းချင်း ဖြစ်ပါလျက် သဟသေယျအာပတ်သင့်စေတတ်သော ရဟန်း ၁၈၇
ရသ ရသ ၂၂၄
ရဟော ၃၇
ရဟန်းညွန်း ကပ္ပိယ ၆၆
ရဟန်းတပါး၏ ဒုဋ္ဌုလ္လအာပတ်ကိုပြောပြရန် သံဃာက သမ္မုတိပေးပုံ ၁၀၆
ရဟန်းအများရှိ ကျောင်းတိုက်၌ သံဃိကကျောင်း အိပ်ရာ နေရာသုံးစွဲနည်း ၁၁၈
ရဟန်းယောက်ျားရှိသော အာရာမ် ၂၇၉
ရဟန်းယောက်ျားမရှိသောကျောင်း ၂၈၁
ရာဇဘောဂ္ဂ ၆၄
ရာဇာဂါရ ၂၇၄
ရုစိ ၂၉
ရူပိယဆင္ဃကရဟန်း၏အင်္ဂါ ၇၆
ရေစစ်အဓိဋ္ဌာန်တင်ပုံ ၄၇
ရင်လွှမ်းတဘက်ခွင့်ပြုထားရကျိုး ၂၉၃
ရယ်နည်း ၂၂၃
ရွာတွင်း၌သင်္ကန်းထားနိုင်သည့်အင်္ဂါ ၉၄
ရွာတွင်းဝင်သောအခါ ပန်ကြားပုံ ၂၀၇
ရွှေငွေကိုစွန့်ပုံ ၇၅/၇၆
ရွှေငွေကို အလှူခံသော ရဟန်း အပြစ်ကြီးလေးပုံ ၇၆
ရှန့်ရှင်းစော စကား ၇
လသုဏ ၂၅၆

http://www.dhammadownload.com




လဟုပါဝုရဏ ၂၅၆
လာဘ-အရ ၉၄
လာဘသိမ် ၅၃
လိင်္ဂနာသနာ ၁၈၈
လေသ ၂၅
လဲ ၃-မျိုး ၂၁၀
လူတို့ဝတ်ပုံဝတ်နည်း ၂၁၉
လူတို့၏ခြုံနည်းများ ၂၂၁
ဝဂ္ဂဝါဒကာ ၂၈
ဝဿုပ္ပဋိဋ္ဌာဒိကာ ၂၄၀/၂၅၀
ဝဿဝိဒိတ် ၂၄၅
ဝတ္တမာနာ ၁၉၉
ဝတ္ထုသန္ဒဿနာ ၂၀
ဝဒတု သဟဓမ္မေန ၂၉
ဝဿံဝုဋ္ဌသံဃဿ ၅၆
ဝဿံဝုဋ္ဌာ ၂၇၃
ဝဿိကသာဋိက ၂၁၂
ဝါကျွတ်သံဃာအား လှူပါ၏ ၅၆
ဝါတွင်း၌သွားသော်လည်း အာပတ် မသင့်သောအခါ ၂၇၃
ဝါတဝုဋ္ဌိသမယ ၁၇၃
ဝါဒိတ ၂၆၁
ဝိဂ္ဂယ ၇၈
ဝိကပ္ပံ အာပဇ္ဇေယျ ၆၃/၉၁
ဝိကပ္ပနာ ၁၇၅
ဝိကပ္ပနာပြုနိုင်သော အငယ်ဆုံး သင်္ကန်းပမာဏ ၄၄
ဝိကာလ ၁၄၉/၂၀၇/၂၆၄
ဝိယာသ ၂၆၀
ဝိညာပေယျ ၆၀
ဝိညူပုရိသ ၁၀၃
ဝိဓူပန ၂၅၉
ဝိနယ ၂၄၀
ဝိနယဝါဒီ ၂၈
ဝိနယသမ္မုခတာ ၂၃၄
ဝိနိစ္ဆယကထာ ၁၉၉
ဝိပရိဏာမေန စိတ္တေန ၄
ဝိပါကန္တရာယိက ၁၈၅
ဝိလေခါ ၁၉၁
ဝိဝါဒါဓိကရုဏ်း ၂၃၄
ဝိဝါဒါပန္န ၁၉၄
ဝိဝိစ္စထ ၂၅၁
ဝိဟေဌက ၁၁၂
ဝိဟေသာ ၁၉၁
ဝိဟေသိကာ ၂၅၀
ဝေဋ္ဌိတသီသ ၂၃၁
ဝေဏိ ၄
ဝေဘဿိယာ ၂၅၁
ဝေယျာဝစ္စကရ ၆၅
ဝေဟာသကုဋိ ၁၂၃
သံကစ္စိကာ ၂၉၃
သံဃဘေဒက ၂၆
သံဃဿ ဒမ္မိ ၅၅
သံဃဘေဒကရဟန်းကို ဆုံးမရမည့် နေရာဌာန ၂၇
သံဃသမ္မုခတာ ၂၃၄
သံဃာဒိသိသ် ၁
သံဃာဒိသိသ်သင့်သောစေတနာ ၂၄
သံဃာဒိသိသ်အာပတ်ကို သဇာတိသာဓာရဏခွဲပုံ ၃၄

http://www.dhammadownload.com




သံဃာဒိသိသ်သိက္ခာပုဒ်များ၌ အာပတ္တိ
နိကာယ ထည့်ရကြောင်း ၁
သံဃာဒိသိသ်သင့်နိုင်သော သုက် ၃
သံဃာဒိသိသ်သို့ ရောက်စေနိုင်သော
ဒုဋ္ဌုလ္လဝါစာ ၇
သံဃာဒိသိသ်လာ မာတုဂါမ ၃-မျိုး ၉
သံဃာအချင်းချင်း ကံ-မပြုနိုင် ၂၈
သံဃာအထဲ(အလယ်)၌စွန့်ရသော
နိဿဂ္ဂိပစ္စည်းများ ၈၅
သံဃာဒိသိသ်သင့်နိုင်သော
အက္ကောသဝစန ၆
သံဃိက ၉၄
သံဃိကကျောင်းစောင်း အင်းဖျဉ်
ခင်းကောင်းသော ကာလ ၁၁၅
သံဃိက ပရိက္ခာရ ၂၅၄
သံဃေန အသမ္မတာ ၂၈၉
သံဝလ္လိယ ၂၂၀
သံဝါသပ္ပဋိက္ခေပ ၂၁
သံဝါသနာသနာ ၁၈၈
သံဝိဓာယ ၁၃၂
သံသဋ္ဌာ ၂၅၀
သံသဋ္ဌမှုပြုလုပ်နေကြပုံ ၂၅၀
သက္ကစ္စပဋိဂ္ဂဟဏ ၂၂၄
သင်္ကန်းကိစ္စပြီးစီးနိုင်ခြင်း အကြောင်း
၅-ပါး ၄၀
သင်္ကန်းဖြစ်ကြောင်း မာတိကာ ၈-ပါး ၅၂
သင်္ကန်းပျောက်သော ရဟန်း ၆၂
သင်္ကန်း ၉-ထည် ၄၄
သင်္ဃာဋိကဏ္ဍဂ္ဂဟဏ ၂၄၂
သင်္ဃာဋိ ၂၆၆
သင်္ဃာဋိစာရ ၂၆၆
သင်းပိုင်ဖြင့် ကထိန်ခင်းပုံ ၄၂
သဇာတိသာဓာရဏ ၃၄
သဉ္စရိတ္တ ၁၀
သဉ္စရိတ္တံ သမာပဇ္ဇေယျ ၁၀
သဉ္စရိတလက္ခဏာ၃-ပါး ၁၁
သဉ္စေတနိကာ ၁
သညာစိကာ ၁၄
သတဝလိက ၂၂၀
သတိယာ ပစ္စာသာ ၅၆
သတ္တု ၁၄၃
သတ္တာဟကာလိက ၈၇/၁၅၈
သတ္ထပါဏိသ ၂၂၉
သတ္ထုသာသန ၂၄၀
သန္တံ ဘိက္ခုံ ၁၆၂
သန္တရုတ္တရပရမံ ၆၂
သန္ထတ ၇၀
သန္ထရာပေတွာ ၁၁၅
သန္ထရိတွာ ၁၁၅
သန္နိဓိဖြစ်သော ကာလ/ကာလိက ၁၅၀
သန္နိဓိ မဖြစ်အောင် ပြုလုပ်နည်း ၁၅၀
သန္နိဓိပစ္စည်းများ ၁၅၁
သန္နိဓိကာရက ၁၅၀
သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ ၈၆
သပဒါန ၂၂၅
သပရိက္ကမန ၁၇
သပိတ် ၉-လုံး ၇၉
သပိတ်အိတ် အဓိဋ္ဌာန်တင်ပုံ ၄၇
သပိတ်ကို ပစ္စုဒ္ဓါရ်ပြု ၈၁
သပိတ်ကို အဓိဋ္ဌာန် ၈၁

http://www.dhammadownload.com




သပိတ်ဆေးရေကို စွန့်ပြစ်လိုပါက ၂၂၉
သပိတ်၏အဓိဋ္ဌာန်ကျကြောင်းအင်္ဂါ ၈၁
သပိတ်များစွာကို သုံးဆောင်လို-- ၈၁
သပိတ် ၁၀-လုံးကို တဦးတည်းသုံးစွဲ
လိုပါက ပြုလုပ်ပုံ ၈၁
သပိတ်ကွဲအက်ကြောင်း အလိုက်
ဖွဲ့တုပ်ပုံ ၈၃
သပိတ်ကိုစွန့်ရာ၌ သံဃာတော်များ
လိုက်နာရမည့်စည်းကမ်း- ၈၄
သပိတ်စွန့်ရမည့်ဌာန ၈၅
သပ္ပုရိဘာယာနိ ၉၄
သပ္ပိ ၈၆
သပ္ပိ ဘတ္တံ ဒေဟိ ၁၅၃
သဗ္ဗဟတ္ထ ၂၂၇
သဘိက္ခုကာရာမ ၂၇၉
သဘတ္တော ၃၆၂
သဘောဇန ၁၆၀
သမဂ္ဂသ သံဃသ ၂၆
သမဂ္ဂသံဃာ ၂၆
သမဂ္ဂ ၂၃၇
သမဏာစီဝရ ၂၆၈
သမဏာပရိက္ခာရက ၂၄၄
သမဏာဘတ္တသမယ ၁၃၈
သမတိတ္တိက ၂၂၅
သမနုဂ္ဂါဟိဝိယမာန ၂၃
သမနုဘာသနကံ အပြုခံရသော
ရဟန်း ၂၇
သမနုဘာသနကံထိုက်သော ရဟန်း ၃၁
သမသူပက ၂၂၄
သမာဒါယ ၂၆
သမေတာယသ္မာ သံဃေန ၂၇
သမောဓာနပရိဝါသ် ၃၃/၃၅
သမ္ပဇာနမုသာဝါဒ ၉၅
သမ္ဘာဝ-အရ ၂၅၇
သမ္မုခ္ခေယျဝါ-၌ သမ္ဘောဂသရုပ် ၁၈၆
သမ္မုတ အနုပသမ္ပန္န ၁၃၁
သမ္မုခါဝိနယ ၂၃၄
သမ္မုခါ ၄-မျိုး ၂၃၄
သမ္မုခါဝိကပ္ပနာပြုပုံ ၁၇၆
သမ္မောဒမာန ၂၇/၂၃၇
သယနဂတ ၂၃၀
သလာကဂ္ဂါဟာပကရဟန်း၏အင်္ဂါ ၂၃၅
သဟဇီဝိနီ ၂၇၂/၂၈၆
သဟတ္ထာသရုပ် ၂၇၆
သံဟာမ္ဘိက ၂၉
သဟာဝါ သေယျံ ကပ္ပေယျ ၁၈၅
သဟာသေယျ ၁၀၁
သာမံ စီဝရံ ဒတွာ ၈၉
သာမံပက္က ၁၅၁
သာမဏေများ၏ ဒုဋ္ဌုလ္လ/အဒုဋ္ဌုလ္လ
အဇ္ဈာစာရ ၁၀၆
သာမိကေ အနာပုစ္ဆာ ၂၆၃
သာမိစိပ္ပဋိကွေပ ၂၁
သာသက်သမ္ပတ ၉၃
သိက္ခမာန် ၂၈၆
သိက္ခမာန်တို့ ၂-နှစ် ပတ်လုံး ကျင့်ရ ၂၈၆
သိက္ခာသမ္မုတိရနိုင်သော မာတုဂါမ
အသက် ၂၈၈
သိက္ခိတဗ္ဗ ၂၃၇
သိမ် ၁၅-ပါး ၅၃

http://www.dhammadownload.com




သီမာယ ဒေတိ ၅၃
သီမာယ ဒမ္ဘိ ၅၅
သီလဝန္တ ၁၀
သီလဝိပတ္တိကြောင့် သင့် အာပတ် ၅၀
သီလဝိပတ္တိဖြင့် စွပ်စွဲ ၁၉၃
သီသပ္ပမာဏ ၂၁၀/၂၁၁
သုက္ကဝိဿဋ္ဌိ ၁
သုဂတဝိဒတ္ထိ ၁၅
သုတ္တံ ဝိညာပေယျ ၉၀
သုဒ္ဓကာဠက ၇၁
သုဒ္ဓပထဝီ ၁၀၇
သုဒ္ဓ-အသုဒ္ဓရဟန်းအား ပါရာဇိကဖြင့်
စွပ်စွဲ ၂၃
သုဒ္ဓန္တပရိဝါသ် ၃၃/၃၅
သုပ္ပဋိစ္ဆန္နဂမန ၂၂၂
သုပ္ပဋိစ္ဆန္နနိသီဒန ၂၂၂
သုပ္ပဝါယိတ ၉၁
သုရာ ၁၆၈
သုရာမေရယပါန ၁၆၈
သုရာသောဏ္ဍပါရုတ ၂၂၁
သုဝိတစ္ဆိတ ၉၁
သုဝိလေခိတ ၉၁
သုဝီတ ၉၁
သုသံဝုတဂမန (နိသီဒန) ၂၂၂
သူစိဃရ ၂၀၉
သူပေါဒန ၂၂၆
သေက္ခသမ္မတ ၂၁၅
သေက္ခသမ္မုတိ ၂၁၅
သေခိယ ၂၁၇/၂၁၈
သေခိယ၌ သမနုဘာသန
သမုဋ္ဌာန်ရှိ-- ၂၃၃
သေခိယ၌ ထေယျသတ္တသမုဋ္ဌာန်ရှိ ၂၃၃
သေခိယ၌ ဓမ္မဒေသနာသမုဋ္ဌာန်ရှိ ၂၃၃
သေဏိ ၂၄၅
သေတပဋပါရုတ ၂၂၁
သေန ၁၆၅
သေနာဗျူဟ ၁၆၇
သေယျ ၁၁၈
သေယျံ ကပ္ပေယျ ၁၂၁
သောကာဝါသ ၂၈၉
သစ်သီးကြီး ၉-မျိုး ၁၅၈
သင်နှင့်အတူ ဥပုသ်ပဝါရဏာ မပြုနိုင်
ဟု ဆိုရုံမျှဖြင့် အာပတ်မသင့် ၂၁
သုက်လွှတ်ရာအခါ ၁
သုက်တည်ရာဌာန ၂
သုက်လွှတ်သော်လည်း အာပတ်မသင့် ၃
သိုးမွေးအခင်း ၇၃/၇၄
ဟတ္ထဂ္ဂဟာဏ ၂၄၂
ဟတ္ထပါသ်၌တည်သူ ၁၄၃
ဟတ္ထပါသ်တိုင်းတာပုံ ၁၄၅/၁၅၆
ဟတ္ထ-အရ ၄
ဟတ္ထာနိက ၁၆၇
ဟတ္ထိသောဏ္ဍက ၂၁၉
ဟရိတ-အရ ၂၃၂
ဟရိတေ-အရ ၂၆၀
ဟသဓမ္မ ၁၇၀


မှတ်သားဖွယ်ရာ ခေါင်းစဉ်မာတိကာ ပြီး၏။

http://www.dhammadownload.com




အကိရိယ ၂–ပါးအထူး ၅၁
အဒိန္န ၂–ခု အထူး ၁၅၄
အဓိကရဏသဒ္ဒါ ၃–မျိုးအထူး ၂၄
အနာဒရိယသိက္ခာပုဒ်နှင့် သဟဓမ္မိက ၁၈၉
အနုပသမ္ပန္န ၂–ခု အထူး ၁၀၁
အမူလကနှင့် အဓိကရဏအထူး ၂၂
အဝဿုတာ ၂–ခုအထူး ၂၄၂
အာမသန+ပရာမသန+ဂဟဏ+ဆုပန+
ပဋိပီဠန အထူး ၂၃၈
ဥပက္ခဋသိက္ခာပုဒ် ၂–ခုအထူး ၆၄
ဩတိဏ္ဏ+ဝိပရိဏတထူးခြားချက် ၉
ဩတိဏ္ဏ ၃–မျိုးအထူး ၈
ကထိနသိက္ခာပုဒ် ၃–ခု အထူး ၅၇
ကာယသံသဂ္ဂသိက္ခာပုဒ်နှင့် ဒုဋ္ဌုလ္လဝါစာ
သိက္ခာပုဒ် အထူး ၆
ကုက္ကုစ္စ+ဝိဟေသာ+ဝိလေခါအထူး ၁၉၁
ကုဋနှင့် ပါကာရ အထူး ၂၆၀
ခြင်သတ်သောရဟန်းနှင့် ဆင်သတ်
သော ရဟန်းတို့၏ ထူးခြား ၁၇၉
ဂဏဉပုသ်လာ ဂဏနှင့် ဂဏဘောဇဉ်လာ
ဂဏ ၂–ခု အထူး ၁၃၇
ဂဏန္တပိကာနှင့် အဂဏန္တပိကာ ၂၄၃
ဂိဟိဂတနှင့် ကုမာရိဘူတသိက္ခမာန် ၂၉၅
ဂဏ–သဒ္ဒါ ၃–ခုတို့၏ ခြားနားပုံ ၂၄၅
စာရိတ္တ+ဝိကာလဂါမပ္ပဝေသန ၂၀၈
စီဝရပဋိဂ္ဂဟဏနှင့် စီဝရဒါန ၁၃၁
ဇာတရူပနှင့် ရဇတ အထူး ၇၄
ဇာတရူပရဇတသိက္ခာပုဒ်နှင့် ရူပိယသံဝေါ–
ဟာရ သိက္ခာပုဒ်တို့၏ခြားနား– ၇၄
ဇာယတ္တန+ဇာရတ္တန အထူး ၁၁
ဒုဋ္ဌုလ္လ ၂–ခု အထူး ၆
ဒုဋ္ဌုလ္လ+ဝဇ္ဇပဋိစ္ဆာဒိကာသိက္ခာပုဒ် ၂၄၀
နစ္စ+ဂီတ+ဝါဒိတ အထူး ၂၆၁
နာနာပ္ပကာရ ၂–ခု အထူး ၇၇
ပစ္စုဒ္ဓိရ်ပြုခြင်း ၂–မျိုး အထူး ၁၇၇
ပတ္တ+ပတ္တသန္နိစယသိက္ခာပုဒ်အထူး ၂၅၂
ပထမကထိန+အစ္စေကစီဝရ ၂၉၅
ပရိဏတ+ပရိဏာမနသိက္ခာပုဒ် ၂၀၄
ပါဏ ၂–ခုအထူး ၁၇၉
ပုရိသနှင့် ကုမာရ အထူး ၂၈၉
ပူဝနှင့်မန္ထအထူး ၁၄၀
ဗိဇဂါမ်နှင့် ဘူတဂါမ်အထူး ၁၀၉
ဘဏ္ဍနနှင့် ကလဟ အထူး ၁၉၄
ဘိက္ခု+ဘိက္ခုနီပါတိမောက် ၂၃၇
မဉ္စနှင့် ပီဌ အထူး ၁၁၄
မုခဒ္ဒါရ ၂–ခု အထူး ၁၅၇
ရဟန်းယောကျာ်းနှင့် ရဟန်းမိန်းမတို့
ပဝါရဏာပြုပုံချင်း တူ/မတူ ၂၈၃
ရှင်ရဟန်းပြုရာ၌ ဘိက္ခုနှင့် ဘိက္ခုနီ
တို့ ခွင့်ပြန်ရခြင်းအထူး ၂၉၀
ဝိကပ္ပနာပြုခြင်းနှင့် ပစ္စုဒ္ဓိရ်ပြုခြင်း၁၇၅
ဝိပရိဏတစိတ္တ ၃–မျိုးအထူး ၉
ဝိပရိဏတေန စိတ္တေနတို့၏ခြားနားချက် ၆
သံဃာဒိသိသ်ကုစားရာ၌ ဘိက္ခု+ဘိက္ခုနီ
တို့ ကုစားပုံ ခြားနား ၂၉၅
သံဝိဓာနသိက္ခာပုဒ် ၂–ခုအထူး ၁၈၄
သမထာယ+ဝူပသမာယ အထူး ၂၃၃
သဟသေယျသိက္ခာပုဒ် ၂–ခု အထူး ၁၀၂
သိက္ခမာန် ၃–မျိုးတို့၏ ထူးခြားဟန် ၂၈၇
သိက္ခမာန် ၃–မျိုးတို့၏ အသက်အားဖြင့်
ထူးခြားဟန် ၂၈၈
သုရာနှင့်မေရယအထူး ၁၆၈

http://www.dhammadownload.com



# ဝိနယဖအောင်ပန်း
# (ဒုတိယတွဲ+တတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ကစ္ဆ-သံဃာဒိသိသ်အဖွင့်**

**သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်**

➤ **အာယသ္မာ ဆွေ-ဟူသော သဒ္ဒါသည်** ▪ စည်းဝေးရောက်လာသော ရဟန်းတို့ကို ချစ်ဖွယ်စကားဖြင့် ခေါ်ဝေါ်ကြောင်းသဒ္ဒါ ဖြစ်ပါသည်။

➤ **သဉ္စေတနိကာ အဓိပ္ပါယ်** ။ ။ ထင်ရှားသော စေတနာရှိသောကြောင့် သုက္ကဝိဿဋ္ဌိသည် "**သဉ္စေတနာ**" မည်ပါသည်။ ထင်ရှားသော စေတနာရှိသော သုက္ကဝိဿဋ္ဌိသည်ပင် "သဉ္စေတနိကာ" မည်ပါသည်။ (တစ်နည်း) ထင်ရှားသော စေတနာရှိသောကြောင့် သုက္ကဝိဿဋ္ဌိသည် "သဉ္စေတနိကာ" မည်ပါသည်။

➤ **သဉ္စေတနိကာ-၌ စေတနာ-အရ** ။ ။ သုက်လွှတ်စေလိုသော မောစနဿာဒ စေတနာကို ယူရပါမည်။

➤ **သုက္ကဝိဿဋ္ဌိ အဓိပ္ပါယ်** ။ ။ လွှတ်စေခြင်း၌ သာယာသော စေတနာဖြင့် နိမိတ်၌ လှုပ်လှုပ်ရှားလျက် အညိုစသော သုက်ဆယ်မျိုးတို့တွင် တစ်မျိုးမျိုးကို တည်နေရာမှ ရွေ့စေခြင်းသည် "သုက္ကဝိဿဋ္ဌိ" မည်ပါသည်။

➤ **သုက်ကိုလွှတ်စေနိုင်သော အခါ** ။ ။ ရာဂူပတ္ထမ္ဘ စသောအကြောင်းတို့တွင် တစ်ပါးပါးကြောင့် အင်္ဂါဇာတ်တောင့်တင်း၍ လွှတ်စေမှုဖြစ်နိုင်အောင် ခွဲခြားသော အခါ ဖြစ်ပါသည်။

➤ **နီလ, ပီတ-စသောအားဖြင့် သုက်(၁၀) မျိုးကွဲပြားရကြောင်း** ။ ။ သလိပ်, သည်းခြေ, သွေး, ပြည်-ဟူသော အာသယ၊ ပထဝီ-စသောဓာတ်၊ ရသ-စသော ဓာတ်တို့၏ ထူးသောကြောင့် သုက်(၁၀) မျိုး ကွဲပြားရပါသည်။

➤ **သံဃာဒိသိသ်သိက္ခာပုဒ်များ၌ "အာပတ္တိနိကာယ" ပုဒ်ထည့်၍ အနက်ပေးခြင်းဖြင့် သိစေအပ်သော အဓိပ္ပါယ်** ။ ။ သံဃာဒိသေသော-ဟူသော အမည်သည် အာပတ်တစ်ခု၏ အမည်မဟုတ်၊ သံဃာဒိသေသ် အာပတ်များ၏ အမည်သာဖြစ်သည် ဟူသော အဓိပ္ပါယ်ကို သိစေလို့သောကြောင့် "အာပတ္တိနိကာယ" ပုဒ်ထည့်၍ အနက်ပေးရပါသည်။ (ဋီကာသစ်)

➤ **သံဃာဒိသိသ် မည်ပုံ** ။ ။ အစ, အလယ်, အဆုံး သုံးပါးလုံး၌ သံဃာကိုအလို

http://www.dhammadownload.com



ရှိအပ်သောကြောင့် "သံဃာဒိသိသ်" မည်ပါသည်။ (တစ်နည်း) ပရိဝါသ်ပေးခြင်းဟူသော အစ, မာနတ်ပေးခြင်းဟူသော အလယ်, အဗ္ဘာန်သွင်းခြင်းဟူသော အဆုံးတို့၌ သံဃာကို အလိုရှိအပ်သောကြောင့် "သံဃာဒိသိသ်" မည်ပါသည်။

မေး ။ ။ အစ, အလယ်, အဆုံးတို့၌ သံဃာကိုအလိုအပ်သောကြောင့် "သံဃာဒိသိသ် ဟု ခေါ်ဆိုရာဝယ် အစကာလ, အလယ်ကာလ, အဆုံးကာလတို့ကို ပိုင်းခြား သတ်မှတ်ပြပါ။

**အာဒိ(အစ) ကာလကား**။ ပရိဝါသ်ပေးရာအခါ ဖြစ်ပါသည်။ **မဇ္ဈ(အလယ်)ကာလ ကား**။ မူလာယ ပဋိကဿနအခါနှင့် မာနတ်ပေးရာအခါ ဖြစ်ပါသည်။ **သေသ(အဆုံး) ကာလကား**။ အဗ္ဘာန်သွင်းရာအခါတို့ ဖြစ်ပါသည်။

➤ **သံဃာဒိသေသ-အရ** ။ ။ မုချအားဖြင့် ပရိဝါသ်ပေးခြင်းဟူသော အာဒိ၊ အဗ္ဘာန်သွင်းခြင်းဟူသော သေသ-တို့ကို ယူရပါမည်။ ဥပစာအားဖြင့် မာနတ်ပေးခြင်း ဟူသော မဇ္ဈ-ကို ယူရပါမည်။

မေး ။ ။ အစ, အလယ်, အဆုံး (၃)ပါးလုံးတို့၌ သံဃာကိုအလိုရှိအပ်သောကြောင့် သံဃာဒိသိသ်မည်၏ဟု ဆိုရာဝယ် (က) အဘယ်အကျိုးငှာ အစ၌ သံဃာကို အလိုရှိအပ်ပါသနည်း၊ (ခ) အဘယ်အကျိုးငှာ အလယ်၌ သံဃာကို အလိုရှိအပ်ပါ သနည်း၊ (ဂ) အဘယ်အကျိုးငှာ အဆုံး၌ သံဃာကိုအလိုရှိအပ်ပါသနည်း။

ဖြေ ။ ။ (က) ပရိဝါသ်ပေးခြင်းအကျိုးငှာ **အစ၌ သံဃာကို** အလိုရှိအပ်ပါသည်။

(ခ) မာနတ်ပေးခြင်းအကျိုးငှာ (ဝါ) အရင်းသို့ငင်ခြင်းနှင့်တကွ မာနတ်ပေးခြင်း အကျိုးငှာ **အလယ်၌ သံဃာကို** အလိုရှိအပ်ပါသည်။

(ဂ) အဗ္ဘာန်သွင်းခြင်းအကျိုးငှာ **အဆုံး၌ သံဃာကို** အလိုရှိအပ်ပါသည်။

➤ **ပရိဝါသ်ပေးခြင်း စသောကံတို့၌ သံဃာကိုအလိုရှိရခြင်းအကြောင်း**

. ပရိဝါသ်စသော ကံတို့တွင် တစ်ပါးသော ကံကိုမျှလည်း သံဃာနှင့်ကင်း၍ ပြု ခြင်းငှာ မတတ်ကောင်းသောကြောင့်-- သံဃာကို အလိုရှိရပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ သာဝတ္ထိပြည်၌ သေယျက ရဟန်းကို အကြောင်းပြု၍ လွှလပြုကာ သုက်ကိုလွှတ်စေခြင်းဟူသော အကြောင်း ကြောင့် ပညတ်တော်မူရပါသည်။

➤ **ဤသိက္ခာပုဒ်၌ နိဒါန်းကား**။ သာဝတ္ထိပြည်၊ **ပုဂ္ဂိုလ်ကား**။ သေယျကရဟန်း၊ **ဝတ္ထုကား**။ လွှလပြုကာ သုက်ကိုလွှတ်စေခြင်း ဖြစ်ပါသည်။

➤ **သုက်၏တည်ရာဌာန ၃-ပါး** ။ ။ (၁) သိုအိမ်ထိပ်မွှ၊ (၂) ခါး၊ (၃) တစ်ကိုယ် လုံး ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **သံဃာဒိသိသ် သင့်ရောက်နိုင်သော သုက်၏ပမာဏ** ။ ။ ယင်ငယ် တစ်ကောင် သောက်လောက်ရုံ အတိုင်းအရှည်ရှိသော သုက် ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်၌ အနုပညတ်ကား** ။ ။ အညတြ သုပိနန္တာ ဖြစ်ပါသည်။

➤ **အာဏတ္တိက+အနာဏတ္တိက ၂-မျိုးတို့တွင်** ။ ။ အနာဏတ္တိက ဖြစ်ပါသည်။ (အနာဏတ္တိကဖြစ်ပါသော်လည်း သူတစ်ပါးကို မိမိအင်္ဂါဇာတ်၌ လှုပ်လပြုခိုင်း၍ သုက်ကို လွှတ်စေလျှင် သံဃာဒိသိသ်အာပတ် သင့်ပါသည်။)

➤ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) စေ့ဆော်အားထုတ်၍ အောက်ထစ်ဆုံး ကောင်းကင်၌ ခါးကိုလှုပ်ကာ နိမိတ်၌ လှုပ်လပြုသောရဟန်းအား သံဃာဒိသိသ်အာပတ်

(၂) အောက်ထစ်ဆုံး ယင်ငယ်တစ်ကောင် သောက်လောက်ရုံမျှလောက်သော သုက်သည် တည်နေရာမှလွတ်အံ့၊ အင်္ဂါဇာတ်သို့ မရောက်သေးသော်လည်း သံဃာ ဒိသိသ်အာပတ် သင့်ပါသည်။

➤ **တည်ရာမှ သုက်ရွေ့လျှင် အာပတ်သင့်ခြင်းအကြောင်း** ။ ။ တည်ရာမှရွေ့သော သုက်သည် မချွတ်ဧကန် ကျင်ငယ်ချောင်းသို့ (ဝါ) အင်္ဂါဇာတ်သို့ သက်ရောက်သော ကြောင့် တည်နေရာမှ သုက်ရွေ့လျှင် အာပတ်သင့်ပါသည်။

➤ **အနာပတ္တိကရ (အာပတ်မသင့်သော) ပုဂ္ဂိုလ်များ** ။ ။ (၁) လှုပ်လမပြုသော ရဟန်း၊ (၂) လွှတ်စေခြင်း၌ အလိုမရှိသော ရဟန်း၊ (၃) အိပ်မက်ကို မြင်မက်သော ရဟန်း၊ (၄) ဥမ္မတ္တကရဟန်း၊ [တို့သည် သုက်လွတ်သော်လည်း အာပတ်မသင့်ပါ။]

➤ **သိက္ခာပုဒ် အင်္ဂါ ၃-ပါး** ။ ။ (၁) လွှတ်ခြင်း၌ သာယာသော စေတနာရှိခြင်း (၂) လှုပ်လပြုခြင်း (၃) လွှတ်ခြင်း-တို့ ဖြစ်ပါသည်။

**ကာယသံသဂ္ဂသိက္ခာပုဒ်**

➤ **ရဟန်းတစ်ပါးအနေဖြင့် မာတုဂါမတစ်ယောက်အပေါ်၌ "ကာယသံသဂ္ဂ" သက်ရောက်ရခြင်းအကြောင်း** ။ ။ ရာဂတည်းဟူသော ဘီလူးသည် သက်ဝင်အပ်သည် ဖြစ်၍ ဖောက်ပြန်၍တည်သော စိတ်ကြောင့် ကာယသံသဂ္ဂသို့ သက်ရောက်ရခြင်း ဖြစ်ပါသည်။ (ပါတိမောက်)

➤ **ဩတိဏ္ဏ အဓိပ္ပါယ်** ။ ။ ဘီလူးက လူကိုပူးဝင်သောအခါ ဘီလူးသည် လူသို့ သက်ရောက်အပ် ပူးဝင်အပ်သကဲ့သို့ ထို့အတူ ရာဂစိတ်ဖြစ်နေသောအခါ ရာဂသည် ရဟန်း၏ကိုယ်သို့ သက်ရောက်အပ်သောကြောင့် "ဩတိဏ္ဏ" မည်ပါသည်။

(တစ်နည်း) တွင်းစသည်တို့သို့ သတ္တဝါတို့သည် ကျရောက်သကဲ့သို့ ထို့အတူ ရာဂ စိတ် ဖြစ်နေသောအခါ ရဟန်းသည် ရာဂတည်းဟူသော တွင်းသို့ သက်ဆင်းကျရောက် သောကြောင့် "ဩတိဏ္ဏ" မည်ပါသည်။

http://www.dhammadownload.com



➤ **ခြတိဏ္ဏ-ဟူသော အမည်သည်** ။ ။ ကာယသံသဂ္ဂရာဂနှင့် ပြည့်စုံသော ရဟန်း၏ အမည်ဖြစ်ပါသည်။

➤ **ခြတိဏ္ဏ-အရ** ။ ။ ကာယသံသဂ္ဂရာဂနှင့် ပြည့်စုံသော ရဟန်းကို ယူရမည်။

➤ **ဝိပရိဏတစိတ္တ (ဖောက်ပြန်၍တည်သောစိတ်) အဓိပ္ပါယ်**

စင်ကြယ်သော ဘဝင်အစဉ်ဟုဆိုအပ်သော ပကတိသဘောကို စွန့်၍ တစ်ပါးသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ်ကို (ဝါ) ဖောက်ဖောက်ပြန်ပြန် ပြောင်းလွဲသော အခြင်းအရာအားဖြင့် ပြောင်းလွဲသော စိတ်ကို "ဝိပရိဏတစိတ္တ" (ဖောက်ပြန်၍ တည်သောစိတ်) ဟုခေါ်ပါသည်။

➤ **မာတုဂါမ-အရ** ။ ။ ယနေ့ မွေးဖွားသည်မှစ၍ အသက်ရှင်ဆဲဖြစ်သော လူမိန်းမကို ယူရပါမည်။

➤ **ဟတ္ထ-အရ** ။ ။ တတောင်ဆစ်မှစ၍ လက်သည်းဖျားတိုင်အောင်သော အရပ်သည် "ဟတ္ထ" မည်ပါသည်။ (ဝါ) ဟတ္ထ-အရ ဖြစ်ပါသည်။

➤ **ဝေဏိ-အရ** ။ ။ ထုံး၍ရင်း, မထုံးမူ၍ရင်း, ဆံပင်သက်သက်ရင်း, အညှိအစရှိသော အဆင်းရှိသောချည်, ပန်းမျိုးစုံ, ငွေပန်း, ရွှေကြိုးတန်ဆာ, ပုလဲသွယ် စသည်တို့တွင် တစ်ပါးပါးဖြင့် ရောနှောသော ဆံပင်သည်ရင်း "ဝေဏိ" မည်ပါသည်။

➤ **ဝေဏိ-သဒ္ဒါဖြင့်** - အမွေးတို့နှင့်တကွ ဆံချည်မျှင်တို့ကိုလည်း ယူရပါမည်။

➤ **အင်္ဂ-အရ** ။ ။ ဟတ္ထ, ဝေဏိ-တို့မှကြွင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းသည် "အင်္ဂ" မည်ပါသည်။ (ဝါ) အင်္ဂ-အရ ဖြစ်ပါသည်။

➤ **ဆံမထုံးဘဲ ဖာရယားစျဆားသော ဆံပင်ကို သုံးသပ်လျှင် အာပတ်သင့်နိုင်ခြင်းအကြောင်း** ။ ။ ဝေဏိသဒ္ဒါဖြင့် အမွေးတို့နှင့်တကွ ဆံချည်မျှင်တို့ကိုလည်း ယူရမည်ဟုဆိုသောကြောင့်-- အာပတ်သင့်နိုင်ပါသည်။

➤ **ကာယသံသဂ္ဂ သမာပဇ္ဇေယျ အဓိပ္ပါယ်** ။ ။ လက်ကိုကိုင်ခြင်းစသော ကိုယ်ဖြင့် စပ်ယှဉ်ခြင်း, ကိုယ်ဖြင့်ရောနှောခြင်း ရှိသူ၏အဖြစ်သို့ ရောက်ခြင်းကို "ကာယသံသဂ္ဂ သမာပဇ္ဇေယျ" ဟုခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥဒါယိမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကိုယ်ဖြင့်နှီးနှောခြင်းသို့ ရောက်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူရပါသည်။

➤ **အာပတ်အဆုံးအဖြတ်**

၁။ မိန်းမ၌ မိန်းမဟု အမှတ်ရှိ၍ အောက်ထစ်ဆုံး မိမိအမွေးဖြင့် မာတုဂါမ၏ အမွေးကို ထိသောရဟန်းအား သံဃာဒိသိသ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com



၂။ မိန်းမက မိမိကို ထိလာသောအခါ ကာယသံသဂ္ဂရာဂဖြင့် လှုပ်လပြုသော ရဟန်းတို့အား သံဃာဒိသိသ်အာပတ် သင့်ပါသည်။

၃။ လက်တစ်ဘက်ဖြင့်ကိုင်၍ အခြားလက်တစ်ဘက်ဖြင့် တစ်နေ့ပတ်လုံး ထိုထိုအရပ်၌ ထိသောရဟန်းအား သံဃာဒိသိသ်အာပတ် တစ်ချက်သာ သင့်ပါသည်။

၄။ မကိုင်ဘဲ ဦးခေါင်းမှခြေတိုင်အောင် ကိုယ်မှလက်ကို မလွတ်စေဘဲ ထိသောရဟန်းအား သံဃာဒိသိသ်အာပတ် တစ်ချက်သာ သင့်ပါသည်။

၅။ ကာယသံသဂ္ဂရာဂဖြင့် အမျိုးသမီးတစ်ဦး၏ လက်ငါးချောင်းကို တစ်ပေါင်းတည်း ကိုင်သောရဟန်းအား သံဃာဒိသိသ်အာပတ် တစ်ချက်သာ သင့်ပါသည်။

၆။ အမျိုးသမီး ငါးယောက်တို့၏ လက်ငါးချောင်းကို တစ်ပေါင်းတည်းကိုင်သောရဟန်းအား သံဃာဒိသိသ်အာပတ် ငါးချက် သင့်ပါသည်။

၇။ မိန်းမ၌ မိန်းမဟုတ်လေသလား, မဟုတ်လေသလား-ဟု ယုံမှား၍ ကိုင်သောရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

၈။ မိန်းမကို ပဏ္ဍုက်, ယောကျ်ား, တိရစ္ဆာန်-ဟု အမှတ်ရှိ၍ ကိုင်သော ရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

၉။ မိမိကိုယ်ဖြင့် မာတုဂါမ၏ ကာယပ္ပဋိဗဒ္ဓဝတ္ထု (ကိုယ်နှင့်စပ်သော အဝတ်)ကို ထိသော ရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

၁၀။ မိမိ၏ ကာယပ္ပဋိဗဒ္ဓဝတ္ထုဖြင့် မာတုဂါမ၏ ကိုယ်ကို ထိသောရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

၁၁။ ဘီလူးမ, နတ်မ, ပဏ္ဍုက်တို့ကို သုံးသပ်သော ရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်ပါသည်။ ၁၂။ မိမိ၏ ကာယပ္ပဋိဗဒ္ဓဝတ္ထုဖြင့် မာတုဂါမ၏ ကာယပ္ပဋိဗဒ္ဓကို ထိရာ၌ရင်း, ယောကျ်ား၏ကိုယ်ကို ထိရာ၌ရင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အနာပတ္တိကရ (အာပတ်မသင့်သော) ပုဂ္ဂိုလ်များ** ။ ။ (၁) မိန်းမက ထိလာ၍ မှီဝဲလိုပါသော်လည်း ကိုယ်ဖြင့် လှုပ်လ မပြုဘဲ အတွေ့ကို သာယာသော ရဟန်း၊ (၂) လွတ်လိုသဖြင့် မိန်းမကို ထိသောရဟန်း၊ (၃) သညာနှင့်တကွ မစေ့ဆော်ဘဲ မတော်တဆ ထိမိသော ရဟန်း၊ (၄) အမှတ်တမဲ့ ထိမိသော ရဟန်း၊ (၅) ထိမှန်းကို မသိသော ရဟန်း၊ (၆) သိပင်သိသော်လည်း မသာယာသော ရဟန်း၊ (၇) ဥမ္မတ္တကရဟန်းတို့အား အာပတ် မသင့်နိုင်ပါ။

➤ **သိက္ခာပုဒ် အင်္ဂါ ၅-ပါး** ။ ။ (၁) လူမိန်းမဖြစ်ခြင်း၊ (၂) မိန်းမမှန်းသိခြင်း (၃) ကာယသံသဂ္ဂရာဂရှိခြင်း၊ (၄) ထိမိအောင် လှုပ်လပြုခြင်း၊ (၅) လက်စသည်ကို ကိုင်မိခြင်း ဤအင်္ဂါ ၅-ပါးနှင့် ညီညွတ်လျှင် သံဃာဒိသိသ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com



## ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်

➤ **ကာယသံသဂ္ဂသိက္ခာပုဒ်နှင့် ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်အထူး** ။ ။ ကာယသံသဂ္ဂသိက္ခာပုဒ်၌ ကာယသံသဂ္ဂရာဂ ဖြစ်ပါသည်။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လဝါစဿာဒ ရာဂ ဖြစ်ပါသည်။ ဤသို့ ရာဂခြင်း ထူးပါသည်။

➤ **ဝိပရိဏတေန စိတ္တေန-တို့၏ ခြားနားချက်** ။ ။ ကာယသံသဂ္ဂသိက္ခာပုဒ်၌ ကာယသံသဂ္ဂရာဂ၏ အစွမ်းဖြင့် ဖြစ်ခြင်းကို "ဝိပရိဏတေန စိတ္တေန"ဟု ခေါ်ပါသည်။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လဝါစဿာဒရာဂ၏အစွမ်းဖြင့် ဖြစ်ခြင်းကို "ဝိပရိဏတေန စိတ္တေန" ဟုခေါ်ပါသည်။ ဤသို့ ခြားနားပါသည်။

➤ **မာတုဂါမ-အရ** ။ ။ ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လစကားကို နားလည်သော လူမိန်းမကို ယူရပါမည်။

➤ **မာတုဂါမ-အရ မယူသင့်သော မိန်းမများ** ။ ။ ကြီးသော်လည်း နားမလည်သော ဖျင်း,အသော မိန်းမ၊ ပါးနပ်သော်လည်း ဘာသာစကားချင်း မတူ၍ ပြောစကားကို နားမလည်သော မိန်းမများကို ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ မယူရပါ။

➤ **ဒုဋ္ဌုလ္လဝါစာ အဓိပ္ပါယ်** ။ ။ ဒုဋ္ဌုလ္လဝါစာဟူသည် ဝစ္စမဂ်, ပဿာဝမဂ် မေထုန်နှင့် စပ်သော စကားကို ခေါ်ပါသည်။

➤ **ဒုဋ္ဌုလ္လ ၂-မျိုး အထူး** ။ ။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ ဝစ္စမဂ်, ပဿာဝမဂ်, မေထုန်နှင့်စပ်ယှဉ်သဖြင့် ရုန့်ရင်းကြမ်းတမ်းသောစကားကို "ဒုဋ္ဌုလ္လ"ဟု ခေါ်ပါသည် ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၌ ရုန့်ရင်းကြမ်းတမ်းသော သံဃာဒိသေသ်အာပတ်ကို ဒုဋ္ဌုလ္လ ဟု ခေါ်ပါသည်။ ဤသို့ ထူးပါသည်။

➤ **ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသေယျ-ဌ ဩဘာသနသချုပ်** ။ ။ (၁) ဝဏ္ဏ-ချီးမွမ်းခြင်း၊ (၂) အဝဏ္ဏ- ကဲ့ရဲ့ခြင်း၊ (၃) ယာစန-တောင်းခြင်း၊ (၄) အာယာစန-တောင့်တခြင်း၊ (၅) ပုစ္ဆန-မေးခြင်း၊ (၆) ပဋိပုစ္ဆန-ရှေးရှုမေးခြင်း၊ (၇) အာစိက္ခဏ-မေးအပ်သည်ဖြစ်၍ ပြောပြခြင်း၊ (၈) အနုသာသန-မမေးအပ်ဘဲ သွန်သင်ခြင်း၊ (၉) အက္ကောသန-ဆဲရေးခြင်းတို့ ဖြစ်ပါသည်။

➤ **ဒုဋ္ဌုလ္လဝါစာ သိခါပဒ္တပြ ပါဠိ** ။ ။ မေထုနုပသံဟိတာဟိ ဖြစ်ပါသည်။

➤ **ဩဘာသန နိရုသက်အာဝပြပါဠိ** ။ ။ ယထာ တံ ယုဝါ ယုဝတိံ ဖြစ်ပါသည်။

➤ **သံဃာဒိသိသ်အာပတ်သို့ ရောက်စေနိုင်သော "အက္ကောသနဝစန" ၃-ပါး**

➤ **အမှန်အတိုင်း ပြောဆိုပါလျက် အာပတ်သင့်သော စကားသုံးခွန်း**

➤ **ဆဲရေးခြင်း ၃-မျိုး** ။ ။ (၁) သိခရဏီသိ-အသားစွန်းထွက်သော အကောင်မ၊ (၂) သမ္ဘိန္နာသိ-ဝစ္စမဂ် ပဿာဝမဂ် ရောစပ်နေသော အကောင်မ၊ (၃) ဥဘတော

http://www.dhammadownload.com



ဗျဥ္စနကာသိ-ဥဘတောဗျည်းမ တို့ဖြစ်ပါသည်။

> **ယထာတံ ယုဝါ ယုဝတိံ-ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ ယထာ တံ ယုဝါ ယုဝတိံဖြင့် လွှမ်းမိုး၍ ပြောဆိုခြင်း၌ ရွံ့ရှားခြင်း မရှိသူ၏အဖြစ်ကို ပြဆိုပါသည်။

> **ယထာ တံ ယုဝါ ယုဝတိံ-ဟူသော အပိုစကားရပ် ထည့်သွင်းပညတ်တော်မူရကျိုး** ။ ။ ဒုဋ္ဌုလ္လဝါစာကို ပြောဆိုခြင်းကြောင့် ရွံ့ရှားခြင်း မရှိသည်၏အဖြစ်ကို ပြခြင်း အကျိုးရှိပါသည်။

> **မေထုနုပသံဟိတာဟိ-ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ မေထုနုပသံဟိတာဟိ-ဖြင့် ရုန့်ရင်းသော စကား၏ အပြီးအဆုံးသို့ရောက်သော လက္ခဏာကို ပြသည်။

> **ဩဘာသိ+ဝိပရိဏတ-အရ** ။ ။ ဒုဋ္ဌုလ္လဝါစာ၌ သာယာသော ရာဂကို ယူရပါမည်။

> **ဩဘာသေယျ-အရ ပြောဆိုပုံအခြင်းအရာ/ ဩဘာသန အဓိပ္ပါယ်**

ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, တောင်းခြင်း, တောင့်တခြင်း, မေးမြန်းခြင်း, ရှေးရှုမေးခြင်း, မေးအပ်သည်ဖြစ်၍ ပြောပြခြင်း, မမေးအပ်ဘဲ သွန်သင်ခြင်း, ဆဲရေးခြင်းတို့၏ အစွမ်းအားဖြင့် မသူတော်တို့၏စကားကို ပြောဆိုခြင်းကို "ဩဘာသန"ဟုခေါ်သည်။

> **သံဃာဒိသိသ်အာပတ်သို့ ရောက်စေနိုင်သော ဒုဋ္ဌုလ္လဝါစာ စကားနှင့် ဆဲရေးပုံ**

ဝစ္စမဂ်, ပဿာဝမဂ်တို့၏ အစွမ်းအားဖြင့် ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းတို့ဖြင့်သော်၎င်း မေထုန်တောင်းခြင်း စသည်တို့ဖြင့်သော်၎င်း၊ သိခရဏီသိ-အသားစွန်းထွက်သော အကောင်မ ဖြစ်၏၊ သမ္ဘိန္နာသိ-ဝစ္စမဂ်, ပဿာဝမဂ် ရောစပ်နေသော အကောင်မ ဖြစ်၏၊ ဥဘတောဗျဥ္စနကာသိ-ဥဘတောဗျည်းမ ဖြစ်၏-ဟု ဆဲရေးကြောင်း သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့်သော်၎င်း ဆဲရေးလျှင် သံဃာဒိသိသ်အာပတ် သင့်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥဒါယိမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ မာတုဂါမအား ယုတ်ယုတ်မာမာ ပြောဆိုခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **မွေးဖွားစါစ ကလေးမအား မေထုန်နှင့်စပ်သော စကားကို ပြောဆိုသော်လည်း သံဃာဒိသေသ်အာပတ် မသင့်နိုင်ခြင်းအကြောင်း** ။ ။ မသိ, နားမလည်သောကြောင့် သံဃာဒိသေသ်အာပတ် မသင့်နိုင်ပါ။

မေး ။ ။ မာတုဂါမတစ်ယောက်ကို ရုန့်ရင်းသော စကားဖြင့် ပြောဆိုရာ၌ သံဃာဒိသေသ်, ထုလ္လစ္စည်း, ဒုက္ကဋ်အာပတ်အလိုက် ခွဲခြားပြပါ။

> **ဒုဋ္ဌုလ္လဝါစာကို ပြောမိရာ၌ မာတုဂါမ၏ ကိုယ်အင်္ဂါအလိုက် အာပတ်သင့်ပုံ**

ရုန့်ရင်းသောစကားကို ပြောဆိုရာ၌ အောက်ထစ်ဆုံး လက်အမူအရာဖြင့် ပြော

http://www.dhammadownload.com



သော်လည်း ပြောဆဲခဏ၌ မိန်းမက သိလျှင် သံဃာဒိသိသ်၊ မသိလျှင် ထုလ္လစ္စည်း။

မာတုဂါမ၏ ညှပ်ရိုးနှစ်ဘက်အောက်, ပုဆစ်ဒူးဝန်းနှစ်ဘက်၏ အထက်အရပ်ကို ပြောဆိုခြင်းကြောင့် ထုလ္လစ္စည်းအာပတ်၊ ညှပ်ရိုးနှစ်ဘက်၏ အထက်အရပ်ကိုရင်း, ပုဆစ်ဒူးဝန်းနှစ်ဘက်ကိုရင်း, အောက်အရပ်ကိုရင်း, ကိုယ်နှင့်စပ်သော အဝတ်စသည်ကိုရင်း ပြောဆိုခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

**မေး ။ ။** ဤသိက္ခာပုဒ်လာ မာတုဂါမကို (က) သံဃာဒိသိသ်ခေတ် (ခ) ထုလ္လစ္စယခေတ် (ဂ) ဒုက္ကဋခေတ်အားဖြင့် ပိုင်းခြားပြပါ။

* **သံဃာဒိသိသ်ခေတ်ကား-** ဝစ္စမဂ်, ပဿာဝမဂ် ဖြစ်ပါသည်။ * **ထုလ္လစ္စယခေတ်ကား-** ညှပ်ရိုးနှစ်ဘက်အောက်, ပုဆစ်ဒူးဝန်းနှစ်ဘက်အထက် ဖြစ်ပါသည်။

* **ဒုက္ကဋခေတ်ကား-** ညှပ်ရိုးနှစ်ဘက်အထက်, ပုဆစ်ဒူးဝန်းနှစ်ဘက်အောက် ဖြစ်ပါသည်။

➤ **အာပတ်အဆုံးအဖြတ် ။ ။** (၁) ပဏ္ဍုက်ကို မိန်းမအမှတ်ဖြင့် ဒုဋ္ဌုလ္လဝါစာ ပြောဆိုလျှင် ဒုက္ကဋ်၊ (၂) ပဏ္ဍုက်ကို ပဏ္ဍုက်အမှတ်ဖြင့် ပြောလျှင် ထုလ္လစ္စည်းအာပတ် (၃) မိန်းမအား ဒုဋ္ဌုလ္လဝါစာ ပြောဆိုသော်လည်း မသိလျှင် ထုလ္လစ္စည်းအာပတ်။

➤ **အနာပတ္တိကရ (အာပတ်မှလွတ်သော) ပုဂ္ဂိုလ်များ ။ ။** အနက်အဓိပ္ပါယ်ကို ရှေးရှုပြုသော ရဟန်း၊ ပါဠိကို ရှေးရှုပြုသော ရဟန်း၊ ဆုံးမခြင်းကို ရှေးရှုပြုသော ရဟန်း၊ ရူးသော ရဟန်းတို့အား ဒုဋ္ဌုလ္လဝါစာ ပြောဆိုသော်လည်း အာပတ်မသင့်ပါ။

➤ **ဒေါသဖြင့် ဒုဋ္ဌုလ္လဝါစာ ပြောဆိုသောရဟန်းအား အာပတ်သင့်/မသင့်**

တတိယသံဃာဒိသိသ်အာပတ်သည် ရာဂ၏အစွမ်းအားဖြင့်သာ သင့်၏၊ ဒေါသ၏ အစွမ်းအားဖြင့် မသင့်သောကြောင့် အာပတ်မသင့်နိုင်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး ။ ။** (၁) လူဇာတ်ရှိသော မိန်းမဖြစ်ခြင်း၊ (၂) မိန်းမမှန်းသိခြင်း၊ (၃) ဒုဋ္ဌုလ္လဝါစဿာဒ ရာဂရှိခြင်း (၄) ထိုရာဂဖြင့် ယုတ်ယုတ်မာမာ ပြောဆိုခြင်း၊ (၅) ပြောလျှင်ပြောခြင်း သိခြင်းတို့ ဖြစ်ပါသည်။

➤ **သမုဋ္ဌာန် စသည်ခွဲပုံ ။ ။** ဤသိက္ခာပုဒ်သည် အဒိန္နာဒါနသမုဋ္ဌာန်၊ ကိရိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ ကာယကံ, ဝစီကံ၊ အကုသိုလ်စိတ်၊ သောမနဿ ဝေဒနာ, ဥပေက္ခာဝေဒနာ-တို့ ဖြစ်ပါသည်။

**အတ္တကာမပါရိစရိယသိက္ခာပုဒ်**

➤ **ဩတိဏ္ဏ ၃-မျိုး အထူး ။ ။** ကာယသံသဂ္ဂသိက္ခာပုဒ်၌ ကာယသံသဂ္ဂရာဂ၏ အစွမ်းဖြင့် ဖြစ်ခြင်းကို "ဩတိဏ္ဏ" ဟုခေါ်ပါသည်။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လဝါစဿာဒရာဂ၏ အစွမ်းဖြင့် ဖြစ်ခြင်းကို "ဩတိဏ္ဏ" ဟုခေါ်ပါသည်။ အတ္တကာမ

http://www.dhammadownload.com



သိက္ခာပုဒ်၌ အတ္တကာမပါရိစရိယ၏ အစွမ်းဖြင့်ဖြစ်ခြင်းကို "ဩတိဏ္ဏ"ဟုခေါ်သည်။

> **ဩတိဏ္ဏ + ဝိပရိဏတ-အရ** ။ ။ အတ္တကာမပါရိစရိယာရာဂကို ယူရပါမည်

> **ဩတိဏ္ဏ + ဝိပရိဏတ ထူးခြားချက်** ။ ။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်ကား ဒုဋ္ဌုလ္လဝါစာ၌ သာယာသောရာဂ၏အစွမ်းဖြင့်ဖြစ်ခြင်းကို ဩတိဏ္ဏ ဝိပရိဏတ-ဟု ခေါ်ပါသည်။ ဤသိက္ခာပုဒ်ကား မိမိအကျိုးငှာ မေထုန်အကျင့်ဖြင့် လုပ်ကျွေးခြင်း၏ အစွမ်းဖြင့်ဖြစ်ခြင်းကို ဩတိဏ္ဏဝိပရိဏတ-ဟု ခေါ်သည်။ ဤသို့ထူးပါသည်။

> **ဝိပရိဏတစိတ္တ ၃-မျိုးအထူး** ။ ။ ကာယသံသဂ္ဂသိက္ခာပုဒ်၌ ကာယသံသဂ္ဂ ရာဂ၏ အစွမ်းအားဖြင့် ဖောက်ပြန်သောစိတ်ကို "ဝိပရိဏတစိတ္တ" အရ ယူရပါသည် ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်ကား- ဒုဋ္ဌုလ္လဝါစာ၌ သာယာသောရာဂ၏ အစွမ်းအားဖြင့် ဖောက်ပြန်သောစိတ်ကို "ဝိပရိဏတစိတ္တ"အရ ယူရပါသည်။ အတ္တကာမပါရိစရိယ သိက္ခာပုဒ်၌ အတ္တကာမပါရိစရိယာရာဂ၏ အစွမ်းအားဖြင့် ဖောက်ပြန်သောစိတ်ကို "ဝိပရိဏတစိတ္တ" အရ ယူရပါသည်။ ဤသို့ ထူးပါသည်။

> **ကာမ-အရ** ။ ။ မေထုန်အကျင့်ကို ယူရပါမည်။

> **အတ္တကာမ-အရ** ။ ။ မေထုနရာဂကို ယူရပါမည်။

> **မာတုဂါမ-အရ** ။ ။ ဒုဋ္ဌုလ္လ၊ အဒုဋ္ဌုလ္လ စကားကို နားလည်သော မိန်းမကို ယူရပါမည်။

> **မာတုဂါမဿ သန္တိကေ-၌ သန္တိကေ-အရ** ။ ။ ရဟန်း၏ စကားကို မာတုဂါမ ကြားလောက်သော အရပ်ကို ယူရပါမည်။

> **သံဃာဒိသေသ်လာ မာတုဂါမ ၃-မျိုး** ။ ။ (၁) မွေးဖွားစ မိန်းကလေးမှစ၍ အသက်ရှင်ဆဲဖြစ်သော လူမိန်းမ၊ (၂) ရုန့်ရင်း မရုန့်ရင်းသော စကားကို မှတ်သားနိုင်သော မိန်းမ၊ (၃) ရုန့်ရင်း မရုန့်ရင်းသော စကားကို မှတ်သားနိုင်သော မိန်းမ။

> **အတ္တကာမပါရိစရိယ အဓိပ္ပါယ်** ။ ။ မိမိအကျိုးငှာ ကာမဂုဏ်မေထုန်မှုဖြင့် ပြုစုလုပ်ကျွေးခြင်းကို "အတ္တကာမပါရိစရိယ"ဟု ခေါ်ပါသည်။

> **ဧတဒဂ္ဂံ ဘဂိနိ-စသော စကားဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်**

ဧတဒဂ္ဂံ ဘဂိနိ-စသော စကားသည် အတ္တကာမပါရိစရိယာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုပုံ အခြင်းအရာကို ညွှန်ပြပါသည်။

> **သီလဝန္တ-အရ** ။ ။ ပါဏာတိပါတ စသည်မှ ရှောင်ကြဉ်သူကို ယူရပါမည်။

> **ဗြဟ္မစာရီ-အရ** ။ ။ မေထုန်မှ ရှောင်ကြဉ်သူကို ယူရပါမည်။

> **ကလျာဏဓမ္မ-အရ** ။ ။ ပါဏာတိပါတ စသည်မှရှင်း၊ မေထုန်မှရှင်း ရှောင်ကြဉ်သူကို ယူရပါမည်။

http://www.dhammadownload.com



➤ **သီလဝန္တ မည်ပုံ** ။ ။ ပါဏာတိပါတ စသည်တို့မှ ကင်းသောကြောင့် "သီလဝန္တ" မည်ပါသည်။

➤ **ဗြဟ္မစာရီ မည်ပုံ** ။ ။ မေထုန်မှကင်းသောကြောင့် "ဗြဟ္မစာရီ" မည်ပါသည်။

➤ **ကလျာဏဓမ္မမည်ပုံ** ။ ။ ပါဏာတိပါတ စသည်တို့မှ ရှောင်ကြဉ်ခြင်း, မေထုန်မှ ရှောင်ကြဉ်ခြင်းဟူသော နှစ်ပါးစုံဖြင့် ကောင်းသောအကျင့်ရှိသူသည် "ကလျာဏဓမ္မ" မည်ပါသည်။

➤ **သံဃာဒိသိသ်အာပတ် သင့်စေနိုင်သော ပြောဆိုနည်း** ။ ။ အတ္တကာမပါရိစရိယာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုရာ၌ "သင်သည် ငါ့အား မေထုန်ကို ပေးခြင်းငှာ ထိုက်၏" စသော မေထုန်နှင့်စပ်သည်ကို ပြောမှသာ သံဃာဒိသိသ်အာပတ်သင့်သည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူခြင်းအကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥဒါယီမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အတ္တကာမပါရိစရိယာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ အတ္တကာမပါရိစရိယကို လက်အမူအရာဖြင့် ပြောလျှင် ပြောဆဲခဏ၌ သိသော် သံဃာဒိသိသ်၊ မသိလျှင် ထုလ္လစ္စည်းအာပတ်။

➤ **အနာပတ္တိကရ (အာပတ်မှလွတ်သော) ပုဂ္ဂိုလ်များ** ။ ။ သင်္ကန်းစသော ဝတ္ထုကာမတို့ဖြင့် ပြုစုလုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုသောရဟန်း၊ ရူးသော ရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) လူသားစင်စစ်မိန်းမဖြစ်ခြင်း။ (၂) လူမိန်းမမှန်း သိခြင်း။ (၃) အတ္တကာမပါရိစရိယရာဂ ရှိခြင်း။ (၄) ဂုဏ်ကျေးဇူးကို ပြောဆိုတောင်းခံခြင်း။ (၅) အတောင်းခံရသူ မိန်းမက နားလည်ခြင်းတို့ ဖြစ်ပါသည်။

### သဉ္စရိတ္တသိက္ခာပုဒ်

➤ **သဉ္စရိတ္တအဓိပ္ပါယ်** ။ ။ မိန်းမ, ယောကျ်ားတို့၏ အလယ်၌ လှည့်လည်သွားလာခြင်း (ဝါ) အောင်သွယ်ခြင်းကို "သဉ္စရိတ္တ"ဟု ခေါ်ပါသည်။

➤ **သမာပဇ္ဇေယျ အဓိပ္ပါယ်** ။ ။ ကောင်းစွာဝန်ခံခြင်း, စုံစမ်းခြင်း, တစ်ဖန်ဆောင်ခြင်းတို့ကိုပြုလျက် ရောက်ခြင်းကို "သမာပဇ္ဇေယျ"ဟု ခေါ်ပါသည်။

➤ **သမာပဇ္ဇေယျ-အရ** ။ ။ ကောင်းစွာဝန်ခံခြင်း, စုံစမ်းခြင်း, ပြန်၍ဆောင်ခြင်းတို့ကိုပြုလျက် ရောက်ခြင်းကို ယူရပါမည်။

➤ **သဉ္စရိတ္တံ သမာပဇ္ဇေယျ အဓိပ္ပါယ်** ။ ။မိန်းမ ယောကျ်ားနှစ်ဦးသားတို့၏ အကြား၌ ဝန်ခံခြင်း, စုံစမ်းခြင်း, ပြန်ပြောခြင်းတို့၏အစွမ်းဖြင့် သွားလိုက်ပြန်လိုက်ဖြင့် လှည့်လည်ခြင်းသို့ ရောက်သည်ကို "သဉ္စရိတ္တံ သမာပဇ္ဇေယျ"ဟု ဆိုပါသည်။

http://www.dhammadownload.com



➤ **ဣတ္ထိယာ ဝါ ပုရိသမတိ-စသော စကားသည်** ॥ ॥ အောင်သွယ်ခြင်းသို့ ရောက်ပုံ အခြင်းအရာကို ပြပါသည်။

➤ **ဣတ္ထိယာ ဝါ ပုရိသမတိ အဓိပ္ပါယ်** ॥ ॥ ယောက်ျားကိုယ်တိုင်ကသော်ရင်း, ယောက်ျား၏ အမိ အဘ စသည်တို့ကသော်ရင်း စေခိုင်းအပ်၍ ယောက်ျား၏အလိုကို မိန်းမအားပြောကြားခြင်းကို "ဣတ္ထိယာ ဝါ ပုရိသမတိ"ဟု ဆိုပါသည်။

➤ **ပုရိသဿ ဝါ ဣတ္ထိမတိ အဓိပ္ပါယ်** ॥ ॥ မိန်းမကိုယ်တိုင်ကသော်ရင်း, မိန်းမ၏ အမိ အဘ စသည်တို့ကသော်ရင်း စေခိုင်းအပ်၍ မိန်းမ၏အလိုကို ယောက်ျားအား ပြောကြားခြင်းကို "ပုရိသဿ ဝါ ဣတ္ထိမတိ" ဟု ဆိုပါသည်။

➤ **ဇာယတ္တနေ အဓိပ္ပါယ်** ॥ ॥ ယောက်ျား၏အလိုကို မိန်းမအားပြောကြားလျှင် မယားဖြစ်စေလိုသောကြောင့် ပြောကြားခြင်းကို "ဇာယတ္တန"ဟု ခေါ်ပါသည်။

(တစ်နည်း) ယောက်ျား၏အလိုဆန္ဒကိုပင် မိန်းမအားပြောကြားရာ၌ အမြဲ မယား ဖြစ်စေလိုသောကြောင့် ပြောကြားခြင်းကို "ဇာယတ္တန"ဟု ခေါ်ပါသည်။

➤ **ဇာရတ္တနေ အဓိပ္ပါယ်** ॥ ॥ မိန်းမ၏အလိုကို ယောက်ျားအား ပြောကြားလျှင် လင်ဖြစ်စေလိုသောကြောင့် ပြောကြားခြင်းကို "ဇာရတ္တန"ဟု ခေါ်ပါသည်။

(တစ်နည်း) မိစ္ဆာစာရ မယား (ဝါ) ခေတ္တမယား ဖြစ်စေလိုသောကြောင့် ပြောကြားခြင်းကို "ဇာရတ္တန"ဟု ခေါ်ပါသည်။

➤ **ဇာယတ္တနေန-၌ ဇာယာ-အရ** ॥ ॥ အမြဲ မယားကို ယူရပါမည်။ (တစ်နည်း) ဇာယ-အရ - ခေတ္တမယား, အမြဲမယားကို ယူရပါမည်။

➤ **ဇာရတ္တနေန-၌ ဇာရာ-အရ** ॥ ॥ ခေတ္တ မယားကို ယူရပါမည်။ (တစ်နည်း) ဇာရ-အရ - ခေတ္တလင်, အမြဲလင်ကို ယူရပါမည်။

➤ **ဇာယတ္တန+ဇာရတ္တန အထူး** ॥ ॥ မယားဖြစ်စေလိုမှုသည် ဇာယတ္တန၊ လင် ဖြစ်စေလိုမှုသည် ဇာရတ္တန၊ (တစ်နည်း) အမြဲလင်, အမြဲမယား ဖြစ်စေလိုမှုသည် ဇာ ယတ္တန၊ ခေတ္တလင်, ခေတ္တမယား ဖြစ်စေလိုမှုသည် ဇာရတ္တန၊ ဤသို့ ထူးပါသည်။

➤ **တင်္ခဏိကာ အဓိပ္ပါယ်** ॥ ॥ တစ်ခဏ၌ ပေါင်းဖော်ထိုက်သောကြောင့် "တင်္ခဏိကာ"ဟု ခေါ်ပါသည်။

➤ **တင်္ခဏိက-အရ** ॥ ॥ အမိစောင့်သောမိန်းမ, အဖစောင့်သောမိန်းမ စသည် ဖြင့် ပါဠိတော်လာ မိန်းမ (၂၀)တို့တွင် အောက်တန်းအကျဆုံး မုဟုတ္တိကာ-ပြည့်တန် ဆာမကို ယူရပါမည်။

➤ **သဉ္စရိတ္တ (အောင်သွယ်ခြင်း) လက္ခဏာ ၃-ပါး** ॥ ॥ (၁) ပဋိဂ္ဂဟဏ-ဝန်ခံ ခြင်း (၂) ဝီမံသန-သွား၍ဖြစ်စေ, မိမိထံလာသောအခါဖြစ်စေ စုံစမ်းခြင်း (၃) ပစ္စာ

http://www.dhammadownload.com



ဟရဏ• သဘောကျလျှင် ကျကြောင်း မကျလျှင် မကျကြောင်းကို ပြန်၍ဆောင်ခြင်း

မေး ။ ။ မိန်းမ ယောကျ်ားတို့ကို အောင်သွယ်ပေးသောရဟန်းအား အဘယ်အင်္ဂါတို့နှင့် ပြည့်စုံမှသာ သံဃာဒိသေသ်အာပတ် သင့်ပါသနည်း။

ဖြေ ။ ။ ဝန်ခံခြင်း, စုံစမ်းခြင်း, ပြန်ဆောင်ခြင်း အင်္ဂါသုံးချက်နှင့် ပြည့်စုံမှသာ သံဃာဒိသေသ်အာပတ် သင့်ပါသည်။

➤ **တစ်ဏီက ယောကျ်ားအား ပြောကြားရာ၌ အာပတ်သင့်/မသင့်**

မုဟုတ္တိက ယောကျ်ား(ခေတ္တယောကျ်ား)အား မိန်းမ၏အလိုကို ပြောကြားလျှင်လည်း သံဃာဒိသိသ်အာပတ်သင့်၏ဟု ဆိုသောကြောင့် အာပတ်သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥဒါယိမထေရ် (မူဋ္ဌိလ်)ကို အကြောင်းပြု၍ အောင်သွယ်ခြင်းသို့ ကောင်းစွာ ရောက်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အနုပညတ်ပါ၌** ။ ။ အနုပညတ်မသော တစ်ဏီကာယပိ ဖြစ်ပါသည်။

➤ **သာဏတ္တိက** ။ ။ ဝန်ခံခြင်း, စုံစမ်းခြင်း, အနီးနေတပည့်ကို ပြန်ဆောင်စေခြင်း (ဝါ) ပြန်ပြောစေခြင်းဖြင့် စေခိုင်းခြင်းနှင့်တကွ ဖြစ်သောကြောင့် "သာဏတ္တိက" ဖြစ်ပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) တစ်စုံတစ်ယောက်က စေခိုင်းရာ၌ ထိုသူကို မတွေ့မြင်၍ အခြားသော မုချ ပြောကြားမည့်သူကို တစ်ဆင့်ခိုင်းပြီး ပြန်ဆောင်လျှင်လည်း သံဃာဒိသိသ်အာပတ် သင့်ပါသည်။

(၂) မာတုရက္ခိတမိန်းမကို ပြောခိုင်းရာ၌ ပိတုရက္ခိတ မိန်းမစသည်တို့အား ပြောကြားလျှင် ချို့ယွင်းသောကြောင့် အာပတ်မသင့်ပါ။

(၃) ကိုယ်တိုင်လက်ခံ၍ သူတစ်ပါးကို စုံစမ်းခိုင်းပြီး ကိုယ်တိုင်ပြန်ပြောရာ၌ သံဃာဒိသိသ်အာပတ် သင့်ပါသည်။

(၄) မိမိကိုယ်တိုင်လက်ခံ၍ ကိုယ်တိုင်စုံစမ်းပြီး သူတစ်ပါးကို ပြန်ပြောစေရာ၌လည်း သံဃာဒိသိသ်အာပတ် သင့်ပါသည်။

(၅) ကိုယ်တိုင်လက်ခံ၍ အခြားသူကို စုံစမ်းခိုင်းပြီး အခြားသူကိုပင် ပြန်ပြောခိုင်းရာ၌လည်း သံဃာဒိသိသ်အာပတ် သင့်ပါသည်။ (၆) ကွာရှင်းပြီးသော ဇနီးမောင်နှံတို့ကို အောင်သွယ်ပေးလျှင် သံဃာဒိသိသ် အာပတ် သင့်ပါသည်။

(၇) အောင်သွယ်မှုလက္ခဏာ ၃-ပါးတို့တွင် ၂-ပါးဖြင့် အောင်သွယ်လျှင် ထုလ္လစ္စည်းအာပတ်သင့်ပါသည်။ (၈) ၁-ပါးဖြင့် အောင်သွယ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

(၉) ပဏ္ဍုက်ကို လက္ခဏာ ၃-ပါးဖြင့် အောင်သွယ်လျှင် ထုလ္လစ္စည်းအာပတ်။

http://www.dhammadownload.com



➤ **အာပတ်မသင့်သော ပုဂ္ဂိုလ်များ** ။ ။ (၁) သံဃာကိစ္စ, စေတီကိစ္စ, ဂိလာန ကိစ္စကြောင့် သွားသော ရဟန်း၊ (၂) ရှူးသော ရဟန်းတို့အား အာပတ်မသင့်ပါ။

➤ **ရဟန္တာပုဂ္ဂိုလ်အား သဉ္စရိတ္တ သံဃာဒိသိသ်အာပတ်သင့်နိုင်ပုံ**

ပညတ်တော်ကို မသိသော ရဟန္တာပုဂ္ဂိုလ်အား အဖ စကားဖြင့် သွား၍ စေ့စပ် ထိုက်သော အမေကို လာပါ, အဖေကို လုပ်ကျွေးပါလော့-ဟု ပြော၍ ပြန်ဆောင် သော် ကိုယ်နှုတ်ကြောင့် သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➤ **ပခင်၏ စကားဖြင့် ကွာရှင်းပြီးသော မိခင်ကို ပခင်အား လုပ်ကျွေးဖို့ရန် ပြောပြီး ပခင်ထံ ပြန်ပြောသော ရဟန္တာမထေရ်မြတ် သံဃာဒိသေသ်အာပတ် သင့်/မသင့်**

သဉ္စရိတ္တ သိက္ခာပုဒ်သည် အကုသိုလ်စိတ်ရှိမှ မဟုတ်ဘဲ ဘုရားရှင်၏ ပညတ်မှု ကြောင့်သာ အာပတ်သင့်ပါသည်၊ ပဏ္ဏတ္တိဝဇ္ဇ အာပတ်မျိုးဖြစ်သောကြောင့်ရင်း, ပညတ် ချက်ကို သိမှု-မသိမှုနှင့်လည်း ဘာမျှမဆိုင်ဘဲ အောင်သွယ်မှု အထမြောက်ရန်သာ အာပတ်နှင့်ဆိုင်သည့် အစိတ္တကသိက္ခာပုဒ်မျိုး ဖြစ်သောကြောင့်ရင်း, သံဃာဒိသိသ် အာပတ် သင့်ပါသည်။

➤ **ကွဲကွာနေသော မိဖနှစ်ပါးကို ပြန်လည်ပေါင်းသင်းစေရန် ဆက်သွယ်ပေး သော ရဟန်းအား အာပတ်သင့်/မသင့်** ။ ။ ပဏ္ဏတ္တိဝဇ္ဇဖြစ်၍ ပညတ်တော်ကို မသိဘဲ လွန်ကျူးခြင်းကြောင့် သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➤ **ခေတ္တခဏ ကွဲကွာနေသော လင်မယားအား အောင်သွယ်ပေးလျှင် အာပတ် သင့်/မသင့်** ။ ။ အလျှင်းကွာရှင်းပြီး မဟုတ်သောကြောင့် အာပတ် မသင့်ပါ။

➤ **အောင်သွယ်သော်လည်း အောင်သွယ်မှုကိစ္စ မအောင်မြင်က အာပတ်သင့်/ မသင့်** ။ ။ အောင်မြင်မှု ရ-မရကား ပမာဏ မဟုတ်၊ အောင်သွယ်မှုသာ ပမာဏဖြစ်၍ အောင်မြင်သည်ဖြစ်စေ, မအောင်မြင်သည်ဖြစ်စေ အောင်သွယ်သော ရဟန်းအား သံဃာဒိသိသ်အာပတ် သင့်ပါသည်။

**မေး** ။ ။ တစ်ဆင့်ပြောလိုက်ပါဟု မှာခဲ့ရာ၌ ဝီမံသနမှုကို တိုက်ရိုက် မပြုရကား အာပတ်မသင့်သည် မဟုတ်ပါလော?

**ဖြေ** ။ ။ ဝီမံသန အမှုကို ကိုယ်တိုင် မပြုလုပ်သော်လည်း မှာခဲ့လျှင်ပင် ဝီမံသန အမှု ကို ပြုရာရောက်သောကြောင့် သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➤ **သဉ္စရိတ္တသိက္ခာပုဒ်၌ သမုဋ္ဌာန် ၆-ပါးကြောင့် အာပတ်သင့်ပုံ**

ပညတ်တော်ကိုရင်း, အလဇ္ဇိနိယ အဖြစ်ကိုရင်း မသိမှု၍ ကိုယ်အမူအရာဖြင့်သာ လျှင် သတင်းစကားကို ပဋိဂ္ဂဟဏ, ဝီမံသန, ပစ္စာဟရဏ အမှုပြုသော ရဟန်းအား **"ကာယသမုဋ္ဌာန်"**ကြောင့် အာပတ်သင့်ပါသည်။

http://www.dhammadownload.com



ပညတ်တော်ကိုရင်း, အလံဝစနီယအဖြစ်ကိုရင်း မသိမူ၍ ဤမည်သော အမျိုးသမီး လာလျှင် သူစိတ်ပါ-မပါ ပြောပေးစမ်းပါဟူသော နှုတ်မှာ စကားကို ကောင်းပြီဟု ဝန်ခံလျက် အမျိုးသမီးလာသောအခါ ပြောဆို၍ မှာထားသော ယောက်ျားလာသော အခါ ထိုအကြောင်းကို ပြောသောရဟန်းအားရင်း၊ နှုတ်ဖြင့် ကောင်းပြီဟု ဝန်ခံလျက် ဤကိစ္စအတွက် မဟုတ်ဘဲ အခြားကိစ္စဖြင့်သွား၍ အမျိုးသမီးကို နှုတ်မြွက်သောအားဖြင့် စုံစမ်းကာ အခြားကိစ္စဖြင့်သာ ပြန်လာပြီး မှာခဲ့သော ယောက်ျားနှင့် ဆုံဆည်းသော အခါ နှုတ်ဖြင့် ပြန်ပြောသော ရဟန်းအားရင်း **"ဝါစာသမုဋ္ဌာန်"**ကြောင့် အာပတ်သင့်ပါသည်။

ပညတ်တော်ကို မသိသော ရဟန္တာပင်ဖြစ်သော်လည်း အဖွဲ့စကားဖြင့် သွား၍ အလံဝစနီယဖြစ်သော မယ်တော်ကို အဖနှင့်ပြန်ပေါင်းဖို့ရန် ပြောဆိုလျက် တစ်ဖန်ပြန်ဆောင်ပြောဆိုသော ရဟန်းအား **"ကာယဝါစာသမုဋ္ဌာန်"**ကြောင့် အာပတ်သင့်၏။

ပညတ်တော်ကိုရင်း, အလံဝစနီယအဖြစ်ကိုရင်း သိလျက် ဆိုခဲ့ပြီးသော နည်းသုံးမျိုးအတိုင်း ပြုမူသော ရဟန်းအား **"ကာယစိတ္တသမုဋ္ဌာန်"**ကြောင့်ရင်း, **"ဝါစာ စိတ္တသမုဋ္ဌာန် ကာယဝါစာစိတ္တသမုဋ္ဌာန်"**ကြောင့်ရင်း အာပတ်သင့်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) မိန်းမ ယောက်ျားတို့ လူသားစင်စစ်ဖြစ်ခြင်း (၂) အောင်သွယ်ထိုက်ခြင်း (၃) ဝန်ခံခြင်း (၄) စုံစမ်းခြင်း (၅) ပြန်ပြောခြင်း။

**ကုဋိကာရသိက္ခာပုဒ်**

➤ **သညာစိကာ မည်ပုံ** ။ ။ မိမိကိုယ်တိုင် ဖြစ်စေအပ်သော/တောင်းခြင်းသည် "သညာစိကာ" မည်ပါသည်။

➤ **မအပ်သော တောင်းခြင်း** ။ ။ အမှတ်မထား တစ်ပါးပါးသော သူတစ်ပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာကို အခြေအမြစ် ဖြတ်ခြင်း၏အစွမ်းဖြင့် တောင်းခြင်းငှာ မအပ်ပါ။

➤ **အပ်သော တောင်းခြင်း** ။ ။ အဖော်သဟဲအကျိုးငှာရင်း, အလုပ်လုပ်ခြင်း အကျိုးငှာရင်း ယောက်ျားကို ပေးပါကုန်ဟု ဆိုခြင်းငှာ အပ်ပါသည်။ ပုရိသတ္တကရကိုလည်း တောင်းခြင်းငှာ အပ်ပါသည်။

➤ **ပုရိသတ္တကရ အဓိပ္ပါယ်** ။ ။ လက်သမားစသော ယောက်ျားသည် ပြုထိုက်သော လက်ဖြင့် ပြုအပ်သောအမှုကို "ပုရိသတ္တကရ"ဟု ခေါ်ပါသည်။

**မေး** ။ ။ ပုရိသံ ဒေထာတိ ဝတ္တုံ ဝဋ္ဋတိ-ဟူသော စကားအရ ယောက်ျားကို ပေးကြကုန်လော-ဟု ပြောဆိုခြင်းငှာ အပ်ရပါသနည်း။

**ဖြေ** ။ ။ အဖော်သဟဲအကျိုးငှာရင်း, အလုပ်လုပ်ခြင်း အကျိုးငှာရင်း ယောက်ျားကို

http://www.dhammadownload.com



ပေးပါကုန်ဟု ဆိုခြင်းငှာ အပ်ပါသည်။

> **ပုရိသတ္တကရ–ကို တောင်းလျှင် အပြစ်ဖြစ်/မဖြစ်** ။ ။ ဟတ္ထကမ်မည်သည် တစ်စုံတစ်ခုသော ဝတ္ထု မဟုတ်သောကြောင့် "အရှင်ဘုရားတို့ အဘယ်အကျိုးငှာ လာပါကုန်သနည်း"ဟု မေးသည်ဖြစ်စေ, မမေးသည်ဖြစ်စေ တောင်းကောင်းပါသည်။ တောင်းခြင်းကြောင့် အပြစ် မဖြစ်ပါ။

> **ကုဋီ ၃–မျိုး** ။ ။ (၁) ဥလ္လိတ္တကုဋိ (၂) အဝလိတ္တကုဋိ (၃) ဥလိတ္တာဝလိတ္တကုဋိ-တို့ ဖြစ်ပါသည်။

> **ဥလ္လိတ္တကုဋိ အဓိပ္ပါယ်** ။ ။ တိုင်, ထုပ်လျောက်, တံခါးပေါင်, လေသာပြတင်း, အခိုးထွက်ပေါက်-စသော မလိမ်းကျံအပ်သော အရပ်ကို ချန်ထား၍ ကြွင်းသော လိမ်းကျံအပ်သော အရပ်၌ နံရံနှင့်တကွ စပ်၍ အမိုး၏အတွင်း၌ အင်္ဂတေ မြေညက်ဖြင့် လိမ်းကျံအပ်သော ကုဋိသည် "ဥလ္လိတ္တကုဋိ" မည်ပါသည်။

> **အဝလိတ္တကုဋိ အဓိပ္ပါယ်** ။ ။ တိုင်, ထုပ်လျောက်, တံခါးပေါင်, လေသာပြတင်း, အခိုးထွက်ပေါက်-စသော မလိမ်းကျံအပ်သော အရပ်ကို ချန်ထား၍ ကြွင်းသော လိမ်းကျံအပ်သော အရပ်၌ နံရံနှင့်တကွ စပ်၍ အမိုး၏အပြင်ဘက်၌ အင်္ဂတေ မြေညက်တို့ဖြင့် လိမ်းကျံအပ်သော ကုဋိသည် "အဝလိတ္တကုဋိ" မည်ပါသည်။

> **ဥလ္လိတ္တာဝလိတ္တကုဋိ အဓိပ္ပါယ်** ။ ။ တိုင်, ထုပ်လျောက်, တံခါးပေါင်, လေသာပြတင်း, အခိုးထွက်ပေါက်-စသော မလိမ်းကျံအပ်သော အရပ်ကို ချန်ထား၍ ကြွင်းသော လိမ်းကျံအပ်သော အရပ်၌ နံရံနှင့်တကွ စပ်၍ အမိုး၏အတွင်း အပြင်ဘက်၌ အင်္ဂတေ မြေညက်တို့ဖြင့် လိမ်းကျံအပ်သော ကုဋိသည် "ဥလ္လိတ္တာဝလိတ္တကုဋိ" မည်ပါသည်။

> **အဿာမိက အဓိပ္ပါယ်** ။ ။ ဆောက်လုပ်စေတတ်သော ကျောင်းရှင် ဒါယကာမှ ကင်းခြင်းကို "အဿာမိက"ဟု ခေါ်ပါသည်။

> **အတ္တုဒ္ဒေသ အဓိပ္ပါယ်** ။ ။ "ဤကုဋိသည် ငါ၏နေရာ ကျောင်းတည်း" ဟု မိမိဟူသော ညွှန်ပြအပ်သူရှိသောကြောင့် "အတ္တုဒ္ဒေသ" မည်ပါသည်။

> **သုဂတဝိဒတ္ထိ အဓိပ္ပါယ် (ဘုရားအထွာတော် ပမာဏ)**

ယခုခေတ် မဇ္ဈိမပုရိသ၏ သုံးထွာ၊ လက်သမား အတောင်အားဖြင့် တစ်တောင့်ထွာသည် သုဂတဝိဒတ္ထိ (ဘုရားအထွာတော်) မည်ပါသည်။

> **ကုဋိတိုင်းတာပုံ** ။ ။ တိုင်းတာသော ရဟန်းသည် အလျားကိုတိုင်းသော အခါ ကုဋိ၏ အပြင်ဘက်၌ ရှေးဦးစွာ လိမ်းကျံထားသော ကြီးသော မြေညက်၏ အဆုံးကို မယူဘဲ ဖွဲနှင့်ရောသော မြေစိုင်ခဲ၏ အဆုံးဖြင့် ၁၂-ထွာကို တိုင်းတာရပါမည်။ အကယ်

http://www.dhammadownload.com



၍ ဖွဲ့နှင့်ရောသော မြေစိုင်ခဲဖြင့် မပြုလုပ်လျှင် ကြီးစွာသော မြေညက်ကို သုတ်လိမ်း၍သာ ပြီးဆုံးပါက ထိုမြေညက်သည်ပင် အပိုင်းအခြား ဖြစ်ပါသည်။

အနံကို တိုင်းသောအခါ နံရံ၏ ပြင်ဘက်အစွန်းကို မယူဘဲ အတွင်းနံရံ အစွန်းဖြင့် ဘုရားအထွာတော်ဖြင့် (၇)ထွာကို တိုင်းတာရပါမည်။

➤ **မအပ်သော တိုင်းတာနည်း** ။ ။ ကုဋိကို တိုင်းတာရာ၌ တစ်ဆံဖျားမျှလည်း အလျားမှ ယုတ်လျော့စေ၍ အနံကို တိုးစေခြင်းငှာရင်း, အနံမှ ယုတ်လျော့စေ၍ အလျားကို တိုးပွားခြင်းငှာရင်း မအပ်ပါ။

➤ **အလျား အတောင်(၆၀) အနံ (၃)တောင် (၄)တောင်အောက် ယုတ်လျော့သော ကုဋိသည် အပ်စပ် (ဝါ) အာပတ်မသင့် (ဝါ) အပြစ်မရှိခြင်းအကြောင်း**

ဤကုဋိ၌ ပကတိအထွာဖြင့် (၉)ထွာရှိသော ညောင်စောင်းသည် ဤဘက် ဟိုဘက်သို့ မလှည့်သာ နောက်ဆုံးအစွန်းဖြင့် ၄-တောင် အပြန့်အကျယ် မရှိရကား ကုဋိ-ဟူသော အရေအတွက်သို့ မရောက်သောကြောင့် အပ်ပါသည်။ (ဝါ) အာပတ် မသင့်ပါ။ (ဝါ) အပြစ် မရှိပါ။

➤ **ဘိက္ခု အဘိနေတဗ္ဗာ ဝတ္ထုဒေသနာယ အဓိပ္ပါယ်/ ကုဋိဆောက်လုပ်မည့် ရဟန်း၏ တာဝန်များ** ။ ။ ကုဋိကို ဆောက်လု်လိုသော ရဟန်းသည် ထိုအရပ်ကို သုတ်သင်ပြီးလျှင် သုံးကြိမ်တိုင်အောင် သံဃာကို တောင်းပန်ရပါမည်။ သံဃာ၌ အကျွမ်းဝင်သော ရဟန်းသံဃာက သမုတ်ထားသော နှစ်ပါး သုံးပါးသော ရဟန်းတို့ကို ဆောက်လုပ်လိုရာ အရပ်သို့ ကုဋိနေရာကို ညွှန်ပြဖို့ရာ ပင့်ဆောင်ရပါမည်။

မေး ။ ။ ကုဋိကာရသိက္ခာပုဒ်၌ ကုဋိရာကို ညွှန်ကြားရန် အဘယ်မျှလောက်သော ရဟန်းတို့ကို ပင့်ဆောင်ရမည်ဖြစ်ကြောင်း စုံလင်စွာ ဖော်ပြပါ။

ဖြေ ။ ။ ကုဋိရာကို ညွှန်ကြားရန် သံဃာအားလုံးကိုသော်ရင်း, သံဃာက သမုတ်အပ်သော သံဃာ၌ အကျွမ်းဝင်သည့် နှစ်ပါး သုံးပါးသော ရဟန်းတို့ကိုရင်း ပင့်ဆောင်ရပါမည်။

➤ **ကုဋိရာကို ညွှန်ကြားသော ဉတ္တိဒုတိယကံကို ပြုလုပ်ရမည့်နေရာ**

ကုဋိရာကို ညွှန်ကြားသော ဉတ္တိဒုတိယကံကို သံဃာကုန်လိုက်ကြည့်၍ သံဃာလောက်လျှင် ထိုလိုက်ကြည့်သောနေရာ၌ ပြုလုပ်ရပါမည်။ သံဃာကုန်လိုက်မကြည့်ဘဲ ၂-ပါး, ၃-ပါးသာ လိုက်ကြည့်၍ သံဃာမလောက်လျှင် သံဃာထံသို့ သွား၍ပြုလုပ်ရပါမည်။

➤ **သစ်ဝါးတို့ဖြင့် ဆောက်လုပ်သောကျောင်းမျိုးဖြစ်လျှင် ကုဋိကာရသိက္ခာအရ အပြစ်ရှိ/မရှိ** ။ ။ အင်္ဂတေမြေညက်သုတ်ထားသော ဥလ္လိတ္တ-စသော ကျောင်းသုံးမျိုး

http://www.dhammadownload.com



ကိုသာ ပညတ်လိုရင်းဖြစ်သောကြောင့် အပြစ်မရှိပါ။

**မေး ။ ။** ယခုကာလ ဆောက်လုပ်ထားသော ရေနံသုတ်သစ်သားကျောင်းတို့၌ ကုဋိကာရသိက္ခာပုဒ်ဖြင့် ပြုကျင့်ဖွယ်လို/မလို အကြောင်းနှင့်တကွဖြေဆိုပါ။

**ဖြေ ။ ။** ဥလ္လိတ္တ, အဝလိတ္တ ကုဋိမျိုး မဟုတ်သောကြောင့် ပြုကျင့်ဖွယ် မလိုပါ။

➤ **ဘိက္ခုအဘိနေတဗ္ဗာ-၌ ဘိက္ခု အရ ။ ။** သံဃာ၌အကျုံးဝင်သော သံဃာအားလုံးကိုရင်း, ဥတ္တိဒုတိယကံ သို့မဟုတ် အပလောကနကံဖြင့် သမုတ်အပ်သော ၂-ပါး, ၃-ပါးကုန်သော ရဟန်းတို့ကိုရင်း ယူရပါမည်။

➤ **အနာရမ္ဘ အဓိပ္ပါယ် ။ ။** ပိုးရွ-စသော သတ္တဝါတို့၏နေရာအစရှိသော ၁၃-ပါးသော ဘေးရန်တို့မှရင်း, ကောက်ပဲစသည်တို့ကိုမှီကုန်သော ၁၆-ပါးသော ဘေးရန်တို့မှရင်း ကင်းသောကြောင့် "အနာရမ္ဘ" မည်ပါသည်။

➤ **သပရိက္ကမန အဓိပ္ပါယ် ။ ။** နှစ်ကောင်, သုံးကောင်သော နွားလားတို့ဖြင့် က,အပ်သောလှည်းဖြင့် လှည်းဘီးတစ်ဖက်ကို တံစက်မြိတ်ကျရာအရပ်၌ထား၍ အခြားလှည်းဘီးတစ်ဖက်ကို အပြင်ဘက်၌တည်၍ လှည့်လည်ခြင်းငှာ တတ်ကောင်းသောကြောင့် "သပရိက္ကမန" မည်ပါသည်။

➤ **ကျောင်းဒါယကာ မရှိသဖြင့် ကိုယ်တိုင်ကျောင်းဆောက်ရာ၌ ဆောက်လုပ်သင့်သော ကျောင်းနေရာ /ပင့်ဆောင်လာသော ရဟန်းများက ညွှန်ပြရမည့် ကျောင်းနေရာ ။ ။** ပိုးရွ ခြပုံး, ကောက်ပဲသီးနှံ-စသော ဘေးရန်မရှိသောအရပ် လှည်းတစ်စီး လှည့်ပတ်လောက်ရာအရပ်တို့ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း ။ ။** အာဠဝီပြည် [နိဒါန်း] ၌ အာဠဝီမြို့၌ နေကုန်သောရဟန်းများ [ပုဂ္ဂိုလ်] ကို အကြောင်းပြု၍ ကိုယ်တိုင်ဖြစ်စေအပ်သော တောင်းခြင်းဖြင့် ကုဋိကိုဆောက်လုပ်ခြင်း [ဝတ္ထု] ဟူသောအကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ကုဋိကာရသိက္ခာပုဒ်၌ သင့်နိုင်ကောင်းသော အာပတ်များ ။ ။** ဒုက္ကဋ်, ထုလ္လစ္စဉ်း, သံဃာဒိသိသ်တို့ ဖြစ်ပါသည်။

➤ **အာပတ်အဆုံးအဖြတ် ။ ။** (၁) ပမာဏထက်ကျော်လွန်သော ကုဋိကို ဆောက်လုပ်အံ့ဟု ကြံ၍ အဆောက်အဦးအလို့ငှာ တောသို့သွားရာအခါမှစ၍ အားလုံးသော ပယောဂတို့ကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ (၂) မြေညက်ခဲ နှစ်ခုတို့တွင် ပထမအခဲကို ပေးခြင်းကြောင့် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။

(၃) ဒုတိယ အခဲကို ပေးခြင်းကြောင့် အင်္ဂတေမြေညက် ဆက်စပ်လတ်သော် မညွှန်ပြအပ်သော ကုဋိ-သာ ဖြစ်လျှင်ရင်း၊ ပမာဏကိုသာ ကျော်လွန်လျှင်ရင်း သံဃာ

http://www.dhammadownload.com



ဒိသိသ် ၁-ချက်နှင့် ဒုက္ကဋ်အာပတ် ၂-ချက် သင့်ပါသည်။

(၄) မညွှန်ပြအပ်သော ကုဋိ၊ ပမာဏကိုကျော်လွန်သော ကုဋိဖြစ်လျှင် သံဃာဒိသိသ် ၂-ချက်နှင့် ဒုက္ကဋ်အာပတ် ၂-ချက်သင့်ပါသည်။ (၅) သာရမ္ဘကုဋိကိုသာ ပြုလျှင် ဒုက္ကဋ်အာပတ်၊ (၆) အပရိက္ကမနကုဋိကိုသာ ပြုလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မေး** ။ ။ ကုဋိကာရသိက္ခာပုဒ်၌ သံဃာဒိသေသ်အာပတ် နှစ်ချက်သင့်နိုင်သည်ဟု ဆိုရာ မည်သည့်အချက်တို့ကို ကျူးလွန်ပြုလုပ်မှ နှစ်ချက်သင့်ပါသနည်း။ဖြေဆိုပါ။

**ဖြေ** ။ ။ (၁) ကျောင်းနေရာကို ကြည့်ဘို့ရာ ရဟန်းတို့ကို မပင့်ခြင်း၊ (၂) ပမာဏကို ကျော်လွန်စေခြင်းတို့ကို ကျူးလွန်ပြုလုပ်လျှင် သံဃာဒိသေသ်အာပတ် ၂-ချက် သင့်ပါသည်။

➤ **တံခါးပေါင်၊ လေသာပြတင်း မတပ်သေးဘဲ ကျောင်းဆောက်ရာ၌ အာပတ်သင့်ပုံ** ။ ။ တံခါးပေါင်ကိုဖြစ်စေ၊ လေသာပြတင်းကိုဖြစ်စေ မတပ်သေးဘဲ ရှေးဦးစွာ မြေညက်ဖြင့် လိမ်းကျံသော်ငြား တံခါးပေါင်နှင့် လေသာပြတင်းကို တပ်ပြီးသော်လည်း အင်္ဂတေမြေညက်က မဆက်စပ်သေးလျှင်ငြား အာပတ်မသင့်သေးပါ။

တံခါးပေါင်၊ လေသာပြတင်း တပ်ပြီးလျှင် နောက်ထပ်လိမ်းကျံသောအခါ ပထမ လိမ်းကျံအပ်သော မြေညက်နှင့်ဆက်စပ်မှသာ သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➤ **အာပတ်မှလွတ်သော ပုဂ္ဂိုလ်များ** ။ ။ (၁) မပြီးဆုံးသေးသော ကုဋိကို သူတစ်ပါးအား ပေးသောရဟန်း၊ (၂) မြေကြီးနှင့်ညီမျှအောင် ပြုလုပ်၍ ဖျက်ပစ်သောရဟန်း၊ (၃) လိုဏ်ဂူ၊ မြက်မိုးကုဋိ၊ သစ်ရွက်မိုးကျောင်းတို့တွင် တစ်ပါးပါးကို ဆောက်လုပ်သော ရဟန်း၊ (၄) ဥလ္လိတ္တာ-စသော ကုဋိကို သူတစ်ပါးအကျိုးငှာ ဆောက်သောရဟန်း၊ (၅) နေရာကျောင်းမှတစ်ပါး ဥပုသ်ကျောင်းဆောင် စသည်တို့တွင် တစ်ပါးပါးကို ဆောက်လုပ်သော ရဟန်း၊ (၆) ရူးသွပ်သော ရဟန်းတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၇-ပါး** ။ ။ (၁) ဥလ္လိတ္တ-စသော ကုဋိသုံးမျိုးတွင် တစ်မျိုးမျိုးဖြစ်ခြင်း၊ (၂) အောက်ထစ်ဆုံး ကုဋိပမာဏရှိခြင်း၊ (၃) ကုဋိရာကို မညွှန်ပြအပ်ခြင်း (၄) ပမာဏကိုလွန်ခြင်း (၅) မိမိအတွက်ဖြစ်ခြင်း (၆) နေထိုင်ဘို့ရာဖြစ်ခြင်း (၇) အင်္ဂတေမြေညက်တို့ ဆက်စပ်မိခြင်း-တို့ ဖြစ်ပါသည်။

➤ **ကိရိယသမုဋ္ဌာန်ကြောင့် ဖြစ်ပုံ** ။ ။ ကုဋိနေရာကို ညွှန်ပြစေ၍ ပမာဏကို လွန်သောကုဋိကို ပြုသောရဟန်းအား ကိရိယသမုဋ္ဌာန်ကြောင့် ဖြစ်ပါသည်။

➤ **ကိရိယာကိရိယသမုဋ္ဌာန်ကြောင့် ဖြစ်ပုံ** ။ ။ ကုဋိရာကို မညွှန်ပြစေဘဲ ပြုသော ရဟန်းအား ကိရိယာကိရိယသမုဋ္ဌာန်ကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



**ဝိဟာရကာရသိက္ခာပုဒ်**

➤ မဟလ္လကမည်ပုံ ။ ။ ကျောင်းရှင်ဒါယကာ ရှိသည့်အတွက် ကိုယ်တိုင် ကျောင်းဆောက်အပ်သော ကျောင်းထက် မြင့်မြတ်သောကြောင့် "မဟလ္လက" မည်ပါသည်။

(တစ်နည်း) ကျောင်းနေရာကို ညွှန်ပြစေ၍ ပမာဏကိုလွန်ခြင်းဖြင့်သော်မှလည်း ပြုနိုင်သောကြောင့် "မဟလ္လက" မည်ပါသည်။

➤ **ကျောင်းကို ပမာဏထက်ကြီးအောင် ပြုနိုင်ခြင်းအကြောင်း**

ကျောင်းရှင်ဒါယကာ ရှိသောကြောင့်--- ပြုနိုင်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ ကောသမ္ဗီပြည် (နိဒါန်း) ၌ ဆန္နမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ စေတီ-ဟု သမုတ်အပ်သော နတ်သစ်ပင်ကို ဖြတ်စေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**ဒုဋ္ဌဒေါသ သိက္ခာပုဒ်**

➤ **ဒုဋ္ဌ အဓိပ္ပါယ်** ။ ။ ဒေါသဖြစ်လတ်သော် ထိုဒေါသသည် ပုဂ္ဂိုလ်ကို ဖျက်ဆီးလျက် ပင်ကိုယ်သဘောကို စွန့်စေအပ်သောကြောင့် "ဒုဋ္ဌ" မည်ပါသည်။

➤ **ဒေါသ အဓိပ္ပါယ်** ။ ။ ဒေါသဖြစ်လတ်သော် ပုဂ္ဂိုလ်သည် ထိုဒေါသကြောင့် သူတစ်ပါးကို ဖျက်ဆီးတတ်သောကြောင့် "ဒေါသ" မည်ပါသည်။

➤ **ဒူသိတဖြစ်ပုံ** ။ ။ ဒေါသ မဖြစ်မီက ကောင်းမွန်နေသော ပင်ကိုယ်သဘောကို စွန့်လွှတ်ရလောက်အောင် စိတ်ပြောင်းလွှဲစေအပ်ခြင်းမျိုးသည် "ဒူသိတ" ဖြစ်ပါသည်

➤ **ဒူသကဖြစ်ပုံ** ။ ။ ဒေါသဖြစ်နေသော မိမိက ထိုဒေါသအတွက်ကြောင့် သူတစ်ပါးကို ဖျက်ဆီးနှိပ်စက်တတ်ခြင်းမျိုးသည် "ဒူသက" ဖြစ်ပါသည်။

➤ **ပုဂ္ဂိုလ်တစ်ယောက်တည်းဖြစ်ပါလျက် ဒုဋ္ဌော ဒေါသော-ဟု ဆိုရကြောင်း**

အခြင်းအရာ ထူးသောကြောင့်--ဒုဋ္ဌော ဒေါသော-ဟု ဆိုရပါသည်။

[ရှင်းလင်းချက်] ဒေါသ,က ဖျက်ဆီးထားသဖြင့် ဖောက်ပြန်နေပုံ အခြင်းအရာဖြစ်ပေါ်နေသော ဒေါသကြောင့် ဟိုလူ့ကိုနှိပ်စက်ချင်, ဒီလူ့ကိုနှိပ်စက်ချင် ဖြစ်နေပုံ အခြင်းအရာ၊ ဤသို့ အခြင်းအရာထူးသောကြောင့် ပုဂ္ဂိုလ်တစ်ယောက်တည်းကိုပင် "ဒုဋ္ဌော ဒေါသော"ဟု ဆိုရပါသည်။ (ဝါ) ဝိသေသန ၂-ခု ပြုထားသည်။

➤ **အပ္ပတီတ အဓိပ္ပါယ်** ။ ။ ပီတိ, သုခ-စသော တရားတို့သည် ရှောင်ကြဉ်အပ်မပျံ့နှံ့အပ်သောကြောင့် "အပ္ပတီတ" မည်ပါသည်။

➤ **အမူလက အဓိပ္ပါယ်** ။ ။ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟုဆိုအပ်သော အကြောင်းရင်းတို့ မရှိသောကြောင့် "အမူလက" မည်ပါသည်။

➤ **အမူလက ၃-ပါး** ။ ။ (၁) အဒိဋ္ဌ (၂) အသုတ (၃) အပရိသင်္ကိတ။

http://www.dhammadownload.com



➢ **အမူလကေန–၌ မူလ–အရ ။ ။** (၁) ဒဿန-မြင်ခြင်း၊ (၂) သဝန-ကြားခြင်း၊ (၃) ပရိသင်္ကိတ-ယုံမှားခြင်းတို့ကို ယူရပါမည်။

➢ **အမူလကေန ပါရာဇိကေန စောဒေန–၌ အမူလက–အရ ။ ။** မြင်ခြင်း, ကြားခြင်း, ယုံမှားမှု မရှိခြင်းတို့ကို ယူရပါမည်။

➢ **အဒိဋ္ဌမည်ပုံ ။ ။** မိမိ၏ ပသာဒစက္ခုဖြင့်သော်ရင်း, ဒိဗ္ဗစက္ခုဖြစ်သော်ရင်း မမြင်အပ်သော အာရုံသည် "အဒိဋ္ဌ" မည်ပါသည်။

➢ **ဒိဋ္ဌ မည်ပုံ ။ ။** မြင်အပ်သော အာရုံသည် "ဒိဋ္ဌ" မည်ပါသည်။

➢ **အသုတ မည်ပုံ ။ ။** မိမိ၏ ပသာဒသောတ, ဒိဗ္ဗသောတဖြင့် တစ်စုံတစ်ယောက်က ပြောဆိုအပ်သော စကားကို မကြားအပ်သော အာရုံသည် "အသုတ" မည်၏။

➢ **သုတ မည်ပုံ ။ ။** ကြားအပ်သော အာရုံသည် "သုတ" မည်ပါသည်။

➢ **အပရိသင်္ကိတ မည်ပုံ ။ ။** မိမိသည်ရင်း, သူတစ်ပါးသည်ရင်း မြင်အပ် ကြားသိအပ်သော အာရုံ၏အစွမ်းဖြင့် စိတ်ထဲက မယုံမှားအပ်သော အာရုံသည် "အပရိသင်္ကိတ" မည်ပါသည်။ ယုံမှားအပ်သော အာရုံသည် "ပရိသင်္ကိတ" မည်ပါသည်။

➢ **ပါရာဇိကေန စောဒေန–၌ ပါရာဇိက အဓိပ္ပါယ် ။ ။** ရဟန်းတို့အား လျောက်ပတ်သော (၁၉)ပါးသော ပါရာဇိကတို့တွင် တစ်ပါးပါးသော ပါရာဇိကကို "ပါရာဇိက" ဟု ခေါ်ပါသည်။

➢ **ပါရာဇိက–အရ ။ ။** ပါရာဇိက ၂၄-ပါးတွင် ဘိက္ခုနီနှင့်သာဆိုင်သော အသာဓာရဏ ပါရာဇိက ၄-ပါး, လူဝတ်လဲသော ဘိက္ခုနီမ၏ ပါရာဇိက ၁-ပါး, ပေါင်း ၅-ပါးမှတစ်ပါး ဘိက္ခုနှင့်လျော်သော ပါရာဇိက ၁၉-ပါးကို ယူရပါမည်။

➢ **အနုဒ္ဓံသေယျပုဒ်၏ ပဒဘာဇနီ၌ စောဒေတိ ဝါ စောဒါပေတိ ဝါ–ဟု ဟောတော်မူရခြင်းအကြောင်း ။ ။** စွပ်စွဲဖျက်ဆီးခြင်းကို ကိုယ်တိုင်စောဒနာလျက်ရင်း၊ သူတစ်ပါးကို စောဒနာစေလျက်ရင်း ပြုနိုင်သောကြောင့်--တည်း။

**မေး ။ ။** ရဟန်းတော်အား ပါရာဇိကဖြင့် စွပ်စွဲရာ မည်သည့်အကြောင်းရင်းနှင့် ပြည့်စုံမှ စွပ်စွဲနိုင်သည်ကို ဖြေဆိုပါ။

**ဖြေ ။ ။** ဒိဋ္ဌ, သုတ, ပရိသင်္ကိတနှင့် ပြည့်စုံမှ စွပ်စွဲနိုင်ပါသည်။

➢ **စောဒနာ ၄–မျိုး ။ ။** (၁) ဝတ္ထုသန္ဒဿနာ စောဒနာ (၂) အာပတ္တိသန္ဒဿနာ စောဒနာ (၃) သံဝါသပ္ပဋိက္ခေပ စောဒနာ (၄) သာမိစိပ္ပဋိက္ခေပ စောဒနာ။

➢ **ဝတ္ထုသန္ဒဿနာ စောဒနာ အဓိပ္ပါယ် ။ ။** "သင် မေထုန်မှီဝဲသည်" စသည်ဖြင့် အာပတ်သင့်ကြောင်းဝတ္ထုကို ဖော်ပြ၍ စွပ်စွဲခြင်းသည် "ဝတ္ထုသန္ဒဿနာ စောဒနာ မည်ပါသည်။

http://www.dhammadownload.com



➢ **အာပတ္တိသန္ဒဿနာ စောဒနာ အဓိပ္ပါယ်** ။ ။ "သင် မေထုနဓမ္မအာပတ်သို့ ရောက်ပြီ" စသည်ဖြင့် အာပတ်ကိုဖော်ပြ၍ စွပ်စွဲခြင်းသည် " အာပတ္တိသန္ဒဿနာ စောဒနာ" မည်ပါသည်။

➢ **သံဝါသပ္ပဋိက္ခေပ စောဒနာ အဓိပ္ပါယ်** ။ ။ "သင်နှင့်အတူတကွ ဥပုသ်ပြုခြင်း ပဝါရဏာပြုခြင်း, သံဃကံပြုခြင်း စသည်ကို မပြုလုပ်နိုင်၊ သင်သည် ရဟန်းမဟုတ်" စသည်ဖြင့် သံဝါသကိုပယ်၍ စွပ်စွဲခြင်းသည် "သံဝါသပ္ပဋိက္ခေပ စောဒနာ" မည်သည်။

➢ **သာမိစိပ္ပဋိက္ခေပ စောဒနာ အဓိပ္ပါယ်** ။ ။ ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း, ယပ်ခတ်ခြင်း စသည်တို့ကို မပြုနိုင် စသည်ဖြင့် အရိုအသေပြုမှု သာမိစိကို ပယ်၍ စွပ်စွဲခြင်းသည် "သာမိစိပ္ပဋိက္ခေပ စောဒနာ" မည်ပါသည်။

➢ **သင်နှင့်အတူ ဥပုသ် ပဝါရဏာ မပြုနိုင်ဟု ဆိုရုံမျှဖြင့် သံဃာဒိသိသ်အာပတ် သင့်/မသင့်** ။ ။ မသင့်ပါ။ သင်သည် ရဟန်းအစစ် မဟုတ်၊ ထို့ကြောင့် သင်နှင့် ကံကြီး ကံငယ် အတူမပြုနိုင်ဟု ဆိုမှ သံဃာဒိသိသ်အာပတ် သင့်ပါသည်။

**မေး** ။ ။ "သင်သည် သုက္ကဝိဿဋ္ဌိကြောင့် သံဃာဒိသိသ်အာပတ်သင့်နေတယ်"ဟု ပြောလျှင် အဘယ်စောဒနာမျိုး ဖြစ်ပါသနည်း။

**ဖြေ** ။ ။ ဝတ္ထုသန္ဒဿနာ စောဒနာမျိုး ဖြစ်ပါသည်။

**မေး** ။ ။ ပါရာဇိက ကျပြီးသူကို ရှိမခိုးခြင်းသည် မည်သည့်စောဒနာ ဖြစ်သနည်း။

**ဖြေ** ။ ။ သာမိစိပ္ပဋိက္ခေပ စောဒနာ ဖြစ်ပါသည်။

➢ **သာမိစိပ္ပဋိက္ခေပစောဒနာကြောင့် သံဃာဒိသိသ်အာပတ်သင့်ရာအခါ**

"သင်သည် ငါ့အား အဘယ့်ကြောင့် ရှိခိုးခြင်းစသည်ကို မပြုပါသနည်း"ဟု မေးလတ်သော် "သင်သည် ရဟန်းမဟုတ်" စသော စကားတို့ဖြင့် ဆက်စပ်၍ ပြောဆိုရာ အခါမှသာ သံဃာဒိသိသ်အာပတ် သင့်ပါသည်။

**မေး** ။ ။ အဘယ်ရဟန်းမျိုးကို စွပ်စွဲဖျက်ဆီးသော ရဟန်းဟု ခေါ်ပါသနည်း။

➢ **အနုဒ္ဓံသေယျ-၌ အနုဒ္ဓံသန အဓိပ္ပါယ်** ။ ။ ရဟန်း၏အနီး၌ ရပ်လျက် "သင်သည် မေထုန်မှီဝဲပြီ"ဟုရင်း၊ "သင်သည် ရဟန်းမဟုတ်"ဟုရင်း စသော စကားတို့ဖြင့် ကိုယ်တိုင်စောဒနာခြင်း, လူဝတ်ကြောင်နှင့် ရဟန်းတို့တွင် တစ်ယောက်ယောက်ကို စောဒနာစေသော ရဟန်းကို အနုဒ္ဓံသန (စွပ်စွဲဖျက်ဆီးသော ရဟန်း) ဟုခေါ်ပါသည်။

➢ **စောဒနာဓိပ္ပါယ သချပ်** ။ ။ (၁) စာဝနာဓိပ္ပါယ-သာသနာတော်မှ ရွေ့လျောစေလိုခြင်း၊ (၂) အက္ကောသာဓိပ္ပါယ-ဆဲရေးလိုခြင်း၊ (၃) ကမ္မာဓိပ္ပါယ-ကံပြုလိုခြင်း၊ (၄) ဝုဋ္ဌာနာဓိပ္ပါယ-အာပတ်မှ ထစေလိုခြင်း၊ (၅) ဥပေါသထဋ္ဌပနာဓိပ္ပါယ-ဥပုသ်တန့်

http://www.dhammadownload.com



ထားလိုခြင်း။ (၆) ပဝါရဏာဌပနာဓိပ္ပါယ=ပဝါရဏာ တန့်ထားလိုခြင်း။ (၇) အနုဝိဋ္ဌနာဓိပ္ပါယ=မေးစိစစ်လိုခြင်း။ (၈) ဓမ္မကထာဓိပ္ပါယ=တရားဟောလိုခြင်း။

➤ **ဤသိက္ခာပုဒ်၌ အလိုရှိသော စောဒနာဓိပ္ပါယ** ။ ။ ဤသိက္ခာပုဒ်၌ စာဝနာဓိပ္ပါယကိုသာ အလိုရှိပါသည်။

➤ **စောဒနာဓိပ္ပါယ (၈)မျိုးတို့တွင် ခွင့်တောင်းရသော စောဒနာကား** စာဝနာဓိပ္ပါယနှင့် အက္ကောသာဓိပ္ပါယ ဖြစ်ပါသည်။

➤ **ခွင့်မတောင်းရသော စောဒနာကား** ကျန် ၆-ပါး ဖြစ်ပါသည်။

➤ **အပ္ပဝနာမ-စသော စကားရပ်ဖြင့် ပယ်မြစ်အပ်သော စောဒနာဓိပ္ပါယသချုပ်**

(၁) အက္ကောသာဓိပ္ပါယ=ဆဲရေးလိုခြင်း။ (၂) ကမ္မာဓိပ္ပါယ=ကံပြုလိုခြင်း။ (၃) ဝုဋ္ဌာနာဓိပ္ပါယ=အာပတ်မှ ထစေလိုခြင်း။ (၄) ဥပေါသထဋ္ဌပနာဓိပ္ပါယ=ဥပုသ်တန့်ထားလိုခြင်း။ (၅) ပဝါရဏာဌပနာဓိပ္ပါယ=ပဝါရဏာ တန့်ထားလိုခြင်း။ (၆) အနုဝိဋ္ဌနာဓိပ္ပါယ=မေးစိစစ်လိုခြင်း။ (၇) ဓမ္မကထာဓိပ္ပါယ=တရားဟောလိုခြင်း။

➤ **အပ္ပဝနာမ နံ ဣမမှာ ဗြဟ္မစရိယံ စာဝေယျံ-၌ ယူရမည့် စာဝေယျ** စာဝနာဓိပ္ပါယ=သာသနာတော်မှ ရွေ့လျောစေလိုခြင်းကို ယူရပါမည်။

➤ **ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ သံဃာဒိသေသော-ပုဒ်ကို မိန့်တော်မူရကျိုး** အခြေအမြစ်မရှိခြင်း၏ ထင်ရှားရာကာလကိုပြခြင်းအကျိုးငှာ ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ သံဃာဒိသေသော-ပုဒ်ကို မိန့်တော်မူရပါသည်။

➤ **သံဃာဒိသိသ်အာပတ်သို့ရောက်ချိန်** ။ ။ စွပ်စွဲဖျက်စီးရာခဏာ၌ပင် သံဃာဒိသိသ်အာပတ်သို့ ရောက်ပါသည်။

**မေး** ။ ။ အမူလကပါရာဇိကဖြင့် စွပ်စွဲခဲ့သော် အပြစ်ကိုဝန်ခံမှ အာပတ်သင့်သည်ဟု မှတ်ရမည်လော?။

**ဖြေ** ။ ။ မမှတ်ရပါ။ ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ သံဃာဒိသေသော-ပုဒ်ကို အမူလကအဖြစ် ထင်ရှားရာကာလကို ပြခြင်းအကျိုးငှာ ဟောတော်မူခြင်း ဖြစ်ပါသည်။ သံဃာဒိသိသ်အာပတ်သို့ကား စွပ်စွဲဖျက်ဆီးရာအခါ၌ပင် အာပတ်သင့်ပါသည်။

➤ **အမူလကဉ္စေဝ တံ အဓိကရဏံ-၌ အမူလကနှင့် အဓိကရဏ အထူး** ဒိဋ္ဌ မူလ စသည်တို့၏ မရှိခြင်းသည် "အမူလက" မည်၏။ သမထတို့သည် ငြိမ်းစေအပ်သောကြောင့် "အဓိကရဏ" မည်၏။ ဤသို့ ထူးပါသည်။

➤ **အဓိကရဏ-အရ** ။ ။ ပါရာဇိက-ဟုဆိုအပ်သော အာပတ္တာဓိကရုဏ်းကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း)

http://www.dhammadownload.com



၌ မေတ္တိယဘုမဇကရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ အမူလကပါရာဇိကဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

**မေး** ။ ။ အဘယ်ပုဂ္ဂိုလ်မျိုးကို စွပ်စွဲလျှင် သံဃာဒိသိသ်အာပတ် သင့်ပါသနည်း။

**ဖြေ** ။ ။ ရဟန်းဖြစ်ပြီးသူကို စင်ကြယ်သည်ဖြစ်စေ, မစင်ကြယ်သည်ဖြစ်စေ ဤပုဂ္ဂိုလ်သည် ပါရာဇိကအာပတ်သို့ မရောက်ဟု သိပါလျက် သာသနာတော်မှ ရွေ့လျောစေလိုသဖြင့် စွပ်စွဲလျှင် သံဃာဒိသိသ်အာပတ်သင့်ပါသည်။

➤ **သုဒ္ဓ အသုဒ္ဓ ရဟန်းတစ်ပါးကို အမူလကပါရာဇိကဖြင့် စွပ်စွဲပြောဆိုသော ရဟန်းအား အာပတ်သင့်ပုံ** ။ ။ ရဟန်းဖြစ်ပြီးသူကို စင်ကြယ်သည်ဖြစ်စေ, မစင်ကြယ်သည်ဖြစ်စေ "ဤပုဂ္ဂိုလ်သည် ပါရာဇိကအာပတ်သို့ မရောက်"ဟု သိပါလျက် သာသနာတော်မှ ရွေ့လျောစေလိုသဖြင့် "အရှင်သည် တပည့်တော်အား စောဒနာခွင့်ကို ပြုပါလော့၊ တပည့်တော်သည် အရှင်ကို စောဒနာလိုပါ၏"ဟု ခွင့်မတောင်းဘဲ စောဒနာသော ရဟန်းသည် စောဒနာခံရသော ရဟန်းက စောဒနာရာခဏ၌ပင် ငါ့ကို စောဒနာနေ၏ဟု သိရှိပါက စောဒနာသော ရဟန်းမှာ စကားခွန်းတိုင်း သံဃာဒိသိသ်အာပတ်နှင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ခွင့်တောင်းပြီး စောဒနာလျှင် သံဃာဒိသိသ်အာပတ်သာ သင့်ပါသည်။

**မေး** ။ ။ နှုတ်ဖြင့် စွပ်စွဲမှသာ သံဃာဒိသိသ်အာပတ် သင့်ပါသလော?

**ဖြေ** ။ ။ လက်ချောင်းချီးခြင်းဟူသော ကိုယ်အမူအရာဖြင့် မျက်မှောက်၌ စောဒနာသော ရဟန်းအားလည်း သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➤ **မျက်ကွယ်စောဒနာလျှင် အာပတ်သင့်/မသင့်** ။ ။ မျက်ကွယ် စောဒနာသော ရဟန်း၏ စောဒနာခြင်းမျိုးသည် အပြီးအဆုံးသို့ မရောက်နိုင်သောကြောင့် သံဃာဒိသိသ်အာပတ် မသင့်ပါ။

➤ **သမနုဂ္ဂါဟီယမာန အဓိပ္ပါယ်** ။ ။ ဝိနည်းဓိုရ်ပုဂ္ဂိုလ်က သင်သည် အဘယ်ကို မြင်သနည်း စသည်ဖြင့် စစ်ဆေးမေးမြန်းခြင်းကို "သမနုဂ္ဂါဟီယမာန"ဟု ခေါ်သည်။

➤ **အဓေက္ကာသာဓိပ္ပါယ အတွက် အာပတ်သင့်ပုံ** ။ ။ စုဒိတကပုဂ္ဂိုလ်ကို ခွင့်မတောင်းဘဲ စောဒနာလျှင် ပါစိတ်အာပတ်နှင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ခွင့်တောင်းပြီးမှ စောဒနာလျှင် ပါစိတ်အာပတ်သာ သင့်ပါသည်။

➤ **စာဝနာဓိပ္ပါယအတွက် အာပတ်သင့်ပုံ** ။ ။ စုဒိတကပုဂ္ဂိုလ်ကို ခွင့်မတောင်းဘဲ စောဒနာလျှင် သံဃာဒိသိသ်အာပတ်နှင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ခွင့်တောင်းပြီးမှ စောဒနာလျှင် သံဃာဒိသိသ်အာပတ်သာ သင့်ပါသည်။

➤ **စာဝနာဓိပ္ပါယပြဲ ပါဠိ** ။ ။ အပ္ပေဝ နာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျံ

http://www.dhammadownload.com



ဖြစ်ပါသည်။

➤ **အမူလက ဘာဝ ပါကဋ္ဌကာလပြ ပါဠိ** ။ ။ သမနုဂ္ဂါဟီယမာနော ဝါ အသမနုဂ္ဂါဟီယမာနော ဝါ ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ ဖြစ်ပါသည်။

➤ **အနုဒ္ဓံသေယျ-ဝယ် သံဃာဒိသိသ်အာပတ် မသင့်သော စောဒနာနည်း**

အဏ္ဏောသာဓိပ္ပါယ, ကမ္မာဓိပ္ပာယ, ဝုဋ္ဌာနာဓိပ္ပါယ, ဥပေါသထဋ္ဌပနာဓိပ္ပါယ ပဝါရဏာဋ္ဌပနာဓိပ္ပါယ, အနုဝိဇ္ဇနာဓိပ္ပါယ, ဓမ္မကထာဓိပ္ပါယတို့ဖြင့် စောဒနာလျှင် အာပတ် မသင့်ပါ။

➤ **အနုဒ္ဓံသေယျ-ဝယ် သံဃာဒိသိသ်အာပတ် သင့်သော စောဒနာနည်း**

စာဝနာဓိပ္ပါယဖြင့် စောဒနာလျှင် သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➤ **ပါရာဇိကကျပြီးသော ရဟန်းကို ဒုဋ္ဌ စေါဒသဖြင့် စွပ်စွဲလျှင် ဤသိက္ခာပုဒ်အရ အပြစ်ရှိ/မရှိ** ။ ။ ပါရာဇိကကျပြီးသော ရဟန်းသည် ရဟန်းအရေအတွက်တွင် ပါဝင်သောကြောင့် အပြစ်ရှိပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ရဟန်းအရေအတွက်တွင် ပါဝင်ခြင်း၊ (၂) ထိုသူ၌ ပါရာဇိကအာပတ်မှ စင်ကြယ်သူဟု အမှတ်ရှိခြင်း၊ (၃) မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော အခြေအမြစ် မရှိခြင်း၊ (၄) သာသနာမှ ရွေ့လျောစေလို၍ မျက်မှောက်၌ စောဒနာခြင်း၊ (၅) အစွပ်စွဲခံရသူက မိမိကို စွပ်စွဲမှန်း သိခြင်း-တို့ ဖြစ်ပါသည်။

**အညဘာဂိယသိက္ခာပုဒ်**

➤ **အဓိကရဏ-အရ** ။ ။ တည်ရာအနက်ကို ယူရပါမည်။ (ဝါ) ဆိတ်သတ္တဝါကို ယူရပါမည်။

➤ **အဓိကရဏ-သဒ္ဒါ ၃-မျိုး အဆူး** ။ ။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်လာ အဓိကရဏကား- ပါရာဇိကအာပတ်ဟူသော အာပတ္တာဓိကရဏ်း အနက်ရှိပါသည်။ အညဘာဂိယ သိက္ခာပုဒ်လာ အဓိကရဏကား- တည်ရာဟူသော အနက်ရှိပါသည်။ သံဃဘေဒက သိက္ခာပုဒ်လာ အဓိကရဏကား- အကြောင်းဟူသော အနက်ရှိပါသည်။

➤ **အညဘာဂိယသ အဓိကရဏဿ-၌ အညအပါဒါန်ကား**

ရှင်ဒဗ္ဗ၏ လူဇာတ်နှင့်ရဟန်းအဖြစ်သည် အညအပါဒါန် ဖြစ်ပါသည်။

➤ **အညဘာဂ-အရ** ။ ။ ရှင်ဒဗ္ဗ၏ လူဇာတ်ရဟန်းအဖြစ်မှ တစ်ပါးသော ဆိတ်ဖို၏ တိရစ္ဆာန်ဇာတ် ဆိတ်ဖိုအဖြစ်ကို ယူရပါမည်။

➤ **အညဘာဂိယ-အရ** ။ ။ အရှင်ဒဗ္ဗ၏ ခန္ဓာဖြစ်မှ တစ်ပါးသော ဆိတ်သတ္တဝါ၏ ခန္ဓာဖြစ်ကို ယူရပါမည်။

➤ **အညဘာဂိယ အစိပ္ပါယ်** ။ ။ အရှင်ဒဗ္ဗ၏ လူဇာတ်, ရဟန်းအဖြစ်ဟူသော

http://www.dhammadownload.com



အဘို့အစုမှတစ်ပါးသော တိရစ္ဆာန်ဇာတ်, ဆိတ်ဖိုအဖြစ်ဟူသော အခြားသော အဘို့ အစုရှိသောကြောင့် ဆိတ်ဖိုသည် "အညဘာဂိယ" မည်ပါသည်။

(တစ်နည်း) လူဇာတ်, ရဟန်းအဖြစ်ဟူသော အဖို့မှတစ်ပါး တိရစ္ဆာန်ဇာတ်, ဆိတ်ဖို၏ အဖြစ်ဟူသော အဖို့ရှိသောကြောင့် ဆိတ်ဖိုသည် "အညဘာဂိယ" မည်ပါသည်။

> **အဓိကရဏ အဓိပ္ပါယ်** ။ ။ "ငါတို့သည် ဤဆိတ်ဖိုကို ဒဗ္ဗမလ္လပုတ္တနာမည် ပြုကြကုန်စို့" ဟု **ပြောဆိုကုန်သော မေတ္တိယဘူမဇက** ရဟန်းတို့၏ ပြုအပ်သော အမည် သညာ၏ တည်နေရာဖြစ်သောကြောင့် ဆိတ်ဖိုသည် "အဓိကရဏ" မည်ပါသည်။

> **ဤသိက္ခာပုဒ်၌ အဓိကရဏ-အရ ဝိဝါဒါဓိကရဏ်း စသည်တို့တွင် တစ်ပါး ပါးကို မယူသင့်ခြင်းအကြောင်း** ။ ။ မဖြစ်သင့်သောကြောင့် မယူသင့်ပါ။

(အကျယ်) မေတ္တိယဘူမဇက ရဟန်းတို့သည် အဓိကရဏ်း ၄-ပါးတို့တွင် တစ်ပါး သော အဖို့ရှိသော အဓိကရဏ်း၏ တစ်စုံတစ်ခု ညွှန်ပြအပ်သော ငြိကပ်တတ်သော အမည်မျှကို မယူကြ၊ အဓိကရဏ်း ၄-ပါးတို့၏ ငြိကပ်ခြင်း လေသမည်သည်လည်း မရှိရကား မဖြစ်သင့်သောကြောင့် မယူသင့်ပါ။

> **ဒေသ မည်ပုံ** ။ ။ ဤသူဟု ညွှန်ပြအပ်, ခေါ်ဝေါ်ပြောဆိုအပ်သောကြောင့် ဇာတိ-စသော အဖို့အစုတို့တွင် တစ်ပါးပါးသော အဘို့အစုသည် "ဒေသ" မည်၏။

> **ဒေသ+လေသ-ဟူသော အမည်သည်** ။ ။ ဇာတိ-စသော အဘို့အစုတို့တွင် တစ်ပါးပါးသော အဘို့အစု၏ အမည်ဖြစ်ပါသည်။

> **လေသ မည်ပုံ** ။ ။ အခြားသော တည်ရာဝတ္ထုကို ငြိကပ်တတ်, စကားအဖြစ် ဖြင့်သာ အနည်းငယ်ငြိကပ်တတ်သောကြောင့် ဇာတိ-စသည်တို့တွင် တစ်ပါးပါးသော အဘို့အစုသည် "လေသ" မည်ပါသည်။

> **ဤသိက္ခာပုဒ်-အရ အာပတ် မသင့်သော ပုဂ္ဂိုလ်များ** ။ ။ (၁) သင့်သော အာပတ်က သံဃာဒိသိသ်ဖြစ်၏၊ စောဒနာသောအခါ ပါရာဇိကအာပတ်ဖြင့် စောဒနာ၏။ ထိုသို့စောဒ**နာရာ၌** အမှန်ပင် ပါရာဇိက အာပတ်ထင်၍ စောဒနာသော ရဟန်း၊ (၂) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ မေတ္တိယဘူမဇက ရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ တစ်ပါးသော အဘို့၏ ဥစ္စာဖြစ်သော နာမည်တည်ရာ၏ တစ်စုံတစ်ခု ညွှန်ပြအပ်သော အမြွက်မျှကိုစွဲ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **သိက္ခာပုဒ်အင်္ဂါ ၆-ပါး** ။ ။ (၁) ရဟန်းအရေအတွက်တွင် ပါဝင်ခြင်း၊ (၂) ထို

http://www.dhammadownload.com



သူ၌ ပါရာဇိကအာပတ်မှ စင်ကြယ်သူဟု အမှတ်ရှိခြင်း။ (၃) မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော အခြေအမြစ် မရှိခြင်း။ (၄) သာသနာမှ ရွေ့လျောစေလို၍ မျက်မှောက်၌ စောဒနာခြင်း။ (၅) အစွပ်စွဲခံရသူက မိမိကို စွပ်စွဲမှန်း သိခြင်း။ (၆) အညဘာဂိယာ မိကရဏ၏ တစ်စုံတစ်ခု ညွှန်ပြအပ်သော အမြွက်မျှကို စွဲယူခြင်း-တို့ ဖြစ်ပါသည်။

**သံဃဘေဒကသိက္ခာပုဒ်**

➢ **သမဂ္ဂသံဃာ အစိပ္ပါယ်** ။ ။ စိတ်အားဖြင့်ရင်း, ကိုယ်အားဖြင့်ရင်း မကွေမကွာဘဲ အတူတကွဖြစ်သော သံဃာအပေါင်းသည် "သမဂ္ဂသံဃာ" မည်ပါသည်။

➢ **သံဃဘေဒက အစိပ္ပါယ်** ။ ။ ဒေဝဒတ်ကဲ့သို့ သာသနာတော်ကို ဓမ္မ, ဝိနယ မဟုတ်အောင်ပြု၍ ကံလေးပါးတို့တွင် တစ်ပါးပါး၏အစွမ်းဖြင့် သံဃာကို ခွဲသူသည် "သံဃဘေဒက" မည်ပါသည်။

➢ **သံဃဘေဒကရဟန်း** ။ ။ ညီညွတ်သောသံဃာ၏ ကွဲပြားခြင်းငှာ လုံ့လပြုခြင်း, ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုလည်း ကောင်းစွာဆောက်တည်၍ ချီးမြှောက်သော ရဟန်းကို "သံဃဘေဒကရဟန်း"ဟု ခေါ်ပါသည်။

➢ **စိတ်အားဖြင့် မကွေမကွာယှဉ်ပုံ (စိတ္တသာမဂ္ဂီမည်ပုံ)**

တူသော ဥပုသ်ကံ-စသော သံဝါသရှိသော သံဃာသည် တူသောစိတ်ရှိသောကြောင့် -- စိတ်အားဖြင့် မကွေမကွာ ယှဉ်ပါသည်။ (ဝါ) စိတ္တသာမဂ္ဂီ မည်ပါသည်။

➢ **ကိုယ်အားဖြင့် မကွေမကွာ ယှဉ်ပုံ (ကာယသာမဂ္ဂီမည်ပုံ)** ။ ။ တူသော သိမ်၌ တည်သော သံဃာသည် ကိုယ်အားဖြင့် ညီညွတ်မှုကို ပေးသောကြောင့် -- ကိုယ်အားဖြင့် မကွေမကွာ ယှဉ်ပါသည်။ (ဝါ) ကာယသာမဂ္ဂီ မည်ပါသည်။

➢ **ဘေဒါယ ပရက္ကမေယျ အစိပ္ပါယ်** ။ ။ ဤသံဃာသည် ဘယ်ပုံဘယ်နည်းဖြင့် ကွဲနိုင်ပါအံ့နည်း-ဟု ကွဲပြားခြင်းအကျိုးငှာ အားထုတ်ခြင်းကို "ဘေဒါယ ပရက္ကမေယျ" ဟု ခေါ်ပါသည်။

➢ **အဓိကရဏ--အရ** ။ ။ ဘေဒကရဝတ္ထု (၁၈)ပါးဟူသော အကြောင်းကို ယူရပါမည်။

➢ **သမာဒါယ (ကောင်းစွာယူခြင်း) အစိပ္ပါယ်** ။ ။ အဓမ္မ-ကို ဓမ္မ-စသည်ဖြင့် မိမိယူထားသော အယူဝါဒကိုပြခြင်း, မစွန့်ခြင်း, လက်ကိုင်ပြုခြင်းကို သမာဒါယ (ကောင်းစွာယူခြင်း) ဟု ခေါ်ပါသည်။

➢ **ပဂ္ဂယှ တိဋ္ဌေယျ (ချီးမြှောက်၍ တည်ခြင်း) အစိပ္ပါယ်** ။ ။ သံဃာ ကွဲပြားမှုဖြစ်ခြင်း၌ စွမ်းနိုင်သော အကြောင်းကိုယူ၍ ထင်ရှားပြခြင်း, စွန့်လည်း မစွန့်ခြင်းကို "ပဂ္ဂယှ တိဋ္ဌေယျ"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မေး** ။ ။ သံဃာ ညီညွတ်ရေး ပျက်ပြားအောင် အားထုတ်နေသော ရဟန်းတော်များ ရှိသည်ဟု ကြားသိရပါက မည်မျှလောက်သော အရပ်တိုင်အောင် သွားရောက်၍ ပြောဆို ဆုံးမရမည်၊ ကြားသိလျက် မပြောဆို မဆုံးမဘဲ နေပါက မည်သို့သော အပြစ်သို့ ရောက်မည်တို့ကို ဖြေဆိုပါ။

**ဖြေ** ။ ။ အလုံးစုံတို့၏ အဆုံး၌ဖြစ်သော အပိုင်းအခြားဖြင့် ယူဇနာ၀က်ခရီးတိုင်အောင် သွားရောက်၍ ပြောဆို ဆုံးမရပါမည်။

ကြားသိလျက် မပြောဆို မဆုံးမဘဲ နေပါက ဒုက္ကဋ်အာပတ် အပြစ်သို့ ရောက်ပါသည်။

➤ **သမဂ္ဂေါဟိသံဃာ သံဃေနသမဂ္ဂေန–အရ သံဃာအချင်းချင်း ညီညွတ်စွာနေရခြင်း** အကျိုးတရား ။ ။ (၁) သမ္မောဒမာန-ကောင်းစွာ၀မ်းမြောက်ခြင်း ရှိသည်၊ (၂) အဝိဝဒမာန-ငြင်းခုံခြင်း မရှိသည်၊ (၃) ဧကုဒ္ဒေသ-တူသော ပါတိမောက်ပြခြင်း ရှိသည်၊ (၄) ဖာသုဝိဟရတိ-ချမ်းသာစွာ နေရသည်။

➤ **သမ္မောဒမာန အစိပ္ပါယ်** ။ ။ အချင်းချင်း ပြည့်စုံခြင်းဖြင့် လွန်စွာ ၀မ်းမြောက်ခြင်းကို "သမ္မောဒမာန"ဟု ခေါ်ပါသည်။

➤ **အဝိဝဒမာန အစိပ္ပါယ်** ။ ။ ဤကား ဓမ္မ, ဤကား ဓမ္မ မဟုတ်-ဟု ဆန့်ကျင်ဘက် မပြောဆိုရခြင်းကို "အဝိဝဒမာန"ဟု ခေါ်ပါသည်။

➤ **ဧကုဒ္ဒေသ အစိပ္ပါယ်** ။ ။ တစ်ပေါင်းတည်း ပါတိမောက် ရွတ်ပြခြင်းသည် "ဧကုဒ္ဒေသ" မည်ပါသည်။

➤ **သံဃာဒိသေသကရဟန်းကို ဆုံးမရမည့်နေရာ ဌာန** ။ ။ သံဃာများထံ မခေါ်သေးဘဲ ၁-ပါး ၂-ပါးခြင်း သီးခြားဖြစ်စေ, သံဃာ့အလယ်၌ဖြစ်စေ ၃-ကြိမ်ဆုံးမရပါမည်။ ဆုံးမပါလျက် မစွန့်လွှတ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဒေဝဒတ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သံဃာကွဲပြားခြင်းအကျိုးငှာ အားထုတ်ခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူရပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ သမနုဘာသနကံ ပြုနေစဉ် မစွန့်သော ရဟန်းအား ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာနှစ်ကြိမ်တို့ကြောင့် ထုလ္လစ္စည်းအာပတ် ၂-ချက်၊ ယဿ နက္ခမတိ သော ဘာသေယျ-ဟူသော တတိယကမ္မဝါစာကြောင့် ဉတ် အဆုံး၌ သင့်ရောက်သော ဒုက္ကဋ်အာပတ်နှင့် ကမ္မဝါစာနှစ်ကြိမ်အဆုံးတွင် သင့်ရောက်သော ထုလ္လစ္စည်းအာပတ် ၂-ချက်တို့ ငြိမ်းပျောက်၍ သံဃာဒိသိသ်အာပတ်သင့်သည်။

➤ **တတိယကမ္မဝါစာကြောင့် သင့်ရောက်သော အာပတ်** ။ ။ ယဿ နက္ခမတိ သော

http://www.dhammadownload.com



ဘာသေယျ-ဟူသော တတိယကမ္မဝါစာကြောင့် သံဃာဒိသိသ်အာပတ် ဖြစ်ပါသည်။

➤ **ဒေသနာ မကြားတဲ ငြိမ်းပျောက်သော အာပတ်များ** ။ ။ ဉတ်အဆုံး၌ သင့်ရောက်သော ဒုက္ကဋ်အာပတ်နှင့် ကမ္မဝါစာနှစ်ကြိမ် အဆုံးတွင် သင့်ရောက်သော ထုလ္လစ္စဉ်းအာပတ် ၂-ချက်တို့ ဖြစ်ပါသည်။

➤ **လွန်ကျူးသော်လည်း အာပတ်မသင့်သော ပုဂ္ဂိုလ်များ** ။ ။ (၁) ဉတ်ကမ္မဝါစာဖြင့် မဆုံးမရသော ရဟန်း၊ (၂) ဆုံးမသော်လည်း စွန့်လွှတ်သော ရဟန်း (၃) ရူးသွပ်သော ရဟန်းတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ကွဲပြားခြင်း၌ အားထုတ်ခြင်း၊ (၂) ဓမ္မကံဖြင့် ဆုံးမခြင်း၊ (၃) ကမ္မဝါစာ၏ ပြီးဆုံးခြင်း၊ (၄) မစွန့်ခြင်း-တို့ ဖြစ်ပါသည်။

**ဘေဒါနုဝတ္တကသိက္ခာပုဒ်**

➤ **ဘေဒါနုဝတ္တကရဟန်း** ။ ။ သံဃာသင်းခွဲသည့်ရဟန်းက ကိုင်စွဲနေသည့် အယူအလို အကြိုက်ဖြစ်သည့် ဘေဒကရဝတ္ထုတစ်ခုခုကိုပင် လက်ခံယူလျက် လိုက်ကျင့်နေကြသည့် အခြားရဟန်းများကို "ဘေဒါနုဝတ္တကရဟန်း" ဟု ခေါ်ပါသည်။

➤ **အနုဝတ္တက အစိပ္ပါယ်** ။ ။ သံဃာကွဲပြားခြင်း၌ အားထုတ်သော ရဟန်း၏ မြင်မှု, နှစ်သက်မှု, လိုလားမှုကိုယူကာ အစဉ်လိုက်၍ ကျင့်သောရဟန်းကို "အနုဝတ္တက"ဟု ခေါ်ပါသည်။

➤ **အနုဝတ္တက-အရ** ။ ။ ၁-ပါး ၂-ပါး ၃-ပါးသော ရဟန်းတို့ကို ယူရပါမည်။

➤ **ဝဂ္ဂဝါဒက မည်ပုံ** ။ ။ အစုဖြစ်ကြောင်းစကား, မညီမညွတ်ခြင်း အဖို့၌ ဖြစ်သော စကားကို ပြောဆိုတတ်သော ရဟန်းသည် "ဝဂ္ဂဝါဒက" မည်ပါသည်။

➤ **ဧကော ဝါ ဒွေ ဝါ တယော ဝါ-ဟု ဟောတော်မူရခြင်းအကြောင်း**

(သုံးပါးထက် လွန်မူ သံဃာဖြစ်၍) သံဃာသည် သံဃာအား နိဂ္ဂဟကံ မပြုထိုက်သောကြောင့် "ဧကော ဝါ ဒွေဝါ တယောဝါ" ဟု ဟောတော်မူပါသည်။

➤ **သံဃာ အချင်းချင်း ကံ-မပြုနိုင်ခြင်းအကြောင်း** ။ ။ ရဟန်းသုံးပါးတို့၏ အထက်ဖြစ်သော ရဟန်းတို့သည် ကံပြုထိုက်သော ပုဂ္ဂိုလ်များ မဟုတ်ကြသောကြောင့် သံဃာအချင်းချင်း ကံ-မပြုနိုင်ပါ။

➤ **ဓမ္မဝါဒီ အစိပ္ပါယ်** ။ ။ အမှန်ဖြစ်သည့် ဝတ္ထုကို ပြောသူ လက်ခံသူကို "ဓမ္မဝါဒီ"ဟု ခေါ်ပါသည်။

➤ **ဝိနယဝါဒီ အစိပ္ပါယ်** ။ ။ ဝိနည်းပညတ်ချက်အတိုင်း ပြောသူ လက်ခံသူကို "ဝိနယဝါဒီ"ဟု ခေါ်ပါသည်။

➤ **ဆန္ဒ အစိပ္ပါယ်** ။ ။ နှလုံးသွင်းမှု အလိုသည် "ဆန္ဒ" မည်ပါသည်။

http://www.dhammadownload.com



➤ **ရှစ် အစိပ္ပါယ်** ။ ။ သဘောကျ လက်ခံမှုသည် "ရုစိ" မည်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (**နိဓါန်း**) ၌ များစွာသော ရဟန်းများ (**ပုဂ္ဂိုလ်**) ကို အကြောင်းပြု၍ သံဃာကွဲပြားခြင်းငှာ အားထုတ်သော ဒေဝဒတ်သို့ အစဉ်လိုက်၍ ကျင့်ခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူရပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) အစဉ်လိုက်၍ ကျင့်ခြင်း၊ (၂) ဝမ္မကံဖြင့် ဆုံးမခြင်း၊ (၃) ကမ္မဝါစာ၏ ပြီးဆုံးခြင်း၊ (၄) မစွန့်ခြင်း-တို့ ဖြစ်ပါသည်။

❀ ❀ ❀ ❀ ❀

## ဒုဗ္ဗစသိက္ခာပုဒ်

➤ **ဒုဗ္ဗစမည်ပုံ** ။ ။ ပြောဆိုခြင်းငှာ မတတ်ကောင်းသော ပုဂ္ဂိုလ်သည် "ဒုဗ္ဗစ" မည်ပါသည်။

➤ **ဥဒ္ဒေသ ပရိယာပန္နေသု-၌ ဥဒ္ဒေသ-အရ** ။ ။ ပါတိမောက်သိက္ခာပုဒ်များကို ယူရပါမည်။

➤ **ဥဒ္ဒေသပရိယာပန္န-အရ** ။ ။ ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျ-ဟူ၍ အာပတ်အားလုံး သိမ်းကျုံးအပ်သောကြောင့် ပါတိမောက်၌ အကျုံးဝင်သော သိက္ခာပုဒ်အားလုံးကို ယူရပါမည်။

➤ **သဟဓမ္မိကအခေါ်ပုံ** ။ ။ သီတင်းသုံးဖော် ငါးယောက်တို့ ကျင့်အပ်သောကြောင့်ရင်း, ထိုသီတင်းသုံးဖော်တို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သောကြောင့်ရင်း မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်အပေါင်းကို "သဟဓမ္မိက"ဟု ခေါ်ပါသည်။

➤ **ဝစနေ သဟဓမ္မေန-၌ သဟဓမ္မ အစိပ္ပါယ်** ။ ။ သီတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ကိုရင်း, သိက္ခာပုဒ်မှတစ်ပါးသော ကြည်ညိုခြင်းကို ဖြစ်စေတတ်သော စကားကိုရင်း "သဟဓမ္မ"ဟု ခေါ်ပါသည်။

➤ **ဝစနေ သဟဓမ္မေန-၌ သဟဓမ္မ-အရ** ။ ။ သီတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ကို ယူရပါမည်။ (တစ်နည်း) သူတစ်ပါးတို့ ကြည်ညိုခြင်းကို ဖြစ်စေတတ်သော စကားကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ ကောသမ္ဗီပြည် (**နိဓါန်း**) ၌ ဆန္နမထေရ် (**ပုဂ္ဂိုလ်**)ကို အကြောင်းပြု၍ မိမိကိုယ်ကို မပြောဆိုထိုက်သူကို ပြုခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူရပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) မိမိကိုယ်ကို မပြောဆိုထိုက်သူဟု ပြုမိခြင်း (၂) ဝမ္မကံဖြင့် ဆုံးမခြင်း (၃) ကမ္မဝါစာ၏ ပြီးဆုံးခြင်း (၄) မစွန့်လွှတ်ခြင်း။

http://www.dhammadownload.com



## ကုလဒူသကသိက္ခာပုဒ်

**➤ ဤသိက္ခာပုဒ်၌ "နဂရံဝါ"ဟု မဆိုရခြင်းအကြောင်း** ။ ။ 'နဂရ'ကို ဂါမ-၌ သွင်းယူနိုင်သောကြောင့် "နဂရံဝါ"ဟု မဆိုရပါ။

**➤ ဂါမံဝါ နိဂမံဝါ–၌ 'နဂရ'ကို 'ဂါမ' ၌ သွင်းယူရခြင်းအကြောင်း**

မြို့ဟူသည် ရွာအထူးပင်ဖြစ်ရကား ရွာ၌ အကျုံးဝင်သောကြောင့် 'နဂရ'ကို 'ဂါမ' ၌ သွင်းယူရပါသည်။

**➤ မြို့ထဲ၌ ကုလဒူသနအမှု ပြုကောင်း/မပြုကောင်း** ။ ။ မြို့သည်လည်း ရွာ၌ အကျုံးဝင်သောကြောင့် မြို့ထဲ၌ ကုလဒူသနအမှု မပြုကောင်းပါ။

**➤ ကုလဒူသကရဟန်း အဓိပ္ပါယ်** ။ ။ ပန်းပေးခြင်း စသည်တို့ဖြင့် လူတို့၏ (အမျိုးလေးပါးတို့၏) ပကတိသဒ္ဓါတရားကို ဖျက်ဆီးသော ရဟန်းမျိုးကို "ကုလဒူသက ရဟန်း"ဟု ခေါ်ပါသည်။

**➤ ပါပသမာစာရ မည်ပုံ** ။ ။ ပန်းပင်ငယ်ကို စိုက်ပျိုးခြင်းစသော ယုတ်မာသော အကျင့်ရှိသောကြောင့် "ပါပသမာစာရ" မည်ပါသည်။

**➤ ဥပနိဿာယ ဝိဟရတိ အဓိပ္ပါယ်** ။ ။ ရွာစသည်မှ သက်န်းစသော ပစ္စည်းများရသောကြောင့် ပစ္စည်းရမှုအတွက် မှီခိုနေသည်ကို "ဥပနိဿာယ ဝိဟရတိ"ဟု ဆိုပါသည်။

**➤ ကုလဒူသကရဟန်းအား ပဗ္ဗာဇနီယကံပြုဆိုက်ကြောင်း ပါဠိ** ။ ။ အာယသ္မာ ခေါ် ကုလဒူသကော (ပ) အလံ တေ ဣဓ ဝါသေန ဖြစ်ပါသည်။

**➤ အာယသ္မာခေါ် ကုလဒူသကော (ပ) အလံ တေ ဣဓ ဝါသေန–ပါဠိဖြင့်** • ကုလဒူသကရဟန်း၏ ပဗ္ဗာဇနီယကံ ထိုက်ပုံကို ညွှန်ပြပါသည်။

**➤ ပဗ္ဗာဇနီယကံ အပြုခံရသော ရဟန်း ရှိသော အပြစ်** ။ ။ ပဗ္ဗာဇနီယကံ အပြုခံရသော ရဟန်းသည် ကုလဒူသနအမှုကိုပြုသော ရွာ, နိဂုံး၌၎င်း။ ကျောင်း၌၎င်း လှည့်လည်ခွင့် နေထိုင်ခွင့် မရနိုင်ပါ။

**➤ ပဗ္ဗာဇနီယကံ အပြုခံရသော ရဟန်း၏ ဆွမ်းခံ မသွားအပ်သော အရပ်** • ကုလဒူသကအမှုကိုပြုသော ရွာ, နိဂုံးတို့၌ ဆွမ်းခံ မသွားအပ်ပါ။

**➤ မနေအပ်သော ကျောင်း** ။ ။ ကုလဒူသကအမှုပြုစဉ် နေသောကျောင်း၌ မနေအပ်ပါ။

**➤ ဝေဠု သော ဘိက္ခု–၌ သော ဘိက္ခု–အရ** ။ ။ ပြုအပ်ပြီးသော ပဗ္ဗာဇနီယကံ ရှိသူကို ယူရပါမည်။

**➤ နစ ဘိက္ခူ ဆန္ဒဂါမိနော–စသော စကားတို့ကို ဆိုရကျိုး** ။ ။ နစ ဘိက္ခူ ဆန္ဒ

http://www.dhammadownload.com



ဂါမိနေ၁-စသော စကားတို့ကို ပြောဆိုပုတ်ခတ်သော ရဟန်းကို ထိုစကားကို စွန့်ခြင်းငှာ ဆိုပါသည်။ (ကုလဒူသန အမှုကို တားမြစ်ခြင်းငှာ ပြောဆိုသည် မဟုတ်ပါ။)

➤ **သမနုဘာသနကံ ဆိုက်သောရဟန်း** ။ ။ သံဃဘေဒက, ဘေဒါနုဝတ္တက, ဒုဗ္ဗစရဟန်းတို့ ဖြစ်ပါသည်။

➤ **ပဗ္ဗာဇနီယကံဆိုက်သော ရဟန်း** ။ ။ ကုလဒူသကရဟန်း ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အဿဇိပုနဗ္ဗသုကရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဆန္ဒဂါမိတာ စသည်တို့သို့ ရောက်စေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ** ။ ။ (၁) ဆန္ဒ စသည်တို့သို့ ရောက်ခြင်း (၂) ဓမ္မကံဖြင့် ဆုံးမခြင်း (၃) ကမ္မဝါစာ ပြီးဆုံးခြင်း (၄) မစွန့်လွှတ်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ပဋ္ဌမာပတ္တိက အဓိပ္ပါယ်** ။ ။ ရှေ့ဦးစွာ လွန်ကျူးဆဲခဏ၌ သင့်ရောက်သောကြောင့် "ပဌမာပတ္တိက" မည်ပါသည်။

➤ **ယာဝတတိယက မည်ပုံ** ။ ။ သုံးကြိမ်မြောက် ဉတ်ကမ္မဝါစာ၏ အဆုံး၌ သင့်ရောက်သောကြောင့် "ယာဝတတိယက" မည်ပါသည်။

➤ **ဇာနံ ပဋိစ္ဆာဒေတိ အဓိပ္ပါယ်** ။ ။ အာပတ်မှန်းသိပါလျက် အခြားရဟန်းတို့အား ပြောကြားခြင်းအားဖြင့် ထင်စွာ မပြုခြင်းကို "ဇာနံ ပဋိစ္ဆာဒေတိ"ဟု ခေါ်သည်။

➤ **ဇာနံ ပဋိစ္ဆာဒေတိ-၌ အာပတ်ကို ဖုံးလွှမ်းခြင်း လက္ခဏာ (၁၀) ပါး**

(၁) အာပတ္တိ-အာပတ်သင့်ခြင်း (၂) အာပတ္တိသညီ-အာပတ်သင့်၏ဟု အမှတ်ရှိခြင်း (၃) ပကတတ္တ-ပကတတ်ရဟန်းဖြစ်ခြင်း (၄) ပကတတ္တသညီ-ပကတတ်ရဟန်းဟု အမှတ်ရှိခြင်း (၅) အနန္တရာယိက-အန္တရာယ် မရှိခြင်း (၆) အနန္တရာယိကသညီ-အန္တရာယ် မရှိဟု အမှတ်ရှိခြင်း (၇) ပဟု-ဒေသနာကြားခြင်းငှာ စွမ်းနိုင်ခြင်း (၈) ပဟုသညီ-ဒေသနာကြားခြင်ငှာ စွမ်းနိုင်၏ဟု အမှတ်ရှိခြင်း (၉) ဆာဒေတုကာမ-ဖုံးထားလိုခြင်း (၁၀) ဆာဒေတိ-ဖုံးလည်း ဖုံးထားခြင်း-တို့ ဖြစ်ပါသည်။

➤ **အာပတ်ကို ဖုံးထားရာ ရောက်ပုံ** ။ ။ ဝတ္ထု၏အစွမ်းဖြင့် ဤအမှုသည် ရဟန်းတို့အား မအပ်-ဟုရင်း, နာမည်၏အစွမ်းဖြင့် ဤအာပတ်သည် ဤမည်သော အာပတ်ဟုရင်း, အာပတ်ဟု အမှတ်ရှိလျက် ထိုအာပတ်ကို တစ်စုံတစ်ယောက်အား မပြောတော့အံ့ဟု ပြောဖို့ရန် တာဝန်ကိုချ၍ အရုဏ်တက်စေလျှင် အာပတ်ကို ဖုံးထားရာ ရောက်ပါသည်။

➤ **အာပတ်ကို ဖုံးထားရာ မရောက်ပုံ** ။ ။ အာပတ်၌ အာပတ်မဟုတ်ဟု အမှတ်ရှိလျှင်ရင်း, သံဃာဒိသိသ်အာပတ်မှ တစ်ပါးသော အာပတ်အစုဟု အမှတ်ရှိလျှင်ရင်း

http://www.dhammadownload.com



တွေးတောယုံမှားမှု ရှိလျှင်ရင်း အာပတ်ကို ဖုံးထားရာ မရောက်ပါ။

➤ **အာပတ်ကို ဖုံးထားရာ မရောက်ခြင်းအကြောင်း ၃-ပါး** ။ ။ (၁) အာပတ် မဟုတ်ဟု အမှတ်ရှိခြင်း (၂) သံဃာဒိသိသ်အာပတ်မှ တစ်ပါးသော အာပတ်အစုဟု အမှတ်ရှိခြင်း (၃) တွေးတောယုံမှားမှု ရှိခြင်း-တို့ ဖြစ်ပါသည်။

➤ **ပကတတ်မည်ပုံ** ။ ။ ဥက္ခိတ္တကပုဂ္ဂိုလ်လည်း မဟုတ်, တူသော သံဝါသရှိသော ရဟန်းသည် "ပကတတ်" မည်ပါသည်။

➤ **အန္တရာယ် ၁၀-ပါး** ။ ။ မင်းအန္တရာယ်, ခိုးသူအန္တရာယ်, မီးအန္တရာယ်, ရေ အန္တရာယ်, လူအန္တရာယ်, တစ္ဆေ ဘီလူးအန္တရာယ်, ရဲရင့်သော ခြင်္သေ့ သစ်ကျား-စသော သားကောင် အန္တရာယ်, မြွေကင်းအန္တရာယ်, အသက်အန္တရာယ်, ဗြဟ္မစရိယအန္တရာယ် တို့ ဖြစ်ပါသည်။

➤ **ပဟု (စွမ်းနိုင်သူ) ခေါ်ပုံ** ။ ။ အကြင်ရဟန်းသည် ရဟန်းတစ်ပါးထံသို့ သွား ခြင်းငှာရင်း, ပြောပြခြင်းငှာရင်း စွမ်းနိုင်သော ရဟန်းကို ပဟု (စွမ်းနိုင်သူ)ဟု ခေါ်၏။

➤ **အာပတ်ကို ထင်ရှားစွာ ပြုရာ၌ လိုရင်း ပမာဏ** ။ ။ အာပတ်ကို ထင်စွာပြု ရာ၌ (ဝါ) ဒေသနာပြောကြားရာ၌ ဥပဇ္ဈာယ်-စသော အဖြစ်သည် လိုရင်း ပမာဏ မဟုတ်၊ သဘောတူသော ပုဂ္ဂိုလ်၏ အဖြစ်မျှသည်သာ လိုရင်း ပမာဏဖြစ်သည်။

➤ **မိမိသင့်ရောက်သော သံဃာဒိသိသ်အာပတ်ကို ဆရာ ဥပဇ္ဈာယ်အား ရှက် ကြောက်၍ မပြောကြားလျှင် အာပတ်ကို ဖုံးထားရာ ရောက်/မရောက်** ။ ။ အာပတ် ကို ထင်စွာပြုရာ၌ ဥပဇ္ဈာယ်ဆရာတို့သည့် လိုရင်းပမာန မဟုတ်, သဘာဂပုဂ္ဂိုလ် သည်သာ လိုရင်းပမာနဖြစ်သောကြောင့် မိမိသင့်ရောက်သော သံဃာဒိသိသ်အာပတ် ကို ဆရာ ဥပဇ္ဈာယ်အား ရှက်ကြောက်၍ မပြောကြားလျှင် အာပတ်ကို ဖုံးထားရာ ရောက်ပါသည်။

➤ **ပရိဝါသ် အဓိပ္ပါယ်** ။ ။ ဘုရားရှင်၏ အမိန့်တော်အတိုင်း ကျင့်ဝတ်များကို ကောင်းစွာဆောက်တည်၍ ညဥ့်ပြတ်ခြင်း ရတ္တိစ္ဆေဒ မဖြစ်အောင် ကျင့်သုံးနေထိုင် ခြင်းကို "ပရိဝါသ်"ဟု ခေါ်ပါသည်။

➤ **ပရိဝါသ်နေရမည့် ကာလ အပိုင်းအခြား** ။ ။ ဖုံးထားအပ်ရာ နေ့မှစ၍ အာပတ် ကို ဒေသနာပြောကြားရာ နေ့တိုင်အောင်သော ကာလပတ်လုံး နေ့, ပက္ခ, လ, နှစ် တို့ကို ရေတွက်၍ ပရိဝါသ်နေရပါမည်။

➤ **အကာမာ ပရိဝတ္ထဗ္ဗံ အဓိပ္ပါယ်** ။ ။ မိမိအလိုအားဖြင့် ပရိဝါသ်နေရသည် မဟုတ်၊ မိမိအလို မဟုတ်ဘဲ ပရိဝါသ်ကို ကောင်းစွာယူ၍ နေခြင်းကို "အကာမာ ပရိ ဝတ္ထဗ္ဗံ"ဟု ဆိုပါသည်။

http://www.dhammadownload.com



➤ **အကာမာ ပရိဝတ္တဗ္ဗံ-၌ ပရိဝါသ် ၃-ပါး ။ ။** (၁) ပဋိစ္ဆန္နပရိဝါသ် (၂) သုဒ္ဓန္တပရိဝါသ် (၃) သမောဓာနပရိဝါသ်-တို့ ဖြစ်ပါသည်။

➤ **ပဋိစ္ဆန္နပရိဝါသ် အဓိပ္ပါယ် ။ ။** ဖုံးထားအပ်သော အာပတ်ကြောင့် ပေးထိုက်သော ပရိဝါသ်သည် "ပဋိစ္ဆန္နပရိဝါသ်" မည်ပါသည်။

➤ **သုဒ္ဓန္တပရိဝါသ် အဓိပ္ပါယ် ။ ။** အာပတ်အပိုင်းအခြားကိုရင်း, ညဉ့်အပိုင်းအခြားကိုရင်း မသိသော ရဟန်းအား ပေးအပ်သော ပရိဝါသ်သည် "သုဒ္ဓန္တပရိဝါသ်" မည်ပါသည်။

➤ **သမောဓာနပရိဝါသ် အဓိပ္ပါယ် ။ ။** ကာလပြား ဝတ္ထုပြားသော အာပတ်တို့ကို အလွှ စသည်တို့၏ အစွမ်းအားဖြင့် တပေါင်းတည်းပေးအပ်သော ပရိဝါသ်သည် "သမောဓာန ပရိဝါသ်" မည်ပါသည်။

➤ **တာဝတီဟံ တေန ဘိက္ခုနာ အကာမာ ပရိဝတ္တဗ္ဗံ-၌ ယူရမည့် ပရိဝါသ်** ပဋိစ္ဆန္နပရိဝါသ်, သုဒ္ဓန္တ ပရိဝါသ်, သမောဓာနပရိဝါသ်-တို့ ဖြစ်ပါသည်။

➤ **အလို မရှိအပ်သော ပရိဝါသ် ။ ။** အပ္ပဋိစ္ဆန္န ပရိဝါသ် ဖြစ်ပါသည်။

**မေး ။ ။** နာနာဝတ္ထုက အာပတ်တို့ကို အဘယ်၏အစွမ်းအားဖြင့် ပြောကြားနိုင်ပါသနည်း။

**ဖြေ ။ ။** နာနာဝတ္ထုက အာပတ်တို့ကို (၁) အရေအတွက်၏ အစွမ်းအားဖြင့်ရင်း (၂) နာမည်နှင့်တကွ ဝတ္ထုကို ပြောကြားခြင်း၏ အစွမ်းအားဖြင့်ရင်း (၃) သံဃာဒိသိသ်ဟူသော အမည်မျှ၏ အစွမ်းအားဖြင့်ရင်း ပြောကြားနိုင်ပါသည်။

➤ **ပရိဝါသ် ဆောက်တည်ပုံ ။ ။** ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ- ဟု သုံးကြိမ်ရွတ်ဆို၍ ဆောက်တည်ရပါမည်။

➤ **ပရိဝါသ် ချပုံ ။ ။** ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ-ဟု သုံးကြိမ်ရွတ်ဆို၍ ပရိဝါသ်ကို ချထားရပါမည်။

➤ **ပရိဝါသ်ကို ချထားရခြင်းအကြောင်း ။ ။** ပရိဝါသ်ကို သုတ်သင်ခြင်းငှာ မတတ်ကောင်းသောကြောင့် ချထားရပါသည်။

➤ **ပရိဝါသ် ချထားရခြင်းအကျိုး ။ ။** ပရိဝါချထားပြီးရာ အခါမှစ၍ ပကတတ် ရဟန်းအရာ၌ တည်ခွင့်ရခြင်းအကျိုး ရှိပါသည်။

➤ **ပရိဝါသ် ချထားရမည့်နေရာနှင့် ပုဂ္ဂိုလ် ။ ။** ပရိဝါသ်ပေးရာ သိမ်တန်ဆောင်း၌ပင် သံဃာ့အလယ်၌ဖြစ်စေ, ပုဂ္ဂိုလ်တစ်ဦး အထံ၌ဖြစ်စေ ချထားနိုင်ပါသည်။

➤ **နာမမတ္တဝသေန-၌ နာမည် ၂-မျိုး ။ ။** (၁) သဘာဂသာဓာရဏ-တူသော ဇာတ်ရှိသော အာပတ်နှင့် ဆက်ဆံသော နာမည်၊ (၂) သဗ္ဗသာဓာရဏ-အာပတ်

http://www.dhammadownload.com



အားလုံးနှင့် ဆက်ဆံသော နာမည်-ဟု ၂-မျိုးရှိပါသည်။

> **သံဃာဒိသိသ်အာပတ်ကို သဏ္ဍာတိ သာဓာရဏ+ သဗ္ဗသာဓာရဏ ခွဲပုံ**

သံဃာဒိသေသော-ဟူသော အမည်သည် သဏ္ဍာတိသာဓာရဏ၊ အာပတ္တိ-ဟူသော အမည်သည် သဗ္ဗသာဓာရဏ ဖြစ်ပါသည်။

> **သမ္ဗဟုလာ အာပတ္တိယော အာပန္နာ ကောဟာပဗ္ဗဇ္ဇန္တာယော-ဟု သဗ္ဗသာဓာရဏ နာမည်ဖြင့် ပြောဆိုနိုင်ခြင်းအကြောင်း** ။ ။ အာပတ်ဟူသော အမည်သည် သဗ္ဗသာဓာရဏ နာမည်ဖြစ်သောကြောင့်--တည်း။

> **ပရိဝါသ်ဆောက်တည်ရာ၌ "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ" ၂-ပုဒ်တို့တွင် တစ်ပုဒ်တည်းဖြင့် ဆိုနိုင်ပါလျက် ၂-ပုဒ်ဆိုရခြင်းအကြောင်း**

ပရိဝါသံ သမာဒိယာမိ (သို့မဟုတ်) ဝတ္တံ သမာဒိယာမိ-ဟု တစ်ပုဒ်တည်းဖြင့်ပင် ဆောက်တည်နိုင်ပါသော်လည်း ၂-ပုဒ်တို့ဖြင့် ဆောက်တည်လတ်သော် ကောင်းစွာ ဆောက်တည်အပ်သည် ဖြစ်သောကြောင့် ၂-ပုဒ် ဆိုရပါသည်။

> **ပရိဝါသ်ချရာ၌ တစ်ပုဒ်တည်းဖြင့် ဝါသ်ကို ချနိုင်ပါလျက် ၂-ပုဒ်ဆိုရကြောင်း**

ပရိဝါသံ နိက္ခိပါမိ (သို့မဟုတ်) ဝတ္တံ နိက္ခိပါမိ နှစ်ပုဒ်တို့တွင် တစ်ပုဒ်တည်းဖြင့်ပင် ပရိဝါသ်ကို ချထားနိုင်ပါသော်လည်း နှစ်ပုဒ်တို့ဖြင့် ပရိဝါသ်ကို ချထားလတ်သော် ကောင်းစွာချအပ်သည်သာ ဖြစ်သောကြောင့် နှစ်ပုဒ်ဆိုရပါသည်။

> **ပရိဝါသ်-စသော ဝိနည်းကမ္မဝါစာ၌ အသုံးပြု ရွတ်ဆိုနိုင်သော အမည်များ**

သံဃာဒိသေသော-ဟူသော သဏ္ဍာတိသာဓာရဏ အမည်အားဖြင့်၎င်း၊ အာပတ္တိ ဟူသော သဗ္ဗသာဓာရဏ အမည်အားဖြင့်၎င်း ရွတ်ဆိုနိုင်ပါသည်။

**မေး** ။ ။ ပရိဝါသ်-စသော ဝိနည်းကံကို အဘယ်၏အစွမ်းအားဖြင့် ပြုလုပ်နိုင်သနည်း

**ဖြေ** ။ ။ ပရိဝါသ်-စသော ဝိနည်းကံကို ဝတ္ထု၏အစွမ်းအားဖြင့်၎င်း၊ အနွယ်၏ အစွမ်းအားဖြင့်၎င်း၊ နာမည်၏အစွမ်းအားဖြင့်၎င်း၊ အာပတ်၏အစွမ်းအားဖြင့်၎င်း ပြုလုပ်နိုင်ပါသည်။ (ဝါ) အပ်ပါသည်။

> **ဝတ္ထု+ဂေါတ္တ+နာမ+အာပတ္တိ ခွဲပုံ** ။ ။ သုက္ကဝိဿဋ္ဌိ-ဟူသော အမည်သည် ဝတ္ထုလည်း ဟုတ်သည်၊ အနွယ်လည်း ဟုတ်သည်။ သံဃာဒိသေသော-ဟူသော အမည်သည် နာမလည်း ဟုတ်သည်၊ အာပတ္တိလည်း ဟုတ်ပါသည်။

> **ပရိဝါသ်ဆောက်တည်ပုံ အစီအစဉ်** ။ ။ ကမ္မဝါစာ အဆုံး၌ ရဟန်းနည်းသော ကျောင်းတိုက်ဖြစ်လျှင် ညဥ့်ပြတ်ခြင်းသို့ မရောက်စေဘဲနေခြင်းငှာ တတ်ကောင်းအံ့၊ ပရိဝါသ်ပေးရာ သိမ်တန်ဆောင်းဝန်း၌ပင် "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ" ဟု သုံးကြိမ် ဝတ်ကို ဆောက်တည်ရမည်၊ ဆောက်တည်ပြီးနောက် သိမ်တန်ဆောင်း

http://www.dhammadownload.com



ဝန်း၌ပင် သံဃာအား လျှောက်ထား၍ တစ်ဖန်လာကုန်သော ရဟန်းတို့အား လျှောက်ထားလျက် ဝတ်ပျက်ခြင်းကိုရင်း, ညဥ့်ပြတ်ခြင်းကိုရင်း မပြုမူ၍ ပရိဝါသ်နေရပါမည်။

➤ **ပရိဝါသ် ချပုံ အစီအစဉ်** ။ ။ ပရိဝါသ်ကို သုတ်သင်ခြင်းငှာ မတတ်ကောင်းသဖြင့် ချထားအပ်သော ဝတ်ဖြင့် နေလိုအံ့၊ ပရိဝါသ်ပေးရာ သိမ်တန်ဆောင်း၌ပင် သံဃာ့အလယ်၌ဖြစ်စေ, ပုဂ္ဂိုလ်တစ်ဦး၏ အထံ၌ဖြစ်စေ "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု ပရိဝါသ်ကို ချထားနိုင်ပါသည်။

➤ **ဝတ်ချပြီး နောက်တစ်နေ့ ပြုလုပ်ရမည့် အစီအစဉ်** ။ ။ နိက္ခိတ္တဝတ် ဆောက်တည်ထားသော ရဟန်းသည် မိုးသောက်အခါ၌ အဖော်ရဟန်းတစ်ပါးနှင့်အတူ အကာအရံရှိလျှင် ကျောင်း၏ အကာအရံမှ, အကာအရံ မရှိလျှင် ကျောင်း၏ အကာအရံထိုက်ရာအရပ်မှ ခဲနှစ်ကျ ကျရာအရပ်ကို ကျော်လွန်ပြီး အများသွားလာနေကြ လမ်းမမှဖဲ၍ ချုံဖြင့်ဖြစ်စေ, စည်းရိုးဖြင့်ဖြစ်စေ ဖုံးကွယ်အပ်သောအရပ်၌ နေ၍ အရုဏ်အတွင်း၌ပင် ဝတ်ကိုဆောက်တည်ပြီး ဝတ်ကြားရမည်။ အဖော်ရဟန်းမှတစ်ပါးသော ရဟန်းကိုတွေ့မြင်ပါက ထိုရဟန်းကိုလည်း ဝတ်ကြားရမည်၊ **အရုဏ်တက်လတ်သော်** အဖော်ရဟန်းထံ၌ ဝတ်ကို ချပြီးမှ ကျောင်းသို့ သွားရမည်။ အဖော်ရဟန်းက အရုဏ် မတက်မီ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စကြောင့် ပြန်သွားခဲ့လျှင် ကျောင်းသို့သွားပြီး ပထမတွေ့မြင်သော ရဟန်းအား ဝတ်ကြား၍ ဝတ်ကိုချထားရပါမည်။

➤ **သုဒ္ဓန္တ ပရိဝါသ် ၂–မျိုး** ။ ။ (၁) စူဠသုဒ္ဓန္တ ပရိဝါသ် (၂) မဟာသုဒ္ဓန္တ ပရိဝါသ်။

➤ **အာပတ်ကို ဖုံးထား၍ ညဥ့်အရေအတွက်ကို မမှတ်မိသော ရဟန်းအား ပေးသင့်သော ပရိဝါသ်** - သုဒ္ဓန္တ ပရိဝါသ်ကို ပေးသင့်ပါသည်။

➤ **စူဠသုဒ္ဓန္တပရိဝါသ် မဟာသုဒ္ဓန္တပရိဝါသ် ၂–မျိုး ပေးသင့်သူ**

➤ **သုဒ္ဓန္တပရိဝါသ် ပေးသင့်သော ရဟန်း** ။ ။ ညဥ့်အပိုင်းအခြား အားလုံးကိုရင်း, တစ်ချို့တစ်ဝက်ကိုရင်း, မသိသောရဟန်း, မမှတ်မိသောရဟန်း, ညဥ့်အပိုင်းအခြား၌ ယုံမှားရှိသောရဟန်းတို့ ဖြစ်ပါသည်။

➤ **သမောဓာနပရိဝါသ် ၃–မျိုး** ။ ။ ၁။ ဩဓာနသမောဓာနပရိဝါသ်, ၂။ အဂ္ဃသမောဓာနပရိဝါသ်, ၃။ မိဿကသမောဓာနပရိဝါသ်တို့ ဖြစ်ပါသည်။

➤ **ဩဓာနသမောဓာနပရိဝါသ် အဓိပ္ပါယ်** ။ ။ ပရိဝါသ်နေစဉ်အကြား၌ အခြားသော အာပတ်သို့ရောက်၍ ဖုံးလွှမ်းသောရဟန်းအား ပရိဝါသ်နေပြီးသော နေ့တို့ကို ခါတွက်ချေဖျက်၍ ရှေးအာပတ်၏ မူလ နေ့အပိုင်းအခြား၌ နောက်မှသင့်ရောက်သော အာပတ်ကို သွင်း၍ ပေးထိုက်သောပရိဝါသ်သည် ဩဓာနသမောဓာနပရိဝါသ် မည်၏

➤ **အဂ္ဃသမောဓာနပရိဝါသ် အဓိပ္ပါယ်** ။ ။ အာပတ်များစွာတို့တွင် တစ်ချက်ဖြစ်

http://www.dhammadownload.com



စေ, နှစ်ချက်ဖြစ်စေ, သုံးချက်ဖြစ်စေ, အာပတ်များစွာကို အာပတ်အားလုံးတို့ထက် ကြာမြင့်စွာ ဖုံးထားအပ်သော အာပတ်တို့၏ ညဥ့်အပိုင်းအခြား၏အစွမ်းဖြင့် ပေါင်း၍ ယုတ်လျော့စွာ ဖုံးလွှမ်းအပ်သော အာပတ်တို့ကြောင့် ပေးထိုက်သော ပရိဝါသ်သည် "အဂ္ဃသမောဓာန" ပရိဝါသ် မည်ပါသည်။

➤ **မိဿကသမောဓာနပရိဝါသ် အဓိပ္ပါယ်** ။ ။ အထူးထူးသော ဝတ္ထုရှိသော အာပတ်တို့ကို တစ်ပေါင်းတည်းပြု၍ ပေးထိုက်သော ပရိဝါသ်သည် " မိဿက သမောဓာန" ပရိဝါသ် မည်ပါသည်။

➤ **ဘိက္ခုမာနတ္တာယ–၌ မာနတ် ၂–မျိုး / ဘိက္ခုမာနတ်သရုပ်နှင့် အဓိပ္ပါယ်**

၁။ ပဋိစ္ဆန္နမာနတ်, ၂။ အပ္ပဋိစ္ဆန္နမာနတ်တို့ ဖြစ်ပါသည်။

ဖုံးလွှမ်းအပ်သော အာပတ်ရှိသော ရဟန်းအား ပရိဝါသ်၏အဆုံး၌ ပေးထိုက်သော မာနတ်သည် "**ပဋိစ္ဆန္နမာနတ်**" မည်ပါသည်။

မဖုံးလွှမ်းအပ်သော အာပတ်ရှိသော ရဟန်းအား ပရိဝါသ်ကိုမပေးဘဲ မာနတ်ကို သာ ပေးသော မာနတ်သည် "**အပ္ပဋိစ္ဆန္နမာနတ်**" မည်ပါသည်။

➤ **ဘိက္ခု မာနတ္တာယ ပဋိပဒ်တဖွဲ့–၌ အလိုရှိသော မာနတ်** ။ ။ [ပရိဝုတ္ထ ပရိဝါသေန ဘိက္ခုနာ ဥတ္တရိ ဆာရတ္တံ ဘိက္ခုမာနတ္တာယ ပဋိပဒ်တဖွဲ့-ဟု ပရိဝုတ္ထ ပရိဝါသေန-နှင့် တွဲ၍ ပါဠိတော်မှာ လာသောကြောင့်] ပဋိစ္ဆန္နမာနတ်ကိုသာ အလိုရှိသည်

➤ **မာနတ်ဆောက်တည်ပုံ** ။ ။ မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

➤ **မာနတ်ချပုံ** ။ ။ မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။

➤ **ပရိဝါသ်+မာနတ် ဆောက်တည်နိုင်သည့် သံဃာ** ။ ။ ပရိဝါသ်ကို ဆောက်တည်ရာ၌ ရဟန်းတစ်ပါးထံ၌လည်း ဆောက်တည်နိုင် ချထားနိုင်ပါသည်။

မာနတ်ဆောက်တည်ရာ၌ အနည်းဆုံး သံဃာ ၄-ပါးထံ၌ ဆောက်တည်ရပါမည် ၄-ပါးအောက် မလျော့ရပါ။

➤ **မာနတ်ကျင့်ရခြင်းအကျိုး** ။ ။ ရဟန်းတို့၏ မြတ်နိုးကုန်သည်၏ အဖြစ်ဟူသော အကျိုးငှာရင်း, နှစ်သက်ကျေနပ်စေခြင်းငှာရင်း မာနတ်ကျင့်ရပါသည်။

➤ **အဗ္ဘာန=အဗ္ဘာန်သွင်းခြင်း အဓိပ္ပါယ်** ။ ။ မာနတ်ကျင့်ပြီး၍ ရဟန်းများက ကျေနပ်သောကြောင့် သံဃာ,က လက်ခံနိုင်ခြင်း, သံဃာ့အလယ်သို့ သွင်းခေါ်ခြင်းကို အဗ္ဘာန-အဗ္ဘာန်သွင်းခြင်းဟု ခေါ်ပါသည်။

**ကစ်၊ သံဃာဒိသိသ် အဓိပ္ပါယ်များ ပြီး၏။**

http://www.dhammadownload.com



**ပထမ အနိယတသိက္ခာပုဒ်**

> **မာတုဂါမ-အရ** ။ ။ ယနေ့ မွေးဖွားစ သူငယ်မှစ၍ အသက်ရှင်ဆဲ လူမိန်းမကို ယူရပါမည်။

> **ရဟော-အရ** ။ ။ စက္ခုရဟ (မျက်စိကွယ်ရာအရပ်)ကိုသာ ယူရပါမည်။

**အကြောင်းကား--** တံခါးပိတ်ထားသော အခန်း၏ တံခါးပေါက် အနီး၌ ဝိညူပုရိသသည် အာပတ် မသင့်အောင် **မပြုနိုင်သော**ကြောင့်ရင်း, မျက်စိဖြင့် မြင်နိုင်လောက်သည့် ၁၂-တောင်အတွင်း၌နေသော မျက်စိကောင်းနေသူသည် စိတ်ပြန့်လွင့်သော်ရင်း, အိပ်ငိုက်နေသော်ရင်း, အာပတ် မသင့်အောင် ပြုလုပ်နိုင်သောကြောင့်ရင်း မျက်စိကန်းသူသည် အနီး၌ တည်နေစေကာမူ အာပတ် မသင့်အောင် မပြုနိုင်၊ မျက်စိကောင်းသော်လည်း အိပ်ပျော်နေသော် အာပတ် မသင့်အောင် မပြုနိုင်သောကြောင့်ရင်း, မိန်းမတစ်ရာတို့သည်လည်း အာပတ် မသင့်အောင် မပြုနိုင်သောကြောင့်ရင်း-- စက္ခုရဟ-(မျက်စိကွယ်ရာအရပ်ဒေသ)ကိုသာ ယူရပါမည်။

> **ရဟော-အရ ရဟ အမျိုးအစား** ။ ။ (၁) စက္ခုရဟ၊ (၂) သောတရဟ။

> **ဤသိက္ခာပုဒ်၌ အာပတ် မသင့်အောင် မပြုလုပ်နိုင်သူများ** ။ ။ တံခါးရွက်ပိတ်ထားသော အခန်း၏ တံခါးပေါက်အနီး၌ ထိုင်နေသော တတ်သိနားလည်သော ယောက်ျား၊ ၁၂-တောင်အတွင်း၌ ထိုင်၍ ငိုက်နေသူ၊ ပြန့်လွင့်သော စိတ်ရှိသူ၊ အနီးအနား၌ ထိုင်နေသော်လည်း မျက်စိကန်းသူ၊ မျက်စိကောင်းသော်လည်း လျောင်း၍ အိပ်ပျော်နေသူ မိန်းမ-တို့ ဖြစ်ပါသည်။

> **ပဋိစ္ဆန္နေ အာသနေ-၌ အာသန-အရ** ။ ။ နံရံ စသည်တို့ဖြင့် ဖုံးလွှမ်းအပ်သော အရပ်ကို ယူရပါမည်။

> **ကမ္မနိယ အဓိပ္ပါယ်** ။ ။ မေထုန်စသော လွန်ကျူးမှု၌ ခံ့သောအရပ်, မေထုန်စသော လွန်ကျူးမှုအားလျောက်ပတ်သော အရပ်သည် "ကမ္မနိယ" မည်ပါသည်။

> **အလံ ကမ္မနိယ အဓိပ္ပါယ်** ။ ။ မေထုန်အမှု၌ ခံ့ခြင်းငှာ စွမ်းနိုင်လောက်သော အရပ်သည် "အလံ ကမ္မနိယ" မည်ပါသည်။

> **နိသဇ္ဇံ ကပ္ပေယျ-၌ နိသဇ္ဇ-အရ** ။ ။ ထိုင်ခြင်း, အိပ်ခြင်း နှစ်မျိုးလုံးကို ယူရပါမည်။ > **ပါရာဇိက-အရ** ။ ။ ပထမ ပါရာဇိကကို ယူရပါမည်။

> **အိပ်နေလျှင်လည်း အာပတ်သင့်ခြင်းအကြောင်း** ။ ။ အိပ်ခြင်းကိုလည်း ထိုင်ခြင်းဖြင့်ပင် သိမ်းယူရသောကြောင့် အာပတ်သင့်ပါသည်။

> **အရိယာသာဝိကာမ,က ပြောဆိုပါလျှက် ရဟန်း၏ ဝန်ခံမှုဖြင့်သာ ဆုံးဖြတ်ရခြင်းအကြောင်း** ။ ။ မြင်အပ်သော အရာမည်သည် မြင်အပ်တိုင်းသော အခြင်းအရာ

http://www.dhammadownload.com



တိုင်းလည်း ဟုတ်တတ်၏၊ မြင်အပ်သည်မှ တစ်ပါးသော အခြင်းအရာလည်း ဖြစ်တတ်လေသောကြောင့် (မာတုဂါမနှင့်ရဟန်း တစ်ယောက်ချင်းနေသည်ကို အရိယာဒကာမ မြင်၍ အာပတ်ဖြင့် စွပ်စွဲရာ) ရဟန်း၏ ဝန်ခံမှုဖြင့်သာ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

➤ **ဒါယိကာမ,က ပြောဆိုတိုင်း ရဟန်းတော်အား အပြစ်ဒဏ် ချမှတ်သင့်/ မသင့် အဋ္ဌကထာဆရာ၏ မိန့်ဆိုချက်** ။ ။ အရိယာ ဥပါသိကာမ,က မြင်၍ လျှောက်ပါသော်လည်း ရဟန်းက ထိုင်ခြင်း အိပ်ခြင်းကို ဝန်ခံမှသာ ပါရာဇိက သံဃာဒိသိသ် ပါစိတ် အာပတ်တို့တွင် တစ်မျိုးမျိုးဖြင့် အပြစ်ဒဏ် ချမှတ်သင့်ပါသည်၊ ရဟန်းက ဝန်မခံလျှင် အပြစ်ဒဏ် မချမှတ်သင့်ပါ။

အရိယာ ဥပါသိကာမ,က မေထုန်-စသော လွန်ကျူးမှုသို့ တင်၍ လျှောက်ထား စွပ်စွဲပါသော်လည်း ရဟန်းက ဝန်ခံမှသာ ပါရာဇိကအာပတ် စသည်ဖြင့် အပြစ်ဒဏ် ချမှတ်ရပါမည်၊ အရိယာ ဥပါသိကာမ၏ စကားမျှဖြင့် အပြစ်ဒဏ် မချမှတ်သင့်ပါ။

➤ **အနိယတ(အာပတ်) မည်ပုံ** ။ ။ ပါရာဇိက, သံဃာဒိသိသ်, ပါစိတ်တို့တွင် ဝန်ခံသော အာပတ်ဖြင့်သာ ဆုံးဖြတ်ရမည်ဖြစ်၍ မည်သည့်အာပတ်ဟု အမြဲ မမှတ်အပ်သောကြောင့် "အနိယတ" (အာပတ်) မည်ပါသည်။

➤ **အနိယတသိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူရကျိုး** ။ ။ ဝန်ခံမှ အာပတ်ဖြင့် ဆုံးဖြတ်ရမည်၊ ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရဟု ဝိနည်းဆုံးဖြတ်နည်းကို သတ်မှတ်ပြခြင်းအကျိုးငှာ အနိယတသိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူခြင်းအကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥဒါယီမထေရ် (ဗုဒ္ဓိလ်) ကို အကြောင်းပြု၍ မာတုဂါမနှင့် တစ်ခုတည်းသော နေရာ၌ အတူထိုင်ခြင်း (ဝတ္ထု) ကို ပြုလုပ်သောကြောင့် ပညတ်တော်မူရပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) အမျိုးသမီးထံ သွားလို၍ မျက်ရေးကွင်းခြင်း စသော ပယောဂ အားလုံးတို့၌ ဒုက္ကဋ်အာပတ် သင့်ပါသည်။

(၂) ဆိတ်ကွယ်သော အမျိုးသမီးရှိရာ အရပ်သို့သွားပြီး ရဟန်းနှင့်မိန်းမ တစ်ဦးဦးက ရှေးဦးစွာထိုင်၍ ကျန်တစ်ဦးက နောက်မှထိုင်သည်ဖြစ်စေ, နှစ်ဦးစလုံး တပြိုင်နက် အတူထိုင်သည်ဖြစ်စေ ပါစိတ်အာပတ်သင့်ပါသည်။

(၃) ကာယသံသဂ္ဂသို့ရင်း, မေထုန်သို့ရင်း ရောက်လျှင် ဆိုင်ရာသိက္ခာပုဒ်များဖြင့် ဆုံးဖြတ်ရပါမည်။

➤ **ဤသိက္ခာပုဒ်၌ အာပတ် မသင့်အောင် ပြုလုပ်နိုင်သော ယောကျ်ား**

လျောင်း၍ မအိပ်ဘဲ ကန်းသူလည်း မဟုတ်, တတ်သိနားလည်သော ယောကျ်ားသည် ၁၂-တောင် ဥပစာအတွင်း၌ ရောက်နေလျှင် အာပတ် မသင့်အောင် ပြုလုပ်

http://www.dhammadownload.com



နိုင်ပါသည်။

➤ **အာပတ် မသင့်/အာပတ်လွတ်သော ရဟန်းများ** ။ ။ (၁) ရပ်နေသော ရဟန်း (၂) ဆိတ်ကွယ်ရာ အရပ်၌ နေလိုသောစိတ် မရှိဘဲ ဆွမ်းခံကိစ္စ စသည်ကြောင့် ရိုးရိုး သွားသော ရဟန်း (၃) အာရုံတစ်ပါး၌ ထားအပ်သော စိတ်ရှိသော ရဟန်းတို့အား ထိုင်ခြင်းကြောင့် အာပတ်မသင့်ပါ။ (၄) ဥမ္မတ္တက ရဟန်း စသည်တို့သည် ပါရာဇိက သံဃာဒိသိသ်, ပါစိတ်အာပတ်တို့ဖြင့် **အာပတ်မသင့်ပါ။**

**ဒုတိယ အနိယတသိက္ခာပုဒ်**

➤ **ရဟော-အရ** ။ ။ နဟေဝ ခေါပန ပဋိစ္ဆန္နံ အာသနံ ဟောတိ နာလံ ကမ္မနိယံ အလဉ္စ ခေါ ဟောတိ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသိတုံ-ဟု ဟောတော်မူ သောကြောင့် -- ရဟာ-အရ သောတရဟာကိုသာ ယူရပါမည်။

➤ **အာသန-အရ** ။ ။ ရုန့်ရင်းသော ဝစ္စမဂ်, ပဿာဝမဂ်တို့နှင့်စပ်သော စကား တို့ကို ပြောဆိုခြင်းငှာ စွမ်းနိုင်သော နေရာကို ယူရပါမည်။

➤ **သံဃာဒိသေသ-အရ** ။ ။ ကာယသံသဂ္ဂနှင့် ဒုဋ္ဌုလ္လဝါစာကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်၌ (အနာပတ္တိကရ) အာပတ်မသင့်အောင် ပြုလုပ်နိုင်သူများ**

မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ တတ်သိ နားလည်သော ကန်းသူလည်း မဟုတ် သော နားထိုင်းသူလည်း မဟုတ်သော ၁၂-တောင်အတွင်းအရပ်၌ ရပ်နေ ထိုင်နေလျှင် ပြန့်လွင့်သော စိတ်ရှိသူဖြစ်စေ, ငိုက်မျဉ်းနေသူဖြစ်စေ အာပတ် မသင့်အောင် ပြုလုပ် နိုင်ပါသည်။

➤ **အာပတ် မသင့်အောင် မပြုလုပ်နိုင်သူများ** ။ ။ မျက်စိမြင်သော်လည်း နားထိုင်း နေသူ, နား မထိုင်းသော်လည်း ကန်းနေသူတို့ ဖြစ်ပါသည်။

➤ **အနိယတသိက္ခာပုဒ် ၂-ပါး၌ အနာပတ္တိကရ-အရ အဖော်တို့၏ အထူး**

ပထမ အနိယတသိက္ခာပုဒ်၌ အဖော်ကား- သိကြားလိမ္မာသော ယောကျ်ားကို ဆိုလိုပါသည်။ ဒုတိယ အနိယတသိက္ခာပုဒ်၌ အဖော်ကား- သိကြား လိမ္မာသော ယောကျ်ား မိန်းမ နှစ်ဦးလုံးကို ဆိုလိုပါသည်။ ဤသို့ ထူးပါသည်။

➤ **ပထမ အနိယတထက် ဒုတိယ အနိယတ,က ထူးပုံ** ။ ။ ပထမ အနိယတ ထက် ဒုတိယအနိယတ၌ မိန်းမဖော်လည်း ယူနိုင်ခြင်း, ရဟော-အရ သောတရဟာကို ယူရခြင်း, ပါရာဇိက ယုတ်လျော့ခြင်း, သံဃာဒိသိသ်အရာဝယ် ကာယသံသဂ္ဂအပြင် ဒုဋ္ဌုလ္လဝါစာကို ယူရခြင်း, ပါစိတ်အရာဝယ် အစေလကဝဂ်လာ ရဟောနိသဇ္ဇသိက္ခာ ပုဒ် ၂-ပါးလုံးကို ယူရခြင်းများ ထူးပါသည်။

**အနိယတ အဖွင့်ပြီး၏။**

http://www.dhammadownload.com



## နိဿဂ္ဂိယကဏ္ဍ
## ကထိနသိက္ခာပုဒ်

➤ **နိဋ္ဌိတစီဝရ အဓိပ္ပါယ် (နိဋ္ဌိတစီဝရဖြစ်ပုံ)** ။ ။ အပ်ချုပ်မှု၏ ပြီးဆုံးခြင်းကြောင့်သော်ရင်း, သင်္ကန်းပျောက်ခြင်း, ပျက်ခြင်း, မီးလောင်ခြင်း, သင်္ကန်း၌ဖြစ်သော အလိုအာသာ ပြတ်စဲခြင်းတို့တွင် တစ်ပါးပါးသော အခြင်းအရာကြောင့်သော်ရင်း စီဝရပလိဗောဓ ပြတ်သည်ကို "နိဋ္ဌိတစီဝရ"ဟု ဆိုပါသည်။

➤ **နိဋ္ဌိတစီဝရ-အရ သင်္ကန်းကိစ္စ ပြီးစီးနိုင်ခြင်းအကြောင်း ၅-ပါး**

(၁) အပ်ချုပ်မှု၏ ပြီးဆုံးခြင်း၊ (၂) သင်္ကန်းချုပ်နေစဉ် ခိုးသူလုယက်၍ ပျောက်ခြင်း (၃) ခြ,စသည်ကိုက်၍ ပျက်သွားခြင်း (၄) မီးလောင်သွားခြင်း (၅) သင်္ကန်း၌ဖြစ်သော အလိုအာသာ ပြတ်စဲခြင်း-တို့ ဖြစ်ပါသည်။

➤ **စီဝရပလိဗောဓပြတ်စဲခြင်းကို နိဋ္ဌိတစီဝရ-ဟု ခေါ်နိုင်ခြင်းအကြောင်း**

ကထိန်ခင်းပြီးသော ရဟန်းအား သင်္ကန်းပျောက်ခြင်းစသော အခြင်းအရာတို့ဖြင့် စီဝရပလိဗောဓ မပြတ်စဲသေးသမျှ ကာလပတ်လုံး ကထိန်အာနိသင်ကို ရနိုင်သောကြောင့်- စီဝရပလိဗောဓပြတ်စဲခြင်းကို နိဋ္ဌိတစီဝရ-ဟု ခေါ်နိုင်ပါသည်။

➤ **ကထိန်ခင်းမှုကို ခွင့်ပြုအပ်သော ရဟန်း** ။ ။ ကထိန်ခင်းခြင်းကို မြတ်စွာဘုရားသည် ပုရိမဝါပတ်လုံး နေကုန်ပြီးသော ရဟန်းတို့အား ခွင့်ပြုတော်မူပါသည်။

➤ **ကထိန်ခင်းရာ၌ လိုအပ်သော သံဃာ** ။ ။ အနည်းဆုံး ရဟန်း ၅-ပါးရှိမှ ကထိန်ခင်းနိုင်ပါသည်။

➤ **ကထိန်ခင်းပုံ အစီအစဉ်** ။ ။ (၁) ပုရိမဝါကပ်သော ရဟန်း ၄-ပါး ၃-ပါး ၂-ပါး ၁-ပါးရှိသော ကျောင်း၌ ပစ္ဆိမဝါကပ်သော ရဟန်းတို့ကို ၅-ပါးကိုဏ်းပြည့်အောင် ပြုလုပ်၍ ကထိန်ခင်းရပါမည်။

(၂) ကထိန်သင်္ကန်းရလာလျှင် ကထိန်ခံထိုက်သော ရဟန်းအား ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ပေးရပါမည်။

(၃) ကထိနတ္ထာရဟ ရဟန်းသည် ထိုလှူရာနေ့၌ပင် ငါးပိုင်းသော်ရင်း, ငါးပိုင်းထက်ပို၍သော်ရင်း ဖြတ်၍ ဒုကုဋ်, ကေသိ, သင်းပိုင်တို့တွင် တစ်မျိုးမျိုးကို ချုပ်ရပါမည်၊ ကြွင်းသော ရဟန်းတို့သည် ကထိန်ခင်းမည့်ရဟန်း၏ အဖော်အဖြစ် ကူညီ၍ ချုပ်ပေး ဆိုးပေးရပါမည်။ [ချုပ်ပြီးသော သင်္ကန်းရရှိလျှင် ကောင်းပါသည်၊ မဖြတ်ရ မချုပ်ရသေးသော သင်္ကန်းဖြင့် ကထိန်ခင်းခြင်းငှာ မအပ်ပါ။]

(၄) ကထိန်ခင်းမည့်ရဟန်းသည် ဒုကုဋ်ဖြင့် ခင်းလိုပါက အဟောင်းဖြစ်သော ဒုကုဋ်ကို ပစ္စုဒ္ဓိရ်ပြု၍ အသစ်ဖြစ်သော ဒုကုဋ်ကို အဓိဋ္ဌာန်တင်ကာ "ဣမာယ သံဃာ

http://www.dhammadownload.com



ဋိကာ ကထိနံ အတ္ထရာမိ"ဟု ဆို၍ ကထိန်ခင်းရပါမည်။

(၅) ကထိန်ခင်းပြီးနောက် ကထိန်ခင်းသော ရဟန်းက ပုရိမဝါမှ ထပြီး ဉပစာရ သိမ်အတွင်းရှိ ရဟန်းတို့ကို " အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ"ဟု ဆိုရပါမည်။

(၆) ကြွင်းသော ရဟန်းတို့ကလည်း "အတ္ထတံ ဘန္တေ (အာဝုသော) သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ"ဟုဂင်း, အနုမောဒါမိ-ဟုဂင်း ဆို၍ အနုမောဒနာ ပြုရပါမည်။

မေး ။ ။ ပုရိမဝါကျွတ်သော ရဟန်းတစ်ပါး နှစ်ပါးသာ ရှိနေသော ရွာကျောင်းများ ၌ ကထိန်ခင်းလိုလျှင် မည်သို့ ပြုရမည်ကို ညွှန်ပြပါ။

ဖြေ ။ ။ ပစ္ဆိမဝါသား ရဟန်းတို့ကို ဂဏပူရကပြု၍ ကထိန်ခင်းရပါမည်။

➤ **ပစ္ဆိမဝါကပ်သော ရဟန်းတို့ ကထိန်အာနိသင် မရနိုင်ခြင်းအကြောင်း**

ပစ္ဆိမဝါကပ်သော ရဟန်းတို့သည် ဂိုဏ်းကိုပြည့်စေသူတို့သာ ဖြစ်သောကြောင့် ကထိန်အာနိသင် မရနိုင်ပါ။

➤ **ကထိန်သင်္ကန်း လှူနိုင်သော ပုဂ္ဂိုလ်** ။ ။ အိမ်၌တည်သူ လူဝတ်ကြောင်နှင့် ရသေ့, ရဟန်းတို့ ဖြစ်ပါသည်။

➤ **ကထိန်သင်္ကန်း ပေးလှူရာ၌ လျှောက်ထားပုံ** ။ ။ ဝိနည်းကံနှင့် ညီညွတ်သော သင်္ကန်းကို"ဤသင်္ကန်းဖြင့် ကထိန်ခင်းကြပါကုန်"ဟု လျှောက်ထား၍ ပေးလှူရမည်။

➤ **ကထိနတ္ထာရက (ကထိန်ခင်းထိုက်သော) ရဟန်း၏ ဆောင်ရွက်ပွယ်**

ကထိနတ္ထာရကရဟန်းသည် ထိုလှူရာနေ့၌ပင် ၅-ခဏ်း, ၅-ခဏ်းထက် ပိုလွန် သော အပိုင်းတို့ကိုဖြတ်၍ ဒုကုဋ်, ဧကသီ, သင်းပိုင်တို့တွင် တစ်ထည်ထည်ကို ပြုလုပ် ရပါမည်။

➤ **မဖြတ်ရသေးသည့် သင်္ကန်းဖြင့် ကထိန်ခင်းနိုင်/မခင်းနိုင်** ။ ။ မဖြတ်အပ် မချုပ်အပ်သေးသော သင်္ကန်းသည် ကထိန်ခင်းခြင်း၌ မအပ်ဟုဆိုသောကြောင့် ကထိန် မခင်းနိုင်ပါ။

➤ **ဒုကုဋ် (သင်္ကန်းကြီး) ဖြင့် ကထိန်ခင်းပုံ** ။ ။ ကထိန်ခင်းမည့်ရဟန်းသည် ဒုကုဋ်ဖြင့် ခင်းလိုပါက အဟောင်းဖြစ်သော ဒုကုဋ်ကို ပစ္စုဒ္ဓိုရ်ပြု၍ (ဝါ) အဓိဋ္ဌာန် ချ၍ အသစ်ဖြစ်သော သင်္ကန်းကို အဓိဋ္ဌာန်တင်ပြီးလျှင် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"ဟု ဆို၍ ခင်းရပါမည်။

➤ **ဧကသီဖြင့် ကထိန်ခင်းပုံ** ။ ။ ဧကသီဖြင့် ခင်းလိုပါက အဟောင်းဖြစ်သော ဧကသီကို ပစ္စုဒ္ဓိုရ်ပြု၍ (ဝါ) အဓိဋ္ဌာန်ချ၍ အသစ်ဖြစ်သော သင်္ကန်းကို အဓိဋ္ဌာန်

http://www.dhammadownload.com



တင်ပြီးလျှင် "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ"ဟု ဆို၍ ခင်းရပါမည်။

➤ **သင်းပိုင်ဖြင့် ကထိန်ခင်းပုံ** ။ ။ သင်းပိုင်ဖြင့် ခင်းလိုပါက အဟောင်းဖြစ်သော သင်းပိုင်ကို ပစ္စုဒ္ဓိုရ်ပြု၍ (ဝါ) အဓိဋ္ဌာန်ချ၍ အသစ်ဖြစ်သော သင်္ကန်းကို အဓိဋ္ဌာန် တင်ပြီးလျှင် "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"ဟု ဆို၍ ခင်းရပါမည်။

➤ **ကထိန် အနုမောဒနာပြုရန် တိုက်တွန်းပုံ ပါဠိ** ။ ။ အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။

➤ **ကထိန်အနုမောဒနာ ပြုပုံ ပါဠိ** ။ ။ အတ္ထတံ ဘန္တေ (အာဝုသော) သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ (အနုမောဒါမိ)။

➤ **ပုရိမဝါကပ်သော ရဟန်းတိုင်း ကထိန်အာနိသင် ရနိုင်/မရနိုင်**

ကထိန်အနုမောဒနာပြုသော ရဟန်းတို့သည်သာ ကထိန်ခင်းရာရောက်သော ကြောင့် ပုရိမဝါကပ်သော ရဟန်းတိုင်း ကထိန်အာနိသင် မရနိုင်ပါ။ (အနုမောဒနာ ပြုသော ရဟန်းတို့သာ ကထိန်အာနိသင် ရသည်ဟု မှတ်ပါ။)

➤ **ကထိန်အာနိသင် (ကထိန်အကျိုး) ၅-ပါး** ။ ။ (၁) အနာမန္တစာရ-ခွင့်မပန်ဘဲ အိမ်တို့၌ လှည့်လည်သွားလာနိုင်ခြင်း (၂) အသမာဒါနစာရ-တိစီဝရိက် အဓိဋ္ဌာန်ဝင် အပ်သော သင်္ကန်းကို သွားလေရာသို့ ယူမသွားဘဲ လှည့်လည်နိုင်ခြင်း (၃) ယာဝ ဒတ္ထစီဝရ-အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ သင်္ကန်းများကို အလိုရှိသလောက် ထားနိုင်ခြင်း (၄) ဂဏဘောဇန-ဂဏဘောဇဉ်ကို အတူတကွ ခံယူနိုင်ခြင်း (၅) ယောစ တတ္ထ စီဝရုပ္ပါဒ-ကထိန်ခင်းရာကျောင်းတိုက်၌ ဖြစ်ပေါ်လာသမျှ သင်္ကန်းအားလုံးသည် ကထိန်အာနိသင်ရထားသော ပုရိမဝါသား ရဟန်းများနှင့်သာ သက်ဆိုင်ခြင်း။

➤ **ကထိန်အာနိသင်ကြောင့် အပြစ်မှ ကင်းလွတ်ခွင့်ရသော သိက္ခာပုဒ်များ**

(၁) အနာမန္တစာရကြောင့် စာရိတ္တသိက္ခာပုဒ်၊ (၂) အသမာဒါနစာရကြောင့် ဒုတိယ ကထိနသိက္ခာပုဒ် (၃) ယာဝဒတ္ထစီဝရကြောင့် ပထမ ကထိနသိက္ခာပုဒ်၊ (၄) ဂဏ ဘောဇနကြောင့် ဂဏဘောဇနသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

➤ **ကထိန်နုတ်ကြောင်း မာတိကာ ၈-ပါး** ။ ။ (၁) ပက္ကမနန္တိကာ-ဖဲသွားခြင်း အဆုံးရှိသော နုတ်ခြင်း၊ (၂) နိဋ္ဌာနန္တိကာ-သင်္ကန်းပြီးဆုံးခြင်း အဆုံးရှိသောနုတ်ခြင်း (၃) သန္နိဋ္ဌာနန္တိကာ-ဆုံးဖြတ်ခြင်းအဆုံးရှိသော နုတ်ခြင်း (၄) နာသနန္တိကာ-သင်္ကန်း လျှာ အဝတ် ပျောက်ဆုံးခြင်းအဆုံးရှိသော နုတ်ခြင်း၊ (၅) သဝနန္တိကာ-"ကထိန် ခင်းကြသတဲ့"ဟု ကြားခြင်းအဆုံးရှိသော နုတ်ခြင်း၊ (၆) အာသာဝစ္ဆေဒိကာ-အာသာ ပြတ်စဲခြင်းရှိသော နုတ်ခြင်း၊ (၇) သီမာတိက္ကန္တိကာ-ဥပစာရသိမ်ပြင်ပ၌ သင်္ကန်း ကာလကို လွန်ခြင်းရှိသော နုတ်ခြင်း၊ (၈) သဟုဗ္ဘာရာ-အတူတကွ နုတ်ခြင်းရှိသော

http://www.dhammadownload.com



နှုတ်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ပလိဗောဓ ၂-ပါး၌ ပါဝင်သော မာတိကာများ** ။ ။ စီဝရပလိဗောဓ ပြတ်စဲရာ၌ နိဋ္ဌာနန္တိကာ, နာသနန္တိကာ, အာသာဝစ္ဆေဒိကာ-ဟူသော ကထိန်နှုတ်ခြင်း မာတိကာ ၃-ပါး ပါဝင်ပါသည်။ အာဝါသပလိဗောဓ ပြတ်စဲရာ၌ ကြွင်းသော ကထိန်နှုတ်ခြင်း မာတိကာ ၅-ပါး ပါဝင်ပါသည်။

**မေး** ။ ။ အဘယ်သက်န်းသည် "ဒသာဟပရမ အတိရေကစီဝရ" ဖြစ်၍ အဘယ် သင်္ကန်းသည် "ဒသာဟာတိက္ကမ" ဖြစ်ပါသနည်း၊ အချိန်ပိုင်း၍ ဖြေပြပါ။

**ဖြေ** ။ ။ သင်္ကန်းဖြစ်ပေါ်ရာ နေ့နှင့်တကွ ဆယ်ရက်အတိုင်းအရှည်ရှိသော အဓိဋ္ဌာန် ဝိကပ္ပနာပြုအပ်သော သင်္ကန်းတို့မှ အပိုအလွန်ဖြစ်သော သင်္ကန်းသည် "**ဒသာ ဟ ပရမ အတိရေကစီဝရ**" ဖြစ်ပါသည်။

သင်္ကန်းဖြစ်ပေါ်ရာ နေ့နှင့်တကွ (၁၁)အရုဏ်တက်သော အခါ "**ဒသာဟာ တိက္ကမ**" ဖြစ်ပါသည်။

➤ **ဒသာဟပရမ အဓိပ္ပါယ်** ။ ။ ဆယ်ရက်အလွန် အပိုင်းအခြားရှိသော ကာလ သည် "ဒသာဟပရမ" မည်ပါသည်။

➤ **အတိရေကစီဝရ အဓိပ္ပါယ်** ။ ။ အဓိဋ္ဌာန်တင်အပ်သော သင်္ကန်း, ဝိကပ္ပနာပြု အပ်သော သင်္ကန်းတို့၌ မပါဝင်သောကြောင့် အပိုအလျှံဖြစ်သော သင်္ကန်းသည် "အတိ ရေက စီဝရ" မည်ပါသည်။

**မေး** ။ ။ ကထိန်ခင်းသော ကျောင်းတိုက်မှ အခြားကျောင်းတိုက်သို့ သင်္ကန်းကာလ အတွင်း ပြောင်းရွှေ့သွားသော ရဟန်းအား ကထိန်အာနိသင် ရ/မရ အကြောင်း ပြ၍ ဆုံးဖြတ်ပြပါ။

**ဖြေ** ။ ။ နိဋ္ဌိတစီဝရဖြစ်သည့် ပြောင်းရွှေ့သွားသောရဟန်းအား အာဝါသပလိဗောဓ ပြတ်စဲသောကြောင့် ကထိန်အာနိသင် မရပါ။ [နိဋ္ဌိတစီဝရ မဖြစ်ဘဲ စီဝရ ပလိ ဗောဓ ရှိသေးလျှင်ကား ပြောင်းရွှေ့သွားသော်လည်း ကထိန်အာနိသင် ရနိုင်ပါသည်]

➤ **ဥဗ္ဘတသ္မိံ ကထိနေ-ဟူသောပါဠိဖြင့်** ။ ။ အာဝါသပလိဗောဓ မရှိခြင်းကို ညွှန်ပြပါသည်။

➤ **နိဋ္ဌိတစီဝရသ္မိံ-ဟူသောပါဠိဖြင့်** ။ ။ စီဝရပလိဗောဓ မရှိခြင်းကို ညွှန်ပြသည်။

➤ **အတိရေကစီဝရံ-၌ စီဝရ-အရ (သင်္ကန်း ၆-မျိုး)**

➤ **ဇာတိသင်္ကန်းတို့၏ သရုပ်** ။ ။ (၁) ခေါမ-ခေါမတိုင်း၌ဖြစ်သော သင်္ကန်း၊ (၂) ကပ္ပါသိက-ဝါချည်ဖြင့် ရက်အပ်သော သင်္ကန်း (၃) ကောသေယျ-ပိုးချည်ဖြင့်ရက် အပ်သော သင်္ကန်း (၄) ကမ္ဗလ-သိုးမွေးချည်သင်္ကန်း (၅) သာဏ-ပိုက်ဆံချည်သင်္ကန်း

http://www.dhammadownload.com



(၆) ဘဂ်-ဘန်ချည်သက်နဲ (ဝါ) ငါးမျိုးစုံရောစ၍ ရက်အပ်သော သက်န်း။ [ဤကား မူလစီဝရအားဖြင့် ခွဲပုံဖြစ်ပါသည်။]

➤ **အနုလောမသင်္ကန်း ၆-မျိုး** ။ ။ (၁) ဒုကူလ-ဘွဲ့ဖြူအဝတ်သင်္ကန်း (၂) ပတ္တုဏ္ဏ ပတ္တုဏ္ဏတိုင်း၌ဖြစ်သော ပိုးချည်အဝတ်သင်္ကန်း (၃) သောမာရပဋ္ဋ-သောမာရတိုင်း၌ ဖြစ်သော အဝတ်သင်္ကန်း (၄) စိနပဋ္ဋ-စိန့်တိုင်း၌ဖြစ်သော အဝတ်သင်္ကန်း (၅) ဣဒ္ဓိဇ ဧဟိဘိက္ခုခေါ်တော်မူသောအခါ ကမ္မဝိပါကြောင့်ဖြစ်သော အဝတ်သင်္ကန်း (၆) ဒေဝဒိန္န-နတ်တို့လှူအပ်သော အဝတ်သင်္ကန်း-တို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်၌ အလိုရှိအပ်သောသင်္ကန်း** ။ ။ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော မြတ်စွာဘုရား၏ အလျား လက်ရှစ်သစ်, အနံ လက်လေးသစ်ရှိသော သင်္ကန်းကိုသာ အလိုရှိပါသည်။

➤ **အတိရေကစီဝရံ-၌ သင်္ကန်း၏ ဇာတိနှင့်ပမာဏ** ။ ။ ခေါ်မသင်္ကန်းစသော မူလသင်္ကန်း (၆)မျိုးတို့တွင် တစ်မျိုးမျိုးသည်ရင်း, အနုလောမသင်္ကန်း ၆-မျိုးတို့တွင် တစ်မျိုးမျိုးသည်ရင်း သင်္ကန်း၏ ဇာတိ(အမျိုးဇာတ်) ဖြစ်ပါသည်။

* ပမာဏအားဖြင့် ဝိကပ္ပနာလောက်သော နောက်ဆုံးဖြစ်သော သင်္ကန်းကို ဤ သိက္ခာပုဒ်၌ အလိုရှိပါသည်။

➤ **အဓိဋ္ဌာန်, ဝိကပ္ပနာပြုနိုင်သော အငယ်ဆုံးသင်္ကန်း ပမာဏ** ။ ။ ဘုရားရှင်၏ လက်သစ်တော်ဖြင့် အလျား လက်ရှစ်သစ်၊ အနံ လက်လေးသစ်ရှိသော သင်္ကန်းဖြစ်ပါသည်။

➤ **သင်္ကန်း ၉-ထည်သရုပ်** ။ ။ (၁) သံဃာဋိ-ဒုကုဋ် (၂) ဥတ္တရာသင်္ဂ-ကေသီ (၃) အန္တရဝါသက-သင်းပိုင် (၄) ပစ္စတ္ထရဏ-အပေါ်လွှမ်းအိပ်ရာခင်း (၅) ဝဿိက သာဋိက-မိုးရေခံသင်္ကန်း (၆) ကဏ္ဍုပ္ပဋိစ္ဆာဒိ-အနာလွှမ်းသင်္ကန်း (၇) မုခပုဉ္ဆနစောဠ-မျက်နှာသုတ်ပဝါ (၈) ပရိက္ခာရစောဠ-ပရိက္ခရာအဝတ် (၉) နိသီဒန-နိသီဒိုင်။

➤ **ယခုခေတ်၌ အသုံးပြု/မပြုသော သင်္ကန်း** ။ ။ ယခုခေတ်၌ နိသီဒိုင်, မိုးရေခံ သင်္ကန်း, အနာလွှမ်းသင်္ကန်းတို့ကို အသုံးမပြုတော့ပါ။ ကြွင်း (၆)ထည်ကိုသာ အသုံးပြုပါသည်။

➤ **သင်္ကန်း ၉-ထည်တို့ကို အဓိဋ္ဌာန် ဝိကပ္ပနာပြုရမည့် အစီအရင်များ**

သင်္ကန်း ၉-ထည်တို့ကို အဓိဋ္ဌာန်တင်သော အခါ မိမိကိုယ်ပိုင် အမည်ဖြင့်ရင်း, ပရိက္ခာရစောဠ အမည်ဖြင့်ရင်း အဓိဋ္ဌာန် တင်ရပါမည်။

ဝိကပ္ပနာပြုရာ၌ကား မိမိကိုယ်ပိုင်အမည်ဖြင့် ဝိကပ္ပနာ မပြုရ သာမည စီဝရ အမည်ဖြင့်သာ ဝိကပ္ပနာ ပြုရပါမည်။

http://www.dhammadownload.com



မိုးရေခံသင်္ကန်းနှင့် အမာလွှမ်းသင်္ကန်းမှ တစ်ပါး ကျန်သော သင်္ကန်းတို့ကို အဓိဋ္ဌာန်သာ တင်ရပါမည်။ ဝိကပ္ပနာ မပြုရပါ။

မိုးရေခံသင်္ကန်းကို မိုးလေးလပတ်လုံး အဓိဋ္ဌာန်တင်၍ မိုးလလွန်သောအခါ ဝိကပ္ပနာပြုထားရပါမည်။

အမာလွှမ်းသင်္ကန်းကို အနာရှိသမျှကာလပတ်လုံး အဓိဋ္ဌာန်တင်၍ အနာပျောက်သွားသောအခါ ဝိကပ္ပနာပြုထားရပါမည်။

➤ **တိစီဝရိတ် အဓိဋ္ဌာန်တင်နိုင်သော အကြီးဆုံးသင်္ကန်း ပမာဏနှင့် အငယ်ဆုံးသင်္ကန်း ပမာဏ ။ ။** တိစီဝရိတ် အဓိဋ္ဌာန်တင်နိုင်သော သင်္ကန်းသည် ဥက္ကဋ္ဌ ပရိစ္ဆေဒ (အကြီးဆုံး)အားဖြင့် မြတ်စွာဘုရားသင်္ကန်းတော်အောက် ယုတ်လျော့သော သင်္ကန်း ဖြစ်ပါသည်။

ယုတ်သော အပိုင်းအခြား (အငယ်ဆုံး)အားဖြင့် သင်္ကန်းကြီးနှင့် ကေသီသည် အလျား ၅-တောင် တောင်ဆုပ်၊ အနံ ၃-တောင် တောင်ဆုပ် ဖြစ်ပါသည်။

သင်းပိုင်သည် အလျား ၅-တောင် တောင်ဆုပ်၊ အနံ ၂-တောင်ရှိရပါမည်။

➤ **ပရိက္ခာရစောဠအဖြစ် အဓိဋ္ဌာန်တင်ရမည့် သင်္ကန်း ။ ။** ဆိုအပ်ပြီးသော ပမာဏထက် (ဝါ) ပမာဏအောက် ပိုလွန်သော သင်္ကန်း, ယုတ်လျော့သော သင်္ကန်းကို ပရိက္ခာရစောဠ-ဟု အဓိဋ္ဌာန် တင်ရပါမည်။

➤ **တိစီဝရိတ်ကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ရကျိုး ။ ။** လွယ်ကူချမ်းသာစွာ အသုံးပြုနိုင်ခြင်း အကျိုးရှိပါသည်။

➤ **တိစီဝရိတ်ကို အဓိဋ္ဌာန် မတင်မီ ပြုလုပ်ရမည့်အချက်များ ။ ။** တိစီဝရိတ်ကို အဓိဋ္ဌာန်တင်လိုသော ရဟန်းသည် အဓိဋ္ဌာန် မတင်မီ ရှေ့အဘို့တွင် သင်္ကန်းကို ဆိုးခြင်း, ကပ္ပဗိန္ဒုထိုးခြင်း အမှုတို့ကို ကြိုတင်ပြုလုပ်ရမည်၊ ယင်းသို့ ပြုလုပ်ပြီးမှ ၎င်းတိစီဝရိတ်များ ပမာဏလောက်လျှင် အဓိဋ္ဌာန်တင်ရပါမည်။

➤ **သင်္ကန်း ၉-ထည်တို့တွင် ကာလအပိုင်းအခြားအားဖြင့် အဓိဋ္ဌာန်တင်အပ်သော သင်္ကန်း ။ ။** မိုးရေခံသင်္ကန်း, အနာလွှမ်းသင်္ကန်းတို့ ဖြစ်ပါသည်။

➤ **မိမိအမည်ဖြင့် အဓိဋ္ဌာန်တင်ထားသော သင်္ကန်း ၉-ထည်တို့တွင် ပမာဏ သတ်မှတ်ချက်ရှိသော သင်္ကန်း ။ ။** ဒုကုဋ်, ကေသီ, သင်းပိုင်, မိုးရေခံသင်္ကန်း, အနာလွှမ်းသင်္ကန်း, နိသီဒိုန်တို့ ဖြစ်ပါသည်။

➤ **ပမာဏ သတ်မှတ်ချက် မရှိသော သင်္ကန်း ။ ။** အပေါ်လွှမ်း အိပ်ရာခင်း, မျက်နှာသုပ် ပဝါ, ပရိက္ခရာ အဝတ်-တို့ ဖြစ်ပါသည်။

➤ **အရေအတွက် သတ်မှတ်ချက်ရှိသော သင်္ကန်း ။ ။** ဒုကုဋ်, ကေသီ, သင်းပိုင်,

http://www.dhammadownload.com



မိုးရေခံသင်္ကန်း, အနာလွှမ်းသင်္ကန်း, နိသီဒိုန်, အပေါ်လွှမ်းအိပ်ရာခင်း, မျက်နှာသုတ်ပဝါ-တို့ ဖြစ်ပါသည်။

➤ **အရေအတွက် သတ်မှတ်ချက် မရှိသော သင်္ကန်း** ။ ။ ပရိက္ခာရစောဠ- ပရိက္ခရာအဝတ် ဖြစ်ပါသည်။

➤ **၁-ထည်သာ အဓိဋ္ဌာန် တင်နိုင်သော သင်္ကန်း** ။ ။ ဒုကုဋ်, ကေသီ, သင်းပိုင်, မိုးရေခံသင်္ကန်း, အနာလွှမ်းသင်္ကန်း, နိသီဒိုန်-တို့ ဖြစ်ပါသည်။

➤ **အများ အပြား အဓိဋ္ဌာန်တင်နိုင်သော သင်္ကန်း** ။ ။ အပေါ်လွှမ်းအိပ်ရာခင်း မျက်နှာသုတ်ပဝါ, ပရိက္ခာရစောဠ-တို့ ဖြစ်ပါသည်။

➤ **အဓိဋ္ဌာန်တင်ပုံ ပစ္စယာဂသရုပ်** ။ ။ (၁) ကာယာဓိဋ္ဌာန်-ကိုယ်ဖြင့်တင်ခြင်း။ (၂) ဝါစာဓိဋ္ဌာန်-နှုတ်ဖြင့်တင်ခြင်း-တို့ ဖြစ်ပါသည်။

➤ **မျက်မှောက်(အနီး) အဓိဋ္ဌာန်တင်ပုံ**

➤ **တိစီဝရိက်ကို (ဟတ္ထပါသ်အတွင်း) အဓိဋ္ဌာန်တင်ပုံ** ။ ။ ဒုကုဋ်ဖြစ်က-- ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။ ကေသီဖြစ်က-- ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။ သင်းပိုင်ဖြစ်က- ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ-ဟု တင်ရမည်။

➤ **တိစီဝရိက်ကို (ဟတ္ထပါသ်အတွင်း) ပစ္စုဒ္ဓိရ်ပြုပုံ /အဓိဋ္ဌာန်ချပုံ**

ဒုကုဋ်ဖြစ်က-- ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။ ကေသီဖြစ်က-- ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။ သင်းပိုင်ဖြစ်က- ဣမံ အန္တဝါသကံ ပစ္စုဒ္ဓရာမိ-ဟု ပစ္စုဒ္ဓိရ်ပြုရပါမည်။

➤ **နှုတ်မြွက်၍ အဓိဋ္ဌာန်တင်ခြင်း ၂-မျိုး** ။ ။ (၁) မျက်မှောက် အဓိဋ္ဌာန်တင်ခြင်း (၂) မျက်ကွယ် အဓိဋ္ဌာန်တင်ခြင်း-တို့ ဖြစ်ပါသည်။

➤ **မျက်ကွယ်(အဝေး) အဓိဋ္ဌာန်တင်ပုံ** ။ ။ သင်္ကန်းကြီးဖြစ်က-- ဧတံ သံဃာဋိံ အဓိဋ္ဌာမိ။ ကေသီဖြစ်က-- ဧတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။ သင်းပိုင်ဖြစ်ပါက-- ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ-ဟု အဓိဋ္ဌာန်တင်ရပါမည်။

➤ **မိုးရေခံသင်္ကန်းနှင့်စပ်၍ မှတ်သားဖွယ်** ။ ။ မိုးရေခံသင်္ကန်းကို မိုးလေးလပတ်လုံး အဓိဋ္ဌာန်တင်ရမည်၊ မိုးလေးလမှနောက်၌ ပစ္စုဒ္ဓိရ်ပြု၍ ဝိကပ္ပနာပြုရမည်။

မိုးရေခံသင်္ကန်းကို အဆင်းပျက်ရုံမှ ဆိုးလျှင် အပ်ပါသည်၊ တစ်ထည်သာလျှင် အပ်၏၊ နှစ်ထည်စသည် မအပ်ပါ။

➤ **ပစ္စတ္ထရဏ- အပေါ်လွှမ်းအိပ်ရာခင်းနှင့်စပ်၍ မှတ်သားဖွယ်** ။ ။ အိပ်ရာခင်းကို အဓိဋ္ဌာန်တင်ရမည်၊ ထိုအိပ်ရာခင်းသည် အကြီးဖြစ်စေ, ၁-ထည်ဖြစ်စေ, အများဖြစ်စေ အပ်ပါသည်။ ညိုသောအခင်း, ရွှေသောအခင်း, အဆာရှိသောအခင်း, ပန်းအဆာရှိသော အခင်း စသည်တို့သည်လည်း အပ်ပါသည်။

http://www.dhammadownload.com



**➢ ကဏ္ဍုပ္ပဋိစ္ဆာဒိ သင်္ကန်း၏အဓိဋ္ဌာန် ဝိကပ္ပနာပြုရမည့် သမယ**

**➢ ကဏ္ဍုပ္ပဋိစ္ဆာဒိ (အနာလွှမ်းသင်္ကန်း) နှင့်စပ်၍ မှတ်သားဖွယ်**

ပမာဏနှင့်ယှဉ်သော အနာလွှမ်းသင်္ကန်းကို အနာရှိသမျှ ကာလပတ်လုံး အဓိဋ္ဌာန်တင်ရပါမည်။ အနာငြိမ်းပျောက်သော် ပစ္စုဒ္ဓိုရ်ပြု၍ ဝိကပ္ပနာ ပြုရပါမည်။ အမာလွှမ်းသင်္ကန်းသည် ၁-ထည်တည်းသာ အပ်ပါသည်။

**မေး** ။ ။ သပိတ်အိတ်, ရေစစ်တို့ကို သင်္ကန်း ၉-ထည်၌ သင့်ရာထည့်သွင်း၍ ယင်းတို့ကို အဓိဋ္ဌာန်ပြုပုံ ပါဠိများကိုလည်း ပြည့်စုံစွာ ရေးပြပါ။

**ဖြေ** ။ ။ သပိတ်အိတ်, ရေစစ်တို့ကို ပရိက္ခာရစောဠ၌ ထည့်သွင်းရပါမည်။

**➢ သပိတ်အိတ်, ရေစစ်တို့ကို အဓိဋ္ဌာန်တင်ပုံ** ။ ။ ဣမာနိ စိဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။

**➢ အဓိဋ္ဌာန်တင်ရန် မလိုသော ပရိက္ခရာ အသုံးအဆောင်များ** ။ ။ (၁) မဉ္စဘိသိ-ညောင်စောင်းပေါ်၌ ခင်းသော ဘုံလျှို (၂) ပီဌဘိသိ-အင်းပျဉ်ပေါ်၌ခင်းသော ဘုံလျှို (၃) ဗိမ္ဗောဟန-ခေါင်းအုံး (၄) ပါဝါရ-ခြုံထည် (၅) ကောဇဝ-ကော်ဇော (၆) သေနာသန-အသုံးအဆောင်အကျိုးငှာ ပေးလှူအပ်သော အခင်း-တို့ ဖြစ်ပါသည်။

**➢ တိစီဝရိက်သင်္ကန်း အဓိဋ္ဌာန်ကျကြောင်း, ပျက်ကြောင်း အင်္ဂါ ၈-ပါး**

(၁) သူတစ်ပါးအား ပေးခြင်း (၂) နိုးသူ့စသည်တို့ လုယက်၍ ယူခြင်း (၃) အကျွမ်းဝင်သဖြင့် ယူခြင်း (၄) လူထွက်ခြင်း (၅) သိက္ခာချခြင်း (၆) သေခြင်း (၇) လိန်ပြန်ခြင်း (၈) ပစ္စုဒ္ဓိုရ်ပြုခြင်း-တို့ ဖြစ်ပါသည်။

**မေး** ။ ။ တိစီဝရိက်သင်္ကန်းတို့တွင် အဘယ်သင်္ကန်း၏ အဘယ်နေရာ၌ အဘယ်မျှလောက် အဘယ်သို့ပေါက်လျှင် အဓိဋ္ဌာန်ပျက်ကြောင်း ဖော်ပြပါ။

**ဖြေ** ။ ။ ဒုကုဋ်နှင့် ကောသိတို့သည် အလျားအစွန်းမှ တစ်ထွာ၊ အနံ အစွန်းဘက်မှ လက်ရှစ်သစ် ပမာဏရှိသော အရပ်၏အတွင်းဘက်၌ လက်သန်း၏ လက်သည်းခွံ ပမာဏ ထုတ်ချင်းပေါက်လျှင် အဓိဋ္ဌာန်ပျက်ပါသည်။ [အပေါက်အတွင်းချည်မျှင်တစ်ချောင်းမျှ မပြတ်သေးပါက အဓိဋ္ဌာန် မပျက်သေးပါ။]

သင်းပိုင်သည် အလျားအစွန်းမှ တစ်ထွာ၊ အနံ အစွန်းမှ လက်လေးသစ် အတွင်း လက်သန်း၏ လက်သည်းခွံ ပမာဏ ထုတ်ချင်းပေါက်လျှင် အဓိဋ္ဌာန်ပျက်ပါသည်။

**➢ မိုးရေခံသင်္ကန်း၏ အဓိဋ္ဌာန်ကျခြင်း, ပျက်ခြင်း, စွန့်ခြင်းအကြောင်း**

မိုးရေခံသင်္ကန်းသည် မိုးလကိုလွန်ခြင်းကြောင့် အဓိဋ္ဌာန်ပျက်ပါသည်။ (ဝါ) ကျပါသည်။ (ဝါ) စွန့်ပါသည်။

http://www.dhammadownload.com



➤ **ကဏ္ဍုပ္ပဋိစ္ဆာဒိ (အမာလွှမ်း) သင်္ကန်း၏ အဓိဋ္ဌာန်ကျခြင်း၊ ပျက်ခြင်း၊ စွန့်ခြင်း အကြောင်း** ။ ။ အမာလွှမ်းသင်္ကန်းသည် အနာပျောက်ခြင်းကြောင့် အဓိဋ္ဌာန်ကျပါသည်။

➤ **မိုးရေခံသင်္ကန်း ဝိကပ္ပနာပြုရာအခါ** ။ ။ မိုးရေခံသင်္ကန်းသည် မိုးလလွန်သည့်အတွက် အဓိဋ္ဌာန်စွန့်သောကြောင့် မိုးလအခါမှနောက်၌ ဝိကပ္ပနာပြုရမည်။

➤ **အမာလွှမ်းသင်္ကန်း ဝိကပ္ပနာပြုရာအခါ** ။ ။ အမာလွှမ်းသင်္ကန်းသည် အနာပျောက်သည့်အတွက် အဓိဋ္ဌာန်စွန့်သောကြောင့် အနာပျောက်ရာအခါမှ နောက်၌ ဝိကပ္ပနာပြုရပါမည်။

➤ **ယခုခေတ် ခြင်ထောင်များ၌ အဓိဋ္ဌာန်တင်ရန် လို/မလို** ။ ။ ခြင်ထောင်သည် ပုဂ္ဂလိကပင်ဖြစ်သော်လည်း သေနာသန အသုံးအဆောင်ဖြစ်သောကြောင့် အဓိဋ္ဌာန်တင်ရန် မလိုပါ။

➤ **ပါရာဇိက ကျသူ၏သင်္ကန်းသည် အဓိဋ္ဌာန်ပျက်/မပျက်** ။ ။ သိက္ခာချခြင်းကြောင့်လည်း အဓိဋ္ဌာန်ပျက်သောကြောင့် ပျက်ပါသည်။

➤ **သင်္ကန်း ၉-ထည်တို့တွင် ကပ္ပဗိန္ဒု ထိုးရန်လိုသော သင်္ကန်း** ။ ။ (၁) ဒုကုဋ် (၂) ကောသိ (၃) သင်းပိုင် (၄) မိုးရေခံသင်္ကန်း (၅) အမာလွှမ်းသင်္ကန်း-တို့ ဖြစ်သည်။

➤ **ကပ္ပဗိန္ဒု ထိုးရန် မလိုသောသင်္ကန်း** ။ ။ (၁) အပေါ်လွှမ်းအိပ်ရာအခင်း (၂) ပရိက္ခရာအဝတ် (၃) မျက်နှာသုတ်ပဝါ (၄) နိသီဒိုန်-တို့ ဖြစ်ပါသည်။

➤ **ထိုးရန်လိုသော သင်္ကန်း** ။ ။ ဒုကုဋ်၊ ကောသိ၊ သင်းပိုင်၊ မိုးရေခံသင်္ကန်း။

➤ **ထိုးရန် မလိုသော သင်္ကန်း** ။ ။ အပေါ်လွှမ်းအိပ်ရာခင်း၊ ပရိက္ခရာအဝတ်၊ အမာလွှမ်းသင်္ကန်း၊ မျက်နှာသုတ်ပဝါ၊ နိသီဒိုန်-တို့ ဖြစ်ပါသည်။

➤ **ဒသာဟပရမံ-အရ ရေတွက်ပုံ** ။ ။ ဒသာဟပရမံ-အရ သင်္ကန်းရသော နေ့၏ လွန်ခဲ့ပြီးသော အရုဏ်မှစ၍ ရေတွက်ရပါမည်။

➤ **အနုပညတ်ပါဋ္ဌိကား** - ဒသာဟပရမံ ဖြစ်ပါသည်။

➤ **အတိရေကမယတော အဓိပ္ပါယ်** ။ ။ ဆယ်ရက်အတွင်း၌ အတိရေကစီဝရ မဖြစ်အောင် အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားသည်ကို "အတိရေကမယတော"ဟု ဆိုပါသည်။

➤ **နိဿဂ္ဂိ အဓိပ္ပါယ်** ။ ။ ပါစိတ်အာပတ်ကို ဒေသနာ မပြောမီ ရှေးဦးစွာ စွန့်မှု၊ ဝိနည်းကံကို ပြုရသောကြောင့် "နိဿဂ္ဂိ" မည်ပါသည်။

➤ **နိဿဂ္ဂိအာပတ် ကုစားပုံ အစီအစဉ်** ။ ။ (၁) နိဿဂ္ဂိဖြစ်သော သင်္ကန်းကို သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ် တစ်ဦးဦးထံ၌ စွန့်ရပါမည်၊ (၂) ဗျတ္တ၊ ပဋိဗလ ရဟန်းတစ်ပါးက

http://www.dhammadownload.com



ထိုအာပတ်ကို ခံယူပါမည့်အကြောင်း ဥ တ်ထား၍ သံဃာကို သိစေရပါမည်၊ (၃) ဒေသနာပြောကြားရမည်၊ (၄) ဒေသနာကြားပြီးလျှင် စွန့်အပ်သော သက်န်းကို ဥ တ် ထား၍ ပြန်ပေးရပါမည်။

➤ **နိဿဂ္ဂိသင်္ကန်းကို သံဃာအား စွန့်ပုံပါဠိ** ॥ ॥ ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာ တိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

➤ **နိဿဂ္ဂိသင်္ကန်း ပြန်ပေးပုံပါဠိ** ॥ ॥ ဣမံ စီဝရံ အာယသ္မတော ဒမ္မိ။

➤ **စွန့်အပ်သော နိဿဂ္ဂိပစ္စည်းကို ပြန်မပေးသော ရဟန်း၏အပြစ်**

စွန့်အပ်ပြီးသော ဝတ္ထုကို "ဤဝတ္ထုကို ဤရဟန်းသည် ငါ့အား တကယ်ပေးတာ ပဲ-ဟူသော အမှတ်ဖြင့် ပြန်မပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်။ အမြွက်ထောင ၍ လုယူပါက ဥစ္စာရှင်ရဟန်း၏ ဝန်ချမှုဖြင့် ဘဏ္ဍာကို တန်ဘိုးဖြတ်စေ၍ ဆုံးဖြတ် ရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူခြင်းအကြောင်း** ॥ ॥ဝေသာလီပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ အပိုအလွန်သင်္ကန်းကို ဆောင်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ॥ ॥ (၁) ဆယ်ရက်မလွန်သေးဘဲ ဆယ်ရက်လွန်ပြီဟု အမှတ်ရှိ၍ သုံးစွဲသော ရဟန်း, ယုံမှားသံသယဖြင့် သုံးစွဲသော ရဟန်းတို့အား ဒုက္ကဋ် အာပတ် သင့်ပါသည်။

(၂) ဆယ်ရက်လွန်ပြီးသော သင်္ကန်း၌ ဆယ်ရက်လွန်ပြီဟု အမှတ်ရှိသော ရဟန်း, ဆယ်ရက်မလွန်သေးဟု အမှတ်ရှိသော ရဟန်း, ယုံမှားသံသယရှိသော ရဟန်းတို့အား နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **နိဿဂ္ဂိထိုက်သော သင်္ကန်းများ** ॥ ॥ အဓိဋ္ဌာန်မတင်အပ်သော သင်္ကန်း, ဝိကပ္ပနာ မပြုအပ်သော သင်္ကန်း, သူတစ်ပါးတို့အား မစွန့်သော သင်္ကန်း [ တို့၌ အဓိဋ္ဌိတ စသည်ဟု အမှတ်ဖြင့် သုံးစွဲသော ရဟန်းအား နိဿဂ္ဂိပါစိတ်]

➤ **အာပတ်မှ လွတ်ခွင့်ရှိသော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ॥ ॥ ဆယ်ရက်အတွင်း ၌ အဓိဋ္ဌာန်တင်အပ်ပြီးသော သင်္ကန်း, ဝိကပ္ပနာ ပြုပြီးသော သင်္ကန်း, သူတစ်ပါးအား စွန့်လှူသောသင်္ကန်း, ခိုးသူအတွက် ပျောက်ပျက်သော သင်္ကန်း, ခြ စသည်ကြောင့် ပျက်စီးသော သင်္ကန်း, မီးလောင်သော သင်္ကန်း, ဓားပြတို့ လုယူသောသင်္ကန်း, အကျွမ်း ဝင်ခြင်းကြောင့် ယူသောသင်္ကန်းတို့ကို သုံးစွဲသော ရဟန်း၊ ဥမ္မတ္တကရဟန်း။

➤ **အာပတ် (၇)ပုံကို ဝိပတ္တိ ၄-ပါးဖြင့် ခွဲပုံ** ॥ ॥ ပါရာဇိကအာပတ်နှင့် သံဃာဒိသိသ် အာပတ်တို့သည် သီလဝိပတ္တိ၊ ကြွင်းသော အာပတ်တို့သည် အာစာရဝိပတ္တိ။ အာဇီဝ

http://www.dhammadownload.com



ဝိပတ္တိ သိက္ခာပုဒ်, ဒိဋ္ဌိဝိပတ္တိ သိက္ခာပုဒ်ဟူ၍ တိုက်ရိုက်မရှိ သို့သော် အာဇီဝဝိပတ္တိ-ဟူသော အကြောင်းကြောင့် ဒုဋ္ဌုလ္လအာပတ်မှတစ်ပါး ကြွင်းသော အာပတ် (၆)ပါး တို့ကို ပညတ်တော်မူပါသည်။ ဒိဋ္ဌိဝိပတ္တိဟူသော အကြောင်းကြောင့် ပါစိတ်အာပတ် နှင့် ဒုက္ကဋ်အာပတ်တို့ကို ပညတ်တော်မူပါသည်။

➤ **သီလဝိပတ္တိကြောင့် သင့်သောအာပတ်** ။ ။ ပါရာဇိကအာပတ်နှင့် သံဃာ ဒိသိသ်အာပတ်တို့ ဖြစ်ပါသည်။

➤ **အာစာရဝိပတ္တိကြောင့် သင့်သောအာပတ်** ။ ။ ပါရာဇိကအာပတ်, သံဃာ ဒိသိသ်အာပတ်တို့မှတစ်ပါး ကျန် ၅-ပါး ဖြစ်ပါသည်။

➤ **အာဇီဝဝိပတ္တိကြောင့် သင့်သောအာပတ်** ။ ။ ဒုဋ္ဌုလ္လအာပတ်မှတစ်ပါး ကျန် ၆-ပါး ဖြစ်ပါသည်။

➤ **ဒိဋ္ဌိဝိပတ္တိကြောင့် သင့်သောအာပတ်** ။ ။ ပါစိတ်နှင့် ဒုက္ကဋ်အာပတ်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ဇာတ်ပမာဏလောက်သော သင်္ကန်း၏ မိမိ ဥစ္စာဖြစ်ခြင်း (၂) နေ့ရက် အရေအတွက်သို့ရောက်ခြင်း (၃) ပလိဗောဓ ပြတ်ပြီးခြင်း (၄) အပိုသင်္ကန်းဖြစ်ခြင်း (၅) ဆယ်ရက်လွန်ခြင်း-တို့ ဖြစ်ပါသည်။

**ဥဒေါသိတသိက္ခာပုဒ်**

➤ **တိစီဝရေန ဝိပ္ပဝသေယျ-၌ တိစီဝရ-အရ** ။ ။ တိစီဝရိက် အဓိဋ္ဌာန်တင်သော နည်းဖြင့် အဓိဋ္ဌာန်တင်ပြီးသော သံဃာဋိ-စသော သင်္ကန်းသုံးထည်တို့တွင် တစ်ထည် ထည်ကို ယူရပါမည်။

➤ **ဝိပ္ပဝသေယျ အဓိပ္ပါယ်** ။ ။ အကြောင်းအားလျော်စွာ ဂါမ,စသော အရပ်၌ သင်္ကန်းကိုထားလျှင် ထိုအရပ်၏ အပြင်ဘက်၌ ဟတ္ထပါသ်ကို လွန်၍ နေခြင်းကို "ဝိပ္ပ ဝသေယျ"ဟု ဆိုပါသည်။

**မေး** ။ ။ တိစီဝရေန ဝိပ္ပဝသေယျ-အရ အဘယ်ကဲ့သို့ နေခြင်းကို **တိစီဝရိတ်နှင့်ကင်း၍ နေသည် ဟု ခေါ်ပါသနည်း။**

**ဖြေ** ။ ။ အကြောင်းအားလျော်စွာ ဂါမ,စသောအရပ်၌ သင်္ကန်းကိုထားလျှင် ထိုအရပ် ၏ အပြင်ဘက်၌ ဟတ္ထပါသ်ကို လွန်၍ နေခြင်းကို "တိစီဝရိတ်နှင့် ကင်း၍ နေ သည်" ဟု ခေါ်ပါသည်။

➤ **တိစီဝရိက်သင်္ကန်း ထားနိုင်ရာ အရပ်(ဌာန)များ** ။ ။ ဂါမ-ရွာ၊ နိဝေသန-အိမ်၊ ဥဒေါသိတ-ဘဏ္ဍာတိုက်၊ အဋ္ဋ-ပြအိုး။ မာဠ-တန်ဆောင်ဝိုင်း။ ပါသာဒ-အထွတ် တပ်သော ပြာသဒ်ရှည်၊ ဟမ္မိယ-အထွတ် မတပ်အပ်သော ပြာသဒ်ဦးပြည်။ (ဝါ) အုတ်တိုက်၊ နာဝါ-လှေ၊ သတ္ထ-လှည်းကုန်သည်, လှေကုန်သည်အပေါင်း။ ခေတ္တ-လယ်,

http://www.dhammadownload.com



ယာ၊ ခေဒကရဏ-စပါးပြုလုပ်ရာ ကောက်နယ်တလင်း၊ အာရာမ-သစ်သီး အာရာမ်, ပန်းအာရာမ်၊ ဝိဟာရ-ကျောင်းတိုက်၊ ရုက္ခမူလ-သစ်ပင်၏ အနီးအောက်၊ အဇ္ဈော ကာသ-လွင်တီးခေါင်-တို့ ဖြစ်ပါသည်။

➤ **အညတြ ဘိက္ခုသမ္မုတိယာ-၌ သမ္မုတိ-အရ** ။ ။သံဃာသည် ဂိလာနရဟန်း အား ပေးအပ်သော တိစီဝရေ အဝိပ္ပဝါသသမ္မုတိကို ယူရပါမည်။

➤ **သမ္မုတိပေးရမည့် ရဟန်း** ။ ။ တိစီဝရိက်ကို သွားလေရာ ယူမသွားနိုင်သော ဂိလာနရဟန်းအား ပေးရပါမည်။

➤ **သမ္မုတိကို ပေးနိုင်သည့်ပုဂ္ဂိုလ်နှင့် ပေးပုံ** ။ ။ သမ္မုတိကို သံဃာကသာ ပေးနိုင်၍ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ပေးရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသောရဟန်း (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သင်းပိုင်နှင့်တကွ ကိုယ်ရုံဖြင့် ဇနပုဒ် ဒေသစာရီ ဖဲသွားခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

➤ **အနုပညတ်ပါဠိကား**- အညတြ ဘိက္ခု သမ္မုတိယာ ဖြစ်ပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) ညဥ့်ကင်း၍ မနေသော သင်္ကန်း၌ ညဥ့် ကင်း၏ဟု အမှတ်ရှိ၍ သုံးစွဲသော ရဟန်း, ယုံမှားသံသယရှိ၍ သုံးစွဲသော ရဟန်းတို့ အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

(၂) ညဥ့်ကင်း၍နေသော သင်္ကန်း၌ ညဥ့်ကင်း၏ဟု အမှတ်ရှိသော ရဟန်း, ညဥ့်မကင်းဟု အမှတ်ရှိသော ရဟန်း, ယုံမှားသံသယရှိသော ရဟန်းတို့အား နိဿဂ္ဂိ ပါစိတ်အာပတ်၊ ပစ္စုဒ္ဓိုရ် မပြုအပ်သော သင်္ကန်း, မစွန့်အပ်သော သင်္ကန်း စသည်တို့ ၌ ပစ္စုဒ္ဓိုရ်ပြုအပ်ပြီး သင်္ကန်း, စွန့်အပ်သော သင်္ကန်း စသည်ဟု အမှတ်ရှိသော ရဟန်း အား နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **နိဿဂ္ဂိသင်္ကန်း စွန့်ပုံပါဠိ**။ ။ ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) တိစီဝရိက် အဓိဋ္ဌာန်တင်ထားပြီးသော သင်္ကန်း ဖြစ်ခြင်း (၂) ကထိန် မခင်းခြင်း (၃) အဝိပ္ပဝါသ သမ္မုတိ မရခြင်း (၄) ညဥ့်ကင်းခြင်း

➤ **အကိရိယ ၂-ပါးအထူး** ။ ။ ပဌမ ကထိနသိက္ခာပုဒ်၌ အဓိဋ္ဌာန် မတင်ခြင်း ဝိကပ္ပနာ မပြုခြင်းသည် အကိရိယ၊ ဒုတိယ ကထိန သိက္ခာပုဒ်၌ ပစ္စုဒ္ဓိုရ်မပြုခြင်း သည် အကိရိယ၊ ဤသို့ ထူးပါသည်။

ဿ ဿ ဿ ဿ ဿ

http://www.dhammadownload.com



## အကာလစီဝရ သိက္ခာပုဒ်

➤ **အကာလစီဝရ်-၌ ကာလစီဝရ-အရ (စီဝရကာလ-အရ)**

ကထိန် မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၁-လ၊ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်မှ တပေါင်းလပြည့်အထိ ၅-လကို ကာလစီဝရ-အရ ယူရပါမည်။

➤ **အကာလစီဝရ-အရ ။ ။** ကထိန် မခင်းလျှင် တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ (၁၁)လ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်ကျော် ၁-ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ၇-လ ဖြစ်ပါသည်။

➤ **ကာလစီဝရ အဓိပ္ပါယ် ။ ။** ကထိန်း မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် မိုးဥတု၏နောက်ဆုံး တစ်လသည် ကာလစီဝရ မည်ပါသည်။ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တပေါင်းလပြည့်နေ့တိုင်အောင် ၅-လအတွင်း၌ ရရှိသော သင်္ကန်းသည် ကာလစီဝရ မည်ပါသည်။

➤ **အကာလစီဝရ [အကာလသင်္ကန်း] အဓိပ္ပါယ် ။ ။** စီဝရကာလမှ တစ်ပါးသော ကာလ၌ ဖြစ်ပေါ်လာသောသင်္ကန်းသည်၎င်း, စီဝရကာလ၌ သံဃာတော်အား "ဤသင်္ကန်းသည် အကာလသင်္ကန်းပါ"ဟု လှူဒါန်းသော သင်္ကန်းသည်၎င်း, ပုဂ္ဂိုလ်အား "ဤသင်္ကန်းသည် အရှင်အား လှူပါ၏" ဟု လှူဒါန်းအပ်သော သင်္ကန်းသည်၎င်း, အကာလစီဝရ မည်ပါသည်။

➤ **အကာလစီဝရ် ဥပ္ပန္နေယျ-၌ ဥပ္ပန္နေယျ အဓိပ္ပါယ်**

➤ **အကာလသင်္ကန်း ဖြစ်ပေါ်လာပုံ ။ ။** မိမိအဖို့အစုရခြင်း၏ အစွမ်းအားဖြင့် သံဃာမှသော်၎င်း, သုတ္တန္တိက,စသော ဂိုဏ်းမှသော်၎င်း, ဆွေမျိုးအထံမှသော်၎င်း, မိတ်ဆွေအထံမှသော်၎င်း, ပံ့သကူသင်္ကန်း အဖြစ်ဖြင့်၎င်း, မိမိ၏ဝါဂွမ်းချည်-စသော ဥစ္စာဖြင့်သော်၎င်း, တစ်မျိုးမျိုးဖြစ်ပေါ်လာပါသည်။ (ဝါ) ဖြစ်ပေါ်လာခြင်းကို "ဥပ္ပန္နေယျ" ဟု ခေါ်ပါသည်။ [**တစ်နည်း**] သီမာယ ဒေတိ-စသော မာတိကာ ရှစ်ပါးတို့တွင် တစ်ပါးပါးမှ ဖြစ်ပေါ်လာခြင်းကို "ဥပ္ပန္နေယျ" ဟု ခေါ်ပါသည်။

➤ **သင်္ကန်းဖြစ်ကြောင်း မာတိကာ ၈-ပါး ။ ။** (၁) သိမ်၌ သံဃာအားပေးလှူခြင်း, (၂) ကတိကဝတ် သံဃာအားပေးလှူခြင်း, (၃) ဆွမ်းကို ဝတ်တည်ရာ အရပ်၌ ပေးလှူခြင်း, (၄) သံဃာအား ပေးလှူခြင်း, (၅) ဥဘတော သံဃာအား ပေးလှူခြင်း, (၆) ဝါကျွတ် သံဃာအား ပေးလှူခြင်း, (၇) ရည်ညွှန်းပိုင်းခြား၍ လှူခြင်း, (၈) ပုဂ္ဂိုလ်အား ပေးလှူခြင်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



၏"ဟု ပိုင်းခြားသတ်မှတ်ထားသော သိမ်သည် "လာဘသိမ်" မည်ပါသည်။

➤ **ဇနပဒသိမ် အဓိပ္ပါယ်** ။ ။ ကာသိတိုင်း, ကောသလတိုင်း,စသော တိုင်းတို့၏ အတွင်း၌ များစွာသော ဇနပုဒ်တို့တွင် တစ်ခုသော ဇနပုဒ် အပိုင်းအခြားသည် "ဇန ပဒသိမ်" မည်ပါသည်။

➤ **ရဋ္ဌသိမ် အဓိပ္ပါယ်** ။ ။ ကာသိတိုင်း, ကောသလတိုင်း အစရှိသောတိုင်းတို့၏ အပိုင်းအခြားသည် "ရဋ္ဌသိမ်"မည်ပါသည်။

➤ **ရဇ္ဇသိမ် အဓိပ္ပါယ်** ။ ။ တစ်ယောက်သော မင်း၏ အာဏာဖြစ်ရာ အရပ်သည် "ရဇ္ဇသိမ်" မည်ပါသည်။

➤ **ဒီပသိမ် အဓိပ္ပါယ်** ။ ။ သမုဒ္ဒရာအဆုံးဖြင့် ပိုင်းခြားသော ကျွန်းကြီးသည် ၎င်း, အကြား၌ ကျွန်းသည်၎င်း "ဒီပသိမ်" မည်ပါသည်။

➤ **စက္ကဝါဠသိမ် အဓိပ္ပါယ်** ။ ။ တစ်ခုသော စကြာဝဠာတောင်ဟူသော အကာ အရံ၏ အတွင်းအရပ်သည် "စက္ကဝါဠသိမ်" မည်ပါသည်။

➤ **ခဏ္ဍသိမာယ ဒေမ–ဟု လျှောက်ထား၍ လှူရာ၌ ဝေဖန်ပုံ**

ခဏ္ဍသိမာယ ဒေမ-ဟု လျှောက်၍ ပေးလှူအပ်သော ပစ္စည်းဝတ္ထုသည် ခဏ္ဍသိမ် ၌ တည်ကုန်သော ရဟန်းတို့အားသာ ရောက်ပါသည်၊ ခဏ္ဍသိမ်အပြင်ဘက် သီမန္တရိက် ၌ တည်ကုန်သော ရဟန်းတို့အား မရောက်ပါ။

➤ **ဥပစာရသိမာယ ဒေမ–ဟု လျှောက်၍ လှူရာ၌ ဝေဖန်ပုံ** ။ ။ ဥပစာရသိမာယ ဒေမ-ဟု လျှောက်၍ ပေးလှူသော ပစ္စည်းဝတ္ထုသည် အပိုင်းအခြား၏ အတွင်း၌ ခဏ္ဍသိမ်နှင့် သီမန္တရိက်၌ တည်ကုန်သော ရဟန်းတို့အား မရောက်ပါ။

➤ **အဝိပ္ပဝါသသိမ်, လာဘသိမ်ရှိ သံဃာအား ပေးလှူရာ၌ ဝေဖန်ပုံ**

အဝိပ္ပဝါသသိမ်, လာဘသိမ်ရှိ သံဃာအား ပေးလှူသော ပစ္စည်းဝတ္ထုသည် ထို အဝိပ္ပဝါသသိမ်, လာဘသိမ်တို့၏အတွင်း၌ ရောက်ရှိလာသော ရဟန်းတို့အားသာ ရောက်ပါသည်။

➤ **ဂါမသိမ် စသည်တို့၌**--- ပေးလှူသော ပစ္စည်း ဝတ္ထုသည် ထိုသိမ်တို့၏ အတွင်း ရှိ ဗဒ္ဓသိမ်၌တည်ကုန်သော ရဟန်းတို့အားလည်း ရောက်ပါသည်။

➤ **အဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်တို့၌** --- ပေးလှူသော ပစ္စည်းဝတ္ထုသည် ထို သိမ်တွင်း၌ ရောက်လာသော ရဟန်းတို့အားသာ ရောက်ပါသည်။

➤ **ဇနပဒသိမ် စသည်တို့၌**--- ပေးလှူသော ပစ္စည်းဝတ္ထုသည် ထိုသိမ်အတွင်း ရှိ ဗဒ္ဓသိမ်၌တည်ကုန်သော ရဟန်းတို့အားလည်း ရောက်ပါသည်။

➤ **ကထိကာယ ဒေတိ–၌ ကတိကာ အဓိပ္ပါယ်** ။ ။ တူသော လာဘ်ရှိအောင်

http://www.dhammadownload.com



➤ **သီမာယ ဓေတိ အဓိပ္ပါယ်** ။ ။ "သီမာယ ဒမ္မိ"ဟု သိမ်ကို သုံးသပ်၍ ပေးလှူခြင်းသည် သီမာယ ဒေတိ မည်ပါသည်။

➤ **အကာလစီဝရံ ဥပ္ပဇ္ဇေယျ–၌ သက်နှုံးဖြစ်ပေါ်ခြင်း ၇–မျိုး** ။ ။ (၁) မိမိ၏ အဖို့ရခြင်း၏ အစွမ်းဖြင့် သံဃာမှရရှိခြင်း, (၂) သုတ္တန္တိက-စသော ဂိုဏ်းမှရရှိခြင်း, (၃) ဆွေမျိုးထံမှ ရရှိခြင်း, (၄) မိတ်ဆွေထံမှ ရရှိခြင်း, (၅) ပံ့သကူ သင်္ကန်း ရရှိခြင်း, (၆) မိမိ၏ဝါဂွမ်း, ချည်-စသော ဥစ္စာဖြင့် ရရှိခြင်း, (၇) မာတိကာ ၈-မျိုးတို့တွင် တစ်မျိုးမျိုးမှ ရရှိခြင်းတို့ ဖြစ်ပါသည်။

➤ **သီမာယ ဓေတိ–၌ သိမ်အပြား (၁၅)ပါး** ။ ။ (၁) ခဏ္ဍသိမ် (၂) ဥပစာရသိမ် (၃) သမာနသံဝါသသိမ် (၄) အဝိပ္ပဝါသသိမ် (၅) လာဘသိမ် (၆) ဂါမသိမ် (၇) နိဂမ သိမ် (၈) နဂရသိမ် (၉) အဗ္ဘန္တရသိမ် (၁၀) ဥဒကုက္ခေပသိမ် (၁၁) ဇနပဒသိမ် (၁၂) ရဋ္ဌသိမ် (၁၃) ရဇ္ဇသိမ် (၁၄) ဒီပသိမ် (၁၅) စကြာဝဠာသိမ်-တို့ ဖြစ်ပါသည်။

➤ **ဥပစာရသိမ် အဓိပ္ပါယ်** ။ ။ ကာရံအပ်သော ကျောင်းတိုက်၏ အကာအရံဖြင့်၎င်း, မကာရံအပ်သော ကျောင်းတိုက်၏ အကာအရံထိုက်သော အရပ်ဖြင့်၎င်း, ပိုင်းခြားအပ်သော သိမ်သည် "ဥပစာရသိမ်" မည်ပါသည်။

(တစ်နည်း) ရဟန်းတို့ အမြဲစုဝေးရာ အရပ်မှသော်၎င်း, အစွန်ဆုံး၌တည်သော ဆွမ်းစားကျောင်းမှသော်၎င်း, အမြဲနေရာ ကျောင်းမှသော်၎င်း ထာမ မဇ္ဈိမ ပုရိသ၏ ခဲနှစ်ကျ ကျရာအရပ်တို့၏ အတွင်းကို "ဥပစာရသိမ်"ဟု ခေါ်ပါသည်။

**အမှာ/** ဥပစာရသိမ်သည် ကျောင်းတိုးပွားသော် တိုးပွား၏၊ ဆုတ်ယုတ်သော် ဆုတ်ယုတ်၏၊ ယူဇနာတိုင်အောင်လည်း ဥပစာရသိမ် ကျယ်နိုင်၏ဟု မှတ်ပါ။

➤ **ဥပစာရသိမ်ဖြင့် ပိုင်းခြားသတ်မှတ်အပ်သော အစီအရင်**

ဥပစာရသိမ်၌ ပေးလှူအပ်သော လာဘ်သည် ဥပစာရသိမ်အတွင်း၌ တည်ကုန်သော ရဟန်းအားလုံးတို့အား ရပါသည်၊ ဘိက္ခုနီမတို့၏ အာရာမ်အတွင်းသို့ ဝင်ခြင်း သေနာသနကို ခွင့်ပန်ခြင်းတို့ကို၎င်း၊ ပရိဝါသ်, မာနတ်ဆောက်ထားခြင်း, ဝါပြုတ်ခြင်း, နိဿယည်းယူခြင်း, ကျောင်းခံယူခြင်းစသော အစီအရင်အားလုံးကို ဥပစာရသိမ်ဖြင့် ပိုင်းခြားသတ်မှတ်ပါသည်။

➤ **လာဘသိမ် အဓိပ္ပါယ်** ။ ။ မင်း, အမတ်ကြီး စသူတို့က ကျောင်းဆောက်လုပ်စေ၍ တစ်ဂါဝုတ်အရပ်, ယူဇနာဝက်အရပ်, တစ်ယူဇနာအရပ်ကို ကျောင်းတိုက်၏ ပတ်ဝန်းကျင်၌ ပိုင်းခြားကန့်သတ်ပြီးလျှင် "ဤအပိုင်းအခြားသည် ငါတို့ ကျောင်းတိုက်အတွက် လာဘ်အကျိုးငှာ ထားအပ်သော အပိုင်းအခြားတည်း၊ ကင်းခွန် ကောက်စပါး စသော ဝတ္ထုသည် ဤအတွင်း၌ဖြစ်၏၊ ထိုဝတ္ထုကို ငါတို့ကျောင်းတိုက်အား လှူပါကုန်

http://www.dhammadownload.com



ပြုအပ်သော ကထိကဝတ်ကို "ကတိကာ"ဟု ခေါ်ပါသည်။

> **ဘိက္ခာပညတ္တိ အဓိပ္ပါယ်** ။ ။ ဒါယကာ စွန့်ကြဲအပ်သော ပစ္စည်းဝတ္ထု၏ ဝတ်တည်ရာအရပ်သည် "ဘိက္ခာပညတ္တိ" မည်ပါသည်။

> **သံဃဿ ဒမ္မိ-ဟု လျှောက်၍ လှူရာ၌ ဝေဖန်ပုံ** ။ ။ ကျောင်းတိုက်သို့ ဝင်၍ သံဃဿ ဒမ္မိ-ဟု လျှောက်၍ လှူအပ်သော ပစ္စည်းဝတ္ထုသည် ဥပစာရသိမ်၌ ရောက်ရှိလာသော ရဟန်းတို့အားရင်း, ထိုဥပစာရသိမ် အပြင်ဘက်၌ ဥပစာရသိမ်တွင်းရှိ ရဟန်းတို့နှင့် တစစ်တည်းစပ်နေသော ရဟန်းတို့အားရင်း ရောက်ပါသည်။ (ဝါ) ရထိုက်ပါသည်။

> **ဥပစာရသိမ် ပြင်ဘက်၌ လှူပုံ** ။ ။ ဥပစာရသိမ်၏ အပြင်ဘက်၌ ရဟန်းတို့ကို မြင်၍ "သံဃာအား လှူပါ၏"ဟု လျှောက်၍ လှူအပ်သော ပစ္စည်းဝတ္ထုသည် တစ်စပ်တည်း စပ်နေသော ပရိသတ်အား ရောက်ပါသည်။ ၁၂-တောင်အပြင်ရှိ ရဟန်းတို့အား မရောက်ပါ။

> **ဥဘတော သံဃာအား လှူပါ၏ဟု ဆို၍ လှူရာ၌ ဝေဖန်ပုံ** ။ ။ လှူအပ်သော ပစ္စည်းဝတ္ထုမှ တစ်ဝက်ကို ရဟန်းတို့အား ပေးရပါမည်၊ တစ်ဝက်ကို ရဟန်းမတို့အား ပေးရပါမည်။ရဟန်းဘက်က တစ်ပါးတည်းပင်ရှိစေ, သို့မဟုတ် ရဟန်းမဘက်က တစ်ပါးတည်းပင်ရှိစေ, တစ်ဝက်ပေးရပါမည်။ အောက်ထစ်ဆုံး သာမဏေအားလည်း တစ်ဝက်ကိုပင် ပေးရပါမည်။

> **ဥဘတော သံဃာနှင့် အရှင်ဘုရားအား လှူပါ၏ဟု ဆို၍ လှူရာ၌ ဝေဖန်ပုံ**

ဘိက္ခုသံဃာ ၁၀-ပါး, ဘိက္ခုနီသံဃာ ၁၀-ပါးရှိလျှင် ၂၁-ပုံ ပုံ၍ တစ်ပုံကို ပုဂ္ဂိုလ်အားပေးရပါမည်။ ၁၀-ပုံကို ဘိက္ခုသံဃာအား ပေးရပါမည်။ ၁၀-ပုံကို ဘိက္ခုနီသံဃာအား ပေးရပါမည်။ ပုဂ္ဂလိက ဝေစုရသော ပုဂ္ဂိုလ်သည် သံဃအထဲမှ မိမိအတွက် ဝေစုတစ်ပုံ ရနိုင်ပါသေးသည်။ အကြောင်းကား--- ဥဘတော သံဃသဒ္ဒါဖြင့် ပုဂ္ဂိုလ်ကိုလည်း ယူတတ်သောကြောင့်တည်း။

> **သီမာယ ဒမ္မိ-ဟု ပြောဆိုလှူဒါန်းအပ်သော သင်္ကန်းကို ဝိနည်းဓမ္မကံနှင့် အညီ ဆောင်ရွက်ပုံ** ။ ။ သိမ်သည် များစွာရှိ၏၊ အဘယ်သိမ်ကို ရည်ရွယ်၍ ဆိုသနည်းဟု မေးရပါမည်၊ မေး၍ မသိခဲ့သော် ဥပစာရသိမ်၌တည်သော ရဟန်းများ ဝေဖန်ရပါမည်။

> **ဘိက္ခုသံဃာနှင့် ဘိက္ခုနီမတို့အား လှူပါ၏-ဟု ဆို၍ လှူရာ၌ ဝေဖန်ပုံ**

တစ်ဝက်စီခွဲ၍ မပေးရပါ။ ရဟန်းနှင့်ရဟန်းမတို့ကို ရေတွက်၍ ပေးရပါမည်။

http://www.dhammadownload.com



➤ **ဘိက္ခုသံဃာအားရင်း, ဘိက္ခုနီမတို့အားရင်း, အရှင်ဘုရားအားရင်း, လှူပါ၏ဟု ဆို၍ လှူရာ၌ ဝေဖန်ပုံ** ။ ။ ယင်းသို့ လှူခဲ့သော် ပုဂ္ဂိုလ်အတွက် သီးသန့် ဝေစုမပေးဘဲ ဘိက္ခု, ဘိက္ခုနီ အရေအတွက်ကို ရေတွက်၍သာ ဝေဖန်ရပါမည်။

➤ **ဝဿံဝုဋ္ဌသံဃဿ ဒမ္မိ-ဝါကျွတ်သံဃာအား လှူပါ၏-ဟုဆို၍ လှူရာ၌ ဝေဖန်ပုံ** ။ ။ ကျောင်းတိုက်သို့ ဝင်ပြီး "ဝဿံဝုဋ္ဌသံဃဿ ဒမ္မိ-ဝါကျွတ်သံဃာအား လှူပါ၏"ဟု လျှောက်ထားရာ၌ ကျောင်းတိုက်အတွင်းရှိ ရဟန်းတို့သည် ဝါ-မကျိုးမပြတ်ဘဲ ပုရိမဝါပတ်လုံး နေကြ၏၊ ထိုရဟန်းတို့သည် ဥပစာရသိမ် ပြင်ဘက်၌ တည်နေသော်လည်း ရောက်ပါသည်၊ အခြားရဟန်းတို့အား မရောက်ပါ။

**မေး** ။ ။ "ဤကျောင်းတိုက်၌ ဝါကျွတ်ကုန်သော ရဟန်းတို့အား လှူပါ၏"ဟု ဆို၍ တပေါင်းလပြည့်ကျော် (၁)ရက်နေ့၌ လှူဒါန်းသော သင်္ကန်းကို မည်ကဲ့သို့ ဝေဖန်ရမည်နည်း၊ ဖြေဆိုပါ။

**ဖြေ** ။ ။ ထိုအရပ်သို့ ရောက်လာသော သမ္မုခီဘူတ ရဟန်းအားလုံးနှင့် ဆိုင်ပါသည်၊ သမ္မုခီဘူတ ရဟန်းအားလုံး ဝေဖန်ရပါမည်။

➤ **ခိပ္ပမေဝ ကာရေတဗ္ဗံ အဓိပ္ပါယ်** ။ ။ ဆယ်ရက်အတွင်း၌သာ လျှင်မြန်စွာ ပြုစေခြင်းကို "ခိပ္ပမေဝ ကာရေတဗ္ဗံ"ဟု ဆိုပါသည်။

➤ **သတိယာ ပစ္စာသာ-အရ သင်္ကန်းလျာအဝတ်ရနိုင်သော မျှော်လင့်ချက် ရှိရာ ဌာန** ။ ။ ငါ့အဖို့ သင်္ကန်းလျာ အဝတ်သည် ရလိမ့်မည်ဟု သံဃာ, ဂိုဏ်း, ဆွေမျိုးမိတ်ဆွေတို့တွင် တစ်ပါးပါးသော ဌာနမှသော်ရင်း, ပံ့သကူ ရလိမ့်မည်ဟုရင်း, ဝါဂွမ်း ချည်စသော ကပ္ပိယဘဏ္ဍာဖြင့် သင်္ကန်းလျာအဝတ်ကို လဲယူအံ့ဟုသော်ရင်း မျှော်လင့်ချက်များ ဖြစ်ပါသည်။

➤ **တတော စေ ဥတ္တရိ-အရ တစ်လအထက်ပိုလွန်အောင် ထားနိုင်ရန်ပြုလုပ်ပုံ/ အကာလစီဝရကို တစ်လထက်ပို၍ ထားသော်လည်း အာပတ် မသင့်နိုင်သည့် နည်းလမ်း** ။ ။ မူလသင်္ကန်းက သိမ်မွေ့၍ ပစ္စာသာ သင်္ကန်းက ကြမ်းတမ်းနေလျှင် မူလသင်္ကန်းကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ပစ္စာသာသင်္ကန်းကို မူလသင်္ကန်းအဖြစ်ပြုလုပ်၍ ထားရမည်၊ ဤသို့ ပြုလုပ်လျှင် တစ်ဖန် တစ်လအစောင့်အရှောက်ကို ရနိုင်၏၊ ဤနည်းဖြင့် သဘောတူသော အဝတ် မရသေးသမျှ အခြား အခြားသော ပစ္စာသာ သင်္ကန်းကို မူလသင်္ကန်းပြုလုပ်၍ ထားပါက တစ်လထက်ပို၍ ထားသော်လည်း အာပတ် မသင့်နိုင်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း)၌ များစွာသော ရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ အကာလသင်္ကန်းလျာ အဝတ်ကို ခံယူပြီး

http://www.dhammadownload.com



တစ်လကျော်လွန်စေခြင်း (ဓဇ္ဇျ)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ဇာတ်ပမာဏလောက်သော သင်္ကန်း၏ မိမိ ဥစ္စာဖြစ်ခြင်း (၂) နေ့ရက် အရေအတွက်သို့ ရောက်ခြင်း (၃) ပလိဗောဓပြတ်ပြီးခြင်း (၄) အပိုသင်္ကန်းဖြစ်ခြင်း (၅) တစ်လလွန်ခြင်း-တို့ ဖြစ်ပါသည်။

> **ကထိနသိက္ခာပုဒ် ၃-စုအထူး** ။ ။ ပထမ ကထိနသိက္ခာပုဒ်၌ ၁၀-ရက်လွန်လျှင် အာပတ်သင့်ပါသည်။ ဒုတိယ ကထိနသိက္ခာပုဒ်၌ တိစီဝရိတ်သင်္ကန်းနှင့် တညဥ့်မျှ ကင်းနေလျှင် အာပတ်သင့်ပါသည်။ တတိယ ကထိနသိက္ခာပုဒ်၌ တစ်လထက်လွန်လျှင် အာပတ်သင့်ပါသည်။ ဤသို့ ထူးပါသည်။

### ပုရာဏစီဝရ သိက္ခာပုဒ်

> **အညာတိကာ အဓိပ္ပါယ်** ။ ။ အမိဘက်မှရင်း, အဖဘက်မှရင်း အထက် ဆွေမျိုး (၇)ဆက်, အောက်ဆွေမျိုး(၇)ဆက် မတော်စပ်သောသူကို "အညာတိကာ" ဟု ခေါ်ပါသည်။

> **အညာတိကာ-၌ ဉာတိ-အရ** ။ ။ အမိဘက်မှရင်း, အဖဘက်မှရင်း, အထက် ဆွေမျိုး (၇)ဆက်, အောက်ဆွေမျိုး(၇)ဆက် တော်စပ်သောသူကို ယူရပါမည်။

(တစ်နည်း) ငါတို့၏ အတွင်းလူဟု သိအပ်သူကို ယူရပါမည်။

> **အညာတိ-အရ** ။ ။အမိဘက်မှရင်း, အဖဘက်မှရင်း, အထက်ဆွေမျိုး (၇) ဆက်, အောက်ဆွေမျိုး (၇)ဆက် မတော်စပ်သောသူကို ယူရပါမည်။ (တစ်နည်း) ငါတို့၏ အတွင်းလူဟု သိအပ်သူမဟုတ်, အပြင်လူ တစိမ်းလူကို ယူရပါမည်။

> **ဘိက္ခုနီ အဓိပ္ပါယ်** ။ ။ သာကီဝင်ဖြစ်သော ဘိက္ခုနီမတို့ကဲ့သို့ သုဒ္ဓ ဘိက္ခု သံဃာ၌ ပဥ္စင်းခံသော ဘိက္ခုနီမကိုရင်း, ဥဘတော သံဃာ၌ ပဥ္စင်းခံသော ဘိက္ခုနီမ ကိုရင်း "ဘိက္ခုနီ"ဟု ခေါ်ပါသည်။

> **ဘိက္ခုနိယာ-၌ ယူရမည့် ဘိက္ခုနီ** ။ ။ သာကီဝင်မင်းသမီးတို့ကဲ့သို့ သုဒ္ဓဘိက္ခု သံဃာ့ထံမှဖြစ်စေ, ဥဘတောသံဃာ့ထံမှဖြစ်စေ ရဟန်းမ အဖြစ်သို့ ရောက်သော ဘိက္ခုနီမကို ယူရပါမည်။

> **ပုရာဏစီဝရ အဓိပ္ပါယ်** ။ ။ ဆိုးပြီး, ကပ္ပဗိန္ဒုထိုးပြီး တစ်ကြိမ်မျှ ဝတ်ရုံဖူးသော သင်္ကန်းနှင့် ယုတ်စွအဆုံး သုံးဆောင်မှုကို အဦးမူသဖြင့် ပခုံးထက် ဦးခေါင်းထက်၌ တင်၍ ခရီးသွားဖူးသော သင်္ကန်း, ခေါင်းအုံး၍ အိပ်ဖူးသော သင်္ကန်းများသည် "ပုရာဏစီဝရ" မည်ပါသည်။

> **ပုရာဏစီဝရံ-၌ စီဝရ-အရ** ။ ။ ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်, မိုးရေခံသင်္ကန်း အမာလွှမ်းသင်္ကန်းတို့ကို ယူရပါမည်။

http://www.dhammadownload.com



➤ **ဓောဝါပေယျ အဓိပ္ပါယ်/ ဓောဝါပေယျ-အရ ဖွပ်လျှော်စေပုံ အခြင်းအရာ** ဖွပ်လော့-ဟု နှုတ်ဖြင့်ပြောခြင်း, ကိုယ်၏ထူးခြားသော အမူအရာကိုပြခြင်း, မိမိ လက်ဖြင့် ဘိက္ခုနီမ၏ လက်၌ တိုက်ရိုက်ပေးခြင်း, ခြေရင်း၌ချထားခြင်း, ၁၂-တောင် အတွင်းအရပ်၌တည်၍ အထက်၌ ပစ်ပေးလိုက်ခြင်း, ဤသို့ ဖွပ်စေခြင်းမျိုးကို "ဓောဝါ ပေယျ"ဟု ခေါ်ပါသည်။

**အမှာ/** ဆိုးစေခြင်း, ထုရိုက်ခြင်းတို့ကို နည်းတူမှတ်ပါ။

➤ **ဖွပ်လျှော်နိုင်းအပ်သော သင်္ကန်း နိဿဂ္ဂီဖြစ်ရာအခါ ။ ။** ဖွပ်လျှော်ပြီး၍ မြောက်အပ်ပြီးကာမျှ ဆိုးအပ်ပြီးကာမျှ ထုရိုက်ပြီးကာမျှဖြစ်သောအခါ နိဿဂ္ဂီ ဖြစ်သည်

➤ **ဤသိက္ခာပုဒ်၌ နိဿဂ္ဂီသင်္ကန်းစွန့်ပုံ အစီအရင် ။ ။ ဓောဝါပနသင်္ကန်းဖြစ်** လျှင် - ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာတိကာယ ဘိက္ခုနိယာ ဓောဝါပိတံ နိဿ ဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။ **ရဇာပန သင်္ကန်းဖြစ်လျှင်**--ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာတိကာယ ဘိက္ခုနိယာ ရဇာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။ *** အာကောဋာပိတ သင်္ကန်းဖြစ်လျှင်**--ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာ တိကာယ ဘိက္ခုနိယာ အာကောဋာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း)၌ ဥဒါယိ မထေရ် (ပုဏ္ဏိုလ်)ကို အကြောင်းပြု၍ သင်္ကန်းဟောင်းကို ဖွပ်လျှော်စေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်အဆုံးအဖြတ် ။ ။** (၁) ဇကတော ဥပသမ္ပန္န ဘိက္ခုနီကို ဖွပ်လျှော် စေသော ရဟန်း, မစွန့်ဘဲ သုံးစွဲသော ရဟန်း, အခြားသူ၏ ဥစ္စာဖြစ်သော သင်္ကန်းကို ၎င်း နိသီဒိုန် သီးခြားအခင်းကို၎င်း ဖွပ်လျှော်စေသော ရဟန်း, ဆွေမျိုးတော်သော ဘိက္ခုနီ၌ ဆွေမျိုးမတော်ဟူသော အမှတ်ဖြင့် ဖွပ်လျှော်စေသောရဟန်း, ယုံမှားသံသယ ရှိ၍ ဖွပ်လျှော်စေသောရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

(၂) လူမိန်းမ, သာမဏေမ, သိက္ခမာန်မအား ဖွပ်စေရာ၌ ရဟန်းဖြစ်ပြီးမှ ဖွပ်လျှင် လည်း နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။ အမျိုးသားနှင့် သာမဏေအား ဖွပ်စေရာ ၌ လိင်ပြန်ပြီးနောက် ရဟန်းခံက ဖွပ်လျှော်လျှင်လည်း နိဿဂ္ဂီပါစိတ်အာပတ် သင့် ပါသည်။ ရဟန်းတစ်ပါးကို ဖွပ်စေရာ၌ ထိုရဟန်းက လိင်ပြန်ပြီးမှ ဖွပ်လျှော်လျှင်လည်း နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။ ဆွေမျိုးမတော်သော ဘိက္ခုနီမ၌ ဆွေမျိုးတော်၏ ဟု မှတ်ထင်၍ ဖွပ်လျှော်စေသော ရဟန်းအား နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။

(၃) ဖွပ်မှု, ဆိုးမှု နှစ်ခုကို ခိုင်းရာ၌ တစ်ခုကြောင့် နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။ အခြားတစ်ခုကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။ သုံးခုလုံးခိုင်းရာ၌ တစ်ခု

http://www.dhammadownload.com



ကြောင့် နိဿဂ္ဂီပါစိတ်၊ အခြားနှစ်ခုကြောင့် ဒုက္ကဋ်အာပတ် ၂-ချက်သင့်ပါသည်။

**➤ လိင်ပြန်၍ ရဟန်းမပြစ်နေသော ဘိက္ခုနီမအား သက်န်းဟောင်းကို ဖွပ်လျှော်ခိုင်းလျှင် နိဿဂ္ဂီပါစိတ်အာပတ် သင့်/မသင့်** ॥ ॥ သင့်ပါသည်။

**➤ ဖွပ်လျှော်မှု စသည် ပြုလုပ်ခိုင်းသော်လည်း အာပတ်မှလွတ်သော ပုဂ္ဂိုလ်များ**

ဆွေမျိုးတော်သူ ဘိက္ခုနီမ၏ သူငယ်ချင်းဖြစ်သော ဆွေမျိုးမတော်သူ ဘိက္ခုနီမ ဖွပ်လျှော်လျှင်ရင်း၊ မပြောဆိုအပ်ဘဲ ဘိက္ခုနီက ဖွပ်လျှော်လျှင်ရင်း၊ မသုံးစွဲအပ် သေးသော သက်န်းအသစ်ကို ဖွပ်လျှင်ရင်း၊ သက်န်းမှတစ်ပါး ပရိက္ခရာကို ဖွပ်လျှင်ရင်း၊ သိက္ခမာန် သာမဏေမတို့ ဖွပ်လျှင်ရင်း၊ ဥမ္မတ္တကရဟန်း စသည်တို့အားရင်း အာပတ် မသင့်ပါ။

**➤ သက်န်းဟောင်းကို ဖွပ်လျှော် မခိုင်းကောင်းသော ပုဂ္ဂိုလ်များ**

ဘိက္ခုသံဃာ၌ ရဟန်းဖြစ်သော ဘိက္ခုနီ, ဥဘတောသံဃာ၌ ရဟန်းဖြစ်သော ဘိက္ခုနီ, ရဟန်းဖြစ်ပြီးသော သိက္ခမာန်, သာမဏေရီ, ဥပါသိကာမ-တို့ ဖြစ်ပါသည်။

**➤ တိကပါစိတ္တိယ အဓိပ္ပါယ်** ॥ ॥ အညာတိကာ၌ (၁) အညာတိကာ-ဟု မှတ်ထင်၍ ခိုင်းခြင်း (၂) ဉာတိကာထင်၍ ခိုင်းခြင်း (၃) ဉာတိလေလား, အညာတိလေလားဟု ယုံမှားဖြစ်လျက် ခိုင်းခြင်းအားဖြင့် ပါစိတ် ၃-မျိုးကို တိကပါစိတ်ဟု ဆိုပါသည်။

**➤ သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ॥ ॥ (၁) သက်န်းဟောင်းဖြစ်ခြင်း (၂) ၁၂-တောင် ဥပစာ၌ နေ၍ ဆွေမျိုးမတော်သော ဘိက္ခုနီမကို စေခိုင်းခြင်း (၃) ထိုဘိက္ခုနီမ,က ဖွပ်, ဆိုး, ထုရိုက်မှု တစ်ခုခု ပြုလုပ်ခြင်း-တို့ ဖြစ်ပါသည်။

**စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်**

**➤ စီဝရ-အရ** ॥ ॥ ခေါမ, ကောသေယျ-စသော သက်န်း ၆-မျိုးတို့တွင် တစ်မျိုးမျိုး သော ဝိကပ္ပနာလောက်သော သက်န်းကို ယူရပါမည်။

**➤ စီဝရံ ပဋိဂ္ဂဏှေယျ-၌ ပဋိဂ္ဂဏှေယျ အဓိပ္ပါယ်**

**➤ ပဋိဂ္ဂဏှေယျ-အရ အရှုံ့စံမြောက်နိုင်သော အခြင်းအရာ** ॥ ॥ ဘိက္ခုနီမ လက်ဖြင့် ရဟန်း၏လက်သို့ ပေးခြင်းမျိုးကိုရင်း, ရဟန်း၏ခြေရင်း၌ သက်န်းကို ချထား ခြင်းမျိုးကိုရင်း, ရဟန်းတရားဟောနေစဉ် ဘိက္ခုနီမ,က ကြည်ညို၍ ၁၂-တောင် ဥပစာ မှ ပစ်မြှောက်၍ ပေးခြင်းမျိုးကိုရင်း, ရဟန်းက ခံယူသာယာခြင်းမျိုးကို "ပဋိဂ္ဂဏှေယျ" ဟု ခေါ်ပါသည်။

**➤ ပါရိဝတ္တကာ (လဲလှယ်ခြင်း) အဓိပ္ပါယ်** ॥ ॥ အောက်ထစ်ဆုံး သျှစ်သျှားသီး ပိုင်းကို ပေး၍ လဲလှယ်ခြင်း, တစ်စုံတစ်ခုကို ပေးအံ့ဟု နှလုံးသွင်းလျက် လဲလှယ်ခြင်း မျိုးကို "ပါရိဝတ္တကာ"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



➤ **အာပတ်မှလွတ်သော လဲလှယ်နည်း** ။ ။ အယုတ်ဆုံး သျှစ်သျှားသီးပိုင်းမျှကို ပေး၍ လဲလှယ်ခြင်း၊တစ်စုံတစ်ခုကို ပေးအံ့ဟု နှလုံးသွင်းလျက် လဲလှယ်ခြင်းမျိုးဖြစ်လျှင် အာပတ်မှ လွတ်ပါသည်။

➤ **အပြစ်ဖြစ်နိုင်သော ခံယူမှု** ။ ။ အယုတ်ဆုံး သျှစ်သျှားသီးပိုင်းမျှကို ပေး၍ လဲလှယ်ခြင်း၊ တစ်စုံတစ်ခုကို ပေးအံ့ဟု နှလုံးသွင်းလျက် လဲလှယ်၍ ယူအပ်သော သင်္ကန်းမှတစ်ပါး အယုတ်ဆုံး ဝိကပ္ပနာလောက်သော ပဝါရေစစ်မျှကိုလည်း ခံယူပါက နိဿဂ္ဂိပါစိတ်အာပတ် အပြစ်ဖြစ်ပါသည်။

➤ **ခံယူသော်လည်း အာပတ်မသင့်နိုင်ခြင်းအကြောင်းများ** ။ ။ လူ, သာမဏေ၏ လက်၌ ပေးပို့စေလွှတ်သည်ကို ခံယူခြင်းကြောင့်ရင်း, ဘိက္ခုနီ,က ပုံသကူပစ်ထားသည်ကို ပုံသကူအဓိဋ္ဌာန်၍ ယူခြင်းကြောင့်ရင်း, အကျွမ်းဝင်သဖြင့် ယူခြင်းကြောင့်ရင်း ခေတ္တခဏ ငှားရမ်းခြင်းကြောင့်ရင်း, သပိတ်အိတ်စသော အဓိဋ္ဌာန် မတင်ရသော ပရိက္ခရာကို ခံယူခြင်းကြောင့်ရင်း, သိက္ခမာန် သာမဏေမတို့ လက်မှ ခံယူခြင်းကြောင့်ရင်း အာပတ်မသင့်နိုင်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်ရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း)၌ ဥဒါယိမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သင်္ကန်းကို ခံယူခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အနုပညတ်ပါဠိကား** ။ ။ အညတြ ပါရိဝတ္တကာ ဖြစ်ပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) ယူခြင်းအကျိုးငှာ လက်ကိုဆန့်တန်းခြင်းကြောင့် ဒုက္ကဋ်အာပတ်။ (၂) ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်း ဖြစ်ခြင်း (၂) လဲလှယ်မှု မရှိခြင်း (၃) ဆွေမျိုးမတော်သော ဘိက္ခုနီ လက်မှ ခံယူခြင်း-တို့ ဖြစ်ပါသည်။

**အညာတက ဝိညတ္တိ သိက္ခာပုဒ်**

➤ **ဂဟပတိ အဓိပ္ပါယ်** ။ ။ ရဟန်းယောက်ျားတို့ အထဲ၌ ရဟန်း မပြုသော လူယောက်ျားကို "ဂဟပတိ"ဟု ခေါ်ပါသည်။

➤ **ဂဟပတာနီ အဓိပ္ပါယ်** ။ ။ ရဟန်းမိန်းမတို့ အထဲတွင် ရဟန်း,မပြုသော လူမိန်းမကို "ဂဟပတာနီ"ဟု ခေါ်ပါသည်။

➤ **ဝိညာပေယျ အဓိပ္ပါယ်** ။ ။ ကိုယ်တိုင်တောင်းသောအားဖြင့် သိစေခြင်း (ယာစေယျ), သူတစ်ပါးကို အတောင်းခိုင်းသောအားဖြင့် သိစေခြင်း (ယာစာပေယျ) နှစ်ပါးလုံးကို "ဝိညာပေယျ"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



➤ **အနုပညတ်ဝါဒ္ဒကား** ॥ ॥ အညာတြ သမယာ ဖြစ်ပါသည်။

➤ **အစ္ဆိန္နစီဝရ အဓိပ္ပါယ်** ॥ ॥ မင်း, ခိုးသူ, ဓားပြ,စသည်တို့က လုယက်ခံရသော သင်္ကန်းရှိသူကို "အစ္ဆိန္နစီဝရ"ဟု ခေါ်ပါသည်။

➤ **နဋ္ဌစီဝရ အဓိပ္ပါယ်** ॥ ॥ မီးလောင်, ရေမျော, ကြွက်ကိုက်, ခြစားခြင်း စသည်ကြောင့် ပျောက်ပျက်ဆွေးမြေ့သော သင်္ကန်းရှိသူကို "နဋ္ဌစီဝရ"ဟု ခေါ်ပါသည်။

➤ **အညတြ သမယာ-၌ သမယ-အရ** ॥ ॥ အစ္ဆိန္နကာလ, နဋ္ဌကာလ ဖြစ်ပါသည်

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ သာဝတ္ထိပြည် (နိဒါန်း)၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သင်္ကန်းကို သိစေခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ॥ ॥ တောင်းခြင်းကြောင့် ဒုက္ကဋ်၊ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော ပုဂ္ဂိုလ်များ** ॥ ॥ တောင်းသင့်ရာအခါ၌ တောင်းသော ရဟန်း၊ ဆွေမျိုးတော်သူ ဖိတ်မန်သူတို့ထံ တောင်းသောရဟန်း၊ ဉာတိပဝါရိတတို့ထံ သူတစ်ပါးအတွက် တောင်းသော ရဟန်း၊ မိမိ၏အဝ်သော ဥစ္စာဖြင့် လဲယူသော ရဟန်း ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ်မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ॥ ॥ (၁) အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သင်္ကန်း ဖြစ်ခြင်း (၂) သမယ မဟုတ်ခြင်း (၃) ဆွေမျိုးမတော်သူကို တောင်းခြင်း (၄) တောင်း၍ ရခြင်း-တို့ ဖြစ်ပါသည်။

**တတုတ္တရိ သိက္ခာပုဒ်**

➤ **တစ္ဆေ အညာတကော-၌ တသမ္ဗနာမ်ပုဒ်-အရ** ॥ ॥ အစ္ဆိန္နစီဝရ-သင်္ကန်းကို ခိုးသူ လုယက်ခြင်းခံရသောရဟန်း, နဋ္ဌစီဝရ-သင်္ကန်းပျောက်သော ရဟန်းကို ယူရပါမည်။

➤ **အဘိဟဋ္ဌုံ ပဝါရေယျ အဓိပ္ပါယ်** ॥ ॥ အလိုရှိသလောက်အဝတ်သင်္ကန်းကို ယူပါလော့-ဟု ဖိတ်ခြင်းကို "အဘိဟဋ္ဌုံ ပဝါရေယျ"ဟု ခေါ်ပါသည်။

(တစ်နည်း) အနီးသို့ ဆောင်ယူ၍ ရှေ့၌ထားလျက် ကိုယ်ဖြင့်သော်ရင်း, တပည့်တော်တို့၏ အဝတ်ထားရာ ကျီတိုက်မှ (ဝါ) အဝတ်ကိုဒေါင်မှ အလိုရှိသလောက်သော အဝတ်ကို ယူပါကုန်ဟု လျှောက်လျက် နှုတ်ဖြင့်သော်ရင်း ဆောင်၍ ဖိတ်ခြင်းကို "အဘိဟဋ္ဌုံ ပဝါရေယျ" ခေါ်ပါသည်။

➤ **အဘိဟဋ္ဌုံ ပဝါရေယျ-၌ ပဝါရဏာအပြား** ॥ ॥ (၁) ကာယာဘိဟာရ ပဝါရဏာ၊ (၂) ဝါစာဘိဟာရ ပဝါရဏာတို့ဖြစ်ပါသည်။[ဤ၌ ၂-ပါးလုံးကို ယူရမည်။]

http://www.dhammadownload.com



➤ **သန္တရုတ္တရပရမ အဓိပ္ပါယ်** ။ ။ သင်းပိုင်နှင့်တကွ အပေါ်ရုံ ကောသီ-ဟူသော အလွန်ဆုံး အပိုင်းအခြားရှိသော သင်္ကန်းသည် "သန္တရုတ္တရပရမ" မည်ပါသည်။

**မေး** ။ ။ သန္တရုတ္တရပရမံ-အရ အခါခပ်သိမ်း သင်္ကန်းဗွိစုံကို တောင်းခံနိုင်ပါသလော တောင်းခံနိုင်သော ရဟန်းနှင့် တောင်းခံရမည့် သင်္ကန်းအရေအတွက်ကိုလည်း အသီးသီးဖော်ပြပါ။

**ဖြေ** ။ ။ သင်္ကန်းသုံးထည်ဖြင့် နေသောရဟန်းမှာ တစ်ထည်ပျောက်လျှင် နှစ်ထည် ကျန်သေး၍ မခံယူကောင်းပါ။ နှစ်ထည်ပျောက်လျှင် တစ်ထည်ယူကောင်းပါသည်။ သုံးထည်ပျောက်လျှင် နှစ်ထည်ခံယူကောင်းပါသည်။

သင်္ကန်းနှစ်ထည်ဖြင့် နေသောရဟန်းဖြစ်လျှင်-- တစ်ထည်ပျောက်လျှင် တစ်ထည် ခံယူကောင်းသည်။ နှစ်ထည်ထည်ပျောက်လျှင် နှစ်ထည်ယူကောင်းသည်။

➤ **တဘော စိဝရံ သာဓိတခွဲ--၌ အဋ္ဌကထာဆရာ၏ ဆုံးဖြတ်ချက်**

သင်္ကန်း ၃-ထည်ဖြင့် နေသောရဟန်းသည် ၃-ထည်ပျောက်လျှင် ၂-ထည် သာယာကောင်းပါသည်။ ၁-ထည်ကိုဝတ်၍ ၁-ထည်ကိုရုံကာ အခြား ၁-ထည်ကို သဘောတူရာအရပ်မှ ရှာမှီးရပါမည်။ ၂-ထည်ပျောက်လျှင် ၁-ထည်သာ သာယာကောင်းပါသည်။ ၁-ထည်ပျောက်လျှင် မသာယာကောင်းပါ။

သင်းပိုင်နှင့်တကွ အပေါ်ရုံ ဒုကောသီသင်္ကန်း နှစ်ထည်ဖြင့် နေသောရဟန်းသည် ၁-ထည်ပျောက်လျှင် ၁-ထည် သာယာကောင်းပါသည်။ ၂-ထည်ပျောက်လျှင် ၂-ထည် သာယာကောင်းပါသည်။

* ဘိက္ခုနီမသည် သင်္ကန်း ၅-ထည်ပျောက်လျှင် ၂-ထည် သာယာကောင်းပါသည်။ ၄-ထည် ပျောက်လျှင် ၁-ထည် သာယာကောင်းပါသည်။ ၃-ထည်ပျောက်လျှင် မသာယာကောင်း, မတောင်းကောင်းပါ။ အကြောင်းကား-- မည်သူမဆို သင်းပိုင်နှင့်တကွ ကောသီ အပိုင်းအခြားရှိသူအဖြစ်၌သာ တည်ရမည်ဖြစ်သောကြောင့်--တည်း။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း)၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ များစွာသော သင်္ကန်းကိုတောင်းခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **တောင်းသော်လည်း အာပတ်မသင့်သော ပုဂ္ဂိုလ်များ** ။ ။ (၁) သင်္ကန်း ၂-ထည် ပြုလုပ်ပြီး အကြွင်းကို ပြန်ပို့မည်ဟု ပြော၍ ခံယူသော ရဟန်း (၂) အကြွင်းသည် အရှင်ဘုရား ဉစ္စာသာ ဖြစ်ပါသည်ဟု လျှောက်ထားအပ်သော ရဟန်း (၃) လုယူခြင်း, ပျက်စီးခြင်းဟူသော အကြောင်းကြောင့် လှူအပ်သည် မဟုတ်ဘဲ ခံယူသော ရဟန်း (၄) ဉာတက ပဝါရိတတို့ကို တောင်းသောရဟန်း (၅) မိမိဉစ္စာဖြင့် ခံယူသော

http://www.dhammadownload.com



ရဟန်း (၆) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) သင်းပိုင်ကိုယ်ရုံထက် ပိုလွန်ခြင်း (၂) အစ္စိန္န နဋ္ဌစိဝရဖြစ်ခြင်း (၃) ဉာတိပဝါရိတ မဟုတ်သူကို တောင်းခြင်း (၄) တောင်း၍ရခြင်း။

**ပဥ္စမ ဥပက္ခဋသိက္ခာပုဒ်**

➤ **ပထမ ဥပက္ခဋ သိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်**

ဒုတိယ ဥပက္ခဋ သိက္ခာပုဒ် ဖြစ်ပါသည်။

➤ **ဘိက္ခုံပနေဝ ဥဒ္ဒိဿ အစိပ္ပါယ်** ။ ။ ရဟန်း၏အကျိုးငှာ ရဟန်းကို အာရုံပြု၍ ဤအမည်ရှိသော ရဟန်းအား ပေးလှူအံ့ဟု ညွှန်းခြင်းကို "ဘိက္ခုံ ပနေဝ ဥဒ္ဒိဿ"ဟု ဆိုပါသည်။

➤ **စီဝရစေတာပန္န အစိပ္ပါယ်** ။ ။ ရွှေငွေ အစရှိသော သက်နိုးဖိုးကို "စီဝရ စေတာပန္န"ဟု ခေါ်ပါသည်။

➤ **စီဝရစေတာပန္န-အရ** ။ ။ ဟိရည, သုဝဏ္ဏ, မုတ္တာ, မဏိ, ပဝါဠ, ဖာလ, ပဋက, တုတ္တ, ကပ္ပါသ-တည်းဟူသော အကပ္ပိယဝတ္ထု, ကပ္ပိယဝတ္ထုတို့ကို ယူရမည်။

➤ **ဥပက္ခဋ အစိပ္ပါယ်** ။ ။ စီရင်စုဆောင်း၍ ထားခြင်းကို "ဥပက္ခဋ"ဟုခေါ်သည်

➤ **စေတာပေတွာ အစိပ္ပါယ်** ။ ။ သက်နိုးအဖိုးကိုပေး၍ အဝတ် မယက်ရသေး လျှင် ယက်စေခြင်း, ယက်ပြီးဖြစ်လျှင် ဝယ်ယူခြင်းကို "စေတာပေတွာ"ဟု ခေါ်သည်။

➤ **အစ္ဆာဒေဿာမိ-၌ အစ္ဆာဒန အစိပ္ပါယ်** ။ ။ ဤမည်သော ရဟန်းအား ပေးလှူ အံ့ဟု ပေးလှူခြင်းကို "အစ္ဆာဒန"ဟု ခေါ်ပါသည်။

➤ **ဝိကပ္ပံ အာပဇ္ဇေယျ အစိပ္ပါယ်** ။ ။ ထူးအောင် စီမံခြင်း, ပိုလွန်အောင် စီမံ ခြင်းသို့ ရောက်ခြင်းကို "ဝိကပ္ပံ အာပဇ္ဇေယျ"ဟု ခေါ်ပါသည်။

➤ **ဝိကပ္ပံ အာပဇ္ဇေယျ-၌ စီရင်ပုံအခြင်းအရာ ဝိကပ္ပါကာရပြေပါဠိ**

သာဓု ဝတ မံ အာယသ္မာ (ပ) အစ္ဆာဒေဟိ။

➤ **သက်နိုးလှူမည့်သူက ရည်မှန်းပြောဆိုပုံ ပါဠိ**

ဣမိနာ စီဝရစေတာပန္နေန (ပ) အစ္ဆာဒေဿာမိ။

➤ **ဝေဠုပံဝါ ဇဝဠုပံဝါ-ဟူသောပါဠိဖြင့် ပြဆိုအပ်သော အစိပ္ပါယ်**

အလျားရှည်ခြင်း, အနံပြန့်ခြင်း စသည်တို့တွင် တစ်ပါးပါးကို ပြပါသည်။

➤ **အာပတ်မှ လွတ်ခွင့်ရှိသော ပုဂ္ဂိုလ်များ** ။ ။ (၁) အဖိုးများစွာထိုက်သော သက်နိုးကို ဝယ်စေလိုသော ဒါယကာကို အဖိုးနည်းသော သက်နိုးကို လှူလော့ဟု ပြောသောရဟန်း (၂) ဉာတိပဝါရိတတို့ထံ တောင်းသောရဟန်း (၃) မိမိဥစ္စာဖြင့် လဲယူ သော ရဟန်း (၄) ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ် မသင့်ပါ။

http://www.dhammadownload.com



**မေး** ။ ။ ပိတ်သက်န်းလှူမည့် ဒါယကာကို မိမိဥစ္စာဖြင့် ပံ့ပိုး၍ တက်ထွန်သက်နှီး လှူစေသောရဟန်းအား ဥပက္ခဋသိက္ခာပုဒ်အရ အာပတ်မှ လွတ်/မလွတ် အကြောင်းပြလျက် ရှင်းလင်းပြပါ။

**ဖြေ** ။ ။ မိမိဥစ္စာဖြင့် လဲယူသော ရဟန်းအား အနာပတ္တိ-ဟု မိန့်တော်မူသောကြောင့် အာပတ်မှ လွတ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း)၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သက်နှီး၌ပိုလွန်အောင် စီမံခြင်းသို့ ရောက်ခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) သက်နှီး၌ အကောင်းကို အလိုရှိသူဖြစ်ခြင်း (၂) ဆွေမျိုးမတော်သူကို တောင်းခြင်း (၃) တောင်း၍ ရခြင်း-တို့ ဖြစ်ပါသည်။

## ဒုတိယ ဥပက္ခဋသိက္ခာပုဒ်

➤ **ပစ္စေကစီဝရ စေတာပန္နာနိ-၌ ပစ္စေက အဓိပ္ပါယ်** ။ ။ ဆွေမျိုးမတော်သော ဒါယကာ, ဒါယိကာမ နှစ်ဦးသားတို့က ရဟန်းအတွက် လာရောက်၍ လှူဒါန်းလာသော သက်နှီးဖိုး အသီးသီးကို "ပစ္စေက"ဟု ခေါ်ပါသည်။

➤ **ဥပက္ခဋ သိက္ခာပုဒ် ၂-ခုအထူး** ။ ။ ပဌမဥပက္ခဋ သိက္ခာပုဒ်ကား- ဒါယကာ တစ်ယောက်ကိုသာ ညှဉ်းဆဲခြင်း ပြုပါသည်။ ဒုတိယ ဥပက္ခဋသိက္ခာပုဒ်ကား- ဒါယကာ နှစ်ယောက်တို့ကို ညှဉ်းဆဲခြင်း ပြုပါသည်။ ဤသို့ ထူးပါသည်။

## ရာဇသိက္ခာပုဒ်

➤ **ရာဇဘောဂ္ဂ အဓိပ္ပါယ်** ။ ။ မင်းအထံမှ ရအပ်သော သုံးဆောင်ခံစားထိုက်သော စည်းစိမ်ရှိသောကြောင့် "ရာဇဘောဂ္ဂ" မည်ပါသည်။

➤ **စီဝရစေတာပန္န-အရ/အဓိပ္ပါယ်** ။ ။ ရွှေငွေ,စသော မအပ်သော ဝတ္ထုကို "စီဝရစေတာပန္န"ဟု ခေါ်ပါသည်။

➤ **အာဂမနသုဒ္ဓိပြပါဠိ** ။ ။ ဣမိနာ စီဝရစေတာပန္နေန စီဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ။

➤ **ဣမိနာ စီဝရစေတာပန္နေန,စသော စကားကို ဟောတော်မူရကျိုး**

ဣမိနာ စီဝရစေတာပန္နေန,စသော စကားကို လာခဲ့ရာစကား၏ စင်ကြယ်ပုံကို ပြတော်မူခြင်းငှာ ဟောတော်မူပါသည်။

➤ **ဣဒံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေဟိ= ဤသက်နှီးဖိုးကို ဤရဟန်းအား လှူပါဟု မှာ်စေလျှင် ကပ္ပိယ ညွှန်ကောင်း/မညွှန်ကောင်း** ။ ။ လာခဲ့ရာ အရင်းအစ၏ မစင်ကြယ်သောကြောင့် ကပ္ပိယကာရက မညွှန်ကောင်းပါ။

http://www.dhammadownload.com



**➢ န ခေါ မယံ အာဝုသော,စသည်ဖြင့် ပယ်မြစ်ရခြင်းအကြောင်း**

မူလက အပ်သောနည်းလမ်းဖြင့် ဆောင်ယူအပ်သော်လည်း တမန်၏ သက်နှင်းဖိုး ကို အလှူခံပါဟူသော စကားအတွက် မအပ်သောကြောင့် ပယ်မြစ်ရပါသည်။

**➢ န ခေါ မယံ အာဝုသော,စသည်ကို ဟောတော်မူရကျိုး** ။ ။ မူလက အပ်သော် လည်း တမန်၏သက်နှင်းဖိုးကို အလှူခံပါဟူသော စကားအတွက် မအပ်သောကြောင့် ထိုသက်နှင်းဖိုးကို ပယ်မြစ်ထိုက်၏ဟူသော အနက်ကို ပြတော်မူခြင်းငှာ ဟောတော်မူ ပါသည်။

**➢ မိမိ, စေတိ, သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်အတွက် အလှူမခံကောင်းသော နိဿဂ္ဂိယ ဝတ္ထု ၄–ပါး/ စိဝရစေတာပန္န–အရ နိဿဂ္ဂိယဝတ္ထု ၄–မျိုးသရုပ်**

သုဝဏ္ဏ-ရွှေ၊ ရဇတ-ငွေ၊ ကဟာပဏ-အသပြာ၊ မာသက-ပဲပိုက်ဆံတို့ ဖြစ်ပါသည်။

**➢ ဓုဏ္ဏဝတ္ထု (၁၅)ပါး** ။ ။ မုတ္တာ-ပုလဲ၊ မဏိ-ပတ္တမြား၊ ဝေဠုရိယ-ကြောင် မျက်ရွဲ၊ သင်္ခ-ခရုသင်း၊ သိလာ-ကျောက်သလင်း၊ ပဝါဠ-သန္တာ၊ လောဟိတင်္က-ပတ္တ မြားနီ၊ မသာရဂလ္လ-ပတ္တမြားပြောက်၊ သတ္တဓည-စပါး (၇)မျိုး၊ ဒါသီ-ကျွန်မိန်းမ၊ ဒါသ-ကျွန်ယောကျ်ား၊ ခေတ္တ-လယ်၊ ဝတ္ထု-ယာ၊ ပုပ္ဖာရာမ-ပန်းခြံ၊ ဖလာရာမ-သစ်သီးခြံ။

**➢ စီဝရဋ္ဌ ခေါ မယံ ပဋိဂ္ဂဏှာမ–ဟူသော စကားကို ပြောဆိုနိုင်ခြင်းအကြောင်း**

မိမိကို ရည်စူး၍ ဆောင်ယူအပ်သောကြောင့် ပြောဆိုနိုင်ပါသည်။

**➢ ဝေယျာဝစ္စကရ (ဝေယျာဝစ္စပြုသူ) ခေါ်ပုံ** ။ ။ ရဟန်းများအတွက် အပ်စပ် အောင် ပြုလုပ်ပေးတတ်သူကို "ဝေယျာဝစ္စကရ" (ဝေယျာဝစ္စပြုသူ)ဟု ခေါ်ပါသည်။

**➢ ဝေယျာဝစ္စပြုသူကို ညွှန်ပြထိုက်ခြင်းအကြောင်း** ။ ။ အတ္ထိ ပနာယသ္မတော ကောစိ ဝေယျာဝစ္စကရောတိ-ဟူ၍ အပ်သောစကားဖြင့် တမန်က လျှောက်အပ်သော ကြောင့် ဝေယျာဝစ္စပြုသူကို ညွှန်ပြထိုက်ပါသည်။

မေး ။ ။ တမန်က မည်သို့ လျှောက်ထားလာလျှင် ကပ္ပိယကာရက မညွှန်ပြကောင်း ပါသနည်း။

ဖြေ ။ ။ တမန်က အဘယ်သူသည် ဤသက်နှင်းဖိုးကို ယူပါသနည်းဟုရင်း, အဘယ် သူအား ပေးရပါအံ့နည်းဟုရင်း လျှောက်ထားလာလျှင် ကပ္ပိယကာရက မညွှန် ပြကောင်းပါ။

**➢ အာရာမ်စောင့်နှင့် ဥပါသကာကို ကပ္ပိယကာရကအဖြစ် ညွှန်ရခြင်းအကြောင်း**

လျှောက်ပတ်သည်၏အဖြစ်ကြောင့် အာရာမ်စောင့်နှင့် ဥပါသကာကိုသာ ကပ္ပိယ ကာရကအဖြစ် ညွှန်းရပါသည်။ အမှန်မှာ သိတင်းသုံးဖော်ငါးဦးမှ ကြွင်းကျန်သူမှန် သမျှ ကပ္ပိယကာရက ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com



➤ **အာရာမိကော ဝါ ဥပါသကော ဝါ–ဟု အထူးပြု၍ ဟောတော်မူရကြောင်း** သင့်လျော်သော ကပ္ပိယအဖြစ်ကို ပြတော်မူလိုသောကြောင့်--တည်း။

➤ **ဧသော ခေါ ဘာဝုသော,စသော စကားကို ဆိုရကျိုး** ။ ။ ဧသော ခေါ် အာဝုသော, စသော စကားကို ရဟန်း၏ အပ်သောစကားကို ပြခြင်းအကျိုးငှာ ဆိုရပါသည်။

➤ **ကပ္ပိယကာရက (၁၀)ကျိပ်** ။ ။ ရဟန်းညွှန်းသော ကပ္ပိယ ၄-ယောက်၊ တမန်ညွှန်းသော ကပ္ပိယ ၄-ယောက်၊ မည်သူမှ မညွှန်းသော ကပ္ပိယ ၂-ယောက်အားဖြင့် ၁၀-ယောက် ဖြစ်ပါသည်။

➤ **ကပ္ပိယတို့၌ ရဟန်းတော်များ အစနေ့ပြင် ပြုကျင့်ပုံ** ။ ။ ငွေလာလှူသူညွှန်း ကပ္ပိယလေးယောက်တို့၌ သက်နိုး မရ မချင်း အကြိမ်သတ်မှတ်မှု မရှိ တောင်းနိုင် ရပ်နိုင်ပါသည်။ ရဟန်းညွှန်း ကပ္ပိယ လေးယောက်တို့၌ ရာဇသိက္ခာပုဒ်အတိုင်း ၃-ကြိမ်တောင်း, ၆-ကြိမ်ရပ်တို့ကို ပြုနိုင်ပါသည်။ ထိုထက်ပို၍ မပြုအပ်ပါ။ မည်သူကမျှ မညွှန်းအပ်သော ကပ္ပိယ ၂-ယောက်တို့၌ လုံးဝ မတောင်းအပ်ပါ။

➤ **ရဟန်းညွှန်းသော ကပ္ပိယ ၄–ယောက်ကား** ။ ။ (၁) ရဟန်းကိုယ်တိုင် မျက်မှောက်အနီးရှိသူကို ညွှန်ပြအပ်သူ၊ (၂) ရဟန်းမျက်ကွယ်၌ရှိသော ကပ္ပိယထံ အပ်နှံပြီး တမန်ကိုယ်တိုင် ရဟန်းထံ ပြန်လျှောက်သူ၊ (၃) ရဟန်းမျက်ကွယ်၌ရှိသော ကပ္ပိယထံ အပ်နှံပြီး စေခိုင်း၍ ရဟန်းထံပြန်လျှောက်သူ၊ (၄) ကပ္ပိယရှိရာသို့ မသွားခင်ကပင် ရဟန်းအား လျှောက်ထားပြီး အပ်နှံသူ-တို့ ဖြစ်ပါသည်။

➤ **တမန်ညွှန်းသော ကပ္ပိယ ၄–ယောက်ကား** ။ ။ [ရဟန်းက ကပ္ပိယ မညွှန်းခြင်းကြောင့် တမန်ကိုယ်တိုင် ကပ္ပိယလုပ်မည့်သူကို ရှာဖွေ၍] (၁) ရဟန်းရှေ့မှာ အပ်နှံ ပြောဆိုသူ၊ (၂) အဝေးမှာ ရှိသူထံ အပ်နှံ၍ ပြန်လျှောက်ထားသူ၊ (၃) အဝေးမှာရှိသူထံ အပ်နှံ၍ စေခိုင်း၍ လျှောက်ထားသူ၊ (၄) ကပ္ပိယရှိရာသို့ မသွားခင်ကပင် ရဟန်းအား လျှောက်ထားပြီး အပ်နှံသူ-တို့ ဖြစ်ပါသည်။

➤ **မညွှန်းအပ်သူ ၂–ယောက်** ။ ။ [ကပ္ပိယ ရှိပါသလားဟု လျှောက်ထားသော အခါ] (၁) အနီးအပါး မျက်မှောက်ရှိသူ တစ်ယောက်က သူ့ထံအပ်ခဲ့ပါ-ဟု ပြောသဖြင့် ထိုသူထံ အပ်နှံသွား၏၊ တမန်က ကပ္ပိယကိုလည်း လှူရစ်ပါဟု မမှာ၊ ရဟန်းကိုလည်း တောင်းရစ်ပါဟု မလျှောက်ခဲ့သူ၊ (၂) ရဟန်း၏မျက်ကွယ်မှာပင် သင့်တော်သူ တစ်ယောက် ယောက်ထံ အပ်နှံ၍ သက်နိုးလှူရစ်ပါဟု ကပ္ပိယကို မှာထားသွား၏၊ ရဟန်းကိုကား မလျှောက်ခဲ့ ထိုကဲ့သို့သော သူ-တို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်၌ လိုအပ်သော ကပ္ပိယ ကာရက** ။ ။ ရဟန်းညွှန်းသော ကပ္ပိယ ၄-ယောက်ကိုသာ လိုအပ်ပါသည်။

http://www.dhammadownload.com



➤ **ဤသိက္ခာပုဒ်၌ ကပ္ပိယကာရက ဖြစ်နိုင်သော ပုဂ္ဂိုလ်များ** ॥ ॥ သိတင်းသုံးဖော် ငါးယောက်မှတစ်ပါး မည်သူမဆို ကပ္ပိယ ဖြစ်နိုင်ပါသည်။

➤ **ဝေယျာဝစ္စကရော နိဒ္ဒိသိတဗ္ဗော-၌ ဝေယျာဝစ္စကရ စာရင်းတွင် ပါဝင်ခွင့် မရှိသော ပုဂ္ဂိုလ်များ** ॥ ॥ ရဟန်း, ရဟန်းမိန်းမ, သိက္ခမာန်, သာမဏေယောကျ်ား, သာမဏေ မိန်းမ-တို့ ဖြစ်ပါသည်။

➤ **ကပ္ပိယဝစနမြပါ၌** ॥ ॥ ဧသော ခေါ အာဝုသော ဘိက္ခူနံ ဝေယျာဝစ္စကရော ဖြစ်ပါသည်။

မေး ॥ ॥ နိဿဂ္ဂိယ ရာဇသိက္ခာပုဒ်ဝယ် ကပ္ပိယကာရက ညွှန်ပြမှုနှင့်စပ်၍ အာရာမ် စောင့်နှင့် ဒါယကာတို့ကိုသာ ညွှန်ပြကောင်းပါသလော? အဋ္ဌကထာအလိုကျ ရှင်းပြပါ။

ဖြေ ॥ ॥ အာရာမ်စောင့်နှင့် ဒါယကာတို့ကိုသာ ညွှန်ပြကောင်းသည် မဟုတ်ပါ။

သိတင်းသုံးဖော် ငါးယောက်တို့မှတစ်ပါး အမှတ်မရှိ တစ်စုံတစ်ယောက်သော ကပ္ပိယကာရကကို ညွှန်ပြကောင်းပါသည်။

➤ **ရဟန်းညွှန်း/တမန်ညွှန်း ကပ္ပိယကာရက ၄-ယောက်** ॥ ॥ ရှေ့မှောက် ၁-ယောက်၊ မျက်ကွယ် ၃-ယောက်တို့ ဖြစ်ပါသည်။

➤ **မျက်ကွယ် ၃-ယောက်ကား** ॥ ॥ (၁) တမန်က ကပ္ပိယထံ အပ်နှံပြီး ကိုယ်တိုင် ပြန်လျှောက်ခြင်း (၂) ကိုယ်တိုင်ပြန် မလျှောက်ဘဲ လူစေလွှတ်၍ ကြားလျှောက်ခြင်း (၃) သွားခါနီးကပင် တစ်ခါတည်း မှာကြားလျှောက်ထားခြင်း။

➤ **အနိဒ္ဒိဋ္ဌ ကပ္ပိယ ၂-ယောက်** ॥ ॥ (၁) မုခ ဝေဝဋိက ကပ္ပိယ ကာရက (၂) ပရမ္မုခ ကပ္ပိယ ကာရက-တို့ ဖြစ်ပါသည်။

➤ **သညတ္တော သောမယာ အဓိပ္ပါယ်** ॥ ॥ ထိုသူ့ကို တပည့်တော် စေခိုင်းအပ်ပါပြီ၊ အရှင်ဘုရားတို့အား သက်နှ်းဖြင့် အလိုရှိပါက သင်္ကန်း လှူရစ်ပါလိမ့်မည်ဟု လျှောက်ထားခြင်းကို "သညတ္တော သောမယာ" ဟု ဆိုပါသည်။

➤ **တမန်က ကပ္ပိယထံ သင်္ကန်းဖိုး အပ်နှံသွားရုံဖြင့် တောင်းကောင်း မတောင်း ကောင်း** ॥ ॥ ကပ္ပိယ လက်၌ ပေးအပ်၍ သွားရုံမျှဖြင့် မတောင်းကောင်းပါ၊ ထိုသူကို တပည့်တော် စေခိုင်းအပ်ပါပြီ အရှင်ဘုရားတို့အား သင်္ကန်းဖြင့် အလိုရှိပါက သင်္ကန်း လှူရစ်ပါလိမ့်မည်ဟု တမန်က လျှောက်ထားမှသာ သင်္ကန်းကို တောင်းကောင်းပါသည်၊ ကပ္ပိယ ကာရက၏ လက်၌ပေး၍ သွားရုံမျှဖြင့် မတောင်းကောင်းပါ။

➤ **သညတ္တော သောမယာဟု မဆိုသော်လည်း တောင်းနိုင်ခြင်းအကြောင်း**

ရဟန်းက မျက်မှောက်၌ ညွှန်ပြ၍ တမန်ကလည်း မျက်မှောက်၌ပင် သင်္ကန်းဖိုး

http://www.dhammadownload.com



ပေးပြီးလျှင် သင်္ကန်းဝယ်လှူလိုက်ပါဟု မှာသွားလျှင် သညတ္တော သောမယာဟု မဆိုသော်လည်း တောင်းကောင်းပါသည်။

**➢ ကပ္ပိယ ကာရကကို မျက်ကွယ်ညွှန်ပြရာ၌ တောင်းကောင်းပုံ**

တမန်က သွားခါနီးမှာပင် အရှင်ဘုရားညွှန်ပြအပ်သော ဝေယျာဝစ္စ ကရ၏ လက်၌ ပေးခဲ့ပါအံ့, အရှင်ဘုရားတို့သည် သင်္ကန်းကို ခံယူရစ်ပါကုန်ဟု ရဟန်းအား လျှောက်၍ သွားခြင်း, သူတစ်ပါးအား စေလွှတ်၍ လျှောက်စေခြင်း ဖြစ်လတ်သော် တောင်းကောင်းပါသည်။

**➢ တမန်ဖြင့် မစေလွှတ်ဘဲ အလှူရှင်ကိုယ်တိုင် သင်္ကန်းဖိုး လာလှူလျှင် လက်ခံသင့်/လက်မခံသင့်** ။ ။ ဒူတေနဟူသော စကားသည် ဒေသနာ၏ ဦးခေါင်းမျှသာ ဖြစ်ပါသည်၊ အလှူရှင်ကိုယ်တိုင် လာရောက် လှူရာ၌လည်း " အရှင်ဘုရားဖို့ သင်္ကန်းဖိုး ယူလာပါ၏၊ သင်္ကန်းဖိုးကို အလှူခံပါ" ဟု သိက္ခာပုဒ်လာသော လျှောက်နည်း အတိုင်း ကျင့်ရမည်ဖြစ်သောကြောင့် လက်မခံသင့်ပါ။

**➢ စောဒနာ လက္ခဏာ နိဒ္ဒေသနပြ ပါဠိကား** ။ ။ အတ္ထော မေ အာဝုသော စီဝရေန ဖြစ်ပါသည်။

**မေး** ။ ။ သင်္ကန်းကို တောင်းရာ၌ အတ္ထော မေ အာဝုသော စီဝရေန-ဟု ပါဠိ ဘာသာ စကားဖြင့်သာ တောင်းကောင်းပါသလော?။

**ဖြေ** ။ ။ အတ္ထော မေ-စသော စကားကိုသော်ငြား, အမှတ်မထား တစ်ပါးပါးသော ဘာသာဖြင့် အတ္ထော မေ-စသော စကား၏ အနက် အဓိပ္ပါယ်ကိုသော်ငြား, ပြောဆို နိုင်ပါသည်။ [ဒေဟိ မေ-ငါ့အား သင်္ကန်းကို ပေးပါ၊ အာဟရ မေ- ငါ့အတွက် သင်္ကန်းကို ယူခဲ့ပါ-စသည်ဖြင့် မတောင်းကောင်းပါ။]

**➢ ၆-ကြိမ်ရပ်ခြင်းကို ပြလှုပ်ရာ၌ မပြလှုပ်သင့်သော အရာများ**

သင်္ကန်းကို ရည်ရွယ်၍ ရပ်ရာ၌ ထိုင်ပါဟု လျှောက်သော်လည်း မထိုင်ရ၊ အာမိသကို ခံယူပါဟု လျှောက်သော်လည်း မခံယူရ၊ တရားဟောပါဟု လျှောက်သော်လည်း မဟောရ၊ အဘယ်အကြောင်းကြောင့် လာပါသနည်းဟု မေးလျှင်ကား "ဒါယကာ သိပေါ့"ဟု ဤမျှလောက်ကိုသာ ပြောဆိုရပါမည်။

**➢ ဆက္ခတ္တုံပရမံ တုဏှီဘူတေန ဥဒ္ဒိဿ ဌာတဗ္ဗံ-ဟု ဟောတော်မူရကျိုး**

ကိုယ်ဖြင့်တောင်းခြင်း၏ အမှတ်အသားကို ပြခြင်းအကျိုးငှာ ဟောတော်မူသည်

**➢ ထိုင်ခြင်း,စသည်ကို မပြုပါနှင့်ဟု ဆိုရခြင်း** ။ ။ ထိုင်ခြင်း, အာမိသကို ခံယူခြင်း, တရားဟောခြင်းတို့သည် ဒကာထံသို့ လာခြင်း၏ အကြောင်းများမဟုတ်၊ ရပ်ခြင်းသာ လာခြင်း၏ အကြောင်းဖြစ်သောကြောင့်--ဆိုရပါသည်။

http://www.dhammadownload.com



**➢ သင်္ကန်းပြီးစေရန် သုံးကြိမ်တောင်းပြီး ခြောက်ကြိမ်မြောက် ရပ်နေစဉ် "ထိုင်ပါဦး"ဟု ဒါယကာက လျှောက်ထားခဲ့သော် ထိုင်ကောင်း/မထိုင်ကောင်း**

ထိုင်မှု,စသည်ကိုပြုလျှင် တစ်ကြိမ်ရပ်ခြင်းကိစ္စ ပြီးတော့၏၊ လာခြင်း၏ အကြောင်းသည် ရပ်ခြင်းသာ ဖြစ်ပါသည်၊ ထိုင်ခြင်းသည် ဤတကာထံသို့ လာခြင်း၏အကြောင်း မဟုတ်သောကြောင့် မထိုင်ကောင်းပါ။

➢ **"မည်သည့်ကိစ္စဖြင့် ကြွလာသနည်း"ဟု ဒါယကာက မေးမြန်းခဲ့သော် ပြန်လည် ဖြေကြားပုံ ။ ။** "ဒါယကာ သိပါလော့"ဟူသော စကားမျှကိုသာ ပြောဆိုရမည်

**➢ တောင်းရှုံသာ တောင်း၍ ရပ်ခဲ့လျှင် ၆-ကြိမ် တောင်းနိုင်ခြင်းအကြောင်း**

တောင်းခြင်း, ရပ်ခြင်း၌ အလွန်ဆုံးအပိုင်းအခြားအားဖြင့် ၃-ကြိမ်တောင်းခြင်း, ၆-ကြိမ်ရပ်ခြင်းတို့ကို ခွင့်ပြုတော်မူသောကြောင့် တောင်းခြင်း၏နှစ်ဆတက် ရပ်ခြင်းကို ခွင့်ပြုတော်မူရကား တောင်းရုံသာတောင်း၍ မရပ်ခဲ့လျှင် ၆-ကြိမ်တောင်းနိုင်ပါသည်။ ရပ်ရုံသာ ရပ်၍ မတောင်းလျှင် ၁၂-ကြိမ် ရပ်ကောင်းပါသည်။

➢ **တောင်းခြင်း, ရပ်ခြင်းတို့၏ အဆုံးအဖြတ် ။ ။** (၁) အကြင်ရဟန်းသည် တစ်နေ့တည်း၌ပင် ထပ်ကာထပ်ကာ သွား၍ ၆-ကြိမ်တောင်းလျှင်ရင်း၊ (၂) တစ်နေ့တည်း၌ တစ်ကြိမ်သာ သွား၍ "အတ္ထော မေ အာဝုသော စီဝရေန"ဟု ၆-ကြိမ်တောင်းလျှင်ရင်း၊ (၃) တစ်နေ့တည်း၌ပင် အဖန်ဖန်သွားပြီး ၁၂-ကြိမ်ရပ်လျှင်ရင်း၊ (၄) တစ်နေ့တည်း၌ တစ်ကြိမ်သာ သွား၍ ထိုထိုအရပ်၌ ၁၂-ကြိမ်ရပ်လျှင်ရင်း တောင်းခြင်း ရပ်ခြင်းအင်္ဂါ မြောက်ပါသည်။

➢ **အဃံ တတ္ထ သာမိစီ–အရ ပြုသင့်သော ကျင့်ဝတ်ကို မပြုသော ရဟန်း၏ အပြစ် ။ ။** မပြုသော ရဟန်းအား ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

➢ **နိဿဂ္ဂိသင်္ကန်းစွန့်ပုံ ။ ။** ဣဒံ မေ ဘန္တေ စီဝရံ အတိရေက တိက္ခတ္တုံ စောဒနာယ အတိရေကဆက္ခတ္တုံ ဌာနေန အဘိနိပ္ဖာဒိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

➢ **အာပတ်မှ လွတ်ခွင့်ရှိသော ပုဂ္ဂိုလ်များ ။ ။** (၁) သုံးကြိမ်တောင်း ခြောက်ကြိမ် ရပ်ပြီးနောက် မတောင်းတော့ဘဲ ကပ္ပိယကိုယ်တိုင်လှူ၍ ရအပ်သော သင်္ကန်းကို ခံယူသောရဟန်း (၂) သုံးကြိမ်ရပ်ပြီးနောက် ရဟန်းက မတောင်းတော့ဘဲ ဥစ္စာရှင်တို့က တောင်း၍ လှူလာသော သင်္ကန်းကို ခံယူသော ရဟန်း၊ (၃) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း)၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ "အရှင်ဘုရားတို့ ယနေ့တစ်ရက်မျှ ဆိုင်းငံ့ပါဦး" ဟု ပြောဆိုပါလျက် မဆိုင်းငံ့ခြင်း (ဝတ္ထု) ကြောင့် ပညတ်သည်။

http://www.dhammadownload.com



➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ॥ ॥ (၁) ရဟန်းညွှန်ပြအပ်သော ကပ္ပိယဖြစ်ခြင်း (၂) အဖိုးကို အပ်နှံထား၍ ရဟန်းအား လျှောက်ခြင်း (၃) သုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ် ရပ်ခြင်းထက် ပို၍ အားထုတ်ခြင်း (၄) ထိုအားထုတ်မှုကြောင့် ရခြင်း။

**ဧဠကလောမဝဂ်/ကောသိယသိက္ခာပုဒ်**

**မေး** ॥ ॥ ဧဠကလောမဝဂ် ပထမသိက္ခာပုဒ်၌ ကောသိယမိဿကသန္ထတကို ပြုလုပ်ရမည့် နည်းနှင့် အဘယ်မျှလောက် များပြားသော ပိုးချည်တို့ဖြင့် ရောမှ ကောသိယမိဿက ဖြစ်ပါသနည်း။

➤ **ကောသိယမိဿကသန္ထတ ပြုလုပ်နည်း** ॥ ॥ ညီညွတ်သော မြေ၌ ပိုးချည်မျှင်တို့ကို အထက်အောက် အဆင့်ဆင့်ဖြန့်ခင်း၍ ကစီရည်တို့ဖြင့် သွန်းလောင်းပြီး ပြုလုပ်ရပါသည်။

➤ **ကောသိယမိဿက ဖြစ်ပုံ** ॥ ॥ အောက်ထစ်ဆုံး အခင်းပြုလုပ်ရာ၌ လေအဟုန်ဖြင့် ကျအပ်သော ပိုးချည်မျှင် တစ်မျှင်မျှဖြင့်လည်း ရောနှောပြုလုပ်သော အခင်းသည် "ကောသိယမိဿက" ဖြစ်ပါသည်။

➤ **ကောသိယမိဿက အဓိပ္ပါယ်** ॥ ॥ တစ်ခုသော ပိုးချည်မျှင်ဖြင့်သော်ရင်း, အယုတ်သဖြင့် ထိုအခင်းကိုပြုလုပ်ရာ အရပ်၌ လေ၏အဟုန်ဖြင့် လွင့်၍ ကျလာသော ပိုးမျှင်ဖြင့်သော်ရင်း ရောနှောအောင်ပြုအပ်သော အခင်းသည် "ကောသိယမိဿက" မည်ပါသည်။

➤ **သန္ထတ အဓိပ္ပါယ်** ॥ ॥ ညီမျှသော မြေအဘို့၌ ပိုးမျှင်တို့ကို အထပ်ထပ် ဖြန့်ခင်းပြီး ကစီရည်,စသည်တို့ဖြင့် သွန်းလောင်း၍ပြုအပ်သော သဘောရှိသော အခင်းကို "သန္ထတ"ဟု ခေါ်ပါသည်။

➤ **ကာရာပေယျ အဓိပ္ပါယ်** ॥ ॥ ကိုယ်တိုင်ပြုခြင်း, သူတစ်ပါးကိုပြုစေခြင်း နှစ်ပါးလုံးကို "ကာရာပေယျ"ဟု ခေါ်ပါသည်။

➤ **ပိုးချည်အခင်းကို စွန့်ပုံ** ॥ ॥ ဣဒံ မေ ဘန္တေ ကောသိယမိဿကံ သန္ထတံ ကာရာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ အာဠဝိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ ပိုးချည်နှင့် ရောသောအခင်းကို ပြုလုပ်စေခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ॥ ॥ သူတစ်ပါးအကျိုးငှာ ကိုယ်တိုင်ပြုခြင်း, သူတစ်ပါးကို ပြုစေခြင်းတို့ကြောင့် ဒုက္ကဋ်အာပတ်၊ အခြားသူပြုလုပ်ထားသော အခင်းကိုရ၍ သုံးစွဲခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com



➤ **နိဿဂ္ဂိယ–အရ/ပါစိတ္တိယ–အရ** ။ ။ (၁) ကိုယ်တိုင်ပြု၍ မပြီးသေးသော အခင်းကို ကိုယ်တိုင်ပြီးစေလျှင် နိဿဂ္ဂိပါစိတ်။ (၂) ကိုယ်တိုင်ပြုပြီး မပြီးသေးသော အခင်းကို သူတစ်ပါးတို့ကို ပြုစေလျှင် နိဿဂ္ဂိပါစိတ်။ (၃) သူတစ်ပါးတို့ပြု၍ မပြီးသေးသော အခင်းကို ကိုယ်တိုင်ပြီးစေလျှင် နိဿဂ္ဂိပါစိတ်။ (၄) သူတစ်ပါးတို့ပြု၍ မပြီးသေးသော အခင်းကို သူတစ်ပါးတို့ကို ပြီးစေလျှင် နိဿဂ္ဂိပါစိတ်။

➤ **အာပတ် မသင့်နိုင်သော အကြောင်းများ** ။ ။ မျက်နှာကြက်,စသည်ကို ပြုခြင်းကြောင့်ရင်း, ဥမ္မတ္တက စသည်တို့၏ ကိုယ်တိုင်ပြုခြင်း သူတစ်ပါးကို ပြုစေခြင်းတို့ကြောင့်ရင်း အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃–ပါး** ။ ။ (၁) ပိုးချည်ဖြင့် ရောနှောခြင်း (၂) မိမိအတွက် အခင်းပြုခြင်း, ပြုစေခြင်း (၃) ရခြင်း-တို့ ဖြစ်ပါသည်။

**သုဒ္ဓကာဠက သိက္ခာပုဒ်**

➤ **သုဒ္ဓကာဠက အဓိပ္ပါယ်** ။ ။ အခြားအဆင်း အရောင်တို့နှင့် မရော, အနက်ရောင်ချည်းသက်သက် အဆင်းရှိသော သိုးမွေးအခင်းကို "သုဒ္ဓကာဠက"ဟုခေါ်သည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ဝေသာလီပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂိရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သုဒ္ဓကာဠကဖြစ်သော အခင်းကို ပြုခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူရပါသည်။

**ဒွေဘာဂသိက္ခာပုဒ်**

➤ **နိဿဂ္ဂိပါစိတ်အာပတ် သင့်ခြင်းအကြောင်း** ။ ။ နက်သော အဆင်းရှိသော သိုးမွေးတစ်မျှင်မျှသော်လည်း နှစ်ဖို့ထက်ပိုလွန်သောကြောင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။ (နှစ်ဖို့အောက် ယုတ်လျော့လျှင် အပ်ပါသည်၊ အဖြူရောင်သိုးမွေးနှင့် ကြောင်သောအဆင်းရှိသော သိုးမွေးများ ပိုလျှင်ကား အာပတ် မသင့်ပါ။)

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂိရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ အနက်ရောင် နှစ်ပုံထက်ပိုလွန်သော သဘောရှိသော အခင်းကိုပြုခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **စွန့်ပြီး၍ ပြန်ရသော်လည်း မသုံးကောင်းသော နိဿဂ္ဂိပစ္စည်းများ**

(၁) ပိုးချည်ဖြင့် ရောနှောသောအခင်း [ကောသိယသိက္ခာပုဒ်] (၂) သက်သက်နက်သော အဆင်းရှိသော သိုးမွေးအခင်း [သုဒ္ဓကာဠကသိက္ခာပုဒ်] (၃) သိုးမွေးလေးပုံတွင် မည်းနက်သော သိုးမွေးတို့၏ နှစ်ပုံထက်ပိုလွန်သော အခင်း [ဒွေဘာဂသိက္ခာပုဒ်]

**ဆဗ္ဗဿ သိက္ခာပုဒ်**

➤ **အညတြ ဘိက္ခုသမ္မုတိယာ–၌ သမ္မုတိ–အရ** ။ ။ သံឃာသည် ဂိလာနရဟန်း

http://www.dhammadownload.com



အား ပေးအပ်သော သန္တတသမ္ဘုတ်ကို ယူရပါမည်။

➤ **အညတြ ဘိက္ခုသမ္မုတိယာ–၌ သမ္မုတိ အမျိုးအစားတို့ကို ဆိုင်ရာသိက္ခာပုဒ်နှင့် တွဲစပ်ပုံ** ။ ။ (၁) ဥဒေါသိတသိက္ခာပုဒ်= ဝိပ္ပဝါသ သမ္မုတိ၊ (၂) ဆဗ္ဗဿ သိက္ခာပုဒ်= သန္တတသမ္မုတိ၊ (၃) သာသက် သိက္ခာပုဒ်= အဝိပ္ပဝါသ သမ္မုတိ၊ (၄) ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်= အပလောကနကံဖြင့် သမုတ်အပ်သော သမ္မုတိ-တို့ ဖြစ်ပါသည်။

➤ **အနုပညတ်ပါဠိ** ။ ။ အညတြ ဘိက္ခုသမ္မုတိယာ ဖြစ်ပါသည်။

➤ **သန္တတသမ္မုတိ ရနိုင်ရာ ကာလ** ။ ။ ရောဂါ မပျောက်သေးသမျှ ကာလပတ်လုံးရင်း, ပျောက်ပြီးသော်လည်း နောက်ထပ်ပြန်၍ ရောဂါထသေး, ဖြစ်သေးသမျှ ကာလပတ်လုံး ရနိုင်ပါသည်။ ထိုအတွင်း ရောက်အပ်သော အရပ်၌ နှစ်စဉ် အခင်း ပြုလုပ်ကောင်းပါသည်။

➤ **နိဿဂ္ဂိယ ပါစိတ္တိယ–အရ** ။ ။ သန္တတသမ္မုတိ မရဘဲ ၆-နှစ်အတွင်း၌ အခင်းဟောင်းမှ အခြားသော အခင်းသစ်ကို ပြုလုပ်သော ရဟန်းအား နိဿဂ္ဂိပါစိတ် ဖြစ်ပါသည်။

➤ **အခင်းပြုလုပ်သော်လည်း အာပတ် မသင့်ခြင်းအကြောင်း** ။ ။ သူတစ်ပါးအကျိုးငှာ ပြုစေခြင်းကြောင့်ရင်း, သူတစ်ပါးတို့ ပြုလုပ်ပြီးသော အခင်းကိုရ၍ သုံးစွဲခြင်းကြောင့်ရင်း အာပတ် မသင့်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသော ရဟန်း (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ နှစ်စဉ်အခင်းကို ပြုစေခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

## နိသီဒန သိက္ခာပုဒ်

➤ **ပုရာဏသန္တတ အဓိပ္ပါယ်** ။ ။ တစ်ကြိမ်ထိုင်ဖူး, လျောင်းဖူးသော အခင်းသည် "ပုရာဏသန္တတ" မည်ပါသည်။

➤ **သမန္တာ (သာမန္တာ) –အရ** ။ ။ သက်န်းဟောင်း၏ နံဘေးတစ်ဘက်ဘက်ကို ယူရပါမည်။

➤ **အခင်းဟောင်း၏ ပတ်ဝန်းကျင်မှ ဖြတ်ယူပုံ/ အနားသား ယူပုံ**

အခင်းဟောင်း၏ ဘေးတစ်ဖက်မှ အဝိုင်းကိုသော်ရင်း, လေးထောင့်ကိုသော်ရင်း ဖြတ်၍ ဘုရားရှင်၏ အထွာတော်ဖြင့် တစ်ထွာ ယူရပါမည်။

➤ **နိသီဒန သန္တတံ–၌ နိသီဒန–ဟု ဝိသေသန ပြုရကျိုး** ။ ။ နိသီဒန-ဟု ဝိသေသန ပြုခြင်းသည် သက်န်းမဟုတ်, အိပ်စရာ ထိုင်စရာဖြစ်သော သန္တတ-ဟု သိစေခြင်းအကျိုး ရှိပါသည်။

http://www.dhammadownload.com



**➢ ပြတ်ယွင်းအပ်သော အခင်းဟောင်း၏ အစိတ်အပိုင်းကို ဖြန့်ခင်းပုံ**

ဖြန့်ခင်းသော ရဟန်းသည် အခင်းသစ်၏ တစ်စိတ်တစ်ပိုင်း အရပ်၌သော်လည်း ဖြန့်ခင်းနိုင်သည်၊ ဖြေရှင်း၍ သိုးမွေးအသစ်နှင့် ရော၍သော်လည်း ဖြန့်ခင်းနိုင်သည်။

**➢ ဖြေရှင်းပြီး သိုးမွေးအသစ်နှင့် ရော၍ခင်းရကျိုး** ။ ။ ဖြေရှင်း၍ ဖြန့်ခင်းလတ်သော် သာ၍ ခိုင်ခန့်ခြင်းအကျိုး ရှိပါသည်။

**➢ ပြုလုပ်သော်လည်း အာပတ် မသင့်နိုင်ခြင်းအကြောင်း** ။ ။ သူတစ်ပါးအကျိုးငှာ ပြုစေခြင်း, သူတစ်ပါးတို့ ပြုလုပ်ထားသော အခင်းကိုရ၍ သုံးစွဲခြင်းတို့ကြောင့် အာပတ် မသင့်ပါ။

**➢ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသော ရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ အခင်းကို စွန့်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**ဧဠကလောမ သိက္ခာပုဒ်**

မေး ။ ။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ-ဟု ဆိုခြင်းကြောင့် ခရီးသွားရင်းရမှ သိုးမွေးတို့ကို အလျှုခံကောင်းပါသလော? ရှင်းလင်းပြပါ။

ဖြေ ။ ။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ,စသော စကားသည် ဝတ္ထုကြောင်းကိုပြသော စကားမျှသာ ဖြစ်သောကြောင့် ခရီးသွားစဉ် ရသည်ဖြစ်စေ, ကျောင်းမှာနေစဉ် ရသည်ဖြစ်စေ မည်သည့်နေရာ၌ ရ-ရ အလှူခံကောင်းပါသည်။

**➢ တိယောဇနပရမံ-အရ** ။ ။ သိုးမွေးကို ခံယူရာအရပ်မှ ၃-ယူဇနာအရပ်တိုင်အောင် အတွင်းကို ယူရပါမည်။

**➢ နားမှလေထွက်သော ရောဂါကို ကုစားဖို့အတွက် ချည်ဖြင့် မထိုးရသေးသော သိုးမွေးတို့ကို နားပေါက်၌ ထည့်၍ ဆောင်ယူသော ရဟန်း၏အပြစ်**

နားမှ လေထွက်နေသော ရောဂါကို ကုစားဖို့အတွက် ချည်ဖြင့် မထိုးရသေးသော သိုးမွေးတို့ကို နားပေါက်၌ထည့်၍ ဆောင်ယူသောရဟန်းအား ၃-ယူဇနာအရပ်ကို ခြေတစ်လှမ်းကျော်လွန်လျှင် ဒုက္ကဋ်အာပတ်၊ ဒုတိယ ခြေလှမ်းကို ကျော်လွန်လျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

**➢ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အမှတ်မထား တစ်ပါးပါးသော ရဟန်း (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သိုးမွေးတို့ကို သုံးယူဇနာ ကျော်လွန်အောင် ဆောင်ယူခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူသည်။

**➢ ၃-ယူဇနာ ကျော်လွန်အောင် ဆောင်ယူသော်လည်း အာပတ် မသင့်နိုင်ခြင်းအကြောင်း** ။ ။ ခိုးသူ,စသည်တို့ လုယူအပ်သော သိုးမွေးကိုရင်း, ဝိနည်းထုံးစံအတိုင်း

http://www.dhammadownload.com



စွန့်ပြီးသော သိုးမွေးကိုရင်း၊ ပြန်ရ၍ ဆောင်ယူခြင်းကြောင့်ရင်း၊ သူတစ်ပါးတို့ကို ဆောင်စေခြင်းကြောင့်ရင်း၊ အောက်ထစ်ဆုံးချည်မျှင်ဖြင့် ထိုးဖွဲ့ထားသော ကတာဘဏ္ဍာကို ဆောင်ခြင်းကြောင့်ရင်း အာပတ် မသင့်နိုင်ပါ။

➢ **ယခုခေတ် သိုးမွေးခြုံထည်ကို ခြုံ၍ ၃–ယူဇနာကျော်လွန်အောင် သွားသော ရဟန်းအား အပြစ် ရှိ/မရှိ** ။ ။ ချည်မျှင်ငယ်ဖြင့် ထိုးဖွဲ့ထားသော ကတာဘဏ္ဍာကို ဆောင်ယူလျှင် အနာပတ္တိ-ဟု ဟောတော်မူသောကြောင့် အပြစ် မရှိပါ။

➢ **သိက္ခာပုဒ်အင်္ဂါ ၅–ပါး** ။ ။ (၁) သိုးမွေးတို့၏ ဘဏ္ဍာ မပြုရသေးခြင်း (၂) ပထမ ရခြင်း (၃) ကိုယ်တိုင်ယူ၍ဖြစ်စေ, လှည်းသမားကို မသိစေဘဲ လှည်းပေါ်တင်၍ ဖြစ်စေ ၃-ယူဇနာ လွန်သွားခြင်း (၄) အသွားဆောင်၍ အပြန်ဆောင်မှု မဟုတ်ခြင်း (၅) နေဖို့ရန် ရည်ရွယ်ချက် မရှိခြင်း-တို့ ဖြစ်ပါသည်။

**ဧဠကလောမ ဓောဝါပန သိက္ခာပုဒ်**

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သက္ကတိုင်း (နီခါနိုး)၌ ဆဗ္ဗဂ္ဂီ ရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သိုးမွေးတို့ကို ဖွပ်လျှော်စေခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**ဇာတရူပရဇတ သိက္ခာပုဒ်**

➢ **ဇာတရူပရဇတသိက္ခာပုဒ်နှင့် ရူပိယသံဝေါဟာရ သိက္ခာပုဒ်တို့၏ ခြားနားချက်**

ဇာတရူပ ရဇတသိက္ခာပုဒ်သည် ရွှေငွေ အတုံးအခဲနှင့် ဒင်္ဂါး, ပိုက်ဆံဟူသော နိဿဂ္ဂိယဝတ္ထု, အခြားရတနာ အမျိုးမျိုးဟူသော ဒုက္ကဋဝတ္ထုများကို ခံယူခြင်းမှ တားမြစ်ပါသည်။ ရူပိယ သံဝေါဟာရ သိက္ခာပုဒ်သည် ထိုနိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုနှင့် အခြားဝတ္ထုကို လဲလှယ်ယူခြင်းမှ တားမြစ်ပါသည်။ ဤသို့ ထူးပါသည်။

➢ **ဇာတရူပနှင့် ရဇတ အထူး** ။ ။ ရွှေဒင်္ဂါးများနှင့် ရွှေတုံးရွှေခဲများကို "**ဇာတရူပ**" ဟု ခေါ်ပါသည်။ ရွှေဒင်္ဂါးများနှင့် ငွေတုံးငွေခဲများကိုရင်း, ရောင်းဝယ်ခြင်း၌ ငွေအဖြစ် အသုံးပြုသော ပိုက်ဆံ အမျိုးမျိုးနှင့် ငွေစက္ကူများကိုရင်း "ရဇတ"ဟု ခေါ်ပါသည်။

**မေး** ။ ။ ဇာတရူပ သိက္ခာပုဒ်လာ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ-အရ ရွှေငွေကို လှူသည့်အခါ စိတ်ထည်း၌ သာယာနေလျှင် အာပတ်သင့်သည်ဟု ဆိုရာ၌ **မနောဒွါရေ အာပတ္တိ နာမ နတ္ထိ**–ဟူသော အဋ္ဌကထာနှင့် မဆန့်ကျင်အောင် အဘယ်သို့ ယူရမည်နည်း၊ ရှင်းလင်းဖော်ပြပါ။

**ဖြေ** ။ ။ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ-ဟု ဆိုသော်လည်း သာယာရုံမျှကြောင့် အာပတ် သင့်သည် မဟုတ်၊ ကိုယ်နှုတ်ဖြင့် ပယ်ရှားတားမြစ်ရမည်ကို မပယ်, မမြစ်သော ကြောင့်သာ အာပတ်သင့်သည်ဖြစ်၍ မနောဒွါရေ အာပတ္တိ နာမ နတ္ထိ-ဟူသော

http://www.dhammadownload.com



အဌကထာနှင့် မဆန့်ကျင်ပါ။

➤ **ဇာတရူပရဇတံ-န္တိ ရဇတ—အရ** ။ ။ ငွေကိုင်ရင်း, အသပြာကိုင်ရင်း ရောင်းဝယ်ခြင်း၌ ငွေအဖြစ် အသုံးပြုရသော ကြေးပဲ, သစ်သားပဲ, ချိပ်ပဲ,စသော ပိုက်ဆံ အမျိုးမျိုးကိုရင်း ရဇတ-အရ ယူရပါမည်။

➤ **ဥဂ္ဂဏှေယျ အဓိပ္ပါယ်** ။ ။ မိမိအကျိုးငှာ ပေးအပ်သော ရွှေငွေကိုသော်ရင်း တစ်စုံတစ်ခုသော အရပ်၌တည်သော ပိုင်ရှင်မရှိသော ရွှေငွေကိုသော်ရင်း ကိုယ်တိုင် ယူခြင်းကို "ဥဂ္ဂဏှေယျ"ဟု ခေါ်ပါသည်။

➤ **ဥပနိက္ခိတ္တံဝါ သာဒိယေယျ အဓိပ္ပါယ်/ ဥပနိက္ခိတ္တသာဒိယန ခေါ်ပုံ**

"ဤရွှေငွေသည် အရှင်ဖို့ ဖြစ်ပါစေ"ဟု မျက်မှောက်၌တည်သော ရွှေငွေကိုဖြစ်စေ "ထိုမည်သောအရပ်၌ ကျွန်ုပ်၏ရွှေငွေသည် အရှင်ဖို့ ဖြစ်ပါစေ"ဟု မျက်ကွယ်၌ရှိသော ရွှေငွေကိုဖြစ်စေ အရှင်ဖို့ဟု ပြောဆို၍ စကားသက်သက်ဖြင့်ရင်း၊ လက်ချောင်းချိုးပြခြင်းဖြင့်ရင်း စွန့်လွှတ်အပ်သော ရွှေငွေကို ကိုယ်နှုတ်တို့ဖြင့် မပယ်ဘဲ စိတ်ဖြင့် လက်ခံ သာယာခြင်းကို "ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ (ဝါ) ဥပနိက္ခိတ္တသာဒိယန"ဟု ခေါ်ပါသည်။

➤ **ဥပနိက္ခိတ္တသာဒိယန—အရ အပြစ် မဖြစ်နိုင်သော ပုဂ္ဂိုလ်များ**

(၁) စိတ်ဖြင့် သာယာလျက် ခံယူလိုသော်လည်း ကိုယ်နှုတ်ဖြင့် ဤရွှေငွေသည် မအပ်ဟု ပယ်မြစ်သော ရဟန်း၊ (၂) ကိုယ်နှုတ်တို့ဖြင့် မပယ်မူ၍ စင်ကြယ်သော စိတ်ရှိလျက် ဤရွှေငွေသည် ငါတို့အား မအပ်ပါဟု ပြော၍ မသာယာသော ရဟန်းတို့အား အာပတ် မသင့်ပါ။

**မေး** ။ ။ အသံမစဲ ပဌာန်းပူဇော်ပွဲများ၌ ပဌာနပါဌက ဆရာတော်များအား ဝတ္ထုကြေးငွေများ လှူတတ်ကြရာ "ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ"ဟူသော မြတ်ဗုဒ္ဓပညတ်တော်နှင့် မဆန့်ကျင်အောင် မည်သို့ အလှူခံသင့်ပါသနည်း။

**ဖြေ** ။ ။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါး နဝကမ္မအလို့ငှာ ကပ္ပိယကာရကထံ အပ်နှံလှူဒါန်းလျှင် အလှူခံနိုင်ပါသည်၊ သို့မဟုတ် လှုံခြုံသောဌာနညွှန်ကြားဘို့ရန် လျှောက်ထားလာလျှင်လည်း ညွှန်ပြ၍ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ပါသည်။

➤ **နိဿဂ္ဂီဖြစ်သော ရွှေငွေကို စွန့်ပုံ အစီအစဉ်** ။ ။ (၁) ရွှေငွေကို စွန့်လိုသောရဟန်းသည် "အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ"ဟု ဆို၍ သံဃာ့အလယ်၌သာ စွန့်ရပါမည်။ (၂) ထိုစွန့်ရာအရပ်၌ တစ်စုံတစ်ယောက်သော လူလာလျှင် "ဤဟာကို သိလော့"ဟု ပြောဆိုရမည်။ (၃)

http://www.dhammadownload.com



"ဤရွှေငွေဖြင့် အဘယ်ဝတ္ထုပစ္စည်းကို ဆောင်စေလိုပါသနည်း"ဟု ဒါယကာ,က လျှောက်လျှင် "ဤမည်သော ပစ္စည်းကို ဆောင်စေလို၏"ဟု မပြောဘဲ ထောပတ်, စသော ဝတ္ထုတို့သည် ရဟန်းတို့အား အပ်စပ်ကုန်၏ဟု အပ်စပ်သော ဝတ္ထုကို ပြောဆိုရမည်။ (၄) ထောပတ်,စသည် ဆောင်ယူလာလျှင် ရွှေငွေ အလှူခံသော ရဟန်းမှ တစ်ပါး အခြားသော ရဟန်းအားလုံး ဝေဖန်၍ သုံးဆောင်ကောင်းပါသည်။

(၅) ဒါယကာ,က ဘာကိုမျှ မဆောင်ယူလိုလျှင် "ဤရွှေငွေကို စွန့်လိုက်တော့" ဟု ပြောဆိုရမည်။ (၆) ထိုရွှေငွေကို ထားခဲ့လျှင်ရင်း, ယူသွားလျှင်ရင်း မတားမြစ်ရ။ (၇) ရွှေငွေကို ထားခဲ့လျှင် အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော ရဟန်းကို "ရူပိယဆဍ္ဍကသမ္မုတိ" ပေးရမည်။ (၈) ရွှေငွေကို စွန့်ပစ်တတ်သူ-ဟု သမုတ်ရမည်။ (၉) သမ္မုတိ ရသော ရဟန်းသည် အမှတ်အသား မပြုဘဲ ကျင်ကြီးကဲ့သို့ ထိုရွှေငွေကို လွတ်လွတ်ကျွတ်ကျွတ် စွန့်ပစ်ရပါမည်။

➤ **ရူပိယဆဍ္ဍက [ရွှေငွေကို စွန့်တတ်သော]ရဟန်း၏ အင်္ဂါ ၅-ပါး**

(၁) ဆန္ဒာဂတိသို့ မလိုက်ခြင်း (၂) ဒေါသာဂတိသို့ မလိုက်ခြင်း (၃) မောဟာဂတိသို့ မလိုက်ခြင်း (၄) ဘယာဂတိသို့ မလိုက်ခြင်း (၅) စွန့်ပြီး မစွန့်ပြီးသည်ကို သိခြင်း-တို့ ဖြစ်ပါသည်။

➤ **ရွှေငွေကို အလှူခံသောရဟန်းအား အပြစ်ကြီးလေးပုံ** ॥ ॥ ထိုရွှေငွေကြောင့် ဖြစ်ပေါ်လာသော အပ်စပ်သော ဝတ္ထုကို အခြားသူ တစ်ဦးဦးက ရ၍ တစ်ဆင့်ပေး အပ်သော ဝတ္ထုကိုရင်း, အယုတ်ဆုံးအားဖြင့် ထိုဝတ္ထုမှ ဖြစ်ပေါ်လာသော သစ်ပင် အရိပ်ကိုရင်း သုံးစွဲခြင်းငှာ မအပ်တော့ပါ။

➤ **စနစ်ရော အမှတ်အသားပြု၍ ရွှေငွေကို စွန့်သော ရူပိယဆဍ္ဍကရဟန်း၏ အပြစ် ဒုက္ကဋ်အာပတ် သင့်ပါသည်။**

**မေး** ॥ ॥ ရူပိယဆဍ္ဍကရဟန်းသည် ရွှေငွေကို စွန့်ရာ၌ အဘယ်ကဲ့သို့ စွန့်ပစ်ရမည်နည်း။

**ဖြေ** ॥ ॥ ရူပိယဆဍ္ဍက ရဟန်းသည် အမှတ်အသား မပြုဘဲ ကျင်ကြီးကဲ့သို့ ရွှေငွေကို စွန့်ပစ်ရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ ရွှေငွေကို ခံယူခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်အဆုံးအပြတ်** ॥ ॥ ရွှေငွေ အတု၌ ရွှေငွေအစစ်ဟု အမှတ်ရှိသော ရဟန်းအား ဒုက္ကဋ်အာပတ်။ ✱ ယုံမှားသံသယဖြင့် ခံယူသော ရဟန်းအား ဒုက္ကဋ် အာပတ်။ ✱ သံယာ, စေတီ စသည့်အကျိုးငှာ ခံယူသော ရဟန်းအား ဒုက္ကဋ်အာပတ်။

http://www.dhammadownload.com



* ပုလဲ, ပတ္တမြား စသော ဒုက္ကဋဝတ္ထုကို ခံယူသော ရဟန်းအား ဒုက္ကဋ်အာပတ်။

➤ **ကိရိယသမုဋ္ဌာန်ဖြစ်ပုံ** ။ ။ ခံယူခြင်းဖြင့် သင့်ရောက်သောကြောင့် ကိရိယ သမုဋ္ဌာန် ဖြစ်ပါသည်။

➤ **အကိရိယသမုဋ္ဌာန်ဖြစ်ပုံ** ။ ။ ပယ်မြစ်မှုကို မပြုခြင်းကြောင့် အကိရိယသမုဋ္ဌာန် ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ရွှေငွေဖြစ်ခြင်း (၂) မိမိဖို့ဖြစ်ခြင်း (၃) ယူခြင်း စသည်တို့တွင် တစ်ပါးပါးဖြစ်ခြင်း-တို့ ဖြစ်ပါသည်။

**ရူပိယသံဝေါဟာရ သိက္ခာပုဒ်**

➤ **နာနပ္ပကာရ-အရ** ။ ။ ပုတီး, နားကပ်,စသော တန်ဆာဘဏ္ဍာဖြစ်အောင် ပြုအပ်ပြီးသော ရွှေငွေ, တန်ဆာဘဏ္ဍာဖြစ်အောင် မပြုအပ်သော ရွှေငွေကို ယူရမည်

➤ **နာနပ္ပကာရ ၂-စုအထူး** ။ ။ ရူပိယသံဝေါဟာရ သိက္ခာပုဒ်၌ ခုတ်လုပ်ပြီး, မခုတ်လုပ်သေး စသည်တို့၏ အစွမ်းဖြင့် အထူးထူးအပြားပြား များစွာသော အကပ္ပိယ ဘဏ္ဍာသည် နာနပ္ပကာရ ကယဝိက္ကယ သိက္ခာပုဒ်၌ သက်န်း,စသော ကပ္ပိယဘဏ္ဍာ အားဖြင့် များစွာသော ဝတ္ထုသည် နာနပ္ပကာရ ဤသို့ ထူးပါသည်။

➤ **အာပတ်သင့်စေသော ပစ္စည်းကို စွန့်ရမည့်ဌာနများ** ။ ။ ဇာတရူပ, ရူပိယ သံဝေါဟာရ သိက္ခာပုဒ်အရ-- အာပတ်သင့်စေသော ပစ္စည်းများကို သံဃာ့အလယ်၌ စွန့်ရပါမည်။ ကယဝိက္ကယ သိက္ခာပုဒ်အရ-- အာပတ်သင့်စေသော ပစ္စည်းများကို သံဃာ ဂိုဏ်း, ပုဂ္ဂိုလ်တို့တွင် အမှတ်မထား တစ်ပါးပါး၌ စွန့်ရပါမည်။

**မေး** ။ ။ တရား မဝင် ငွေစက္ကူများအပေါ်၌ လက်မှတ်ရေးထိုးမှု ကိစ္စများ ပြုလုပ် သော ရဟန်းအား အပြစ်သင့်နိုင်/မသင့်နိုင် အကြောင်းသာဓကပြ ဆုံးဖြတ်ပါ

**ဖြေ** ။ ။ တရား မဝင် ငွေစက္ကူများသည် အရောင်းအဝယ်အတွက် အသုံးဝင်သော ပစ္စည်း မဟုတ်သောကြောင့် အပြစ် မသင့်နိုင်ပါ။

**မေး** ။ ။ ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ်, နိဿဂ္ဂိပါစိတ်အာပတ် သင့်သော လဲလှယ်နည်း အမျိုးမျိုးတို့ကို ပြည့်စုံအောင် ရေးပြပါ။

**ဖြေ** ။ ။ ပုလဲ,စသော ဒုက္ကဋ်ဝတ္ထုဖြင့် ပုလဲ,စသော ဒုက္ကဋ်ဝတ္ထု, သက်န်း,စသော ကပ္ပိယ ဝတ္ထုတို့ကို လဲလှယ်လျှင်ရင်း။ သက်န်း,စသော ကပ္ပိယဝတ္ထုဖြင့် ပုလဲ,စသော ဒုက္ကဋ်ဝတ္ထုကို လဲလှယ်လျှင်ရင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

နိဿဂ္ဂိယဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထုကို (ငွေဖြင့် ရွှေကို ဝယ်ခြင်းမျိုး) လဲလှယ် လျှင်ရင်း၊ နိဿဂ္ဂိယဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကို (ငွေဖြင့် ပုလဲ,စသည် ဝယ်ခြင်းမျိုး) လဲ လှယ်လျှင်ရင်း၊ နိဿဂ္ဂိယဝတ္ထုဖြင့် ကပ္ပိယဝတ္ထုကို (ငွေဖြင့် သက်န်း,စသည် ဝယ်ခြင်း

http://www.dhammadownload.com



မျိုး) လဲလှယ်လျှင်ရင်း။ ဒုက္ကဋ်ဝတ္ထု, ကပ္ပိယဝတ္ထုတို့ဖြင့် နိဿဂ္ဂိယဝတ္ထုကို(ပုလဲ သို့မဟုတ် သက်နီး,စသည်ဖြင့် ရွှေငွေကို လဲခြင်းမျိုး) လဲလှယ်လျှင်ရင်း နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ဗုဒ္ဓလိ)ကို အကြောင်းပြု၍ ရွှေငွေကို လဲလှယ်ခြင်းသို့ရောက်ခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) လဲလှယ်အပ်သော ဝတ္ထု, လဲလှယ်ကြောင်း ဝတ္ထု နှစ်ခုတွင် တစ်ခုခုဘက်၌ ရွှေငွေဖြစ်ခြင်း (၂) လဲလှယ်ခြင်း-တို့ ဖြစ်ပါသည်။

**ကယဝိက္ကယ သိက္ခာပုဒ်**

➤ **နာနပ္ပကာရ-အရ** ။ ။ သက်နီး,စသော ကပ္ပိယဘဏ္ဍာကို ယူရပါမည်။

➤ **ကယ အဓိပ္ပါယ်** ။ ။ "ဤဝတ္ထုဖြင့် ဤဟာကို ပေးပါ၊ ဤဟာကို ဆောင်ယူခဲ့ပါ၊ လဲလှယ်ခဲ့ပါ၊ ဝယ်ခဲ့ပါ"ဟု သူတစ်ပါး၏ ကပ္ပိယဘဏ္ဍာကို ယူသောရဟန်းသည် "ကယ" မည်ပါသည်။

➤ **ဝိက္ကယ အဓိပ္ပါယ်** ။ ။ မိမိ၏ ကပ္ပိယဘဏ္ဍာကိုပေးသော ရဟန်းသည် "ဝိက္ကယ" မည်ပါသည်။

**မေး** ။ ။ မိမိ၏ အပ်သောဝတ္ထုဖြင့် ဆိုင်မှအပ်သောဝတ္ထုကို လဲလှယ်လို၍ သွားခဲ့ရာ ဆိုင်ရောက်မှ ကပ္ပိယ မပါမှန်း သိခဲ့သော် ပစ္စည်းလည်းရ, အပြစ်လည်း မသင့် အောင် ကျင့်ဆောင်ရပုံကို ရေးပါ။

**ဖြေ** ။ ။ ကပ္ပိယ မရှိလျှင် ဈေးသည်ကိုယ်တိုင်မှတစ်ပါး ဈေးသည်၏ သားသမီး,စသူ ကိုပင် ကပ္ပိယလုပ်၍ ငါ့မှာ သက်နီးရှိသည် ဤသက်နီးဖြင့် ထိုသပိတ်ကို လဲပေးပါ စသည်ဖြင့် ပြော၍ လဲယူကောင်း၏၊ သို့မဟုတ် ကပ္ပိယ မရှာဘဲ ဈေးသည်ထံ၌ ငါ့မှာ ဤသက်နီးရှိသည် သက်နီးတော့ အသုံးမကျ သပိတ်သာလိုသည်ဟု ပရိယာယ် ဖြင့် ပြောရာ ဈေးသည်က သက်နီးကိုယူ၍ သပိတ်ကို ပေးလိုက်ခြင်း,စသော နည်း ဖြင့် လဲလျှင် အပြစ်မရှိပါ။

➤ **နိဿဂ္ဂိပါစိတ်အာပတ် သင့်စေသော လဲလှယ်နည်း** ။ ။ သီတင်းသုံးဖော် ငါးဦးတို့မှတစ်ပါး ဤဝတ္ထုဖြင့် ဤဟာကိုပေးလော့,စသော နည်းဖြင့် မိမိ၏ ကပ္ပိယ ဘဏ္ဍာကို ပေးပြီး အမိဥစ္စာဖြစ်သော ကပ္ပိယဘဏ္ဍာဖြင့်သော်လည်း လဲလှယ်လျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **ကယဝိက္ကယဖြစ်သော စေခိုင်းနည်းနှင့် အပြစ်ကို ကူစားပုံ** ။ ။ ဤထမင်းကို စားပြီး၍ သို့မဟုတ် ဤမျက်နှာသုတ်ပုဝါကို ယူပြီး၍ တောထည်းက ဆိုးရည်ခေါက်ကို

http://www.dhammadownload.com



ခွါယူခဲ့စမ်းပါ၊ သို့မဟုတ် မေကာရိုက်(ရေစစ်) လုပ်ပေးစမ်းပါ၊ သို့မဟုတ် မြက်ရှုတ်နေသော မြေကို ရှင်းလင်းပေးစမ်းပါ-ဟု စကားတစ်ဆက်တည်းခိုင်းလျှင် ကယဝိဉ္ဇတ္တိယဖြစ်ပါသည်။ (ထမင်းကျွေးခြင်း,စသည်က ဝိဉ္ဇတ္တိယဖြစ်၍ ဆိုးရည်ခေါက်ခွါ၍ယူခဲ့စေခြင်းစသည်က ကယ ဖြစ်သည်-ဟူလို)

➤ **အပြစ်ကိုကုစားပုံ** ။ ။ ဆိုးရည်ခေါက် အခွါခိုင်းရာ၌ အရာဝတ္ထု ထင်ရှားရှိသောကြောင့် သံယာ,စသည်အား စွန့်ရမည်၊ ဘူမိသောဓနခိုင်းရာ၌ကား စွန့်ဘို့ရာဝတ္ထု မရှိသောကြောင့် ပါစိတ်အာပတ်ကို ဒေသနာသာ ကြားစေရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ ဝယ်ခြင်း, ရောင်းခြင်းသို့ရောက်ခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်မှ လွတ်သောပုဂ္ဂိုလ်များ** ။ ။ (၁) "ဤပစ္စည်းဝတ္ထု ဘယ်လောက်တန်သလဲ"ဟု တန်ဘိုးကိုမေးသော ရဟန်း (၂) ဈေးသည်,စသော ဉစ္စာရှင်မှတစ်ပါး အခြားသော ဒေါက်ထစ်ဆုံးအားဖြင့် ဈေးသည်၏သား,ညီကို ကပ္ပိယကာရက လုပ်ခိုင်း၍ ဤပစ္စည်းဖြင့် ဤပစ္စည်းကို ယူ၍ လဲပေးစမ်းပါ-ဟု ပြောသောရဟန်း (၃) ငါ့မှာ ဤပစ္စည်း ရှိ၏၊ ဤပစ္စည်းဖြင့် ငါတို့အား အလိုမရှိ-ဟု ပြော၍ မိမိဉစ္စာဖြင့် ရလာသောပစ္စည်းကိုယူသော ရဟန်း (၄) သိတင်းသုံးဖော် ငါးဦးတို့နှင့် လဲလှယ်သော ရဟန်း (၅) ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ်မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ကပ္ပိယဝတ္ထုဖြစ်ခြင်း (၂) သိတင်းသုံးဖော် မဟုတ်ခြင်း (၃) အရောင်းစကား အဝယ်စကားပြော၍ လဲလှယ်မှု အထမြောက်ခြင်း။

## ပတ္တဝဂ်/ပတ္တသိက္ခာပုဒ်

➤ **အတိရေကပတ္တ-အရ** ။ ။ အဓိဋ္ဌာန်တင်အပ်သော ဝိကပ္ပနာပြုအပ်သော သပိတ်မှ တစ်ပါးသော သပိတ်ကို ယူရပါမည်။

➤ **အတိရေကပတ္တ အဓိပ္ပါယ်** ။ ။ အဓိဋ္ဌာန်လည်း မတင်အပ်, ဝိကပ္ပနာလည်း မပြုအပ်သော သပိတ်ကို "အတိရေကပတ္တ"ဟု ခေါ်ပါသည်။

➤ **သပိတ် ၉-လုံး** ။ ။ ဥက္ကဋ္ဌုက္ကဋ္ဌ, ဥက္ကဋ္ဌ, ဥက္ကဋ္ဌောမကသပိတ်အားဖြင့် ဥက္ကဋ္ဌသပိတ် ၃-လုံး၊ မဇ္ဈိမုက္ကဋ္ဌ, မဇ္ဈိမ, မဇ္ဈိမောမကသပိတ်အားဖြင့် မဇ္ဈိမသပိတ် ၃-လုံး၊ ဩမကုက္ကဋ္ဌ, ဩမက, ဩမကောမကသပိတ်အားဖြင့် ဩမကသပိတ် ၃-လုံး။

➤ **သပိတ်ဖြစ်ပါလျက် သပိတ်-ဟု မခေါ်ထိုက်သော သပိတ်**

➤ **ပမာဏယုတ္တ မဖြစ်သော သပိတ်** ။ ။ ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်, ဩမကောမကသပိတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ပမာဏယုတ္တဖြစ်သော သပိတ်** ။ ။ ဥက္ကဋ္ဌသပိတ်, ဥက္ကဋ္ဌောမကသပိတ်, မဇ္ဈိမုက္ကဋ္ဌသပိတ်, မဇ္ဈိမသပိတ်, မဇ္ဈိမောမကသပိတ်, ဩမကုက္ကဋ္ဌသပိတ်, ဩမက သပိတ်-တို့ ဖြစ်ပါသည်။

➤ **ဥက္ကဋ္ဌသပိတ် ပမာဏ** ။ ။ ကောင်းစွာထောင်း၍ သန့်ရှင်းသော မကျိုးမပြတ်သော သလေးဆန်ဟောင်း မဂဓတောင်းသုံး နှစ်ကွမ်းစားကိုယူ၍ ထိုသလေးဆန်ဟောင်းတို့ဖြင့် မမာလွန်း မပျော့လွန်း မထွေး မခဲ သန့်ရှင်းပြီး သင်းခွေပန်းငုံ အစုနှင့် တူအောင် ထမင်းရေ မငှဲ့ဘဲ ချက်အပ်သော ထမင်းကို သပိတ်၌ အကုန်ထည့်ကာ မပြစ်လွန်း မကျဲလွန်းသော လက်ကော်၍ရသောဆွမ်း၏ လေးဖို့တစ်ဖို့ ပမာဏရှိသော ပဲနောက်ဟင်းကိုထည့်ရမည်၊ ထို့နောက် ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်းအားလျော်သော နောက်ဆုံးဆွမ်းလုပ်တိုင်အောင်လောက်သော ငါး အမဲ,စသော ဟင်းလျာကို ထည့်ရမည်၊ အားလုံးထည့်ပြီးသောအခါ ဆွမ်း, ပဲဟင်း, ဟင်းလျာသည် သပိတ်နားခမ်းရစ်၏ အောက်အရေးနှင့်ညီမျှအံ့၊ ချည်မျှင်, လျှော်မျှင်တို့ဖြင့် တတုတ်တိုက်သကဲ့သို့ တိုက်ကြည့်လတ်သော် ချည်မျှင်, လျှော်မျှင်တို့၏ အောက်အစွန်းကိုထိလျှင် ဤသပိတ်ကို "ဥက္ကဋ္ဌသပိတ်"ဟု ခေါ်ပါသည်။

[အကျဉ်းချုပ်] ဆန်တစ်ပြည်ကို ချက်ရသော ထမင်း ၂-ပြည်၊ ပဲဟင်း ၁-ခွက်သား ဟင်းလျာ ၁-ခွက်သား၊ ပေါင်း ၃-ပြည်ဆန့်သော သပိတ်သည် "ဥက္ကဋ္ဌသပိတ်" မည်ပါသည်။

➤ **ဥက္ကဋ္ဌောမကသပိတ် ပမာဏ** ။ ။ သပိတ်နခမ်းရစ်၏ အောက်အနားရေးကို ကျော်လွန်၍ မိုမောက်လျက် (ဝါ) စုံ့စုံ့တက်လျက် တည်သောသပိတ်သည် "ဥက္ကဋ္ဌောမကသပိတ်" မည်ပါသည်။

➤ **ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်** ။ ။ သပိတ်နခမ်းရစ်၏ အောက်အနားရေးသို့ မရောက်ဘဲ သပိတ်အတွင်း၌သာ ဆွမ်းတည်သော သပိတ်သည် "ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်"မည်ပါသည်။

➤ **မဇ္ဈိမသပိတ် ပမာဏ** ။ ။ ဥက္ကဋ္ဌသပိတ်၏ ထက်ဝက်ပမာဏရှိသော သပိတ်သည် "မဇ္ဈိမသပိတ်" မည်ပါသည်။ [ဆန်တစ်ခွက်ချက်၍ရသော ထမင်းတစ်ပြည်, ပဲဟင်းတစ်စလယ်, ဟင်းလျာတစ်စလယ်, ပေါင်းတစ်ပြည် တစ်ခွက်ဝင်သော သပိတ်သည် မဇ္ဈိမသပိတ် မည်ပါသည်။]

➤ **ဩမကသပိတ် ပမာဏ** ။ ။ မဇ္ဈိမသပိတ်၏ ထက်ဝက်ပမာဏရှိသော သပိတ်သည် "ဩမကသပိတ်"မည်ပါသည်။ [ ရဟန်းတစ်ပါး ကောင်းကောင်းစားလောက်ဖို့ရာ ဆန်တစ်စလယ်ချက်ထမင်း, ထိုထမင်း၏ လေးပုံတစ်ပုံပဲဟင်း, ထိုထမင်းအလုပ်တိုင်းပါနိုင်သော အမဲ သား ငါးဖြင့် ချက်အပ်သော ဟင်းလျာတစ်မျိုး, ဤအားလုံး

http://www.dhammadownload.com



ဆန့်သော သပိတ်သည် "ဩမကသပိတ်" မည်ပါသည်။]

➤ **ဓာတ်အားဖြင့် သပိတ် ၂-မျိုး** ။ ။ (၁) သံသပိတ် (၂) မြေသပိတ်တို့ ဖြစ်ပါသည်။

၎င်းတို့ကို ရခဲ့သော် သပိတ်ဟောင်းကို ပစ္စုဒ္ဓိရ်ပြုပြီး (ဝါ) အဓိဋ္ဌာန်ချပြီး ၁၀-ရက်အတွင်း အဓိဋ္ဌာန်တင်ရမည်။ သပိတ်လုပ်သူအား အဘိုးအခ ပေးရန် တစ်ချင်ရွေးမျှ ကျန်နေသေးလျှင် အဓိဋ္ဌာန်တင်စရာ မလိုပါ။

➤ **သပိတ်ဟောင်းကို ပစ္စုဒ္ဓိရ် မပြုလိုလျှင်** ။ ။ သပိတ်အသစ်ကို "ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ"ဟု ဝိကပ္ပနာ ပြုရပါမည်။

➤ **သပိတ်ကို ပစ္စုဒ္ဓိရ်ပြုပုံ** ။ ။ ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ။

➤ **သပိတ်ကို အဓိဋ္ဌာန်တင်ပုံ** ။ ။ ဣမံ ပတ္တံ အဓိဋ္ဌာမိ။

➤ **အဓိဋ္ဌာန်တင်သော သပိတ်၏ အဓိဋ္ဌာန်ကျကြောင်း အင်္ဂါများ**

(၁) အခြားသူအား ပေးစွန့်ခြင်း (၂) အခြားသူ လုယူသွားခြင်း (၃) အကျွမ်းဝင်သူ ယူသွားခြင်း (၄) ပိုင်ရှင်ရဟန်း လူထွက်ခြင်း (၅) ပိုင်ရှင်ရဟန်း သိက္ခာချခြင်း (၆) ပိုင်ရှင်ရဟန်း သေဆုံးခြင်း (၇) ပိုင်ရှင်ရဟန်း လိင်ပြန်ခြင်း (၈) အဓိဋ္ဌာန်ရုပ်သိမ်းမှု ပစ္စုဒ္ဓိရ်ပြုခြင်း (၉) နှုတ်ခမ်းအောက် လက်နှစ်သစ်မှစ၍ အောက်ပိုင်းတွင် ဆတ်ထမင်းလုံး ဆန့်သည့်အပေါက် ပေါက်ခြင်းတို့ဖြစ်ပါသည်။

➤ **အထိရေကဝတ္ထု သပိတ်များစွာကို သုံးဆောင်လိုသောရဟန်း ပြုကျင့်ရမည့် အစီအစဉ်** ။ ။ သပိတ် ၁-လုံးကို အဓိဋ္ဌာန်တင်၍ နောက်တစ်နေ့တွင် ထိုသပိတ်ကို ပစ္စုဒ္ဓိရ်ပြု၍ အခြားသပိတ် တစ်လုံးကို အဓိဋ္ဌာန်တင်ရမည်။ ထိုနည်းအားဖြင့် သုံးဆောင်နိုင်ပါသည်။

➤ **ရရှိလာသော သပိတ် (၁၀)လုံးကို မိမိတစ်ဦးတည်း သုံးစွဲလိုပါက ပြုလုပ်ရမည့်နည်းလမ်း** ။ ။ ရရှိလာသော သပိတ်(၁၀)လုံးတို့ကို မိမိတစ်ဦးတည်း သုံးစွဲလိုသော ရဟန်းသည် သပိတ်တစ်လုံးကို အဓိဋ္ဌာန်တင်၍ နောက်တစ်ရက်မိုးသောက်နေ့၌ ထိုသပိတ်ကို ပစ္စုဒ္ဓိရ်ပြုပြီးလျှင် အခြားသပိတ်ကို အဓိဋ္ဌာန်တင်ရမည်၊ အဓိဋ္ဌာန်ချပြီးသော သပိတ်ကို နောက်ထပ်အဓိဋ္ဌာန် မတင်ဘဲ (၉)ရက်ထားနိုင်သောကြောင့် သပိတ်(၁၀)လုံးကို တစ်လုံးပြီးတစ်လုံး အဓိဋ္ဌာန်တင် နောက်တစ်ရက် အဓိဋ္ဌာန်ချ၍ (၁၀)ရက်ပြည့်မှ ထပ်၍ တစ်ဖန်အဓိဋ္ဌာန်တင်သောအားဖြင့် အနှစ်တစ်ရာပတ်လုံး သွားလေရာသို့ ဆောင်သွားနိုင်ပါသည်။

**မေး** ။ ။ သပိတ်တစ်လုံးသည် အဘယ်နေရာ၌ အဘယ်မျှလောက် အပေါက်ပေါက်လျှင် အဓိဋ္ဌာန် ကျပါသနည်း။

http://www.dhammadownload.com



ခြေ ။ ။ သပိတ်နခမ်းရစ်မှ အောက်၌ လက်နှစ်သစ်အတိုင်းအရှည်ရှိသော အရစ်မှစ၍ မည်သည့်နေရာမဆို ဆတ်ဆန်ထမင်းလုံး ထွက်လောက်ရုံမျှ အပေါက်ပေါက်လျှင် အဓိဋ္ဌာန်ကျပါသည်။ ထိုသပိတ်ကို အဓိဋ္ဌာန်တင်ရန် မလိုပါ။ တစ်ဖန်အပေါက်ကို ဖာထေးပြီးမှ အဓိဋ္ဌာန်တင်ရပါမည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂိရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပိုလွန်သော သပိတ်ကိုဆောင်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

## ဦနပဉ္စဗန္ဓန သိက္ခာပုဒ်

> **ဦနပဉ္စဗန္ဓန အဓိပ္ပါယ်** ။ ။ ငါးခုအောက် ယုတ်လျော့သော အဖွဲ့ရှိသော သပိတ်သည် "ဦနပဉ္စဗန္ဓန" မည်ပါသည်။

> **လုံးဝ အဖွဲ့အတုပ် မရှိသော သပိတ်ကို ဦနပဉ္စဗန္ဓနပတ္တ–ဟု ခေါ်နိုင်ခြင်း အကြောင်း** ။ ။ အချင်းခပ်သိမ်း အဖွဲ့မရှိသောကြောင့် ငါးဖွဲ့ မပြည့်သေးသည့်အတွက် ဦနပဉ္စဗန္ဓနပတ္တ-ဟု ခေါ်နိုင်ပါသည်။

> **ငါးဖွဲ့ရှိသော သပိတ်ကို သပိတ်–ဟု မခေါ်နိုင်ခြင်းအကြောင်း**

> **ငါးဖွဲ့ (သို့မဟုတ်) ငါးဖွဲ့လောက်ရာ နေရာရှိလျှင် သပိတ်အသစ် တောင်း နိုင်ခြင်းအကြောင်း** ။ ။ ဦနပဉ္စဗန္ဓနေန-ဟု ဟောတော်မူသောကြောင့် --- ငါးဖွဲ့ (သို့မဟုတ်) ငါးဖွဲ့လောက်ရာ နေရာရှိလျှင် သပိတ်အသစ် တောင်းနိုင်ပါသည်။ (ဝါ) သပိတ်ဟု မခေါ်နိုင်ပါ။

> **ကွဲအက်သော သပိတ်ကိုဖွဲ့တုပ်ပုံ** ။ ။ နခမ်းရစ်မှအောက်၌ လက်နှစ်သစ် ပမာဏ ကွဲအက်လျှင် တစ်ဖွဲ့ ဖွဲ့တုပ်ရပါသည်။ ထိုသို့ဖွဲ့တုပ်ရာ၌ အက်ကြောင်း၏ အောက်အစွန်၌ သပိတ်ထွင်းဆူးငယ်ဖြင့် ဖောက်ထွင်း၍ မီးဖုတ်ပြီး ချည်မျှင်ကြိုးငယ် သင်ပန်းလျှော်မျှင်ကြိုးငယ်, သလွဲမည်းချည်မျှင်ငယ် တစ်မျိုးမျိုးဖြင့် ဖွဲ့တုပ်ရပါသည်။

ထိုဖွဲ့တုပ်အပ်သော အရပ်ကို ဆွမ်း,စသော အာမိသများ မငြိကပ်အောင် သလွဲပြား ပါးပါးဖြင့်သော်၎င်း, ဖွဲ့စပ်ငြိကပ်တတ်သော အစေး,စသည်ဖြင့်သော်၎င်း ဖုံးထား ရပါမည်။ (ထိုဖုံးထားသော သပိတ်ကို အဓိဋ္ဌာန်တင်၍ သုံးစွဲထိုက်ပါသည်။)

> **ကွဲအက်သော သပိတ်ကို အဓိဋ္ဌာန် မပျက်စေအောင်ပြုလုပ်ပုံ** ။ ။ နောက်ထပ် အဓိဋ္ဌာန် မတင်လိုလျှင် အပေါက်ဖောက်စဉ်က အဓိဋ္ဌာန် မပျက်စေခြင်းငှာ ဆတ်ဆန် ထမင်းလုံး မထွက်နိုင်လောက်အောင် ကျဉ်းသော အပေါက်ကိုသော်လည်း ဖောက်ရ ပါမည်။ ကျောက်မှုန့်ရော၍ တင်လဲရည်ကို ချက်ပြီးလျှင် တင်လဲရည်အစေးပါသော ကျောက်မှုန့်ဖြင့် အက်ကြောင်းကို ဖာထေးခြင်းငှာလည်း အပ်ပါသည်။ [ဤနည်း၌

http://www.dhammadownload.com



အပေါက်ဖောက်ဖွယ်မလိုပါ။]

➢ **သပိတ်ကွဲအက်ကြောင်းအလိုက် ဖွဲ့ရမ်ပုံ** ။ ။ လက်နှစ်သစ်ပမာဏရှိသော ကွဲအက်ကြောင်းနှစ်ခုရှိလျှင်၎င်း, ကွဲအက်ကြောင်းရာ တစ်ခုတည်းကပင် လက်လေးသစ် ပမာဏရှိလျှင်၎င်း, နှစ်ဖွဲ့ ဖွဲ့တုပ်ရပါမည်။ ကွဲအက်ကြောင်းရာ သုံးခုရှိလျှင်၎င်း, တစ်ကြောင်းတည်းပင် လက်ခြောက်သစ်ရှိလျှင်၎င်း သုံးဖွဲ့ ဖွဲ့တုပ်ရပါမည်။

ကွဲအက်ကြောင်းရာ လေးခုရှိလျှင်၎င်း, တစ်ကြောင်းတည်းပင် လက်ရှစ်သစ်ရှိလျှင်၎င်း, လေးဖွဲ့ ဖွဲ့တုပ်ရပါမည်။ ကွဲအက်ကြောင်းရာ ငါးခုရှိလျှင်၎င်း, တစ်ကြောင်းတည်းပင် လက်ဆယ်သစ်ရှိလျှင်၎င်း ဖွဲ့သည်ဖြစ်စေ မဖွဲ့သည်ဖြစ်စေ သပိတ် မဟုတ်တော့ပါ။ အခြားသပိတ်သစ်ကို တောင်းနိုင်ပါသည်။

မေး ။ ။ အဘယ်မျှကွဲပြီးသော မြေသပိတ်တစ်လုံးသည် အသုံး မပြုသင့်တော့သော သပိတ်ဖြစ်ကြောင်း ဖော်ပြပါ။

ဖြေ ။ ။ အနည်းဆုံး ငါးဖွဲ့ပြည့်သော သပိတ်ဖြစ်ပါသည်။

မေး ။ ။ သပိတ်ကွဲလျှင် မည်ကဲ့သို့ ချုပ်စပ် ဖွဲ့ချည်ရမည်ကို ဖြေဆိုပါ။

ဖြေ ။ ။ နှုတ်ခမ်းအောက် လက်နှစ်သစ်လောက်သော အရပ်ကို စူးဖြင့်ဖောက်၍ ရိုးရိုးအပ်ချည်ဖြင့်ဖြစ်စေ, လျှော်မျှင်ဖြင့်ဖြစ်စေ, သံနန်းသေးသေးဖြင့်ဖြစ်စေ ချုပ်စပ်ဖွဲ့ချည်ရပါမည်။ နှုတ်ခမ်းမှ အောက်လက်လေးသစ်လောက် အက်ကြောင်းရှိလျှင် နှစ်ဖွဲ့တုပ်၊ ခြောက်လက်သစ်ရှိလျှင် သုံးဖွဲ့တုပ် စသည်ဖြင့် ဖွဲ့ချည်ရမည် အက်ကြောင်းသည် တစ်နေရာတည်းမဟုတ်ဘဲ နှစ်နေရာ သုံးနေရာရှိနေလျှင်လည်း နေရာအလိုက် အထက်ပါနည်းအတိုင်း လက်နှစ်သစ်တစ်ဖွဲ့ကိန်းဖြင့် ချုပ်စပ် ဖွဲ့ချည်ရပါမည်။

➢ **သံ သပိတ်ပေါက်သွားလျှင် သုံးစွဲနိုင်အောင် ပြုလုပ်ပုံ** ။ ။ သံသပိတ်၌ ငါးပေါက်သော်၎င်း, ငါးပေါက်ထက်ပို၍သော်၎င်း ပေါက်ခဲ့လျှင် ထိုအပေါက်တို့ကို သံမှုန့်ဖြင့်သော်၎င်း, စို့ဖြင့်သော်၎င်း, သံပြားဝိုင်းဖြင့်သော်၎င်း ပြေပြစ်ညက်ညောအောင် ဖွဲ့တုပ် ဖာထေး၍ ရခဲ့လျှင် ထိုသပိတ်ကိုသာ သုံးစွဲရပါမည်၊ အခြားသပိတ်သစ်ကို မတောင်းရပါ။

➢ **မသုံးစွဲသင့်သော သပိတ်** ။ ။ အပေါက်တစ်ပေါက်တည်းပင်ဖြစ်သော်လည်း ကျယ်နေလျှင် သံပြားဝိုင်းဖြင့် ဖွဲ့စပ်သော်လည်း ပြေပြစ်ညက်ညောမှု မရှိခဲ့သော် ဆွမ်း စသော အာမိသများ ငြိကပ်နိုင်ရကား မအပ်တော့ပါ။ (ဝါ) မသုံးစွဲသင့်တော့ပါ။ အခြား သပိတ်သစ်ကို တောင်းထိုက်ပါသည်။

➢ **ပတ္တပရိယန္တ (အယုတ်ဆုံးသပိတ်) ဖြစ်ပုံ** ။ ။ စွန့်လိုက်သော သပိတ်ကို သမ္မုတိ

http://www.dhammadownload.com



ရပြီးသော ရဟန်းက ခံယူပြီး မထေရ်ကြီးမှစ၍ အငယ်ဆုံးရဟန်းတိုင်အောင် ပေးရသည် နောက်ဆုံးရဟန်းငယ် အလိုမရှိသော သပိတ်သည် ပတ္တပရိယန္တ (အယုတ်ဆုံးသပိတ်) ဖြစ်ပါသည်။

**➤ ဘိက္ခု ပရိသာယ နိဿဇ္ဇိတဗ္ဗော-ဟု ဟောတော်မူရကြောင်း**

သပိတ်ကိုစွန့်သော ရဟန်းသည် သံဃာ့အလယ်၌သာ စွန့်ထိုက်သောကြောင့် "ဘိက္ခု ပရိသာယ နိဿဇ္ဇိတဗ္ဗော"ဟု ဟောတော်မူပါသည်။

**➤ အာပတ်သင့်ပုံ ။ ။** အတောင်းသွားဖို့ ပြင်ခြင်း, သွားခြင်း, တောင်းခြင်း ပယောဂကြောင့် ဒုက္ကဋ်အာပတ်၊ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

**➤ သပိတ်ကိုစွန့်ရာ၌ သံဃာတော်များ လိုက်နာရမည့်ကျင့်ဝတ်**

(၁) သံဃာတော်များသည် ပင်ကိုယ်အားဖြင့် မိမိတို့၏ အဓိဋ္ဌာန်တင်အပ်ပြီးသော သပိတ်ကိုယူ၍ စည်းဝေးရမည်။ (၂) ထို့နောက် ပတ္တဂ္ဂါဟာပက သမ္မုတိရသော ရဟန်းသည် သပိတ်၏ ထင်ရှားရှိသော ဂုဏ်ကိုလျှောက်၍ "အရှင်ဘုရား ဤသပိတ်ကို ယူပါကုန်"ဟု မထေရ်ကြီးကို လျှောက်ထားရမည်။ (၃) မထေရ်ကြီးက သပိတ်အသစ်ကို ယူခဲ့လျှင် မထေရ်ကြီး၏ သပိတ်ဟောင်းကို ဒုတိယမထေရ်အား ယူစေသောနည်းဖြင့် သံဃာတွင် အငယ်ဆုံးရဟန်းတိုင်အောင် ယူစေရမည်။ (၄) အငယ်ဆုံးရဟန်း စွန့်အပ်သော နောက်ဆုံးသပိတ်ကို သပိတ်သစ်တောင်းသော ရဟန်းအား ပေးရပါမည်။

**➤ စွန့်အပ်သော သပိတ်ကို မထေရ်ကြီးက မယူလျှင် အပြစ်ဖြစ်/မဖြစ်**

စွန့်အပ်သော သပိတ်ကို မနှစ်သက်သောကြောင့်ရင်း, နည်းသောအလိုရှိသောကြောင့်ရင်း မယူလျှင် အပြစ် မဖြစ်ပါ။ သပိတ်တောင်းလာသော ရဟန်းအပေါ်၌ သနားစောင့်ရှောက် ချီးမြှောက်ခြင်းအကျိုးငှာ မယူသော မထေရ်ကြီးအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

**➤ ပတ္တပရိယန္တ ခေါ်ပုံ ။ ။** စည်းဝေးသော သံဃာတို့တွင် အငယ်ဆုံးရဟန်းသည် စွန့်လွှတ်အပ်သော သပိတ်ကို "ပတ္တပရိယန္တ"ဟု ခေါ်ပါသည်။

**➤ ပတ္တပရိယန္တ (နောက်ဆုံးသပိတ်) ကို သပိတ်သစ်တောင်းသော ရဟန်းအား သုံးစွဲရမည့်စည်းကမ်းနှင့် အပြစ် ။ ။** သပိတ်သစ်တောင်းသော ရဟန်းသည် ပတ္တပရိယန္တ သပိတ်ကို တောင်းခဲ့သော သပိတ်အသစ်ကဲ့သို့ ရိုရိုသေသေ ကောင်းကောင်းမွန်မွန် သုံးစွဲရပါမည်။ အကယ်၍ နောက်ဆုံးသပိတ်ကို စက်ဆုပ်ရွံရှာ၍ မထားသင့်သော အရပ်၌ ထားခဲ့လျှင်ရင်း, မသင့်လျော်သော သုံးစွဲခြင်းဖြင့် သုံးစွဲလျှင်ရင်း, အကယ်၍ သူတစ်ပါးအား စွန့်ခဲ့လျှင်ရင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

**➤ နိဿဂ္ဂိပါစိတ် တစ်ရာ(၁၀၀) ဖြစ်ပုံ ။ ။** မိမိ၏ လက်ရှိသပိတ်မှာ လုံးလုံး

http://www.dhammadownload.com



အဖွဲ့အတုပ် မရှိသေးပါဘဲလျက် (၁) အဇန္နနသပိတ်ကို တောင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ထို့အတူ (၂) ဧကဇန္နနသပိတ်ကိုတောင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ဤနည်းအတိုင်း (၃) ဒွိဇန္နနသပိတ်ကို (၄) တိဇန္နနသပိတ်ကို (၅) စတုဇ္ဇန္နနသပိတ်ကို (၆) အဇန္နနောကာသသပိတ်ကို (၇) ဧကဇန္နနောကာသသပိတ်ကို (၈) ဒွိဇန္နနောကာသသပိတ်ကို (၉) တိဇန္နနောကာသသပိတ်ကို (၁၀) စတုဇန္နနောကာသသပိတ်ကို တောင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ဤသို့ နိဿဂ္ဂိပါစိတ် (၁၀) ချက် သင့်သကဲ့သို့ ဧကဇန္နနသပိတ်ကိုမူတည်၍ (၁၀)ချက်၊ ဒွိ, တိ, စတုဇ္ဇန္နနသပိတ်ကို မူတည်၍ (၁၀)ချက်စီ၊ အဇန္နနောကာသ, ဧက, ဒွိ, တိ, စတုဇ္ဇန္နနောကာသ သပိတ်တို့ကို မူတည်၍လည်း (၁၀)ချက်စီအားဖြင့် (တစ်ဆယ်ဆယ်လီ) နိဿဂ္ဂိပါစိတ် တစ်ရာ ဖြစ်ပါသည်။

> **အာပတ် မသင့်နိုင်သော ပုဂ္ဂိုလ်များ ။** ။(၁) သပိတ်ပျောက်သော ရဟန်း (၂) သပိတ်ကွဲသော ရဟန်း (၃) မိမိ၏ ဉာတိပဝါရိတတို့ထံ တောင်းသောရဟန်း၊ (၄) သူတစ်ပါးအတွက် ဉာတိပဝါရိတတို့ထံ တောင်းသောရဟန်း (၅) သူတစ်ပါးအတွက် ထိုသူ၏ ဉာတိပဝါရိတတို့ထံ တောင်းသောရဟန်း (၆) မိမိဥစ္စာဖြင့် ယူသောရဟန်း (၇) ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။** ။ သက္ကတိုင်း (နိဂါန်း)၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ များစွာသော သပိတ်တို့ကို တောင်းခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

> **သပိတ်စွန့်ရမည့် နေရာဌာန ။** ။ သံဃာ့အလယ်၌သာ စွန့်ရပါမည်။

> **သံဃာအထံ၌သာ (သံဃာ့အလယ်၌သာ) စွန့်ရသော နိဿဂ္ဂိပစ္စည်းများ**

ဇာတရူပသိက္ခာပုဒ်အရ- ရွှေငွေ အတုံးအခဲနှင့် ဒင်္ဂါးပိုက်ဆံဟူသော နိဿဂ္ဂိဝတ္ထု အခြားရတနာ အမျိုးမျိုးဟူသော ဒုက္ကဋဝတ္ထုများ၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရ နိဿဂ္ဂိယဝတ္ထု, ဒုက္ကဋဝတ္ထုဖြင့် လဲလှယ်၍ရသော ပစ္စည်းဝတ္ထု၊ ဦနပဥ္စဗန္ဓန သိက္ခာပုဒ်အရ-- ငါးဖွဲ့ မပြည့်သေးဘဲ တောင်း၍ရလာသော သပိတ်အသစ်တို့ ဖြစ်ပါသည်။

> **သိက္ခာပုဒ်အင်္ဂါ ၄-ပါး ။** ။ (၁) အဓိဋ္ဌာန်တင်လောက်သော သပိတ်ဖြစ်ခြင်း (၂) မိမိဖို့ဖြစ်ခြင်း (၃) မဖိတ်ဘူးသူထံ တောင်းခြင်း (၄) တောင်း၍ရခြင်း။

## ဘေသဇ္ဇ သိက္ခာပုဒ်

> **အကပ်မခံဘဲ ကိုယ်တိုင်ယူလာသော ဆီ, ပျားရည် စသည်တို့ကို ခုနစ်ရက်ထက် ပိုလွန် သိမ်းဆည်းထားသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ် မသင့်ခြင်း အကြောင်း ။** ။ အကပ်မခံဘဲ ကိုယ်တိုင်ယူလာသော ဆီ, ပျားရည် စသည်တို့သည်

http://www.dhammadownload.com



သာယာခြင်းငှာ (ဝါ) သုံးဆောင်ခြင်းငှာ မအပ်သောကြောင့် ခုနှစ်ရက်ထက် ပိုလွန် သိမ်းဆည်းထားသော်လည်း နိဿဂ္ဂိပါစိတ်အာပတ် မသင့်ပါ။

➤ **ဆေးအတွက် အသုံးမပြုရသော ထောပတ်,စသည်တို့ကို ဘေသဇ္ဇ(ဆေး)ဟု ခေါ်နိုင်ခြင်းအကြောင်း** ။ ။ အနာရောဂါနှင့် မသင့်၍ ဆေးကိစ္စ မပြုနိုင်စေကာမူ ထောပတ်,စသည်ကို လူတို့က "ဆေးဘက်ဝင်သော အစာ"ဟု အသိအမှတ်ပြုထား သောကြောင့် ဘေသဇ္ဇ-ဟု ခေါ်နိုင်ပါသည်။

➤ **သပ္ပိ-အရ/သပ္ပိ အဓိပ္ပါယ်** ။ ။ နွား,စသည်တို့၏ ထောပတ်, အပ်သော သတ္တဝါတို့၏ ထောပတ်သည် "သပ္ပိ" မည်ပါသည်။

➤ **နဝနီတ-အရ/နဝနီတ အဓိပ္ပါယ်** ။ ။ နွား,စသည်တို့၏ ဆီဦး, အပ်သော သတ္တဝါ၏ ဆီဦးသည် "နဝနီတ" မည်ပါသည်။

➤ **တေလ-အရ/တေလ အဓိပ္ပါယ်** ။ ။ နှမ်းစေ့, မုံညင်းစေ့, သစ်မည်စည်စေ့, ကြက်ဆူစေ့, အဆီခဲ စသည်တို့မှ ထုတ်ယူအပ်သော ဆီသည် "တေလ"မည်ပါသည်။

➤ **မဓု-အရ/ မဓု အဓိပ္ပါယ်** ။ ။ ပျားကောင်တို့ပြုအပ်သော ပျားရည်သည် "မဓု" မည်ပါသည်။

➤ **ဖာဏိတ-အရ/ဖာဏိတ အဓိပ္ပါယ်** ။ ။ ကြံရည်မှစ၍ ကြံမှဖြစ်သော တင်လဲခဲ သကာရည်, သကြားနီ, သကြားရိုင်း, မှန်ရောင်သကြားခဲ, သကြားဖြူတို့သည် "ဖာဏိတ" မည်ပါသည်။

➤ **ပဋိသာယနီယာနိဖြင့် ပြအပ်သော အဓိပ္ပါယ်** ။ ။ အကပ်မခံဘဲ ကိုယ်တိုင် ကိုင်ယူထားသော ထောပတ်,စသည်ကို စားလည်းမစားကောင်း ပြင်ပသုံးဆောင်ဖို့ရာ ဖြစ်လျှင် ၇-ရက်လွန်သော်လည်း အာပတ်မသင့်ကြောင်းကို ပြပါသည်။

➤ **တာနိ ပဋိဂ္ဂဟေတွာဖြင့် ပြအပ်သော အဓိပ္ပါယ်** ။ ။ နို့ရည်,စသော ယာဝကာလိကဝတ္ထုတို့ကို အကပ်ခံ၍ ပြုလုပ်အပ်သော ထောပတ်,စသည်တို့ကို ၇-ရက် လွန်စေသော်လည်း အာပတ်မသင့်ဟု ပြပါသည်။

➤ **သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိဖြင့် ပြအပ်သော အဓိပ္ပါယ်** ။ ။ သိုမှီး၍ နံနက် အခါ အကပ်ခံသော ထောပတ်,စသည်တို့သည် ပဌမ အကပ်ခံရာ ထိုနေ့နံနက်၌သာ ဆွမ်းဘောဇဉ်များနှင့် ရောနှော၍ စားကောင်းသည်၊ နောက်နေ့ နံနက်များ၌ကား ဆွမ်း ဘောဇဉ်များနှင့် ရော၍ မစားကောင်း။ မွန်းလွဲအခါ အကပ်ခံထားသော ထောပတ်, စသည်တို့ကိုလည်း ထို့အတူပင် မစားကောင်း, မရောမူ၍ကား ၇-ရက် စားကောင်း သည်ဟု ပြပါသည်။

**မေး** ။ ။ ခြေနယ်ဆီအဖြစ် အသုံးပြုရန် နှမ်းဆီကို အကပ်ခံပြီး ၇-ရက်ကျော်လွန်အောင်

http://www.dhammadownload.com



သိမ်းဆည်းထားသော ရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်သင့်/မသင့် ဝေဖန်စိစစ်ပြပါ။

ဖြေ ॥ ॥ ပရိဘုဥ္ဇိတဗ္ဗာနိ-ဟု ဟောတော်မူသောကြောင့် နိဿဂ္ဂိပါစိတ်အာပတ် မသင့်ပါ။

➤ **သတ္တာဟကာလိက အဓိပ္ပါယ်** ॥ ॥ ယာဝဇီဝိကဖြစ်သော မုံညင်းစေ့၊ သစ်မည်စည်စေ့၊ ကြက်ဆူစေ့တို့ကို ဆီပြုခြင်းအကျိုးငှာ အကပ်ခံပြီး ထိုအကပ်ခံရာနေ့၌ပင် ပြုလုပ်ပြီးသော ဆီသည် "သတ္တာဟကာလိက" မည်ပါသည်။

မေး ॥ ॥ ဝိနည်းထုံးစံအတိုင်း စွန့်အပ်ပြီးသော ဆေးကို ပြန်ရလျှင် အဘယ်သို့ ပြုလုပ်ရမည်နည်း။

ဖြေ ॥ ॥ ဝိနည်းထုံးစံအတိုင်း စွန့်အပ်ပြီးသော ဆေးကို ပြန်ရလျှင် အနာ,စသည်တို့ကို သုတ်လိမ်းခြင်းငှာရင်း, မျိုခြင်းငှာရင်း မပြုလုပ်ကောင်းပါ။ (ဝါ) မအပ်ပါ။

* ဆီမီးထွန်းကောင်းပါသည်၊ သို့မဟုတ် နံရံ-စသည်၌ မည်းနက်အောင် သုတ်လိမ်းကောင်းပါသည်၊ အခြားရဟန်းအတွက် ကိုယ်၌ဖြစ်သော အသုံးအဆောင်ကို ပြုလုပ်ခြင်းငှာ အပ်ပါသည်။

➤ **နိဿဂ္ဂိထိုက်သော ဆေးပစ္စည်းကို စားကောင်းအောင် ပြုလုပ်ပုံ** ॥ ॥ ငဲ့ကွက်မှု မရှိဘဲ လူ, သာမဏေအား ပေးစွန့်ရပါမည်၊ ထိုသို့ ပေးစွန့်ပြီး၍ ပြန်ရလျှင် စားခြင်းငှာ အပ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသော ရဟန်း (ဗဟုလ်) တို့ကို အကြောင်းပြု၍ ဆေးပစ္စည်းတို့ကို ၇-ရက်ကျော်လွန်အောင် ထားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**ဝဿိကသာဋိက သိက္ခာပုဒ်**

➤ **မာသော သေသော ဂိမှာနံ-၌ မာသ—အရ** ॥ ॥ နွေလ၏ နောက်ဆုံးတစ်လ (ဝါ) နယုန်လပြည့်ကျော် ၁-ရက်မှ ဝါဆိုလပြည့်နေ့အထိ တစ်လကို ယူရပါမည်။

➤ **အဍ္ဎမာသ—အရ** ॥ ॥ နွေလတွင် နောက်ဆုံး (၁၅)ရက်၊ (ဝါ) ဝါဆိုလဆန်း ၁-ရက်မှ လပြည့်နေ့အထိ (၁၅)ရက်ကို ယူရပါမည်။

➤ **ပရိယေသိတဗ္ဗံ အဓိပ္ပါယ်/ မိုးရေခံသင်္ကန်း ရှာမှီးပုံ** ॥ ॥ (၁) နယုန်လပြည့်ကျော် တစ်ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ကာလအတွင်း၌ "မိုးရေခံသင်္ကန်း၏ အခါတည်း" စသည်ဖြင့် သတိပေးကာ သံဃာ၏ ဖိတ်မံသူ အထံမှ ရှာမှီးရပါမည်။ (၂) မိမိ၏ ဆွေမျိုးတော်သူ, ဖိတ်မံသူတို့ အထံမှကား ငါ့အား မိုးရေခံသင်္ကန်းကို ပေးကြကုန် စသည်ဖြင့် တိုက်ရိုက်တောင်းခြင်းဖြင့်လည်း ရှာမှီးနိုင်ပါသည်။

http://www.dhammadownload.com



➤ **ဆွေမျိုး မတော်သူ, မပိတ်မံသူတို့ထံ မိုးရေခံသင်္ကန်း လျှူဖို့ သတိပေးသော ရဟန်း၏အပြစ်** ॥ ॥ ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ငါ့အား လှူပါ,စသော စကားဖြင့် တောင်းသောရဟန်းအား အညာတကဝိညတ္တိ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **ကတ္တာ နိဝါသေတဗ္ဗံ အဓိပ္ပါယ်** ॥ ॥ ဝါဆိုလဆန်း ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင်အောင် ကာလအတွင်း၌ အပ်ချုပ်မှုကိုပြီးစေခြင်းဖြင့်၎င်း, တကြိမ်အဆင်းပျက်ရုံမျှ ဆိုးခြင်းဖြင့်၎င်း, ကပ္ပဗိန္ဒုထိုးခြင်းဖြင့်၎င်း ပြုလုပ်၍ ဝတ်ရုံ ရပါမည်။

➤ **မိုးရေခံသင်္ကန်း၏ ပရိယေသနခေတ်** ॥ ॥ နွေလတို့၏ နောက်ဆုံးတစ်လ (ဝါ) နယုန်လပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ၁-လသည် "ပရိယေသနခေတ်" မည်ပါသည်။

➤ **ကရဏခေတ်, နိဝါသနခေတ်, ပရိယေသနခေတ်** ॥ ॥ နွေလတို့၏ နောက်ဆုံးလခွဲ ၁၅-ရက်သည် (ဝါ) ဝါဆိုလဆန်း ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်တိုင်အောင် ၁၅-ရက်သည် ကရဏခေတ်, နိဝါသနခေတ်, ပရိယေသနခေတ် မည်ပါသည်။

မိုးလေးလတို့သည် ပရိယေသနခေတ်, ကရဏခေတ်, နိဝါသနခေတ်, အဓိဋ္ဌာနခေတ် မည်ပါသည်။

➤ **မိုးရေခံသင်္ကန်းကို အဓိဋ္ဌာန် မတင်ဘဲ ထားနိုင်ခွင့်ရှိသော ရက်**

(၁) နယုန်လပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့တိုင်အောင် သာမန်ထားနိုင်ခွင့်ရှိသော တစ်လ၊ (၂) ဝါထပ်လျှင် နောက်ထပ်တစ်လ၊ (၃) ဒုတိယဝါဆိုလပြည့်နေ့၌ မေ့လျော့ခြင်းကြောင့်သော်၎င်း, သင်္ကန်းပမာဏ မလောက်သောကြောင့်၎င်း မချုပ်ရသေးလျှင် နောက်ထပ် မိုးလေးလ၊ (၄) တန်ဆောင်မုန်းလ၌ ကထိန်ခင်းလျှင် ဆောင်းလေးလ၊ (၅) ထိုဆယ်လမှနောက်၌ မချုပ်လောက်သေး၍ သင်္ကန်း၌ဖြစ်သော အာသာရှိခဲ့လျှင် မိုးရေခံသင်္ကန်း မချုပ်လိုက်ရသော အဝတ်ကို မူလသင်္ကန်းပြုလုပ်၍ ထားပါက တန်ခူးလပြည့်နေ့တိုင်အောင် တစ်လ၊ ဤသို့လျှင် (၁၁) လ-တို့ပတ်လုံး အဓိဋ္ဌာန် မတင်ဘဲ ထားနိုင်ပါသည်။ ဤ (၁၁)လ-မှ နောက်၌ကား ၁-ရက်မျှလည်း မထားကောင်းပါ၊ (ဝါ) အစောင့်အရှောက်ကို မရတော့ပါ။

➤ **ကုစ္ဆိသမယ ကာလ** ॥ ॥ နယုန်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင်အောင် (၅)လသည် မိုးရေခံသင်္ကန်း၏ "ကုစ္ဆိသမယကာလ" ဖြစ်ပါသည်။

➤ **ပိဋ္ဌိသမယကာလ** ॥ ॥ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့မှစ၍ နယုန်လပြည့်နေ့တိုင်အောင် (၇)လသည် မိုးရေခံသင်္ကန်း၏ "ပိဋ္ဌိသမယ" ဖြစ်ပါသည်။

http://www.dhammadownload.com



**➢ ပိဋ္ဌိသမယ၌ မိုးရေခံသင်္ကန်း ရှာမှုကြောင့် သင့်ရောက်သောအပြစ်**

ပိဋ္ဌိသမယ (၇)လ အတွင်း၌ အညာတက, အပ္ပဝါရိတ အရပ်မှ သတိပေးခြင်းဖြင့် ရှာလာသောရဟန်းအား နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။ တောင်းသော ရဟန်းအား အညာတကဝိညတ္တိ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။ ဉာတိပဝါရိတတို့ထံ တောင်းသောရဟန်းအား အညာတကဝိညတ္တိ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ပါ။ သတိပေးသော ရဟန်းအား ဝဿိကသာဋိက သိက္ခာပုဒ်ဖြင့် နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။

**➢ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ မိုးရေခံသင်္ကန်းကို တင်ကြို၍ ရှာမှီးခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**➢ အာပတ်မှလွတ်သော ပုဂ္ဂိုလ်များ ။ ။** (၁) ရေကန်,စသည်တို့၌ မိုးရေခံသင်္ကန်း မပါဘဲ ရေချိုးသော ရဟန်း (၂) မိုးရေခံသင်္ကန်းမှတစ်ပါး လုယူအပ်သော သင်္ကန်းရှိသော ရဟန်း (၃) မိုးရေခံသင်္ကန်းမှတစ်ပါး ပျက်စီးပြီးသော အခြားသင်္ကန်းရှိသော ရဟန်း (၄) ခိုးသူ,စသော ဘေးရန်တို့ကြောင့် အခါမဟုတ်ဘဲ မိုးရေခံသင်္ကန်း ဝတ်သော ရဟန်း (၅) ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ်မသင့်ပါ။

**➢ ပရိယေသန (ရှာမှီးမှုအတွက်) အာပတ်အင်္ဂါ ၃-ပါး ။ ။** (၁) မိုးရေခံသင်္ကန်း၏ မိမိအတွက်ဖြစ်ခြင်း (၂) အခါမဟုတ်ဘဲ ရှာခြင်း (၃) ရှာခြင်းကြောင့် ရခြင်း။

**➢ နိဝါသန (ဝတ်မှုအတွက်) အာပတ်အင်္ဂါ ၄-ပါး ။ ။** (၁) မိုးရေခံသင်္ကန်းမှ တစ်ပါး အခြားသင်္ကန်းရှိခြင်း (၂) ဘေးရန် မရှိခြင်း (၃) မိုးရေခံသင်္ကန်း၏ မိမိ ဥစ္စာဖြစ်ခြင်း (၄) မဝတ်သင့်ရာအခါ၌ ဝတ်ခြင်း-တို့ ဖြစ်ပါသည်။

**စီဝရအစ္ဆိန္ဒန သိက္ခာပုဒ်**

**➢ သာမံ စီဝရံ-၌ စီဝရ-အရ ။ ။** အဝိဋ္ဌာန် ဝိကပ္ပနာလောက်သော တိစီဝရိက်သင်္ကန်းကို ယူရပါမည်။

**➢ သာမံ စီဝရံ ဒတွာ အဓိပ္ပါယ် ။ ။** မိမိ၏ ဝေယျာဝစ္စ စသည်တို့ကို မျှော်လင့်တောင့်တ၍ ကိုယ်တိုင်သာလျှင် ပေးခြင်းကို "သာမံ စီဝရံ ဒတွာ"ဟု ခေါ်ပါသည်။

**➢ အစ္ဆိန္ဒေယျ-အရ အာပတ်သင့်ပုံ ။ ။** မိမိ၏ ဝေယျာဝစ္စ,စသည် မလုပ်သည်ကို မြင်၍ သကသညာဖြင့် လုယူသော ရဟန်းအား ဝတ္ထု အရေအတွက်အားလျော်စွာ နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။

**➢ အစ္ဆိန္ဒာပေယျ-အရ အာပတ်သင့်ပုံ ။ ။** လုယူလော့-ဟု စေခိုင်းခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လုယူပြီးလတ်သော် သင်္ကန်းအရေအတွက်အားလျော်စွာ

http://www.dhammadownload.com



နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သင်္ကန်းကို လုယူခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ လူ, သာမဏေ၌ ရဟန်းဟု မှတ်ထင်၍ရင်း, ယုံမှား သံသယရှိ၍ရင်း, လူ, သာမဏေ-ဟု မှတ်ထင်၍ရင်း, လုယူသော ရဟန်း၊ ရဟန်းပင် ဖြစ်သော်လည်း ဝိကပ္ပနာလောက်သော နောက်ဆုံးအဝတ်သစ် သင်္ကန်းမှ တစ်ပါးသော သပိတ်,စသော ပရိက္ခရာကို လုယူသော ရဟန်း၊ လူ, သာမဏေ၏ တစ်မျိုးမျိုးသော သင်္ကန်း, သပိတ်, ပရိက္ခရာကို လုယူသော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

> **အာပတ် မသင့်သော ပုဂ္ဂိုလ်များ** ။ ။ (၁) မိမိပေးအပ်သော ရဟန်းက ကျေနပ်နှစ်သက်၍ ပြန်ပေးသည်ကို ယူသောရဟန်း၊ (၂) စိတ်ဆိုး၍ ပြန်ပေးသည်ကို ယူသော ရဟန်း၊ (၃) မိမိပေးရာ ရဟန်းအပေါ်၌ အကျွမ်းဝင်၍ ယူသော ရဟန်း၊ (၄) ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ် မသင့်ပါ။

> **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းဖြစ်ခြင်း (၂) ကိုယ်တိုင်ပေးခြင်း (၃) ကိုယ့်ဥစ္စာဟု အမှတ်ရှိသေးခြင်း (၄) အလုခံရသူက ရဟန်းဖြစ်ခြင်း (၅) စိတ်ဆိုး၍ လုခြင်း, လုစေခြင်း-တို့ ဖြစ်ပါသည်။

**သုတ္တဝိညတ္တိ သိက္ခာပုဒ်**

> **သုတ္တံ ဝိညာပေတွာ-၌ သုတ္တ-အရ** ။ ။ ခေါမချည်,စသော ချည်(၆)မျိုးနှင့် ထိုခေါမချည် စသည်တို့အားလျော်သော ချည်ကို ယူရပါမည်။

> **သုတ္တ-အရ ချည်သရုပ်** ။ ။ ခေါမ, ကပ္ပါသိက, ကောသေယျ, ကမ္ဗလ, သာဏ, ဘင်္ဂ-ဟူသော မူလချည် ၆-ပါးနှင့် ဒုကူလ, ပဋ္ဋုဏ္ဏ, သောမာရပဋ္ဋ, စီနပဋ္ဋ, ဣဒ္ဓိဇ, ဒေဝဒိန္န-ဟူသော အနုလောမချည် ၆-ပါး၊ ပေါင်း (၁၂)ပါး ဖြစ်ပါသည်။

> **ဝိညာပေတွာ အဓိပ္ပါယ်** ။ ။ သင်္ကန်းအကျိုးငှာ တောင်းခြင်းကို "ဝိညာပေတွာ" ဟု ခေါ်ပါသည်။

> **ဝါယာပေယျ အဓိပ္ပါယ်** ။ ။ ဒါယကာတို့ ငါ့အတွက် သင်္ကန်းယက်ပေးပါကုန်-ဟု မအပ်စပ်သောတောင်းခြင်း (ဝါ) ခိုင်းခြင်းဖြင့် ယက်စေခြင်းကို "ဝါယာပေယျ" ဟု ခေါ်ပါသည်။

> **အာပတ်သင့်ပုံ** ။ ။ ယက်ကန်းသည်သည် သင်္ကန်းယက်ခြင်းအကျိုးငှာ လိပ်ကို ပြင်ဆင်ခြင်း, လက်ခတ်ကို ပြင်ဆင်ခြင်းစသော ယက်ကန်းသည်၏ လုံ့လပယောဂ

http://www.dhammadownload.com



ကြောင့် ဒုက္ကဋ်အာပတ်၊ ရခြင်းကြောင့် နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။

➤ **ယက်စိုင်းသော်လည်း အာပတ် မသင့်သော ပုဂ္ဂိုလ်များ** ။ ။ (၁) သက်န်း ချုပ်ခြင်း, အာယောဂပတ်, ခါးပန်းကြိုး, ပခုံးလွယ်ကြိုး, သပိတ်အိတ်, ပုဝါရေစစ် အကျိုးငှာ ချည်ကိုတောင်းသော ရဟန်း (၂) ဉာတိ ပဝါရိတတို့ထံ အပ်သောချည်ကို ယက်စေသော ရဟန်း (၃) အခြားရဟန်းအကျိုးငှာ ယက်စေသော ရဟန်း (၄) မိမိ ၏ အပ်သောဥစ္စာဖြင့် ယက်စေသော ရဟန်း (၅) ဥမ္မတ္တကရဟန်းတို့အား အာပတ် မသင့်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သက်န်းကို ယက်စေခြင်း (ဝတ္ထု) ဟူ သော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) သက်န်းယက်ရန် တောင်းအပ်သောချည် ဖြစ်ခြင်း (၂) မိမိအတွက်ဖြစ်ခြင်း (၃) မခိုင်းကောင်းသော ယက်ကန်းသည်ကို မအပ် သော နည်းဖြင့် ယက်စေခြင်း-တို့ ဖြစ်ပါသည်။

**မဟာပေသကာရ သိက္ခာပုဒ်**

➤ **ပုဗ္ဗေ အပ္ပဝါရိတော အစိပ္ပါယ်** ။ ။ သက်န်းလှူမည့် ဒါယကာများက အရှင် ဘုရားများ လိုလားရာသက်န်း အမျိုးအစားကို တပည့်တော်အား မိန့်ကြားတော်မူပါ ဟု ကြိုတင်၍ မဖိတ်မံခြင်းကို "ပုဗ္ဗေ အပ္ပဝါရိတော"ဟု ခေါ်ပါသည်။

➤ **ဝိကပ္ပံ အာပဇ္ဇေယျ အစိပ္ပါယ်** ။ ။ ထူးသော စီမံခြင်း, ပိုလွန်အောင် စီမံခြင်း သို့ ရောက်ခြင်းကို "ဝိကပ္ပံ အာပဇ္ဇေယျ"ဟု ခေါ်ပါသည်။

➤ **သုဝီတ အစိပ္ပါယ်** ။ ။ အလုံးစုံသော အရပ်တို့၌ ညီညွတ်အောင် ပြုလုပ်၍ ယက်ခြင်းကို "သုဝီတ"ဟု ခေါ်ပါသည်။

➤ **သုပ္ပဝါယိတ အစိပ္ပါယ်** ။ ။ အလုံးစုံသော အရပ်တို့၌ ညီညွတ်အောင် ပြု လုပ်၍ ယက်ကန်းစင်၌ ဖြန့်အပ်သည်ကို "သုပ္ပဝါယိတ"ဟု ခေါ်ပါသည်။

➤ **သုဝိလေခိတ အစိပ္ပါယ်** ။ ။ နယ်ဖြင့် ကောင်းစွာထိုးခြစ်အပ်သည်ကို "သုဝိ လေခိတ"ဟု ခေါ်ပါသည်။

➤ **သုဝိတစ္ဆိတ အစိပ္ပါယ်** ။ ။ ဘီးဖြင့် ကောင်းစွာ ဖီးအပ်, ကောင်းစွာ အကြွင်း အကျန် မရှိအောင် ဆေးကြောဖွပ်လျှော်အပ်သည်ကို "သုဝိတစ္ဆိတ"ဟု ခေါ်သည်။

➤ **ပိဏ္ဍပါတမတ္တမ္ပိ-အရ ဆွမ်းကို ပေးခြင်းကြောင့် နိဿဂ္ဂီ ဖြစ်/မဖြစ်**

ရဟန်းက ဆွမ်းကို ပေးခြင်းမျှကြောင့် နိဿဂ္ဂီ မဖြစ်ပါ။ ယက်ကန်းသည်တို့သည် ရဟန်း၏စကားကြောင့် သက်န်းရှင်တို့လက်မှ ချည်ကို အပိုယူ၍ အနည်းငယ်မျှ

http://www.dhammadownload.com



အလျားရှည်အောင် အနံပြန့်အောင် ပိတ်ပိတ်သဲသဲ တစ်ခဲနက်ဖြစ်အောင် ယက်လုပ်ခြင်းကြောင့် နိဿဂ္ဂီပါစိတ်အာပတ် သင့်ပါသည်။

➤ **ပုဗ္ဗေ အပ္ပဝါရိတ-အရ** ။ ။ သက်နန်းရှင်တို့၏ မဖိတ်မံမှုကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သက်နန်း၌ ထူးအောင်စီမံခြင်းသို့ ရောက်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်နိုင်သော ပုဂ္ဂိုလ်များ** ။ ။ (၁) ဉာတိ ပဝါရိတတို့၏ ယက်ကန်းသည်တို့ကို ယက်စေသော ရဟန်း (၂) အခြားရဟန်း အကျိုးငှာ ယက်စေသောရဟန်း (၃) မိမိဉစ္စာဖြင့် ယက်စေသော ရဟန်း (၄) တန်ဖိုးကြီးသော သက်နန်းကို ယက်စေလိုသော ဒါယကာကို တန်ဖိုးနည်းအောင် ယက်စေသော ရဟန်း (၅) ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ဉာတိ ပဝါရိတ မဟုတ်သော အလှူရှင်တို့ အယက်ခိုင်းအပ်သော ယက်ကန်းသည်ထံ ချဉ်းကပ်၍ ပိုလွန်အောင် စီမံခြင်း (၂) မိမိဘို့ ဖြစ်ခြင်း (၃) စီမံမှုကြောင့် ချည်ပိုကုန်ခြင်း (၄) သက်နန်းရခြင်း။

❀ ❀ ❀ ❀ ❀

## အစ္စေကစီဝရ သိက္ခာပုဒ်

➤ **ကတ္တိကတေမာသိက ပုဏ္ဏမ-အရ** ။ ။ ပဌမ ကတ္တိကပုဏ္ဏမကို ယူရပါမည်။

➤ **ဒသာဟာနာဂတံ ကတ္တိကတေမာသိက ပုဏ္ဏမံပါဠိဖြင့်** ။ ။ သီတင်းကျွတ် လဆန်း (၅)ရက်မြောက်နေ့မှစ၍ဖြစ်သော သက်နန်း၏ သိုမှီးရာကာလ (အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားရာအခါ) ကို ပြပါသည်။

➤ **ဤသိက္ခာပုဒ်ကို တစ်ဖန် ပညတ်တော်မူရကြောင်း** ။ ။ (ပထမ ကထိန သိက္ခာပုဒ်ဖြင့် ပြီးပါသော်လည်း) ဖြစ်ပေါ်လာသော အကြောင်းဝတ္ထု၏ အစွမ်းဖြင့် အသစ်ကဲ့သို့ အနက်ကို ပြတော်မူလိုသောကြောင့် တစ်ဖန် ပညတ်တော်မူပါသည်။

**မေး** ။ ။ မည်သည့် ပုဂ္ဂိုလ်သည် မည်ကဲ့သို့ ပြောဆို၍ လှူသောသက်နန်းကို အစ္စေကစီဝရ-ဟု မှတ်ယူရကြောင်း ဖော်ပြပါ။

➤ **အစ္စေကစီဝရ အဓိပ္ပါယ်** ။ ။ ခရီးသွားမည့်သူ, မကျန်းမာသူ, ကိုယ်ဝန်ရှိသူ, သဒ္ဓါတရား အသစ်ဖြစ်ပေါ်လာသူတို့တွင် တစ်ယောက်ယောက်က "ဝဿာဝါသိကံ ဒဿာမိ"ဟု ပြောဆို၍ လှူသော သက်နန်းကို "အစ္စေကစီဝရ"ဟု ခေါ်ပါသည်။

➤ **အရေးပေါ်သက်နန်း လှူခါနီးသော ကာလ** ။ ။ သီတင်းကျွတ် လဆန်း ၅-ရက်နေ့မှ စ၍ သီတင်းကျွတ်လဆန်း ၁၄-ရက်အထိ ဖြစ်ပါသည်။

http://www.dhammadownload.com


**➤ အစ္စေကစိဝရ (အရေးပေါ်သင်္ကန်း) လှူဒါန်းတတ်သော ပုဂ္ဂိုလ်များ**

ခရီးသွားမည့်သူ, မကျန်းမာသူ, ကိုယ်ဝန်ရှိသူ, သဒ္ဓါတရား အသစ်ဖြစ်ပေါ်လာသူတို့ ဖြစ်ပါသည်။

**➤ အစ္စေကစိဝရကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားနိုင်ရာ ကာလ**

**➤ စီဝရကာလ သမယ** ။ ။ ကထိန် မခင်းလျှင် မိုးဥတု၏ နောက်ဆုံးလဖြစ်သော တန်ဆောင်မုန်းလပြည့်တိုင်အောင် တစ်လ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်တိုင်အောင်သော (၅)လ ဖြစ်ပါသည်။

**➤ ဒသာဟာနာဂတံ အဓိပ္ပါယ်** ။ ။ သီတင်းကျွတ်လဆန်း ၅-ရက်နေ့မှ (၁၄) ရက်နေ့ အထိ (၁၀)ရက်ကို "ဒသာဟာနာဂတံ"ဟု ခေါ်ပါသည်။

**➤ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသော ရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ အစ္စေကသင်္ကန်းကို သင်္ကန်းကာလ အခါလွန်စေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**သာသင်္ကံ သိက္ခာပုဒ်**

**➤ အာရညက သေနာသန (တောကျောင်း) အဓိပ္ပါယ်** ။ ။ ညှို့တင်အပ်ပြီးသော လေးဆရာ၏ လေးဖြင့် ရွာတံခါးခုံမှစ၍ "လေးအပြန်ငါးရာ ပမာဏရှိသော အရပ်၌ ပြုအပ်သော ကျောင်းကို "အာရညကသေနာသန" (တောကျောင်း)ဟု ခေါ်ပါသည်။

မေး ။ ။ အာရညိကင်္ဂစုတင် ဆောက်တည်နိုင်သော အရပ်ကို လူအများနေထိုင်ရာ ရွာမှ ပိုင်းခြားပြပါ။

ဖြေ ။ ။ ညှို့တင်အပ်ပြီးသော လေးဆရာ၏ လေးဖြင့် အကာအရံရှိသော ရွာဖြစ်လျှင် ရွာ၏တံခါးခုံမှစ၍၎င်း, အကာအရံ မရှိသော ရွာဖြစ်လျှင် အကာအရံ ထိုက်ရာ အရပ်မှစ၍၎င်း လေးအပြန်ငါးရာ ပမာဏရှိသော အရပ်ဖြစ်ပါသည်။

**➤ တိုင်းတာပုံ** ။ ။ အကာအရံရှိသော ရွာဖြစ်လျှင် ရွာ၏ တံခါးခုံမှစ၍ တိုင်းတာရပါမည်။ အကာအရံ မရှိသော ရွာဖြစ်လျှင် အကာအရံထိုက်ရာ အရပ်မှစ၍ တိုင်းတာ ရပါမည်။ အကာအရံရှိသော ကျောင်းဖြစ်လျှင် အကာအရံတိုင်အောင်သော်၎င်း, အကာအရံ မရှိသော ကျောင်းဖြစ်လျှင် ရွာဘက်က ပထမဆုံး ကျောင်းအထိသော်၎င်း စေတီအထိသော်၎င်း, ဗောဓိအထိသော်၎င်း, အမြဲစည်းဝေးရာအရပ်တိုင်အောင်သော်၎င်း, ပကတိ သွားရိုးလမ်းဖြင့် တိုင်းတာရပါမည်။

**➤ သာသင်္ကံ သမ္မတ အဓိပ္ပါယ်** ။ ။ ခိုးသူ-စသည်တို့၏ ခိုအောင်းရာ အရပ်-စသည်ကို မြင်ရသောကြောင့် ရွံရှာအပ်၏ဟု သမုတ်အပ်သော နေရာအရပ်ကို "သာသင်္ကံ သမ္မတ" ဟု ခေါ်ပါသည်။

http://www.dhammadownload.com



➤ **သပ္ပဋိဘယ အဓိပ္ပါယ်** ॥ ။ ခိုးသူတို့သည် လူတို့ကို သတ်အပ် လုယက်အပ်, ပုတ်ခတ်အပ်သော အဖြစ်ကို မြင်ရခြင်းကြောင့်၊ များစွာဘေးရန်ရှိသော အရပ်ကို "သပ္ပဋိဘယ"ဟု ခေါ်ပါသည်။

➤ **တိစီဝရိတ် သက်န်းကို ရွာတွင်း၌ ထားနိုင်သော အင်္ဂါ ၄-ပါး**

၁။ **ဥပဝဿ**--- ပုရိမဝါကပ်ပြီး ပဌမ မဟာပဝါရဏာပြုနိုင်လောက်အောင် ဝါ မကျိုးခဲ့ခြင်း။ ၂။ **ကတ္တိက ပုဏ္ဏမ**--- တန်ဆောင်မုန်းလဖြစ်ခြင်း။

၃။ **အာရညက**--- လေးအပြန် ငါးရာရှိသော တောရကျောင်းဖြစ်ခြင်း။

၄။ **သာသင်္က သမ္မတ သပ္ပဋိဘယ**--- ယုံမှားဖွယ် ရှိ၏ဟု သမုတ်အပ်ခြင်း, ဘေးရန်နှင့်တကွဖြစ်ခြင်းတို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်၌ အလိုရှိသော တောရကျောင်း** ॥ ။ ဆွမ်းခံပြီး၍ ဆွမ်းစားချိန်၌ ပင် တစ်ဖန်ကျောင်းသို့ ပြန်လာနိုင်သော တောရကျောင်းကိုသာ ဤသိက္ခာပုဒ်၌ အလို ရှိပါသည်။

➤ **ဝိပ္ပဝသေယျ/ဝိပ္ပဝါသ အဓိပ္ပါယ်** ॥ ။ ၆-ရက်ထက်အလွန် ၇-ရက်မြောက်သော အရုဏ်ကို မိမိနေရာ တောရကျောင်း၌ မတက်စေခြင်းကို ဝိပ္ပဝသေယျ [ဝိပ္ပဝါသ]ဟု ခေါ်ပါသည်။

➤ **အညတြ ဘိက္ခုသမ္မုတိယာ-၌ သမ္မုတိ-အရ** ॥ ။ သံဃာသည် ဂိလာနရဟန်း အား ပေးအပ်သော စီဝရေန ဝိပ္ပဝါသသမ္မုတိကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသော ရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ အဓိဋ္ဌာန်တင်အပ်သော သင်္ကန်း နှင့်ကင်း၍နေခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

**ပရိဏတ သိက္ခာပုဒ်**

**မေး** ॥ ။ သံဃာအား ညွတ်ရုံသာ ညွတ်ရသေး၍ မစွန့်လှူအပ်သေးပါလျက် အဘယ် နည်းဖြင့် သံဃာ၏ ဥစ္စာ (သံဃိက) ဖြစ်ပါသနည်း။

**ဖြေ** ॥ ။ မလှူအပ်သေး၍ သံဃာလက်သို့ မရောက်သေးသော်လည်း ညွတ်ပြီးသား ဟူသော ပရိယာယ်တစ်မျိုးအားဖြင့် သံဃာ့ဥစ္စာ (သံဃိက) ဖြစ်နိုင်ပါသည်။

➤ **လာဘ-အရ** ॥ ။ ရထိုက်သော သင်္ကန်း,စသော ဝတ္ထုတို့ ယူရပါမည်။

➤ **သံဃိက အဓိပ္ပါယ်** ॥ ။ သံဃာသို့ ညွတ်လေပြီးသော လာဘ်သည် သံဃာ့ လက်သို့ မရောက်သေးစေကာမူ သံဃာ့ဥစ္စာပင်ဖြစ်သောကြောင့် "သံဃိက" ဟု ခေါ် ပါသည်။

➤ **ပရိဏတ အဓိပ္ပါယ်** ॥ ။ ပေးလှူကုန်အံ့, ပြုလုပ်အံ့-ဟု နှုတ်မြွက်ခြင်းဖြင့်

http://www.dhammadownload.com



သော်ငှင်း, ကိုယ်အမှုအရာဖြင့်သော်ငှင်း သံဃာသို့ ညွတ်ပြီးသော လာဘ်ကို "ပရိဏတ"ဟု ခေါ်ပါသည်။

➤ **အတ္တနော ပရိဏာမေယျ အဓိပ္ပါယ်** ။ ။ သင်္ကန်း,စသော ဤဝတ္ထုကို ငါ့အား ပေးလှူကြကုန်-ဟု ပြောဆိုလျက် မိမိအထံ၌ ညွတ်လာအောင်ပြုခြင်းကို "အတ္တနော ပရိဏာမေယျ"ဟု ခေါ်ပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ သံဃာသို့ ညွတ်ပြီးသော လာဘ်ဖြစ်လျှင် သိတင်းသုံးဖော်တို့၏ ဥစ္စာ, လှူဝတ်ကြောင်တို့၏ ဥစ္စာ, အယုတ်ဆုံးအားဖြင့် အမိ၏ ဥစ္စာကိုသော်လည်း မိမိအထံသို့ ညွတ်စေသော ရဟန်းအား ပယောဂကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်၊ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

သံဃာ, စေတီ, ပုဂ္ဂိုလ်တို့တွင် တစ်ပါးပါးအထံသို့ ညွတ်ပြီးသော လာဘ်ကို အခြားသံဃာ, စေတီ, ပုဂ္ဂိုလ်တို့သို့ ညွတ်စေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (မူရှိုလ်)ကို အကြောင်းပြု၍ မိမိသို့ ညွတ်စေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်နိုင်သော ပုဂ္ဂိုလ်** ။ ။ (၁) သံဃာသို့ မညွတ်ရသေးဟု အမှတ်ရှိ၍ မိမိသို့ ညွတ်စေသောရဟန်း (၂) အဘယ်အရပ်၌ လှူရပါကုန်အံ့နည်းဟု မေးလတ်သော် သင်တို့၏စိတ်ကြည်ရာ အရပ်၌ လှူကြကုန်ဟုငှင်း, သင်တို့၏ ပေးလှူထိုက်သော သဘောရှိသော ပစ္စည်းကို သုံးဆောင်မည့်အရပ်၌ လှူကြကုန်ဟုငှင်း ပြောဆိုသော ရဟန်း (၃) ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) သံဃာ၌ ညွတ်ပြီးဖြစ်ခြင်း (၂) သံဃာ၌ ညွတ်ပြီးမှန်းသိပါလျက် မိမိအထံသို့ ညွတ်စေခြင်း (၃) ရခြင်း-တို့ ဖြစ်ပါသည်။

**ကထိနဝဂ် နိဿဂ္ဂိပါစိတ် အဖွင့်ပြီး၏။**

### ပါစိတ္တိယကဏ္ဍ

### မုသာဝါဒဝဂ်/ မုသာဝါဒ သိက္ခာပုဒ်

➤ **ပါစိတ္တိယ (ပါစိတ်) မည်ပုံ** ။ ။ စိတ္တံ ပါတေတီတိ ပါစိတ္တိယံ-ဟူသော ဝစနတ္ထနှင့်အညီ ကုသိုလ်စိတ်ကို ကျစေတတ်သောကြောင့် "ပါစိတ္တိယ" (ပါစိတ်) မည်၏။

➤ **သမ္ပဇာန အဓိပ္ပါယ်** ။ ။ မပြောမီ ရှေးအဖို့၌သိခြင်း, ပြောဆိုဆဲခဏ၌ သိခြင်းကို "သမ္ပဇာန"ဟု ဆိုပါသည်။

➤ **မုသာ မည်ပုံ** ။ ။ မဟုတ် မမှန်သော ဝတ္ထုသည် "မုသာ" မည်ပါသည်။

http://www.dhammadownload.com



၁ **မုသာဝါဒဝါ–၌ ဝါဓ–အရ** ။ ။ ကာယပယောဂ, ဝစီပယောဂကို ယူရပါမည်။

➤ **မုသာဝါဓ–အရ** ။ ။ မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့်၎င်း, ဟုတ်မှန်သော ဝတ္ထုကို မဟုတ်မမှန်သောအားဖြင့်၎င်း ကိုယ်နှုတ်ဖြင့် သိစေကြောင်း ကာယပယောဂ, ဝစီပယောဂကို ယူရပါမည်။

➤ **ပါစိတ်အာပတ် သင့်ခြင်းအကြောင်း** ။ ။ မပြောမီ ရှေ့၌လည်း သိပြီး၍ ပြောဆဲခဏ၌လည်း သိလျက်သာလျှင် မုသားပြောခြင်းကြောင့် ပါစိတ်အာပတ်သင့် ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဟတ္ထက သာကီဝင်မင်းသား (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ ပယ်ပြီး၍ ဝန်ခံခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**မေး** ။ ။ မဟုတ်မမှန်သည်ကို ပြောဆိုခြင်းကြောင့် အဘယ်သိက္ခာပုဒ်အရ အဘယ် အာပတ်များ သင့်နိုင်သည်ကို စုံလင်စွာ ဖြေဆိုပါ။

**မေး** ။ ။ မဟုတ်မမှန် လိမ်ညာပြောဆိုမှုကြောင့် သင့်ရောက်နိုင်သော အာပတ်တို့ကို အကြောင်းနှင့်တကွ အဋ္ဌကထာလာသည့်အတိုင်း အသီးသီး ဖြေဆိုခဲ့ပါ။

**ဖြေ** ။ ။ ဥတ္တရိမနုဿဓမ္မကို မဟုတ်မမှန်ပြောခြင်းကြောင့် စတုတ္ထ ပါရာဇိကသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ် သင့်ပါသည်။ အမူလက ပါရာဇိက အာပတ်ဖြင့် မဟုတ်မမှန် စွပ်စွဲခြင်းကြောင့် ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်အာပတ် သင့်ပါသည်။ အမူလက သံဃာဒိသိသ်အာပတ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။ အာစာရ ဝိပတ္တိ (ထုလ္လစ္စဉ်း,စသော အောက်အာပတ်ငါးဖုံ) ဖြင့် စွပ်စွဲဖို့ရန် မုသားပြော ခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ "အကြင်သူသည် သင်၏ကျောင်း၌ နေ၏၊ ထိုသူသည် ရဟန္တာတည်း"စသော ပရိယာယ်အားဖြင့် ဥတ္တရိမနုဿဓမ္မကို မဟုတ် မမှန် ပြောခြင်းကြောင့် နားထောင်သူက နားလည်လျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။ ထိုသို့ ပရိယာယ်အားဖြင့် ပြောရာ၌ တစ်ဘက်သား နားမလည်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ သာမည မဟုတ်မမှန် ပြောခြင်းကြောင့် မုသာဝါဒ သိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ် သင့်ပါသည်။

**မေး** ။ ။ ကိုယ်အမူအရာဖြင့် လိမ်ညာပြောသော ရဟန်းအား အာပတ် သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

**မေး** ။ ။ ကျိုးကန်းကို လက်ဖြင့် လေးဝှသဏ္ဌာန် ပြုလုပ်၍ ပစ်ဟန်ပြုသော ရဟန်း အား အာပတ်သင့်/မသင့် အကြောင်းပြ၍ ဖြေပါ။

**ဖြေ** ။ ။ မုသာဝါဒ-အရ ကာယပယောဂ, ဝစီပယောဂ နှစ်မျိုးလုံးကို ယူရသောကြောင့်

http://www.dhammadownload.com



ပါစိတ်အာပတ် သင့်ပါသည်။

➢ **အာပတ်မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) လိမ်မည်ဟု မကြံစည်ဘဲ အမှတ်တမဲ့ ပြောမိသော ရဟန်း (၂) ထိုင်းမှိုင်းတွေဝေသည့်အတွက် ရည်ရွယ်ချက် မရောက်ဘဲ အလွဲအမှားကို ပြောမိသော ရဟန်း (၃) ဥမ္မတ္တက,စသော ရဟန်း။

➢ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) အလွဲအမှားကို မှတ်မှားစေလိုခြင်း (၂) မိမိပြောအပ်သော အကြောင်းကို တစ်ဘက်သား နားလည်အောင် ကိုယ်နှုတ် ပယောဂ တစ်ပါးပါးကို ပြုခြင်း-တို့ ဖြစ်ပါသည်။

**ဩမသဝါဒ သိက္ခာပုဒ်**

➢ **ဩမသဝါဒ အဓိပ္ပါယ်** ။ ။ ဆဲရေးကြောင်းစကား, ကဲ့ရဲ့ရှုတ်ချကြောင်း စကားသည် နားကိုလည်း မချမ်းသာစေတတ်, စိတ်နှလုံးကိုလည်း မချမ်းသာစေတတ်သောကြောင့် "ဩမသဝါဒ"ဟု ဆိုပါသည်။

➢ **ဆဲရေးကြောင်း (အက္ကောသဝတ္ထု) ၁၀-ပါး** ။ ။ (၁) ဇာတိ-အမျိုးဇာတ် (၂) နာမ-နာမည်၊ (၃) ဂေါတ္တ-အနွယ် (၄) ကမ္မ-အလုပ် (၅) သိပ္ပ-အတတ်ပညာ (၆) အာဗာဓ-အနာရောဂါ (၇) လိင်-အသွင်သဏ္ဍာန် (၈) ကိလေသ-ကိလေသာ (၉) အာပတ္တိ-အာပတ် (၁၀) အက္ကောသ-ဆဲရေးခြင်း-တို့ ဖြစ်ပါသည်။

➢ **ဆဲရေးပုံ** ။ ။ မေထုန်နှင့် စပ်၍ငြားး, ယောကျ်ားအင်္ဂါဇာတ် မိန်းမအင်္ဂါဇာတ်နှင့် စပ်၍ငြား ဆဲရေးခြင်းဖြစ်ပါသည်။ (တစ်နည်း) ဇာတိ, နာမ, ဂေါတ္တ, ကမ္မ, သိပ္ပအာဗာဓ, လိင်, ကိလေသ, အာပတ္တိ, အက္ကောသ-ဟူသော အက္ကောသဝတ္ထု (၁၀)မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဆဲရေးခြင်း ဖြစ်ပါသည်။

➢ **ပါစိတ်အာပတ် သင့်ပုံ** ။ ။ ဟုတ်မှန်သည်ဖြစ်စေ, မဟုတ်မမှန်သည်ဖြစ်စေ ပါရာဇိကအာပတ်သို့ ရောက်သူ, မရောက်သူကို အက္ကောသဝတ္ထု တစ်မျိုးမျိုးဖြင့် နှုတ်ဖြင့်သော်ငြား, လက်ချောင်းပြသဖြင့်သော်ငြား တိုက်ရိုက်အားဖြင့် ဆဲရေးကြောင်းစကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဆဲရေးခြင်း, နှုတ်လှန်ထိုးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➢ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) "ဤအရပ်၌ တချို့ စဏ္ဍာလများ ရှိကြတယ်" ဟု စောင်းချိတ်၍ ဆဲလျှင် ဒုက္ကဋ်အာပတ် (၂) စောရောသိ-ခိုးသူပဲ-ဟု ဆဲလျှင် ဒုက္ကဋ်အာပတ် (၃) ရဟန်း မဟုတ်သူကို ဆဲလျှင် ဒုက္ကဋ်အာပတ် (၄) ပြောင်လှောင်လို, ကစားလို၍ ပြောသော ရဟန်းအား ဒုဗ္ဘာသိတအာပတ် သင့်ပါသည်။

http://www.dhammadownload.com



➤ **ဘိက္ခုနီမကို ဆဲရေးလျှင် ပါစိတ်အာပတ် မသင့်နိုင်ခြင်းအကြောင်း**

ဩမသဝါဒ သိက္ခာပုဒ်၌ ဘိက္ခုနီမများကို အနုပသမ္ပန္န (လူသာမဏေ)၌ သွင်းယူ ရေတွက်ရသောကြောင့် ဘိက္ခုနီမကို ဆဲရေးလျှင် အာပတ် မသင့်ပါ။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁)အနက်ဖွင့် အဋ္ဌကထာကို ရှေးရှုပြုသူ (၂) ပါဠိတော်ပေမွကို ရှေးရှုပြုသူ (၃) အဆုံးအမ ဩဝါဒကို ရှေးရှုပြုသူ (၄) ဥမ္မတ္တက,စသော ရဟန်း-တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ဆဲရေးခံရသူ၏ ရဟန်းဖြစ်ခြင်း (၂) အခြားသူကို ညွှန်ပြခြင်း မရှိဘဲ ဇာတ်,စသည်ဖြင့် ဆဲခြင်း (၃) အဆဲခံရသူက သူ့ကိုဆဲမှန်းသိခြင်း (၄) အတ္ထပုရေက္ခာရတာ,စသည် မရှိခြင်း-တို့ ဖြစ်ပါသည်။

➤ **ဝေဒနာ အထူး** ။ ။ ဤသိက္ခာပုဒ်၌ ဝေဒနာကား- ဒုက္ခဝေဒနာ၊ အဝိန္နာဒါန သိက္ခာပုဒ်၌ ဝေဒနာကား- တိဝေဒနာ၊ ဤသို့ ထူးပါသည်။

➤ **ရဟန်းသည်ရင်း, ရဟန်းမသည်ရင်း အနုပသမ္ပန္နဖြစ်သည်ဟူသော အဆိုမှန်/မမှန်** ။ ။ ဩမသဝါဒသိက္ခာပုဒ်, ပေသုည သိက္ခာပုဒ်တို့၌ ရဟန်းမသည် အနုသမ္ပန္န အဖြစ်၌ တည်သည်ဟု ကင်္ခါအဋ္ဌကထာ မိန့်ဆိုထားခြင်းကြောင့် ရဟန်းမသည် အနုပသမ္ပန္နဖြစ်သည်ဟူသော အဆိုမှန်ပါသည်။ ရဟန်းကို အနုပသမ္ပန္န ဖြစ်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထားချက် မရှိခြင်းကြောင့် ရဟန်းသည် အနုပသမ္ပန္န ဖြစ်သည်ဟူသော အဆို မမှန်ပါ။

## ပေသုည သိက္ခာပုဒ်

➤ **ပါစိတ်အာပတ် သင့်နိုင်သော ကုန်းတိုက်စကားများ** ။ ။ ရှေ့သိက္ခာပုဒ်၌ ပြခဲ့ပြီးသော ဇာတိ,စသော အက္ကောသဝတ္ထု (၁၀)ပါး ဖြစ်ပါသည်။ [ဇာတိ, နာမ, ဂေါတ္တ, ကမ္မ, သိပ္ပ အာဗာဓ, လိင်္ဂ, ကိလေသ, အာပတ္တိ, အက္ကောသ-ဟူသော အက္ကောသဝတ္ထု (၁၀)မျိုး ဖြစ်ပါသည်။]

➤ **ကုန်းတိုက်ခြင်း၏ ရည်ရွယ်ချက်** ။ ။ ဆဲရေးခံရသော ရဟန်း၏ ချစ်ခြင်းကို အလိုရှိသောကြောင့်ရင်း, ကွဲပြားစေလိုသောကြောင့်ရင်း ကုန်းတိုက်မှု ပြုလုပ်ပါက ပါစိတ်အာပတ် သင့်ပါသည်။

➤ **ကုန်းတိုက်စကား ပြောဆိုခြင်း, ပို့ဆောင်ခြင်း ၂-မျိုး** ။ ။ (၁) အဆဲခံရသော ရဟန်း၏ အထံသို့ လက်ပြ, ခြေပြလုပ်၍ ပြောခြင်း, ပို့ဆောင်ခြင်း (၂) "ဒို ဦးတိသ ကိုယ်တော့်ကို ဦးဒတ္တ,က စဏ္ဍာလမျိုးလို့ ပြောနေတယ်" စသည်ဖြင့် နှုတ်ဖြင့်ပြောခြင်း ပို့ဆောင်ခြင်းတို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌

http://www.dhammadownload.com



ဆဗ္ဗဂ္ဂိရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ ချောပစ်ကုန်းတိုက်စကားကို ပို့ဆောင်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ ॥** (၁) အက္ကောသဝတ္ထုဖြင့် စောင်းချိတ်၍ ဆဲသော စကားကို ပို့ဆောင်သော ရဟန်း (၂) ပါဠိတော်မှလွတ်သော စောရောသိ,စသော ဆဲရေးကြောင်း စကားကို ပို့ဆောင်သော ရဟန်း (၃) လူ, သာမဏေ, ဘိက္ခုနီမထံသို့ ပို့ဆောင်သော ရဟန်းတို့အား ဒုက္កဋ်အာပတ် သင့်ပါသည်။

➤ **ဘိက္ခုနီမများထံ ဆဲရေးကြောင်းစကားကို ပြောလျှင် ပါစိတ်အာပတ် မသင့်ခြင်းအကြောင်း ॥** ပေသုညသိက္ခာပုဒ်၌ ဘိက္ခုနီမများသည် အနုပသမ္ပန္နအရာ၌ တည်သောကြောင့် ဘိက္ခုနီမများထံ ဆဲရေးကြောင်းစကားကို ပြောလျှင် ပါစိတ်အာပတ် မသင့်ပါ။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ ॥** (၁) မိမိကို ချစ်စေလိုခြင်း သူတစ်ပါးကို ကွဲပြားစေလိုခြင်း မရှိဘဲ ယုတ်မာသူကို ကဲ့ရဲ့လို၍ ပြောသော ရဟန်း (၂) ဥမ္မတ္တက,စသော ရဟန်း-တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ॥** (၁) ဇာတိ,စသော အက္ကောသဝတ္ထုဖြင့် ဆဲသည်ကို ကြား၍ အဆဲခံရသူထံ ပို့ဆောင်ခြင်း (၂) မိမိကို ချစ်ခင်စေလိုသူတို့နှစ်ဦး ကွဲစေလိုခြင်း နှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို အလိုရှိခြင်း (၃) ကုန်းတိုက်ခံရသူက နားလည်ခြင်း။

**ပဒသောဓမ္မ သိက္ခာပုဒ်**

➤ **ပဒသော ဓမ္မံ ဝါစေယျ-၌ ဓမ္မ-အရ ॥** သင်္ဂါယနာ သုံးတန်သို့ မတင်အပ်သော ရာဇောဝါဒသုတ်, တိက္ခိန္ဒြိယသုတ်, စတုပရိဝတ္တနသုတ်, နန္ဒောပနန္ဒသုတ်, ကုလုမ္ဗသုတ် မဂ္ဂကထာ,စသော ဓမ္မ, သင်္ဂါယနာသုံးတန်သို့ တင်အပ်သော ပိဋကတ်သုံးပုံ ဓမ္မတို့ကို ယူရပါမည်။

➤ **ပဒသော ဓမ္မံ ဝါစေယျ အဓိပ္ပါယ် ॥** သင်္ဂါယနာ သုံးတန်သို့ မတင်အပ်သော်လည်း ရာဇောဝါဒသုတ်, တိက္ခိန္ဒြိယသုတ်, စတုပရိဝတ္တနသုတ်, နန္ဒောပနန္ဒသုတ်, ကုလုမ္ဗသုတ် မဂ္ဂကထာ,စသော ဓမ္မကိုဖြစ်စေ, သင်္ဂါယနာသုံးတန်သို့ တင်အပ်သော ပိဋကတ်သုံးပုံ ဓမ္မကိုဖြစ်စေ အစုစုကို ပို့ချခြင်းသည် "ပဒသော ဓမ္မံ ဝါစေယျ" မည်ပါသည်။

➤ **ပဒသော-၌ ပဒ-သဒ္ဒါ၏ အနက် ॥** ကောဋ္ဌာသအနက် ဖြစ်ပါသည်။

➤ **ပဒသော-၌ ပဒ-အရ (ပဒ ၄-မျိုး) ॥** (၁) ပဒ (၂) အနုပဒ (၃) အန္ဝက္ခရ (၄) အနုဗျဥ္ဇန-တို့ ဖြစ်ပါသည်။

ဂါထာ၏ ပဌမပါဒသည် "ပဒ" မည်၏။ ဂါထာ၏ ဒုတိယပါဒသည် "အနုပဒ"

http://www.dhammadownload.com



မည်၏။ တစ်လုံးတစ်လုံးသော အက္ခရာသည် "**အနက္ခရ**" မည်၏။ ရှေ့ဗျည်းနှင့် တူသော နောက်ဗျည်းသည် "**အနုဗျဥ္ဇန**" မည်၏။ (ဝါ) အက္ခရာအပေါင်းသည် "အနုဗျဥ္ဇန" မည်၏။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ ရဟန်း, ရဟန်းမမှတစ်ပါး လူ, သာမဏေတို့နှင့် အတူ တစ်ပေါင်းတည်း (သံပြိုင်) ရွတ်ဆိုသော ရဟန်းအား ပဒ,စသည် အရေအတွက်အားလျော်စွာ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီ ရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အစုစုဖြစ်သော ပါဠိ အဋ္ဌကထာ ဓမ္မကို ဆိုစေခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။(၁) ရဟန်းကို လူ, သာမဏေ ထင်မှတ်၍ ပို့ချသော ရဟန်း (၂) ရဟန်း, သာမဏေ-ဟု မသိဘဲ ယုံမှားသံသယဖြစ်လျက် ပို့ချသော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) လူ, သာမဏေနှင့် အတူ တစ်ပေါင်းတည်း ပါဠိ အဋ္ဌကထာကို သင်ယူသော ရဟန်း (၂) တစ်ပေါင်းတည်း စာပြန်မှုကို ပြုသော ရဟန်း (၃) လူ, သာမဏေထံ ပါဠိ အဋ္ဌကထာကို သင်ယူသော ရဟန်း (၄) များသောအားဖြင့် လေ့လာပြီးသော ကျမ်းစာကို ရွတ်ဆိုသော လူ, သာမဏေနှင့် ပရိသတ်အလယ်၌ ပါဠိတော်ကို သက်ရောက်စေသော လူ, သာမဏေတို့ကို မှားယွင်းသဖြင့် "ဤသို့ ဆိုလော့"ဟု ထောက်ပေးသောရဟန်း (၅) ဥမ္မတ္တက ရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **သိက္ခာပုဒ် အင်္ဂါ ၃-ပါး** ။ ။ (၁) လူ, သာမဏေဖြစ်ခြင်း (၂) အစုစုအားဖြင့် ပါဠိတော် အဋ္ဌကထာဓမ္မကို ပို့ချခြင်း (၃) သံပြိုင်ရွတ်ဆိုခြင်း-တို့ ဖြစ်ပါသည်။

**ပဌမသဟသေယျ သိက္ခာပုဒ်**

➤ **အနုပသမ္ပန္န-အရ** ။ ။ ရဟန်းမှကြွင်းသော ယုတ်စွအဆုံး ပါရာဇိကဝတ္ထုဖြစ်သော တိရစ္ဆာန်အပါအဝင် အားလုံးကို ယူရပါမည်။

➤ **ဥတ္တရိဒိရတ္တ တိရတ္တ-အရ** ။ ။ နှစ်ညဉ့် သုံးညဉ့်တို့ အထက်ဖြစ်သော လေးညဉ့်မြောက်ကို ယူရပါမည်။

➤ **သဟသေယျ အဓိပ္ပါယ်** ။ ။ အလုံးစုံမိုးအပ်, အလုံးစုံကာရံအပ်သည်မှုလည်း ဖြစ်သော များသောအားဖြင့် မိုးအပ်, များသောအားဖြင့် ကာရံအပ်သည်မှုလည်း ဖြစ်သော ကျောင်း၌ ရှေ့နောက်အားဖြင့်သော်၎င်း၊ တစ်ပြိုင်နက်အားဖြင့်သော်၎င်း အတူ တကွ အိပ်ခြင်းကို "သဟသေယျ"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



➤ **အနုပသမ္ပန္န ၂-စု အထူး ။ ။** ပဒသော ဓမ္မ သိက္ခာပုဒ်လာ အနုပသမ္ပန္နကား- ဘိက္ခု, ဘိက္ခုနီမှတစ်ပါး လူ, သာမဏေကို ယူရသည်။ ပဌမသဟသေယျ သိက္ခာပုဒ် လာ အနုပသမ္ပန္နကား- ဘိက္ခုမှတစ်ပါး ဘိက္ခုနီ လူ သာမဏေနှင့် ပါရာဇိကဝတ္ထု လောက်သော တိရစ္ဆာန်ကိုပါ ယူရသည်။ ဤသို့ ထူးပါသည်။

➤ **သဟသေယျလောက်သော အမိုး+အကာ ပမာဏ ။ ။** အမိုးမှာ- တစ်ဝက် ထက် များခြင်း ဖြစ်ပါသည်။ အကာမှာ- မဇ္ဈိမပုရိသ တစ်တောင့်ထွာထက်မြင့်ခြင်း ပမာဏ ရှိရပါမည်။

➤ **သဟသေယျလောက်သော ကျောင်း/ပါစိတ္တိယဝတ္ထုလောက်သော အိပ်ရာ နေရာ ပမာဏ ။ ။** အလုံးစုံမိုးအပ်, ကာရံအပ်သောကျောင်း။ များသောအားဖြင့် မိုးအပ်, ကာရံအပ်သော ကျောင်း ဖြစ်ပါသည်။

➤ **သဟသေယျအာပတ် မလောက်သောကျောင်း ။ ။** ထက်ဝက်မိုးအပ်, ထက် ဝက် ကာရံအပ်သောကျောင်း စသည်တို့ ဖြစ်ပါသည်။

➤ **သဟသေယျအာပတ် ကင်းပြတ်အောင် ပြုကျင့်ပုံ ။ ။** နေဝင်ပြီးနောက် လူ စသည်ရှိရာ ကျောင်း၌ ဦးခေါင်း မချခြင်း, လူ စသည်မရှိရာ (ရဟန်းရှိချင် ရှိပါစေ) ကျောင်း၌သော်ရင်း၊ လွင်ပြင်၌သော်ရင်း အိပ်ခြင်း, ဤကဲ့သို့ အိပ်လျှင် သဟသေယျ အဆက်ပြတ်၍ နောက်ထပ် လူ,စသည်နှင့် သုံးည၌ အရုဏ်တက်အောင် အိပ်နိုင် ပါသည်။

➤ **ပါစိတ်အာပတ် သင့်ပုံ ။ ။** အမိုး အကာရှိသော ကျောင်း၌ လူ, သာမဏေ နှင့် တကွ သုံးညအိပ်ပြီး လေးခုမြောက်ည၌ နေဝင်သည်မှစ၍ လူ, သာမဏေနှင့် အတူ အိပ်သောရဟန်းအား လူ, သာမဏေ အရေအတွက်လိုက်၍ရင်း၊ ရဟန်းက ဖြစ်စေ လူ, သာမဏေ,ကဖြစ်စေ ထ၍ ထ၍ ဦးခေါင်းပြန်ချတိုင်း အကြိမ်များသလောက် ရင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ ။ ။** ရဟန်းကို သာမဏေထင်၍ သုံးည၌ထက်လွန် အောင် အိပ်လျှင်ရင်း၊ ထက်ဝက်မိုး, ထက်ဝက်ကာရံထားသော ကျောင်း,စသည်၌ အတူ အိပ်လျှင်ရင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** အာဠဝီပြည် (နိဒါန်း) ၌ များ စွာသော ရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ လူ, သာမဏေနှင့် အတူအိပ်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ ။ ။** (၁) နှစ်ည၌ သုံးည၌ ပတ်လုံး အိပ်သောရဟန်း (၂) နှစ်ည၌ သုံးည၌အောက် ယုတ်လျော့၍ အိပ်သော

http://www.dhammadownload.com



ရဟန်း (၃) သုံးညဥ့်မြောက် အရုဏ်မတက်မီ အပြင်ထွက်၍ တစ်ဖန်ပြန်ပြီး အိပ်သော ရဟန်း (၄) အမိုးသာ မိုး၍ အကာရံ မရှိသော ကျောင်း,စသည်၌ အိပ်သော ရဟန်း (၅) လူ, သာမဏေ,က ထိုင်နေသော် အိပ်သော ရဟန်း (၆) လူ, သာမဏေ က အိပ်နေလျှင် ထိုင်နေသောရဟန်း (၇) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ပါစိတ်အာပတ်လောက်သော ကျောင်း အိပ်ရာ နေရာဖြစ်ခြင်း (၂) လူ, သာမဏေနှင့်အတူ အိပ်ခြင်း (၃) လေးရက်မြောက်နေ့၌ နေဝင်ခြင်း-တို့ ဖြစ်ပါသည်။

**ဒုတိယ သဟသေယျ သိက္ခာပုဒ်**

➤ **မာတုဂါမ-အရ** ။ ။ အောက်ထစ်ဆုံးအားဖြင့် ထိုနေ့၌ မွေးဖွားသော လူမိန်းမမှစ၍ အသက်ရှင်ဆဲ လူမိန်းမများကို ယူရပါမည်။

➤ **မာတုဂါမ-အရ သေပြီးမိန်းမကို မယူရခြင်းအကြောင်း** ။ ။ သေပြီးမိန်းမသည် ပါရာဇိကဝတ္ထုဖြစ်သော်လည်း ကမ္မဇရုပ် မရှိသော အဖို့၌တည်သည့်အတွက် သဟသေယျအာပတ်ကို မပြုနိုင်သောကြောင့်--- မယူရပါ။

➤ **မာတုဂါမ-အရ ဘီလူးမ, ပြိတ္တာမ စသည်တို့ကို မယူရခြင်းအကြောင်း**

ဘီလူးမ, ပြိတ္တာမ စသည်တို့သည် ဒုတိယ သဟသေယျ သိက္ခာပုဒ်၌ ဒုက္កဋ်အာပတ်၏ တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် --မယူရပါ။

➤ **ဤသိက္ခာပုဒ်၌ ဒုက္ကဋဝတ္ထုများ** ။ ။ ကိုယ်ကို ထင်ရှားပြသော ဘီလူးမ, ပြိတ္တာမနှင့် ပဏ္ဍုက်၊ မေထုနဝတ္ထုလောက်သော တိရစ္ဆာန်မတို့ ဖြစ်ပါသည်။ [၎င်းတို့နှင့်အတူ အိပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။]

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အရှင်အနုရုဒ္ဓါမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ မာတုဂါမနှင့်အတူ အိပ်မိခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သဟသေယျ သိက္ခာပုဒ် ၂-ခု အထူး** ။ ။ ပဌမသဟသေယျ သိက္ခာပုဒ်သည် စတုတ္ထနေ့၏ ညဥ့်၌ အာပတ်သင့်ပါသည်။ ဒုတိယ သဟသေယျ သိက္ခာပုဒ်ကား ပဌမ နေ့၏ ညဥ့်၌ပင် အာပတ်သင့်ပါသည်။ ဤသို့ ထူးပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အမိုးအကာ တစ်ဝက်ကျော်ကျော်မိုးပြီး ကာပြီးသော ကျောင်း, အိပ်ရာနေရာဖြစ်ခြင်း (၂) မာတုဂါမနှင့်အတူ အိပ်ခြင်း (၃) နေဝင်ခြင်း-တို့ ဖြစ်ပါသည်။

**ဓမ္မဒေသနာ သိက္ခာပုဒ်**

➤ **ဝါစာပမာဏ (ဝါ) စကား၏ ပမာဏ** ။ ။ ဂါထာဖြစ်လျှင် ဂါထာပါဒတစ်ခု

http://www.dhammadownload.com



သည် စကားတစ်ခွန်းဖြစ်ပါသည်။ စုဏ္ဏိယဖြစ်လျှင် ပုဒ်တစ်ခုသည် စကားတစ်ခွန်း ဖြစ်ပါသည်။

➤ **ဓမ္မံ ဒေသေယျ–၌ ဓမ္မ–အရ** ။ ။ သင်္ဂါယနာ သုံးတန်သို့ မတင်အပ်သော ရာဇောဝါဒသုတ်, တိက္ခိန္ဒြိယသုတ်, စတုပရိဝတ္တနသုတ်, နန္ဒောပနန္ဒသုတ်, ကုလုမ္ဗသုတ် မဂ္ဂကထာ,စသော ဓမ္မ, သင်္ဂါယနာသုံးတန်သို့ တင်အပ်သော ပိဋကတ်သုံးပုံ ဓမ္မတို့ကို ယူရပါမည်။

➤ **ဓမ္မံ ဒေသေယျ အဓိပ္ပါယ်** ။ ။ ပါဠိတော်ဓမ္မနှင့် အဋ္ဌကထာဓမ္မကို ပြောဟော ခြင်းကို "ဓမ္မံ ဒေသေယျ"ဟု ဆိုပါသည်။

➤ **မြန်မာအာသာဖြင့် တရားဟောလျှင် ဤသိက္ခာပုဒ်အရ အပြစ် မရှိခြင်း အကြောင်း** ။ ။ ဓမ္မ-အရ သင်္ဂါယနာသုံးတန် တင်အပ်, မတင်အပ်သော ပါဠိတော်ဓမ္မနှင့် အဋ္ဌကထာဓမ္မတို့ကို ယူရသောကြောင့်-- အပြစ် မရှိပါ။

➤ **ဝိညူပုရိသခေါ်ပုံ** ။ ။ စကားရိုး, စကားဆန်းကို နားလည်သော ယောကျ်ားကို "ဝိညူပုရိသ"ဟု ခေါ်ပါသည်။

➤ **အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန–၌ ယူသင့်/မယူသင့်သော ပုရိသဝိဂ္ဂဟ**

စကားရိုး, စကားဆန်းကို နားလည်သော ယောကျ်ားကို ယူရပါမည်။ လူယောင် ဆောင်နိုင်သော ဘီလူး, ပြိတ္တာ, နဂါး, ဂဠုန်,စသော တိရစ္ဆာန်တို့ကို မယူရပါ။ (၎င်း တို့ကို အဖော်လုပ်၍ တည်နေသောမိန်းမအား ပါဠိတော် အဋ္ဌကထာဓမ္မကို ဟောခြင်းငှာ မအပ်ပါ။)

➤ **မာတုဂါမ–အရ** ။ ။ စကားရိုး, စကားဆန်းကို နားလည်သော လူမိန်းမကို ယူရပါမည်။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ လူယောကျ်ားနှင့်ကင်း၍ တတ်သိနားလည်သော လူမိန်းမအား ခြောက်ခွန်းထက် ပဒ,စသည် တရားဟောသော ရဟန်းအား ပဒ,စသည် အရေအတွက်အားဖြင့်၎င်း, မာတုဂါမ အရေအတွက်လိုက်၍၎င်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ မာတုဂါမ မဟုတ်သူ၌ မာတုဂါမထင်၍ ဟောသော ရဟန်း၊ ဘီလူးမ, ပြိတ္တာမ, ပဏ္ဍုက်, လူ့ကိုယ်ရှိသော တိရစ္ဆာန်မတို့ကို ဟောသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥဒါယိမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ မာတုဂါမအား တရားဟောခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

http://www.dhammadownload.com



➤ **အာပတ်မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) ၆-ခွန်း (သို့မဟုတ်) ၆-ခွန်းအောက်ယုတ်လျော့၍ ဟောသောရဟန်း (၂) တတ်သိနားလည်သော ယောကျ်ား တစ်ယောက်ထား၍ ဟောသောရဟန်း (၃) ရဟန်းကိုယ်တိုင် ထလျှက် ထိုင်လျှက်ပြုလုပ် ၍ ဟောသောရဟန်း (၄) ထလျှက် ထိုင်လျှက်နေသော မာတုဂါမအား ဟောသော ရဟန်း (၅) ပဥ္စမ မာတုဂါမ တစ်ယောက်အား ၆-ခွန်းဟောပြီးနောက် အခြား ၁-ယောက်အား ၆-ခွန်းဟောသောရဟန်း (၆) "အရှင်ဘုရား ဒီဃနိကာယ်မည်သည် အဘယ်အနက် အဓိပ္ပါယ်ရှိပါသနည်း"ဟု မေးလာ၍ ဒီဃနိကာယ်အားလုံးကို ဟော သော ရဟန်း (၇) အခြားယောကျ်ားအတွက် ဟောသည်ကို မာတုဂါမ,က နားလတ် သော် ဟောသောရဟန်း (၈) ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ပါဠိ အဋ္ဌကထာဓမ္မကို ၆-ခွန်းထက်ပို၍ ဟောခြင်း (၂) တတ်သိနားလည်လောက်သော မာတုဂါမဖြစ်ခြင်း (၃) ဣရိယာပုထ် အပြောင်းအလွဲ မရှိခြင်း (၄) တတ်သိနားလည်သူ ယောကျ်ား မရှိခြင်း (၅) ပြဿနာ ဖြေသောအရာ မဟုတ်ခြင်း-တို့ ဖြစ်ပါသည်။

**ဘူတာရောစန သိက္ခာပုဒ်**

➤ **ဥတ္တရိမနုဿဓမ္မ-အရ** ။ ။ စတုတ္ထပါရာဇိကဌ် ဟောတော်မူသော မြတ်သော လူဖြစ်သော ဈာယီပုဂ္ဂိုလ်တို့၏ငင်း, အရိယာပုဂ္ဂိုလ်တို့၏ငင်း ဈာန်မဂ်ဖိုလ်တရားကို ယူရပါမည်။

➤ **ဥတ္တရိမနုဿဓမ္မ အဓိပ္ပါယ်** ။ ။ စတုတ္ထပါရာဇိကဌ် ဟောတော်မူသော မြတ်သော လူဖြစ်သော ဈာယီပုဂ္ဂိုလ်တို့၏ငင်း, အရိယာပုဂ္ဂိုလ်တို့၏ငင်း ဈာန်မဂ်ဖိုလ် တရားကို "ဥတ္တရိမနုဿဓမ္မ"ဟု ဆိုပါသည်။

➤ **ဥတ္တရိမနုဿ-အရ** ။ ။ မြတ်သော လူဖြစ်သော ဈာယီပုဂ္ဂိုလ်နှင့် အရိယာ ပုဂ္ဂိုလ်ကို ယူရပါမည်။ ➤ **အနုပသမ္ပန္န-အရ** ။ ။ ဘိက္ခု, ဘိက္ခုနီမှတစ်ပါး လူ, သာမဏေတို့ကို ယူရပါမည်။

➤ **ဘူတသ္မိံ ပါစိတ္တိယံ-ဟု ပညတ်ရခြင်းအကြောင်း** ။ ။ မိမိသန္တာန်၌ ထင်ရှား ရှိသော ဈာန်,စသောတရားကို ဘိက္ခု ဘိက္ခုနီမှတစ်ပါး အခြား လူ, သာမဏေကို ပြောကြားသောရဟန်းအား ပါစိတ်အာပတ်သင့်ပါသည်။ ထို့ကြောင့် "ဘူတသ္မိံ ပါစိတ္တိယံ ဟု ပညတ်တော်မူပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြောင်း** ။ ။ ဝေသာလီပြည် (နိဒါန်း) ၌ ဝဂ္ဂုမုဒါ မြစ်ကမ်းနေ ရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ မိမိ၌ ထင်ရှားရှိသော ဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

http://www.dhammadownload.com



➤ **ဘိက္ခုနီမကိုပြောလျှင် အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အနုပသမ္ပန္န-အရ ဘိက္ခု ဘိက္ခုနီမှတစ်ပါး လူ, သာမဏေကိုသာ ယူရသောကြောင့်--အာပတ်မသင့်ပါ။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) "ပဌမဈာန်ကို ငါရပြီ, သောတာပန် ငါဖြစ်ပြီ" စသည်ဖြင့် တိုက်ရိုက် မိမိ၌ ထင်ရှားရှိသော ဈာန်မဂ်ဖိုလ်ကို ပြောသောရဟန်းအား ကြားသူက သိလျှင် ပါစိတ်အာပတ်၊ (၂) မသိလျှင် ဒုက္ကဋ်အာပတ်၊ (၃) ပရိယာယ်အားဖြင့် ပြောလျှင် သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ်မှ လွတ်ခွင့်ရှိသော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) ပြောထိုက်သော အကြောင်းရှိခဲ့သော် ရဟန်းအား ပြောသောရဟန်း (၂) အစဆုံး လွန်ကျူးသော ရဟန်း တို့အား အာပတ် မသင့်ပါ။

➤ **အနာပတ္တိဝါရလာ ပြောထိုက်သော အကြောင်းများ** ။ ။ ပရိနိဗ္ဗာန် စံခါနီးဖြစ်စေ, မစံမီ အကြား၌ဖြစ်စေ တရားထူး ရ-မရကို အတင်းမေးခြင်းဟူသောအကြောင်း ဈာယီအရိယာမှန်း မသိ၍ စွပ်စွဲသော ရဟန်းအား အပြစ်မဖြစ်စေလိုခြင်းဟူသော အကြောင်း၊ အထက်ပုဂ္ဂိုလ်က "တရားထူး ရပြီးပြီလား" ဟု မေးခြင်းဟူသော အကြောင်း ဤ ပုဂ္ဂိုလ်သည် တရားအလုပ် အားထုတ်နေသူတည်း-ဟု အများသိဖြစ်၍ အားထုတ်မှု ၏ အချည်းအနှီးမဖြစ်ကြောင်း ကြားရလျှင် ရွှင်လန်းစေလို အတုလိုက်၍ အားထုတ် စေလိုခြင်း,စသော ကောင်းသောအကြောင်းများ ဖြစ်ပါသည်။

➤ **အနာပတ္တိဝါရ၌ ဥမ္မတ္တကပုဂ္ဂိုလ် မပါခြင်းအကြောင်း** ။ ။အရိယာတို့အား ဥမ္မတ္တကအဖြစ် မရှိသောကြောင့်ရင်း၊ ဈာနလာဘီပုဂ္ဂိုလ်တို့သည် ဥမ္မတ္တက ဖြစ်ပါက ဈာန်မှလျောကျသောကြောင့်ရင်း၊ အနာပတ္တိဝါရ၌ ဥမ္မတ္တကပုဂ္ဂိုလ် မပါခြင်းဖြစ်ပါသည်

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ဥတ္တရိမနုဿဓမ္မ၏ ထင်ရှားရှိခြင်း (၂) လူ, သာမဏေအား ပြောခြင်း (၃) ထိုပြောပြီးခဏ၌ သိခြင်း (၄) သူတစ်ပါးအား မညွှန်ပြခြင်း-တို့ ဖြစ်ပါသည်။

## ဓုဋ္ဌုလ္လာရောစန သိက္ခာပုဒ်

➤ **ဘိက္ခုသာ-အရ** ။ ။ ပါရာဇိက မကျသော ရဟန်းအစစ်ကို ယူရပါမည်။

➤ **ဓုဋ္ဌုလ္လ-အရ** ။ ။ ပါရာဇိကကျလျှင် ရဟန်း မဟုတ်သောကြောင့် သံဃာဒိသိသ် အာပတ်ကိုသာ ယူရပါမည်။

➤ **ဓုဋ္ဌုလ္လာပတ္တိ-အရ** ။ ။ ပါရာဇိကနှင့် သံဃာဒိသိသ်အာပတ်ကို ယူရပါမည်။

➤ **အလိုရှိအပ်သော ဓုဋ္ဌုလ္လအာပတ်** ။ ။ သံဃာဒိသိသ်အာပတ် ဖြစ်ပါသည်။

➤ **အညတြ ဘိက္ခု သမ္မုတိယာ-၌ သမ္မုတိ အဓိပ္ပါယ်** ။ ။ သံဃာဒိသိသ်အာပတ် အမြဲသင့်သော ရဟန်းအား နောင်အခါ စောင့်စည်းခြင်းအကျိုးငှာ အာပတ်ကိုရင်း၊

http://www.dhammadownload.com



အမျိုးကိုင်၊ အပိုင်းအခြား ပြုလုပ်၍ဖြစ်စေ, မပြုလုပ်ဘဲဖြစ်စေ သုံးကြိမ် အပလောကန ကံ ပြု၍ ကတိကဝတ်ပေးခြင်းကို "သမ္မုတိ"ဟု ဆိုပါသည်။

➤ **ရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို ပြောပြရန် သံဃာက သမ္မုတိပေးပုံ**

သံဃာဒိသိသ်အာပတ် အမြဲသင့်သော ရဟန်းအား နောင်အခါ စောင့်စည်းခြင်း အကျိုးငှာ အာပတ်ကိုင်၊ အမျိုးကိုင်၊ အပိုင်းအခြား ပြုလုပ်၍ဖြစ်စေ, မပြုလုပ်ဘဲ ဖြစ်စေ သုံးကြိမ် အပလောကနကံ ပြု၍ ကတိကဝတ်ပေးရပါသည်။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ သမ္မုတိရသူ မဟုတ်ဘဲ ပြောသောရဟန်း၊ သမ္မုတိ ရ၍ ပြောပြန်သော်လည်း ကတိကပြုရာ၌ သတ်မှတ်ထားလျှင် သတ်မှတ်အပ်သော အာပတ်, သတ်မှတ်ထားသောအမျိုးတွင် မကဘဲ အပိုအာပတ်ဖြင့် အပိုအမျိုးအား ပြောသော ရဟန်း၊ ထိုသို့ပြောရာ၌လည်း "မည်သည့်အမှုကိုပြု၍ သံဃာဒိသိသ်အာပတ် ခင့်သည်"ဟု ဝတ္ထုနှင့် အာပတ်ကို တွဲစပ်၍ ပြောလျှင် ထိုရဟန်းမှာ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ ဒုဋ္ဌုလ္လအာပတ်ကို ပြောခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ (၁) အဒုဋ္ဌုလ္လအာပတ်ကို ဒုဋ္ဌုလ္လအာပတ်ဟု အမှတ် ရှိ၍ငင်း, ယုံမှားသံသယရှိ၍ငင်း ပြောကြားသော ရဟန်း၊ (၂) သံဃာဒိသိသ်မှ ကြွင်း သော အာပတ် ၆-မျိုးကို ပြောကြားသောရဟန်း၊ (၃) သာမဏေ၏ ရှေ့သိက္ခာပုဒ် ငါးပါးကို လွန်ကျူးခြင်းဟုဆိုအပ်သော ရုန့်ရင်းသော လွန်ကျူးမှုကိုသော်ငင်း, အခြား သော မရုန့်ရင်းသော လွန်ကျူးမှုကိုသော်ငင်း ပြောကြားသော ရဟန်းတို့အား ဒုက္ကဋ် အာပတ် သင့်ပါသည်။

➤ **သာမဏေများ၏ အဒုဋ္ဌုလ္လ အဇ္ဈာစာရကား** ။ ။ ဒဏ် ၁၀-ပါးတွင် ပါဝင်သော ဝိကာလဘောဇန,စသော ၅-ပါးနှင့် သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လ, အတ္တကာမ ဟူသော သံဃာဒိသိသ် ရှေ့လေးပါးကို လွန်ကျူးခြင်းသည် သာမဏေများ၏ အဒုဋ္ဌုလ္လ အဇ္ဈာစာရ ဖြစ်ပါသည်။

➤ **သာမဏေများ၏ ဒုဋ္ဌုလ္လ အဇ္ဈာစာရကား** ။ ။ လိင် ၁၀-ပါးတွင် ပါဏာတိပါတ, စသော ရှေ့ငါးပါးကို ကျူးလွန်ခြင်းသည် သာမဏေ၏ ဒုဋ္ဌုလ္လ အဇ္ဈာစာရ ဖြစ်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) သုက္ကဝိဿဋ္ဌိအမှုကို ပြု၏, ကာယသံသဂ္ဂအမှုကိုပြု၏,စသည်ဖြင့် ဝတ္ထုမျှကိုသာ ပြောသောရဟန်း၊ (၂) ဝတ္ထု မပါဘဲ သံဃာဒိသိသ်အာပတ်သင့်၏ စသည်ဖြင့် အာပတ်မျှကိုသာ ပြောသောရဟန်း

http://www.dhammadownload.com



(၃) ဘိက္ခုသမ္မုတိ အပိုင်းအခြားကို မကျော်လွန်ဘဲ ပြောသောရဟန်းတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ပါရာဇိက မကျသေးသော ရဟန်း၏ သံဃာဒိသိသ်အာပတ်ဖြစ်ခြင်း (၂) လူ့သာမဏေအား ပြောခြင်း၊ (၃) သမ္မုတိ မရခြင်း။

**ပထဝီခဏန သိက္ခာပုဒ်**

➤ **ပထဝီ (မြေအပြား) ၂-မျိုး** ။ ။ (၁) ဇာတပထဝီ (၂) အဇာတပထဝီ-တို့ ဖြစ်ပါသည်။ [ ထိုနှစ်မျိုးတို့တွင် ဇာတပထဝီသည် အကပ္ပိယပထဝီ ဖြစ်ပါသည်။ ထိုဇာတပထဝီကို ကိုယ်တိုင်တူးခြင်း, ဖျက်ခြင်း, ခြစ်ခြင်း, မီးတိုက်ခြင်း စသည်ဖြင့် ဖျက်ဆီးသော ရဟန်းအား တူးဖျက်ရာ၌ ပယောဂများသလောက် ပါစိတ်အာပတ်များ သင့်သည်။]

➤ **ဇာတပထဝီ မည်ပုံ** ။ ။ ဖိုခနောက်ထားခြင်း, သပိတ်ဖုတ်ခြင်း စသည်တို့၏ အစွမ်းဖြင့်သော်၎င်း၊ ဟုတ်ဟုတ်ငြားငြားသော အခြင်းအရာအားဖြင့်သော်၎င်း မီးမလောင်သေးသော မြေသည် "ဇာတပထဝီ" မည်ပါသည်။

➤ **အဇာတပထဝီ မည်ပုံ** ။ ။ မီးလောင်ထားသော မြေသည်၎င်း, ကျောက်, စသည်တို့နှင့် ရောသောမြေသည်၎င်း "အဇာတပထဝီ" မည်ပါသည်။

➤ **ဇာတပထဝီ ၃-မျိုး** ။ ။ (၁) သုဒ္ဓပထဝီ (၂) မိဿကပထဝီ (၃) ပုဉ္စပထဝီ။

➤ **သုဒ္ဓပထဝီ မည်ပုံ** ။ ။ ပင်ကိုယ်အားဖြင့် မြေမှုန့်သက်သက်သည်၎င်း, မြေညက် သက်သက်သည်၎င်း "သုဒ္ဓပထဝီ" မည်ပါသည်။

➤ **မိဿကပထဝီ မည်ပုံ** ။ ။ မြေမှုန့်မှသော်၎င်း၊ မြေညက်မှသော်၎င်း၊ ကျောက်ခဲ ကျောက်စရစ်, အိုးခြမ်း, ကျောက်ဖြူတ်, သဲ-တို့တွင် တစ်မျိုးမျိုး၏ သုံးဘို့တစ်ဘို့ရှိသော မြေသည် "မိဿကပထဝီ" မည်ပါသည်။

➤ **ပုဉ္စပထဝီ မည်ပုံ** ။ ။ မိုးတစ်ကြိမ်စွပ်ပြီးနောက် လေးလကြာသော မြေမှုန့်ပုံသည်၎င်း, မြေညက်ပုံသည်၎င်း "ပုဉ္စပထဝီ" မည်ပါသည်။

ရောနှောထားသော အပုံသည်၎င်း, ကျောက်ဖျာ၌ သိမ်မွေ့သော မြူမှုန်သည်၎င်း မိုးတစ်ကြိမ်စွပ်ပြီးနောက် လေးလလွန်သဖြင့် မိုးစွပ်အပ်သော အရပ်သည် "ပုဉ္စပထဝီ" ဟုပင် ခေါ်ဆိုရပါသည်။

➤ **ခဏေယျ-အရ** ။ ။ ခဏေယျ-ဟု တူးခြင်းကြိယာကိုသာ ဆိုသော်လည်း တူးခြင်းသာ မက ဖောက်ခွဲခြင်း, ခြစ်ခြင်း, မီးတိုက်ခြင်း,စသော ဖျက်ဆီးခြင်းအားလုံးကို ယူရပါမည်။ (ဋီကာ)

➤ **ဖျက်ဆီးသော်လည်း အာပတ်မသင့်နိုင်သော မြေအမျိုးအစား**

အောက်မြေသားနှင့် မစပ်ဘဲ နေပူကြောင့် ခြောက်သွေ့၍ ကွဲအက်သော ညွန်ချပ်လွှာ, နွားခွါဖြင့် ဖြတ်ထားရ၍ ဆူးထနေသောညွန်, ကွဲ၍ ပြိုကျနေသော မြစ်ကမ်းပါး

http://www.dhammadownload.com



ထယ်သွားဖြင့် ဖြတ်ထားသော မြေစိုင်ခဲကြီးတို့ ဖြစ်ပါသည်။

➤ **အာပတ် မသင့်စေအောင် နိုင်းနည်းများ ။ ။** အရပ်ကို မသတ်မှတ်ဘဲ ရေကန်တူးလော့, တွင်းတူးလော့, သစ်ဥ သစ်ဖု တူးလော့, စသည်ဖြင့် ခိုင်းလျှင်ငင်း၊ တိုင်စိုက်ဖို့ တွင်းသိစမ်းလော့, မြေညက်ပေးစမ်းလော့, မြေညက်ဆောင်ခဲ့စမ်းလော့, ငါမြေမှုန့်အလိုရှိ၏ မြေညက်ကပ္ပိစမ်းလော့ဟု ပရိယာယ်ဖြင့် ပြောလျှင်ငင်း ပြောသောရဟန်းမှာ အာပတ် မသင့်ပါ။

➤ **အာပတ်မှ လွတ်ခွင့်ရှိသော ပုဂ္ဂိုလ်များ ။ ။** (၁) အဇာတပထဝီကို ဖျက်ဆီးသော ရဟန်း၊ (၂) သညာနှင့်တကွ မစေ့ဆော်ဘဲ သစ်တုံး,စသည်ကို လိမ့်ရာ၌ ဖျက်မိသော ရဟန်း၊ (၃) အမှတ်တမဲ့ ခြေမ,စသည်တို့ဖြင့် ခြစ်မိသောရဟန်း၊ (၄) ဇာတပထဝီကို တူးနေသည်ဟု မသိသောရဟန်း၊ (၅) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **မအပ်သော နိုင်းနည်းများနှင့် အာပတ်သင့်ပုံ ။ ။** ဤအရပ်ရှိ မြေကိုတူးလော့, ဖြိုလော့, ဤမြေကို တူးလော့, ဖြိုလော့,ဟု အရပ်သတ်မှတ်၍ စေခိုင်းလျှင် စေခိုင်းခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စေခိုင်းခံရသူက တစ်နေ့လုံးတူးနေသော်လည်း ပါစိတ်အာပတ်တစ်ချက်သာ သင့်ပါသည်။ ထပ်ကာ ထပ်ကာ စေခိုင်းလျှင် စကားခွန်းတိုင်း စကားခွန်းတိုင်း ပါစိတ်အာပတ်များ သင့်ပါသည်။

➤ **ဤ သိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** အာဠဝိပြည် (နိဓါန်း) ၌ အာဠဝိမြို့နေ ရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ မြေကိုတူးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ။ ။** (၁) ဇာတပထဝီ ဖြစ်ခြင်း (၂) ဇာတပထဝီမှန်း သိခြင်း (၃) ကိုယ်တိုင်တူးခြင်း (သို့မဟုတ်) သူတစ်ပါးကို တူးစေခြင်း။

**ဘူတဂါမဝဂ်/ဘူတဂါမ သိက္ခာပုဒ်**

➤ **ဘူတဂါမ-၌ ဘူတ-အရ ။ ။** အဖြစ်, အညွန့်ထွက်သည်မှစ၍ စည်ကားနေဆဲ ကြီးနေဆဲဖြစ်သော သစ်ပင်များနှင့် အစွမ်းကုန် စည်ကားပြီး ကြီးပွားပြီးသော သစ်ပင်များကို ယူရပါမည်။

➤ **ဘူတဂါမ (ဘူတဂါမ်) မည်ပုံ ။ ။** ဖြစ်ထွန်း ကြီးပွားဆဲ, ဖြစ်ထွန်း ကြီးပွားပြီး မြက် သစ်ပင် ချုံနွယ်တို့၏ အပေါင်းသည် "ဘူတဂါမ" (ဘူတဂါမ်) မည်ပါသည်။

➤ **ဘူတဂါမ-၌ ဂါမ-အရ ။ ။** သစ်ပင်တို့၏ အပေါင်းအစုကို ယူရပါမည်။

➤ **ဘူတဂါမ-ဟူသောအမည်သည် ။ ။** မြေ၌တည်သော စိမ်းစိုသော မြက် သစ်ပင် အစရှိသည်တို့၏ အမည်ဖြစ်ပါသည်။

➤ **ပါတဗျတာ အဓိပ္ပါယ် ။ ။** ဖြတ်ခြင်း, ခွဲခြင်း,စသည်တို့ဖြင့် အလိုရှိတိုင်း သုံး

http://www.dhammadownload.com



စွဲခြင်းကို "ပါတဗျတာ"ဟု ခေါ်ပါသည်။

➤ **ပါတဗျတာ–အရ** ။ ။ အလိုရှိတိုင်း သုံးစွဲထိုက်သော သစ်ပင်အပေါင်း၏ ဖြစ်ကြောင်း ဖြစ်ရာ ဖျက်ဆီးခြင်းကြိယာကို ယူရပါမည်။

➤ **ဘူတဂါမ် ပေါက်ရောက်ရာအရပ်၅ခု** ။ ။ မြေ, ရေ, တံတိုင်း, သစ်ပင်, စသော အရပ်တို့ဖြစ်ပါသည်။

**မေး** ။ ။ စိမ်းစိုသော မြက်သစ်ပင်အပေါင်းကို ဘူတဂါမ်ဟုဆိုရာ အညွန့်စိမ်းထွက်ပြီး အမြစ်မထွက်သေးလျှင် ဘူတဂါမ်တွင် ပါဝင်သင့်/မသင့် ဖြေဆိုပါ။

**ဖြေ** ။ ။ အမြစ် အညွန့် နှစ်ပါးစုံမှ ဘူတဂါမ်ဟု ခေါ်နိုင်သောကြောင့် အညွန့်စိမ်းထွက်ပြီး အမြစ်မထွက်သေးလျှင် ဘူတဂါမ်တွင် မပါဝင်သင့်ပါ။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ မြေ ရေ, တံတိုင်း,စသော အရပ်တို့တွင် မည်သည့်အရပ်၌ဖြစ်စေ ပေါက်သော မခြောက်သေးသော အောက်ထစ်ဆုံး အလွန်သိမ်မွေ့သော မြက်, မုန်ညင်းစေ့ ပမာဏရှိသော မှော်ညှင်း, နှမ်းစေ့ငယ် ပမာဏရှိသော မှော်သေးတို့ကို ထုတ်နုတ်ခြင်း, ဖြတ်ခြင်း, ထိုးခြင်း,စသည်တို့ဖြင့် ကိုယ်တိုင်ဖြစ်စေ သူတစ်ပါးကို ဖြစ်စေ ဖျက်ဆီးသော ရဟန်းမှာ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ အာဠဝီပြည် (နိဒါန်း) ၌ အာဠဝီမြို့နေ ရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သစ်ပင်ကိုဖြတ်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဗီဇဂါမ် ၅–မျိုး** ။ ။ (၁) မူလဗီဇ- အမြစ်မျိုးစေ့၊ (၂) ခန္ဓဗီဇ- ပင်စည်မျိုးစေ့ (၃) ဖလုဗီဇ- အဆစ်မျိုးစေ့၊ (၄) အဂ္ဂဗီဇ- အညွန့်မျိုးစေ့၊ (၅) ဗီဇဗီဇ- အစေ့မျိုးစေ့

နနွင်းတက် စသည်သည် "**မူလဗီဇ**" မည်၏။ အကိုင်းအခက်ကို စိုက်လျှင် အပင်ပေါက်နိုင်သော ညောင်ဗုဒ္ဓဟေ စသည်သည် "**ခန္ဓဗီဇ**" မည်၏။ ကြံ,စသည်သည် "**ဖလုဗီဇ**" မည်၏။ အညွန့်စိုက်လျှင် အပင်ပေါက်နိုင်သော ပန်းမ,စသည်သည် "**အဂ္ဂဗီဇ**" မည်၏။ ကောက်စပါး,စသည်သည် "**ဗီဇဗီဇ**" မည်၏။

➤ **ဗီဇဂါမ် မည်ပုံ** ။ ။ အပင်ပေါက်နိုင်သော သတ္တိရှိသော မျိုးစေ့အပေါင်းသည် "ဗီဇဂါမ်" မည်ပါသည်။

➤ **ဗီဇဂါမ်နှင့် ဘူတဂါမ်အထူး** ။ ။ အညောက်မစိမ်းမီ ကာလမျိုး (သို့မဟုတ်) အမြစ်မတွယ်သေးမီ ကာလမျိုးသည် ဗီဇဂါမ်၊ အညောက်စိမ်း၍ အမြစ်တွယ်သော ကာလသည် ဘူတဂါမ်၊ ဤသို့ ထူးပါသည်။

➤ **အပြစ်သင့်ပုံ** ။ ။ ဘူတဂါမ် ဖျက်ဆီးသော ရဟန်းမှာ ပါစိတ်အာပတ် သင့်ပါသည်။ ဗီဇဂါမ်ကိုဖျက်ဆီးသော ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com



**မေး** ။ ။ သရက်မျိုးစေ့ကို စိုက်ပျိုးရာ၌ မည်သည့်အခါ ဗီဇဂါမ်ဖြစ်၍ မည်သည့်အခါ ဘူတဂါမ်ဖြစ်ပါသနည်း။

**ဖြေ** ။ ။ အမြစ်သာ ထွက်၍ အရွက်မထွက်သေးလျှင်သော်ရင်း, အရွက်သာ ထွက်၍ အမြစ်မထွက်သေးလျှင်သော်ရင်း ဗီဇဂါမ်ဖြစ်ပါသည်။ အမြစ်, အရွက် နှစ်မျိုးလုံး ထွက်လျှင် ဘူတဂါမ် ဖြစ်ပါသည်။

➤ **မျိုးစေ့ကို ဖျက်ဆီးရာ၌ ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ မျိုးစေ့ငါးမျိုးတို့တွင် တစ်မျိုးမျိုးကို အိုးခွက်၌ တည်သည်ဖြစ်စေ, စုပုံအပ်သည်ဖြစ်စေ မြေကြီး၌စိုက်ပျိုးအပ်သော်လည်း အမြစ်မျှသာ ထွက်လျှင်ရင်း၊ အညွန့်မျှသာ ထွက်လျှင်ရင်း၊ တစ်ထွာမျှထွက်သည်ကို ဖျက်ဆီးလျှင်ရင်း၊ အမြစ်မထွက်သေးလျှင်ရင်း၊ အမြစ်ထွက်ပြီးလျှင်ရင်း၊ အညွန့်စိမ်းစိမ်းစိုစို မဖြစ်သေးလျှင်ရင်း ဖျက်ဆီးသော ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) ဘူတဂါမ်, ဗီဇဂါမ်၌ ဘူတဂါမ် ဗီဇဂါမ်ဟု အမှတ်မရှိဘဲ ဖျက်ဆီးသောရဟန်း (၂) သညာနှင့်တကွ မစေ့ဆော်သော ရဟန်း၊ (၃) သတိလွတ်သော ရဟန်း၊ (၄) မသိဘဲ ဖျက်ဆီးသော ရဟန်း၊ (၅) ဥမ္မတ္တကရဟန်း စသည်တို့မှာ အာပတ် မသင့်ပါ။

➤ **အာပတ် မသင့်အောင် (အပ်စပ်အောင်) နိုင်းနည်းများ** ။ ။ ဤသစ်ပင်ကိုဟု မမှတ်သားဘဲ "သစ်ပင်ဖြတ်လော့ နွယ်ကိုဖြတ်လော့" စသည်ဖြင့်ရင်း။ "ဤပန်းကို သိလော့, ဤအသီးကို သိလော့, ဤဝတ္ထုကို ပေးလော့, ဆောင်ခဲ့လော့, ဤဝတ္ထုကို လိုချင်၏, ဤဝတ္ထုကို ကပ္ပိစမ်းလော့"ဟု ဆိုလျှင် အာပတ် မသင့်နိုင်ပါ။

➤ **ကပ္ပိပြီး ဘူတဂါမ်သစ်ပင်မှ ကင်းကွာပြီးသော သစ်ပင်ကိုလည်း တစ်ဖန် ကပ္ပိရခြင်းအကြောင်း** ။ ။ ကပ္ပိစကားဖြင့်ဆို၍ ဘူတဂါမ်သစ်ပင်မှ ကင်းကွာစေအပ်ပြီးသော အကိုင်းအခက် အသီး အညွန့်သည် နောင်အခါစိုက်၍ သစ်ပင်ပေါက်နိုင်သေးလျှင် ဗီဇဂါမ်ဖြစ်နေသေး၏၊ ဗီဇဂါမ်ကို ဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ် သင့်၏၊ထို့ကြောင့် တစ်ဖန်ထပ်၍ "ကပ္ပိယံ ကရောဟိ"ဟု ဆို၍ ကပ္ပိစေပြီးမှ စားကောင်းပါသည်။

➤ **ကပ္ပိပြီး ဘူတဂါမ်မှ ဖြစ်ပေါ်လာသော ဗီဇဂါမ်ကို တစ်ဖန်ထပ်၍ ကပ္ပိရကျိုး** ဗီဇဂါမ်အဖြစ်မှ လွတ်မြောက်စေခြင်းကိုလည်း ပြုလုပ်ပြီးခြင်း အကျိုးရှိပါသည်။

➤ **ကပ္ပိ (အပ်စပ်အောင်ပြု) နည်း ၅-မျိုး** ။ ။ (၁) မီးဖြင့်တိုက်ခြင်း (၂) လက်သည်း ခြေသည်းတို့ဖြင့် ဆိတ်ဖြတ် ထိုးဖောက်ခြင်း (၃) ဓား,စသော လက်နက်ဖြင့် ခုတ်ခြင်း (၄) မှုလ,က အစေ့နု၍ အပင်မပေါက်နိုင်ခြင်း (၅) သရက်သီးမှည့် စသည်တို့ကဲ့သို့ အစေ့ထုတ်ပစ်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ကပ္ပိဖွယ် ဓါမလိုဘဲ စားသုံးနိုင်သော အသီး ၂-မျိုး** ။ ။ (၁) နုသော အစေ့ရှိ

http://www.dhammadownload.com



သော အသီး (၂) အစေ့ကို ထုတ်ထားသော အသီး-တို့ ဖြစ်ပါသည်။

➤ **မီးဖြင့် ကပ္ပိပုံ** ။ ။ မီးဖြင့် ကပ္ပိလိုသူသည် မီးဖြင့် တစ်ခုသော အရပ်၌ ထိလျက် "ကပ္ပိယံ-အဝ်ပါပြီ"ဟု ဆို၍ ပြုရပါမည်။

➤ **ဓား,စသော လက်နက်ဖြင့် ကပ္ပိပုံ** ။ ။ ဓား,စသော လက်နက်ဖြင့် ကပ္ပိလိုသူသည် -- ထက်သောလက်နက်ဖြင့်ဖြစ်စေ, အောက်ထစ်ဆုံး အပ်, လက်သည်းလှီးဓား စသည်တို့၏ အချွန်ဖြင့်၎င်း၊ အသွားဖြင့်၎င်း၊ ထိုးရာဖြစ်စေ, ဖြတ်ရာကိုဖြစ်စေ ပြုလျက် "ကပ္ပိယံ-အဝ်ပါပြီ"ဟု ဆို၍ ပြုရပါမည်။

➤ **လက်သည်း ခြေသည်းတို့ဖြင့် ကပ္ပိပုံ** ။ ။ လက်သည်း ခြေသည်းဖြင့် ကပ္ပိလိုသူသည်-- နွား, ကျွဲတို့၏ ခွါမှတစ်ပါး မပုပ်သေးသော လူ, တိရစ္ဆာန်တို့၏ လက်သည်း ခြေသည်းတို့ဖြင့် ထိုးရာကိုဖြစ်စေ, ဖြတ်ရာကိုဖြစ်စေ ပေး၍ "ကပ္ပိယံ-အဝ်ပါပြီ"ဟု ဆို၍ ပြုရပါမည်။

➤ **ကပ္ပိမှုပြုရာ၌ မှတ်သားဖွယ်** ။ ။ ကပ္ပိမှုကိုပြုရာ၌ မျိုးစေ့တို့သည် တောင်းမှု လောက် အစုအပုံရှိလျှင် ၎င်းတို့ထဲမှ မျိုးစေ့တစ်စေ့ကို ကပ္ပိလျှင် အားလုံး ကပ္ပိပြီး သား ဖြစ်ပါသည်။

သစ်ပင်တစ်ထောင်ကိုဖြတ်၍ စုစည်းထားလျှင် ၎င်းတို့ထဲမှ သစ်ကိုင်းတစ်ခုကို ကပ္ပိလျှင် အားလုံး ကပ္ပိပြီးသား ဖြစ်ပါသည်။

ကြံပင်များစွာကို စုစည်း၍ထားလျှင် ကြံတစ်ချောင်းကို ကပ္ပိလျှင် အားလုံး ကပ္ပိ ပြီးသား ဖြစ်ပါသည်။

➤ **နွယ်ဖြင့် ဖွဲ့စည်းထားသော ကြံတို့ကို ကပ္ပိရာ၌ နွယ်ကိုထိုးစုတ်မိလျှင် ကပ္ပိ ရာ ရောက်/မရောက်** ။ ။ နွယ်သည် တည်ရာခွက်နှင့်အလားတူသောကြောင့် နွယ်ကို ထိုးခုတ်မိလျှင် ကပ္ပိရာ မရောက်ပါ။

* ငရုတ်သီးမှုန့် စသည်တို့ဖြင့် ရောနှောသော ဆွမ်းကို ပို့ဆောင်ရာ၌ ရဟန်းက "ကပ္ပိယံ ကရောဟိ"ဟုဆိုသော် လူ, သာမဏေက ဆွမ်းလုံးကို အပ်,စသည်ဖြင့် ထိုးမိ လိုက်လျှင်လည်း ကပ္ပိရာရောက်ပါသည်။ နှမ်းနှင့်ရောသော ဆန်တို့၌လည်း ဤနည်းပင် ဖြစ်ပါသည်။ * ယာဂုထဲ၌ နှမ်းထည့်ထားလျှင် ၎င်းနှမ်းတို့သည် စုပေါင်း၍ မတည် သောကြောင့် တစ်လုံးစီ တစ်လုံးစီ ထိုး၍ ကပ္ပိမှုကို ပြုရပါမည်။

➤ **သီးသီးကို ဗီဇဂါမ်အဖြစ်မှ လွတ်အောင် ပြုလုပ်ပုံ (သီးသီး၌ ကပ္ပိပုံ)**

သီးသီးကို ကပ္ပိရာ၌ အဆံနှင့်အခွံသည် မထိပါက သီးသီးအခွံသည် ခွက်နှင့် သဘောတူသောကြောင့် ခွဲစေပြီးမှ ကပ္ပိမှုကို ပြုရပါမည်။ အကယ်၍ အဆန်မချောင် ဘဲ နေလျှင် အခွံကို ကပ္ပိကောင်းပါသည်။

http://www.dhammadownload.com



➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ဘူတဂါမ်ဖြစ်ခြင်း (၂) ဘူတဂါမ်ဟု သိခြင်း (၃) ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေ ဖျက်ဆီးခြင်း-တို့ ဖြစ်ပါသည်။

**အညဝါဒက သိက္ခာပုဒ်**

➤ **အနုပညတ်ပါဠိ** ။ ။ ဝိဟေသကေ ဖြစ်ပါသည်။

➤ **အနုပညတ်အမျိုးအစား** ။ ။ အာပတ္တိကရ အနုပညတ်မျိုး ဖြစ်ပါသည်။

➤ **အညဝါဒက မည်ပုံ** ။ ။ သံဃာ့အလယ်၌ ဝိနည်းခိုရ်ပုဂ္ဂိုလ်က မေးအပ်သော အကြောင်းအရာမှ အခြားအကြောင်းအရာကို ပြောတတ်သောကြောင့် "အညဝါဒက" မည်ပါသည်။

➤ **အညဝါဒက-အရ** ။ ။ ရှောင်လွှဲလှည့်စား ပြောကြားသောရဟန်း၏ ပြောဆိုခြင်း ကြိယာကို ယူရပါမည်။

➤ **အညဝါဒက-ဟူသော အမည်သည်** ။ ။ မေးအပ်သောအကြောင်းမှ တစ်ပါးသော အကြောင်းဖြင့်, မိမိပြောအပ်သော အကြောင်းမှ တစ်ပါးသော ဝိနည်းခိုရ် ပြောအပ်သော အကြောင်းကို ဖုံးကွယ်ခြင်း၏ အမည်ဖြစ်ပါသည်။

➤ **ဝိဟေသက မည်ပုံ** ။ ။ ဝိနည်းခိုရ်က မေးအပ်သည်ကို မဖြေကြားဘဲ ဆိတ်ဆိတ် နေသောအားဖြင့် သံဃာကို ညှဉ်းဆဲတတ်သောကြောင့် "ဝိဟေသက"မည်၏။

➤ **ဝိဟေသက-ဟူသော အမည်သည်** ။ ။ မဖြေဘဲ ဆိတ်ဆိတ်နေခြင်း၏ အမည် ဖြစ်ပါသည်။ ➤ **ဝိဟေသက-အရ** ။ ။ ညှဉ်းဆဲခြင်း ကြိယာကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ကောသမ္ဗီပြည် (နိဂါန်း) ၌ ဆန္နမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ တစ်ပါးသော အကြောင်းဖြင့် တစ်ပါးသော အကြောင်းကို ဖုံးလွှမ်းခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) အာပတ်သင့်သည်ကို မသိသဖြင့် အရှင်ဘုရားတို့ အဘယ်ကို ပြောဆိုနေကြပါသနည်းဟု မေးသောရဟန်း၊ (၂) မဖြေဆိုနိုင်လောက်အောင် ပါးစပ်၌ ပေါက်နေသော အနာကြောင့်သော်ရင်း, သံဃာအား ငြင်းခုံခြင်းစသည် ဖြစ်လိမ့်မည်ဟူသော အလိုကြောင့်သော်ရင်း, မတရား သဖြင့် ကံကို ပြုကြလိမ့်မည်ဟူသော အလိုကြောင့်သော်ရင်း, ဝဂ်ဖြစ်သော သံဃာဖြင့် ကံကို ပြုကြလိမ့်မည်ဟူသော အလိုကြောင့်သော်ရင်း, ကံပြုခြင်းငှာ မထိုက်သူအပေါ်၌ ကံကိုပြုကြလိမ့်မည်ဟူသော အလိုကြောင့်သော်ရင်း မဖြေဆိုသော ရဟန်း၊ (၃) ဥမ္မတ္တက ရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **အညဝါဒက, ဝိဟေသက အမှုကို ပြုသောရဟန်း၏ အာပတ်သင့်ရာအစဉ်**

အညဝါဒက ဝိဟေသက အမှုကိုပြုသော ရဟန်းအား သံဃာက အညဝါဒကကံ

http://www.dhammadownload.com



ဝိဟေသကကံ ပြုပေးရပါမည်။ ကံပြုပြီးနောက် ထိုအမှုမျိုးကို ထပ်မံပြုလျှင် ပါစိတ်အာပတ် သင့်ပါသည်။ အညဝါဒကကံ ဝိဟေသကကံသို့ မတင်မီ ထိုအမှုမျိုးကို ပြုခိုက်၌ကား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အမှုအလိုက် အာပတ်သင့်ပုံ** ။ ။ အညဝါဒကကြောင့် ပါစိတ်အာပတ် တစ်ချက်၊ ဝိဟေသကကြောင့်လည်း ပါစိတ်အာပတ်တစ်ချက် သင့်ပါသည်။ နှစ်ပါးစုံကြောင့်ကား ပါစိတ်အာပတ် ၂-ချက်သင့်ပါသည်။

➤ **ပါစိတ်အာပတ် ၂–ချက် သင့်နိုင်ခြင်းအကြောင်း** ။ ။ မေးသည်မှတစ်ပါးသော စကားကို ဆိုခြင်းကြောင့် ပါစိတ်အာပတ်တစ်ချက်၊ မဖြေဘဲ ဆိတ်ဆိတ်နေသဖြင့် သံဃာကို ညှဉ်းဆဲရာရောက်သောကြောင့် ပါစိတ်တစ်ချက် သင့်ပါသည်။ထို့ကြောင့် ပါစိတ်အာပတ် ၂-ချက်သင့်နိုင်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃–ပါး** ။ ။ (၁) ဓမ္မကံဖြင့် အညဝါဒကကံ, ဝိဟေသကကံသို့ တင်အပ်သူဖြစ်ခြင်း (၂) အာပတ်ဖြင့်ဖြစ်စေ,ဝတ္ထုဖြင့်ဖြစ်စေ မေးစိစစ်အပ်သူဖြစ်ခြင်း (၃) ဖုံးလွှမ်းလိုသောကြောင့် တစ်ပါးသောအကြောင်းဖြင့် တစ်ပါးသော အကြောင်းကို ဖုံးလွှမ်းခြင်း (သို့မဟုတ်) ဆိတ်ဆိတ်နေခြင်း-တို့ ဖြစ်ပါသည်။

## ဥဇ္ဈာပနက သိက္ခာပုဒ်

➤ **ဥဇ္ဈာပနက အဓိပ္ပါယ်** ။ ။ ကျော်စောမဲ့ကို အလိုရှိကြကုန်၍ အယုတ်အားဖြင့် သိစေခြင်း, အောက်တန်းစားဟု အသိအမှတ်ပြု၍ ကြည့်ရှုစေခြင်း, ယုတ်မာသော အဖြစ်ဖြင့် ကြံစည်စေခြင်းသည် "ဥဇ္ဈာပနက" မည်ပါသည်။

➤ **ခိယျနက အဓိပ္ပါယ်** ။ ။ ထိုထိုအရပ်၌ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း, ပြစ်တင် ရှုတ်ချခြင်းသည် "ခိယျနက" မည်ပါသည်။

➤ **မျက်မှောက်ကဲ့ရဲ့ပုံ** ။ ။ ရဟန်းတစ်ပါး၏ အကြောင်းကို အကျော်စောမဲ့စေလို၍ အခြားသောရဟန်းတို့ထံ အထင်အမြင်သေးအောင် တိုက်ရိုက်ပြောဆိုခြင်းသည် မျက်မှောက်ကဲ့ရဲ့ခြင်း ဖြစ်ပါသည်။

➤ **မျက်ကွယ်ကဲ့ရဲ့ပုံ** ။ ။ ရဟန်းတစ်ပါး၏အကြောင်းကို တစ်စုံတစ်ယောက်ထံ တိုက်ရိုက်မပြောဘဲ မိမိတို့အချင်းချင်း အတင်းပြောခြင်း, မကောင်းသတင်းလွှင့်ခြင်းသည် မျက်ကွယ်ကဲ့ရဲ့ခြင်း ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ သံဃာက ကမ္မဝါစာဖြင့် သမုတ်အပ်သော သေနာသနပညာပက, ဘတ္တုဒ္ဒေသကရဟန်း စသည်တို့ကို ထိုရဟန်းတို့၏ ကျော်စောမဲ့ကို အလိုရှိခြင်းဟူသော ရည်ရွယ်ချက်ဖြင့် ကဲ့ရဲ့ရှုတ်ချလျှင် ပါစိတ်အာပတ် သင့်ပါသည်။ သမုတ်မရသော ရဟန်းများ၏ သတင်းစကားပြောကြားလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com



➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** ရာဇဂြိုဟ်ပြည် (နိဓါန်း) ၌ မေတ္တိယဘူမဇက ရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အောက်တန်းစားဟု အသိအမှတ်ပြုလျက် ကြည့်ရှုစေကြောင်း, ယုတ်မာသူဟု ကြံစည်စေကြောင်း စကားကို ပြောဆိုခြင်း, အပြစ်ပြောခြင်း (ဓမ္မေ) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ ။ ။** (၁) သဘောအားဖြင့် ဆန္ဒ,စသည် ပြုနေသောရဟန်းကို ကဲ့ရဲ့စေသောရဟန်း။ (၂) အပြစ်ပြောသော ရဟန်း (၃) ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၆-ပါး ။ ။** (၁) ဓမ္မကံဖြင့် သမုတ်အပ်သူဖြစ်ခြင်း (၂) အပြစ်ပြောခံရသူက ရဟန်းဖြစ်ခြင်း (၃) အဂတိ မလိုက်စားခြင်း (၄) ထိုသူ၏ ကျေးဇူးမဲ့ကို လိုလားခြင်း (၅) ပြောရာပုဂ္ဂိုလ်ကလည်း ရဟန်းဖြစ်ခြင်း (၆) ဥဇ္ဈာပန, ခိယျနအမှု တစ်ခုခုဖြစ်ခြင်း-တို့ ဖြစ်ပါသည်။

**ပဉ္စမ သေနာသန သိက္ခာပုဒ်**

➤ **မဉ္စ မည်ပုံ ။ ။** အမှတ်မထား တစ်ပါးပါးသော ညောင်စောင်းအသွင်ဖြင့် ပြုလုပ်ထားသော အိပ်ဖို့ရာ ခုတင်အမျိုးမျိုးသည် "မဉ္စ" မည်ပါသည်။

➤ **ပီဌ မည်ပုံ ။ ။** ကုလားထိုင်,စသော အနိမ့်အမြင့် ဖင်ထိုင်ခုံ အမျိုးမျိုးသည် "ပီဌ" မည်ပါသည်။

➤ **မဉ္စနှင့် ပီဌ အထူး ။ ။**အလျားလေးတောင့်ထွာ, လေးတောင်ပမာဏရှိလျှင် မဉ္စ၊ ထို့အောက် တိုသော ပမာဏရှိက ပီဌ၊ ဤသို့ ထူးပါသည်။

➤ **ဘိသိ (ဘုံလျှို) အဓိပ္ပါယ် ။ ။** အဝတ်ဖြင့်ဖြစ်စေ, အပ်သောအရေဖြင့်ဖြစ်စေ အခွံပြုလုပ်၍ လူအမွေးနှင့် ပန်းညိုရွက်မှတစ်ပါး အမှတ်မထား တစ်ပါးပါးသော အမွေး အရွက်, မြက်, လျှော်, အဝတ်ပိုင်းတို့ဖြင့် အဆာသွတ်၍ ပြုလုပ်ထားသော ကျောင်း အသုံးအဆောင်ကို "ဘိသိ" (ဘုံလျှို)ဟု ခေါ်ပါသည်။

➤ **ဘုံလျှိုအခင်း ပြုလုပ်နည်း ။ ။** အဝတ်ဖြင့်ဖြစ်စေ, အပ်သောအရေဖြင့်ဖြစ်စေ အခွံပြုလုပ်၍ လူအမွေးနှင့် ပန်းညိုရွက်မှတစ်ပါး အမှတ်မထား တစ်ပါးပါးသော အမွေး အရွက်, မြက်, လျှော်, အဝတ်ပိုင်းတို့ဖြင့် အဆာသွတ်၍ ပြုလုပ်ရပါမည်။

➤ **ဘိသိ (ဘုံလျှို)-၌ ပါဝင်သော ပစ္စည်းများ ။ ။** လူအမွေး, အခြားအရွက်နှင့် မရောသော ပန်းညိုရွက်မှတစ်ပါး အမွေး, အရွက်, မြက်, လျှော်, အဝတ်ပိုင်းတို့တွင် တစ်မျိုးမျိုး ဖြစ်ပါသည်။

➤ **ဘုံလျှို၌ သုံးစွဲပုံ ။ ။** ဘုံလျှိုကို ထိုင်ခြင်းငှာရင်း, အိပ်ခြင်းငှာရင်း အပ်ပါသည် ပမာဏ သတ်မှတ်ချက်ကား မရှိပါ။

http://www.dhammadownload.com



➤ **ဘိသိ (ဘုံလျှို) ၅-မျိုး** ။ ။ (၁) ဥဏ္ဏာဘိသိ-သားမွေးဘုံလျှို၊ (၂) စောဠဘိသိ အဝတ်ဘုံလျှို၊ (၃) ဝါကဘိသိ-လျှော်မျှင်ဘုံလျှို၊ (၄) တိဏဘိသိ- မြက်ဘုံလျှို၊ (၅) ပဏ္ဏဘိသိ-သစ်ရွက်ဘုံလျှို-တို့ ဖြစ်ပါသည်။

➤ **ကောစ္ဆ (ခတ်အခင်း) ခေါ်ပုံ** ။ ။ လျှော်မျှင်, ပန်းရင်းမြက်, ဖြူဆံမြက်, ပြိန်းမြက် စသည်တို့တွင် တစ်မျိုးမျိုးဖြင့် ပြုလုပ်ကာ အလယ်အတွင်း၌ ကောင်းစွာရစ်ပတ် ဖွဲ့ချည်လျက် အောက်ထက်အပြင်၌ ကျယ်ပြန့်၍ ထက်စည်ပုံသဏ္ဌာန်ရှိသော အလယ်၌ ခြသေ့်ရေ စသည်တို့ဖြင့် အနားကွပ်ထားသော အခင်းကို "ကောစ္ဆ" (ခတ်အခင်း) ဟု ခေါ်ပါသည်။

➤ **ခတ်အခင်း ပြုလုပ်ပုံ** ။ ။ လျှော်မျှင်, ပန်းရင်းမြက်, ဖြူဆံမြက်, ပြိန်းမြက် စသည်တို့တွင် တစ်မျိုးမျိုးဖြင့် ပြုလုပ်ကာ အလယ်အတွင်း၌ ကောင်းစွာရစ်ပတ် ဖွဲ့ချည် လျက် အောက်ထက်အပြင်၌ ကျယ်ပြန့်၍ ထက်စည်ပုံသဏ္ဌာန်ရှိသော အလယ်၌ ခြသေ့် ရေ,စသည်တို့ဖြင့် အနားကွပ်ကာ ပြုလုပ်ရပါမည်။

➤ **ခတ်အခင်း၌ မအပ်သော အရေဟူ၍ မရှိခြင်းအကြောင်း** ။ ။ ကျောင်း အသုံး အဆောင်သည် ရွှေအတိဖြင့်ပြီးသော်လည်း အပ်သောကြောင့်--တည်း။

➤ **သံဃိကညောင်စောင်း, အင်းပျဉ်,စသည်တို့ကို မစင်းကောင်းသော ကာလ**

➤ **အဇ္ဈောကာသနှင်စပ်၍ ယူရမည့်ကာလ** ။ ။ မိုးလေးလအခါ, ဆောင်းအခါ မိုးရွာလျှင် ဆောင်းလေးလ၊ ကျီး,စသော ငှက်တို့၏ နေရာဖြစ်သော နွေလေးလ အခါ တို့ ဖြစ်ပါသည်။

➤ **မစင်းကောင်းရာ ဌာန (အဇ္ဈောကာသနှင်စပ်၍ ယူရမည့်ဌာန)**

အမိုးမရှိသော လွင်တီးခေါင်နှင့် အမိုးရှိသော်လည်း အမိုးမလုံသော မဏ္ဍပ်, ကျီး စသော ငှက်တို့၏ အမြဲနေရာ သစ်ပင်အောက် အရပ်များဖြစ်ပါသည်။

➤ **စင်းကောင်းသော အခါကာလ** ။ ။ မိုးမရွာသော ဆောင်းလေးလနှင့် နွေ လေးလ-တို့ ဖြစ်ပါသည်။

➤ **အဇ္ဈောကာသ-အရ** ။ ။ ပကတိ လွင်တီးခေါင်, မိုးယိုသော မဏ္ဍပ်, ကျီး, စသည်တို့ အမြဲနေရာ သစ်ပင်အောက်အရပ်, မိုးကာလ အမြဲမိုးရွာသော ဇနပုဒ်များ ၌ ဆောင်းလေးလ, ကျီး,စသည်တို့နေရာ နွေလေးလ-တို့ ဖြစ်ပါသည်။

**မေး** ။ ။ "သန္ထရိတ္ဝာ"အရ မိမိအတွက် ခင်းခြင်းသာမက သူတစ်ပါးအတွက် ခင်းခြင်း ကိုပါ ယူခြင်းသည် မှန်ကန်သင့်မြတ်ပါ၏လော?

**ဖြေ** ။ ။ မိမိအတွက် ခင်းအပ်သော အခင်းသာမက သူတစ်ပါးအတွက် ခင်းအပ်သော အခင်းသည်လည်း စေခိုင်းသူ မထိုင်သေးသမျှ (သို့မဟုတ်) "သင်သွားလိုလျှင်

http://www.dhammadownload.com



သွားနိုင်၏၊ အခင်းကို စောင့်ရှောက်ဖွယ်မလို" ဟု မဆိုသေးသမျှ ခင်းသူ၏ တာဝန်သာ ဖြစ်သောကြောင့် "သန္တရိတွာ" အရ၌ သူတစ်ပါးအတွက် ခင်းခြင်းကိုပါ ယူခြင်းသည် မှန်ကန် သင့်မြတ်ပါသည်။

**➤ သူတစ်ပါးကို အခင်းခိုင်းရာ–၌ သိမ်းဆည်းရမည့် တာဝန်ရှိသူ**

၁။ လူ, သာမဏေကို အခင်းခိုင်းလျှင် ခိုင်းသောရဟန်း၏ တာဝန်သာ ဖြစ်ပါသည်။

၂။ ရဟန်းကို အခင်းခိုင်းလျှင် ခိုင်းသောရဟန်း မထိုင်သေးသမျှ [သို့မဟုတ်] သင်သွားလိုလျှင် သွားနိုင်၏ဟု မပြောသေးသမျှ အခိုင်းခံရသော ရဟန်း၏ တာဝန်ဖြစ်ပါသည်။ ထိုင်လျှင်ကား ခိုင်းသော ရဟန်း၏ တာဝန်သာ ဖြစ်ပါသည်။

**➤ နေဝဥဒ္ဓရေယျ နဥဒ္ဓရာပေယျ အစိပ္ပါယ်** ။ ။ ကိုယ်တိုင်ရုပ်သိမ်း၍ မိုးမစွပ်သော အရပ်၌ မထားခြင်း, သူတစ်ပါးကိုလည်း သင့်လျော်သော အရပ်၌ ထားမှုကို မပြုစေခြင်းကို နေဝဥဒ္ဓရေယျ နဥဒ္ဓရာပေယျ-ဟု ခေါ်ပါသည်။

**➤ အနာပုစ္ဆံ ဝါ ဂစ္ဆေယျ အစိပ္ပါယ်** ။ ။ မိမိတာဝန်ကဲ့သို့ မှတ်ထင်ရသော ရဟန်း သာမဏေ, အာရာမ်စောင့်-စသည်တို့ကို မပန်ပြော မအပ်နှင်း, ငဲ့ကွက်ခြင်း မရှိဘဲ သွားခြင်းကို "အနာပုစ္ဆံ ဝါ ဂစ္ဆေယျ"ဟု ခေါ်ပါသည်။

**➤ အနာပုစ္ဆံ ဝါ ဂစ္ဆေယျ–၌ ပန်ကြားရမည့် ပုဂ္ဂိုလ်များ** ။ ။ သူတစ်ပါး ပစ္စည်းကို မိမိပစ္စည်းကဲ့သို့ သဘောထားပြီး သိမ်းဆည်းတတ်သည့် ရဟန်း, သာမဏေ, အာရာမ်စောင့်တို့ ဖြစ်ပါသည်။

**➤ မပန်ပြောဘဲ သွားရာ၌ အာပတ်သင့်ပုံ** ။ ။ မပန်ပြောဘဲ သွားရာ၌ ထာမမဇ္ဈိမ ပုရိသ၏ ခဲတစ်ကျအရပ်ကို ကျော်လွန်၍ ခြေတစ်လှမ်း လှမ်းမိသောအခါ ခဲတစ်ကျ အရပ်ကို ကျော်လွန်သောကြောင့် ဒုက္ကဋ်အာပတ်၊ ဒုတိယခြေလှမ်းဖြင့် ခဲတစ်ကျအရပ်ကို လွန်ခြင်းကြောင့် ပါစိတ်အာပတ် သင့်ပါသည်။

**မေး** ။ ။ "ခြေကြွခြင်းဖြင့် ဆုံးဖြတ်ရမည်"ဟူရာ၌ အဘယ်သို့ ဆုံးဖြတ်ရမည်နည်း။

**ဖြေ** ။ ။ ပဌမ ခြေတစ်လှမ်း၌ ဒုက္ကဋ်, ဒုတိယ ခြေတစ်လှမ်း၌ ပါစိတ်အာပတ်ဖြင့် ဆုံးဖြတ်ရပါမည်။

**➤ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသောရဟန်း (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ အခင်းကို မရုပ်သိမ်းမူ၍၎င်း, မပန်ပြောမူ၍၎င်း ဖဲသွားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**➤ ဒုက္ကဋဝတ္ထုသရုပ် (ဒုက္ကဋ်အာပတ် သင့်နိုင်သော ပစ္စည်းများ)**

(၁) စိမိလိက-ပုဆိုးကြမ်း၊ (၂) ဥတ္တရတ္ထရဏ-ညောင်စောင်း,စသည်တို့၏ အပေါ်၌ ခင်းအပ်သော အခင်း၊ (၃) ဘူမတ္ထရဏ-မြေပေါ်၌ ခင်းအပ်သော အခင်း၊ (၄)

http://www.dhammadownload.com



တင့်ကး သပေါ့ဖျာ၊ (၅) စမ္မခဏ္ဍ-သားရေပိုင်း၊ (၆) ပါဒပုဉ္ဆန-ခြေသုတ်၊ (၇) ဖလက ပီဌ-ပျဉ်ချပ်အင်းပျဉ်၊ (၈) ဒါရုဘဏ္ဍ-သစ်ဘဏ္ဍာ၊ (၉) မတ္တိကာဘဏ္ဍ-မြေညက်ဘဏ္ဍာ၊ (၁၀) ပတ္တာဓာရက-သပိတ်ခြေ-တို့ ဖြစ်ပါသည်။

**မေး** ॥ ॥ အာရညိကင်္ဂဓုတင် ဆောက်တည်သောရဟန်းသည် အရပ်တစ်ပါးသို့ သွားလိုသော် သံဃိက ညောင်းစောင်း,စသည်တို့ကို သိမ်းဆည်းထားရမည့် သေနာသနဝတ်ကို ကင်္ခါအဋ္ဌကထာ လာသည့်အတိုင်း ဖြေဆိုပါ။

**ဖြေ** ॥ ॥ ခရီးသွားမည့် တောကျောင်းဘုန်းကြီးသည် သံဃိက ညောင်စောင်း အင်းပျဉ်စသည်ကို မိမိနှင့်သဘောတူသော အနီးအပါးကျောင်းသို့ ပို့ထားပြီးမှ သွားရမည်။ သဘာဂကျောင်း မရှိလျှင် မိုးမစွပ်သော လိုဏ်ဂူ,စသော အရပ်၌ ထားခဲ့ရမည်၊ ထိုအရပ်မျိုးမရှိမှ သစ်ပင်၌ ချိတ်ဆွဲထားခဲ့ရမည်၊ ခြမစားနိုင်လောက်အောင် ကျောက်ခဲလေးလုံးအပေါ်၌ ညောင်စောင်းတင်၍ ထိုညောင်စောင်းပေါ်၌ အခြားညောင်စောင်းနှင့် အင်းပျဉ်,စသည်များ အဆင့်ဆင့်တင်၍ သွားကောင်းပါသည်။

➤ **အဗ္ဘောကာသိကဓုတင်, ရုက္ခမူဓုတင်ဆောင်ရဟန်း၏ သံဃိက ညောင်စောင်းစသည်ကို စောင့်ရှောက်ပုံ** ॥ ॥ အဗ္ဘောကာသိကဓုတင်, ရုက္ခမူဓုတင်ဆောင် ရဟန်းတို့သည် ညောင်စောင်း,စသည်ကို လွင်တီးခေါင်၌ မထားကောင်းပါ၊ သင်္ကန်းကို ကျောင်းယော်သဖွယ် အမိုးအကာ ပြုလုပ်၍ သံဃိက ညောင်စောင်း,စသည်ကို စောင့်ရှောက်ရပါမည်။

➤ **မဉ္စ+ ပီဌ ၄-မျိုး** ॥ ॥ (၁) မသာရက-တိုင်ထွင်း၍ ဘောင်သွင်းထားသော ညောင်စောင်း, အင်းပျဉ်၊ (၂) ဗုန္ဒိကာဗဒ္ဓ-တိုင်၌ ဘောင်ကပ်၍ ရိုက်ထားသော ညောင်စောင်း, အင်းပျဉ်၊ (၃) ကုဠီရပါဒက-ခြေကောက်သော ညောင်စောင်း, အင်းပျဉ်၊ (၄) အာဟစ္စပါဒက-ဘောင်ထွင်း၍ ခြေသွင်းထားသော ညောင်စောင်း, အင်းပျဉ်။

➤ **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ॥ ॥ (၁) မိမိဥစ္စာဖြစ်သော အခင်း, ရင်းနှီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အခင်း၌ ရုပ်သိမ်းမှု,စသည် မပြုဘဲ သွားသော ရဟန်း၊ (၂) နေလှန်းစဉ် ပြန်လာ၍ ရုပ်သိမ်းမည်ဟု ကြံ၍ သွားသော ရဟန်း၊ (၃) မိမိထက် သီတင်းကြီးသူတို့က နေရာမှထစေခြင်း, ဘီလူး ပြိတ္တာတို့ ထိုင်နေခြင်း, အစိုးရသူက အတင်းယူခြင်း, ခြင်္သေ့စသည်တို့လာ၍ နေခြင်း,စသော အနှောက်အယှက်ကြောင့် သွားသောရဟန်း၊ (၄) အသက် ဖြဟ္မစရိယအန္တရာယ်ကို ပြုတတ်သော ဘေးရန်တို့ရှိစဉ် သွားသောရဟန်း၊ (၅) ဥမ္မတ္တကရဟန်း-တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၆-ပါး** ॥ ॥ (၁) ညောင်စောင်,စသည်တို့၏ သံဃိကဖြစ်ခြင်း (၂) လွင်တီးခေါင်အရပ်၌ ခင်းခြင်း၊ (၃) အစိုးရသူတို့က အာဏာဖြင့် ညောင်စောင်း

http://www.dhammadownload.com



အင်းပျဉ်ကို ယူခြင်း၊ (သို့မဟုတ်) ဘီလူး သားရဲ ထိုင်နေခြင်း, ခြသေ့် သစ်ကျား လိုက်ခြင်း,စသော အနှောင့်အယှက်မရှိခြင်း၊ (၄) ဘေးရန် မရှိခြင်း၊ (၅) မငဲ့မကွက် သွားခြင်း၊ (၆) ခဲတစ်ကျကို လွန်ခြင်း-တို့ ဖြစ်ပါသည်။

**ဒုတိယ သေနာသန သိက္ခာပုဒ်**

➤ **ဝိဟာရ-အရ** ။ ။ အခန်းကိုဖြစ်စေ, အမှတ်မထား တစ်ပါးပါးသော အလုံးစုံ မိုးအပ်သော လုံခြုံသောကျောင်းကိုဖြစ်စေ ယူရပါမည်။

➤ **သေယျ-အရ/ သေယျသရုပ်** ။ ။ (၁) ဘိသိ-ဘုံလျှို၊ (၂) စိမိလိကာ-အဝတ်ကြမ်း၊ (၃) ဥတ္တရတ္ထရဏ-အပေါ်လွှမ်းအခင်း၊ (၄) ဘူမတ္ထရဏ-မြေအခင်း၊ (၅) တဋ္ဋိကာ ဖျာကြမ်း၊ (၆) စမ္မခဏ္ဍ-သားရေပိုင်း၊ (၇) နိသီဒန-နိသီဒိုင်၊ (၈) ပစ္စတ္ထရဏ-သီးခြားအခင်း၊ (၉) တိဏသန္ထာရ-မြက်အခင်း၊ (၁၀) ပဏ္ဏသန္ထာရ-သစ်ရွက်အခင်း။

➤ **စိမိလိကာ အဓိပ္ပါယ်** ။ ။ အပြေအပြစ် ပြုလုပ်ထားသောမြေ၌ အဆင်းကို စောင့်ရှောက်ခြင်းအကျိုးငှာ ပြုလုပ်ထားသောအခင်းသည် "စိမိလိကာ"မည်ပါသည်။

➤ **ဥတ္တရတ္ထရဏ အဓိပ္ပါယ်** ။ ။ ညောင်စောင်း, အင်းပျဉ်,စသည်တို့၏ အထက်၌ ခင်းဖို့ရာ သင့်လျော်သော အပေါ်လွှမ်းအခင်းသည် "ဥတ္တရတ္ထရဏ" မည်ပါသည်။

➤ **ဘူမတ္ထရဏ အဓိပ္ပါယ်** ။ ။ ပုဆိုးကြမ်းရှိလျှင် ပုဆိုးကြမ်း၏အထက်၌ ပုဆိုးကြမ်း မရှိလျှင် မြေသက်သက်၌ ခင်းထိုက်သော ဖျာ, သင်ဖြူး,စသော အခင်းမျိုးသည် "ဘူမတ္ထရဏ" မည်ပါသည်။

➤ **တဋ္ဋိကာ အဓိပ္ပါယ်** ။ ။ ထန်းရွက်,စသည်တို့ဖြင့် ပြုလုပ်ထားသော သပေါ့ဖျာသည် "တဋ္ဋိကာ"မည်ပါသည်။

➤ **စမ္မခဏ္ဍ အဓိပ္ပါယ်** ။ ။ အမှတ်မရှိ ကြွင်းမဲ့ဥသုံ အလုံးစုံသော သားရေသည် "စမ္မခဏ္ဍ" မည်ပါသည်။

➤ **စမ္မခဏ္ဍော-၌ စမ္မ-အရ** ။ ။ ခြသေ့်ရေ, ကျားရေ,စသော အရေအားလုံးကို ယူရပါမည်။

➤ **သေနာသနပရိဘောဂအတွက် ခြသေ့်ရေ စသည်တို့ကို သုံးကောင်း/မသုံးကောင်း** ။ ။ ကျောင်းအသုံးအဆောင်၌ကား မအပ်သော သားရေမည်သည် မရှိသောကြောင့် သုံးကောင်းပါသည်။

➤ **ပစ္စတ္ထရဏ အဓိပ္ပါယ်** ။ ။ ခြုံထည်နှင့် သားမွေးကော်ဇောတို့သည် ပစ္စတ္ထရဏ မည်ပါသည်။

➤ **ရဟန်းအများရှိသော ကျောင်းတိုက်၌ သံဃိကကျောင်း အိပ်ရာနေရာများကို သုံးစွဲနည်း** ။ ။ ဝါ,အပိုင်းအခြားအားဖြင့် (ဝါစဉ်ဖြင့်) ယူ၍ သုံးစွဲရပါမည်။

http://www.dhammadownload.com



**➤ အိပ်ရာ နေရာကို မပန်ကြား မသိမ်းဘဲသွားရာ၌ အာပတ်သင့်ပုံ**

အကာအရံရှိလျှင် အကာအရံ, အကာအရံ မရှိလျှင် အစွန်ဆုံးကျောင်းမှ ခဲနှစ်ကျဉ်ပစာကို ကျော်လွန်ပါက ပဌမ ခြေတစ်လှမ်း၌ ဒုက္ကဋ်အာပတ်၊ ဒုတိယ ခြေတစ်လှမ်း၌ ပါစိတ်အာပတ် သင့်ပါသည်။

**မေး** ။ ။ အဘယ်ကျောင်းမျိုး၌ ခင်းထားသော အိပ်ရာ နေရာအခင်းကို မပန်ပြောဘဲ သွားလာနိုင်ပါသနည်း။

**ဖြေ** ။ ။ ခြတက်လိမ့်မည်ဟု ယုံမှားဖွယ် မရှိသောကျောင်းမျိုး၌ မပန်ပြောဘဲ သွားလာနိုင်ပါသည်။ သို့သော် ပန်ပြော၍သွားခြင်းသည် ဂမိကဝတ်အကျင့်ဖြစ်သည်။

**➤ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ သတ္တရသဝဂ္ဂီ ရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သံဃိကကျောင်း၌ အိပ်ရာ နေရာကိုခင်းပြီး ရုပ်လည်း မရုပ်သိမ်းဘဲ ပန်လည်း မပန်ပြောဘဲ သွားခြင်း (ဝတ္ထု) ဟူသောအကြောင်းကြောင့် ပညတ်တော်မူပါသည်

**➤ အခင်း ၁၀-မျိုးကို ကျောင်းအတွင်း၌ခင်း၍ မရုပ်သိမ်းဘဲသွားသော ရဟန်း၏ အပြစ်** ။ ။ ကျောင်းတွင်း၌ခင်း၍ မရုပ်သိမ်းဘဲသွားလျှင် ကျောင်းလည်းပျက် အခင်းလည်း ပျက်သောကြောင့် ပါစိတ်အာပတ် သင့်ပါသည်။

**➤ မဏ္ဍပ်အတွင်း၌ခင်း၍ မရုပ်သိမ်းဘဲ သွားသောရဟန်း၏ အပြစ်**

မဏ္ဍပ်အတွင်း၌ ခင်းလျှင် အခင်းသာပျက်စီး၍ ကျောင်းမပျက်စီးနိုင်သောကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

**➤ ဒုက္ကဋ်အာပတ် သင့်နိုင်သော နေရာဌာနများ** ။ ။ ဆွမ်းစားဇရပ်, မကာရံအပ်သော မဏ္ဍပ်, ကာရံထားသော်လည်း ရဟန်း, သာမဏေများစွာတို့၏ စုဝေးရာမဏ္ဍပ် သစ်ပင်၏ အနီးအောက်အရပ်-တို့ ဖြစ်ပါသည်။

**မေး** ။ ။ အခင်း ၁၀-မျိုးတွင် မပါဝင်သော မဉ္စ ပီဌကို ကျောင်း၌ဖြစ်စေ, ကျောင်းဉပစာ၌ဖြစ်စေ ခင်းထား၍ မရုပ်သိမ်းဘဲသွားလျှင် အဘယ့်ကြောင့် ဒုက္ကဋ်အာပတ်သာ သင့်ပါသနည်း။

**ဖြေ** ။ ။ မဉ္စ, ပီဌ-တို့ကို ကျောင်းအတွင်း၌ထားသော်လည်း တော်တော်ကြာရုံဖြင့် ခြ မတက်နိုင်၍ ကျောင်းမပျက်သောကြောင့်၎င်း, ကျောင်းအပြင်၌ ထားလျှင်ကား ကျောင်းစဉ် လှည့်လည်သူတို့မြင်၍ ရုပ်သိမ်းကြလိမ့်မည် ဖြစ်သောကြောင့်၎င်း ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

**➤ အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) မိမိ၏ဉစ္စာ၌၎င်း၊ (၂) အကျွမ်းဝင်သောပုဂ္ဂိုလ်၏ ဉစ္စာ၌၎င်း၊ (၃) ရုပ်သိမ်းခြင်း စသည်ကိုပြု၍ သွားရာ၌၎င်း၊

http://www.dhammadownload.com



(၄) အနှောင်အယှက်ရှိ၍ စွန့်လျက်သွားရာ၌ရင်း၊ (၅) ယနေ့ပင်ပြန်လာ၍ ရုပ်သိမ်းမည်ဟု ကြံ၍ သွားပြီးနောက် ရောက်ရာအရပ်မှ တစ်စုံတစ်ယောက်ကို စေလွှတ်၍ ပန်ကြားသူ၊ (၆) မြစ်ရေပြည့်ခြင်း, မင်း, ခိုးသူ,စသော အန္တရာယ်တစ်စုံတစ်ခုကြောင့် ပြန်မလာနိုင်သူ၊ (၇) ဘေးရန်တို့ကြောင့် မရုပ်သိမ်းဘဲ သွားသူ၊ (၈) ဥမ္မတ္တကရဟန်း စသည်တို့မှာ အာပတ်မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၇-ပါး** ။ ။ (၁) ပြခဲ့ပြီးသော သေယျဖြစ်ခြင်း (၂) သံဃိကဖြစ်ခြင်း၊ (၃) မိုး,မလုံသော သံဃိကကျောင်း၌ခင်းခြင်း, ခင်းစေခြင်း (၄) အနှောက်အယှက်မရှိခြင်း၊ (၅) ဘေးရန် မရှိခြင်း၊ (၆) မငဲ့မကွက် သွားခြင်း၊ (၇) အာရာမ်နှင့် အာရာမ်ဖြစ်ထိုက်ရာ အရပ်ဟူသော ဥပစာကို ကျော်လွန်ခြင်း-တို့ ဖြစ်ပါသည်။

**အနုပခဇ္ဇ သိက္ခာပုဒ်**

➤ **အနုံ-အရ** ။ ။ ဤရဟန်းကို မထစေထိုက်ဟု သိခြင်းကို ယူရပါမည်။

➤ **အနုံ-အရ နေရာမှ မထစေထိုက်သော ပုဂ္ဂိုလ်များ** ။ ။ (၁) သီတင်းကြီးသူ [မိမိထက် သီတင်းကြီးသောကြောင့် သီတင်းကြီးသူကို မထစေထိုက်ပါ။] (၂) မကျန်းမာသူ [ မကျန်းမာသူသည် မကျန်းမမာ သနားစရာ ဖြစ်သောကြောင့် မထစေထိုက်ပါ] (၃) ဘဏ္ဍာတိုက်စိုး ရဟန်း, ဓမ္မကထိက, ဝိနည်းမိုရ်, ဂိုဏ်းကို စာချပေးသော ဆရာ၊ [ ကျေးဇူးများသောကြောင့်ရင်း၊ ဂုဏ်အားဖြင့် ထူးကဲသောကြောင့်ရင်း၊ အမြဲနေခြင်း အကျိုးငှာ ကျောင်းကိုသမုတ်၍ ပေးထားသောကြောင့်ရင်း ဘဏ္ဍာတိုက်စိုး ရဟန်း, ဓမ္မကထိက, ဝိနည်းမိုရ်, ဂိုဏ်းကို စာချပေးသော ဆရာ-တို့ကို မထစေထိုက်ပါ။]

➤ **ပုဗ္ဗုပဂတံ ဘိက္ခုံ-၌ ဘိက္ခု-အရ** ။ ။ (၁) သီတင်းကြီးသူ၊ (၂) မကျန်းမာသူ၊ (၃) ဘဏ္ဍာတိုက်စိုး ရဟန်း, ဓမ္မကထိက, ဝိနည်းမိုရ်, ဂိုဏ်းကို စာချပေးသော ဆရာတို့ကို ယူရပါမည်။

➤ **အနုပခဇ္ဇ အဓိပ္ပါယ်** ။ ။ ရဟန်းထိုင်ရာ ညောင်စောင်း, အင်းပျဉ်၏ ဥပစာ တစ်တောင့်ထွာအရပ် အတွင်းသို့ဖြစ်စေ, ထွက်ရာ ဝင်ရာ လမ်းနှင့်တကွ လမ်း၏ဥပစာ တစ်တောင့်ထွာအရပ် အတွင်းသို့ဖြစ်စေ ဝင်ရောက်နေထိုင်မှုကို "အနုပခဇ္ဇ"ဟုခေါ်ပါသည်။

➤ **အနုပခဇ္ဇ-အရ ယူရမည့် ဥပစာ** ။ ။ ကျောင်းကျယ်လျှင် ညောင်စောင်း, အင်းပျဉ်၏ ပတ်ဝန်းကျင် တစ်တောင့်ထွာ ဥပစာ၊ ကျောင်းငယ်လျှင် တစ်တောင့်ထွာ လောက်သောဘက်၌ တစ်တောင့်ထွာ ဥပစာ၊ ဝင်လာသောရဟန်း၏ ခြေဆေးရာ ကျောက်ဖျာမှ ညောင်စောင်း, အင်းပျဉ်တိုင်အောင် ဥပစာ၊ ထွက်သွားသော ရဟန်း၏ ညောင်စောင်း, အင်းပျဉ်မှ ကျင်ငယ်စွန့်ရာအရပ်တိုင်အောင် ဥပစာတို့ကို ယူရမည်။

http://www.dhammadownload.com



> **သေယျံ ကဓမ္ပယျ-၌ သေယျ-အရ** ။ ။ ထိုင်ခြင်း, အိပ်ခြင်း နှစ်မျိုးလုံးကို ယူရပါမည်။

> **သေယျံ ကဓမ္ပယျ-၌ အိပ်ခြင်း, ထိုင်ခြင်းကို ပြုခြင်းအကြောင်း** ကျဉ်းမြောင်းခြင်းကို ပြုခြင်းငှာ အလိုရှိသောကြောင့်--ပြုပါသည်။

> **အာပတ်သင့်ပုံ** ။ ။ အိပ်ရာ နေရာ(၁၀)မျိုးတို့တွင် တစ်မျိုးမျိုးကို ကိုယ်တိုင်ဖြစ်စေ, သူတစ်ပါးကိုဖြစ်စေ ခင်းသောရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်ပါသည် ထိုအိပ်ရာ နေရာ၌ထိုင်သော ရဟန်း, အိပ်သောရဟန်းမှာ ပါစိတ်အာပတ် သင့်ပါသည်။ ထိုင်ခြင်း, အိပ်ခြင်း နှစ်မျိုးလုံးကိုပြုသော ရဟန်းမှာ ပါစိတ်အာပတ် ၂-ချက် သင့်ပါသည်။ အဖန်ဖန် ထိုင်မှု, အိပ်မှုပြုသော ရဟန်းမှာ ပယောဂ အရေအတွက်အား ဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။သာဝတ္ထိပြည် (နိဓါန်း) ၌ ဆဗ္ဗဂ္ဂီ ရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အနီးသို့ဝင်၍ ထိုင်ခြင်း အိပ်ခြင်းကိုပြုခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **အနုညဉ်-၌ အညဉ-အရ** ။ ။ ဘေးရန်ရှိခြင်း, မကျန်းမာခြင်း,စသော အကြောင်း များကို ယူရပါမည်။

> **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ ညောင်စောင်း, အင်းပျဉ်၏ တစ်တောင့်ထွာ ဥပစာ ခြေဆေးကျောက်ဖျာမှ ဝင်လမ်း ဥပစာ, ကျင်ငယ်စွန့်ရာအရပ်သို့ ထွက်လမ်း ဥပစာ မှ ပြင်ဘက်၌ ဆွမ်းစားဇရပ်,စသော အရပ်၊ ကျောင်း၏ဥပစာတို့၌ ကိုယ်တိုင်ခင်းခြင်း သူတစ်ပါးကို ခင်းစေခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့ကြောင့် ဒုက္ကဋ်အာပတ် သင့်သည်။

> **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) မိမိဉစ္စာဖြစ်သော ကျောင်း, အကျွမ်းဝင်သူ၏ ဥစ္စာဖြစ်သော ကျောင်း၌ ခင်းသောရဟန်း၊ (၂) မကျန်းမာ ၍ အအေးအပူ နှိပ်စက်သဖြင့် အနီးသို့ ကပ်ဝင်သောရဟန်း၊ (၃) ဘေးရန်တို့ကြောင့် အနီးသို့ ကပ်ဝင်သောရဟန်း၊ (၄) ဉမ္မတ္တကရဟန်း စသည်တို့မှာ အာပတ်မသင့်ပါ။

> **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) သံဃိကကျောင်းဖြစ်ခြင်း [သူများပိုင် ပုဂ္ဂလိက၌ ဒုက္ကဋ်၊ မိမိပိုင်၌ အနာပတ္တိ] (၂) ထိုနေရာမှ ထွက်ခွါ ထသွားစေထိုက်သူ မဟုတ်မှန်း သိခြင်း၊ (၃) ကျဉ်းစေလိုခြင်း၊ (၄) ဥပစာ၌ ထိုင်ခြင်း (သို့မဟုတ်) အိပ်ခြင်း။

## နိက္ကဍ္ဍနသိက္ခာပုဒ်

> **ဘိက္ခု-အရ** ။ ။ ရန်ဖြစ်ခြင်း, ငြင်းခုံခြင်း, ဆန့်ကျင်ဘက်စကားကို ပြောတတ် သူ,စသော အလဇ္ဇီရဟန်းမှတစ်ပါးသော ရဟန်းကို ယူရပါမည်။

http://www.dhammadownload.com



**➤ နိက္ကဍ္ဍမတ္တယျ-အရ ကိုယ်တိုင်နှင်ထုတ်သော ရဟန်း အာပတ်သင့်ပုံ**

ဘုံအဆင့်များသော ပြာသာဒ်, တံခါးမုခ်များသော လေးဖက်တန်းလျား ဇရပ်ရှိသော ကျောင်းတို့၌ ဆွဲကိုင်၍ ကြား၌ ရပ်မထားဘဲ တစ်ကြိမ်တည်းသော လှံ့လဖြင့် ကျောင်ပြင်ဘက်ရောက်အောင် နှင်ထုတ်သောရဟန်းအား, ပါစိတ်အာပတ် ၁-ချက်၊ ကြား၌ရပ်၍ ပယောဂ အမျိုးမျိုးဖြင့် နှင်ထုတ်သောရဟန်းအား တံခါးပေါက် အရေအတွက် လိုက်၍ ပါစိတ်အာပတ်သင့်ပါသည်။ လက်ဖြင့် မကိုင်ဘဲ ထွက်သွားဟု နှင်ထုတ်သော ရဟန်းအား စကားလုံး အရေအတွက်လိုက်၍ ပါစိတ်အာပတ် သင့်ပါသည်။

**➤ နိက္ကမာ္မပေယျ-အရ သူတစ်ပါးကို နှင်ထုတ်စေရာ၌ အာပတ်ဆုံးဖြတ်ပုံ**

"နှင်ထုတ်လော့"ဟု စေခိုင်းကာမျှ၌ ဒုက္ကဋ်အာပတ်၊ တစ်ကြိမ်သာ စေခိုင်း၍ တံခါးပေါက်များစွာမှ ထွက်သွားသော်လည်း ပါစိတ်အာပတ်တစ်ချက်၊ "ဤမျှလောက် တံခါးတိုင်အောင် နှင်ထုတ်လော့"ဟုရင်း၊ တံခါးမကြီးတိုင်အောင် နှင်ထုတ်လော့"ဟုရင်း သတ်မှတ်စေခိုင်းရာ၌ တံခါးပေါက် အရေအတွက်လိုက်၍ ပါစိတ်အာပတ် သင့်ပါသည်။

**➤ နိက္ကမေ္မယျ-၌ နိက္ကမ္မ ၂-မျိုး** ။ ။ (၁) ကာယ နိက္ကမ္မန (၂) ဝါစာနိက္ကမ္မန။

**➤ ကုပိတ-အရ** ။ ။ အမျက်ထွက်သူကို ယူရပါမည်။

**➤ အနတ္တမန-အရ** ။ ။ မနှစ်သက်သော စိတ်ရှိသူကို ယူရပါမည်။

**➤ ခိုက်ရန်ဖြစ်သော ရဟန်းကို နှင်ထုတ်ရာ၌ လိုက်နာရမည့်စည်းကမ်း**

ခိုက်ရန်ဖြစ်သော ရဟန်းအား အလုံးစုံသော သံဃာ့အာရာမ် (ဝါ) ကျောင်းတိုက် တစ်တိုက်လုံးမှ နှင်ထုတ်ခွင့်ရှိပါသည်။

**➤ စိတ္တဇဝေဒနာရှင် ရဟန်းကို နှင်ထုတ်ရာ၌ လိုက်နာရမည့်စည်းကမ်း**

စိတ္တဇဝေဒနာရှင် ရဟန်းကို မိမိနေရာအရပ်မှသာ နှင်ထုတ်ထိုက်ပါသည်။ကျောင်းတိုက် တစ်တိုက်လုံးမှ မနှင်ထုတ်ထိုက်ပါ။

**➤ ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဏ္ဍိလ်)ကို အကြောင်းပြု၍ ရဟန်းတစ်ပါးကို သံဃိကကျောင်းမှ နှင်ထုတ်ခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**➤ ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ (၁) ပုဂ္ဂလိကကျောင်းမှ နှင်ထုတ်သောရဟန်း၊ (၂) ထိုရဟန်း၏ ပရိက္ခရာကို ဆွဲထုတ်သောရဟန်း၊(၃) ဆွမ်းစားဇရပ်,စသော ကျောင်းဥပစာမှ ရဟန်းကိုရင်း, ရဟန်း၏ ပရိက္ခရာကိုရင်း နှင်ထုတ်သော ရဟန်း၊ (၄) လူ, သာမဏေကိုရင်း, လူ သာမဏေ၏ ပရိက္ခရာကိုရင်း၊ ကျောင်း, ကျောင်းဥပစာမှ နှင်ထုတ်ခြင်း, နှင်ထုတ်စေခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com


➤ **နှင်ထုတ်ထိုက်သော ရဟန်းများ** ။ ။ ငြင်းခုံခြင်းကိုပြုတတ်သော ရဟန်း၊ ကောင်းစွာ မကျင့်သော အဒ္ဓေဝါသိက, သဒ္ဓိဝိဟာရိက ရဟန်း၊ အလဇ္ဇီရဟန်း၊ ဥမ္မတ္တက ရဟန်းတို့ ဖြစ်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) မိမိပိုင်ကျောင်းမှရင်း အကျွမ်းဝင်ပုဂ္ဂိုလ်၏ ကျောင်းမှရင်း နှင်ထုတ်သောရဟန်း၊ (၂) ငြင်းခုံမှုကို ပြုတတ်သော ရဟန်းကို နှင်ထုတ်သောရဟန်း၊ (၃) ၎င်း၏ ပရိက္ခရာကို ဆွဲထုတ်သော ရဟန်း၊ (၄) မိမိနေရာ အရပ်မှ အလဇ္ဇီရဟန်း, ရူးသော ရဟန်းတို့ကို နှင်ထုတ်သောရဟန်း၊ (၅) စည်းကမ်း မလိုက်နာသော အနီးနေတပည့်, အတူနေ တပည့်တို့ကို နှင်ထုတ်သော ရဟန်း၊ (၆) မိမိကိုယ်တိုင် ဥမ္မတ္တကဖြစ်နေသော ရဟန်း-တို့မှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) သံဃိကကျောင်းဖြစ်ခြင်း၊ (၂) ခိုက်ရန်ဒေါသ မပြုတတ်သော ရဟန်းဖြစ်ခြင်း၊ (၃) စိတ်ဆိုး၍ နှင်ထုတ်ခြင်း (သို့မဟုတ်) အနှင်ခိုင်းခြင်း-တို့ ဖြစ်ပါသည်။

## ဝေဟာသကုဋိ သိက္ခာပုဒ်

➤ **ဝေဟာသကုဋိ အဓိပ္ပါယ်** ။ ။ နှစ်ထပ် သုံးထပ်ကျောင်း၌ အထက်ထပ်တွင် ကြမ်း,မခင်းရသေး၍ ကောင်းကင်ပြင်ကဲ့သို့ ဟာလာဟင်းလင်းဖြစ်နေသော ကျောင်းကို "ဝေဟာသကုဋိ"ဟု ခေါ်ပါသည်။

➤ **ဝေဟာသကုဋိ-အရ** ။ ။ မဇ္ဈိမပုရိသ-၏ ဦးခေါင်းလွတ်အောင် မြင့်သော ကျောင်းကို ယူရပါမည်။

➤ **ဝေဟာသကုဋိ ပမာဏ** ။ ။ အလုံးစုံတို့၏ အဆုံး၌ဖြစ်သော အပိုင်းအခြားဖြင့် အောက်၌ဖြစ်သော ထုပ်, လျောက်, ဆင့်တို့ဖြင့် ပမာဏ မဇ္ဈိမပုရိသ-၏ ဦးခေါင်းကို မထိခိုက်နိုင်လောက်အောင် မြင့်သောကုဋိ ဖြစ်ပါသည်။

➤ **အာဟစ္စပါဒက မည်ပုံ** ။ ။ ဘောင်ကို ထွင်းပြီး အခြေကိုသွင်းထားသော ညောင်စောင်းသည် "အာဟစ္စပါဒက" မည်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ အထက်ဆင့်တွင် ဟင်းလင်းအပြင်ရှိသော ကျောင်း၌ အပေါက်၌ထွင်း၍ သွင်းအပ်သော အခြေရှိသော ညောင်စောင်း, အင်းပျဉ်ကို ဖိ၍ ထိုင်ခြင်း, အိပ်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ဝေဟာသကုဋိ၏ ထုပ်, လျောက်,အထက်၌ ထားအပ်သော အပေါက်၌ထွင်း၍ သွင်းအပ်သော အခြေရှိသော ညောင်စောင်း, အင်းပျဉ်ကို ခင်း၍ ထိုင်လျှင် ပါစိတ်အာပတ် တစ်ချက်၊ အိပ်လျှင် ပါစိတ်အာပတ် တစ်ချက်၊

http://www.dhammadownload.com


နှစ်မျိုးလုံးကိုပြုလျှင် ပါစိတ်နှစ်ချက်၊ အကြိမ်ကြိမ်ပြုလျှင် လုံ့လ ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်နိုင်သော ကျောင်းများ** ။ ။ မိမိကိုယ်ပိုင်ကျောင်း, အကျွမ်းဝင်သော ပုဂ္ဂိုလ်၏ဥစ္စာဖြစ်သော ကျောင်း၊ ဝေဟာသကုဋိ မဟုတ်သော သစ်ရွက်ကျောင်း စသည် ဦးခေါင်း မလွတ်သော ဝေဟာသကုဋိ၊ အောက်ထပ်၌ သစ်သား,စသည် ထား၍ မသုံးစွဲသောကျောင်း၊ အပေါ်ထပ်၌ ပျဉ်ခင်းထားသော ကျောင်း၊ အင်္ဂတေ,စသည် အပြေအပြစ်ပြုထားသော ကျောင်း-တို့ ဖြစ်ပါသည်။

➤ **အာပတ် မသင့်နိုင်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) မိမိပိုင် (သို့မဟုတ်) အကျွမ်းဝင်ပုဂ္ဂိုလ်၏ ကျောင်း၌ ထိုင်သောရဟန်း၊ (၂) အာဟစ္စပါဒက ညောင်စောင်း အင်းပျဉ်၌ ထိုင်သောရဟန်း၊ (၃) ဟင်းလင်းအပြင်၌တည်သော အာဟစ္စပါဒက ညောင်စောင်း, အင်းပျဉ်၌ရပ်လျက် တစ်စုံတစ်ခုကို ဆွဲယူလှမ်းချိတ်သောရဟန်း၊ (၄) ခြေထောက် ထိပ်၌ သံရိုက်ထားသော ညောင်စောင်း, အင်းပျဉ်၌ထိုင်သော ရဟန်း၊ (၅) ဥမ္မတ္တကရဟန်း စသည်တို့သည် အာပတ်မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) သံဃိကကျောင်းဖြစ်ခြင်း (၂) ဦးခေါင်းကို မတိုက်မိလောက်အောင်မြင့်သော ဝေဟာသကုဋိဖြစ်ခြင်း (၃) အောက်ထပ်၌ သွားလာသုံးစွဲလေ့ရှိခြင်း (၄) စို့မရိုက်သော ညောင်စောင်း, အင်းပျဉ်၌ ထိုင်ခြင်း(သို့)အိပ်ခြင်း

### မဟလ္လကဝိဟာရ သိက္ခာပုဒ်

➤ **မဟလ္လကဝိဟာရ အဓိပ္ပါယ်** ။ ။ ပမာဏအားဖြင့် ကြီးမား၍ ကျောင်းရှင် ဒါယကာရှိသော ကျောင်းကို "မဟလ္လကဝိဟာရ"ဟု ခေါ်ပါသည်။

➤ **ဝိဟာရ-အရ** ။ ။ အတွင်းသုတ်လိမ်းအပ်, အပြင်သုတ်လိမ်းအပ်သော တိုက်ကျောင်းကို ယူရပါမည်။

➤ **ဒွါရကောသ အဓိပ္ပါယ်** ။ ။ အလွန်ဆုံး အပိုင်းအခြားအားဖြင့် တံခါးပေါင်ကျည်းခွေ၏ ထက်ဝန်းကျင်၌ နှစ်တောင့်ထွာရှိသော အရပ်သည် "ဒွါရကောသ" မည်ပါသည်။

➤ **အဂ္ဂဠ-အရ** ။ ။ မုချအားဖြင့် တံခါးရွက်ကို ယူရပါမည်။ အဝိနာဘာဝနည်းအားဖြင့် တံခါးဘောင်ကို ယူရပါမည်။

➤ **ဌပန-အရ** ။ ။မြဲမြံခိုင်ခန့်အောင် ထားခြင်းကို ယူရပါမည်။

➤ **ယာဝ ဒွါရကောသာ အဂ္ဂဠဋ္ဌပနာယ-ဟု ဟောတော်မူရကြောင်း**

တံခါးရွက်သည် ချောင်နေပါက ဖွင့်လိုက်လျှင် နံရံကို ထိခိုက်တတ်၏၊ ပိတ်ရာ၌လည်း ကျည်းခွေကို ထိခိုက်တတ်၏၊ ထိခိုက်မှုကြောင့် နံရံလှုပ်၏၊ နံရံလှုပ်သော

http://www.dhammadownload.com



ကြောင့် မြေညက်လှုပ်၏၊ မြေညက်လှုပ်သောကြောင့် လျော့လည်းလျော့, ပြိုလည်း ပြိုကျနိုင်သောကြောင့် "ယာဝ ဒွါရကောသာ အဂ္ဂဠဋ္ဌပနာယ"ဟု ဟောတော်မူသည်။

➢ **အာလောကသန္ဓိ ပရိကမ္မာယ–အရ လိမ်းကျံရမည့်အရပ်** ။ ။ ပြတင်း တံခါး ရွက်လောက် ကျယ်ပြန့်သော အရပ်တိုင်အောင် လိမ်းကျံရပါမည်။

➢ **အာလောကသန္ဓိ အဓိပ္ပါယ်** ။ ။ အလင်းရောင်ကို ပိတ်ကာသောလေသောက် ပြတင်းတံခါးရွက်ငယ်များကို "အာလောကသန္ဓိ"ဟု ခေါ်ပါသည်။

➢ **အာလောကသန္ဓိ–အရ** ။ ။ လေသောက်ပြတင်း၏ တံခါးရွက်ငယ်တို့ကို ယူ ရပါမည်။

➢ **ပြတင်း တံခါးရွက်ငယ်များ ရိုက်ခတ်နိုင်ရာအရပ်** ။ ။ လေသောက်ပြတင်း ၏ တံခါးရွက်ငယ်တို့သည် ဖွင့်လိုက်လျှင် တစ်ထွာအတိုင်းအရှည်, တစ်ထွာထက် ပိုလွန်သော နံရံအရပ်ကို ရိုက်ခတ်နိုင်ပါသည်။

➢ **လေသောက်ပြတင်း၏ ဥပစာ** ။ ။ နံရံနှစ်ဘက်နှင့် အထက်, အောက်ဟူသော အလုံးစုံသော အရပ်တို့၌ ရနိုင်ပါသည်။

➢ **အထပ်ထပ်သုတ်လိမ်းရကျိုး**

➢ **အာလောကသန္ဓိပရိကမ္မာယဖြင့် ပြအပ်သော အဓိပ္ပါယ်** ။ ။ အလုံးစုံသော အရပ်တို့၌ တံခါးရွက်၏ အပြန့်အကျယ် ပမာဏရှိသော အရပ်ကို လေသောက် ပြတင်း တံခါးရွက်များ ခိုင်မြဲအောင်ပြုခြင်းအကျိုးငှာ ကိုယ်တိုင်ဖြစ်စေ, သူတစ်ပါးကိုဖြစ်စေ လိမ်းကျံနိုင်သည်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

➢ **ဒွတ္တိစ္ဆဒနဿ,စသော စကားကို မိန့်တော်မူရကျိုး** ။ ။ အမိုး၌ပြုထိုက်သော ကိစ္စကို ပြတော်မူခြင်းငှာ ဒွတ္တိစ္ဆဒနဿ,စသော စကားကို မိန့်တော်မူပါသည်။

➢ **ဒွတ္တိစ္ဆဒန ပရိယာယ အဓိပ္ပါယ်** ။ ။ နှစ်ထပ် သုံးထပ် လှည့်ပတ်မိုးခြင်းကို "ဒွတ္တိစ္ဆဒန ပရိယာယ" ဟု ဆိုပါသည်။ ✱ **ပရိယာယ အဓိပ္ပါယ်** ။ ။ ဝန်းကျင်ထပ်ဆင့်၍ မိုးခြင်းကို "ပရိယာယ"ဟု ဆိုပါသည်။

➢ **အပ္ပဟရိတေ ဌိတေန–၌ ဟရိတ–အရ** ။ ။ စပါး (၇)မျိုး,စသော ကောက်ကိုင်း၊ ပဲနောက်, ပဲကြီး, နှမ်း, ပဲပိစပ်, ဗူး, ဖရုံ,စသော ပဲကိုင်း ဟရိတ-အရ ယူရပါမည်။ ထို့ ပြင် လယ်ထဲတွင် စိုက်ထားသော မျိုးစေ့သည် မိုးရွာလျှင် ဧကန်ပေါက်နိုင်ပါက ၎င်းမျိုးစေ့ကိုလည်း ဟရိတ-အရ ယူရပါမည်။

➢ **အပ္ပဟရိတေ ဌိတေန–ဟူသည်** ။ ။ စိမ်းစိုသော ကောက်ပင်, ပဲပင် မရှိရာ အရပ်၌ ရပ်လျက် စီမံခြင်းကို ဆိုပါသည်။

➢ **အပ္ပဟရိတေ ဌိတေန အဓိဋ္ဌာတဗ္ဗံ–၌ စီမံရမည့်နေရာဌာန** ။ ။ ခေါင်လျှောက်

http://www.dhammadownload.com



ဝါး၏ ဘေး၌ (သို့မဟုတ်) ထုပိကာ၏ဘေးကနေ အပေါ်မှ ငုံ့ကြည့်သော ယောက်ျား သည် အမိုးအစွန်း ခြင်ပိတ်ဖျားဆီသို့ မျက်စိတန်း၍ကြည့်လျှင် အောက်၌ရပ်၍ စိမ့် နေသူကို မြင်လောက်သော နေရာ၌ရင်း၊ အောက်ကကြည့်သော ရဟန်းကလည်း အထက်၌ပြခဲ့သော အရပ်ဝယ်နေသူကို မြင်နိုင်လောက်သော နေရာ၌ရင်း ရပ်၍ စိမ့် နိုင်ပါသည်။

➤ **အပ္ပဟရိတ ဌာန** ။ ။ စပါးမျိုး (၇)ပါး,စသည် အပြားရှိသော ကောက်မျိုး, ပဲနောက်, ပဲကြီး, နှမ်း, ကုလားပဲ, ဗူး, ဖရုံ,စသည် အပြားရှိသော ပဲမျိုးများ မရှိသည့် နေရာ ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ အဖြောင့်အားဖြင့် မိုးရာ၌ အုတ်, ကျောက်, အင်္ဂတေတို့ ဖြင့် မိုးရကား အုတ်ချပ် အရေအတွက်, ကျောက်ပြား အရေအတွက်, အင်္ဂတေခဲ အရေ အတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။ ဝန်းကျင်လှည့်ပတ်မိုးရာ၌ မြက်ဖြင့် ဖြစ်စေ, သစ်ရွက်ဖြင့်ဖြစ်စေ မိုးနိုင်၏၊ ထိုသို့မိုးလျှင် သစ်ရွက် အရေအတွက်, မြက်ဆုပ် အရေအတွက်အားဖြင့် ပါစိတ်အာပတ်များစွာ သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ကောသမ္ဗီပြည် (နိဒါန်း) ၌ ဆန္နမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ ထပ်ကာ ထပ်ကာ မိုးစေခြင်း, သုတ်လိမ်း စေခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) ဖြူသောအဆင်း, စသည်ကို ပြုသောရဟန်း၊ (၂) နှစ်ထပ် သုံးထပ်နှင့် ထို့အောက်ယုတ်လျော့၍ အမိုး မိုးသောရဟန်း၊ (၃) လိုဏ်, ဂူ, မြက်မိုးကုဋီ,စသည်တို့၌ စိမ့်သော ရဟန်း၊ (၄) အခြား သူအတွက် စိမ့်သောရဟန်း၊ (၅) မိမိ၏အပ်သော ဥစ္စာဖြင့် ပြုသောရဟန်း၊ (၆) နေရာ ကျောင်းမှ ကြွင်းသော အဆောက်အဦတို့ကို ပြုသောရဟန်း၊ (၇) ဥမ္မတ္တကရဟန်း။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) မဟလ္လကဝိဟာရ ဖြစ်ခြင်း၊ (၂) မိမိဖို့နေရာ ကျောင်းဖြစ်ခြင်း၊ (၃) နှစ်ထပ် သုံးထပ် ပိုလွန်၍ စိမ့်ခြင်း-တို့ ဖြစ်ပါသည်။

**သပ္ပါဏက သိက္ခာပုဒ်**

➤ **ဇာနံ အဓိပ္ပါယ်** ။ ။ "ဤရေသည် ပိုးနှင့်တကွ ဖြစ်၏"ဟု မြင်ခြင်း, ကြားခြင်း နှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် သိခြင်းကို "ဇာနံ"ဟု ဆိုပါသည်။

➤ **ဇာနံ-အရ သိပုံ ၂-မျိုး** ။ ။ (၁) ကိုယ်တိုင်မြင်သဖြင့် သိခြင်း၊ (၂) သူတစ်ပါး ပြောကြားသဖြင့် သိခြင်း-တို့ ဖြစ်ပါသည်။

➤ **ဥဒကံ-အရ ယူရမည့် ရေ** ။ ။ မြက်,စသည် ထည့်လိုက်လျှင် ကုန်ခမ်းသွား မည့် ရေ, နောက်ကျမည့်ရေကို ယူရပါမည်။

http://www.dhammadownload.com



➢ **ဥဒကံ-အရ မယူသင့်သည့် ရေ** ။ ။ ပိုးကောင် မသေနိုင်လောက်အောင် များစွာသော ရေကို မယူရပါ။

➢ **သိဉ္စေယျ-အရ ကိုယ်တိုင်သွန်းလောင်းရာ၌ အာပတ်သင့်ပုံ** ။ ။ ရေအယဉ်ကို မဖြတ်ဘဲ တစ်ခါတည်းရေတစ်အိုးလုံးကုန်အောင် သွန်းလောင်းသောရဟန်းအား ပါစိတ်အာပတ် တစ်ချက်သာ သင့်ပါသည်။ ရေအယဉ်ကိုဖြတ်၍ ဖျန်းပက်သော ရဟန်းအား ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

ပိုးရှိသော ရေမြောင်းကို မိမိလိုရာသို့ ရှေးရှုဆောင်လျှင် တစ်နေ့ပတ်လုံး စီးသော်လည်း ပါစိတ်အာပတ် တစ်ချက်သာ သင့်ပါသည်။ ထိုထိုအရပ်က ပိတ်ဆို့၍ အခြားအရပ်သို့ ဆောင်ယူသော ရဟန်းအား ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

မြက်, သစ်ရွက်, သစ်ခက်,စသော ဝတ္ထုများကို တစ်ကြိမ်တည်းသော ပယောဂဖြင့် ပိုးရှိသော ရေ၌ ထည့်သောရဟန်းအား ပါစိတ်တစ်ချက်သာ သင့်ပါသည်။ တစ်ခုစီ တစ်ခုစီ ထည့်သောရဟန်းအား ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

➢ **သိဉ္စာပေယျ-အရ သူတစ်ပါးကို သွန်းလောင်းခိုင်းရာ၌ အာပတ်သင့်ပုံ**

သူတစ်ပါးကို သွန်းလောင်းခိုင်းရာ၌ စေခိုင်းခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်၊ တစ်ကြိမ်စေခိုင်းခြင်းကြောင့် ရေများစွာ သွန်းလောင်းသော်လည်း ပါစိတ်အာပတ် တစ်ချက်သာ သင့်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ အာဠဝီပြည် (နိဒါန်း) ၌ အာဠဝီမြို့နေ ရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပိုးရှိသောရေကို သွန်းလောင်းခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➢ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ ပိုးမရှိသော ရေ၌ ပိုးရှိ၏ဟု အမှတ်ရှိ၍သော်ငြား, ပိုးရှိ မရှိသောရေ နှစ်မျိုးလုံး၌ ယုံမှားရှိ၍သော်ငြား သွန်းလောင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➢ **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) သေစေလိုသော စေတနာ မရှိဘဲ သွန်းလောင်းသောရဟန်း (၂) သတိမေ့၍ သွန်းလောင်းသောရဟန်း (၃) ပိုရှိမှန်း မသိသောရဟန်း၊ (၄) ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➢ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ပိုးရှိသော ရေဖြစ်ခြင်း (၂) သွန်းလောင်းခြင်းကြောင့် ပိုများသေမည်ကို သိခြင်း (၃) ပိုးသေလောက်သော ရေလည်းဖြစ်ခြင်း (၄) မြက်,စသည်တို့ကို သွန်းလောင်းခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ဤသိက္ခာပုဒ်ကို "ပဏ္ဏတ္တိဝဇ္ဇ"ဟု ဆိုရကြောင်း** ။ ။ တစ်ရံတစ်ခါ ကုသိုလ်စိတ်ဖြင့်လည်း ပိုးရှိသောရေကို သုံးစွဲမိ, ရဟန္တာများလည်း ဤသိက္ခာပုဒ်ကို မသိ၍ ပြုမိတတ်သောကြောင့် "ပဏ္ဏတ္တိဝဇ္ဇ"ဟု ဆိုပါသည်။

➤ **တိစိတ္တ—ဟု ဆိုရကြောင်း** ။ ။ ကုသိုလ်, အကုသိုလ်, အဗျာကတစိတ်ရှိလျက် သင့်အပ်သောကြောင့် "တိစိတ္တ"ဟု ဆိုပါသည်။

## ဩဝါဒဝဂ်/ ဩဝါဒသိက္ခာပုဒ်

➤ **အသမ္မတရဟန်း ခေါ်ပုံ** ။ ။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းအား မြတ်စွာဘုရားသည် ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ခွင့်ပြုတော်မူအပ်သော ဘိက္ခုနောဝါဒက သမ္မုတိ မရသော ရဟန်းကို "အသမ္မတရဟန်း"ဟု ခေါ်ပါသည်။

➤ **ဘိက္ခုနောဝါဒက သမ္မုတိဟူသည်** ။ ။ ဘိက္ခုနီမတို့ကို ဆုံးမတတ်သော ရဟန်းဟု သံဃာက အသိအမှတ်ပြုခြင်း, သမုတ်ခြင်းကို "ဘိက္ခုနောဝါဒကသမ္မုတိ" ဟု ဆိုပါသည်။

➤ **ဘိက္ခုနီယော—အရ** ။ ။ ဉဘတောသံဃာ, ဘိက္ခုသံဃာ၌ ပဉ္စင်းဖြစ်သော ဘိက္ခုနီမကို ယူရပါမည်။

➤ **ဘိက္ခုနောဝါဒက အင်္ဂါ ၈—ပါး / ဘိက္ခုနီမတို့ကို ဆုံးမထိုက်သူ၏ အင်္ဂါ**

(၁) ပါတိမောက္ခသံဝရသီလရှိခြင်း၊ (၂) ပိဋကဗဟုသုတရှိခြင်း (၃) ပါတိမောက်နှစ်စောင်ကို နှုတ်တက်အာဂုံရခြင်း (၄) ကောင်းသော စကားလုံးနှင့် ကောင်းသော အသံရှိခြင်း၊ (၅) ဘိက္ခုနီသံဃာ အများ၏ အကြည်ညိုခံရခြင်း၊ (၆) ဘိက္ခုနီတို့ကို တရားဟောစွမ်းနိုင်ခြင်း (၇) ရှေးလူ့ဘဝတုန်းက ဘိက္ခုနီတို့၌ ကာယသံသဂ္ဂ, သိက္ခမာန် သာမဏေမတို့၌ မေထုန်မှုကို မပြုဘူးခြင်း၊ (၈) ဝါ ၂၀-ရရှိခြင်းတို့ ဖြစ်ပါသည်။

➤ **ဂရုဓမ် တရား ၈—ပါး** ။ ။ (၁) ဝါတစ်ရာ ရနေသော်လည်း ပြုခါစရဟန်းငယ်အား ရှိခိုးရခြင်း၊ (၂) ရဟန်းမရှိသောနေရာတွင် ဝါမဆိုရခြင်း၊ (၃) လခွဲတိုင်း ရဟန်းများထံ ခစားရခြင်း၊ (၄) ဉဘတောသံဃာ၌ ပဝါရဏာ ဖိတ်ရခြင်း၊ (၅) ဉဘတောသံဃာ၌ တစ်ပက္ခ မာနတ်ကျင့်ရခြင်း၊ (၆) သိက္ခမာန်ကို ဉဘတော သံဃာထံ၌ ရဟန်းခံ ပေးရခြင်း၊ (၇) ရဟန်းယောက်ျားများကို မဆဲရေးရခြင်း၊ (၈) ဘိက္ခုနီမများ ဘိက္ခုကို ဩဝါဒ မပေးရခြင်း-တို့ ဖြစ်ပါသည်။

အမှာ/ ဤ ၈-ပါးဖြင့် ဆုံးမလျှင် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဩဝဒေယျ အဓိပ္ပါယ်/ ဩဝါဒ—အရ** ။ ။ ဂရုဓမ်တရား ၈-ပါးကို ရွတ်ဆို ဟောပြောလျက် ဆုံးမခြင်းကို "ဩဝဒေယျ"ဟု ဆိုပါသည်။

➤ **အာပတ်သင့်ရာအခါ** ။ ။ ဩဝါဒ၏အဆုံး၌ ပါစိတ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com



➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဆုံးမခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဓမ္မ+အဓမ္မကံ၏ အစွမ်းဖြင့် သင့်ရောက်သော အာပတ်အရေအတွက်**

ဝဂ္ဂဘိက္ခုနီကို ဩဝါဒပေးရာ၌ ပါစိတ် ၉-ချက်၊ သမဂ္ဂဘိက္ခုနီကို ဩဝါဒပေးရာ၌လည်း ပါစိတ် ၉-ချက်၊ ဤသို့လျှင် အဓမ္မကံ၏ အစွမ်းဖြင့် ပါစိတ် ၁၈-ချက်။ ဓမ္မကံ၌ အနာပတ္တိဝါရကိုချန်၍ ဒုက္ကဋ်အာပတ် ၁၇-ချက် ဖြစ်ပါသည်။

➤ **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ ။ ။** (၁) ဓမ္မ-၌ ဓမ္မကံဟု အမှတ်ရှိလျက် ညီညွတ်သော ဘိက္ခုနီသံဃာကို ညီညွတ်သော ဘိက္ခုနီသံဃာဟု အမှတ်ရှိ၍ ဆုံးမသောရဟန်း၊ (၂) ဂရုဓမ်ပါဠိ အကျဉ်းဥဒ္ဒေသကို ပေးသောရဟန်း၊ (၃) ဂရုဓမ်အနက်အဓိပ္ပါယ်ကို သင်ပေးသောရဟန်း၊ (၄) ရွတ်ဆိုပါလော့ဟု ဘိက္ခုနီတို့က လျှောက်အပ်သော် ဂရုဓမ်ပါဠိကို ရွတ်ဆိုသောရဟန်း၊ (၅) ဂရုဓမ်နှင့်စပ် မစပ်သော ပြဿနာကို မေးလာ၍ ဖြေဆိုသောရဟန်း၊ (၆) ဘိက္ခုနီမတို့ နာယူကုန်စဉ် အခြားသူအား ဟောသောရဟန်း၊ (၇) သိက္ခမာန်, သာမဏေမအား ဂရုဓမ်တရား ဟောကြားသော ရဟန်း၊ (၈) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ် အင်္ဂါ ၃-ပါး ။ ။** (၁) သမ္မုတိ မရခြင်း (၂) ဘိက္ခုနီ၏ ပြည့်စုံသော ရဟန်းမိန်းမဖြစ်ခြင်း (၃) ဂရုဓမ်တရားဖြင့် ဆုံးမခြင်း-တို့ ဖြစ်ပါသည်။

### အတ္ထင်္ဂတ သိက္ခာပုဒ်

➤ **ဩဝဒေယျ အဓိပ္ပါယ်/ ဩဝါဒ-အရ ။ ။** ဂရုဓမ် ရှစ်ပါးတို့ဖြင့်ဖြစ်စေ, ဂရုဓမ်မှ တစ်ပါး သုတ္တန်, အဘိဓမ္မာတရားဖြင့်ဖြစ်စေ ဆုံးမခြင်းကို "ဩဝဒေယျ"ဟုဆိုသည်

➤ **ဘိက္ခုနိယော-အရ ။ ။** ဥဘတောသံဃာ, ဘိက္ခုသံဃာ၌ ပဉ္စင်းခံထားသော ဘိက္ခုနီမကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ အရှင်စူဠပန် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နေဝင်သည့်တိုင်အောင် ဆုံးမခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ ။ ။**(၁) နေ့,မဝင်သေးမီ နေဝင်ပြီဟု အမှတ်ရှိ၍ငင်း, ယုံမှားရှိ၍ငင်း ဆုံးမသောရဟန်း၊ ဧကတောဘိက္ခုနီမကို ဆုံးမသော ရဟန်းတို့သည် ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ။ ။** (၁) နေဝင်ခြင်း (၂) ပြည့်စုံစွာ ဘိက္ခုနီဖြစ်ခြင်း၊ (၃) ဆုံးမခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**ဘိက္ခုနုပဿယ သိက္ခာပုဒ်**

➤ **ဘိက္ခုနုပဿယ အဓိပ္ပါယ်** ။ ။ ဘိက္ခုနီမများ တစ်ညဉ့်တာ ကာလမျှ နေထိုင်ဖူးသော ကျောင်းကိုပင် "ဘိက္ခုနုပဿယ" (ဘိက္ခုနီမကျောင်း) ဟု ဆိုပါသည်။

➤ **ဩဝဒေယျ အဓိပ္ပါယ် /ဩဝါဒ–အရ** ။ ။ ဂရုဓမ်ပါဠိတို့ဖြင့် ဆုံးမခြင်းကိုသာ "ဩဝဒေယျ"ဟု ဆိုပါသည်။

➤ **ဂိလာန–အရ** ။ ။ ဂရုဓမ် အဆုံးအမကို ခံယူခြင်းအကျိုးငှာရင်း, ဥပုသ်နေ့ကို မေးခြင်း, ပဝါရဏာပြုခြင်းဟူသော သံဝါသအကျိုးငှာရင်း သွားခြင်းငှာ မစွမ်းနိုင်သော ဘိက္ခုနီမကို ယူရပါမည်။

➤ **အညတြ သမယာ–အရ** ။ ။ အဆုံးအမခံဖို့ဖြစ်စေ, ကံကြီး ကံငယ်ပြုရန် ဖြစ်စေ မသွားနိုင်လောက်အောင် မကျန်းမာသူကို ယူရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ သမ္မုတိရသူ မဟုတ်လျှင် ဩဝါဒသိက္ခာပုဒ်အရ ပါစိတ်တစ်ချက်၊ ဘိက္ခုနုပဿယ သိက္ခာပုဒ်အရ ပါစိတ်တစ်ချက်၊ နေဝင်ပြီးမှ ဆုံးမလျှင် အတ္ထင်္ဂတ သိက္ခာပုဒ်အရ ပါစိတ်တစ်ချက်၊ ပေါင်း ၃-ချက် သင့်ပါသည်။

➤ **သမုတ်ထားသော ရဟန်းသည် ညဉ့်အချိန်၌ဆုံးမလျှင် ပါစိတ် ၂–ချက်သာ သင့်ရကြောင်း** ။ ။ ရဟန်းကို သမုတ်ထားသည့်အတွက် ဂရုဓမ်ပါဠိဖြင့် ဆုံးမခြင်းကြောင့် သင့်ရောက်သော ပါစိတ်အာပတ် မရှိသောကြောင့်--တည်း။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သက္ကတိုင်း (နိဂါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ ဘိက္ခုနီမကျောင်းသို့ သွား၍ ဆုံးမခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ (၁) သိက္ခမာန်, သာမဏေမကို ရဟန်းမဟု မှတ်ထင်၍ရင်း, ယုံမှားသံသယရှိ၍ရင်း ဆုံးမသောရဟန်း၊ (၂) ဧကတောဘိက္ခုနီမကို တစ်ပါးပါးသော တရားဖြင့် ဆုံးမသောရဟန်း၊ (၃) ဥဘတောဘိက္ခုနီမကို သုတ္တန် အဘိဓမ္မာဖြင့် ဆုံးမသော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) သွားသင့်ရာအခါ၌ သွား၍ ဆုံးမသောရဟန်း၊ (၂) သိက္ခမာန်, သာမဏေမကို ဆုံးမသောရဟန်း၊ (၃) ရှေ့သိက္ခာပုဒ်၌ကဲ့သို့ ပါဠိသင်ခြင်း,စသည်ဖြင့် ရွတ်ဆိုသော ရဟန်းတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄–ပါး** ။ ။ (၁)ဘိက္ခုနီကျောင်းသို့ သွားခြင်း၊ (၂) ပြည့်စုံသော ရဟန်းမ ဖြစ်ခြင်း၊ (၃) အခါ မရှိခြင်း၊ (၄) ဂရုဓမ်ဖြင့် ဆုံးမခြင်း။

**အာမိသ သိက္ခာပုဒ်**

➤ **အာမိသဓမ္မတော–၌ အာမိသ–အရ** ။ ။ သင်္ကန်း,စသည်တို့တွင် တစ်မျိုးမျိုးကို

http://www.dhammadownload.com



ယူရပါမည်။

➤ **ထေရာ ဘိက္ခူ-အရ** ။ ။ ဘိက္ခုနောဝါဒက သမ္မုတိရ သိက္ခာ (၂၀) ရရှိပြီး သော မထေရ်ရဟန်းများကို ယူရပါမည်။

➤ **ပါစိတ်အာပတ် သင့်ခြင်းအကြောင်း** ။ ။ သမ္မုတိရပြီးသော ရဟန်းတို့ကို အကျော်ဇောမဲ့ကို အလိုရှိသောကြောင့် ပြောသော ရဟန်းအား ပါစိတ်အာပတ် သင့်ရပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အာမိသဟူသော အကြောင်းကြောင့် ဆုံးမကုန်၏ဟု ပြောဆိုခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **သမ္မတ အနုပသမ္ပန္န အဓိပ္ပါယ်** ။ ။ ရဟန်းဘဝတုန်းက သမ္မုတိရခဲ့၍ ယခုအခါ သိက္ခာချလျက် သာမဏေဘဝ၌ တည်သူကို "သမ္မတ အနုပသမ္ပန္န"ဟုခေါ်သည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ရဟန်းဖြစ်ခြင်း (၂) တရားသဖြင့် သမ္မုတိရသူ ဖြစ်ခြင်း (၃) အာမိသ ငဲ့မှု မရှိခြင်း (၄) ကျေးရှူးမဲ့ကို လိုလားသဖြင့် ပြောဆိုခြင်း။

**စီဝရဒါန သိက္ခာပုဒ်**

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ + သင်္ကန်းပေးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ် ၂-ခု အထူး** ။ ။ စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်၌ ရဟန်း၏ ခံယူသူ ဖြစ်ခြင်း၊ စီဝရဒါန သိက္ခာပုဒ်ကား ရဟန်းမ၏ ခံယူသူဖြစ်ခြင်း၊ ဤသို့ ထူးပါသည်။

**စီဝရသိဗ္ဗန သိက္ခာပုဒ်**

➤ **စီဝရ-အရ** ။ ။ ဝတ်ရုံလောက်သော သင်္ကန်းကို ယူရပါမည်။

➤ **သိဗ္ဗေယျ-အရ ကိုယ်တိုင်ချုပ်ရာ၌ အာပတ်သင့်ပုံ** ။ ။ ကိုယ်တိုင်ချုပ်လျှင် အပ်ကိုသွင်း၍ အပ်ကိုနှုတ်တိုင်း နှုတ်တိုင်း ပါစိတ်အာပတ် တစ်ချက်စီ သင့်၏။ အပ်ကို အကြိမ်များစွာ ထိုးပြီးမှ တစ်ချက်တည်း ဆွဲနှုတ်လျှင် ပါစိတ်အာပတ် တစ်ချက်သာ သင့်ပါသည်။

➤ **သိဗ္ဗေယျ-အရ သူတစ်ပါးကို ချုပ်ခိုင်းရာ၌ အာပတ်သင့်ပုံ** ။ ။ သူတစ်ပါးကို ချုပ်ခိုင်းရာ၌ ပြီးစီးအောင်ခိုင်းစေလျှင် ခိုင်းသောရဟန်းမှာ ပါစိတ်တစ်ချက်သာ သင့် ပါသည်။ ဤသင်္ကန်း၌ ပြုဖွယ်ကိစ္စ သင့်တာဝန်ဟု ခိုင်းအံ့၊ အပ်နှုတ်တိုင်း အပ်နှုတ် တိုင်း ပါစိတ်အာပတ် သင့်ပါသည်။ စေခိုင်းသော ရဟန်းအား စကားတစ်ခွန်းဖြင့် ပါစိတ်များသင့်ပါသည်။ အဖန်ဖန်ခိုင်းရာ၌ကား ပါစိတ်များစွာဟု ဆိုဖွယ်ပင် မရှိပါ။

http://www.dhammadownload.com



➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ဥဒါယိမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သက်နိုးချုပ်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ ။ ။** (၁) ဆွေမျိုးတော်သော ရဟန်းမကို ဆွေမျိုးမတော်ဟု မှတ်ထင်၍ရင်း, ယုံမှားရှိ၍ရင်း သက်နိုးချုပ်သောရဟန်း၊ (၂) ဧကတော ဥပသမ္ပန္န ရဟန်းမ၏ သက်နိုးကို ချုပ်သောရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ်မှလွတ်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ ။ ။** (၁) သက်နိုးမှတစ်ပါး အိတ်,စသော ပရိက္ခရာကို ချုပ်ပေးသောရဟန်း၊ (၂) ဆွေမျိုးတော်သော ဘိက္ခုနီမ, သိက္ခမာန်, သာမဏေမတို့၏ သက်နိုးကို ချုပ်ပေးသောရဟန်း၊ (၃) ဥမ္မတ္တကရဟန်း။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ။ ။** (၁) ဆွေမျိုးမတော်သော ဘိက္ခုနီ၏ သက်နိုးဖြစ်ခြင်း၊ (၂) ဝတ်ရုံလောက်ခြင်း (၃) ချုပ်ခြင်း (သို့မဟုတ်) ချုပ်စေခြင်း။

**သံဝိဓာန သိက္ခာပုဒ်**

➤ **သံဝိဓာယ အဓိပ္ပါယ် ။ ။** သွားခါနီး၌ အချိန်းအချက်ပြုလုပ်၍ တိုင်ပင်ခြင်းကို "သံဝိဓာယ"ဟု ဆိုပါသည်။

➤ **တိုင်ပင်သင့်သော နေရာ /ကပ္ပိယဘူမိ- အပ်သောမြေ ။ ။** ဘိက္ခုနီတို့၏ ကျောင်း, ရွာတွင်း ကျောင်းတိုက်, ရွာတွင်း ဆွမ်းစားဇရပ်, တိတ္ထိကျောင်းတို့ ဖြစ်ပါသည်။ [ထိုနေရာမျိုး၌ တိုင်ပင်လျှင် အာပတ် မသင့်ပါ။]

➤ **မတိုင်ပင်သင့်သော နေရာ ။ ။** ဘိက္ခုနီတို့၏ ကျောင်း, ရွာတွင်း ကျောင်းတိုက်, ရွာတွင်ဆွမ်းစားဇရပ်, တိတ္ထိကျောင်းတို့မှတစ်ပါး ရွာတွင်း, ကျောင်း, တံခါးဝ, ခရီးဆုံ နေရာ, စသည်တို့ဖြစ်ပါသည်။ [ထိုနေရာမျိုး၌ တိုင်ပင်လျှင် ဒုက္ကဋ်အာပတ်သင့်၏။]

➤ **အကပ္ပိယဘူမိ /မအပ်သောမြေ ။ ။** ဘိက္ခုနီတို့၏ ကျောင်း, ရွာတွင်း ကျောင်းတိုက်, ရွာတွင်း ဆွမ်းစားဇရပ်, တိတ္ထိကျောင်းတို့ကိုကြဉ်၍ ကျန်အရပ်သည် အကပ္ပိယဘူမိ (မအပ်သောမြေ) ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ ။ ။** မအပ်သောမြေ၌ ရပ်၍ တိုင်ပင်သောရဟန်းအား တိုင်ပင်ခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ ယနေ့, နက်ဖြန်ဟူ၍ သတ်မှတ်အပ်သော အခါကို မချွတ်ယွင်းစေဘဲ တံခါးနှင့်လမ်း ချွတ်ယွင်းစေ၍လည်း သွားသောရဟန်းအား အလွန်နီးသော ရွာပင်ဖြစ်သော်လည်း ရွာတစ်ရွာ၏ ဥပစာသို့ဝင်လျှင် ပထမခြေလှမ်း၌ ဒုက္ကဋ်၊ ဒုတိယ ခြေလှမ်း၌ ပါစိတ်အာပတ် သင့်ပါသည်။ ဤသို့လျှင် ရွာတစ်ရွာ၏ ဥပစာသို့ ရောက်ခြင်း အရေအတွက်အားဖြင့် ပါစိတ်အာပတ်များ သင့်ပါသည်။

➤ **သင်္ကေတ (အချိန်းအချက်) ၃-မျိုး ။ ။** (၁) ကာလသင်္ကေတ-အချိန်ကာလကို

http://www.dhammadownload.com



သတ်မှတ်၍ ချိန်းချက်ခြင်း၊ (၂) ဒွါရသင်္ကေတ-တံခါးကို သတ်မှတ်၍ ချိန်းချက်ခြင်း (၃) မဂ္ဂသင်္ကေတ- လမ်းကို သတ်မှတ်၍ ချိန်းချက်ခြင်း၊ | အချိန်ကာလ ချိန်းချက်မှု လွဲလျှင် အာပတ်မသင့်။ တံခါး၏ ချိန်းချက်မှု, လမ်း၏ ချိန်းချက်မှု လွဲသော်လည်း အာပတ်သင့်နိုင်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ တစ်ကြောင်းတည်းသော အစွန့်ရှည်သော ခရီးကိုသွားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ တိုင်ပင်ခြင်း မရှိသော သွားခြင်း, တိုင်ပင်ခြင်းရှိ၏ဟု အမှတ်ရှိ၍ရင်း, ယုံမှားရှိ၍ရင်း သွားသောရဟန်း၊ ဘိက္ခုနီမ,က မတိုင်ပင်ဘဲ မိမိကသာ တိုင်ပင်သောရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) သွားသင့်ရာအခါ၌ တိုင်ပင်ပြီး သွားသောရဟန်း၊ (၂) ကိုယ်တိုင် မတိုင်ပင်ဘဲ သွားသောရဟန်း၊ (၃) တိုင်ပင်သော်လည်း အချိန်းအချက် ဖျက်သိမ်း၍ သွားသောရဟန်း၊ (၄) ဘေးရန်တို့ကြောင့် တိုင်ပင်၍ သွားသောရဟန်း၊ (၅) ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

**မေး** ။ ။ နံနက်ခင်းသွားမည်ဟု ပြောဆိုပြီးနောက် ညနေခင်း သွားသောရဟန်း၊ ယနေ့ သွားမည်ဟု ပြောဆိုပြီးနောက် နောက်တစ်ရက်မှ သွားသောရဟန်းတို့အား အာပတ် သင့်/မသင့် စိစစ်ပြပါ။

**ဖြေ** ။ ။ အချိန်ကာလ ချိန်းချက်မှုလွဲသောကြောင့် အာပတ် မသင့်ပါ။

➤ **ကေစော ဥပသမ္ပန္နဘိက္ခုနီမ, သာမဏေမ, သိက္ခမာန်တို့နှင့်အတူ ခရီးရှည်သွားသော ရဟန်း** - သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်ပါသည်။ ➤ **ဥဘတော ဥပသမ္ပန္န ဘိက္ခုနီမနှင့်အတူ ခရီးရှည်သွားသော ရဟန်း** - ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) နှစ်ဦးသဘောတူ စီစဉ်၍ သွားခြင်း (၂) ချိန်းချက်မှု မချွတ်ယွင်းခြင်း (၃) ချိန်းချက်သွားသင့်ရာအခါ မဟုတ်ခြင်း (၄) ဘေးရန် မရှိခြင်း (၅) အခြားတစ်ရွာသို့ သက်ရောက်ခြင်း (သို့) ယူဇနာဝက်ကိုလွန်ခြင်း။

## နာဝါဘိရုဟန သိက္ခာပုဒ်

➤ **သံဝိဓာယ အဓိပ္ပါယ်** ။ ။ လောက၌ သာယာအပ်သော မိတ်ဖွဲ့ခြင်း၏ အစွမ်းဖြင့် ပျော်မြူးလို၍ တိုင်ပင်သွားခြင်းကို"သံဝိဓာယ"ဟု ဆိုပါသည်။

**မေး** ။ ။ ရေကန်, သမုဒ္ဒရာ,စသည်တို့၌ ပျော်မြူးလို၍ ဘိက္ခုနီမနှင့်အတူ သွားသော ရဟန်းအား အာပတ်သင့်/မသင့် အကြောင်းပြ၍ ဖြေဆိုပါ။

http://www.dhammadownload.com



**ဖြေ** ။ ။ ပါဠိတော်၌ ဥဒ္ဓံ ဂါမိနိံဝါ အဓောဂါမိနိံဝါ-ဟု ဟောတော်မူသောကြောင့်၎င်း ရေကန်, သမုဒ္ဒရာတို့၌ အစုန် အဆန် မရှိသောကြောင့်၎င်း အာပတ်မသင့်ပါ။

➤ **ဥဒ္ဓံ ဂါမိနိံ အဓိပ္ပါယ်** ။ ။ မျော့်မြူးခြင်း၏အစွမ်းဖြင့် မြစ်၏အထက်ဖြစ်သော ရေညာသို့သွားသော လှေကို "ဥဒ္ဓံဂါမိနိ"ဟု ခေါ်ပါသည်။

➤ **အဓော ဂါမိနိံ အဓိပ္ပါယ်** ။ ။ မျော့်မြူးခြင်း၏အစွမ်းဖြင့်ပင် အောက်ဖြစ်သော ရေစုန်သို့ သွားသောလှေကို "အဓောဂါမိနိ"ဟု ခေါ်ပါသည်။

**မေး** ။ ။ အဘယ်အကျိုးငှာ အဘယ်သို့ ပို့ဆောင်သောလှေကို စီးလျှင် အာပတ် မသင့် နိုင်ပါသနည်း။

**ဖြေ** ။ ။ လိုရာဆိပ်ကမ်းသို့ ရောက်စေခြင်းအကျိုးငှာ အထက်သို့သော်၎င်း, အောက်သို့သော်၎င်း ပို့ဆောင်သောလှေကို စီးရာ၌ အာပတ် မသင့်ပါ။ [သမုဒ္ဒရာ၌လည်း ချမ်းသာသလို သွားနိုင်ပါသည်။]

➤ **ပါစိတ်အာပတ် သင့်ပုံ** ။ ။ ရွာရှိသော ကမ်းဘေးဖြင့် သွားရာအခါ၌ အခြား တစ်ရွာ၏ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။ ရွာ,မရှိသော ကမ်း ဘေးဖြင့်သော်၎င်း, တစ်ယူဇနာကျယ်ပြန့်သော မြစ်အလယ်ဖြင့်သော်၎င်း သွားရာအခါ၌ ယူဇနာဝက် အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ လှေစီးခြင်း (ဝတ္ထု) ဟူသော အကြောင်း ကြောင့် ပညတ်တော်မူပါသည်။

**ပရိပါစိတ သိက္ခာပုဒ်**

➤ **အနုပညတ်ပါဠိ** ။ ။ အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ- ဖြစ်ပါသည်။

➤ **ဘိက္ခုနီ ပရိပါစိတ ပိဏ္ဍပါတ အဓိပ္ပါယ်** ။ ။ ဆွေမျိုးမတော်သော လှူဒါယကာ တို့ အထဲတွင် ဘိက္ခုနီမ,က ဘိက္ခု၏ ဂုဏ်သတင်းကို ပြောဆိုကာ "အရှင်အား လှူကြ, အရှင်အတွက် ပြုလုပ်ကြ"ဟု စီမံ၍ ရလာသော ဆွမ်းကို "ဘိက္ခုနီ ပရိပါစိတ ပိဏ္ဍ ပါတ" ဟု ဆိုပါသည်။

➤ **ပိဏ္ဍပါတ–အရ** ။ ။ ဘောဇဉ်ငါးပါးကိုသာ ယူရပါမည်။

➤ **ခာနံ–အရ** ။ ။ ကိုယ်တိုင်သိခြင်း, တစ်ဆင့်ကြားသိခြင်း ၂-ပါးလုံးကို ယူရမည်။

➤ **ဇာနံ အဓိပ္ပါယ်** ။ ။ ဘိက္ခုနီမ စီမံထားသော ဆွမ်းဟု သိလျက် စားခြင်းကို "ဇာနံ"ဟု ဆိုပါသည်။

➤ **ဂိဟိသမာရမ္ဘဆွမ်း ခေါ်ပုံ** ။ ။ ဘိက္ခုနီမတို့ မစီမံမီကပင် လှူဒါယကာတို့က စီမံ ခန့်ခွဲထားသော ဆွမ်းမျိုးကို "ဂိဟိသမာရမ္ဘဆွမ်း"ဟု ခေါ်ပါသည်။ (တစ်နည်း)

http://www.dhammadownload.com



**တစ်နည်း**--- ရဟန်းမ, စီမံအပ်သော ဆွမ်းမှ ရှေးဦးစွာ ရဟန်းတို့အတွက် လူတို့က စီမံထားသောဆွမ်း, ဆွေမျိုးတော်သူ ဖိတ်မံသူတို့၏ ဆွမ်းမျိုးကို "ဂိဟိသမာရမ္ဘဆွမ်း"ဟု ခေါ်ပါသည်။

➤ **သမာရဗ္ဘ-ဟူသော အမည်သည်** ॥ ॥ ကောင်းစွာ စီမံထားသော ဆွမ်း၏ အမည်ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ** ॥ ॥ ဘိက္ခုနီ စီမံထားသောဆွမ်းကို အကပ်ခံလျှင် ဒုက္ကဋ်အာပတ်၊ ယင်းဆွမ်းကို စားလျှင် မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ် ပညတ်တော်မူရကြောင်း** ॥ ॥ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဒေဝဒတ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ရဟန်းမသည် စီမံအပ်သော ဆွမ်းကိုစားခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ॥ ॥ ဂေဟာ ဥပသမ္ပန္န ဘိက္ခုနီမ စီမံထားသော ဆွမ်းကို စားသောရဟန်း၊ အပရိပါစိတဆွမ်း၌ ပရိပါစိတဆွမ်းဟု ထင်မှတ်၍ စားသော ရဟန်း၊ အပရိပါစိတဆွမ်း, ပရိပါစိတဆွမ်း၌ ယုံမှားရှိ၍ စားသောရဟန်းတို့အား ဒုက္ကဋ် အာပတ်သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ॥ ॥ (၁) အပရိပါစိတဆွမ်း, ပရိပါစိတဆွမ်း၌ အပရိပါစိတဆွမ်းဟု အမှတ်ရှိ၍ စားသောရဟန်း (၂) လူတို့စီမံထားသော ဆွမ်းကို စားသောရဟန်း၊ (၃) သိက္ခမာန်, သာမဏေမ စသည်တို့ စီမံသော ဆွမ်းကို စားသောရဟန်း၊ (၄) ဘောဇဉ် ငါးမျိုးမှကြွင်းသော ယာဂု, ခဲဖွယ်, သစ်သီးကြီးငယ်ကို စားသောရဟန်း၊ (၅) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ॥ ॥ (၁) ဘိက္ခုနီ စီမံခြင်း (၂) ဘိက္ခုနီ စီမံထားသော ဆွမ်းဟု သိခြင်း (၃) ဘိက္ခုနီ မစီမံမီ ရှေ့အဖို့က လူတို့စီမံမှု မရှိခြင်း (၄) ဘောဇဉ် ငါးပါးတွင် တစ်ပါးပါးဖြစ်ခြင်း (၅) ထိုဘောဇဉ်ကို စားမျိုခြင်း-တို့ ဖြစ်ပါသည်။

## ရဟောနိသဇ္ဇ သိက္ခာပုဒ်

➤ **ဤသိက္ခာပုဒ်နှင့်တူသော သိက္ခာပုဒ်များ** ॥ ॥ (၁) ဒုတိယ အနိယတ သိက္ခာပုဒ် (၂) အစေဠကဝဂ် ရဟောနိသဇ္ဇ သိက္ခာပုဒ် (၃) အစေဠကဝဂ် ဥပနန္ဒ စတုတ္ထသိက္ခာပုဒ်

➤ **ထိုသို့ တူပါလျက် သီးခြား ပညတ်တော်မူရခြင်းအကြောင်း** ॥ ॥ ဘိက္ခုနီနှင့် အတူ ဆိတ်ကွယ်ရာ၌ နေခြင်းဟူသော ဝတ္ထုကြောင်းက သီးခြားလည်းဖြစ်, အစေဠကဝဂ် ဥပနန္ဒ စတုတ္ထသိက္ခာပုဒ်လာ ဝတ္ထု၏ အလျင်လည်းဖြစ်သောကြောင့် ရဟောနိသဇ္ဇ သိက္ခာပုဒ်ကို သီးခြား ပညတ်တော်မူပါသည်။

http://www.dhammadownload.com



**ဘောဇနဝဂ်/အာဝသထပိဏ္ဍ သိက္ခာပုဒ်**

➤ **အနုပညတ်ပါဠိ** ။ ။ အဂိလာနေန ဖြစ်ပါသည်။

➤ **အဂိလာန-အရ/ အဂိလာန အဓိပ္ပါယ်** ။ ။ ယူဇနာဝက် ခရီးကို သွားခြင်းငှာ စွမ်းနိုင်သော ရဟန်းကို "အဂိလာန"ဟု ခေါ်ပါသည်။

➤ **အာဝသထပိဏ္ဍကို နေ့စဉ်ဘုဉ်းပေးနိုင်သော ဂိလာနမျိုး**

➤ **ဂိလာန-အရ/ ဂိလာန အဓိပ္ပါယ်** ။ ။ ယူဇနာဝက် ခရီးကိုမျှ မသွားနိုင်သူကို "ဂိလာန"ဟု ခေါ်ပါသည်။

➤ **အာဝသထပိဏ္ဍ အဓိပ္ပါယ်** ။ ။ ဤမည်သော, ဤမျှသော ပုဂ္ဂိုလ်ဟူ၍ရင်း, ဤမျှသော ဘောဇဉ်ဟူ၍ရင်း ပုဂ္ဂိုလ်နှင့်ဘောဇဉ် နှစ်ပါးကို မရည်စူး မပိုင်းခြားဘဲ ဇရပ်, မဏ္ဍပ်, သစ်ပင်ရင်း, စသည်တို့တွင် အမှတ်မရှိ တစ်ခုခုသော အရပ်၌ ကောင်းမှုကို လိုလားသူတို့သည် ခရီးသွား, ဂိလာန, ကိုယ်ဝန်ဆောင်မိန်းမ, ရဟန်းတို့၏အကျိုးငှာ တည်ထားအပ်သော ဘောဇဉ်သည် "အာဝသထပိဏ္ဍ" မည်ပါသည်။

➤ **ဧကော အာဝသထပိဏ္ဍော-ဋ္ဌ ဧကော-အရ** ။ ။ တစ်နေ့စားထိုက်သော ဆွမ်းကို ယူရပါမည်။ (တစ်ကြိမ်စားထိုက်သော ဆွမ်းကို မယူရပါ။)

➤ **အာဝသထ-အရ** ။ ။ တည်းခိုရာ ဇရပ်ကို ယူရပါမည်။

➤ **ပိဏ္ဍ-အရ** ။ ။ဘောဇဉ် ၅-ပါးကို ယူရပါမည်။

**မေး** ။ ။ ဘုဉ္ဇိတဗ္ဗော-အရ အဘယ်ပုဂ္ဂိုလ်က မည်သည့်အရပ်၌ မည်သည့်ဆွမ်းကို မည်မျှစားနိုင်ပါသနည်း။

**ဖြေ** ။ ။ အမျိုးတစ်ဦးကသော်ရင်း, အမျိုးအားလုံးတို့ စုပေါင်း၍သော်ရင်း, တစ်ခုသော အရပ်၌ဖြစ်စေ, အမျိုးမျိုးသော အရပ်တို့၌ဖြစ်စေ "ယနေ့ အရပ်တစ်ခု, နက်ဖန်အရပ်တစ်ခု၌" ဤသို့ အမြဲမသတ်မှတ်အပ်သော အရပ်၌ဖြစ်စေ, ဝတ်တည်အပ်သော ဆွမ်းကို အရပ်တစ်ခုတည်း၌ တစ်ရက်တည်းသာ စားနိုင်သည်။

➤ **တတော စေ ဥတ္တရိ ဘုဉ္ဇေယျ-အရ အာပတ်သင့်ပုံ** ။ ။ ဒုတိယနေ့မှစ၍ ထိုအရပ်၌ရင်း, အခြားအရပ်၌ရင်း အမျိုးတို့၏ ဥစ္စာကို ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း စားမျိုတိုင်း၌ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နောက်ထပ်နေ၍ တည်းခိုရာဇရပ်, စသည်၌ ဝတ်တည်အပ်သော ဆွမ်းကိုစားခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) ဂိလာနဖြစ်၍ ဂိလာနဟု အမှတ်ရှိလျက် စားသောရဟန်း၊ (၂) ခရီးသွားစဉ် ခရီးအကြား၌ တစ်နေ့စား,

http://www.dhammadownload.com



ရောက်ရာအရပ်၌ တစ်နေ့စား, ပြန်လာသော် ခရီးအကြား၌ တစ်နေ့စား, ပြန်ရောက်ရာ အရပ်၌ တစ်နေ့စား, အားလုံး လေးကြိမ်စားသော ရဟန်း၊ (၃) သွားမည်ဟု စားပြီး ထွက်သွားသော် တစ်စုံတစ်ခု ဘေးရန်ကြောင့် ပြန်လာကာ ဘေးမရှိသောအခါ ထပ်၍ သွားမည်ဟု တစ်ဖန်တစ်နေ့စာ စားသောရဟန်း၊ (၄) အလှူ့ရှင်တို့ ပင့်ဖိတ်၍ အလိုရှိတိုင်းစားသော ရဟန်း၊ (၅) ဘောဇဉ်ငါးပါးမှတစ်ပါး ယာဂု, ခဲဖွယ်, သစ်သီးကြီးငယ်ကို စားသောရဟန်း၊ (၆) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➢ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ။ ။** (၁) အာဝသထပိဏ္ဍဖြစ်ခြင်း (၂) ဂိလာန မဟုတ်ခြင်း။ (၃) နေ့စဉ်နေ၍ စားခြင်း-တို့ ဖြစ်ပါသည်။

**ဂဏဘောဇန သိက္ခာပုဒ်**

➢ **ဂဏဘောဇနေ-အရ ။ ။** ဂဏဘောဇဉ်ကို စားခြင်းကို ယူရပါမည်။

➢ **ဂဏဘောဇနေ-၌ ဂဏ-အရ ။ ။** လေးပါးမှစ၍ အထက်ဖြစ်သော ရဟန်းများကို ယူရပါမည်။

➢ **ဂဏဘောဇဉ် အဓိပ္ပါယ် ။ ။** ၄-ပါး, ၄-ပါးထက်ပိုလွန်သော ရဟန်းတို့အား ပင့်ဖိတ်ခြင်းကြောင့်သော်ရင်း, တောင်းခြင်းကြောင့်သော်ရင်း ရအပ်သော ထမင်း, စသော ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးသော ဘောဇဉ်ကို "ဂဏဘောဇဉ်"ဟု ခေါ်ပါသည်။

➢ **ဂဏဘောဇဉ်ဖြစ်စေနိုင်သော အကြောင်းများ ။ ။** ၄-ပါး, ၄-ပါးထက်ပိုလွန်သော ရဟန်းတို့အား ပင့်ဖိတ်ခြင်းကြောင့်သော်ရင်း, တောင်းခြင်းကြောင့်သော်ရင်း, ရအပ်သော ထမင်း, စသော ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးသော ဘောဇဉ် ဖြစ်ပါသည်။

➢ **ဘောဇနေ-အရ ။ ။** ထမင်း,စသော ဘောဇဉ်ငါးပါးကို ယူရပါမည်။

➢ **ဂဏဉပုသ်လာ ဂဏနှင့် ဂဏဘောဇဉ်လာ ဂဏ-အထူး ။ ။** ဂဏဉပုသ်လာ ဂဏ-သည် နှစ်ပါး သုံးပါးကို ဆိုလိုပါသည်။ ဂဏဘောဇဉ်လာ ဂဏ-သည် ၄-ပါး ၄-ပါး အထက်ကို ယူရပါသည်။ ဤသို့ ထူးပါသည်။

**မေး ။ ။** အဘယ်ကဲ့သို့ ဖိတ်ကြားခြင်းကို ဂဏဘောဇဉ်-ဟု ခေါ်ပါသနည်း။

**ဖြေ ။ ။** လေးပါး, လေးပါးထက် အလွန်ရှိသော ရဟန်းတို့ကို ထမင်းစား ကြွပါ၊ ထမင်းဖြင့် ဖိတ်မန်ပါ၏,စသော မအပ်သော ပင့်ဖိတ်နည်းမျိုးဖြင့် ရအပ်သော ဘောဇဉ်ကို "ဂဏဘောဇဉ်"ဟု ခေါ်ပါသည်။

➢ **မအပ်သော ဖိတ်နည်းကြောင့် ဂဏဘောဇဉ်ဖြစ်ပုံ ။ ။** တစ်စုံတစ်ယောက်သော ဒါယကာသည် ရဟန်းလေးပါးတို့သို့ ချဉ်းကပ်၍ ဝေဝုစ်ဖြင့်သော်ရင်း, ဘာသန္တရ

http://www.dhammadownload.com



ဖြင့်သော်ရင်း ဘောဇဉ်ငါးပါးတို့၏ နာမည်ကိုတပ်၍ "ထမင်းဖြင့် ပင့်ဖိတ်ပါ၏၊ တပည့်တော်၏ ထမင်းကို ခံယူလှည့်ပါကုန်"စသော မအပ်သော လျှောက်ထားနည်းဖြင့် တစ်ပေါင်းတည်းဖြစ်စေ, အသီးသီးဖြစ်စေ, ပင့်ဖိတ်ခံရသော ရဟန်းတို့သည် တစ်ပေါင်းတည်းဖြစ်စေ, အသီးသီးဖြစ်စေ သွား၍ ခံယူပါက ဂဏဘောဇဉ် ဖြစ်သည်။

**မေး** ။ ။ ဂဏဘောဇဉ်အရာ၌ အဘယ်သည် လိုရင်း ပမာဏ ဖြစ်သနည်း။

**ဖြေ** ။ ။ ဂဏဘောဇဉ်အရာ၌ ခံယူခြင်းသည်သာ လိုရင်း ပမာဏ ဖြစ်ပါသည်။

➤ **ဂဏဘောဇဉ် ၂-မျိုး** ။ ။ (၁) ပင့်ဖိတ်တုန်းက မအပ်သော ဂဏဘောဇဉ် (၂) မအပ်သော တောင်းနည်းဖြင့် တောင်းအပ်သော ဂဏဘောဇဉ်-တို့ ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ယင်းနှစ်မျိုးကို ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း စားမျိုတိုင်း၌ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဂိလာနသမယ အဓိပ္ပါယ်** ။ ။ ခြေများကွဲနေသောကြောင့် ဆွမ်းခံ မသွားနိုင်သည့်အခါသည် "ဂိလာနသမယ" မည်ပါသည်။

➤ **စီဝရဒါနသမယ အဓိပ္ပါယ်** ။ ။ ကထိန်ခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှ တပေါင်းလပြည့်တိုင်အောင် ၅-လ၊ ကထိန် မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် (၁)ရက်မှစ၍ တန်ဆောင်မုန်းလပြည့်အထိ (၁)လသည် "စီဝရဒါနသမယ" မည်ပါသည်။

➤ **စီဝရကာရသမယ အဓိပ္ပါယ်** ။ ။ အများဝိုင်း၍ သင်္ကန်းချုပ်ရာ, ဆိုးရာအခါသည် "စီဝရကာရသမယ" မည်ပါသည်။

➤ **အဒ္ဓါဂမနသမယ အဓိပ္ပါယ်** ။ ။ ယူဇနာဝက်ခရီးကို သွားပြီး, သွားဆဲ, သွားလတ္တံ့ အခါသည် "အဒ္ဓါနဂမနသမယ" မည်ပါသည်။

➤ **မဟာသမယ အဓိပ္ပါယ်** ။ ။ ဆွမ်းခံရွာ၌ ရဟန်းလေးပါး ဆွမ်းခံ၍ မမျှတရာအခါသည် "မဟာသမယ" မည်ပါသည်။

➤ **သမဏဘတ္တသမယ အဓိပ္ပါယ်** ။ ။ သီတင်းသုံးဖော်ငါးဦးနှင့် ရသေ့ပရိဗိုဇ်များက ထမင်းဟူသောအမည်ဖြင့် ပင့်ဖိတ်၍ ကျွေးမွေးသောအခါသည် "သမဏဘတ္တသမယ" မည်ပါသည်။

➤ **မအပ်သော ပင့်ဖိတ်နည်းဟူသည်** ။ ။ ငါးဘုဉ်းပေးကြွပါ, အမဲသား ဘုဉ်းပေးကြွပါ, ထမင်းဘုဉ်းပေးကြွပါ,စသည်ဖြင့် မြန်မာဘာသာဖြင့်ဖြစ်စေ, ပါဠိဘာသာဖြင့်ဖြစ်စေ ပင့်ဖိတ်ခြင်းမျိုး ဖြစ်ပါသည်။

➤ **မအပ်သော တောင်းခံနည်းဟူသည်** ။ ။ ငါ့အား ထမင်းပေးပါ,စသည်ဖြင့် မြန်မာဘာသာဖြင့်ဖြစ်စေ, ပါဠိဘာသာဖြင့်ဖြစ်စေ တောင်းခံခြင်းမျိုး ဖြစ်ပါသည်။

http://www.dhammadownload.com



**မေး** ။ ။ ဂဏဘောဇဉ်ကို ခံယူပြီးနောက် ရဟန်း ၄-ပါးတို့ တစ်ခြားစီ ဘုဉ်းပေးလျှင် ဤသိက္ခာပုဒ်အရ အပြစ်မှ လွတ်/မလွတ် ဆုံးဖြတ်ပါ။

**ဖြေ** ။ ။ ဂဏဘောဇဉ်အရာ၌ ခံယူခြင်းသည်သာ လိုရင်း ပဓာန ဖြစ်သောကြောင့် မလွတ်ပါ။

➤ **ဂဏဘောဇဉ် ခံယူဖို့ရာ လျှောက်ထားရာ၌ အာပတ်မသင့်အောင် ခံယူနည်း**

ပင့်တုန်းက အများကို ပင့်စေကာမူ ၂-ပါးတစ်တွဲ ၃-ပါးတစ်တွဲ ခံယူလျှင် အာပတ်မသင့်နိုင်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဒေဝဒတ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ တောင်း၍စားခြင်း(ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) ဆွမ်းခံလှည့်လည်ပြီး နောက် စုပေါင်း၍ စားကြသော ရဟန်းများ၊ (၂) အမြဲ ပေးလှူအပ်သော ထမင်း, စသည်တို့၌ တစ်ပေါင်းတည်းခံယူသော ရဟန်း၊ (၃) ဘောဇဉ်ငါးပါးမှတစ်ပါး ယာဂု ခဲဖွယ်, သစ်သီးကြီးငယ်ကို သုံးဆောင်သော ရဟန်း။ (၄) ဥမ္မတ္တကရဟန်း။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ဂဏဘောဇဉ်ဖြစ်ခြင်း (၂) အခါ မဟုတ်ခြင်း (၃) စားခြင်း-တို့ ဖြစ်ပါသည်။

## ပရမ္ပရဘောဇန သိက္ခာပုဒ်

➤ **ပရမ္ပရဘောဇဉ် အဓိပ္ပါယ်** ။ ။ "ဩဒနေန နိမန္တေမိ"စသော မအပ်သော ပင့်ဖိတ်နည်းဖြင့် ဒါယကာတစ်ဦးသည် ပင့်ဖိတ်၏၊ ထိုရှေးဦးစွာ ပင့်ဖိတ်သော ဒါယကာ ၏ ဘောဇဉ်မှ အစဉ်မဟုတ်သောအားဖြင့်ရင်း, ဝိကပ္ပနာ မပြုဘဲရင်း နောက်နောက် ဒါယကာ၏ ဘောဇဉ်ကို စားခြင်းကို "ပရမ္ပရဘောဇဉ်"ဟု ခေါ်ပါသည်။

➤ **ပရမ္ပရဘောဇဉ်ကို စားနိုင်သည့် နည်းလမ်းများ** ။ ။ မအပ်သောနည်းဖြင့် ဒါယကာ နှစ်ဦး သုံးဦး,စသည်က ပင့်ဖိတ်ရာ၌ နောက်နောက်ဒါယကာ၏ ဆွမ်းကို စားလိုလျှင် ရှေ့ရှေ့ဒါယကာ၏ ဆွမ်းကို သိတင်းသုံးဖော်ငါးယောက်တို့တွင် တယောက် ယောက်အား အနီးသို့ရှိလျှင် "တပည့်တော်၏ ထမင်းရဖို့ရန် မျှော်လင့်ချက်ကို အရှင် ဘုရားအား လှူပါ၏"ဟု ဖြစ်စေ, "တပည့်တော်၏ ထမင်းရဖို့ရန် မျှော်လင့်ချက်ကို အရှင်ဘုရားအား ဝိကပ္ပနာပြုပါ၏"ဟု ဖြစ်စေ သမ္မုခါ ဝိကပ္ပနာ ပြုရမည်။ အဝေးသို့ ရောက်နေလျှင် "ဤအမည်ရှိသူအား ပေးပါ၏"ဟု ဖြစ်စေ, (သို့မဟုတ်) "ဝိကပ္ပနာ ပြုပါ၏"ဟု ဖြစ်စေ ပရမ္မုခ ဝိကပ္ပနာ ပြုရမည်၊ ဤသို့ ရှေ့ရှေ့ ဒါယကာ၏ ဆွမ်းကို ဝိကပ္ပနာပြုလိုက်လျှင် နောက်နောက်ဒါယကာ၏ဆွမ်းကို စားနိုင်ပါသည်။

http://www.dhammadownload.com



➤ **သမ္မုခါ ဝိကပ္ပနာ ပြုပုံ** ။ ။ မျက်မှောက်ရှိ သီတင်းသုံးဖော်ငါးယောက်တို့တွင် တစ်ယောက်ယောက်အား " မယှံ ဘတ္တပစ္စာသံ တုယှံ ဒမ္မိ၊ မယှံ ဘတ္တပစ္စာသံ တုယှံ ဝိကပ္ပေမိ"ဟု ပါဠိဘာသာဖြင့်ဖြစ်စေ, မြန်မာဘာသာဖြင့် ဖြစ်စေ ပြုနိုင်ပါသည်။

➤ **ပရမ္မုခါ ဝိကပ္ပနာပြုပုံ** ။ ။ မိမိမျက်ကွယ်ရှိ သီတင်းသုံးဖော်ငါးယောက်တို့တွင် တစ်ယောက်ယောက်အား "မယှံ ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ ဒမ္မိ၊ မယှံ ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ ဝိကပ္ပေမိ" ဟု ပြုရပါမည်။

➤ **ပါစိတ်အာပတ် သင့်စေနိုင်သော ဆွမ်း၏ ပမာဏ** ။ ။ ထမင်းလုံး တစ်လုံးကိုမျှ စားလျှင် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ဝေသာလီပြည် (နိဓါန်း) ၌ များစွာသော ရဟန်း (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ ပထမ ပင့်ဖိတ်သောအမျိုးမှ ဘစ်ပါးသောအမျိုး၌ နိမန္တိတဘတ်ကိုစားခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူသည်။

➤ **ဂိလာနသမယ–အရ** ။ ။ တစ်ထိုင်တည်း ဝအောင် မစားနိုင်သော, မကျန်းမာသော ရဟန်းကို ယူရပါမည်။

➤ **ပရိဝါပါဠိတော်၌ "စတသော အနုပညတ္တိယော"ဟု ဆိုရခြင်းအကြောင်း**

ပရိဝါပါဠိတော်၌ ဝိကပ္ပနာကို အနုပညတ်၌ ယူထားသောကြောင့်-"စတသော အနုပညတ္တိယော"ဟု ဆိုရခြင်း ဖြစ်ပါသည်။ (ကခ်ါအလို အနုပညတ် ၃-မျိုးရှိသည်)

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) စားသင့်ရာအခါ၌ စားသောရဟန်း (၂) ဝိကပ္ပနာပြု၍ စားသောရဟန်း (၃) အလှူရှင်တို့ကိုယ်တိုင်က သဘောတူ ရောစပ်၍ လှူအပ်သော နိမန္တနဘတ်တို့ကို စားသောရဟန်း (၄) ပင့်ဖိတ်ကြောင်း ဘတ်အစဉ်အားဖြင့် စားသောရဟန်း (၅) တစ်ရွာလုံး အသင်းတစ်ခုလုံးက ပင့်၍ တစ်ပါးပါးသောအမျိုး၌ စားသောရဟန်း (၆) ထမင်းကို ယူပါ-ဟု လျှောက်သော် သင့်ထမင်းကို အလိုမရှိ ဆွမ်းကိုသာ ခံယူမည်ဟု ပြောသောရဟန်း၊ (၇) နိစ္စဘတ်,စသည်ကို စားသောရဟန်း (၈) ဘောဇဉ် ၅-ပါးမှတစ်ပါး ယာဂု, ခဲဖွယ်, သစ်သီးကြီးငယ်တို့ကို စားသောရဟန်း (၉) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **ကိရိယာကိရိယ ဖြစ်ပုံ** ။ ။ စားခြင်းသည် ကိရိယ၊ ဝိကပ္ပနာ မပြုခြင်းသည် အကိရိယ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃–ပါး** ။ ။ (၁) ပရမ္ပရဘောဇဉ်ဖြစ်ခြင်း (၂) အခါ မဟုတ်ခြင်း (၃) စားမျိုခြင်း-တို့ ဖြစ်ပါသည်။

**ကာဏမာတာ သိက္ခာပုဒ်**

➤ **ပူဝနှင့် မန္ထ အထူး** ။ ။ လက်ဆောင်အလို့ငှာ စီရင်အပ်သော အလွန်အရသာ

http://www.dhammadownload.com



ရှိသည်၏အဖြစ်ဖြင့်ဖြစ်သော ကတွတ်မုန့်, မုန့်ကြွက်ကျစ်,စသော ခဲဖွယ်သည် ပူဝ၊ ခရီးအကြား၌ သုံးဆောင်ခြင်း ရိက္ခာအလို့ငှာ စီရင်အပ်သော မုန့်ဆုပ်, နှမ်း, ဆန်, စသည်သည် မန္ထ၊ ဤသို့ ထူးပါသည်။

➤ **ပူဝ အဓိပ္ပါယ်** ။ ။ လက်ဆောင်အလို့ငှာ စီရင်အပ်သော အတိရသကမုန့်, မုန့်ကြွက်ကျစ်, လဒ္ဒုမုန့်,စသော မုန့်ခဲဖွယ်သည် "ပူဝ" မည်ပါသည်။

➤ **မန္ထ အဓိပ္ပါယ်** ။ ။ လမ်းစာရိက္ခာအလို့ငှာ စီရင်အပ်သော မုန့်မှုန့်, နှမ်း, ဆန် စသည် အားလုံးသည် "မန္ထ" မည်ပါသည်။

➤ **ဒွတ္တိပတ္တပူရ အဓိပ္ပါယ်** ။ ။ နှစ်သပိတ် သုံးသပိတ်တို့၏ နှုတ်ခမ်းရစ်အောက် အနားရေးကို မကျော်လွန်ဘဲ ပြည့်ရုံမျှကို "ဒွတ္တိပတ္တပူရ"ဟု ဆိုပါသည်။

➤ **တတော စေ ဥတ္တရိ-အရ ပါစိတ်အာပတ်သင့်ပုံ** ။ ။ သုံးခုမြောက်သပိတ်ကို စုံစုံ့တက်အောင် ခံယူလျှင် နှုတ်ခမ်းရစ်၏ အောက်အနားရေးမှ အထက်၌တည်သော မုန့်အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

➤ **၂-သပိတ်ပြည့် ၃-သပိတ်ပြည့် ခံယူရာ၌ လိုက်နာရမည့် ကျင့်ဝတ်နှင့် အပြစ်**

နှစ်သပိတ်ပြည့်မုန့်တို့ကို ခံယူပြီးသော ရဟန်းသည် မိမိ မုန့်ခံယူရာ အိမ်ပြင်ဘက်၌ ရဟန်းတစ်ပါးတွေ့ရှိပါက "ဤအိမ်က တပည့်တော် နှစ်သပိတ်ပြည့် ခံယူပြီးပါပြီ၊ အရှင်ဘုရားသည် တစ်သပိတ်ပြည့်မုန့်ကိုသာခံယူပါတော့"ဟု ပြောဆိုရပါမည်။

ဒုတိယ ရဟန်းကလည်း တတိယရဟန်းကို တွေ့မြင်ပါက "ပထမ ရဟန်းက နှစ်သပိတ်ပြည့်မုန့်တို့ကို ခံယူသွားပြီ၊ ငါကလည်း တစ်သပိတ်ပြည့် မုန့်တို့ကို ခံယူခဲ့ပြီ၊ သင် မခံယူနှင့်တော့"ဟု ပြောဆိုရပါမည်။ အကယ်၍ ပထမ ရဟန်းက သုံးသပိတ်ပြည့်မုန့်တို့ကို ခံယူခဲ့လျှင် အခြားရဟန်းတို့ကို တွေ့မြင်ပါက "သင်သည် ဤအိမ်၌ မခံယူနှင့်တော့"ဟု ပြောဆိုရပါမည်။

➤ **အပြစ်သင့်ပုံ** ။ ။ မပြောလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ပြောစကားကို ကြားပါလျက် ခံယူသော ရဟန်းအားလည်း ဒုက္ကဋ်အာပတ်ပင် သင့်ပါသည်။

➤ **ဘိက္ခူဟိ သဒ္ဓိံ သံဝိဘဇိတဗ္ဗံ-အရ ရဟန်းတို့နှင့်အတူ ဝေပန်ပုံ**

ရခဲ့ရာ အရပ်မှ အားလုံးတို့ထက်နီးသော ဆွမ်းစားဇရပ်သို့ရင်း, ကျောင်းတိုက်သို့ရင်း, မိမိ အမြဲသွားနေကြ အရပ်သို့ရင်း သွားရောက်၍ တစ်သပိတ်ပြည့်မုန့်ကို မိမိအတွက်ချန်ပြီး သုံးသပိတ်ပြည့်မုန့်တို့ကို ခံယူလျှင် နှစ်သပိတ်ပြည့်မုန့်, နှစ်သပိတ်ပြည့်မုန့်ကို ခံယူလျှင် တစ်သပိတ်ပြည့်မုန့်ကို ရဟန်းသံဃာအား ပေးရမည်၊ မိမိ မိတ်ဆွေရဟန်းအား မပေးရ၊ အကယ်၍ တစ်သပိတ်ပြည့်သာ ခံယူလျှင် ပေးဖွယ်မလိုပါ။

**မေး** ။ ။ ပူဝ, မန္ထ-တို့ကို (က) သုံးသပိတ်ပြည့်၊ (ခ) နှစ်သပိတ်ပြည့်၊ (ဂ) တစ်သပိတ်

.http://www.dhammadownload.com



ပြည့် ခံယူသော ရဟန်းတို့သည် ဘိက္ခုသံဃာအား အဘယ်သို့ ဝေဖန်ရမည်နည်းမြေ ॥ ॥ (က) နှစ်သပိတ်ပြည့် ဝေဖန်ပေးရပါမည်။ (ခ) တစ်သပိတ်ပြည့် ဝေဖန်ပေးရမည်။ (ဂ) ဝေဖန်ပေးစရာ မလိုပါ။

➤ **ကာဏမာတာ့အိမ်မှ ရဟန်းအားလုံးအတွက် ခံယူခွင့်ရှိသော မုန့်**

အလွန်ဆုံး သုံးသပိတ်ပြည့် မုန့်တို့ကိုသာ ခံယူခွင့်ရှိပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသောရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ အတိုင်းအရှည်ကို မသိဘဲ ခံယူခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ॥ ॥ (၁) နှစ်သပိတ်, သုံးသပိတ်ပြည့်အောက် ယုတ်လျော့၍ မုန့်ကိုခံယူသောရဟန်း (၂) လက်ဆောင် ရိက္ခာအလို့ငှာ မစီရင်သော မုန့်တို့ကို ခံယူသောရဟန်း (၃) လက်ဆောင် လမ်းစာရိက္ခာတို့အတွက် စီရင်ထားသော မုန့်တို့မှ ကြွင်းသောမုန့်ကို ခံယူသောရဟန်း (၄) ခရီးသွားခြင်းကိစ္စ အေးငြိမ်းသွား၍ ပေးလှူသည်ကို ခံယူသောရဟန်း (၅) ဆွေမျိုးတော်သူ, ဖိတ်မံသူတို့က ပေးလှူစဉ် ခံယူသောရဟန်း၊ (၆) မိမိ၏ အပ်သောဥစ္စာဖြင့် လဲယူသောရဟန်း၊ (၇) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ॥ ॥ (၁) လက်ဆောင်ရိက္ခာအလို့ငှာ စီရင်ထားသော ပူဝ, မန္ထ ဖြစ်ခြင်း (၂) အကြွင်းအကျန် မဟုတ်ခြင်း (၃) သွားခြင်းကိစ္စ မပြီးငြိမ်းသေးခြင်း (၄) ဉာတိ ပဝါရိတ မဟုတ်ခြင်း (၅) သုံးသပိတ်ပြည့်ထက် ခံယူခြင်း။

**ပဉ္စမ ပဝါရဏာ သိက္ခာပုဒ်**

➤ **အနုပညတ်ပါဠိကား** ॥ ॥ အနတိရိတ္တံ ဖြစ်ပါသည်။

➤ **ဘုတ္တာဝီ (စားပြီးသူ)ဟု ခေါ်ရပုံ** ॥ ॥ ဘောဇဉ်ငါးမျိုးတို့တွင် မုန်ညင်းစေ့ ပမာဏရှိသော ဘောဇဉ်ကို ဝမ်းတွင်းသို့ စားမျိုပြီးသော ရဟန်းကို "ဘုတ္တာဝီ" (စားပြီးသူ) ဟု ခေါ်ပါသည်။ (တစ်နည်း) အချို့ကို စားပြီး၍ အချို့ကို မစားသေးသူကို "ဘုတ္တာဝီ"ဟု ခေါ်ပါသည်။

➤ **ပဝါရဏာ အင်္ဂါ ၅-ပါး /ပဝါရိတ်သင့်ကြောင်း အင်္ဂါ ၅-ပါး**

(၁) စားဆဲဖြစ်ခြင်း (၂) ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးဖြစ်ခြင်း (၃) ပေးသူက နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ဝင်ရောက်ခြင်း (၄) ရှေးရှုဆောင်ယူခိုက်ဖြစ်ခြင်း (၅) ကိုယ်နှုတ်ဖြင့် ပယ်မြစ်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ပဝါရဏာ ၄-မျိုး** ॥ ॥ (၁) ဝဿံ ဝုတ္ထ ပဝါရဏာ၊ (၂) ပစ္စယ ပဝါရဏာ (၃) ပဋိက္ခေပ ပဝါရဏာ (၄) ယာဝဒတ္ထ ပဝါရဏာ-တို့ ဖြစ်ပါသည်။ ထို ၄-မျိုးတို့တွင်

http://www.dhammadownload.com



ပဝါရိတော-၌ ပဋိက္ခေပ ပဝါရဏာကို ယူရပါမည်။]

➤ **ဘုတ္တာဝီသဒ္ဒါကို သီးခြားဖော်မူရကြောင်း** ။ ။ ဒိရတ္တံ, တိရတ္တံ-စသော ပါဠိရပ်၌ ဒိရတ္တသဒ္ဒါကဲ့သို့ ပဝါရိတပုဒ်၏ အခြံအရံအဖြစ်ဖြင့်ရင်း, သဒ္ဒါညက်ချောသည်၏အဖြစ်ဖြင့်ရင်း, ဖော်တော်မူလိုသောကြောင့် ဘုတ္တာဝီသဒ္ဒါကို ဖော်တော်မူပါသည်။

➤ **ဟတ္ထပါသ်-၌ တည်သူ** ။ ။ ၂-တောင့်ထွာ ပမာဏရှိသော အရပ်၌ တည်သူကို "ဟတ္ထပါသ်၌တည်သူ"ဟု ခေါ်ပါသည်။

➤ **ဘောဇဉ် ၅-ပါး** ။ ။ ၁။ **ဩဒန**--- ထမင်း, ၂။ **ကုမ္မာသ**--- တစ်ဝက်ကျက်ပြုတ် မုယောဆန်ဖြင့် ပြုလုပ်ထားသောစားဖွယ်, ၃။ **သတ္တု**--- မုန့်မှုန့်, ၄။ မစ္ဆ ငါး, ၅။ မံသ--- အသားတို့ ဖြစ်ပါသည်။

➤ **စပါး ၇-မျိုး** ။ ။ **သာလိ**-သလေး, **ဝီဟိ**- ကောက်, **ယဝ**- မုယော, **ဂေါဓုမ**- နတ်ကောက်, (ဝါ) ဂျုံ, **ကင်္ဂု**- ဆတ်, **ဝရက** - ပြောင်း, **ကုဒြူသက** -လူး။

➤ **ဩဒန-အရ** ။ ။ သလေး, ကောက်, မုယော, နတ်ကောက်, ဆတ်, ပြောင်း, လူး-ဟူသော စပါးမျိုး ၇-ပါးတို့၏ ဆန်ကိုချက်အပ်သော ထမင်းနှင့် ကျိုအပ်သော ယာဂုတို့ကို ယူရပါမည်။

➤ **ပဝါရိတ (ပဝါရဏာ) အဓိပ္ပါယ်** ။ ။ စား၍ မပြီးသေးသော ဘောဇဉ်ရှိသူသည် "ပဝါရိတ" (ပဝါရဏာ) မည်ပါသည်။

➤ **အတိရိတ်ဝိနည်းကံမြောက်ခြင်း အင်္ဂါ ၇-ပါး** ။ ။ (၁) အပ်စပ်အောင် ပြုလုပ်ပြီး ဖြစ်ခြင်း (၂) အကပ်ခံပြီးဖြစ်ခြင်း (၃) ဝိနည်းမိုရ်အနီးတွင် မြှောက်ချီထားခြင်း (၄) ဝိနည်းမိုရ်၏ ဟတ္ထပါသ်သို့ ရောက်ခြင်း (၅) ဝိနည်းမိုရ်က အနည်းငယ်ဖြစ်စေ စားပြီး ဖြစ်ခြင်း (၆) ဝိနည်းမိုရ်က ပဝါရိတ်သင့်ပြီးသူဖြစ်က ထိုပဝါရိတ်သင့်ရာမှ မထသေးခြင်း (၇) ဝိနည်းမိုရ်က "အလံ မေတံ သဗ္ဗံ"ဟု ရွတ်ဆိုခြင်း-တို့ ဖြစ်ပါသည်။

➤ **ဩဒန မည်ပုံ** ။ ။ စပါး (၇)မျိုးတို့၏ ဆန်တို့ကို ချက်ထားသော ထမင်းနှင့် လက်ကော်ရသော ယာဂုအဖြစ်တို့သည် "ဩဒန" မည်ပါသည်။

➤ **သတ္တု မည်ပုံ** ။ ။ စပါး (၇)မျိုးတို့ကို လှော်၍ ပြုလုပ်ထားသော ဘောဇဉ်သည် "သတ္တု" မည်ပါသည်။

➤ **သတ္တု-၌ သွင်းယူရမည့်အရာများ** ။ ။ ကောင်းကောင်းကျက်အောင် လှော်ထားသော ဆန်တို့ကို ထောင်း၍ ပြုလုပ်ထားသော အမှုန့်နှင့် ဆန်ကွဲတို့ကို သတ္တု-၌ သွင်း ယူရပါမည်။

➤ **ကုမ္မာသ မည်ပုံ** ။ ။ မုယော (ဝါ) အခွံကြမ်းသော ဂျုံတို့ဖြင့် ပြုလုပ်ထား သော ဘောဇဉ်သည် "ကုမ္မာသ" မည်ပါသည်။

http://www.dhammadownload.com



**➤ ဘောဇဉ် ၅-ပါးနှင့်စပ်၍ ပဝါရိတ်ဖြစ်မှု/ မဖြစ်မှုများ**

**➤ ဩဒန-၌ ပဝါရိတ်ဖြစ်စေနိုင်ပုံ ။ ။** စပါး (၇)မျိုးတို့တွင် တစ်မျိုးမျိုး၏ ဆန်တို့ကို ယူ၍ ထမင်းချက်ကုန်အံ့-ဟူ၍ရင်း, ယာဂုကျိုကုန်အံ့-ဟူ၍ရင်း, ချက်လိုရာချက်ပစေဟူ၍ရင်း စေခိုင်းပြီးနောက် အပူကိုဖြစ်စေ, အအေးကိုဖြစ်စေ စားလိုသူတို့ စားနေစဉ် ယူတိုင်း ယူတိုင်း အရာထင်သွားလျှင် ဩဒနမည်တော့၏၊ ၎င်းသည် ပဝါရိတ်သင့်မှုကို ဖြစ်စေနိုင်ပါသည်။

လောလောပူနေသော နို့ထမင်းနှင့် ယာဂုတို့သည် လက်ဖြင့်ကော်ယူရာ၌ လက်ရာ မထင်ရှားလျှင် ဩဒန မဟုတ်သောကြောင့် ပဝါရိတ် မဖြစ်စေနိုင်ပါ။ အငွေ့ ကင်းလတ်သော် တခဲနက်ပြေပြစ်၍ အပိုင်းအခြား လက်ရာထင်ရှားလျှင် ဩဒန မည်သောကြောင့် ပဝါရိတ်ကို ဖြစ်စေနိုင်ပါသည်။

အရွက် အသီး အညှောက်တို့နှင့် ဆန်တစ်ဆုပ်မျှရောစပ်၍ ချက်ထားသော်လည်း စားချိန်၌ ငွန်းရာထင်သွားလျှင် ပဝါရိတ်ကို ဖြစ်စေနိုင်ပါသည်။

ယာဂုအစစ်ထဲ၌ မုံညင်းစေ့မျှ ငါးအပိုင်း, အသားအပိုင်းကိုရင်း၊ အကြောကိုရင်း ထည့်ပြုပ်ပါက ငါးဆန်ပြုပ် စသည်ဖြစ်သွားသော် ပဝါရိတ်ကို ဖြစ်စေနိုင်ပါသည်။

ပဲနောက်,စသည်တို့ဖြင့် ပြုလုပ်ထားသော ကုမ္မာသ-သည် ပဝါရိတ်ကို မဖြစ်စေနိုင်ပါ။ ✱ ဒါယကာတစ်ယောက်က အသားနှင့်ရောထားသော အရည်ကို ယူလာ၍ "ရသံ ပဋိဂ္ဂဏှထ•အရည် ခံယူပါကုန်"ဟု လျှောက်ထားသံကို ကြား၍ ပယ်မြစ်ပါက ပဝါရိတ် မသင့်ပါ။

"မံသရသံ ပဋိဂ္ဂဏှထ•အသားအရည်ကို ခံယူပါကုန်"ဟု လျှောက်သော် ပယ်မြစ်လျှင် ပဝါရိတ်သင့်ပါသည်။ ✱ အညှောက်, ပိန္နဲသီး,စသည်တို့ဖြင့် ရောနှော၍ ငါး အသားကို ကျိုချက်ထား၏၊ ထိုဟင်းကိုယူ၍ အညှောက်ဟင်းရည် ယူလှဲ့ပါ၊ ပိန္နဲသီး ဟင်းရည် ယူလှဲ့ပါ-ဟု လျှောက်ထားသော်လည်း ပဝါရိတ် မသင့်၊ အကြောင်းကား-- ပဝါရိတ် မထိုက်သော ဟင်း၏နာမည်ဖြင့် လျှောက်ထားသောကြောင့်--ပဝါရိတ် မသင့်ပါ။

**➤ ယခုခေတ် သရက်သီးနှင့်ဝက်သား ရော၍ချက်ထားသော ဟင်းကို ပယ်မြစ်သော ရဟန်းအား ပဝါရိတ် သင့်/မသင့် ။ ။** ဘောဇဉ်ငါးပါးတွင် အပါအဝင်ဖြစ်သော ဝက်သားဟင်းကို ပယ်မြစ်သောကြောင့် ပယ်မြစ်သော ရဟန်းအား ပဝါရိတ်သင့်ပါသည်

**➤ ပဝါရိတ် မဖြစ်နိုင်သော ဩဒန ။ ။** အလျော်နှင့်တကွဖြစ်သော စပါးမျိုး (၇) ပါးတို့၏ ဆန်မှတစ်ပါး ဝါးသီးအဆံတို့ဖြင့်ရင်း, သစ်ဥ, သစ်မြစ်, သစ်သီးတို့ဖြင့်ရင်း တစ်စုံတစ်ခုသော ဝတ္ထုတို့ဖြင့်ပြုအပ်သော ထမင်း ဖြစ်ပါသည်။

**➤ ပဝါရိတ် မဖြစ်နိုင်သော သတ္တု ။ ။** သင့်တော်ရုံကျက်အောင် လှော်အပ်သော

http://www.dhammadownload.com



(သို့မဟုတ်) နေလှမ်းအပ်သော ကောက်တို့၏ ဆန်ကျိုး ဆန်ကွဲသည်ငှင်း၊ ဆန်အားလုံး တို့သည်ငှင်း၊ ပေါက်ပေါက်တို့သည်ငှင်း၊ ပေါက်ပေါက်တို့ဖြင့်ပြုလုပ်ထားသော ထမင်း သတ္တု,စသည်တို့သည်ငှင်း ပဝါရိတ်ကို မဖြစ်စေနိုင်ပါ။

➤ **မစ္ဆ, မံသ–တို့၌ ပဝါရိတ်သင့်ပုံ** ။ ။ ငါးအပိုင်း, အသားပိုင်း နှစ်ခုမှ တစ်ခုကို ခံစားပြီး၍ တစ်ခုကို လက်၌ငှင်း, သပိတ်၌ငှင်း ရှိနေစဉ် ဘောဇဉ်ကို ပယ်မြစ်လျှင် စားဆဲဖြစ်သောကြောင့် ပဝါရိတ် သင့်ပါသည်။

➤ **မစ္ဆ, မံသ–တို့၌ ပဝါရိတ် မသင့်ပုံ** ။ ။ ယာဂုသောက်နေသော ရဟန်းအား ယာဂုလုံးမျှသော ငါးအပိုင်း, အသားပိုင်း နှစ်ခုတို့ကို တစ်ခွက်တည်း၌ဖြစ်စေ, ခွက် အများ၌ဖြစ်စေ ပေးလှူပါက ထိုငါးအပိုင်း, အသားပိုင်းတို့ကို မစားသေးဘဲ အခြား ပဝါရဏာလောက်သော ဘောဇဉ်ကို ပယ်မြစ်လျှင် စားဆဲ မဟုတ်သောကြောင့် ပဝါရိတ် မသင့်ပါ။ ထိုငါးအပိုင်း, အသားပိုင်းနှစ်ခုလုံး စားပြီးနောက် ခံတွင်း၌ မုန့်ညင်းစေ့မျှ အကြွင်းအကျန် ငါး, အသား မရှိစဉ် ဘောဇဉ်ကို ပယ်မြစ်လျှင် နှစ်တုံးလုံး စားပြီး ဖြစ်၍ စားဆဲ မဟုတ်သောကြောင့် ပဝါရိတ် မသင့်ပါ။

မေး ။ ။ အဘယ့်ကြောင့် အဘယ်ဘောဇဉ်တို့ကို စားနေဆဲ ပယ်မြစ်သော် ပဝါရိတ် မသင့်နိုင်ပါသနည်း။

ဖြေ ။ ။ နဂိုကပင် ပယ်ထိုက်သော ဘောဇဉ်ကို ပယ်ရာရောက်သောကြောင့် မအပ် သော အသားကိုငှင်း၊ ကုလဒူသနမှု, ဆေးကုမှု, ဥတ္တရိမနုဿဓမ္မကိုပြောမှု, လက် ခံ, သာယာအပ်သော ရွှေ, ငွေ,စသည်တို့ဖြင့် ဝယ်အပ်သော ဘောဇဉ်ကိုငှင်း၊ စားနေဆဲ ပယ်မြစ်သော် ပဝါရိတ် မသင့်ပါ။

➤ **မာတ္တပါသ် တိုင်းတာပုံ** ။ ။ (၁) အကပ်ခံ ရဟန်းက ထိုင်နေလျှင် တင်ပါး၏ နောက်ဘက် အစွန်းဖြင့် တိုင်းထွာရပါမည်၊ (၂) ရပ်နေလျှင် ဖနောင့်စွန်းဖြင့် တိုင်း ထွာရပါမည်။ (၃) လျှောင်း(စောင်းလှဲ)နေလျှင် စောင်းသောနံပါး၏ ပြင်ဘက်စွန်းဖြင့် တိုင်းထွာရမည်။ (၄) ဝမ်းလျားမှောက်နေလျှင် ဦးခေါင်းနားက လာ၍ ကပ်ပါက ဦးခေါင်း စွန်း၏ အနီးဖြစ်သော လည်ပင်းဖြင့် တိုင်းထွာရပါမည်။

➤ **ပဝါရိတ်သင့်/မသင့် ဆုံးဖြတ်ချက်** ။ ။ (၁) မိမိအနီးကပ်၍ နေသောရဟန်းက လက်, သပိတ်ခြေ၌ရှိသော သပိတ်ကို ရွှေ့ရှုမဆောင်ဘဲ ဆွမ်းယူပါဟု လျှောက်ခြင်း (၂) ထမင်းတောင်းကို ဆောင်ယူ၍ ရှေ့,ချထားပြီး ဆွမ်းယူပါဟု လျှောက်ခြင်းတို့၌ ကိုယ်ဖြင့်ရှေ့ရှုဆောင်ခြင်း မဟုတ်သောကြောင့် ပယ်မြစ်သော်လည်း ပဝါရိတ် မသင့်ပါ။ (၃) ရဟန်းတော်တစ်ပါးအား ဆွမ်းလိုက်နေစဉ် အခြားတစ်ပါးက သပိတ်ကို ပိတ်ထား လျှင် အခြားရဟန်းတို့အတွက် ဆောင်အပ်သောဆွမ်းကို ပယ်မြစ်သည်ဖြစ်သောကြောင့်

http://www.dhammadownload.com



ပဝါရိတ် မသင့်ပါ။

➤ **ပဝါရိတ်သင့်ပုံ** ။ ။ (၁) အနည်းငယ်မြှောက်၍ စောင်းလျက် ဆွမ်းယူပါဟု လျှောက်ထားရာ၌ ပယ်မြစ်သောရဟန်းအား မြှောက်ခြင်း, စောင်းခြင်းတို့သည် ရှေးရှု ဆောင်ခြင်းဖြစ်သောကြောင့် ပဝါရိတ် သင့်ပါသည်။

(၂) ဆွမ်းလိုက်သူနှင့် ကူညီမ,သူ နှစ်ဦးတို့ ဆောင်ယူအပ်သောဆွမ်းကို ပယ်မြစ်လျှင် ပယ်မြစ်သော ရဟန်းအား ကိုယ်ဖြင့်ရှေးရှုဆောင်ခြင်းမည်သောကြောင့် ပဝါရိတ် သင့်ပါသည်။

➤ **အဘိဟရတိ-၌ ရှေးရှုဆောင်ခြင်း ၂-မျိုး** ။ ။ (၁) ကိုယ်ဖြင့် ရှေးရှုဆောင်ခြင်း။ (၂) နှုတ်ဖြင့် ရှေးရှုဆောင်ခြင်းတို့ ဖြစ်ပါသည်။

* ဤနေရာ၌ ကိုယ်ဖြင့် ရှေးရှုဆောင်ခြင်းကိုသာ ယူရပါမည်။

**မေး** ။ ။ ပဝါရိတ်သင့်ပြီးသော ရဟန်းတော်အား အတိရိတ်ဝိနည်းကံ မပြုဘဲ ဘောဇဉ်ကို စားနိုင်သော နည်းလမ်းများရှိက ရေးသားဖော်ပြပါ။

**ဖြေ** ။ ။ (၁) ကြိယာပုတ် မဖျက်ဘဲ စားခြင်း။ (၂) ဂိလာန၏ အကြွင်းအကျန်စားခြင်း-တို့ ဖြစ်ပါသည်။

➤ **ပဝါရိတ်သင့်ပြီးနောက် ဆက်လက်စားလို့သော ရဟန်း၏ ဆောင်ရွက်ပွယ်**

ပဝါရိတ်သင့်ပြီး၍ ဆက်လက်စားလိုပါက ကြိယာပုတ် မပြောင်းဘဲ စားရမည်၊ ကြိယာပုတ်ပြောင်းပြီးပါက အတိရိတ်ဝိနည်းကံ ပြုရမည်၊သို့သော် ပါးစပ်၌ရှင်း, လက်၌ရှင်း အာမိသရှိနေလျှင် ထိုအာမိသတို့က အတိရိတ်ဝိနည်းကံပြုရာတွင် မပါဝင်သောကြောင့် ထို ပါးစပ်, လက်တို့ကို စင်ကြယ်အောင်ပြုပြီးမှ စားရပါမည်။

➤ **အနတိရိတ္တ ခဲဖွယ်ဘောဇဉ် ၂-မျိုး** ။ ။ (၁) အတိရိတ်ဝိနည်းကံ မပြုအပ်သော ခဲဖွယ်ဘောဇဉ်၊ (၂) ဂိလာန၏ အပိုအလျှံ မဟုတ်သောဘောဇဉ်-တို့ ဖြစ်ပါသည်။

➤ **သစ်သီး, ပဲ, မုန့်, စသည်ကို ဟတ္ထပါသ်အတွင်း ပယ်မြစ်ခဲ့သော် ပဝါရိတ် သင့်/မသင့်** ။ ။ ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးကို ဟတ္ထပါသ်အတွင်း ပယ်မှသာ ပဝါရိတ် သင့်ပါသည်။ ခဲဖွယ်ကိုပယ်က ပဝါရိတ် မသင့်ပါ။

➤ **အတိရိတ်ဝိနည်းကံ ပြုသည်ဟူသည်** ။ ။ အပိုအလျှံဖြစ်အောင် ပြုခြင်းကို ခေါ်ပါသည်။

➤ **အကပ္ပိယဘောဇဉ် ၃-မျိုး** ။ ။ (၁) ရဟန်းတို့၏ ကပ္ပိခြင်းငါးမျိုးတို့ဖြင့် မကပ္ပိအပ်သော အသီး, သစ်ဥ, သစ်မြစ်,စသည်၊ (၂) မအပ်သော အသားကြီး (၁၀)မျိုး၊ (၃) ကုလဒူသန,စသည်ကြောင့်ဖြစ်သော ဘောဇဉ်တို့ ဖြစ်ပါသည်။ [၎င်းတို့ကို ပယ်မြစ်သည့်အတွက် ပဝါရိတ် မသင့်နိုင်။]

http://www.dhammadownload.com



➤ **အနတိရိတ္တ အဓိပ္ပါယ်** ။ ။ ဝိနည်းကံ (၇)ပါးတို့ဖြင့် မပြုအပ်သော ခဲဖွယ်ဘောဇဉ်, ဂိလာန၏ အပိုအလျှံ မဟုတ်သော ခဲဖွယ်ဘောဇဉ်ကို "အနတိရိတ္တ"ဟု ဆိုပါသည်။

➤ **ဂိလာနာတိရိတ္တ အဓိပ္ပါယ်** ။ ။ ဂိလာနာတိရိတ္တဟူသည် ဂိလာန စားပြီး၍ ကြွင်းကျန်သော ခဲဖွယ် ဘောဇဉ်သာ မဟုတ်, အမှတ်မထား တစ်ပါးပါးသော ခဲဖွယ်ဘောဇဉ်ကို ဂိလာနအတွက် ရည်ရွယ်၍ ယနေ့၌ဖြစ်စေ, နက်ဖြန်၌ဖြစ်စေ, အလိုရှိချိန် စားပါစေ-ဟု ကြံစည်၍ ဆောင်ထားသော ခဲဖွယ်ဘောဇဉ်ဟူသမျှကို ဆိုပါသည်။

➤ **ဘုတ္တာဝီနာ ကတံ ဟောတိ အဓိပ္ပါယ်** ။ ။ ဝိနည်းမိုရ်သည် အောက်ထစ်ဆုံးအားဖြင့် အခြားမဲ့ထိုင်နေသော ရဟန်း၏ သပိတ်မှ ထမင်းလုံးတစ်လုံးကိုသော်ရင်း, အသားမျှင်တစ်ခုကိုသော်ရင်း စားပြီး၍ ပြုလျှင်လည်း စားပြီးသူဟု ခေါ် ဆိုရပါသည်။

➤ **ခါဒနိယံ ဝါ ဘောဇနိယံဝါ-၌ ခါဒနိယ-အရ** ။ ။ ဘောဇဉ်ငါးပါးမှ ကြွင်းသော ယာဝကာလိက အားလုံးကို ယူရပါမည်။

➤ **ဘောဇနိယ-အရ** ။ ။ ဘောဇဉ်ငါးပါးကို ယူရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ ပဝါရိတ်သင့်ပြီး၍ အနတိရိတ္တအာမိသကို ခံယူသောရဟန်းအား ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း စားမျိုတိုင်း ပါစိတ်အာပတ်သင့်၏။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသောရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ ပဝါရိတ်သင့်ရာအရပ်မှ တစ်ပါးသော အရပ်၌ စားခြင်း (ဝတ္ထု) ဟူသောအကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ ယာမကာလိက,စသော ဝတ္ထုတို့ကို အာဟာရအကျိုးငှာ ခံယူသောရဟန်း, အာမိသ မပါသော ယာမကာလိက,စသော ဝတ္ထုတို့ကို စားမျိုသော ရဟန်း, အတိရိတ္တ ခဲဖွယ်ဘောဇဉ်၌ အနတိရိတ္တ-ဟု ထင်မှတ်၍ရင်း, ယုံမှားရှိ၍ရင်း ခံယူသောရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) အတိရိတ်ပြုပြီးပြီဟု မှတ်ထင်သောရဟန်း (၂) အပိုအလျှံပြုလုပ်၍ စားအံ့ဟု ခံယူသောရဟန်း (၃) သူတစ်ပါးအကျိုးငှာ ခံယူသောရဟန်း (၄) ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **စားဆဲဖြစ်ပါလျက် "တော်ပြီ"ဟု တားမြစ်သော်လည်း ပဝါရိတ် မသင့်သော ရဟန်းများ** ။ ။ (၁) ဘောဇဉ်ငါးပါး မဟုတ်သည်တို့ကို ပယ်မြစ်သောရဟန်း၊ (၂) ဟတ္ထပါသ်အတွင်းသို့ မရောက်မီ ပယ်မြစ်သောရဟန်း၊ (၃) ရှေးရှုဆောင်ယူဆဲ မဟုတ်သည်ကို ပယ်မြစ်သောရဟန်း-တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ပဝါရိတ်သင့်ခြင်း (၂) စားမည့် အာမိသ၏

http://www.dhammadownload.com



အတိရိတ္တ မဟုတ်ခြင်း (၃) နံနက်ကာလ၌ စားခြင်း-တို့ ဖြစ်ပါသည်။

➤ **ကိရိယာကိရိယဖြစ်ပုံ** ။ ။ စားခြင်းသည် ကိရိယ၊ အတိရိတ် မပြုခြင်းသည် အကိရိယ ဖြစ်ပါသည်။

**ဒုတိယ ပဝါရဏာ သိက္ခာပုဒ်**

➤ **အဘိဟဋ္ဌုံ ပဝါရေယျ–၌ ပဝါရဏာကာရပြပါဦး** ။ ။ ဟန္ဒ ဘိက္ခု ခါဒဝါ ဘုဉ္ဇဝါ ဖြစ်ပါသည်။

➤ **ဇာနံ–အရ / ဇာနံ အဓိပ္ပါယ်** ။ ။ ကြား၍ဖြစ်စေ, မြင်၍ဖြစ်စေ ပဝါရိတ်သင့်ပြီး သော ရဟန်းဟု သိခြင်းကို "ဇာနံ"ဟု ဆိုပါသည်။

➤ **ဇာနံ–အရ သိပုံအခြင်းအရာ ၃–မျိုး** ။ ။ (၁) ကိုယ်တိုင်မြင်သဖြင့် သိခြင်း၊ (၂) သူတစ်ပါးပြောသဖြင့် သိခြင်း၊ (၃) ပဝါရိတ်သင့်သော ရဟန်းကိုယ်တိုင် ပြော ကြားသဖြင့် သိခြင်း-တို့ ဖြစ်ပါသည်။

➤ **အာသာဒနာပေက္ခော အဓိပ္ပါယ်** ။ ။ ပါစိတ်အာပတ်ဖြင့် အပြစ်တင်လိုခြင်း, မျက်နှာပျက်အောင် ပြုလုပ်ခြင်းမျိုးကို "အာသာဒနာပေက္ခော"ဟု ဆိုပါသည်။

➤ **အဘိဟဋ္ဌုံ ပဝါရေယျ အဓိပ္ပါယ်** ။ ။ အလိုရှိသလောက် ယူလော့, စာလော့ဟု ဖိတ်ခြင်းကို "အဘိဟဋ္ဌုံ ပဝါရေယျ" ဟု ဆိုပါသည်။

➤ **ဘုတ္တသ္မိံ ပါစိတ္တိယံ–အရ အာပတ်သင့်ပုံ**

➤ **ပဝါရိတ်သင့်ပြီးသော ရဟန်းအား အနတိရိတ္တ ခဲဖွယ်ဘောဇဉ်ကို စားနိုင်းရာ တွင် စားသူ, နိုင်းသူရဟန်းတို့ အာပတ်သင့်ရာအခါ** ။ ။ အနတိရိတ္တ ခဲဖွယ်ဘောဇဉ် ကို ဆောင်ပေးသောအခါ, ပဝါရိတရဟန်းက ခံယူရာအခါ, ပဝါရိတရဟန်း၏ ဆွမ်းလုပ် ကို မျိုတိုင်းအခါတို့၌ နိုင်းသူရဟန်းမှာ ဒုတိယ ပဝါရဏာ သိက္ခာပုဒ်အရ ဒုက္ကဋ်၊ ပဝါရိတ ရဟန်း စားပြီးက ပါစိတ်အာပတ် သင့်ပါသည်။ * စားသောရဟန်းမှာ -- ပဌမ ပဝါရဏာ သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အတိရိတ္တ မဟုတ်သော ဘောဇဉ်ဖြင့် ရှေးရှု ဆောင်ယူ၍ ဖိတ်မံခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ ယာမကာလိက,စသော ဝတ္ထုတို့ကို အာဟာရ အကျိုးငှာ ဆောင်ယူသောရဟန်း၊ ထိုဝတ္ထုတို့ကို ခံယူခြင်း, စားမျိုခြင်းတို့၌ရင်း, ပဝါရိတ် မသင့်သောရဟန်းကို သင့်သူဟု အမှတ်ရှိ၍ရင်း, ယုံမှားရှိ၍ရင်း ဆောင်ယူ၍ ဖိတ်မံ သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) ပဝါရိတ် မသင့်ဟု

http://www.dhammadownload.com



မှတ်ထင်သောရဟန်း၊ (၂) အတိရိတ် ဝိနည်းကံပြု၍ ပေးသောရဟန်း၊ (၃) သူတစ်ပါး အကျိုးငှာ ဆောင်ယူသွားပါဟု ပေးသောရဟန်း၊ (၄) ယာမကာလိက စသည်တို့ကို ပိပါသဂေလည အကြောင်းရှိလျှင် စားပါဟု ပြော၍ ပေးသောရဟန်း၊ (၅) ဥမ္မတ္တက ရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅–ပါး** ။ ။ (၁) အဖိတ်ခံရသော ရဟန်း၏ ပဝါရိတ်သင့်သူ ဖြစ်ခြင်း၊ (၂) ပဝါရိတ်သင့်သူမှန်း သိခြင်း၊ (၃) စောဒနာဖို့ရန် ရှေးရှုခြင်း၊ (၄) အတိရိတ္တ မဟုတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ဖိတ်ခြင်း၊ (၅) အဖိတ်ခံရသော ရဟန်း၏ စားခြင်းကိစ္စ ပြီးဆုံးခြင်း-တို့ ဖြစ်ပါသည်။

❀ ❀ ❀ ❀ ❀

**ဝိကာလဘောဇန သိက္ခာပုဒ်**

➤ **ကာလ–အရ** ။ ။ အရုဏ်တက်ချိန်မှ မွန်းတည့်ချိန်အထိကို ယူရပါမည်။

➤ **ဝိကာလ–အရ** ။ ။ မွန်းတည့်လွန်ရာအခါမှ အရုဏ်တက်သည့်တိုင်အောင် သော အခါကို ယူရပါမည်။

➤ **ခါဒနီယ–အရ** ။ ။ သစ်မြစ်, သစ်ဥ, သစ်သီးမှစ၍ သစ်ပင်ဆိုင်ရာ အစိမ်း အမှည့်များနှင့် ပဲမျိုး, စပါးမျိုး (၇)ပါးမှဖြစ်သော မုန့်အမျိုးမျိုးကို ယူရပါမည်။

➤ **ဘောဇနီယ–အရ** ။ ။ ဘောဇဉ် ၅-မျိုးကို ယူရပါမည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ ဝိကာလအချိန် စားလိုသောကြောင့် အကပ်ခံ လျှင် ဒုက္ကဋ်၊ စားမျိုတိုင်း စားမျိုတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ သတ္တရသဝဂ္ဂီ ရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နေလွဲအခါ၌ စားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ ယာမကာလိက စသည်တို့ကို အာဟာရအကျိုးငှာ ခံယူခြင်း, စားမျိုခြင်းတို့ကြောင့်၎င်း, စားချိန်၌ ဝိကာလ-ဟု အမှတ်ရှိ၍၎င်း, ယုံမှား ရှိ၍၎င်း ခံယူခြင်း, စားမျိုခြင်းတို့ကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) စားချိန်၌ စားချိန်ဟု အမှတ်ရှိ၍ သုံးဆောင်သောရဟန်း၊ (၂) ယာမကာလိက စသည်တို့ကို ပိပါသဂေလည အကြောင်းကြောင့် သုံးဆောင်သောရဟန်း၊ (၃) ဥမ္မတ္တက,စသော ရဟန်း၊ (၄) စား မြုံ့ပြန်တတ်သော ရဟန်းတို့အား အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃–ပါး** ။ ။ (၁) ဝိကာလဖြစ်ခြင်း၊ (၂) ယာဝကာလိက ခဲဖွယ် ဘောဇဉ် ဖြစ်ခြင်း၊ (၃) စားမျိုခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## သန္နိဓိကာရက သိက္ခာပုဒ်

**➤ သန္နိဓိကာရက အဓိပ္ပါယ်** ॥ ॥ အကပ်ခံပြီးနောက် တစ်ညဥ့်ကျော်လွန်အောင် မစွန့်ဘဲ သိုမှီးမှုကို ပြုထားသော ခဲဖွယ်ဘောဇဉ်ကို "သန္နိဓိကာရက"ဟု ခေါ်ပါသည်။

**➤ သန္နိဓိကာရက—အရ** ॥ ॥ အကပ်ခံပြီး၍ တစ်ညဥ့်ကို လွန်စေသော ခဲဖွယ် ဘောဇဉ်ကို ယူရပါမည်။

**➤ သန္နိဓိကာရက--ဟူသောအမည်သည်** ॥ ॥ အကပ်ခံပြီး၍ တစ်ညဥ့်ကို လွန်စေ သော ခဲဖွယ်ဘောဇဉ်၏ အမည်ဖြစ်ပါသည်။

**➤ သန္နိဓိဖြစ်သော ကာလနှင့် ကာလိက** ॥ ॥ အကပ်ခံပြီး တစ်ညဥ့်ကို လွန်ခြင်း သည် သန္နိဓိကာလ၊ ယာဝကာလိက, ယာမကာလိက ၂-ပါးသည် သန္နိဓိကာလိက။

**➤ အကပ်ခံပြီးသော ခဲဖွယ်ဘောဇဉ်ကို သန္နိဓိ မဖြစ်အောင်ပြုလုပ်နည်း**

အကပ်ခံပြီးသော ခဲဖွယ်ဘောဇဉ်ကို လူ, သာမဏေတို့အား ငဲ့ကွက်မှု မရှိဘဲ စွန့်လွှတ်လိုက်ရမည်၊ ယင်းသို့ စွန့်လွှတ်လိုက်ပြီး နောက်တစ်ရက်တွင် လူ, သာမဏေ များက တစ်ဖန်ပြန်ကပ်ပါက သန္နိဓိ,မဖြစ်၍ စားကောင်းပါသည်။ **အကြောင်းကား-** ကိုယ်တိုင်အကပ်ခံ၍ မစွန့်ဘဲ နောက်တစ်နေ့၌ ကပ္ပိယဘောဇဉ်ကို သုံးဆောင်သော ရဟန်းအားသာ ပါစိတ်အာပတ်သင့်သောကြောင့်--တည်း။

**➤ အာပတ်အဆုံးအဖြတ်** ॥ ॥ သန္နိဓိ ယာဝကာလိက, ယာမကာလိကတို့ကို စားလို၍ ခံယူရာအခါ၌ အကပ်ခံခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း စားမျိုတိုင်း ပါစိတ်အာပတ် သင့်ပါသည်။ သန္နိဓိကပ္ပိယ ဘောဇဉ်ကို ပဝါရိတ်သင့်လျက် စားလျှင် သန္နိဓိပါစိတ်နှင့် ပဝါရိတ် ပါစိတ်အာပတ်သင့်ပါသည်။ ✱ သတ္တာဟကာလိကကို ၇-ရက် လွန်မှစားလျှင် ဘေသဇ္ဇ သိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။ ယာမကာလိကကို ညဥ့်ယာမ်လွန်မှစားလျှင် သန္နိဓိကာရ သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်ပါသည်။ ✱ ယာဝကာလိကကို နေလွဲမှစားလျှင် ဝိကာလဘောဇန သိက္ခာပုဒ်အရ ပါစိတ်အာပတ်၊ ,နောက်ရက်ကျမှ စားလျှင် သန္နိဓိပါစိတ်အာပတ် သင့်ပါသည်။

✱ ပိပါသဂေလည အကြောင်းရှိခဲ့သော် နေလွဲအခါ၌ ယာမကာလိက, သတ္တာဟ ကာလိက, ယာဝဇီဝိက-တို့ကို သုံးဆောင်လျှင် အနာပတ္တိ။ ✱ ဘိက္ခု၏ သန္နိဓိကို ဘိက္ခုနီ က, ဘိက္ခုနီ၏ သန္နိဓိကို ဘိက္ခုက စားလျှင် အနာပတ္တိ၊ အကြောင်းကား- ဘိက္ခုနီခန္ဓက ၌ ခွင့်ပြုတော်မူထားသောကြောင့်--တည်း။

**➤ ရဟန်းတော်များ မသုံးဆောင်ကောင်းသော သန္နိဓိပစ္စည်းများကို ဘိက္ခုနီမ တို့ သုံးဆောင်လျှင် အပ်/မအပ်** ॥ ॥ ဘိက္ခုနီ ခန္ဓက၌ ခွင့်ပြုတော်မူထားသောကြောင့် ဘိက္ခုနီမတို့ သုံးဆောင်လျှင် အပ်ပါသည်။

http://www.dhammadownload.com



➢ **သန္နိဓိပစ္စည်းများ** ။ ။ ကာလိက ၄-မျိုးတို့တွင် ယာဝကာလိက, ယာမကာလိက (၂)မျိုးသာ သန္နိဓိပစ္စည်း ဖြစ်ပါသည်။

➢ **ယူရမည့် ကာလိက** ။ ။ (၁) ယာဝကာလိက-အကပ်ခံသည့်နေ့၏ အရုဏ်တက်မှ နေမွန်းလွဲထိသာ ဘုဉ်းပေးခွင့်ရှိသော ဆွမ်းခဲဖွယ် ဘောဇဉ်များ။ (၂) ယာမ ကာလိက- အကပ်ခံသည့်နေ့၏ အရုဏ်တက်မှ စ၍ နောက်နေ့၏ အရုဏ်တက်ထိ တစ်ယာမ်ကုန်ဆုံးချိန် အထိသာ သုံးဆောင်ခွင့်ရှိသော ဖျော်ရည်များ ဖြစ်ပါသည်။

➢ **အကပ္ပိယ အသားကြီး (၁၀)မျိုးကို သိုမှီးသိမ်းဆည်း၍ စားရာ၌ အာပတ်သင့်ပုံ** ။ ။ လူသားကို သိုမှီးသိမ်းဆည်း၍ စားလျှင် ထုလ္လစ္စဉ်းနှင့် သန္နိဓိပါစိတ်အာပတ် ကြွင်းအသားကြီး (၉)မျိုးကို သိုမှီးသိမ်းဆည်း၍ စားလျှင် ဒုက္ကဋ်အာပတ်နှင့်တကွ သန္နိဓိပါစိတ်အာပတ် သင့်ပါသည်။ ဝိကာလအခါ၌ စားလျှင် ဝိကာလဘောဇနပါစိတ် အာပတ် သင့်ပါသည်။ * ပဝါရိတ်သင့်လျက် စားလျှင် ပဝါရိတ်ပါစိတ်အာပတ်လည်း ထပ်သင့်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အရှင်ဗေလဋ္ဌသီသမထေရ် (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ သိုမှီးသိမ်းဆည်းမှုကို ပြုခြင်းရှိသော ဘောဇဉ်ကိုစားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➢ **ကာလိက ၄-ပါးကို သန္နိဓိ ဖြစ်/မဖြစ် ခွဲခြားပုံ** ။ ။ ယာဝကာလိကနှင့် ယာမကာလိက ၂-မျိုးသည် အန္တောဝုဋ္ဌ သန္နိဓိကာရက ဖြစ်ပါသည်။ သတ္တာဟကာလိကနှင့် ယာဝဇီဝိက ၂-မျိုးကား အန္တောဝုဋ္ဌ သန္နိဓိကာရက မဖြစ်ပါ။

➢ **အကပ္ပိယကုဋိ မည်ပုံ** ။ ။ သံဃာ၏ ဥစ္စာ, ရဟန်းဖြစ်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော နေခြင်းအကျိုးငှာ ပြုလုပ်ထားသော ကျောင်းသည် "အကပ္ပိယကုဋိ" မည်၏။

➢ **အန္တောဝုဋ္ဌ မည်ပုံ** ။ ။ အကပ္ပိယကုဋိ၌ သဟသေယျလောက်သော အရပ် ဝယ် သိုမှီးသိမ်းဆည်းအပ်သော ယာဝကာလိက, ယာမကာလိကဖြစ်သော သံဃာ့ ဥစ္စာနှင့် ရဟန်းဖြစ်သော ပုဂ္ဂိုလ်၏ ဥစ္စာသည် "အန္တောဝုဋ္ဌ" မည်ပါသည်။

➢ **အန္တောပက္က မည်ပုံ** ။ ။ အကပ္ပိယကုဋိ၌ ချက်အပ်သော ယာဝကာလိက သည် "အန္တောပက္က" မည်ပါသည်။

➢ **သာမံပက္က မည်ပုံ** ။ ။ ကပ္ပိယကုဋိ၌ဖြစ်စေ, အကပ္ပိယကုဋိ၌ဖြစ်စေ ဘယ် အရပ်၌မဆို ရဟန်းကိုယ်တိုင် ချက်အပ်သော ယာဝကာလိကသည် "သာမံပက္က" မည် ပါသည်။

➢ **ကပ္ပိယကုဋိ ၄-မျိုးကို ခွင့်ပြုတော်မူရကျိုး** ။ ။ အန္တောဝုဋ္ဌ, အန္တောပက္က, သာမံပက္က, သံသဋ္ဌဖြစ်သော ကာလိကကို စားမိသော ရဟန်းအား ဒုက္ကဋ်အာပတ်

http://www.dhammadownload.com



သင့်ရောက်သောကြောင့် အန္တောဝုဋ္ဌ, အန္တောပက္ကတို့မှ လွတ်ခြင်းအကျိုးငှာ ကပ္ပိယကုဋိ ၄-မျိုးကို ခွင့်ပြုတော်မူပါသည်။

**မေး** ။ ။ ကပ္ပိယကုဋိ ၄-လုံး မရှိလျှင် မည်သို့ပြုလုပ်၍ သုံးဆောင်နိုင်ပါသနည်း။

**ဖြေ** ။ ။ ကပ္ပိယကုဋိ ၄-လုံး မရှိသော ကျောင်းတိုက်၌ ယာဝကာလိက, ယာမ ကာလိက-တို့ကို လူ, သာမဏေအား ပေးစွန့်ပြီး ၎င်းတို့၏ ဥစ္စာပြုလုပ်၍ သုံးဆောင်နိုင်ပါသည်။

➤ **ကျက်ပြီးဟင်းကို ထပ်ဖန် ချွေးကောင်း/မချွေးကောင်း** ။ ။ သာမံ ပါကမ္ပိ ပုန ပါကံ ဝဋ္ဋတိ-ဟု မိန့်တော်မူသောကြောင့် ချွေးကောင်းပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) သန္နိဓိကာရက မဟုတ်ဟု အမှတ်ရှိသောရဟန်း၊ (၂) ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက တို့ကို သိုမှီး၍ မိမိကာလကို မလွန်စေဘဲ စားသောရဟန်း၊ (၃) ယာဝဇီဝိက ဝတ္ထုကို ပိပါသဂေလည အကြောင်းရှိ၍ အခါခပ်သိမ်း စားသောရဟန်း၊ (၄) ဥမ္မတ္တကရဟန်း။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ယာဝကာလိက, ယာမကာလိက-ဟူသော အာမိသဖြစ်ခြင်း၊ (၂) သိုမှီးသိမ်းဆည်းထားခြင်း၊ (၃) ထိုအာမိသကို စားမျိုခြင်း။

## ပဏီတဘောဇန သိက္ခာပုဒ်

➤ **အနုပညတ်ပါဠိ** ။ ။ အဂိလာနော ဖြစ်ပါသည်။

➤ **ပဏီတဘောဇန (ပဏီတဘောဇဉ်) အဓိပ္ပါယ်** ။ ။ ထောပတ်,စသည်တို့နှင့် ရောနှောထားသော စပါး (၇)မျိုးတို့မှဖြစ်သော ဘောဇဉ်ကို "ပဏီတဘောဇန" (ပဏီတ ဘောဇဉ်) ဟု ခေါ်ပါသည်။

➤ **ပဏီတ–အရ** ။ ။ ထောပတ်,စသော ၉-မျိုးကို ယူရပါမည်။

➤ **ပဏီတဘောဇန–အရ** ။ ။ ထောပတ်,စသော ဝတ္ထုများနှင့် ရောထားသော ထမင်းကို ယူရပါမည်။

➤ **အဂိလာန–အရ** ။ ။ ပဏီတဘောဇဉ် မစားရဘဲလည်း ကျန်းမာနေသော ရဟန်းကို ယူရပါမည်။

➤ **သေယျထိဒံ သပ္ပိ နဝနီတံ စသည်ကို မိန့်တော်မူရကျိုး** ။ ။ မွန်မြတ်သော အာဟာရတို့၏ အထူးအပြားကို ပြခြင်းအကျိုးငှာ သေယျထိဒံ သပ္ပိ နဝနီတံ စသည်ကို မိန့်တော်မူပါသည်။

➤ **မစ္ဆ–အရ/ မစ္ဆ အဓိပ္ပါယ်** ။ ။ ရေ၌ လှည့်လည် ကျက်စားသော ငါး, လိပ်, မိကျောင်း, မကာန်း,စသော ရေသတ္တဝါအားလုံးကို "မစ္ဆ"ဟု ခေါ်ပါသည်။

➤ **မံသ–အရ/ မံသ အဓိပ္ပါယ်** ။ ။ အပ်သော အသားရှိသော သတ္တဝါ၏ အသား

http://www.dhammadownload.com



ကို "မံသ"ဟု ခေါ်ပါသည်။

**➤ ခီရ-အရ/ ခီရ အဓိပ္ပါယ်** ။ ။ အပ်သောအသားရှိသော သတ္တဝါ၏ နို့ရည်ကို "ခီရ"ဟု ခေါ်ပါသည်။

**➤ ဒဓိ-အရ/ဒဓိ အဓိပ္ပါယ်** ။ ။ အပ်သော အသားရှိသော သတ္တဝါ၏ နို့ဓမ်းကို "ဒဓိ"ဟု ခေါ်ပါသည်။

**➤ ထောပတ် (ဆီ, ဆီဦး, ပျား, တင်လဲ)ကို ဆေးအတွက် တောင်းသော အင်္ဂါလာန** ရဖာန်း ▪ မဟာနာမသိက္ခာပုဒ်ကို ထောက်၍ ပါစိတ်အာပတ်။

**✱ အသား (ငါး, နို့ရည်, နို့ဓမ်း) ကို တောင်းသော အင်္ဂါလာနရဖာန်း** ▪ သူပေါဒနဝိညတ္တိ သိက္ခာပုဒ်ကို ထောက်၍ ဒုက္ကဋ်အာပတ်။

**✱ ထောပတ်ဆွမ်းကို တောင်းသော အင်္ဂါလာန ရဖာန်း** ▪ ပဏီတဘောဇန သိက္ခာပုဒ်ကို ထောက်၍ ပါစိတ်အာပတ် သင့်ပါသည်။

**➤ တောင်းပုံ အခြင်းအရာအလိုက် အာပတ်သင့်ပုံ** ။ ။ ထောပတ်နှင့်ရောသော ဆွမ်းကို လှူပါ, ထောပတ်လောင်းထားသော ဆွမ်းကို လှူပါ, ထောပတ်နှင့်ရောနှော၍ ဆွမ်းကို လှူပါ, ထောပတ်ကိုဖြစ်စေ ဆွမ်းကိုဖြစ်စေ လှူပါ-ဟု တောင်းလျှင် တောင်းခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စားမျိုခြင်းကြောင့် ပါစိတ်အာပတ် သင့်ပါသည်။

**သပ္ပိ ဘတ္တံ ဒေဟိ-ဟု တောင်းလျှင်** သာလိဘတ္တ ရှိသကဲ့သို့ ထောပတ်မှဖြစ်သော ဆွမ်း,မရှိသောကြောင့် သူပေါဒနဝိညတ္တိ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ် သင့်၏။

✱ ထောပတ်ဆွမ်းကို လှူပါ-ဟု တောင်းရာ၌ ဆွမ်းကိုလှူပြီး ထောပတ်ပြုလုပ်ရန် ဆီဦး, နို့ရည်,စသည်ကိုငင်း၊ ဆီ,စသော ကပ္ပိယဘဏ္ဍာကိုငင်း လှူလိုက်လျှင် တောင်းခြင်းကြောင့် ဒုက္ကဋ်၊ ခံယူခြင်းကြောင့် ဒုက္ကဋ်၊ စားမျိုတိုင်း စားမျိုတိုင်း ပါစိတ်အာပတ် သင့်ပါသည်။ ✱ နွားနို့မှဖြစ်သော ထောပတ်နှင့်ရောသော ဆွမ်းကို လှူပါ-ဟု တောင်းရာ၌ ဆိတ်နို့မှဖြစ်သော ထောပတ်နှင့်ဆွမ်းကို လှူလျှင် အခြားဆွမ်းကို လှူ၍ ချွတ်ယွင်းသောကြောင့် အာပတ် မသင့်ပါ။

**➤ "ထောပတ်ထမင်း လှူခါန်းလော့"ဟု တောင်းသော ရဖာန်းအား** ▪ သလေးထမင်းကဲ့သို့ ထောပတ်ထမင်းမည်သည် မရှိသောကြောင့် သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

**➤ ပါစိတ်အာပတ် ၉-ချက် တစ်ပြိုင်နက် သင့်နိုင်ပုံ/ နဝပါစိတ္တိယ ဖြစ်ပုံ**

တစ်နေရာတည်း၌သော်ငင်း, နေရာ အမျိုးမျိုး၌သော်ငင်း တောင်း၍ရအပ်သော ထောပတ်,စသော ၉-မျိုးလုံးကို တစ်မျိုးတည်းရောနှော၍ သမန်းမြက်ဖျားဖြင့် တစ်

http://www.dhammadownload.com



ပေါက်လောက်မျှကိုလည်း စားမျိုလိုက်လျှင် စားသောရဟန်းအား ပါစိတ်အာပတ် ၉-ချက် တစ်ပြိုင်နက် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပဏီတဘောဇဉ်ကို တောင်းခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ ။ ။** (၁) ဂိလာနဖြစ်လျက် ဂိလာန-ဟု အမှတ်ရှိ၍ တောင်းစားသောရဟန်း၊ (၂) မကျန်းမာချိန်၌ တောင်း၍ ရောဂါပျောက်မှ စားသောရဟန်း၊ (၃) ဂိလာန၏ အကြွင်းအကျန်ကို စားသောရဟန်း၊ (၄) ဆွေမျိုးတော်သူ, ဖိတ်မံသူတို့ထံမှ တောင်း၍စားသောရဟန်း၊ (၅) ဂိလာနအတွက် တောင်းထားသော ပဏီတဘောဇဉ်ကို စားသောရဟန်း၊ (၆) မိမိ၏ အဝ်သော ဉစ္စာဖြင့် လဲယူထားသော ပဏီတဘောဇဉ်ကို စားသောရဟန်း (၇) ဥမ္မတ္တကရဟန်း။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး ။ ။** (၁) ပဏီတဘောဇဉ်ဖြစ်ခြင်း (၂) ကျန်းမာသူဖြစ်ခြင်း (၃) တောင်းခြင်းကြောင့် ရခြင်း (၄) စားမျိုခြင်း-တို့ ဖြစ်ပါသည်။

**ဒန္တပေါန သိက္ခာပုဒ်**

➤ **အနုပညတ်ပါရှိ ။ ။** အညတြ ဥဒကဒန္တပေါနာ ဖြစ်ပါသည်။

➤ **အဒိန္န အဓိပ္ပါယ် ။ ။** ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်ဖြစ်စေ အကပ်ခံသောရဟန်း၏ ဟတ္ထပါသ်၌တည်၍ ကိုယ်, ကိုယ်နှင့်စပ်သော ဝတ္ထု, ပစ်လွှတ်ခြင်း သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် မပေးအပ်သော အာဟာရကို "အဒိန္န"ဟုခေါ်သည်

➤ **အဒိန္န-ဟူသောအမည်သည် ။ ။** အကပ်မခံအပ်သော အာဟာရ၏ အမည် ဖြစ်ပါသည်။

➤ **အဒိန္န-အရ ။ ။** အကပ်မခံအပ်သော အာဟာရကို ယူရပါမည်။

➤ **အဒိန္န ၂-မျိုး အထူး ။ ။** ဒုတိယပါရာဇိက သိက္ခာပုဒ်၌ ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော ပရပရိဂ္ဂဟိတပစ္စည်းကို အဒိန္န-ဟု ဆိုပါသည်။ ဒန္တပေါနသိက္ခာပုဒ်၌ အကပ်မခံအပ်သော မိမိပိုင် သူတစ်ပါးပိုင် အာဟာရမျိုးကို အဒိန္န-ဟု ဆိုပါသည်။ ဤသို့ ထူးပါသည်။

➤ **အဒိန္န-အရ အကပ်,မခံအပ်သော အာဟာရကို ယူခြင်းသည် မှန်ကန်ကြောင်း**

အကပ်မခံအပ်သော အာဟာရသည် မိမိ၏ ဉစ္စာကိုပင်ဖြစ်သော်လည်း ရဟန်းအတွက် စားမျိုခြင်းငှာ မအပ်ပါ။ အကပ်ခံအပ်သော အာဟာရကိုကား အောက်ထစ်ဆုံးအားဖြင့် အကျွမ်းဝင်သူ၏ ဉစ္စာပင်ဖြစ်စေကာမူ စားမျိုခြင်းငှာအပ်ပါသည်။ ထို့ကြောင့် အဒိန္န-အရ အကပ်မခံအပ်သော အာဟာရကို ယူခြင်းသည် မှန်ကန်ပါသည်။

http://www.dhammadownload.com



➤ **အကပ် မခံအပ် အဦးပေးသုံးဆောင်ကောင်းသော ဝတ္ထု ၃-ပါး**

ရေ, ဒန်ပူ, မဟာဝိကဋဆေး-တို့ ဖြစ်ပါသည်။

➤ **စံပွယ် ခေါ်ဘောဇဉ်ကို ကပ်ပေးနိုင်သော ပုဂ္ဂိုလ်များ** ။ ။ လူ, သာမဏေ, ဘိက္ခုနီ, တိရစ္ဆာန်, နတ်-တို့ ဖြစ်ပါသည်။

**အမှာ/** ရဟန်းအတွက် ရဟန်းမကဒင်း, ရဟန်းမအတွက် ရဟန်းကဒင်း အပြန်အလှန် ကပ်နိုင်ပါသည်။

➤ **အကပ်မြောက်ကြောင်း အင်္ဂါ ၅-ပါး** ။ ။ (၁) ကပ်မည့်ပုဂ္ဂိုလ်က ရှေ့ရှုဆောင်ယူလာခြင်း၊ (၂) အကပ်ခံမည့်ရဟန်းက နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း ရောက်ခြင်း (၃) မဋ္ဌိမပုရိသ အား,အလယ်အလတ်ရှိသူ မြှောက်နိုင်သော ဝတ္ထုဖြစ်ခြင်း၊ (၄) ပေးကပ်သူက ကိုယ်, ကိုယ်နှင့်စပ်သော ဝတ္ထု, စွန့်လွှတ်ခြင်း သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ပေးကပ်ခြင်း၊ (၅) အကပ်ခံသော ရဟန်းက ကိုယ်, ကိုယ်နှင့်စပ်သော ဝတ္ထု နှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အကပ်ခံခြင်း-တို့ ဖြစ်ပါသည်။

➤ **ဦးခေါင်းပေါ်ရွက်တင်ထားသော စားဖွယ် သောက်ဖွယ်များကို လှူလို၍ ဦးခေါင်းကို အနည်းငယ် စောင်းညွတ်ပေးရုံဖြင့် အကပ်မြောက်/မမြောက်**

ရှေးရှုဆောင်ခြင်း,စသော အကပ်ခံခြင်းအင်္ဂါနှင့် ပြည့်စုံသောကြောင့် အကပ်မြောက်ပါသည်။

➤ **အကပ်ပျက်ကြောင်း အင်္ဂါ ၆-ပါး** ။ ။ (၁) ရဟန်းအဖြစ်မှ ရဟန်းမိန်းမအဖြစ်သို့ လိင်ပြောင်းသွားခြင်း၊ (၂) သေသွားခြင်း၊ (၃) သိက္ခာကျခြင်း၊ (၄) အကပ်ခံပြီးသော အစာကို ပေးစွန့်ခြင်း၊ (၅) သူတစ်ပါးအား ပေးလိုက်ခြင်း၊ (၆) နိုင်ထက်ကလူ လုယူခြင်း-တို့ ဖြစ်ပါသည်။

**ဆောင်** ။ ။ စွန့်-ချ-ပေး-လု၊ မစ္စု-လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံ ပျက်ကြောင်းတည်း။

➤ **ကပ်နည်း** ။ ။ (၁) ရှေးရှုဆောင်ခြင်း၊ (၂) အကပ်ခံသူ၏ နှစ်တောင့်ထွာအတွင်းသို့ ဝင်ရောက်ခြင်း၊ (၃) ထာမ မဋ္ဌိမပုရိသ မြှောက်ချီနိုင်သော ဝတ္ထုကို ကပ်ခြင်း၊ (၄) ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိယ ၃-ပါးတို့တွင် တစ်ပါးပါးဖြင့် ကပ်ခြင်း။

➤ **အကပ်ခံနည်း** ။ ။ (၁) ရှေးရှုယူလာသော ပစ္စည်းဖြစ်ခြင်း၊ (၂) နှစ်တောင့်ထွာ အတွင်းသို့ရောက်သော ပစ္စည်းဖြစ်ခြင်း၊ (၃) ထာမ မဋ္ဌိမပုရိသ မြှောက်ချီနိုင်သော ဝတ္ထုဖြစ်ခြင်း၊ (၄) ကာယ, ကာယပဋိဗဒ္ဓ ၂-ပါးတို့တွင် တစ်ပါးပါးဖြင့် အကပ်ခံခြင်း။

➤ **အကပ်မြောက်သော ဝတ္ထုပမာဏ** ။ ။ အကြီးဆုံး, အလေးဆုံးအားဖြင့် အား, အလယ် အလတ်ရှိသော ယောကျ်ားတစ်ယောက် ချီနိုင်, မြှောက်နိုင်သော ဝတ္ထုဖြစ်ပါသည်။ အငယ်ဆုံး, အပေါ့ဆုံးအားဖြင့် တံမြက်လှည်းစဉ်, ရထားနှင်စဉ် ထ,တင်

http://www.dhammadownload.com



နေသော ရထရေကျမြူခန့် ပမာဏရှိသော ဝတ္ထု ဖြစ်ပါသည်။

➤ **အကပ်ခံသော ရဟန်း၏ ကာယနှင့် ကာယပဋိဗဒ္ဓ—အရ** ။ ။ ကာယ-အရ ကိုယ်၏ အစိတ်အပိုင်းကို ယူရပါမည်။ * **ကာယပဋိဗဒ္ဓ—အရ** ◦ တစ်ယောက်ချီ မ, ရွေ့၍ ရကောင်းသော အောက်ထစ်ဆုံး ညောင်စောင်း, သစ်ရွက်,စသည်တို့ ဖြစ်သည်။

➤ **သပိတ်ထဲ ဆွမ်းထည့်ရာ၌ သပိတ် မကိုင်ဘဲ သပိတ်ခြေကိုသာ ကိုင်၍ ခံယူလျှင် အကပ်မြောက်/မမြောက်** ။ ။ ကာယပဋိဗဒ္ဓနှင့်စပ်သော ဝတ္ထုမည်သည် မရှိ ထိုသပိတ်ခြေသည်လည်း ကာယပဋိဗဒ္ဓတွင် ပါဝင်သောကြောင့် အကပ်မြောက် ပါသည်။

➤ **အစာ မစားနိုင်သော ဂိလာနရဟန်းအား နှာခေါင်းမှပိုက်ဖြင့် ယာဝကာလိက အောဇ်ကို သွင်းပေးပါက အပြစ် ရှိ/မရှိ** ။ ။ မုခဒွါရဟူသည် ပါးစပ်ပေါက် မဟုတ်၊ အောက်ပိုင်းအဝဖြစ်သော လည်ချောင်းပေါက်တည်း။ အာဟာရကို ပါးစပ်ကဖြစ်စေ, နှာခေါင်းကဖြစ်စေ သွင်းရာ၌ လည်ချောင်းပေါက်အတွင်းရောက်လျှင် မျိုရာရောက်တော့၏၊ ထို့ကြောင့် ဒုက္ကပေါ်န သိက္ခာပုဒ်အရ အပြစ်ရှိပါသည်။

**မှတ်ချက်/** အကပ် မခံသော ပစ္စည်းကို ဆိုလိုသည်၊ နှာခေါင်းမှ ပိုက်ဖြင့်သွင်းခြင်းသည်လည်း အကပ်မြောက်အင်္ဂါတွင် ပါဝင်နိုင်လျှင်ကား အပြစ် မရှိပါ။(ဖြေစုံ)

➤ **နှာခေါင်းမှ ပိုက်ဖြင့် အစာသွင်းသော ရဟန်းတော်အား အာပတ်သင့်/မသင့် အကပ်မြောက်/မမြောက်** ။ ။ အကပ်ခံရာ၌ အကပ်ခံမည်ဟု နှလုံးသွင်းမှုသည်သာ လိုရင်း ပမာ ဖြစ်သောကြောင့် အာပတ် မသင့်ပါ။ အကပ်မြောက်ပါသည်။

➤ **ပ်ပျော်စနေသော်လည်း အကပ်မြောက်ပုံ** ။ ။ အကပ်ခံမည်ဟု စောင့်မျှော်နေစဉ် ပျော်သွားသော ရဟန်း၏ သပိတ်၌ ပေးအပ်သော ဝတ္ထုသည် ဟတ္ထပါသ် အတွင်းရှိလျှင် အကပ်မြောက်ပါသည်။ **အကြောင်းကား**-- အကပ်ခံမည်ဟု နှလုံးသွင်းမှုသည်သာ လိုရင်းပမာဏ ဖြစ်သောကြောင့်- ဖြစ်ပါသည်။

➤ **ဟတ္ထပါသ် တိုင်းတာပုံ** ။ ။ အကပ်ခံရာ၌ ရဟန်းက အထက်လူက အောက်က နေလျှင် ရဟန်း၏ခြေဖျားစွန်းနှင့် လူ၏ လည်ကုပ်စွန်းအကြား၊ လူကအထက် ရဟန်းက အောက်ကနေလျှင် လူ၏ရှေ့ခြေဖျားစွန်းနှင့် ရဟန်း၏ လည်ကုပ်စွန်းအကြား၊ တစ်ယောက်က ကောင်းကင်, တစ်ယောက်က မြေ၌နေလျှင် မြေ၌နေသူ၏ ဦးခေါင်းဖြင့် ဟတ္ထပါသ်ကို တိုင်းထွာရပါမည်။

➤ **အား, အလယ်အလတ်ရှိသူက မြောက်နိုင်ပါလျက် ကပ်သူက မမြောက်နိုင်လျှင် အကပ်ခံနည်း** ။ ။ အား, အလယ်အလတ်ရှိသူ မြောက်နိုင်သော ဝတ္ထုကို ကပ်သူက မမြောက်နိုင်လျှင် မြေပေါ်၌ထားသော ရဟန်း၏လက်ပေါ်သို့ လိမ့်၍ တင်ပေးခြင်းအားဖြင့်ရင်း, တစ်စိတ်တစ်ဒေသလောက်ကိုသာ လက်ပေါ်၌ထားခြင်းအားဖြင့်ရင်း

http://www.dhammadownload.com



ကပ်ရပါမည်။ ထိုသို့ကပ်လျှင် အကပ်မြောက်ပါသည်။

➤ **ဆွမ်းစံနေစဉ် သပိတ်အတွင်း ကျလာသော မြူမှုန်ကို ထပ်မံ၍ အကပ်ခံသင့်ကြောင်း** ။ ။ မြူမှုန်သည် အကပ် မခံအပ်သော အရာဝတ္ထုဖြစ်သောကြောင့် အကပ်ခံ သင့်ပါသည်။(အကပ်မခံဘဲ ဆက်လက်၍ ဆွမ်းခံလျှင် ဝိနယဒုက္ကဋ်အာပတ် သင့်ပါသည်။တစ်ဖန် အကပ်ခံ၍ စားလျှင် အာပတ် မသင့်ပါ။)

➤ **ဆွမ်းစံနေစဉ် လေမှုန်တိုင်း ကျပါက ဆင်ခြင်ပွယ်** ။ ။ လေမုန်တိုင်း ကျသောကြောင့် မြူမှုန်သည် သပိတ်အတွင်း ကျလာပါက ဆွမ်းခံဖို့ မလွယ်ကူလျှင် ယင်းဆွမ်းကို လူ, သာမဏေအား ပေးမည်ဟု ကြံစည်ကာ စင်ကြယ်သော စိတ်ထားဖြင့် နှလုံးသွင်းကာ ဆွမ်းခံရမည်။ ထိုဆွမ်းကို လူ, သာမဏေအား ပေးပြီး, ထို လူ သာမဏေက အလိုက် သိစွာ ပေးပါက စားကောင်း၏၊ မပေးလျှင်လည်း ဝိဿာသဂ္ဂါဟဖြင့် ယူ၍လည်း စားကောင်းပါသည်။

➤ **မုခဒွါရ-အရ** ။ ။ လည်ချောင်းပေါက်ဝကို ယူရပါမည်။ **အကြောင်းကား-** ခံတွင်းဖြင့် သွင်းသည်ဖြစ်စေ, နှာခေါင်းဖြင့် သွင်းသည်ဖြစ်စေ လည်မျိုဖြင့် စားမျိုအပ်သောကြောင့် အစားအစာ အားလုံးသည် ခံတွင်း၏ အောက်ပေါက်သို့ သွင်းအပ်သည်ပင် ဖြစ်ရကား မုခဒွါရ-အရ လည်ချောင်းပေါက်ဝ (ဝါ) လည်မျိုကို ယူရပါသည်။

➤ **နှာခေါင်းမှနေ၍ ပိုက်ဖြင့် အစာသွင်းခြင်းကို မုခဒွါရ-ဟု ခေါ်နိုင်/မခေါ်နိုင်**

မုခဒွါရ-အရ လည်မျို လည်ချောင်းကို ယူရမည်ဖြစ်သဖြင့် ခံတွင်းမှဖြစ်စေ, နှာခေါင်းမှဖြစ်စေ သွင်းသမျှသည် လည်မျိုလည်ရိုးကို ဖြတ်သန်း၍ ဝမ်းသို့ ဝင်သွားရသောကြောင့် နှာခေါင်းမှနေ၍ ပိုက်ဖြင့် အစာသွင်းခြင်းကို မုခဒွါရ-ဟု ခေါ်နိုင်သည်။

➤ **မုခဒွါရ ၂-မျိုးအထူး** ။ ။ အနာဟာရသိက္ခာပုဒ်၌ အာဟာရဝင်ရာ ပါးစပ် အပေါက်ကို "မုခဒွါရ"ဟု ခေါ်၍၊ ဒန္တပေါနသိက္ခာပုဒ်၌ ခံတွင်းမှ အာဟာရလျှောထွက်ရာ လည်မျိုတည်းဟူသော အောက်ပေါက်ကို "မုခဒွါရ"ဟု ခေါ်ပါသည်။

➤ **အာဟာရ အဓိပ္ပါယ်** ။ ။ ကာလိက ၄-ပါးသည် ခံတွင်းဝသို့ ရှေးရှုဆောင်သောကြောင့် "အာဟာရ"မည်ပါသည်။

➤ **အာဟာရ-အရ** ။ ။ အလုံးစုံသော ယာဝကာလိက, ယာမကာလိက, သတ္တာဟ ကာလိက, ယာဝဇီဝိကများကို ယူရပါမည်။

➤ **အာဟာရ် အာဟာရဖေယျ-၌ အာဟာရသရုပ်** ။ ။ ရေကြည်နှင့် မျိုချရန် မဟုတ်သည့် ဒန်ပူတို့မှတစ်ပါး ကာလိကလေးပါးလုံးတို့သည် လည်မျိုဖြင့် ဆောင်ယူအပ် မျိုချအပ်သောကြောင့်-- အလုံးစုံသော ယာဝကာလိက, ယာမကာလိက, သတ္တာဟ ကာလိက, ယာဝဇီဝိက-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ကာလိက ၄-ပါးနှင့် အဓိပ္ပါယ်** ။ ။ (၁) ဘောဇဉ်ငါးပါးနှင့် ခဲဖွယ်ဟူသမျှသည် အရုဏ်တက်ချိန်မှစ၍ မွန်းတည့်တိုင်အောင် ကာလအတွင်း၌သာ စားသုံးရကောင်းသောကြောင့် "**ယာဝကာလိက**" မည်ပါသည်။

(၂) မီးဖြင့် မချက်သည့် ဖျော်ရည်များသည် မွန်းတည့်ပြီးနောက် အရုဏ်မတက်မီမိုးသောက်ယံတိုင်အောင် သုံးဆောင်ထိုက်သောကြောင့် "**ယာမကာလိက**" မည်၏။

(၃) သပ္ပိ,စသော ငါးမျိုးသည် ၇-ရက်လုံးလုံး သုံးဆောင်ထိုက်သောကြောင့် "**သတ္တာဟ ကာလိက**" မည်ပါသည်။ (၄) အာဟာရကိစ္စကို မပြီးစေနိုင်သော ဆား, ချင်း,စသော အရွက်, အမြစ်, အခေါက်, အစု, စသည်များသည် တစ်သက်ပတ်လုံး သုံးဆောင် ကောင်းသောကြောင့် "**ယာဝဇီဝိက**" မည်ပါသည်။

➤ **ယာဝကာလိက-အရ** ။ ။ (၁) စပါးမျိုး ၇-ပါး၊ (၂) စပါးမျိုး ၇-ပါးအားလျော်သော ကျိတ်စပါးစသည်၊ (၃) ထန်းသီး, အုန်းသီး, အိမ်ပိန္နဲသီး, တောင်ပိန္နဲသီး, ဗူးသီး, ဖရုံသီး, သခွားပြေုတ်သီး, သခွားဆေ်သီး, သခွားကြောင်သီးဟု ဆိုအပ်သော အသီးကြီး ၉-မျိုး၊ (၄) ပဲမျိုး၊ (၅) အာဟာရကိစ္စကို ပြီးစေနိုင်သော တောသစ်မြစ် သစ်ရွက်, သစ်ပွင့်, သစ်သီး,စသော ဝတ္ထုများကို ယူရပါမည်။

➤ **သစ်သီးကြီး ၉-မျိုး** ။ ။ ထန်းသီး, အုန်းသီး, အိမ်ပိန္နဲသီး, တောင်ပိန္နဲသီး, ဗူးသီး, ဖရုံသီး, သခွားပြေုတ်သီး, သခွားဆေ်သီး, သခွားကြောင်သီး-တို့ဖြစ်ပါသည်။

➤ **ယာမကာလိက-အရ** ။ ။ ဖျော်ရည် ရှစ်မျိုးနှင့် ထိုဖျော်ရည်အားလျော်သော ကြိမ်သီး,စသော ဖျော်ရည်အားလုံးကို ယူရပါမည်။

➤ **ဖျော်ရည် ၈-မျိုး** ။ ။ (၁) အမ္ဗပါန-သရက်သီးဖျော်ရည်၊ (၂) ဇမ္ဗုပါန-သပြေ[illegible]း ဖျော်ရည်၊ (၃) စောစပါန-တောငှက်ပျောသီးဖျော်ရည်၊ (၄) မောစပါန-အိမ်[illegible]က်ပျောသီးဖျော်ရည်၊ (၅) မဓုကပါန-သစ်မည်စည်သီးဖျော်ရည်၊ (၆) မုဒ္ဒိကပါန-[illegible]ရက်သီးဖျော်ရည်၊ (ဝါ) စပျစ်သီးဖျော်ရည်၊ (၇) သာလူကပါန-ကြာစွယ်ဖျော်ရည်၊ (၈) ဖာရုသကပါန-ဖက်သက်သီးဖျော်ရည်-တို့ ဖြစ်ပါသည်။

➤ **အနုလောမ ဖျော်ရည်များ** ။ ။ ကြိမ်သီး, မန်ကျည်းသီး, ရှောက်သီး, သီးသီး, ကြို့သီး, ခံသီး,စသော သေးငယ်သော အသီးဖျော်ရည်တို့ ဖြစ်ပါသည်။

➤ **ယာဝဇီဝိကဝတ္ထုများ** ။ ။ ကာလိက သုံးပါးနှင့် ကာလသုံးပါးမှလွတ်သော ရေမှတစ်ပါး အမြစ်, အသီးငယ်, အသီးကြီး, အရွက်, အခေါက်,စသော ဝတ္ထုများ ဖြစ်ပါသည်။

➤ **အနုပညတ်ကို တစ်ဖန်ပောတော်မူရကျိုး / အညတြ ဥဒကဒန္တပေါနာ-ဟုဟောတော်မူရကျိုး** ။ ။ အာဟာရ မဟုတ်သော ရေ၌ အာဟာရအမှတ်ဖြင့်ရင်း, ဒန်ပူ

http://www.dhammadownload.com



၌ ဒန်ပူကို ခံတွင်းပေါက်သို့ သွင်းမိလေပြီဟုရင်း ကုက္ကုစ္စရှိသော ရဟန်းတို့အား ကုက္ကုစ္စကို ပယ်ဖျောက်ခြင်းအကျိုးငှာ "အညတြ ဥဒကဒန္တပေါနာ"ဟု ဟောတော်မူပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) ရေနှင့် ဒန်ပူမှတစ်ပါး အကပ်မခံဘဲ သုံးဆောင်ရာ၌ ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း စားမျိုတိုင်း၌ ပါစိတ်အာပတ် သင့်ပါသည်။ (၂) ဒန်ပူဝါးရာ၌လည်း အရည်ဝင်သွားပါက ပါစိတ်အာပတ်၊ ထို့ကြောင့် ဒန်ပူကိုလည်း အကပ်ခံပြီးမှ ဝါးသင့်ပါသည်။ (၃) ဆွမ်းခံလှည့်လည်စဉ် သပိတ်အတွင်း၌ မြူမှုန်ကျလာပါက ထိုမြူမှုန်သည် အကပ် မခံရသေးသောကြောင့် သပိတ်ကို တစ်ဖန် အကပ်ခံပြီးမှ ဆွမ်းကိုခံယူထိုက်၏၊ အကပ်မခံဘဲ ခံယူပါက ဝိနယဒုက္ကဋ်အာပတ်၊ ထို ဆွမ်းကို တစ်ဖန် အကပ်ခံ၍ သုံးဆောင်ပါက အနာပတ္တိ။ (၄) သစ်ပင်မှအသီးကို ကြွေကျအောင် ကိုင်လှုပ်ပါက ကြွေကျလာသော အသီးသည် မအပ်၊ ဒုရူပစိဏ္ဏဒုက္ကဋ် အာပတ် သင့်ပါသည်။ (၅) ကပ်ပြီးသည်ကို မကပ်ရသေးဟု ထင်ပါက ဒုက္ကဋ်အာပတ်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ဝေသာလီပြည် (နိဒါန်း) ၌ အမျိုးအမည်အားဖြင့် မထင်ရှားသော ရဟန်း (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ မပေးအပ်သော (ဝါ) မကပ်အပ်သော အာဟာရကို ခံတွင်းသို့ ရှေးရှုဆောင်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဥဒက–အရ ယူရမည့်ရေ** ။ ။ ရထရေဏုပမာဏရှိသော မြူမှုန် မပါသည့် သန့်ရှင်းသော ရေကို ယူရပါမည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) အကပ်ခံအပ်သည်၌ အကပ်ခံပြီးဟု အမှတ်ရှိ၍ သုံးဆောင်သောရဟန်း။ (၂) ရေ, ဒန်ပူကို အကပ်မခံဘဲ သုံးဆောင်သောရဟန်း။ (၃) မြွေကိုက်ခံရသောအခါ ကပ်မည့်သူ မရှိ၍ မဟာဝိကဋ ဆေး ၄-မျိုးကို ကိုယ်တိုင်ယူစားသော ရဟန်း။ (၄) ဥမ္မတ္တကရဟန်း။

➤ **အသတိ ကပ္ပိယကာရကေ–၌ ကပ္ပိယကာရက အရော,မရောက်သူများ**

(၁) အပြောခက် အဆိုခက်သော ကပ္ပိယကာရက၊ (၂) သစ်စိမ်းပြာချဖို့ရန် မြေတူးဖို့ရန် မစွမ်းနိုင်သော ကလေး,စသော ကပ္ပိယကာရက-တို့ ဖြစ်ပါသည်။

➤ **ကာလောဒိဿမည်သော မဟာဝိကဋဆေးကြီး ၄–မျိုး** ။ ။ ကျင်ကြီး, ကျင်ငယ် သစ်စိမ်းပြာ, မြေညက်-တို့ ဖြစ်ပါသည်။ * ၎င်းတို့ကို မြွေကိုက်ခြင်းဟူသော အကြောင်း လည်းရှိ၊ ကပ်မည့်သူလည်း မရှိ၍ ကိုယ်တိုင်ယူစားလျှင် အနာပတ္တိ၊ ပြာ,မရှိလျှင် သစ်သားခြောက်ကို မီးရှို့၍ ပြုလုပ်နိုင်သည်။ အကယ်၍ သစ်သားခြောက်. မရှိလျှင် သစ်သားအစိုကို သစ်ပင်မှ ကိုယ်တိုင်ဖြတ်၍သော်လည်း ပြုလုပ်နိုင်ပါသည်။

မြေညက် မရှိပါကလည်း ရဟန်းကိုယ်တိုင် မြေတူးကောင်းပါသည်။ မဟာဝိကဋ

http://www.dhammadownload.com



ဆေးကြီးကို မြွေကိုက်မှသာ ကိုယ်တိုင်ယူခြင်းငှာ အပ်ပါသည်။ အခြားအခါ၌ အကပ်ခံ၍ သုံးစွဲရပါမည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး ။ ။** (၁) အကပ်မခံခြင်း၊ (၂) သီးခြားခွင့်ပြုချက် မရှိခြင်း၊ (၃) မီးခိုး,စသော အဗ္ဗောဟာရိက မဟုတ်ခြင်း (၄) စားမျိုခြင်း-တို့ ဖြစ်ပါသည်။

➤ **အမွေးတိုင်,စသည်မှ ထွက်သော အခိုး စံတွင်းသို့ဝင်သွားသော် အပြစ် မဖြစ်ခြင်းအကြောင်း ။ ။** အာပတ်သင့်ခြင်း၏အကြောင်း မလုံလောက်သောကြောင့် အပြစ်မဖြစ်ပါ။ (ဝါ) အာပတ် မသင့်ပါ။

**အစေလကဝဂ်/ အစေလက သိက္ခာပုဒ်**

➤ **ပါစိတ်အာပတ်သင့်ပုံ ။ ။** ဆွမ်း,စသော အာမိသကို တစ်ကြိမ်တည်းသော ပယောဂဖြင့် ပေးသောရဟန်းအား ပါစိတ်အာပတ်တစ်ချက်၊ ဖြတ်၍ ဖြတ်၍ပေးသော ရဟန်းအား ပယောဂတိုင်း ပယောဂတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ ။ ။** ရေ, ဒန်ပူကိုပေးသော ရဟန်း၊ တိတ္ထိမဟုတ်သူ၌ တိတ္ထိဟု အမှတ်ရှိ၍ငင်း, ယုံမှားရှိ၍ငင်း ပေးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** ဝေသာလီပြည် (နိဒါန်း) ၌ အရှင်အာနန္ဒာ (မုဋ္ဌိလ်) ကို အကြောင်းပြု၍ ပရိဗိုဇ်မအား မုန့်နှစ်ယှက်တို့ကို ပေးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်အောင်ပေးနည်း /အာပတ် မသင့်သော ရဟန်းများ**

လူ, သာမဏေကို ပေးခိုင်းလျှင်ငင်း, တိတ္ထိတို့အနီး၌ စားခွက်ကိုချထားပြီး "ဤဝတ္ထုကို ယူကုန်လော့"ဟု ပြော၍ ပေးလျှင်ငင်း, တိတ္ထိတို့ ချထားသောခွက်၌ ထည့်ပေးလျှင်ငင်း အပ၌ လိမ်းကျံကြောင်း ဆီ,စသည်ကိုပေးလျှင်ငင်း ပေးသောရဟန်းမှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ။ ။** (၁) အညတိတ္ထိဖြစ်ခြင်း (၂) ပြင်ပလိမ်းကျံရန် အတွက် ခွင့်ပြုအပ်သော ဆီ,စသည် မဟုတ်ခြင်း၊ (၃) စားမျိုအပ်သော အာဟာရ၏ စားမျိုခြင်းငှာ မိမိလက်ဖြင့် မချထားအပ်သော စားခွက်၌ ပေးခြင်း-တို့ ဖြစ်ပါသည်။

**ဥယျောဇန သိက္ခာပုဒ်**

➤ **ဒါပေတွာ အဓိပ္ပါယ် ။ ။** ဆွမ်း,စသော အာမိသပေးခြင်းကို "ဒါပေတွာ"ဟု ဆိုပါသည်။

➤ **အဒါပေတွာ အဓိပ္ပါယ် ။ ။** ဆွမ်း,စသော အာမိသ မပေးခြင်းကို "အဒါပေတွာ"ဟု ဆိုပါသည်။

➤ **ဥယျောဇေယျ အဓိပ္ပါယ် ။ ။** မာတုဂါမနှင့်အတူ ရယ်ရွှင်ခြင်း, ကစားလိုခြင်း

http://www.dhammadownload.com



ဆိတ်ကွယ်ရာအရပ်၌ ထိုင်ခြင်း, စသည်တို့ကို ပြုလုပ်လိုသဖြင့် အဖော်ကို ပြန်လွှတ်ခြင်းကို "ဉယျောဇေယျ"ဟု ဆိုပါသည်။

➤ **ပြန်လွှတ်ခြင်းအကြောင်း** ။ ။ မာတုဂါမနှင့်အတူ ရယ်ရွှင်ခြင်း, ကစားလိုခြင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်ခြင်း, ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးမှုကို ပြုလုပ်လိုသောကြောင့် ပြန်လွှတ်ပါသည်။

➤ **ဆွမ်းခံသွားဖော် ရဟန်းတစ်ပါးကို ယုတ်မာသော အလိုဆိုးဖြင့် ပြန်လွှတ်သော ရဟန်းအား သင့်ရောက်နိုင်သော အပြစ်များ** ။ ။ ပြန်လွှတ်ရုံမျှဖြင့် ဒုက္ကဋ်အာပတ်၊ မြင်လောက်ရာ ဥပစာ, ကြားလောက်ရာ ဥပစာအရပ်ကို ပဌမ ခြေလှမ်းလွန်သွားလျှင် ဒုက္ကဋ်အာပတ်။ ဒုတိယ ခြေလှမ်းလွန်သွားလျှင် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဒဿနူပစာရ, သဝနူပစာရ မှိုင်းခြားပုံ** ။ ။ ပြန်လွှတ်လိုက်သော ရဟန်းနှင့် ထွက်ခွါသော ရဟန်းအကြားတွင် နံရံ, တံခါး, တံတိုင်း,စသော တစ်စုံတစ်ခု အဆီးအတား မရှိလျှင် တစ်ဆယ့်နှစ်တောင်၏ အတွင်းအရပ်ကို "ဒဿနူပစာရ, သဝနူပစာရ" ဟု ဆိုပါသည်။ နံရံ, တံခါး, တံတိုင်း,စသော တစ်စုံတစ်ခု အဆီးအတားရှိလျှင် ထိုအဆီးအတား အတွင်းကို "ဒဿနူပစာရ, သဝနူပစာရ"ဟု ဆိုပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ လူ, သာမဏေကို ပြန်လွှတ်သောရဟန်း၊ ရဟန်း သာမဏေ နှစ်ဦးတို့အပေါ်၌ စိတ်ဆိုး၍ အမိန့်အာဏာကို တင်သောရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပြန်လွှတ်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အဖော်ရဟန်းကို ပြန်လွှတ်နိုင်ခြင်းအကြောင်း** ။ ။ သင်နှင့် ငါတို့နှစ်ပါးအတူ ဆွမ်းခံလျှင် နှစ်ပါးလုံးမျှတအောင် ရကြလိမ့်မည်မဟုတ်,စသော လျောက်ပတ်သော အကြောင်းတို့ကြောင့် ပြန်လွှတ်သောရဟန်းအား အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) မလျော်သောအကျင့်ကို ပြုကျင့်လိုခြင်း (၂) ထိုသို့ ကျင့်လိုသည့်အတွက် ရဟန်းကို ပြန်လွှတ်ခြင်း (၃) မိမိ၏ မြင်လောက် ကြားလောက်ရာ ဥပစာကို ပြန်လွှတ်ခံရသူက လွန်ခြင်း-တို့ ဖြစ်ပါသည်။

**သဘောဇနေ သိက္ခာပုဒ်**

➤ **သဘောဇနေ အဓိပ္ပါယ်** ။ ။ သမီးခင်ပွန်းနှစ်ယောက်တို့နှင့်တကွဖြစ်သော အိမ်ကို "သဘောဇနေ"ဟု ခေါ်ပါသည်။ **တစ်နည်း**-- စည်းစိမ်သုံးဆောင် ခံစားအပ်သော မိန်းမ ယောကျ်ားနှင့်တကွဖြစ်သော အိမ်ကို "သဘောဇနေ"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



➤ **သဘောဇနေ–အရ** ။ ။ သမီးခင်းပွန်းနှင့် တကွဖြစ်သော အိမ်ကို ယူရမည်။

➤ **ဘောဇနေ–အရ** ။ ။ ခံစားအပ်သော စည်းစိမ်ကို ယူရပါမည်။

➤ **အနုပခဇ္ဇ–အရ** ။ ။ ကျယ်ဝန်းလျှင် အခန်းတံခါးဘောင်မှ နှစ်တောင့်ထွာထက် ဝေးသော နေရာဌာန၊ ကျဉ်းမြောင်းလျှင် အခန်း၏ အလယ်ဗဟိုအရပ်ကို ယူရပါမည်။

➤ **အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေယျ–အရ အာပတ်သင့်ပုံ** ။ ။ (၁) ကျယ်ဝန်းသော အိမ်ခန်းအတွင်းသို့ ဝင်ထိုင်ရာတွင် အခန်းတံခါးဘောင်မှ နှစ်တောင့်ထွာထက်ဝေးသော နေရာတွင် ဝင်ထိုင်ပါက ပါစိတ်အာပတ် သင့်ပါသည်။ (၂) ကျဉ်းမြောင်းသော အိမ်ခန်း အတွင်းသို့ ဝင်ထိုင်ရာတွင် အခန်း၏ အလယ်ဗဟိုအရပ်ကို လွန်၍ဝင်ထိုင်ပါက ပါစိတ် အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အိပ်ရာအနီးသို့ ကပ်ဝင်၍ နေထိုင်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဝင်ထိုင်သော်လည်း အာပတ် မသင့်သော ပုဂ္ဂိုလ်များ** ။ ။ ရဟန်းယောက်ျား အဖော်ရှိလျှင်ရင်း, သမီးခင်ပွန်းနှစ်ယောက် အိပ်ခန်းမှ ထွက်သွားလျှင်ရင်း, သမီး ခင်ပွန်း နှစ်ယောက်တို့ ရာဂကင်းလျှင်ရင်း ဝင်ထိုင်သောရဟန်းမှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃–ပါး** ။ ။ (၁) ရာဂ,မကင်းသေးသော သမီးခင်ပွန်းတို့ ထို အိမ်၌ တည်ရှိခြင်း (၂) ထိုင်နေရာဌာနက အိပ်ခန်းဖြစ်ခြင်း (၃) ရဟန်းအဖော် မပါခြင်း

➤ **ရဟော ပဋိစ္ဆန္န သိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဖုံးကွယ်အပ်သော အရပ်၌ နေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ရဟောနိသဇ္ဇ သိက္ခာပုဒ် ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နား၏ကွယ်ရာ၌ နေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**စာရိတ္တ သိက္ခာပုဒ်**

➤ **နိမန္တိတော အစိပ္ပါယ်** ။ ။ ဘောဇဉ်ငါးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဖိတ်မံခြင်း မျိုးကို "နိမန္တိတော"ဟု ဆိုပါသည်။

➤ **သဘတ္တော အစိပ္ပါယ်** ။ ။ ဘောဇဉ်ငါးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဖိတ်မံ ထားခြင်းခံရသဖြင့် ဖိတ်မံထားသော ဆွမ်းရှိသူကို "သဘတ္တော"ဟု ဆိုပါသည်။

➤ **သန္တံ ဘိက္ခုံ အစိပ္ပါယ်** ။ ။ မျက်စိဖြင့် မြင်လောက်ရာအတွင်းမှာရှိ၍ ပကတိ

http://www.dhammadownload.com



ပြောနေကြ အသံဖြင့် ပြောသောအခါ ကြားလောက်သော အရပ်တွင် ထင်ရှားရှိနေသော ရဟန်းကို "သန္တ ဘိက္ခုံ"ဟု ဆိုပါသည်။

➤ **အနာပုစ္ဆာ အစိပ္ပါယ်** ။ ။ ပြောရိုးပြောစဉ် စကားကို ကြားနိုင်လောက်သော ၁၂-တောင်အတွင်း၌ ရဟန်းတစ်ပါးပါးကို "မည်သူ၏အိမ်သို့ သွားမည်လို့ပါ"ဟု ဖြစ်စေ, "မည်သည့်အိမ်၌ လှည့်လည်မည်လို့ပါ"ဟုဖြစ်စေ မပန်ပြောခြင်းကို "အနာပုစ္ဆာ" ဟု ဆိုပါသည်။

➤ **ထင်ရှားရှိသော ရဟန်းကို ပန်ကြားပုံ** ။ ။ အဟံ ဣတ္ထန္နာမဿ ဃရံ ဂစ္ဆာမိ (အကျွန်ုပ် မည်သူ့အိမ် သွားမလို့ပါ) အဟံ စာရိတ္တံ အာပဇ္ဇာမိ (မည်သူ့အိမ်၌ လှည့်လည် မလို့ပါ) ဟု ထင်ရှားရှိသောရဟန်းကို ပန်ကြားရပါမည်။

➤ **ပုရေဘတ္တ–အရ/ ပုရေဘတ္တ အစိပ္ပါယ်** ။ ။ နိမန္တနဘတ်ကို မစားမီအချိန်ကာလကို "ပုရေဘတ္တ"ဟု ဆိုပါသည်။

➤ **ပစ္ဆာဘတ္တ–အရ/ ပစ္ဆာဘတ္တ အစိပ္ပါယ်** ။ ။ နိမန္တနဘတ်ကို စားပြီး အချိန်ကာလကို "ပစ္ဆာဘတ္တ"ဟု ဆိုပါသည်။

➤ **ကုလေသု စာရိတ္တံ အာပဇ္ဇေယျ အစိပ္ပါယ်** ။ ။ ပင့်ဖိတ်အပ်ရာ အမျိုးမှ (ဝါ) အိမ်မှ အခြားသော အမျိုးတို့သို့ ဝင်ခြင်းကို "ကုလေသု စာရိတ္တံ အာပဇ္ဇေယျ" ဟု ဆိုပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ဖိတ်ထားသောအိမ်မှ တစ်ခြားအိမ်သို့ သွားရာ၌ (၁) အိမ်၏ ဥပစာအတွင်းသို့ ဝင်မိသောအခါ ဒုက္ကဋ်အာပတ်၊ (၂) အိမ်တံခါးခုံ အတက်အဆင်းကို ပထမ ခြေလှမ်းကျော်လွန်မိသောအခါ နောက်ထပ် ဒုက္ကဋ်အာပတ်၊ (၃) ဒုတိယ ခြေလှမ်း လွန်သောအခါ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ပင့်ဖိတ်ထားသော အိမ်မှ မပန်ကြားဘဲ သွားကောင်းသော အရပ်များ**

(၁) မြို့တွင်း ရွာတွင်း၌ရှိသော ကျောင်းများ (၂) ဘိက္ခုနီများ နေထိုင်ရာကျောင်း (၃) တိတ္ထိတို့နေထိုင်ရာကျောင်း (၄) ဆွမ်းစားဇရပ် (၅) ဆွမ်းပင့်ဖိတ်ထားသူ၏ အိမ်တို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ လှည့်လည်ခြင်းရှိသူ၏ အဖြစ်သို့ ရောက်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အနုပညတ် ၄–မျိုး** ။ ။ (၁) သန္တံ ဘိက္ခုံ အနာပုစ္ဆာပညတ်၊ (၂) ပုရေဘတ္တံ ပညတ်၊ (၃) ပစ္ဆာဘတ္တံ ပညတ်၊ (၄) အညတြ သမယာ ပညတ်-တို့ဖြစ်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) အနိမန္တိတ၌ အနိ

http://www.dhammadownload.com



မန္တိတ-ဟု အမှတ်ရှိ၍ မပန်ပြောဘဲ ဝင်သောရဟန်း(၂) အခါ၌ မပန်ပြောဘဲ ဝင်သောရဟန်း (၃) ထင်ရှားရှိသော ရဟန်းကို ပန်ပြော၍ ဝင်သောရဟန်း။ (၄) ထင်ရှား မရှိသော ရဟန်းကို မပန်ပြောဘဲ ဝင်သောရဟန်း။ (၅) ပင့်ဖိတ်သူမှတစ်ပါး တစ်ခြားသူ၏ အိမ်လမ်း (ဝါ) အိမ်ဥပစာလမ်းဖြင့် သွားသောရဟန်း။ (၆) ရွာတွင်းရှိကျောင်းတိုက်, ဘိက္ခုနီကျောင်း, တိတ္ထိတို့ အိပ်ရာနေရာ, ဆွမ်းစားဇရပ်, ဘတ်ရှိရာအိမ်တို့သို့ သွားသောရဟန်း။ (၇) ဘေးရန်တို့ကြောင့် သွားသောရဟန်း (၈) ဥမ္မတ္တကရဟန်း။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ဘောဇဉ်ငါးမျိုးတို့တွင် တစ်ပါးပါးဖြင့် ဖိတ်သည်ကို သာယာခြင်း။ (၂) ထင်ရှားရှိသောရဟန်းကို မပန်ပြောခြင်း။ (၃) ဘတ်ရှိရာအိမ်မှ အခြားအိမ်သို့ ဝင်ခြင်း။ (၄) မွန်းတည့်အချိန်ကို မလွန်သေးခြင်း။ (၅) အခါဖြစ်စေ, ဘေးရန်ဖြစ်စေ မရှိခြင်း-တို့ ဖြစ်ပါသည်။

**မဟာနာမ သိက္ခာပုဒ်**

➤ **စတုမာသပ္ပစ္စယပဝါရဏာ အဓိပ္ပါယ်** ။ ။ လေးလတို့ပတ်လုံး ဂိလာနပစ္စည်းဖြင့် ဖိတ်မံခြင်းကို "စတုမာသပ္ပစ္စယပဝါရဏာ" ဟု ခေါ်ပါသည်။

➤ **ပစ္စယ-အရ** ။ ။ သပ္ပိ, နဝနီတ,စသော ဂိလာန ပစ္စည်းတို့ကို ယူရပါမည်။

➤ **ပဝါရဏာ-အရ** ။ ။ သံယာအား ဖိတ်ကြားခြင်းကို ယူရပါမည်။

➤ **စတုမာသပ္ပစ္စယပဝါရဏာ သာဒိတဗ္ဗာ, အညတြ ပုနပ္ပဝါရဏာယ, အညတြ နိစ္စပဝါရဏာယ-ဟု ၃-မျိုးခွဲ၍ ဟောတော်မူရခြင်း** ။ ။ ဝတ္ထုကြောင်းဝယ် လေးလဖိတ်ခြင်း, နောက်ထပ်ဖိတ်ခြင်း, အမြဲဖိတ်ခြင်းဟု ၃-မျိုးပါသောကြောင့် ဝတ္ထုကြောင်းအလိုက် ၃-မျိုးခွဲ၍ ဟောတော်မူပါသည်။

➤ **သာဒိတဗ္ဗာ-၌ သာယာခြင်းဟူသည်** ။ ။ လေးလပတ်လုံးဖြစ်စေ, နောက်ထပ်ဖြစ်စေ, အမြဲဖြစ်စေ ဖိတ်မံခြင်းအားလုံးကို မပယ်ရှားခြင်း, လက်ခံထားခြင်း ဖြစ်သည်။

➤ **ဆေးပစ္စည်းဖြင့် ဖိတ်ခြင်း ၃-မျိုး** ။ ။ (၁) လေးလဖိတ်ခြင်း။ (၂) နောက်ထပ်ဖိတ်ခြင်း။ (၃) အမြဲဖိတ်ခြင်း။ [ဤသုံးမျိုးလုံးကို သာယာနိုင်သည်။]

➤ **သာဒိတဗ္ဗာ-အရ သာယာခြင်း ၂-မျိုး** ။ ။ (၁) မပယ်မလှန်ခြင်း။ (၂) လက်ခံခြင်း-တို့ ဖြစ်ပါသည်။

➤ **သာဒိယေယျ-အရ** ။ ။ တောင်းရမ်းခြင်းကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်၌ အလိုရှိသော ပဝါရဏာ** ။ ။ တတော စေ ဥတ္တရိ သာဒိယေယျ ကိုထောက်၍ ပိုင်းခြားကန့်သတ်၍ ဖိတ်ခြင်း ပရိယန္တပဝါရဏာကို ယူရပါမည်။

➤ **တတော စေ ဥတ္တရိ သာဒိယေယျ-၌ တတော-အရ** ။ ။ ဖိတ်ကြားသူက ခွဲခြားလျှောက်ထားသောဆေးနှင့် ပိုင်းခြားကန့်သတ်သော အခါကာလကို ယူရပါမည်။

http://www.dhammadownload.com



➤ **တဓော စေ ဥဇ္ဈာရိ သာဒိယေယျ-၌ အပိုင်းအခြားပြု၍ ဖိတ်ပုံ ၂-မျိုး**
(၁) "ဤမျှလောက်သော ညဥ့်တို့ပတ်လုံး တောင်းပါ"ဟု ညဥ့်ကိုပိုင်းခြား၍ ဖိတ်ခြင်း [ရတ္တိပရိစ္ဆေဒ ပြုပုံ] (၂) "ဤမျှလောက်သော ဆေးတို့ကို တောင်းပါ"ဟု ဆေးကို ပိုင်းခြား၍ ဖိတ်ခြင်း [ဘေသဇ္ဇပရိစ္ဆေဒ ပြုပုံ] တို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သက္ကတိုင်း (နိဂါန်း) ၌ ဆဗ္ဗဂ္ဂီ ရဟန်းများ (ဗုဒ္ဓိလ်) ကို အကြောင်းပြု၍ ဆေးကိုတောင်းခြင်း (ဝစ္ဆု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ဗုဒ္ဓိလ်များ ။ ။** "ဒါယကာ ဖိတ်တုန်းက ဤမည်သောဆေးကို ဖိတ်ထား၏, ငါတို့မှာ ဒါယကာ ဖိတ်ထားသောဆေးမှ တစ်ခြားသော ဤမည်သော ဆေးကို စားသုံးလိုသည်"ဟုရင်း၊ "ဒါယကာ ဖိတ်တုန်းက တစ်ပိဿာ တောင်းပါဟု ကန့်သတ်ထား၏, ငါတို့မှာ တစ်ပိဿာကျော် အသုံးလိုနေသည်" ဟုရင်း၊ "ဒါယကာ ကန့်သတ်ထားသည့် ညဥ့်များတော့ ကုန်လွန်သွားပါပြီ၊ ငါတို့မှာ ယခုမှ ဆေးအလိုရှိနေသည်"ဟုရင်း၊ အမှန်အတိုင်းပြော၍ တောင်းလျှင် ဂိလာနမှာ အာပတ် မသင့်ပါ။ ထို့ပြင် သူတစ်ပါးအတွက် ထိုသူ၏ ဉာတိပဝါရိတတို့ထံ၌ဖြစ်စေ, မိမိ၏ ဉာတိပဝါရိတထံ၌ဖြစ်စေ, တောင်းလျှင်ရင်း၊ မိမိဥစ္စာဖြင့် လဲလှယ်လျှင်ရင်း ထို ရဟန်းတို့မှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး ။ ။** (၁) သံယာကို ဖိတ်ခြင်း (၂) ဆေးကိုတောင်းခြင်း (၃) ဂိလာန မဟုတ်ခြင်း (၄) ဖိတ်ထားသော လ, ရက်အပိုင်းအခြားကိုဖြစ်စေ, ဆေး အပိုင်းအခြားကိုဖြစ်စေ လွန်ခြင်း-တို့ ဖြစ်ပါသည်။

**ဥယျုတ္တသေနာ သိက္ခာပုဒ်**

➤ **အနုပညတ်ပါဠိ ။ ။** အညတြ တထာရူပပ္ပစ္စယာ ဖြစ်ပါသည်။

➤ **သေနံ-အရ ။ ။** အင်္ဂါလေးပါးရှိသော စစ်တပ်ကို ယူရပါမည်။

➤ **စစ်အင်္ဂါ ၄-ပါး ။ ။** ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်-တို့ ဖြစ်ပါသည်။ * **ဆင်တစ်စီး၌**-- ယောက်ျား(၁၂)ယောက် ပါဝင်ပါသည်။ * **မြင်းတစ်စီး၌** ယောက်ျား ၃-ယောက် ပါဝင်ပါသည်။ * **ရထားတစ်စီး၌**-- ယောက်ျား ၄-ယောက် ပါဝင်ပါသည်။ * **ခြေလျင်တပ်တစ်စု၌**-- လက်၌ မြားကိုင်ထားသော ယောက်ျား ၄-ယောက် ပါဝင်ပါသည်။

➤ **ခြေလျင်စစ်တပ်ကို မြင်လောက်ရာ အရပ်သို့ သွားကြည့်ပါက ပါစိတ်အာပတ် မသင့်ခြင်းအကြောင်း ။ ။** ဥယျုတ္တသေနာ သိက္ခာပုဒ်၌ သေနာ-အရ ဆင်, မြင်း, ရထား, ခြေလျင်-ဟူသော အင်္ဂါလေးပါးလုံးရှိသည့် စတုရင်္ဂိနီ သေနာ-ကိုသာ ယူရ

http://www.dhammadownload.com



သောကြောင့် ပါစိတ်အာပတ် မသင့်နိုင်ပါ။ (ဒုက္ကဋ်အာပတ်သာ သင့်၏။)

➤ **ဥယျာဥ္ဆ-အရ** ။ ။ မြို့ရွာမှ ထွက်သွားပြီးသော စစ်တပ်ကို ယူရပါမည်။

➤ **တထာရူပ ပစ္စယာ-အရ** ။ ။ စစ်တပ်၌ ဆွေမျိုး မကျန်းမာခြင်း,စသော အကြောင်းကို ယူရပါမည်။

➤ **ဒဿနူပစာရ** ။ ။ စစ်တပ်ကို မြင်နိုင်လောက်သော အရပ်သည် "ဒဿနူပစာရ" မည်ပါသည်။

➤ **အာပတ်သင့်ရာအခါ** ။ ။ အင်္ဂါလေးပါးရှိသော စစ်တပ်ကို အကြောင်းမဲ့ သွားကြည့်ရာ၌ (၁) ကြည့်ရန်အတွက် သွားရောက်သောအခါ ခြေလှမ်းတိုင်း, ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်၊ (၂) မြင်လောက်ရာ အရပ်ကနေ၍ ကြည့်လျှင် ပါစိတ်အာပတ်၊ (၃) ထိုမြင်လောက်ရာ အရပ်က တစ်ကြိမ်တစ်ခါတည်း ရပ်ကြည့်နေလျှင် ပါစိတ်အာပတ် ၁-ချက်၊ (၄) ထိုသို့တစ်ကြိမ်တစ်ခါတည်း ရပ်ကြည့်နေခြင်းမျိုး မဟုတ်ဘဲ ထွက်သွားလိုက် ပြန်ကြည့်လိုက် လုပ်နေပါက ယင်းသို့ပြုလုပ်၍ ကြည့်သော အရေအတွက် အားလျော်စွာ ပါစိတ်အာပတ်၊ (၅) စစ်အင်္ဂါ လေးပါးရှိရာတွင် တစ်မျိုးမျိုးကို ကြည့်ပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ စစ်တပ်ကို အကြည့်သွားခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အင်္ဂါလေးပါးရှိသည့် စစ်တပ်ကို ကြည့်ရှုသော်လည်း အာပတ် မသင့်နိုင်သော အခါ** ။ ။ (၁) ကျောင်းတိုက်အတွင်းသို့ စစ်တပ်လာရောက်သည့်အခါ ကြည့်ရှုခြင်း၊ (၂) သွားလာခိုက်ဝယ် လမ်းခရီးတွင် တွေ့ဆုံသော အခါ ကြည့်ရှုခြင်း၊ (၃) စစ်တပ်အတွင်းတွင် မိဘဆွေမျိုးများ မကျန်းမာသောအခါ သွားရောက်ကြည့်ရှုခြင်း၊ (၄) အသက် ဗြဟ္မစရိယ အန္တရာယ်ကြောင့် စစ်တပ်သို့ ခိုဝင်သွားသောအခါ ကြည့်ရှုခြင်း ထို ရဟန်းတို့မှာ ကြည့်ရှုသော်လည်း အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) မြို့ရွာမှ ထွက်ပြီးသော စစ်တပ်ဖြစ်ခြင်း၊ (၂) ကြည့်ရှုရန် သွားခြင်း၊ (၃) ခွင့်ပြုရာအရပ်မှ အခြားအရပ်၌ ကြည့်ခြင်း (၄) အကြောင်းနှင့် ဘေးရန် မရှိခြင်း-တို့ ဖြစ်ပါသည်။

### သေနာဝါသ သိက္ခာပုဒ်

➤ **ဝသေယျ-အရ** ။ ။ ဂ္ဂရိယာပုထ် ၄-မျိုးလုံးနှင့် နေခြင်းကို ယူရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ စစ်တပ်တွင်း၌ ၃-ညဥ့်လွန်၍ အိပ်ပါက ၄-ရက်မြောက်နေ့ နေဝင်သောအခါ စစ်တပ်တွင် ရပ်သည်ဖြစ်စေ, ထိုင်သည်ဖြစ်စေ, အိပ်သည်ဖြစ်စေ

http://www.dhammadownload.com



ကောင်းကင်တွင် တန်ခိုးဖြင့် ရပ်တည်နေသော်လည်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ၃-ညဉ့်ထက်အလွန် စစ်တပ်၌နေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **စစ်တပ်တွင်း၌ ၃-ညဉ့်ထက်ပို၍ အိပ်သော်လည်း အာပတ် မသင့်နိုင်သော အကြောင်းများ** ॥ ॥ (၁) မိမိကိုယ်တိုင် မကျန်းမမာ ဖြစ်နေခြင်း၊ (၂) မကျန်းမာသူ၏ ကိစ္စကို ဆောင်ရွက်နေရခြင်း၊ (၃) မိမိရှိနေသည့် စစ်တပ်ကို တစ်ခြားစစ်တပ်က ဝိုင်းဆို့ထားခြင်း၊ (၄) မိမိကို တစ်စုံတစ်ယောက်က သွားခွင့် မရအောင် နှောက်ယှက်ထားခြင်း၊ (၅) ဘေးရန် တစ်စုံတစ်ရာ ရှိခြင်းကြောင့် နေပါက အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ॥ ॥ (၁) ၃-ညဉ့်လွန်ခြင်း (၂) စစ်တပ်၌ နေဝင်စေခြင်း (၃) မကျန်းမာမှုစသည် မရှိခြင်း-တို့ ဖြစ်ပါသည်။

**ဥယျောဓိက သိက္ခာပုဒ်**

➤ **ဥယျောဓိက အဓိပ္ပါယ်** ॥ ॥ တက်၍ တက်၍ စစ်ထိုးရာအရပ်သည် "ဥယျောဓိက" မည်ပါသည်။

➤ **ဥယျောဓိက–ဟူသော အမည်သည် /ဥယျောဓိက–အရ**
ပြင်းစွာ ပုတ်ခတ်ရာအရပ်၏ အမည်ဖြစ်ပါသည်။

➤ **ဗလဂ္ဂ အဓိပ္ပါယ်** ॥ ॥ စစ်သည်ပေါင်း မည်မျှရှိ၏ဟု သိဖို့ရန် စစ်သည်အစုကို ရေတွက်ရာ အရပ်ကို "ဗလဂ္ဂ"ဟု ခေါ်ပါသည်။

➤ **သေနာဗျူဟ အဓိပ္ပါယ်** ॥ ॥ ဤနေရာ၌ ဆင်တပ်နေစေ, ဤနေရာ၌ မြင်းတပ်နေစေ, စသည်ဖြင့် စစ်တိုက်ဖို့ရန် သူ့နေရာနှင့်သူ စုဝေးချထားခြင်းကို "သေနာဗျူဟ" ဟု ဆိုပါသည်။

➤ **သေနာဗျူဟ–ဟူသောအမည်သည် /သေနာဗျူဟ–အရ**
စစ်တပ်၏ စုဝေးတည်နေခြင်း၏ အမည်ဖြစ်ပါသည်။

➤ **အနီက အဓိပ္ပါယ်** ॥ ॥ စစ်အင်္ဂါ ၄-ပါးကို သွားရောက်ကြည့်ရှုခြင်းကို "အနီက" ဟု ဆိုပါသည်။

➤ **အနီက ၄–မျိုး** ॥ ॥ ဟတ္ထာနီက, အဿာနီက, ရထာနီက, ပတ္တာနီက။

➤ **စစ်တပ်ဖွဲ့နည်းပုံ** ॥ ॥ (၁) ဆင်တစ်စီးလျှင် စစ်သား ၁၂-ယောက်စီပါသော ဆင် ၃-စီးသည် "**ဟတ္ထာနီက=ဆင်တပ်**" မည်၏။ (၂) မြင်းတစ်စီးလျှင် စစ်သား ၃-ယောက်စီပါသော မြင်း ၃-စီးသည် "**အဿာနီက=မြင်းတပ်**" မည်၏။ (၃) ရထား တစ်စီးလျှင် စစ်သား ၄-ယောက်စီပါသော ရထား ၃-စီးသည် "**ရထာနီက=ရထားတပ်**"

http://www.dhammadownload.com



မည်၏။ (၄) လက်နက်စွဲကိုင်ထားသော စစ်သားယောက်ျား ၄-ယောက်သည် "ပတ္တာနိက=ခြေလျင်တပ်" မည်၏။

➤ **အာပတ်သင့်ပုံ** ။ ။ ဥယျောဓိက,စသည်သို့ သွားရောက်ကြည့်ရှုရာ၌ ကြည့်ရှုခြင်းငှာ သွားသောရဟန်းအား ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်၊ မြင်လောက်ရာ အရပ်၌ ရပ်၍ကြည့်သော ရဟန်းအား ပါစိတ်အာပတ်၊ မြင်ရာအရပ်ကို လွန်သွား၍ ထပ်ကာ ထပ်ကာ ကြည့်သောရဟန်းအား ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

❀ ❀ ❀ ❀ ❀

## သုရာပါနဝဂ်--သုရာပါန သိက္ခာပုဒ်

➤ **သုရာနှင့် မေရယ အထူး (သုရာ, မေရယ--အရ/ အဓိပ္ပါယ် )**

မုန့်မှုန့်, စသည်ဖြင့် နယ်၍ ပြုအပ်သော အရည်သည် "**သုရာ**" မည်ပါသည်။
ပန်းပွင့်,စသည်ဖြင့် ထုံစိမ်အပ်သော အရည်သည် "**မေရယ**" မည်ပါသည်။

➤ **သုရာ ၅--မျိုး** ။ ။ (၁) ပိဋ္ဌသုရာ-ဆန်မှုန့်ဖြင့်ပြုသော သေရည်၊ (၂) ပူပသုရာ-မုယောမုန့်ဖြင့်ပြုသော သေရည်၊ (၃) ဩဒနသုရာ-ထမင်းဖြူဖြင့် ပြုသောသေရည်၊ (၄) ကိဏ္ဏပက္ခိတ္တသုရာ-တဆေးမှုန့်ခတ်၍ပြုသော သေရည်၊ (၅) သမ္ဘာရသံယုတ္တသုရာ-ဖန်ခါး မုန်ညင်းစေ့ စသည်ထည့်၍ပြုသော သေရည်-တို့ ဖြစ်ပါသည်။

➤ **မေရယ ၅--ပါး** ။ ။ (၁) ပုပ္ဖာသဝ-အပွင့်စိမ်အပ်သော စိမ်ရည်အရက်၊ (၂) ဖလာသဝ-အသီးစိမ်အပ်သော စိမ်ရည်အရက်၊ (၃) မဓွာသဝ-မုဒရက်သီးကို စိမ်အပ်သော စိမ်ရည်အရက်၊ (၄) ဂုဠာသဝ-ကြံရည်, ထန်းရည်ကိုစိမ်အပ်သော စိမ်ရည် အရက် (၅) သမ္ဘာရသံယုတ္တာသဝ-သဖန်းခါးသီး,စသော အဆောက်အဦ အမျိုးမျိုးတို့ဖြင့် စိမ်အပ်သော စိမ်ရည်အရက်-တို့ ဖြစ်ပါသည်။

➤ **သုရာမေရယပါန--အရ** ။ ။ ထိုသေရည်, အရက် နှစ်မျိုးလုံးကို မျိုးစေ့မှ စ၍ သမန်းမြက်ဖျားဖြင့် သော်မှလည်း သောက်သုံးခြင်းသည် "သုရာမေရယပါန" မည်၏။

➤ **အာပတ်သင့်ပုံ** ။ ။ သေရည်, အရက် ၂-မျိုးလုံးကို မျိုးစေ့မှစ၍ သမန်း မြက်ဖျားဖြင့်သော်မှလည်း သောက်လျှင် ပယောဂတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **သိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ကောသမ္ဗီပြည် (နိဒါန်း) ၌ အရှင်သာဂတမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သေရည်ကိုသောက်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အရက်ကို အရက်မှန်း မသိ၍ သောက်မိသောရဟန်းအား အာပတ်သင့်/ မသင့်**

သုရာပါနသိက္ခာပုဒ်သည် အစိတ္တကဖြစ်သောကြောင့် အာပတ် သင့်ပါသည်။

http://www.dhammadownload.com



➤ **သူတစ်ပါးကို အရက်တိုက်သော ရဟန်းအား အာပတ်သင့်/မသင့်** သုရာပါနသိက္ခာပုဒ်သည် အနာဏတ္တိက ဖြစ်သောကြောင့် အာပတ် မသင့်ပါ။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ ။ ။** ရေကို အမှတ်ဖြင့်ရင်း, ယုံမှား၍ရင်း သောက်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ရဟန်းတော်များ သောက်ကောင်းသော အရည်များ ။ ။** (၁) သေရည်, အရက်၏ အဆင်း, အနံ့, အရသာရှိသော လောဏသောဝီရကဆေးရည်၊ (၂) သုတ္တမည်သော အဖျော်၊ (၃) ဟင်းကောင်းအောင် အရက်အနည်းငယ် ထည့်၍ ချက်အပ်သော ဟင်းရည်,စသည်၊ (၄) သျှစ်သျှားသီးရည် စသည်တို့ဖြင့် စိမ်အပ်သော အရက်နှင့်တူသော အရိဋ္ဌဆေးရည်တို့ကို သောက်သော ရဟန်းတို့မှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး ။ ။** (၁) သေရည်အရက်ဖြစ်ခြင်း၊ (၂) သောက်ခြင်း။

## အင်္ဂုလိပတောဒက သိက္ခာပုဒ်

➤ **အင်္ဂုလိပတောဒက အဓိပ္ပါယ် ။ ။** လက်ချောင်းတို့ဖြင့် လက်ကတီးကြား, စသော အရပ်၌ ထိုးခတ်ခြင်းကို "အင်္ဂုလိပတောဒက" ဟု ခေါ်ပါသည်။

➤ **ပါစိတ်အာပတ် သင့်ပုံ ။ ။** လက်ချောင်းထိုး၍ ကစားမှသာ မဟုတ်၊ မြူးထူးပျော်ပါးကစားလို၍ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုဖြင့် တို့ဆိတ်ကစားလျှင်လည်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ လက်ချောင်းထိုးခြင်းဖြင့် မြူးထူး ပျော်ပါးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ ကလိထိုး ကစားလျှင် ပါစိတ်အာပတ် မသင့်ခြင်းအကြောင်း ။ ။** ဤသိက္ခာပုဒ်၌ ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့သည် အပြန်အလှန် အနုပသမ္ပန္န ဖြစ်သောကြောင့် ပါစိတ်အာပတ် မသင့်နိုင်ပါ။ (ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။)

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ ။ ။** လူ, သာမဏေကို တို့ထိ၍ ကစားလျှင်ရင်း၊ တုတ်, တောင်ဝှေး,စသည်တို့ဖြင့် တို့ထိ၍ ကစားလျှင်ရင်း ကစားသော ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သူများ ။ ။** မြူးတူးပျော်ပါး ကစားခြင်း၌ အလိုမရှိဘဲ ပြုဖွယ်ကိစ္စရှိ၍ သုံးသပ်သော ရဟန်း၊ ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး ။ ။** (၁) ရယ်မြူးလိုခြင်း (၂) ရဟန်းအချင်းချင်း ကိုယ်ဖြင့် သုံးသပ်ခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဟာသဓမ္မ သိက္ခာပုဒ်

➤ **ဥဒက–အရ** ။ ။ မြစ်, ချောင်း, ရေကန်တို့၌ရှိသော ဖမျက် (ခြေမျက်စိ) မြုပ်လောက်သော နက်သော ရေကို ယူရပါမည်။

➤ **ရေကစားရာတွင် အာပတ်သင့်နိုင်သော ရေပမာဏ** ။ ။ ခြေမျက်စိမြုပ်လောက်သော ရေ ဖြစ်ပါသည်။

➤ **ဥဒကဟာသဓမ္မ အဓိပ္ပါယ်** ။ ။ ရေကို ကစားခြင်းကို "ဥဒကဟာသဓမ္မ"ဟု ဆိုပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ (၁) ဖမျက်အထက် ပမာဏရှိသောရေ၌ သွားစဉ် မြူးတူးပျော်ပါး ကစားလို၍ ငုပ်ခြင်း, ပေါ်ခြင်း, ကူးခြင်းတို့ကိုပြုရာ၌ လက်ခြေလှုပ်ရှားတိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။ (၂) ငုပ်ခြင်း, ပေါ်ခြင်းတို့၌ ပယောဂတိုင်း ပါစိတ် အာပတ် သင့်ပါသည်။ (၃) ရေထဲငုပ်သွားရာ၌ လက်,ခြေလှုပ်ရှားတိုင်း ပါစိတ်အာပတ်၊ (၄) ကူး၍ သွားပါက ကိုယ်အင်္ဂါ လှုပ်ရှားတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ သတ္တရသဝဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ရေ၌မြူးတူးပျော်ပါး ကစားခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်နိုင်သော ကစားခြင်းမျိုး** ။ ။ လှေဖြင့် ကစားခြင်း၊ လက်ခြေ, ထင်း, အိုးခြမ်းတို့ဖြင့် ရေကိုပုတ်ခတ်၍ ကစားခြင်း၊ အိုးခွက်ထဲ၌ရေ, ကစည်ရည်, ညွှန်တို့ကို ပစ်ချ၍ ကစားခြင်းမျိုးတို့၌ ကစားသော ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၏။

➤ **မြစ်ထဲတွင် ရေးဆင်းကူးသော်လည်း အာပတ် မသင့်ရာအခါ** ။ ။ ကျွန်းမာရေး အတွက်ရင်း, မြစ်တစ်ဘက်သို့ သွားရန်အတွက်ရင်း, ဘေးအန္တရာယ်ရှိသည့်အတွက်ရင်း မြစ်ထဲသို့ ဆင်းကူးပါက ကူးသော ရဟန်းတို့မှာ အာပတ်မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂–ပါး** ။ ။ (၁) ဖမျက်မြုပ်လောက်သော ရေဖြစ်ခြင်း၊ (၂) ပျော်မြူးလို၍ ကစားခြင်း-တို့ ဖြစ်ပါသည်။

## အနာဒရိယ သိက္ခာပုဒ်

➤ **အနာဒရိယ ၂–မျိုး** ။ ။ (၁) ပုဂ္ဂလအနာဒရိယ (၂) ဓမ္မ အနာဒရိယ။

➤ **ပုဂ္ဂလ၌ မရှိသေပုံ** ။ ။ မသင့်မတော်ပြုနေသော ရဟန်းကို အခြားရဟန်းက ဝိနည်းလမ်းကြောင်းဖြင့် ပြောသည်ကို နားမထောင်ဘဲ ပြုမြဲ ပြုနေခြင်းသည် ပုဂ္ဂိုလ်ကို မရိုသေခြင်း (ပုဂ္ဂ အနာဒရိယ) မည်ပါသည်။

➤ **ဓမ္မ–၌ မရှိသေပုံ** ။ ။ ဝိနည်းသိက္ခာဟူသော ဓမ္မဖြင့် ပြောဆိုလျှင် ထိုဓမ္မကိုပင် ကွယ်ပျောက်စေလို, ပျက်ပြယ်စေလိုသောသဘောဖြင့် ပြုမြဲ ပြုနေခြင်းသည် ဓမ္မကို

http://www.dhammadownload.com



မရှိသေခြင်း (စမ္မ အနာဒရိယ) မည်ပါသည်။

➤ **အနာဒရိယ အဓိပ္ပါယ်** ။ ။ ရဟန်းက ဝိနည်းပညတ်တော်ဖြင့် ပြောဆိုသော အခါ ထိုရဟန်း၏စကားကို မပြုလိုသောကြောင့်ရင်း, ဝိနည်းပညတ်တော်ကို မကျင့်လို သောကြောင့်ရင်း မလေးမစား ပြုလုပ်ခြင်းကို "အနာဒရိယ"ဟု ခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ကောသမ္ဗီပြည် (နိဒါန်း) ၌ ဆန္နမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ လေးစားခြင်း မရှိသူ၏အဖြစ်ကို ပြုခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ ရဟန်းကသော်ရင်း, လူ, သာမဏေကသော်ရင်း, "ဤအမှုသည် သလ္လေခအကျိုးငှာ မဖြစ်ပါ"ဟု ဝိနည်းပညတ်မှတစ်ပါး သုတ်အဘိဓမ္မာ လာ တရားတော်ဖြင့် ဆိုဆုံးမသည်ကို မရိုမသေပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ ပဌမ သံဂါယနာတင်ရာအခါမှစ၍ မဟာကဿပ စသော ဆရာအဆက်ဆက်မှလာသော (မိမိတို့) သင်ယူအပ်သော ပါဠိ, အဋ္ဌကထာကို လက်ကိုင်ပြု၍ ပြောသောရဟန်း၊ ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) ရဟန်းက ဝိနည်းပညတ်ဖြင့် ပြောဆိုခြင်း၊ (၂) မလေး မစားပြုခြင်း-တို့ ဖြစ်ပါသည်။

## ဘိံသာပန သိက္ခာပုဒ်

➤ **ဘိံသာပန (ဘိံသာပေယျ) အဓိပ္ပါယ်** ။ ။ ကြောက်စေခြင်းအကျိုးငှာ ရုပ်ရုံ စသည်ကို ရှေးရှုဆောင်ခြင်း, ကြောက်စရာစကားကို ပြောဆိုခြင်းဖြင့် ခြောက်လှန့်ခြင်း မျိုးကို "ဘိံသာပန" (ဘိံသာပေယျ)ဟု ခေါ်ပါသည်။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ အခြောက်ခံရသော ရဟန်းသည် ကြောက်သည်ဖြစ်စေ, မကြောက်သည်ဖြစ်စေ ခြောက်လှန့်သော ရဟန်းမှာ ပါစိတ်အာပတ် သင့်ပါသည်။ (လူ သာမဏေအား ခြောက်လှန့်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။)

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကြောက်စေခြင်း (ဝါ) ခြောက်လှန့် ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ (၁) ခြောက်လှန့်လို၍ မဟုတ်ဘဲ ကြောက်စရာ အမှုကို ပြုသောရဟန်း၊ (၂) ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) ရဟန်းဖြစ်ခြင်း (၂) ထိုရဟန်းမြင်လောက် ရာ, ကြားလောက်ရာအရပ်၌ ခြောက်လှန့်ဖို့ရာ အားထုတ်ခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ဓောတိ သိက္ခာပုဒ်

➤ **တထာရူပပစ္စယ အဓိပ္ပါယ်** ॥ ॥ မီးထွန်းခြင်း, သပိတ်ဖုတ်ရန်အတွက် မီးမွေးခြင်း စသည်တို့ကို "တထာရူပပစ္စယ"ဟု ဆိုပါသည်။

➤ **တထာရူပ ပစ္စယာ–၌ ပစ္စယ–အရ** ॥ ॥ ဆီမီးညှိထွန်းခြင်း, သပိတ်ဖုတ်ခြင်း စသည်တို့၌ မီးမွေးခြင်း,စသော အကြောင်းများကို ယူရပါမည်။

➤ **ဂိလာန–အရ** ॥ ॥ မီးနှင့်ကင်း၍ မကျန်းမာသော ရဟန်းကို "ဂိလာန"ဟု ခေါ်ပါသည်။

➤ **သမာဒပေယျ–အရ ကိုယ်တိုင်မီးမွေးရာ၌ အာပတ်သင့်ပုံ** ॥ ॥ ကိုယ်တိုင်မီးကို တောက်စေသောရဟန်းအား မီးခြစ်ပွတ်ခုံ, ပွတ်ကျည်ကို ကိုင်တွယ်ယူသည်မှစ၍ မီးမတောက်သေးသမျှ ပယောဂအားလုံးတို့၌ ဒုက္ကဋ်အာပတ်၊ မီးတောက်ရာအခါ၌ ပါစိတ်အာပတ် သင့်ပါသည်။

➤ **သမာဒဟာပေယျ–အရ သူတစ်ပါးကို မီးမွေးခိုင်းရာ၌ အာပတ်သင့်ပုံ**

သူတစ်ပါးကို မီးမွေးခိုင်းသော ရဟန်းအား ခိုင်းခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ တစ်ကြိမ်ခိုင်းရာ၌ မီးများစွာတောက်သော်လည်း ပါစိတ်အာပတ် တစ်ချက်သာ သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ ဘဂ္ဂတိုင်း (နိဓါန်း) ၌ ရဟန်းများစွာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ မီးကိုတောက်စေ၍ မီးထွန်းခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အနုပညတ် ၂–မျိုး** ॥ ॥ (၁) အဂိလာနော၊ (၂) အညတြ တထာရူပပ္ပစ္စယာ။

➤ **ထင်းစကို မီးထဲ ထည့်ရာ၌ အာပတ်သင့်ပုံ** ॥ ॥ မီးဖိုမှ ကျပြီးသော မီးစကို မီထဲ ပြန်ထည့်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။ မီးငြိမ်းပြီးသော မီးစကို မှုတ်သော ရဟန်းအား ပါစိတ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ॥ ॥ (၁) ဂိလာနဖြစ်၍ ဂိလာန-ဟု အမှတ်ရှိလျက် မီးမွေးသောရဟန်း၊ (၂) သူတစ်ပါးမွေးထားသော မီးကို လှုံသော ရဟန်း၊ (၃) မီးထွန်းခြင်း, သပိတ်ဖုတ်ခြင်း, ချေးဇရုံးအိမ်၌ မီးထည့်ခြင်း,စသော အကြောင်းကြောင့် မီးမွေးသောရဟန်း၊ (၄) တောကျောင်း၌ ခြသေ့်, သစ်ကျား, ဆင် စသော ဘေးရန်များကြောင့် မီးမွေးသောရဟန်း (၅) ဥမ္မတ္တကရဟန်း။

➤ **သိက္ခာပုဒ်အင်္ဂါ ၄–ပါး** ॥ ॥ (၁) ဂိလာန မဟုတ်ခြင်း၊ (၂) ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း၊ (၃) လှုံခြင်း၊ (၄) မီးတောက်စေခြင်း-တို့ ဖြစ်ပါသည်။

❀ ❀ ❀ ❀ ❀

http://www.dhammadownload.com



## နဟာန သိက္ခာပုဒ်

> **ဥဏှသမယ–အရ** ॥ ॥ နယုန်လဆန်း (၁)ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့ အထိ ကာလကို ယူရပါမည်။

> **ပရိဠာဟသမယ–အရ** ॥ ॥ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှစ၍ ဝါခေါင်လပြည့်နေ့ အထိ ကာလကို ယူရပါမည်။

> **အမှုဒေသမာသ–အရ** ॥ ॥ နယုန်လဆန်း (၁)ရက်နေ့မှစ၍ ဝါခေါင်လပြည့်နေ့ အထိ (၂)လခွဲ ကာလကို ယူရပါမည်။

> **ဂိလာနသမယ အဓိပ္ပါယ်** ॥ ॥ ရေချိုးရမှ ရောဂါသက်သာမည့် အခါသည် "ဂိလာနသမယ" မည်ပါသည်။

> **ကမ္မသမယ အဓိပ္ပါယ်** ॥ ॥ ကျောင်းပရိဝုဏ်အတွင်း တံမြက်စည်းလှဲရာ အခါမျိုးကို "ကမ္မသမယ"ဟု ခေါ်ပါသည်။

> **အဒ္ဓါနဂမနသမယ အဓိပ္ပါယ်** ॥ ॥ ယူဇနာခွဲ ခရီးသို့ သွားဆဲ, သွားပြီး, သွားလတံ့သော အခါမျိုးကို "အဒ္ဓါနဂမနသမယ"ဟု ခေါ်ပါသည်။

> **ဝါတဝုဋ္ဌိသမယ အဓိပ္ပါယ်** ॥ ॥ မြူနှင့်တကွ လေပြင်းမုန်တိုင်းထ၍ မိုးနှစ်ပေါက် သုံးပေါက်ကျရောက်သော အခါမျိုးကို "ဝါတဝုဋ္ဌိသမယ"ဟု ခေါ်ပါသည်။

> **အာပတ်သင့်ပုံ** ॥ ॥ ရေချိုးရန် ကြံစည်ကာ ဆပ်ပြာမှုန့်, မြေညက်,စသည်တို့ကို ယူရန် ပြုလုပ်တိုင်း ပြုလုပ်တိုင်း ဒုက္ကဋ်အာပတ်။ ရေချိုး၍ပြီးသောအခါ ပါစိတ်အာပတ် သင့်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ များစွာသောရဟန်း (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ အတိုင်းအရှည်ကို မသိဘဲ ရေချိုးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **မြန်မာနိုင်ငံ ရဟန်းတော်များ နေ့စဉ် ရေချိုးပါက အာပတ် မသင့်နိုင်ခြင်း အကြောင်း** ॥ ॥ မဇ္ဈိမဒေသ၏ အစွန်ဇနပုဒ်ရှိ ရေချိုးသောရဟန်းတို့အား အနာပတ္တိ-ဟု မိန့်တော်မူသောကြောင့် (ဝါ) နဟာန သိက္ခာပုဒ်ကို မဇ္ဈိမဒေသရှိ ရဟန်းတော်တို့ကိုသာ ပညတ်တော်မူသောကြောင့် အာပတ် မသင့်နိုင်ပါ။

> **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ॥ ॥ (၁) လခွဲလွန်ရာအခါ၌ လွန်၏ဟု အမှတ်ရှိ၍ ရေချိုးသောရဟန်း။ (၂) ရေချိုးသင့်ရာအခါ၌ ရေချိုးသောရဟန်း (၃) မြစ်တစ်ဖက်ကမ်းသို့ သွားစဉ် သဲကိုယက်၍ တူးအပ်သော တွင်း၌ ရေချိုးသော ရဟန်း။ (၄) မဇ္ဈိမဒေသ အစွန်ဇနပုဒ်၌ နေသောရဟန်း။ (၅) ပျားပိတုန်းလိုက်ခြင်း စသော ဘေးရန်ကြောင့် ရေအတွင်း ဝင်ပြေးသော ရဟန်း။ (၆) ဥမ္မတ္တကရဟန်း။

http://www.dhammadownload.com



➢ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) မဇ္ဈိမဒေသဖြစ်ခြင်း၊ (၂) ၁၅-ရက် မပြည့်မီ ရေချိုးခြင်း၊ (၃) ခွင့်ပြုထားသောအခါ မြစ်တစ်ဖက်သို့ သွားရာအခါ, ဘေးအန္တရာယ် ရှိရာအခါ မဟုတ်ခြင်း-တို့ ဖြစ်ပါသည်။

**ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်**

➢ **နဝံ စီဝရလာဘေန-၌ စီဝရ-အရ** ။ ။ ဝတ်လောက်, ရမ်းလောက်, ရုံလောက် သော သင်္ကန်းကို ယူရပါမည်။ (ဝိကပ္ပနာလောက်ရုံမျှဖြစ်သော သင်္ကန်းကို မယူရ)

➢ **နဝံ စီဝရ အဓိပ္ပါယ်** ။ ။ သာမဏေတို့ ဝတ်ပြီးဖြစ်၍ ဟောင်းနွမ်းနေသော်လည်း ကပ္ပဗိန္ဒု မထိုးရသေးလျှင် ထိုသင်္ကန်းကို "နဝံစီဝရ"ဟု ခေါ်ပါသည်။

➢ **ကပ္ပဗိန္ဒု ပမာဏ** ။ ။ ဥဒေါင်းမျက်ကွင်း (မျက်စေ့ဝန်း) ပမာဏ, ကြမ်းပိုး ကျောက်ကုန်း ပမာဏတို့တွင် တစ်မျိုးမျိုး ဖြစ်ပါသည်။

➢ **ကပ္ပဗိန္ဒု ထိုးရမည့် သင်္ကန်းများ** ။ ။ သင်းပိုင်, ကောသိ, ဒုကုဋ်, မိုးရေခံ, အမာလွှမ်းသင်္ကန်းတို့ ဖြစ်ပါသည်။

➢ **ကပ္ပဗိန္ဒုထိုးရမည့် သင်္ကန်း ပမာဏ** ။ ။ ဝတ်ရုံလောက်သော သင်္ကန်း။

➢ **ကပ္ပဗိန္ဒု ထိုးရမည့်အချိန်** ။ ။ သင်္ကန်းသစ်ရ၍ ဆိုးပြီးအချိန်။

➢ **ကပ္ပဗိန္ဒုထိုးရမည့် နေရာဌာန** ။ ။ သင်္ကန်း၏ (၄)ထောင့်လုံး၌ဖြစ်စေ, ၃-ထောင့်, ၂-ထောင့်, ၁-ထောင့်၌ဖြစ်စေ ကပ္ပဗိန္ဒု ထိုးနိုင်ပါသည်။

➢ **ကပ္ပဗိန္ဒုထိုးရမည့် အရောင်အဆင်း** ။ ။ ကြေးညိုရောင်အဆင်း, သစ်ရွက်စိမ်း ရောင် အဆင်း, ရွှံ့ညွန်ရောင်အဆင်း, အမှတ်မထား တစ်မျိုးမျိုးသော အနက်ရောင် အဆင်း-တို့ ဖြစ်ပါသည်။

➢ **ကပ္ပဗိန္ဒု ထိုးရကျိုး** ။ ။ သင်္ကန်းအဆင်းပျက်စေခြင်း အကျိုးငှာ (တစ်နည်း) သင်္ကန်းကို မှတ်မိစေခြင်းအကျိုးငှာ (တစ်နည်း) တိတ္ထိတို့အဝတ်နှင့် ခွဲခြားနိုင်စေခြင်း အကျိုးငှာ ကပ္ပဗိန္ဒု ထိုးရပါသည်။

➢ **နီလံဝါ ကဒ္ဒမံဝါ-၌ နီလ-အရ** ။ ။ ကံသနီလ-သံညို ကြေးညို အညိုရောင်, ပတ္တနီလ-သစ်ရွက်ရည် စိမ်းညိုရောင်-တို့ ဖြစ်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသောရဟန်း (ပုဂ္ဂိုလ်)တို့ကို အကြောင်းပြု၍ မိမိ၏သင်္ကန်းကို မသိခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➢ **ကပ္ပဗိန္ဒုထိုးပြီးသား ပျောက်သွားပါက နောက်ထပ်ထိုးရန် မလိုပုံ**

➢ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ ဖွပ်လျှော်ခြင်း စသည်ကြောင့် ကပ္ပဗိန္ဒု ပျက်စီးသွားလျှင်ရင်း, ဆွေးမြေ့၍ ကပ္ပဗိန္ဒုပျောက်သွားလျှင်ရင်း, ကပ္ပဗိန္ဒု

http://www.dhammadownload.com



ထိုးပြီးသင်္ကန်းနှင့် မထိုးရသေးသောသင်္ကန်းကို စပ်၍ချုပ်လျှင်ငင်း၊နောက်ထပ် ဖာထေးခြင်း၊ အနာပတ်တင်ခြင်းတို့ကို ပြုလျှင်ငင်း (ကပ္ပဗိန္ဒု ထိုးရန် မလိုတော့ပါ။) ထို သင်္ကန်းတို့ကို သုံးစွဲသော ရဟန်းနှင့် ဥမ္မတ္တကရဟန်း စသည်တို့မှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ဝတ်ရုံလောက်သော သင်္ကန်း၏ ကပ္ပဗိန္ဒု မထိုးရသေးခြင်း၊ (၂) ပျောက်သော သင်္ကန်းရှိသူ,စသည် မဟုတ်ခြင်း၊ (၃) သင်းပိုင်ကိုယ်ရုံ တစ်ခုခုဖြစ်ခြင်း-တို့ ဖြစ်ပါသည်။

**ဝိကပ္ပန သိက္ခာပုဒ်**

➤ **ဝိကပ္ပနာ (ပြုခြင်း) အဓိပ္ပါယ်** ။ ။ မိမိပိုင်ပစ္စည်းအဖြစ် သဘောမထားတော့ဘဲ ရဟန်း, ရဟန်းမ,စသော သီတင်းသုံးဖော်ငါးဦးအား ပေးစွန့်လိုက်ခြင်းကို "ဝိကပ္ပနာ (ပြုခြင်း) ဟု ခေါ်ပါသည်။

**မေး** ။ ။ ရဟန်းများ မိမိသင်္ကန်းကို အခြားရဟန်းတစ်ပါးထံ "ဝိကပ္ပနာ"ပြုရာဝယ်

ယင်းအချိန်၌ ရနိုင်သောအကျိုးနှင့် "ပစ္စုဒ္ဓိရ်"ပြုပြီးမှ ရနိုင်သော အကျိုးတို့ကို ရှင်းပြပါ။

➤ **ဝိကပ္ပနာပြုချိန်၌ ရနိုင်သော အကျိုး** ။ ။ သိုမှီးသိမ်းဆည်းထားနိုင်ခြင်း အကျိုးရှိပါသည်။ (ထိုအချိန်၌ သုံးဆောင်, စွန့်ခြင်း, အဓိဋ္ဌာန်တင်ခြင်းငှာ မအပ်သေးပါ။)

➤ **ပစ္စုဒ္ဓိရ်ပြုပြီးမှ ရနိုင်သော အကျိုး** ။ ။ သုံးဆောင်နိုင်ခြင်း, စွန့်နိုင်ခြင်း, အဓိဋ္ဌာန်တင်နိုင်ခြင်း အကျိုးတို့ကို ရနိုင်ပါသည်။

➤ **ဝိကပ္ပနာပြုရခြင်းအကျိုး** ။ ။ ဝိကပ္ပနာပြုရုံမျှဖြင့် သင်္ကန်းသစ်ကို သိမ်းထားနိုင်ခြင်း အကျိုးရှိပါသည်။

➤ **ပစ္စုဒ္ဓိရ်ပြုရခြင်းအကျိုး** ။ ။ သိမ်းထားခြင်း, သုံးဆောင်ခြင်း, စွန့်ခြင်း, အဓိဋ္ဌာန်တင်ခြင်းကို ပြုနိုင်ခြင်းအကျိုးရှိပါသည်။

➤ **ဝိကပ္ပနာ ၂-မျိုး** ။ ။ (၁) သမ္မုခါ ဝိကပ္ပနာ=မိမိနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်း၊ (၂) ပရမ္မုခ ဝိကပ္ပနာ=သူတစ်ပါးနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်း-တို့ ဖြစ်ပါသည်။

➤ **သမ္မုခါ ဝိကပ္ပနာမည်ပုံ** ။ ။ သင်္ကန်းရှင်ကိုယ်တိုင် မိမိနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းသည် "သမ္မုခါ ဝိကပ္ပနာ" မည်ပါသည်။

➤ **ပရမ္မုခါ ဝိကပ္ပနာ မည်ပုံ** ။ ။ ဝိနည်းမိုရ်ရတစ်ပါးပါးထံ အပ်နှံ၍ သူတစ်ပါးဟု ဆိုရသော ထိုဝိနည်းမိုရ်၏နှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းသည် "ပရမ္မုခါဝိကပ္ပနာ"မည်၏

➤ **ဝိကပ္ပနာပြုခြင်းနှင့် ပစ္စုဒ္ဓိရ်ပြုခြင်းအထူး** ။ ။ ဝိကပ္ပနာပြုလိုက်သည့်အတွက် သင်္ကန်းကို သိုမှီးသိမ်းဆည်းထားနိုင်ပါသည်။ သုံးဆောင်ခြင်း, စွန့်ခြင်း, အဓိဋ္ဌာန်တင်ခြင်းကိုကား မပြုလုပ်နိုင်ပါ။ ပစ္စုဒ္ဓိရ်ပြုလိုက်သည့်အတွက် သုံးဆောင်ခြင်း, စွန့်ခြင်း,

http://www.dhammadownload.com



အဓိဋ္ဌာန်တင်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ဤသို့ ထူးပါသည်။

➤ **ဝိကပ္ပနာ+ ပစ္စုဒ္ဓိုရ်ပြုနိုင်သော ပုဂ္ဂိုလ်** ။ ။ ရဟန်း, ရဟန်းမ,စသော သီတင်းသုံးဖော် ငါးဦးတို့တွင် တစ်ဦးဦးထံ၌ ဝိကပ္ပနာ+ပစ္စုဒ္ဓိုရ် ပြုနိုင်ပါသည်။

➤ **သမ္မုခါ ဝိကပ္ပနာ ၂-မျိုး** ။ ။ (၁) အာသန္နေ ဝိကပ္ပနာ=မျက်မှောက်အနီးရှိ ပုဂ္ဂိုလ်အား စွန့်ခြင်း၊ (၂) ဒူရေ ဝိကပ္ပနာ=မျက်ကွယ်အဝေးနေ ပုဂ္ဂိုလ်အား စွန့်ခြင်း။

➤ **မိမိလက်ထည်းရှိ မိုးသင်္ကန်းကို "ဝိကပ္ပနာ" ပြုပုံ** ။ ။ **သင်္ကန်းတစ်ထည်ဖြစ်လျှင်--** "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"ဟု ဝိကပ္ပနာ ပြုရမည်။ **သင်္ကန်းအများဖြစ်လျှင်-** "ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ"ဟု ဝိကပ္ပနာပြုရမည်။

➤ **အနီး၌ရှိသော သင်္ကန်းတစ်ထည်ကို သမ္မုခါ ဝိကပ္ပနာပြုပုံ** ။ ။ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"ဟု ဝိကပ္ပနာ ပြုရမည်။

➤ **သပိတ်၌ ဝိကပ္ပနာပြုပုံ** ။ ။ ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ-ဟု ဝိကပ္ပနာပြုရမည်

➤ **မိမိလက်ထည်းရှိ မိုးသင်္ကန်းကို "ပစ္စုဒ္ဓိုရ်" ပြုပုံ** ။ ။ **သင်္ကန်းတစ်ထည် ဖြစ်လျှင်--** "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ဆို၍ ပစ္စုဒ္ဓိုရ် ပြုရပါမည်။ **သင်္ကန်းအများဖြစ်လျှင်--** မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ဆို၍ ပစ္စုဒ္ဓိုရ် ပြုရပါမည်။ [ထိုအခါမှစ၍ သုံးဆောင်ခြင်း စွန့်ခြင်း, အဓိဋ္ဌာန်တင်ခြင်းငှာ အပ်ပါတော့သည်။]

➤ **အနီး၌ရှိသော သင်္ကန်းတစ်ထည်ကို ပစ္စုဒ္ဓိုရ်ပြုပုံ** ။ ။ "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ဆို၍ ပစ္စုဒ္ဓိုရ် ပြုရပါမည်။

➤ **အဝေးထားသည့် မိုးသင်္ကန်းကို "ဝိကပ္ပနာ" ပြုပုံ** ။ ။ သင်္ကန်းတစ်ထည်ဖြစ်လျှင် "ဧတံ စီဝရံ တုယှံ ဝိကပ္ပေမိ" ဟု ဝိကပ္ပနာ ပြုရမည်။ သင်္ကန်းအများဖြစ်လျှင် "ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ"ဟုဆို၍ ဝိကပ္ပနာ ပြုရပါမည်။ [ဤသို့ ဝိကပ္ပနာပြုခြင်းဖြင့် သိုမှီးသိမ်းဆည်းထားခြင်းငှာ အပ်ပါသည်။ သုံးဆောင်ခြင်း, စွန့်ခြင်း, အဓိဋ္ဌာန်တင်ခြင်းငှာ မအပ်သေးပါ။]

➤ **မိမိပေးလိုသော ပုဂ္ဂိုလ်က အဝေးရောက်နေရာ၌ "ဝိကပ္ပနာ" ပြုပုံ**

မိမိပေးလိုသော ပုဂ္ဂိုလ်က အဝေးတစ်နေရာ၌ ရောက်နေလျှင် ဝိနည်းဓိုရ် တစ်ပါးပါးထံ သွား၍ ပေးလိုသူ၏အမည်ကို လျှောက်ထားပြီး သင်္ကန်းအနည်း, အများ, အနီးအဝေးအားလျော်စွာ "ဣမံ စီဝရံ (ဣမာနိ စီဝရာနိ) ဧတံ စီဝရံ (ဧတာနိ စီဝရာနိ) တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ"ဟုရင်း၊ "တိဿာယ ဘိက္ခုနိယာ , သိက္ခမာနာယ, သာမဏေရိယာ ဝိကပ္ပေမိ"ဟုရင်း၊ "တိဿဿ သာမဏေရဿ ဝိကပ္ပေမိ"ဟုရင်း ဆို၍ ဝိကပ္ပနာပြုရပါမည်။

http://www.dhammadownload.com



➤ **သိတင်းသုံးဖော် ငါးဦးထက်ရှိသော သင်္ကန်းကို "ပစ္စုဒ္ဓိုရ်" ပြုပုံ**

"တိဿဿ ဘိက္ခုနော (တိဿာယ ဘိက္ခုနိယာ, သိက္ခမာနာယ, သာမဏေရိယာ, တိဿဿ သာမဏေရဿ ) သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ ဟု ဆို၍ ပစ္စုဒ္ဓိုရ်ပြုရပါမည်။

➤ **ပရမ္မုခါ ဝိကပ္ပနာပြုပုံ** ။ ။ မိမိကိုယ်တိုင် ဝိကပ္ပနာပြုလုပ်နည်းကို နားမလည်ခြင်း စသည်တို့ကြောင့် ဝိနည်းခိုရ်တစ်ပါးပါးထံတွင် သွားပြီး သင်္ကန်း အနည်း, အများ အနီး, အဝေးအားလျော်စွာ "ဣမံ စီဝရံ (ဣမာနိ စီဝရာနိ) ဧတံ စီဝရံ (ဧတာနိ စီဝရာနိ) တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ"ဟုဆိုကာ ဝိကပ္ပနာပြုဖို့ ပေးရပါမည်။

ကိုယ်စား ဝိကပ္ပနာပြုပေးမည့် ရဟန်းက "အရှင်ဘုရား၏ ခိုင်မြဲသောမိတ်ဆွေ, မြင်ဖူးကာမျှမိတ်ဆွေသည် အဘယ်သူပါနည်း"ဟု မေးလျှင် သင်္ကန်းရှင်ရဟန်းက "တိဿော ဘိက္ခု, တိဿာ ဘိက္ခုနီ, သိက္ခမာနာ, သာမဏေရီ, တိဿော သာမဏေရော"ဟု ပြောဆိုရမည်။

တစ်ဖန်ကိုယ်စား ဝိကပ္ပနာပြုပေးမည့်ရဟန်းက-- "အဟံ ဣမံ စီဝရံ (ဣမာနိ စီဝရာနိ) ဧတံ စီဝရံ (ဧတာနိ စီဝရာနိ) တိဿဿ ဘိက္ခုနော ဒမ္မိ။ (ပ) တိဿာယ သာမဏေရိယာ ဒမ္မိ"ဟု ဝိကပ္ပနာပြုရပါမည်။

➤ **ပရမ္မုခါ ပစ္စုဒ္ဓိုရ်ပြုပုံ** ။ ။ ထို့နောက် "ဣတ္ထန္နာမဿ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" ဟု ဆို၍ ပစ္စုဒ္ဓိုရ်ပြုပေးရပါမည်။

➤ **ပစ္စုဒ္ဓိုရ် အဓိပ္ပါယ်** ။ ။ အလိုရှိသည့်အတိုင်း သုံးစွဲမှုကို ပြုလုပ်နိုင်ရန်အတွက် ပြန်ပေးခြင်းကို "ပစ္စုဒ္ဓိုရ်"ဟု ဆိုပါသည်။

➤ **ပစ္စုဒ္ဓိုရ် ပြုခြင်း ၂-မျိုးအထူး** ။ ။ ပဌမ ကထိနသိက္ခာပုဒ် ပစ္စုဒ္ဓိုရ် ပြုခြင်းကား-- အဓိဋ္ဌာန်တင်မှုကို ရုတ်သိမ်းလိုက်ခြင်း ဖြစ်ပါသည်။ ဝိကပ္ပနာ သိက္ခာပုဒ် ပစ္စုဒ္ဓိုရ် ပြုခြင်းကား--အလိုရှိသလို သုံးစွဲနိုင်ခွင့်ပြုခြင်း, ပြန်ပေးလိုက်ခြင်း ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပစ္စုဒ္ဓိုရ် မပြန်ရသေးသော သင်္ကန်းကို သုံးစွဲခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ ပစ္စုဒ္ဓိုရ် မပြုရသေးသော သင်္ကန်းကို အဓိဋ္ဌာန် တင်သော ရဟန်း၊ စွန့်သောရဟန်း၊ ပစ္စုဒ္ဓိုရ် ပြုပြီးသည်ကို မပြုရသေးဟု အမှတ်ရှိ၍ ၎င်း, ယုံမှားရှိ၍၎င်း သုံးဆောင်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ (၁) ပစ္စုဒ္ဓိုရ် ပြုပြီး သင်္ကန်းကို ပြုပြီးဟု အမှတ်ရှိ၍ သုံးဆောင်သောရဟန်း၊ (၂) ဝိကပ္ပနာ အတူပြုဖက်ရဟန်း

http://www.dhammadownload.com



နှင့် အကျွမ်းဝင်သဖြင့် သုံးဆောင်သော ရဟန်း၊ (၃) ဥမ္မတ္တကရဟန်းစသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ။** ။(၁) ကိုယ်တိုင် ဝိကပ္ပနာပြုအပ်သော သင်္ကန်း၏ ပစ္စုဒ္ဓိုရ် မပြုရသေးခြင်း၊ (၂) ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း၊ (၃) သုံးစွဲခြင်း

**အပနိဓာန သိက္ခာပုဒ်**

➤ **ပတ္တ-အရ ။** ။ အဓိဋ္ဌာန်လောက်သော သပိတ်ကို ယူရပါမည်။

➤ **စီဝရ-အရ ။** ။ ဝိကပ္ပနာလောက်သော သင်္ကန်းကို ယူရပါမည်။

➤ **နိသီဒန-အရ /နိသီဒန အဓိပ္ပါယ် ။** ။ အမြိတ်အဆာရှိသော နိသီဒိုန်ကို "နိသီဒန"ဟု ဆိုပါသည်။

➤ **သူစိဃရ-အရ/သူစိဃရ အဓိပ္ပါယ် ။** ။ အပ်ရှိသော အပ်ဘူးနှင့် အပ်မပါသော အပ်ဘူးသည် "သူစိဃရ" မည်ပါသည်။

➤ **ကာယဗန္ဓန-အရ/ ကာယဗန္ဓန အဓိပ္ပါယ် ။** ။ ခါးပန်းပြားနှင့် ဝက်အူသဏ္ဌာန်ရှိသော ခါးပန်းလုံးသည် "ကာယဗန္ဓန" မည်ပါသည်။

➤ **ခါးပန်းကြိုး အမျိုးအစား ။** ။ ယခုမျက်မြင် ခါးပန်းအပြားနှင့် ဝက်အူကဲ့သို့ အထဲ၌ အခေါင်းပါအောင် ရက်ထားသော ခါးပန်ကြိုးတို့ ဖြစ်ပါသည်။

➤ **အပနိဓေယျ-အရ အာပတ်သင့်ပုံ ။** ။ ကိုယ်တိုင်ဝှက်ထားသော ရဟန်းအား ပါစိတ်အာပတ် သင့်ပါသည်။

➤ **အပနိဓာပေယျ-အရ အာပတ်သင့်ပုံ ။** ။ သူတစ်ပါးကို စေခိုင်းသော ရဟန်းအား စေခိုင်းခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စေခိုင်းခံရသော ရဟန်းက ဝှက်ထားပြီးသော် စေခိုင်းသောရဟန်းမှာ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။** ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သပိတ်,စသည်ကို ဝှက်ထားခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ ။** ။ ရဟန်း, လူ, သာမဏေတို့၏ သပိတ်,စသည်မှတစ်ပါး သပိတ်အိတ်,စသော အခြားပရိက္ခရာကို ဝှက်ထားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ ။** ။ မတော်မလျော် ပစ်ထားသည်ကို သိမ်းထားလျှင်ရင်း, မတော်မလျော်ထားသူကို ဆုံးမလို၍ ခေတ္တ ဝှက်ထားလျှင်ရင်း ထိုရဟန်းများနှင့် ဥမ္မတ္တကရဟန်း စသည်တို့အား အာပတ်မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး ။** ။ (၁) ရဟန်း၏ ဥစ္စာဖြစ်သော သပိတ်,စသည် ၅-မျိုးကို ဝှက်ထားခြင်း၊ (၂) ညှဉ်းဆဲလိုခြင်း (သို့မဟုတ်) ရယ်ရွှင်လိုခြင်း။

http://www.dhammadownload.com



**သပ္ပါဏကဝဂ်/ သဉ္စိစ္စ သိက္ခာပုဒ်**

➤ **ပါဏ-အရ** ။ ။ တတိယ ပါရာဇိကဌ် လူကိုသတ်ခြင်းကြောင့် ပါရာဇိက အာပတ်ကို ပညတ်တော်မူခဲ့ပြီး ဖြစ်သောကြောင့် တိရစ္ဆာန်သတ္တဝါကို ယူရပါမည်။

➤ **ခြင်သတ်သော ရဟန်းနှင့် ဆင်သတ်သော ရဟန်းတို့၏ ထူးခြားချက်**

➤ **ခြင်နှင့် ဆင်ကို သတ်သော ရဟန်း၏ အကုသိုလ် တူ/မတူ**

ခြင်သတ္တဝါသည် သေးငယ်သည့်အတွက် လုံ့လအားမစိုက်ရသောကြောင့် အကုသိုလ်အဖြစ် နည်းပါသည်။ ဆင်သတ္တဝါကား ကြီးမားသည့်အတွက် လုံ့လအားစိုက် ရသောကြောင့် အကုသိုလ်ကြီးပါသည်။ ဤကား ထူးခြားချက် ဖြစ်ပါသည်။

➤ **ခြင်သတ်သော ရဟန်းနှင့် ဆင်သတ်သော ရဟန်းတို့၏ မထူးခြားချက်**

➤ **ခြင်နှင့် ဆင်ကို သတ်သော ရဟန်း၏ အာပတ်** ။ ။ ငယ်သော တိရစ္ဆာန်ကို ပင်ဖြစ်စေ, ကြီးသောတိရစ္ဆာန်ကိုပင်ဖြစ်စေ သေအောင်သတ်ပါက သုဒ္ဓပါစိတ်အာပတ် သာ သင့်ပါသည်။ ဤကား မထူးခြားချက် ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥဒါယိမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သတ္တဝါကို ဇီဝိတိန္ဒြေမှ ခွင်းခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ သတ္တဝါ၌ ယုံမှားရှိ၍ သတ်သောရဟန်း၊ သတ္တဝါ မဟုတ်သည်၌ သတ္တဝါဟု အမှတ်ရှိ၍ငင်း, ယုံမှားရှိ၍ငင်း သတ်သောရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ သတ္တဝါ မဟုတ်သည်၌ မဟုတ်ဟု အမှတ်ရှိ၍ သတ်သောရဟန်း၊ သတ္တဝါဟု သိသောသညာနှင့်တကွ မစေ့ ဆော်ဘဲ သတ်မိသောရဟန်း၊ မသိ၍ သတ်မိသောရဟန်း၊ မသေစေလိုဘဲ သတ်မိ သော ရဟန်း၊ ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) တိရစ္ဆာန်ဖြစ်ခြင်း၊ (၂) သတ္တဝါမှန်း သိခြင်း၊ (၃) သတ်လိုသောစိတ်ရှိခြင်း၊ (၄) လုံ့လအားစိုက်ခြင်း၊ (၅) သေခြင်းတို့ ဖြစ်ပါသည်။

**သပ္ပါဏက သိက္ခာပုဒ်**

➤ **ပါဏ-အရ** ။ ။ သောက်ခြင်း, ချိုးခြင်း,စသည်ပြုလျှင် သေလောက်သော သေးငယ်သည့် ရေပိုး, ရေမွှား, သတ္တဝါကလေးများကို ယူရပါမည်။

➤ **ပါဏ ၂-ခု အထူး** ။ ။ သဉ္စိစ္စ သိက္ခာပုဒ်၌ ပါဏ-အရ တိရစ္ဆာန်သတ္တဝါ အားလုံးကို ယူရပါသည်။ သပ္ပါဏကသိက္ခာပုဒ်၌ ပါဏ-အရ ရေကို သုံးစွဲလျှင် သေ နိုင်လောက်သော ပိုးကောင်ငယ်များကို ယူရပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



➤ **အာပတ်သင့်ပုံ** ။ ။ ပိုးရှိသော ရေမှန်းသိလျက် သုံးစွဲသော ရဟန်းအား ပယောဂ တိုင်း ပယောဂတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပိုးရှိသော.ရေဟုသိလျက် ပိုးနှင့်တကွ ရေကိုသုံးစွဲခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**ဥက္ကောဋန သိက္ခာပုဒ်**

➤ **ယထာဓမ္မံ–၌ ဓမ္မ–အရ** ။ ။ စူဠဝါ သမထက္ခန္ဓက၌ အဓိကရုဏ်းများငြိမ်းရန် ဟောတော်မူအပ်သည့် အဓိကရဏသမထဓမ္မများကို ယူရပါမည်။

➤ **နိဟတာဓိကရဏံ–၌ အဓိကရဏ–အရ** ။ ။ ငြိမ်းပြီးသော အဓိကရုဏ်း ၄-ပါးကို ယူရပါမည်။

➤ **ယထာဓမ္မံ နိဟတာဓိကရဏံ အဓိပ္ပါယ်** ။ ။ အဓိကရဏသမထဓမ္မတို့ဖြင့် တရားနည်းလမ်းကျစွာ ငြိမ်းထားသဖြင့် ငြိမ်းစဲ, သေဝပ်ပြီးသော အဓိကရုဏ်းကို "ယထာ ဓမ္မ နိဟတာဓိကရဏံ"ဟု ဆိုပါသည်။

➤ **ဥက္ကောဋေယျ (လှုံ့ဆော်ခြင်း) အဓိပ္ပါယ် ⁄ ဥက္ကောဋန အဓိပ္ပါယ်**

ထိုထိုရဟန်း၏ အထံသို့ သွား၍ "ကံကို မပြုအပ်သေး"စသော စကားကို ပြော ဆိုလျက် နောက်ထပ် ကံပြုရအောင် လှုံ့ဆော်ပေးခြင်းကို "ဥက္ကောဋေယျ" (ဥက္ကော ဋန) ဟု ခေါ်ပါသည်။

➤ **ငြိမ်းပြီးသည့် အဓိကရုဏ်းကို လှုံ့ဆော်ရာ၌ တစ်ပန်ငြိမ်းစရာ လို⁄မလို**

ငြိမ်းပြီးသည့် အဓိကရုဏ်းကို·လှုံ့ဆော်ရာ၌.ဝိနည်းတရားဖြင့် နှိမ်နင်းအပ်ပြီးသော အဓိကရုဏ်းသည် ကောင်းစွာနှိမ်နင်းအပ်သည်သာ ဖြစ်ပါသည်။ တစ်ဖန် ငြိမ်းစရာ မလိုပါ။

➤ **ကံပြု၍ မပြီးသေးမီ တားမြစ်ရာ၌ ဆောင်ရွက်ပုံ** ။ ။ တားမြစ်သောရဟန်းကို မတားမြစ်ဖို့ရန် ဖျောင်းဖျပြောဆိုသောအားဖြင့် ကျေနပ်စေပြီးမှ ကံပြုရပါမည်။ ထို ရဟန်းက တားမြစ်မြဲ တားမြစ်နေလျှင် ကံလည်းပျက်စီးပါသည်၊ ကံပြုသော ရဟန်း တို့လည်း အာပတ်သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ လှုပ်ရှားစေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ ဓမ္မကံ၌ ယုံမှားရှိ၍ လှုပ်ရှားစေသောရဟန်း၊ အဓမ္မကံ၌ ဓမ္မကံ-ဟု အမှတ်ရှိ၍ရင်း, ယုံမှားရှိ၍ရင်း လှုပ်ရှားစေသော ရဟန်းအား

http://www.dhammadownload.com



ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ॥ ॥ ဓမ္မကံ, အဓမ္မကံ ၂-ပါး တို့၌ အဓမ္မကံဟု အမှတ်ရှိ၍ လှုပ်ရှားစေသောရဟန်း၊ "အဓမ္မကံဖြင့် ကံပြုအပ်ပြီ ဝဂ္ဂသံဃာသည် ကံပြုအပ်ပြီ, ကံ,မပြုထိုက်သော ရဟန်းအပေါ်၌ ကံကိုပြုအပ်ပြီ"ဟု သိ၍ လှုပ်ရှားစေသောရဟန်း၊ ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃–ပါး** ॥ ॥ (၁) တရားနည်းလမ်းအတိုင်း ငြိမ်းစေအပ်ပြီး ဖြစ်ခြင်း၊ (၂) ထိုသို့ ငြိမ်းစေပြီးမှန်း သိခြင်း၊ (၃) လှုံ့ဆော်ခြင်း-တို့ ဖြစ်ပါသည်။

**ဒုဋ္ဌုလ္လ သိက္ခာပုဒ်**

➤ **ဒုဋ္ဌုလ္လ–အရ** ॥ ॥ ဘိက္ခုသဃ ဒုဋ္ဌုလ္လ-ဟု သိက္ခာပုဒ်၌ ဟောတော်မူသောကြောင့် ပါရာဇိကအာပတ် သင့်ပြီးသူမှာ ဘိက္ခု မဟုတ်တော့ရကား ပါရာဇိကအာပတ်သည် ရဟန်း၏ ဒုဋ္ဌုလ္လ မဖြစ်နိုင်သောကြောင့်-- သံဃာဒိသိသ်အာပတ်ကို ယူရပါမည်။

➤ **ဖုံးထားသောရဟန်း အာပတ်သင့်ရာအခါ** ॥ ॥ ဒုဋ္ဌုလ္လအာပတ်ကို "တစ်စုံ တစ်ယောက်သော ရဟန်းအား မပြောတော့အံ့"ဟု ဆုံးဖြတ်လိုက်ရာအခါ၌ ပါစိတ် အာပတ် သင့်ပါသည်။

➤ **အာပတ် အဆက်ဆက် သင့်ပုံ** ॥ ॥ ပထမ အာပတ်သင့်သောရဟန်းက ဖုံးထား ခြင်းအကျိုးငှာ ဒုတိယရဟန်းကို ဒေသနာပြောပြော၍ ဒုတိယရဟန်းက ဖုံးထားလျှင် လည်း အာပတ်သင့်ပြန်၏၊ ဒုတိယရဟန်းက တတိယရဟန်းအား ပြောသော်လည်း "ကိုယ်တော့သာ သိပါစေ, သူများကို မပြောလိုက်ပါနှင့်"ဟု ဖုံး-ပြော ပြောလျှင် ဒုတိယ ရဟန်းများ အာပတ်မှ မလွတ်၊ ဤနည်းအတိုင်း ဖုံး-ပြော ပြောကြလျှင် ရဟန်းတစ်ရာ သည်လည်း အာပတ်သင့်နိုင်ပါသည်။

➤ **အာပတ်အဆက်ဆက် ပြတ်ပုံ** ॥ ॥ ဖုံးထားတော့မည်ဟု ဝန်ချပြီး၍ ဖုံးထား ခြင်းငှာ အခြားရဟန်းတစ်ပါးအား ပြောလိုက်ရာ ထိုပြောခံရသော ရဟန်းကလည်း ထို့အတူ အခြားရဟန်းတစ်ပါးအား ပြော၏၊ ထိုနောက်ဆုံး ပြောခံရသောရဟန်းက အခြားတစ်ပါးကို မပြောတော့ဘဲ မိမိအား ပြောသောရဟန်းအားသာ ပြန်ပြောသည် ရှိသော် အာပတ် အဆက်ပြတ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဒုဋ္ဌုလ္လအာပတ်ကို ဖုံးထားခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ॥ ॥ (၁) ရဟန်းတစ်ပါး၏ သံဃာဒိသိသ်အာပတ်ကို ရဟန်းတစ်ပါးအား မပြောကြားတော့ဟု ဆုံးဖြတ်လိုက်သော အချိန်တွင်ပင် ပါစိတ်

http://www.dhammadownload.com



အာပတ်သင့်ပါသည်။ ယင်းသို့ ဖုံးလွှမ်းပြီးနောက် ဖွင့်ဖော်ပြောကြားသော်လည်း အာပတ်မှ မလွတ်ပါ။ (၂) အနုပသမ္ပန္န (လူ, သာမဏေ) ၏ ဒုဋ္ဌုလ္လ အဇ္ဈာစာရကို သိလျက် ဖုံးလွှမ်းထားပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ဒုဋ္ဌုလ္လအာပတ်ကို ဖုံးထားသော်လည်း အာပတ်မသင့်နိုင်ခြင်းအကြောင်း**

ဖုံးမထားဘဲ ဖွင့်ဖော်ပြောကြားလိုက်ပါလျှင် သံဃာ မညီမညွတ်ဖြစ်ရန် အကြောင်းရှိခြင်း၊ အာပတ်သင့်သူရဟန်းမှာ ကြမ်းတမ်းခက်ထန်သဖြင့် အသက်အန္တရာယ်,စသည်ကို ပြုမည်စိုးရိမ်ရခြင်း၊ ပြောပြဖို့ရန် သင့်တော်သောရဟန်းကို မတွေ့မြင်ရခြင်း၊ သူ့အမှုနှင့် သူပင် ထင်ရှားလာလိမ့်မည်ဟု နှလုံးပြုထားခြင်းဟူသော အကြောင်းတို့ကြောင့် ဒုဋ္ဌုလ္လအာပတ်ကို ဖုံးထားပါက အာပတ် မသင့်နိုင်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ॥ ॥ (၁) ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို သိခြင်း၊ (၂) ဖုံးထားလိုသည့်အတွက် မပြောတော့ပါဘူးဟု ဝန်ချခြင်း-တို့ ဖြစ်ပါသည်။

**ဦနဝီသတိဝဿ သိက္ခာပုဒ်**

➤ **ဦနဝီသတိဝဿ အဓိပ္ပါယ်** ॥ ॥ ပဋိသန္ဓေတည်နေချိန်မှ စ၍ အနှစ်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို "ဦနဝီသတိဝဿ" ဟု ခေါ်ပါသည်။

➤ **အသက် (၂၀) ရေတွက်ပုံ** ॥ ॥ ပဋိသန္ဓေတည်နေချိန်မှ စ၍ ရေတွက်ရပါမည်။

➤ **(သောစ ပုဂ္ဂလော) အနုပသမ္ပန္နော အဓိပ္ပါယ်** ॥ ॥ ဥပဇ္ဈာယ်ဆရာ လုပ်သူက အသက်(၂၀) မပြည့်ကြောင်းကို သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးလျှင် ရဟန်းစစ်စစ် မဖြစ်ခြင်းကို (သောစ ပုဂ္ဂလော) အနုပသမ္ပန္နော-ဟု ဆိုပါသည်။

➤ **အသက် (၂၀) မပြည့်သေးသော ပုဂ္ဂိုလ်ကို ရဟန်းခံ ပေးရာ၌**

**(က) ရဟန်းဖြစ်/မဖြစ်** ॥ ॥ ရဟန်း မဖြစ်ပါ။ (ခ) **ရရှိနိုင်သည့် အခွင့်အရေး** ရဟန်းမဖြစ်ဟု မသိ၍ တရားကျင့်က တရားထူး ရနိုင်ပါသည်။ (ဂ) **အန္တရာယ် ဖြစ်/မဖြစ်** ॥ ॥ ရဟန်း မဖြစ်ဟု သိက နတ်ပြည်၏ အန္တရာယ်, နိဗ္ဗာန်၏ အန္တရာယ် ဖြစ်ပါသည်။ မသိက မဖြစ်ပါ။ (ဃ) **ဆက်လက် လုပ်ဆောင်ရမည့် ကျင့်ဝတ်** -ရဟန်းမဖြစ်မှန်း သိပါက ရဟန်း ပြန်ခံရပါမည်။

➤ **ဉာတံ တဿ ပါစိတ္တိယံ-ဟု ပညတ်ရခြင်းအကြောင်း** ॥ ॥ အသက်(၂၀) မပြည့်သေးသူကို ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်းခံပေးပါက ထိုဥပဇ္ဈာယ်ပုဂ္ဂိုလ်၌သာ ပါစိတ်အာပတ် သင့်သောကြောင့် "ဉာတံ တဿ ပါစိတ္တိယံ"ဟု ပညတ်ရပါသည်။

➤ **ယော ပန ဘိက္ခု-အရ** ॥ ॥ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းကို ယူရပါမည်။ ➤ **သောစ ပုဂ္ဂလော-အရ** ॥ ॥ ပဉ္စင်းလောင်းကို ယူရပါမည်။

http://www.dhammadownload.com



➤ **တေစ ဘိက္ခူ-အရ** ။ ။ ဥပဇ္ဈာယ်ရဟန်းမှကြွင်းသော ကံဆောင်ရဟန်းများကို ယူရပါမည်။ ➤ **ဂါရယှာ-အရ** ။ ။ ဒုက္ကဋ်အာပတ်ကို ယူရပါမည်။

➤ **ဣဒံ တသ္မိံ-အရ** ။ ။ ဥပဇ္ဈာယ်လုပ်၍ ပဉ္စင်းခံပေးသော ရဟန်းကို ယူရမည်။

➤ **ဦနဝီသတိဝဿပုဂ္ဂိုလ်ကို ရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာအား ကမ္မဝါစာအတွင်း သင့်ရောက်နိုင်သော အပြစ်များ** ။ ။ ပဉ္စင်းခံပေးရန်အတွက် ကာရကသံဃာကို ရှာဖွေခြင်း, ကမ္မဝါစာဆရာ ရှာဖွေခြင်း, သပိတ်သင်္ကန်း ရှာဖွေခြင်း, သိမ်သမုတ်ခြင်း စသော ကိစ္စအားလုံးတို့အတွက် ဒုက္ကဋ်အာပတ်၊ ဉပသမ္ပဒ ကမ္မဝါစာ၏ ဉ တ်ဆုံးလျှင် ဒုက္ကဋ်အာပတ်တစ်ချက်။ ကမ္မဝါစာ နှစ်ကြိမ်ဆုံးလျှင် ဒုက္ကဋ်နှစ်ချက် သင့်ပါသည်။ တတိယ ကမ္မဝါစာ၏အဆုံး၌ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဦနဝီသတိဝဿရဟန်းက ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒကံ ဆောင်ရွက်လျှင် ကံမြောက်/မမြောက်** ။ ။ ဦနဝီသတိဝဿရဟန်းက ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒကံ ဆောင်ရွက်ရာ၌ ဥပဇ္ဈာယ်လုပ်သော ရဟန်းတုကို ချန်လှပ်၍ ရဟန်းစစ်စစ်ဖြစ်သူ မဇ္ဈိမဒေသ၌ ၁၀-ပါး၊ ပစ္စန္တရာဇ်၌ ၅-ပါး ပြည့်က ကံမြောက်ပါသည်။ မပြည့်က ကံ မမြောက်ပါ။

➤ **အသက် ၂၀-မပြည့်မှန်း သိလျက် ရဟန်းခံပေးမှုအတွက် သင့်ရောက်သော အပြစ်များ** ။ ။ ဣဒံ တသ္မိံ ပါစိတ္တိယံ-အရ ဥပဇ္ဈာယ်ဆရာမှာ ပါစိတ်အာပတ်သင့်ခြင်း အပြစ်၊ တေစ ဘိက္ခူ ဂါရယှာ-အရ ကာရကသံဃာမှာ ဒုက္ကဋ်အာပတ် သင့်ခြင်းအပြစ်၊ သော စ ပုဂ္ဂလော အနုပသမ္ပန္နော-အရ ပဉ္စင်းလောင်းမှာ ရဟန်း မဖြစ်ခြင်း အပြစ်များ ရနိုင်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ များစွာသော ရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အသက် (၂၀) မပြည့်သေးသော ပုဂ္ဂိုလ်ကို မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်စေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်ပုံ** ။ ။ အသက် ၂၀-မပြည့်သေးသူ၌ ယုံမှားရှိ၍ ပဉ္စင်းခံပေးသောရဟန်း၊ အသက် ၂၀-ပြည့်ပြီးသူ၌ မပြည့်သေးဟု အမှတ်ရှိ၍ရင်း, ယုံမှားရှိ၍ရင်း ပဉ္စင်းခံပေးသော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အသက် ၂၀-မပြည့်သေးခြင်း၊ (၂) အသက် ၂၀-မပြည့်မှန်း သိခြင်း၊ (၃) ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးခြင်း-တို့ ဖြစ်ပါသည်။

**ထေယျသတ္ထ သိက္ခာပုဒ်**

➤ **ထေယျသတ္ထ အဓိပ္ပါယ်** ။ ။ မင်း၏ဘဏ္ဍာတော်ကို လှည့်ပတ်ယူလာခဲ့၍ ခိုးပြီး ဖြစ်သူကိုရင်း, ကင်းခွန်ကောက်မည့်အရပ်ကို ကင်းခွန်မပေးရအောင် ရှောင်သွား

http://www.dhammadownload.com



လို၍ ခိုးလတ္တံ့ ဖြစ်သူကိုရင်း "ထေယျသတ္ထ"ဟု ခေါ်ပါသည်။

➤ **အဒ္ဓမဘော-အရ** ။ ။ ရွာတစ်ပါးကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (ပုဂ္ဂိုလ်)ကို အကြောင်းပြု၍ တစ်ကြောင်းတည်းသော အစွန့်ရှည်သော ခရီးကိုသွားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်သော ရဟန်းများ** ။ ။ လူတို့ကမတိုင်ပင်ဘဲ မိမိကသာ တိုင်ပင်၍ သွားသောရဟန်း၊ ထေယျသတ္ထ၌ ယုံမှားရှိ၍ တိုင်ပင်ကာ သွားသောရဟန်း ထေယျသတ္ထ မဟုတ်သည်၌ ထေယျသတ္ထ-ဟု အမှတ်ဖြင့် တိုင်ပင်ကာ သွားသော ရဟန်း၊ ယုံမှားသံသယဖြင့် တိုင်ပင်ကာသွားသော ရဟန်းတို့ ဖြစ်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ အထေယျသတ္ထ-၌ အထေယျသတ္ထ-ဟု အမှတ်ရှိ၍ တိုင်ပင်ကာသွားသော ရဟန်း၊ မတိုင်ပင်မူ၍သော် ရင်း၊ အချိန်ကာလ ချွတ်ယွင်းခြင်းဖြင့်သော်ရင်း၊ ဘေးရန်တို့ကြောင့်သော်ရင်း တိုင်ပင်ကာ သွားသောရဟန်း၊ ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ထေယျသတ္ထဖြစ်ခြင်း၊ (၂) ထေယျသတ္ထမှန်း သိခြင်း (၃) တိုင်ပင်ခြင်း၊ (၄) မချွတ်မယွင်း သွားခြင်း-တို့ဖြစ်ပါသည်။

**သံဝိဓာန သိက္ခာပုဒ်**

➤ **မာတုဂါမ-အရ** ။ ။ လူဝတ်ကြောင် မိန်းမများနှင့် ဘိက္ခုနီသံဃာ၌သာ ရဟန်း ဖြစ်ပြီးကာစဖြစ်သော ဧကတောဥပသမ္ပန္န ဘိက္ခုနီနှင့် သိက္ခမာန်, သာမဏေမ-တို့ကို လည်း ယူရပါမည်။

➤ **သံဝိဓာန သိက္ခာပုဒ် ၂-ခု အထူး** ။ ။ ဩဝါဒဝဂ် သံဝိဓာန သိက္ခာပုဒ်ကား- ဘိက္ခုနီ, သိက္ခမာန်, သာမဏေမတို့နှင့် အတူသွားသင့်ရာအခါ၌ အတူသွားကောင်း ပါသည်။ သပ္ပါဏကဝဂ်လာ သံဝိဓာန သိက္ခာပုဒ်ကား လူဝတ်ကြောင် မိန်းမများနှင့် အခါခပ်သိမ်းချိန်းချက်၍ အတူ မသွားကောင်းပါ။ ဤသို့ ထူးပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ မာတုဂါမနှင့်အတူ တစ်ကြောင်းတည်း အစွန့်ရှည်သော ခရီးကို သွားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**အရိဋ္ဌ သိက္ခာပုဒ်**

➤ **အန္တရာယိက အဓိပ္ပါယ်** ။ ။ နတ်ပြည်, ဗြဟ္မာပြည်နှင့် နိဗ္ဗာန်သို့ မရောက် အောင် နှောင့်ယှက်တတ်သောတရားကို "အန္တရာယိက"ဟု ခေါ်ပါသည်။

➤ **အန္တရာယိကာ ဓမ္မာ-၌ အန္တရာယ်သရုပ်** ။ ။ (၁) ကမ္မန္တရာယ် (၂) ကိလေသန္တ

http://www.dhammadownload.com



ရာယ် (၃) ဝိပါကန္တရာယ် (၄) ဥပဝါဒန္တရာယ် (၅) ပညတ္တိဝီတိက္ကမန္တရာယ်။

➤ **ဤ၌ အလိုရှိအပ်သော အန္တရာယ်** ။ ။ မေထုန်ကို လွန်ကျူးခြင်း၌ အပြစ်ကို မမြင်သောကြောင့် ပညတ္တိဝီတိက္ကမန္တရာယ်ကို အလိုရှိပါသည်။

**[ပါတိမောက်သာစက]** ယေ မေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ၊ တေ ပဋိသေဝတော နာလံ အန္တရာယာယ။

➤ **အန္တရာယိက ၅-ပါး အဓိပ္ပါယ်** ။ ။ (၁) မာတုဃာတက,စသော အနန္တရိယကံ ၅-ပါးသည် **"ကမ္မန္တရာယိက"** မည်၏။ (၂) ဘိက္ခုနီဒူသကနှင့် နိယတမိစ္ဆာဒိဋ္ဌိကံသည် **"ကိလေသန္တရာယိက"** မည်၏။ (၃) ပဏ္ဍုက်, တိရစ္ဆာန်, ဥဘတောဗျည်းတို့၏ ပဋိသန္ဓေဝိပါက်သည် **"ဝိပါကန္တရာယိက"** မည်၏။ (၄) အရိယာကို စွပ်စွဲကဲ့ရဲ့ခြင်းသည် **"ဥပဝါဒန္တရာယိက"** မည်၏။ (၅) ဝိနည်းပညတ်တော်ကို ကျူးလွန်ခြင်းသည် **"ပညတ္တိဝီတိက္ကမန္တရာယိက"** မည်၏။

➤ **ယေ မေ အန္တရာယိကာ ဓမ္မာ,စသော စကားကို ပြောဆိုရခြင်း၏ ရည်ရွယ်ချက်** ။ ။ နူးညံ့သော အခင်း,စသည်တို့၏ အတွေ့သည် ရဟန်းတို့အဖို့ အပ်သေးလျှင် မိန်းမအတွေ့လည်း အပ်ရမည်ဟု မေထုန်လွန်ကျူးခြင်း၌ အပြစ်ကို မမြင်မိလေသောကြောင့် "ယေ မေ အန္တရာယိကာ ဓမ္မာ"စသော စကားကို ဆိုပါသည်။

➤ **အနေကပရိယာယေန-အရ** ။ ။ ဝတ္ထုကာမ, ကိလေသာကာမတို့သည် အရိုးစုနှင့် တူကုန်၏,စသည်ဖြင့် ဟောတော်မူထားသော အကြောင်းများကို ယူရပါမည်။

➤ **သော ဘိက္ခု ဘိက္ခူဟိ-၌ ဘိက္ခု-အရ** ။ ။ အရိဋ္ဌရဟန်းကို ယူရပါမည်။

➤ **ဘိက္ခူဟိ-အရ** ။ ။ မြင်ကုန်, ကြားကုန်သော ရဟန်းတို့ကို ယူရပါမည်။

➤ **အဓမ္မဝါဒီရဟန်းက "အန္တရာယိက အဓမ္မဝါဒ" ကို "အနန္တရာယိက အဓမ္မဝါဒ" ဟု ပြောဆိုလာလျှင် ဓမ္မဝါဒီရဟန်းတော်များ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း**

➤ **အရိဋ္ဌရဟန်းဆိုးကို မြင်ကုန် ကြားကုန်သော ရဟန်းတို့က ပြောရမည့် တာဝန်များ** ။ ။ အရှင်သည် ဤသို့ မပြောပါနှင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းဟာ မကောင်းပါ၊ ဘုရားရှင်သည် ငါ့ရှင်ပြောသည့်အတိုင်း မဟောတန်ရာ၊ မေထုန်အကျင့်သည် အန္တရာယ်ကို ပြုတတ်ကုန်၏ဟု ဘုရားရှင် နည်းအမျိုးမျိုးဖြင့် ဟောတော်မူထားပါ၏၊ မေထုန်အကျင့်ကို မှီဝဲပါက အန္တရာယ်ပြုနိုင်ပါ၏ဟု သုံးကြိမ်တိုင်တိုင် ပြောဆိုရပါမည်။

➤ **မပြောဆိုပါက ရရှိသည့်အပြစ်** ။ ။ ရဟန်းကောင်းတို့က ပြောဆိုပါလျက် မစွန့်လျှင် အရိဋ္ဌရဟန်းမှာ ဒုက္ကဋ်အာပတ်၊ ကြားပါလျက် မပြောဆိုသော ရဟန်းတို့မှာ ဒုက္ကဋ်အာပတ်၊ အကယ်၍ မစွန့်သေးလျှင် သံဃာ့အလယ်သို့ ဆွဲခေါ်ပြီးလျှင် ပြော

http://www.dhammadownload.com



ဆိုရမည်၊ သံဃာ့အလယ်၌ မစွန့်သေးပါက ဒုက္ကဋ်အာပတ်၊ မပြောပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အဖန်ဖန်ပြောဆိုပါလျက် အယူကိုမစွန့်လွှတ်ပါက နောက်ဆုံးဆောင်ရွက်ရမည့် တာဝန်နှင့် အပြစ်များ** ။ ။ အဖန်ဖန်ပြောဆိုပါလျက် အယူကိုမစွန့်လွှတ်သေးလျှင် ဉတ္တိစတုတ္ထ ကမ္မဝါစာကဲဖြင့် ၃-ကြိမ်တိုင်အောင် အဖန်ဖန်ပြောဆိုရမည်။ ထိုသို့ ပြောရာ၌ မစွန့်လွှတ်သော ရဟန်းအား ဉတ္တိစတုတ္ထ ကမ္မဝါစာ၏ ဉတ်အဆုံး၌ ဒုက္ကဋ်အာပတ် တစ်ချက်၊ ကမ္မဝါစာနှစ်ကြိမ်ဆုံးလျှင် ဒုက္ကဋ်အာပတ်နှစ်ချက်၊ တတိယ ကမ္မဝါစာ အဆုံး၌ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အရိဋ္ဌရဟန်း (မူလ်ကိုလ်) ကို အကြောင်းပြု၍ ယုတ်မာသော အယူကို မစွန့်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) သမနုဘာသနကံ၏ ဓမ္မကံဖြစ်ခြင်း (၂) သုံးကြိမ်တိုင်အောင် ဆုံးမခြင်း (၃) အယူကို မစွန့်ခြင်း-တို့ ဖြစ်ပါသည်။

**ဥက္ခိတ္တ သမ္ဘောဂသိက္ခာပုဒ်**

➤ **တထာဝါဒိနာ အဓိပ္ပါယ်** ။ ။ တထာဟံ ဘဂဝတာ ဓမ္မံ-စသော စကားကို ပြောလေ့ရှိသော ရဟန်းကို တထာဝါဒိနာ-ဟု ခေါ်ပါသည်။

➤ **အကတာနုဓမ္မေန-၌ အနုဓမ္မ အဓိပ္ပါယ်/အနုဓမ္မ-အရ** ။ ။ အာပတ်ကို မရှုခြင်းကြောင့်သော်၎င်း, မကုစားခြင်းကြောင့်သော်၎င်း, ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့်သော်၎င်း, ဟုတ်မှန်သောသဘော, စောဒနာ, သာရဏာ, ဝိနည်းဖြင့် နှင်ထုတ်အပ်ပြီးသော ရဟန်းကို ဥက္ခိတ္တကကံအားလျော်စွာ ကျင့်ဝတ်ကိုမြင်၍ ပြုအပ်ပြီးသော သံဃာ့ဘောင်သို့ သွင်းခြင်းသည် "အနုဓမ္မ" မည်ပါသည်။

➤ **အကတာနုဓမ္မ အဓိပ္ပါယ်** ။ ။ သံဃာ့ဘောင်သို့သွင်းခြင်းဟု ဆိုအပ်သော အနုဓမ္မကို မပြုအပ်သော ရဟန်းသည် "အကတာနုဓမ္မ" မည်ပါသည်။

➤ **သမ္ဘုဉ္ဇေယျဝါ-၌ သမ္ဘောဂသရုပ်** ။ ။ (၁) အာမိသသမ္ဘောဂ=အာမိသကို အတူ တကွ သုံးစွဲခြင်း။ (၂) ဓမ္မသမ္ဘောဂ=ဓမ္မကို အတူတကွ သုံးစွဲခြင်း-တို့ ဖြစ်ပါသည်။

➤ **အာမိသသမ္ဘောဂ အဓိပ္ပါယ်** ။ ။ ဆွမ်း,စသော အာမိသကို မိမိကပေးခြင်း သူ့ဟာကိုယူခြင်းကို "အာမိသသမ္ဘောဂ"ဟု ခေါ်ပါသည်။

➤ **ဓမ္မသမ္ဘောဂ အဓိပ္ပါယ်** ။ ။ ပါဠိတော်,စသော ကျမ်းစာကို ဆရာလုပ်၍ ပို့ချပေးခြင်း, တပည့်လုပ်၍ စာတက်ခြင်းကို "ဓမ္မသမ္ဘောဂ"ဟု ခေါ်ပါသည်။

➤ **သံဝါသ (ဝါ) သံဝသေယျ အဓိပ္ပါယ်** ။ ။ ဥပုသ်ကံ,စသော သံဃာ့ကံများကို

http://www.dhammadownload.com



ဥက္ကိတ္တကရဟန်းနှင့် အတူပြုခြင်းကို သံဝါသ (ဝါ) သံဝသေယျ-ဟု ခေါ်ပါသည်။

➤ **သဟဝါ သေယျံ ကပ္ပေယျ အဓိပ္ပါယ်** ။ ။ အမိုးတစ်ခုတည်းသော ကျောင်းတွင် အတူတူတစ်ကျောင်းတည်း အိပ်ခြင်းကို "သဟဝါ သေယျံ ကပ္ပေယျ"ဟုခေါ်သည်။

➤ **ဥက္ခိတ္တကရဟန်းနှင့် သမ္ဘောဂပြုရာ၌ အာပတ်သင့်ပုံ** ။ ။ (၁) အာမိသသမ္ဘောဂ ကို သုံးဆောင်ရာတွင် တစ်ကြိမ်တည်းဖြင့် ပေးသည်ဖြစ်စေ, ယူသည်ဖြစ်စေ, ပါစိတ် အာပတ် တစ်ချက်သာ သင့်ပါသည်။ (၂) အကြိမ်ကြိမ်ပေးသည်ဖြစ်စေ, ယူသည်ဖြစ် စေ အပေးအယူ အရေအတွက်အလိုက် ပါစိတ်အာပတ် သင့်ပါသည်။ (၃) ဓမ္မသမ္ဘောဂ ပြုလုပ်လျှင် ပဒ,စသည်ဖြင့် သင်ယူပို့ချပါက ပဒသောဓမ္မ သိက္ခာပုဒ်အတိုင်း ပါစိတ် အာပတ် သင့်ပါသည်။

➤ **ဥက္ခိတ္တကရဟန်းနှင့် သံဝါသမှု ပြုလုပ်ရာ၌ အာပတ်သင့်ပုံ** ။ ။ ဆောင်ရွက် သည့် ဥပုသ်ကံ ပြီးဆုံးပါက ပါစိတ်အာပတ် သင့်ပါသည်။

➤ **သဟသေယျမှု ပြုလုပ်ရာ၌ အာပတ်သင့်ပုံ** ။ ။ တစ်ဦးဦးကထလိုက် အိပ် လိုက် လုပ်နေပါက ထိုသို့ပြုလုပ်သော အရေအတွက်အလိုက် ပါစိတ်အာပတ်သင့်၏။

➤ **ဥက္ခေပနိယကံ ပြုထိုက်သည့် ရဟန်းအမျိုးအစား** ။ ။ (၁) အာပတ်ကို မရှု သော ရဟန်း၊ (၂) အာပတ်ကို မကုစားသော ရဟန်း၊ (၃) မိစ္ဆာအယူကို မစွန့်သော ရဟန်း-တို့ ဖြစ်ပါသည်။

➤ **ဥက္ခိတ္တကရဟန်းကို ဩသာရဏကံ ပြုရမည့်အခါ** ။ ။ ဥပဇ္ဈာယ်လုပ်၍ ပဥ္စင်း ခံ မပေးရခြင်း, နိဿယည်းလည်း မပေးရခြင်း,စသော ကျင့်ဝတ်များနှင့် ပြည့်စုံသော အခါ ပြုရပါမည်။

➤ **တထာ ဝါဒီနာ ဘိက္ခုနာ—၌ ဘိက္ခု—အရ** ။ ။ တထာဟံ ဘဂဝတာ,စသော စကားကို ပြောလေ့ရှိသူ, ဩသာရဏကံ မပြုရသေးသူ, မိစ္ဆာအယူကို မစွန့်လွှတ်ရသေး သူ ရဟန်းကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အရိဋ္ဌရဟန်းနှင့်အတူတကွ သုံးစွဲခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ရဟန်းအချင်းချင်းဖြစ်လျက် သဟသေယျအာပတ် သင့်စေတတ်သော ရဟန်း** ဥက္ခိတ္တကရဟန်း ဖြစ်ပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်သော ရဟန်း** ။ ။ ဥက္ခိတ္တကရဟန်း၌ ယုံမှားမှုရှိ၍ရင်း, ဥက္ခိတ္တက,မဟုတ်သော ရဟန်း၌ ဟုတ်သည်ဟုထင်၍ရင်း, ယုံမှားမှုရှိ၍ရင်း သမ္ဘောဂ စသည်ကို ပြုသောရဟန်း ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **အဓမ္မဝါဒီရဟန်းတို့နှင့် သမ္ဘောဂ စသည်ပြုသော ရဟန်းအား သင့်ရောက်သော အပြစ်** ။ ။ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ကိုထောက်၍ ပါစိတ်အာပတ် သင့်၏။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ ဥက္ခိတ္တက, အနုက္ခိတ္တက တို့၌ ဥက္ခိတ္တက မဟုတ်ဟု မှတ်ထင်၍ သမ္ဘောဂ,စသည်ကို ပြုလုပ်သောရဟန်း။ သံဃာ့ ဘောင်သို့ သွင်းအပ်ပြီးဟုသော်၎င်း, ထိုအယူကို စွန့်ပြီဟုသော်၎င်း သိ၍ သမ္ဘောဂ, စသည်ကိုပြုသော ရဟန်းတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ဩသာရဏာကံ မပြုရသေးခြင်း (၂) ဩသာရဏာကံ မပြုရသေး (သို့မဟုတ်) ထိုအယူကို မစွန့်သေးဟု သိခြင်း၊ (၃) ဓမ္မသမ္ဘောဂ စသည်ကို ပြုခြင်း-တို့ ဖြစ်ပါသည်။

**ကဏ္ဍက သိက္ခာပုဒ်**

➤ **တထာ နာသိတံ-၌ နာသနသုံးမျိုး** ။ ။ (၁) သံဝါသနာသနာ (၂) လိင်နာသနာ (၃) ဒဏ္ဍကမ္မ နာသနာ-တို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်၌ အလိုရှိသော နာသန** ။ ။ တထာ နာသိတံ သမဏုဒ္ဒေသံ ပါဌ်ဖြင့် အသွင်ဖျက်၍ လူထွက်စေခြင်း မဟုတ်ဘဲ သာမဏေအဖြစ်၌ တည်သေး ကြောင်း သိသာသောကြောင့် --ဒဏ္ဍကမ္မနာသနာကို အလိုရှိပါသည်။

[**ပါတိမောက်သာဝကေ**] အဇ္ဇတဂ္ဂေ တေ အာဝုသော သမဏုဒ္ဒေသ နစေဝ သော ဘဂဝါ သတ္ထာ အပဒိသိတဗ္ဗော၊ ယမ္ပိ စညေ သမဏုဒ္ဒေသာ လဘန္တိ ဘိက္ခူဟိ သဒ္ဓိံ ဒိရတ္တတိရတ္တံ သဟသေယျံ၊ သာပိ တေ နတ္ထိ၊ စရ ပိရေ ဝိနဿ။

➤ **သံဝါသနာသနာ အဓိပ္ပါယ်** ။ ။ အာပတ်ကို မရှုခြင်း,စသည်တို့ကြောင့် နှင်ထုတ်ခြင်းသည် "သံဝါသနာသနာ" မည်ပါသည်။

➤ **လိင်နာသနာ အဓိပ္ပါယ်** ။ ။ "ဖျက်ဆီးတတ်သော သာမဏေကို အသွင်ကို ဖျက် လူထွက်စေထိုက်၏, မေတ္တိယာ ဘိက္ခုနီမကို အသွင်ကိုဖျက် လူထွက်စေကုန် လော့"ဟု ဖျက်ဆီးခြင်းသည် "လိင်နာသနာ" မည်ပါသည်။

➤ **ဒဏ္ဍကမ္မနာသနာ အဓိပ္ပါယ်** ။ ။ ယနေ့က စ၍ ငါတို့ဘုရားရှင်ကို သင်က ဆရာဟူ၍ မညွှန်ပြနှင့်တော့ဟု ဖျက်ဆီးခြင်းသည် "ဒဏ္ဍကမ္မနာသနာ" မည်၏။

➤ **စရ ပိရေ ဝိနဿ-၌ ဝိနဿ အဓိပ္ပါယ်** ။ ။ သာမဏေ ဤအရပ်မှာ မနေနှင့် ငါတို့ကွယ်ရာဝယ် ပျက်စီးလေလော့ဟု ပြောခြင်းကို "ဝိနဿ"ဟု ဆိုပါသည်။

➤ **ဥပလာပေယျ-၌ ဥပလာပန အဓိပ္ပါယ်** ။ ။ သပိတ်, သင်္ကန်းပေးမည်, ပါဠိ အဋ္ဌကထာ ပို့ချပေးမည်ဟု ချီးမြှောက်သွေးဆောင်ခြင်းကို "ဥပလာပန"ဟုခေါ်သည်။

➤ **ဥပလာပေယျ-အရ ဖြားယောင်းသွေးဆောင်ပုံ** ။ ။ သပိတ် သင်္ကန်းပေးမည်,

http://www.dhammadownload.com



ပါဠိ အဋ္ဌကထာ ပို့ချပေးမည်ဟု ဖြားယောင်းသွေးဆောင်ပါသည်။

➤ **ဥပဋ္ဌာပေယျ (ဥပဋ္ဌာပန) အဓိပ္ပါယ်** ။ ။ ရေချိုးဆပ်ပြာမှုန့်, မြေညက်,စသည်တို့ကို သာယာလျက် သာမဏေကို မိမိအားလုပ်ကျွေးသမှု ပြုစေခြင်းကို ဥပဋ္ဌာပေယျ (ဥပဋ္ဌာပန) ဟု ခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကဏ္ဍကသာမဏေကို ဖြားယောင်းခြင်း (ဝတ္ထု)ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**သဟဓမ္မိကဝဂ်/သဟဓမ္မိက သိက္ခာပုဒ်**

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ မလေးမစားပြုသည့်အတွက် အာပတ်မှ ကြောက်ခြင်းကြောင့် အမြွက်အားဖြင့် ပြောဆိုသော ရဟန်းအား စကားခွန်းတိုင်း စကားခွန်းတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **သိက္ခမာနေန အဓိပ္ပါယ်** ။ ။ အဆုံးအမကို ဦးခေါင်းဖြင့် ခံယူကာ ကျင့်လိုခြင်းကို "သိက္ခမာနေန"ဟု ဆိုပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ ကောသမ္ဗီပြည် (နိဒါန်း) ၌ ဆန္နမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ န တာဝါဟံ အာဝုသော ဧတသ္မိံ သိက္ခာပဒေ သိက္ခိဿာမိ, စသည်ဖြင့် ပြောခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ် ၂-ခု အထူး** ။ ။ သုရာပါနဝဂ် အနာဒရိယ သိက္ခာပုဒ်ကား ဝိနည်းဖြင့် ဆုံးမရာ၌ "ဤသိက္ခာပုဒ်ကို မကျင့်နိုင်"ဟု တိုက်ရိုက်ပြောဆိုလိုက်လျှင် ပါစိတ်အာပတ်သင့်ပါသည်။ သဟဓမ္မိကဝဂ် သိက္ခာပုဒ်ကား သွယ်ဝိုက်၍ ပြောဆို ငြင်းဆန်လျှင် ပါစိတ်အာပတ် သင့်ပါသည်။ ဤသို့ ထူးပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်သော ရဟန်း** ။ ။ "ဤအမှုသည် သလ္လေခအကျိုးငှာ မဖြစ်" စသော နည်းဖြင့်ပင် သုတ္တန် အဘိဓမ္မာ၌လာသော စကားဖြင့် ပြောဆိုသောရဟန်းဖြစ်ပါသည်။

➤ **အာပတ်မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ သိအောင်ပြုပါအံ့, ကျင့်ပါအံ့-ဟု ပြန်ပြောသောရဟန်း၊ ဉမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) ရဟန်းက ပညတ်တော်ဖြင့် ပြောဆိုခြင်း၊ (၂) မကျင့်လိုသည့်အတွက် "နတာဝါဟံ"စသည်ဖြင့် ပြောဆိုခြင်း-တို့ ဖြစ်ပါသည်။

**ဝိလေခန သိက္ခာပုဒ်**

➤ **ဥဒ္ဒိဿမာန အဓိပ္ပါယ်** ။ ။ ပါဠိသက်သက်ပို့ချရာ၌ ဆရာက တပည့်အား ရွတ်ပြသောအားဖြင့် ပို့ချအပ်သည်ကိုရင်း, မည်သူမဆို စာပြန်သည့်အနေအားဖြင့်

http://www.dhammadownload.com



ရွတ်ဆိုအပ်သည်ကိုရင်း "ဥဒ္ဒိသသမာန"ဟု ဆိုပါသည်။

➢ **ဥဒ္ဒိသသမာန–အရ** ။ ။ ဆရာက တပည့်အား ပြောဆိုပို့ချခြင်း, သရဇ္ဈာယ်ခြင်း၏ အစွမ်းဖြင့် အဖန်ဖန်ဖြစ်စေခြင်း (ဝါ) စာပြန်ခြင်း, ပါတိမောက်ပြရာအခါ ရွတ်ဆိုခြင်းတို့ကို ယူရပါမည်။

➢ **ဥဒ္ဒိသမာနေ–အရ ရွတ်ရမည့်ပုဂ္ဂိုလ်** ။ ။ ဆရာကဖြစ်စေ, တစ်ပါးပါးက ဖြစ်စေ ရွတ်ဆိုရပါမည်။

➢ **ရွတ်ဆိုရမည့်အချိန် ကာလ** ။ ။ စာပို့ချသောအခါ, ပြန်လှန်ရွတ်အံသောအခါ ပါတိမောက်ပြသောအခါမျိုး ဖြစ်ပါသည်။

➢ **ခုဒ္ဒက+အနုခုဒ္ဒက ခွဲပုံ** ။ ။ သိက္ခာပဒေဟိဖြင့် အာပတ်ကိုယူလျှင် ပါရာဇိက ကိုထောက်၍ သံဃာဒိသိသ်သည် ခုဒ္ဒကသိက္ခာပုဒ်၊ ထုလ္လစဥ်းသည် အနုခုဒ္ဒက သိက္ခာပုဒ်။ * သံဃာဒိသိသ်ကိုထောက်၍ ထုလ္လစဥ်းသည် ခုဒ္ဒက၊ ပါစိတ်သည် အနုခုဒ္ဒက။ ထို့အတူ အထက် အထက်ထောက်၍ အောက်အောက် အာပတ်များကို ခုဒ္ဒက+ အနုခုဒ္ဒက ခွဲရမည်။ အဆုံး၌ ဒုက္ကဋ်အာပတ်သည် ခုဒ္ဒက၊ ဒုဗ္ဘာသိတသည် အနုခုဒ္ဒက။

(တစ်နည်း) သိက္ခာပုဒ်ခေါင်းစဉ်အတိုင်းခွဲလျှင် သံဃာဒိသိသ် သိက္ခာပုဒ်သည် ခုဒ္ဒက၊ အနိယတသည် အနုခုဒ္ဒက။ အနိယတသည် ခုဒ္ဒက၊ နိဿဂ္ဂိပါစိတ်သည် အနုခုဒ္ဒက။ အဆုံး၌ သေခိယသည် ခုဒ္ဒက၊ အဓိကရဏသမထသည် အနုခုဒ္ဒက။

➢ **ခုဒ္ဒသိက္ခာပုဒ်ဟူသည်** ။ ။ ပါရာဇိက သိက္ခာပုဒ်ကိုထောက်၍ သံဃာဒိသိသ် စသော သိက္ခာပုဒ်များကို "ခုဒ္ဒသိက္ခာပုဒ်"ဟု ဆိုပါသည်။

➢ **အနုခုဒ္ဒသိက္ခာပုဒ်ဟူသည်** ။ ။ ခုဒ္ဒအမည်ရသော သံဃာဒိသိသ်ကိုထောက်၍ ထုလ္လစဥ်း,စသော သိက္ခာပုဒ်များကို "အနုခုဒ္ဒသိက္ခာပုဒ်"ဟု ဆိုပါသည်။

➢ **ယာဝဒေဝပါဌ်ဖြင့် ဆိုလိုရင်း အဓိပ္ပါယ်** ။ ။ ယာဝဒေဝပါဌ်ဖြင့် [သံဝတ္တန မရိယာဒ ပရိစ္ဆေဒဝစနယူလျှင်] ရဟန်းတို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို ဆရာ အနေဖြင့်လည်း ရွတ်ပြကြကုန်၏, တပည့်အနေဖြင့်လည်း ရွတ်ပြစေကြကုန်၏, စာအံ သော အနေအားဖြင့်လည်း သရဇ္ဈာယ်ကြကုန်၏၊ ထိုရဟန်းတို့အား အပ်လေသလော မအပ်လေသလော-ဟု ကုက္ကုစ္စဟူသော နှလုံးမသာယာခြင်း, ကိုယ်စိတ်ပင်ပန်းခြင်း, ဝိစိကိစ္ဆာဟူသော စိတ်ကို ရေခြစ်ခြင်း ဖြစ်ရုံမျှသာဖြစ်သည်ဟု ဆိုလိုပါသည်။

(တစ်နည်း) ယာဝဒေဝပါဌ်ဖြင့် [အတိသယ ဝဝတ္ထာပန-သဒ္ဒါယူလျှင်] ဤ သိက္ခာ ပုဒ်တို့သည် ကုက္ကုစ္စအကျိုးငှာရင်း, ကိုယ်စိတ်ပင်ပန်းခြင်း အကျိုးငှာရင်း, ဝိစိကိစ္ဆာ ဟူသော စိတ်ကိုရေခြစ်ခြင်း အကျိုးငှာရင်း အလွန်အကဲသာလျှင် ဖြစ်ကုန်သည်သာ ဟု ဆိုလိုပါသည်။

http://www.dhammadownload.com



➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ဗုဒ္ဓီလ်) ကို အကြောင်းပြု၍ ဝိနည်းကို ကဲ့ရဲ့ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ကုက္ကုစ္စ+ ဝိဟေသာ+ ဝိလေခါ အထူး** ။ ။ သိက္ခာပုဒ်များရှိသည့်အတွက် "ငါပြုလုပ်အပ်သော အမှုသည် အပ်မှအပ်ပါ့မလား, မအပ်ဘဲများ နေမလား"ဟု ကြံစည်၍ နှလုံးမသာမယာ ဖြစ်နေမှုကို ကုက္ကုစ္စ။ ထိုသို့ ကြံစည်၍ စိတ်ပင်ပန်းနေမှုကို ဝိဟေသာ။ ထိုသို့ ယုံမှားသံသယ ဝိစိကိစ္ဆာဖြစ်စေမှုကို ဝိလေခါ။ ဤသို့ ထူးပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ (၁) ဝိနည်းတော်ကို ရဟန်း၏ရှေ့တွင် ကဲ့ရဲ့ပါက ပါစိတ် အာပတ်၊ (၂) ဝိနည်းတော်ကို လူ သာမဏေများရှေ့တွင် ကဲ့ရဲ့ပါက ဒုက္ကဋ်အာပတ်၊ (၃) သုတ္တန် အဘိဓမ္မာတို့ကို ရဟန်းရှေ့တွင်ဖြစ်စေ, လူ သာမဏေရှေ့တွင်ဖြစ်စေ မည်သူ့ရှေ့မှာပင် ကဲ့ရဲ့ ကဲ့ရဲ့ ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်ပုံ** ။ ။ ကဲ့ရဲ့လိုစိတ် မရှိဘဲ "တိုက်တွန်းပါ၏, ရှေးဦးစွာ သုတ္တန်ကိုသော်ရင်း, ဂါထာကိုသော်ရင်း, အဘိဓမ္မာကိုသော်ရင်း သင်ပါဦးလော့, နောက်မှ ဝိနည်းကို သင်ရပါလိမ့်မည်"ဟု ပြောသော ရဟန်းအား အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) ကဲ့ရဲ့လိုခြင်း (၂) ရဟန်း၏အနီး၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်း-တို့ ဖြစ်ပါသည်။

## မောဟန သိက္ခာပုဒ်

➤ **ဥဒ္ဒိဿမာန အဓိပ္ပါယ်** ။ ။ ဥပုသ်နေ့၌ ဥပုသ်ပြုသောအားဖြင့် ပါတိမောက် ပြခြင်းကို "ဥဒ္ဒိဿမာန"ဟု ဆိုပါသည်။

➤ **ဥဒ္ဒိဿမာန-အရ** ။ ။ ရှေ့သိက္ခာပုဒ်၌ကဲ့သို့ သင်အံပို့ချခြင်းကို မယူရ ဥပုသ် ပြုသည့်အခါ ပါတိမောက်ပြခြင်းကို ယူရပါမည်။

➤ **ဣဒါနေဝ ခေါ အဟံ ဇာနာမိ,စသော စကားကို ပြောဆိုရခြင်းအကြောင်း**

မလျောက်ပတ်သောအကျင့်ကို ကျင့်ပြီး၍ မသိသည့်အတွက် အာပတ်သို့ ရောက်သည်၏အဖြစ်ကို သိစေလိုသောကြောင့်-- ပြောဆိုရပါသည်။

➤ **ယထာဓမ္မော ကာရေတဗ္ဗော-၌ ယထာဓမ္မကာရဏာ အဓိပ္ပါယ်** ။ ။ ဓမ္မဝိနယ အားလျော်စွာ ထိုသင့်ရောက်ပြီးသော အာပတ်ကို ကုစားစေခြင်း, ဒေသနာဂါမိဖြစ်လျှင် ဒေသနာကြားစေခြင်း, ဝုဋ္ဌာနဂါမိဖြစ်လျှင် ပရိဝါသ်,စသည် ပေး၍ ထမြောက် စေခြင်းတို့ကို "ယထာဓမ္မကာရဏာ"ဟု ခေါ်ပါသည်။

➤ **မောဟကံသို့ တင်ပုံ** ။ ။ "တဿ တေ အာဝုသော အလာဘာ"စသော စကားတို့ဖြင့် ကဲ့ရဲ့ပြီးနောက် ပုဂ္ဂိုလ်၏အပေါ်သို့ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် မောဟ

http://www.dhammadownload.com



ကံသို့ တင်ရပါမည်။

➤ **မသိဟန်ဆောင်ရာ၌ အာပတ်သင့်ပုံ** ။ ။ မောဟကံကိုမတင်မီ မသိဟန်ဆောင်ပါက ဒုက္ကဋ်အာပတ်၊ မောဟကံတင်ပြီး၍ တစ်ဖန် မသိဟန်ဆောင်လျှင် ပါစိတ် အာပတ်သင့်ပါသည်။

➤ **မောဟကံသို့ မတင်ရမည့်ပုဂ္ဂိုလ် (အာပတ် မသင့်သော ပုဂ္ဂိုလ်)**

(၁) ရဟန်းဖြစ်ခါစဖြစ်၍ ပါတိမောက်အကျယ်ပြသည်ကို နှစ်ကြိမ် သုံးကြိမ် မနာဘူးသေးသော ပုဂ္ဂိုလ်၊ (၂) နှစ်ကြိမ် သုံးကြိမ် နာဖူးစေကာမူ အကျဉ်းပြကိုသာ နာဖူးသော ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

➤ **မောဟကံ တင်ရမည့် ကမ္မဝါစာ** ။ ။ ဉတ္တိဒုတိယ ကမ္မဝါစာ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ တွေဝေစေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) မောဟကံသို့ တင်ပြီးခြင်း (၂) ထိုတင်ပြီးနောက် မသိဟန်ဆောင်လိုသော စိတ်ဖြစ်ပြန်ခြင်း (၃) ပါတိမောက် အကျယ်ပြသည်ကို နှစ်ကြိမ် သုံးကြိမ်မျှ ကြားဖူးခြင်း (၄) မသိဟန်ဆောင်ခြင်း-တို့ ဖြစ်ပါသည်။

**ပဟာရ သိက္ခာပုဒ်**

➤ **ပဟာရံ ဒဒေယျ အဓိပ္ပါယ်** ။ ။ ပုတ်ခတ်ခြင်းငှာ အလိုရှိသောကြောင့် ပုတ်ခတ်ခြင်းကို ပေးခြင်းကို "ပဟာရံ ဒဒေယျ"ဟု ဆိုပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပုတ်ခတ်မှုကို ပေးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ လူ, သမဏေ, မာတုဂါမ, ဘိက္ခုနီတို့ကို ပုတ်ခတ်လျှင် ဒုက္ကဋ်အာပတ်။ (၁) တပ်မက်သောရာဂစိတ်ဖြင့် မာတုဂါမကို ပုတ်ခတ်လျှင်- သံဃာဒိသိသ်အာပတ်၊ (၂) ရုပ်ပျက်ဆင်းပျက်ဖြစ်သွားအောင် ရဟန်း၏ နားရွက်,စသည်ကို ဖြတ်ပြစ်ပါက ဒုက္ကဋ်အာပတ်၊ (၃) စိတ်ဆိုး၍ ရဟန်းအား ရိုက်နှက်ပုတ်ခတ်ပါလျှင် ပါစိတ်အာပတ်။ (၄) သေစေလိုသော စေတနာ မရှိလျှင် ရိုက်သည့်အတွက် သေစေကာမူ ပါစိတ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်ပုံ (အာပြစ် မဖြစ်ပုံ)** ။ ။ စိတ်မဆိုးဘဲ ကစားလို၍ ရိုက်ခြင်း, ရန်သူတစ်စုံတစ်ယောက်က [illegible]ဉ်းဆဲနေသဖြင့် လွတ်မြောက်ရန် ခုခံကာကွယ်ခြင်းတို့၌ အာပတ် မသင့်ပါ။ (ဝါ) ဒ[illegible] မဖြစ်ပါ။

http://www.dhammadownload.com



➢ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) စိတ်ဆိုးခြင်း (၂) လွတ်မြောက်အောင် ကာကွယ်သော အရာမဟုတ်ခြင်း၊ (၃) ရဟန်းအား ပုတ်ခတ်ရိုက်နှက်ခြင်း-တို့ ဖြစ်ပါသည်။

**တလသတ္တိက သိက္ခာပုဒ်**

➢ **တလသတ္တိက အဓိပ္ပါယ် (တလသတ္တိက ဥဂ္ဂိရဏ အဓိပ္ပါယ်)** ။ ။ ပုတ်ခတ်ပေးမည့် အခြင်းအရာကိုပြလျက် ကိုယ်ကိုသော်ရင်း, ကိုယ်နှင့်စပ်သော လက်နက်ကို သော်ရင်း မြောက်ပင့်ရွယ်မိုးခြင်းကို " တလသတ္တိက " (တလသတ္တိကဥဂ္ဂိရဏ) ဟု ခေါ်ပါသည်။

➢ **တလသတ္တိက-အရ** ။ ။ လက်ဝါးပြင်ကိုသာ မယူရ၊ ခြေထောက်အင်္ဂါ အစိတ်အပိုင်း, ကိုယ်နှင့်စပ်သော ဝတ္ထုအားလုံးကို ယူရပါမည်။

➢ **ရွယ်ရင်း အားလွန်ပြီး ရိုက်မိသော ရဟန်း၏ အာပတ်** ။ ။ ပုတ်ခတ်ခြင်းငှာ အလိုမရှိသောကြောင့် ဒုက္ကဋ်အာပတ် ဖြစ်ပါသည်။ [ပုတ်ခတ်မိသွားသည့်အတွက် လက်, စသည် ကျိုးပဲ့ပျက်စီးသွားလျှင်လည်း ဒုက္ကဋ်အာပတ် သင့်ပါသည်။]

**အမူလက သိက္ခာပုဒ်**

➢ **အမူလကေန-အရ** ။ ။ မြင်မှု, ကြားမှု, ယုံမှားမှု အကြောင်းရင်းမှကင်းသော သံဃာဒိသိသ်အာပတ်ကို ယူရပါမည်။

➢ **အနုဒ္ဓံသန သရုပ်** ။ ။ (၁) သူတစ်ပါးကို စောဒနာခိုင်းခြင်း (၂) ကိုယ်တိုင် စောဒနာခြင်း-တို့ ဖြစ်ပါသည်။

➢ **အနုဒ္ဓံသေယျ-၌ အနုဒ္ဓံသန အဓိပ္ပါယ်** ။ ။ ကိုယ်တိုင်စောဒနာခြင်း, သူတစ်ပါးကို စောဒနာစေခြင်းကို "အနုဒ္ဓံသန" ဟု ခေါ်ပါသည်။

မေး ။ ။ ရဟန်းကို သီလ, အာစာရ, ဒိဋ္ဌိဝိပတ္တိတို့ဖြင့် စွပ်စွဲခြင်းကြောင့် သင့်နိုင်သော အာပတ်တို့ကို ခွဲခြား ဖြေဆိုပါ။

➢ **ရဟန်းကို သီလဝိပတ္တိဖြင့် စွပ်စွဲရာ၌**-- ပါရာဇိကဖြင့် စွပ်စွဲလျှင် သံဃာဒိသိသ်အာပတ်၊ သံဃာဒိသိသ်ဖြင့် စွပ်စွဲလျှင်-- ပါစိတ်အာပတ် သင့်ပါသည်။

* **အာစာရဝိပတ္တိဖြင့် စွပ်စွဲလျှင်**-- ဒုက္ကဋ်အာပတ် သင့်ပါသည်။
* **ဒိဋ္ဌိဝိပတ္တိဖြင့် စွပ်စွဲလျှင်**-- ဒုက္ကဋ်အာပတ် သင့်ပါသည်။
* **လူ သာမဏေများကို စွပ်စွဲလျှင်**-- ဒုက္ကဋ်အာပတ် သင့်ပါသည်။

➢ **ပါစိတ်အာပတ် သင့်ရာအခါ** ။ ။ စောဒနာခံရသော ပုဂ္ဂိုလ်က စောဒနာရာ ခဏ၌ပင် ငါ့ကို စောဒနာနေပါလားဟု သိချိန်အခါ၌ ပါစိတ်အာပတ် သင့်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အခြေအမြစ် မရှိသော သံဃာဒ်သိသ်

http://www.dhammadownload.com



ဖြင့် စွပ်စွဲခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄–ပါး** ။ ။ (၁) စွပ်စွဲခံရသူက ရဟန်းဖြစ်ခြင်း၊ (၂) သံဃာဒိသိသ်၏ အမူလကဖြစ်ခြင်း၊ (၃) စွပ်စွဲခြင်း၊ (၄) ထိုစွပ်စွဲပြီးခဏ၌ သိခြင်း။

**သဉ္စိစ္စ သိက္ခာပုဒ်**

➤ **ကုက္ကုစ္စ အဓိပ္ပါယ်** ။ ။ "ကိုယ်တော် ရဟန်းခံခဲ့တာ အသက်နှစ်ဆယ် မပြည့်ဘူး ထင်တယ်"စသည်ဖြင့် ပြောလိုက်လျှင် အပြောခံရသော ရဟန်းမှာ "ငါသည် ရဟန်းဖြစ်မှ ဖြစ်ပါ့မလား" စသည်ဖြင့် ယုံမှားသံသယဖြစ်မှုကို "ကုက္ကုစ္စ"ဟု ခေါ်ပါသည်။

➤ **ပါစိတ်အာပတ် သင့်ပုံ** ။ ။ စိတ်နှလုံး မချမ်းမသာဖြစ်စေလိုသော ရည်ရွယ်ချက်မှ တစ်ပါး အခြားအကြောင်းမရှိဘဲ ကုက္ကုစ္စဖြစ်စေသူအား စကားခွန်းတိုင်း စကားခွန်းတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကုက္ကုစ္စကို ဖြစ်စေခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃–ပါး** ။ ။ (၁) ပြောအပ်သူက ရဟန်းဖြစ်ခြင်း (၂) စိတ်မချမ်းသာ စေလိုခြင်း၊ (၃) ကုက္ကုစ္စဖြစ်စေခြင်း-တို့ ဖြစ်ပါသည်။

**ဥပဿုတိ သိက္ခာပုဒ်**

➤ **ဝိဝါဒါပန္န–အရ** ။ ။ မိမိတို့ဘက်တွင် တိုင်ပင်ခြင်း, ကိုယ်နှုတ်ထိပါး၍ ခိုက်ရန် ပြုခြင်းတို့ဖြင့် တိုးပွားစေအပ်သော ဝိဝါဒါဓိကရုဏ်းသို့ ရောက်ကုန်သော ရဟန်းတို့ကို ယူရပါမည်။

➤ **ဘဏ္ဍနနှင့် ကလဟ အထူး** ။ ။ မိမိဘက်သားချင်း တိုင်ပင်မှုကို "ဘဏ္ဍန" ဟု ခေါ်ပါသည်။ ကိုယ်နှုတ်ထိပါး၍ ငြင်းခုံမှု ရန်ဖြစ်မှုကို "ကလဟ"ဟု ခေါ်ပါသည်။

➤ **ဥပဿုတိ အဓိပ္ပါယ်** ။ ။ ရဟန်းတို့၏ တိုင်ပင်ပြောဆိုသံကို ကြားလောက်ရာ အရပ်ကို "ဥပဿုတိ"ဟု ဆိုပါသည်။

➤ **ဥပဿုတိ–အရ** ။ ။ တိုင်ပင်ပြောဆိုသည့် စကားသံကို ကြားလောက်ရာ ၁၂-တောင်ခန့် အနီးအရပ်ကို ယူရပါမည်။

➤ **နားထောင်၍သက်သက်ဖြင့် အာပတ်သင့်/မသင့်** ။ ။ အာပတ် မသင့်ပါ။ သူတို့ပြောစကားကို နားထောင်ပြီး စောဒနာမည်ဟု ရည်ရွယ်ချက်နှင့် နားထောင်မှ အာပတ် သင့်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ စောဒနာလို၍ သွားရာ၌ ခြေလှမ်းတိုင်း လှမ်းတိုင်း ဒုက္ကဋ်၊ ရှေ့ကသွားသူတို့၏ ပြောစကားကိုကြားလို၍ ခတ်မြန်မြန်လိုက်ခြင်း, နောက်က လိုက်

http://www.dhammadownload.com



လာသူတို့၏ ပြောစကားကို ကြားလို၍ နောက်သို့ ဆုတ်လာခြင်းတို့၌ ဒုက္ကဋ်အာပတ်၊ တိုင်ပင်သံကြားလောက်ရာ အရပ်၌နေလျှင် ပါစိတ်အာပတ် သင့်ပါသည်။

မိမိရှိမှန်း မသိဘဲ မိမိရှိရာအရပ်သို့ လာရောက်တိုင်ပင်ပါက "ချောင်းဟန့်၍ ဖြစ်စေ, ဤအရပ်မှာ ငါရှိတယ်"ဟု ပြောဆို၍ဖြစ်စေ သိစေရမည်၊ အသိပေးမှု မပြုဘဲ နားထောင်နေပါက ပါစိတ်အာပတ်သင့်ပါသည်။

➤ **အာပတ် မသင့်ပုံ** ။ ။ စောဒနာလို၍ မဟုတ်ဘဲ သူတို့စကားကိုကြားလျှင် ထိုအဓိကရုဏ်းမှ မိမိလွတ်အောင် ရှောင်မည်၊ အဓိကရုဏ်းကို ငြိမ်းစေမည်,စသော ကောင်းသော စိတ်ဆန္ဒဖြင့် ချောင်း၍ နားထောင်လျှင် အာပတ် မသင့်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နီဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်း (မူဂ္ဂိုလ်) ကို အကြောင်းပြု၍ တိုင်ပင်သံ၏ အနီး၌ တည်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ရဟန်းများ ဖြစ်ခြင်း၊ (၂) စောဒနာလိုခြင်း၊ (၃) နားထောင်ခြင်း-တို့ ဖြစ်ပါသည်။

**ကမ္မပ္ပဋိဗာဟန သိက္ခာပုဒ်**

➤ **ဓမ္မိကကမ္မ အဓိပ္ပါယ်** ။ ။ ဝိနည်းတော်နှင့်အညီ ပြုလုပ်အပ်သော စောဒနာ, သာရဏာဝိနည်း, မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော ဉတ်ကမ္မဝါစာဖြင့် ပြုလုပ်အပ်သော ကံကို "ဓမ္မိက ကမ္မ"ဟု ခေါ်ပါသည်။

➤ **ဓမ္မိကာနံ ကမ္မာနံ-၌ ကမ္မ သရုပ်** ။ ။ (၁) အပလောကနကံ (၂) ဉတ္တိကံ၊ (၃) ဉတ္တိဒုတိယကံ၊ (၄) ဉတ္တိစတုတ္ထကံ-တို့ ဖြစ်ပါသည်။

➤ **အပလောကနကံ အဓိပ္ပါယ်** ။ ။ သမဂ္ဂသံဃာ၏ အလိုအတိုင်း ထိုထိုဝတ္ထုကို ပြောကြားပြီး သံဃာတော်အား နှစ်သက်ပါ၏လော-ဟု သုံးကြိမ်ပြောကြား၍ ပြုအပ်သော ကံသည် "အပလောကနကံ" မည်ပါသည်။

➤ **ဉတ္တိကံ အဓိပ္ပါယ်** ။ ။ သမဂ္ဂသံဃာ၏ အလိုအားဖြင့် ဉတ်တစ်ကြိမ်တည်းဖြင့်သာ ပြုအပ်သော ဥပုသ်ကံ, ပဝါရဏာကံ,စသည်သည် "ဉတ္တိကံ" မည်ပါသည်။

➤ **ဉတ္တိဒုတိယကံ အဓိပ္ပါယ်** ။ ။ ဉတ်တစ်ကြိမ် ကမ္မဝါစာတစ်ကြိမ်ဖြင့် ပြုအပ်သော ကထိနစီဝရဒါန,စသော ကံသည် "ဉတ္တိဒုတိယကံ" မည်ပါသည်။

➤ **ဉတ္တိစတုတ္ထကံ အဓိပ္ပါယ်** ။ ။ ဉတ်တစ်ကြိမ် ကမ္မဝါစာသုံးကြိမ်ဖြင့် ပြုအပ်သော ဥပသမ္ပဒကံ,စသည်သည် "ဉတ္တိစတုတ္ထကံ" မည်ပါသည်။

➤ **ကံ ၄-ပါးနှင့်ဆိုင်သော ဩသာရဏာ ၁၅-ပါး** ။ ။ ဩသာရဏာ, နိဿာရဏာ, ဘဏ္ဍုကမ္မ, ဗြဟ္မဒဏ္ဍ, ကမ္မလက္ခဏာ, ဥပေါသထ, ပဝါရဏာ, သမ္မုတိ, ဒါန, ပဋိဂ္ဂဟ,

http://www.dhammadownload.com


ပစ္စုက္ကမုန, ဥဒ္ဓါရ, ဒေသနာ, နိဂ္ဂဟ, သမနုဘာသနအားဖြင့် (၁၅) ပါး ဖြစ်ပါသည်။

➤ **အပလောကနကံဖြင့် ပြုနိုင်သည့် ဌာန ၅-ပါး** ။ ။(၁) ဩသာရဏာဌာန၊ (၂) နိဿာရဏာဌာန (၃) ဘဏ္ဍုကမ္မဌာန (၄) ဗြဟ္မဒဏ္ဍဒါန (၅) ကမ္မလက္ခဏာဌာန။

➤ **ဩသာရဏာ အဓိပ္ပါယ်** ။ ။ နှင်ထုတ်ခံရသော သာမဏေက ကောင်းစွာ နေထိုင်သည်ကို တွေ့မြင်ရ၍ သံဃာ့ဘောင်သို့ သွင်းခြင်းကို "ဩသာရဏာ"ဟု ခေါ်သည်။

➤ **နိဿာရဏာ အဓိပ္ပါယ်** ။ ။ ကဏ္ဍကသာမဏေကို ဖျက်ဆီးခြင်းကဲ့သို့ ဖျက်ဆီးခြင်းကို "နိဿာရဏာ"ဟု ခေါ်ပါသည်။

➤ **ဘဏ္ဍုကမ္မ အဓိပ္ပါယ်** ။ ။ ရှင်လောင်း၏ ဆံပင်ရိတ်ဖို့ရန် ပန်ပြောခြင်းသည် "ဘဏ္ဍုကမ္မ" မည်ပါသည်။

➤ **ဗြဟ္မဒဏ္ဍ အဓိပ္ပါယ်** ။ ။ ဤရဟန်းသည် ကြမ်းတန်းသော နှုတ်ရှိပါ၏၊ ရဟန်းတို့ကို မကောင်းသဖြင့် ပြောဆိုအပ်သော စကားတို့ဖြင့် ထိပါးချုပ်ချယ်လျက် နေပါ၏၊ ထိုရဟန်း အလိုရှိသောစကားကို ပြောဆိုပါစေ, ရဟန်းတို့က ဤရဟန်းကို မပြောဆိုထိုက်ပါ၊ ဩဝါဒအနုသာသနီကို မပြုထိုက်ပါ, မဆုံးမထိုက်ပါ၊ ထို့ကြောင့် ဤရဟန်းအား ဗြဟ္မဒဏ်ပေးခြင်းသည် သံဃာအား နှစ်သက်ပါ၏လော-ဟု နှုတ်ကြမ်းသော ရဟန်းကို အခြားရဟန်းများက ဆုံးမခြင်း မပြုရန် သုံးကြိမ်ပန်ပြော၍ ပြုအပ်သော ကံသည် "ဗြဟ္မဒဏ္ဍ" မည်ပါသည်။

➤ **ကမ္မလက္ခဏာ အဓိပ္ပါယ်** ။ ။ မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ပေါင်လှန်ပြခြင်း,စသည်ကို ပြုသောရဟန်းကို ဘိက္ခုနီမတို့က ရှိမခိုးကြရန် မိမိတို့ကျောင်း၌ပင် နေလျက် ပန်ပြော၍ ပြုအပ်သောကံသည် "ကမ္မလက္ခဏာ" မည်ပါသည်။

➤ **ဉတ္တိကံဖြင့်ပြုနိုင်သည့် ဌာန ၉-ပါးနှင့် အဓိပ္ပါယ်** ။ ။ ဩသာရဏာဌာန, နိဿာရဏာဌာန, ဥပေါသထဌာန, ပဝါရဏာဌာန, သမ္မုတိဌာန, ဒါနဌာန, ပဋိဂ္ဂဟဌာန, ပစ္စုက္ကမုနဌာန, ကမ္မလက္ခဏာဌာန-တို့ ဖြစ်ပါသည်။

၁။ ရဟန်းလောင်းကို သံဃာ့ဘောင်သို့ သွင်းခြင်းသည် "**ဩသာရဏာဌာန**" မည်ပါသည်။ (၂) ဥဗ္ဗာဟိကဝိနိစ္ဆယ၌ မေ့ကထိကရဟန်းကို သံဃာ့ဘောင်မှ နှင်ထုတ်ခြင်းသည် "**နိဿာရဏာဌာန**" မည်ပါသည်။ (၃) ဥပုသ်ကံ၏အစွမ်းဖြင့် ထားအပ်သော ဉတ်သည် "**ဥပေါသထဌာန**" မည်ပါသည်။ (၄) ပဝါရဏာကံ၏အစွမ်းဖြင့် ထားအပ်သော ဉတ်သည် "**ပဝါရဏာဌာန**" မည်ပါသည်။ (၅) ရဟန်းလောင်းကို ဆုံးမခြင်း၌ မိမိကိုဖြစ်စေ, သူတစ်ပါးကိုဖြစ်စေ သမုတ်ခြင်း၌ ထားအပ်သော ဉတ်သည် "**သမ္မုတိဌာန**" မည်ပါသည်။ (၆) စွန့်လွှတ်အပ်သော သင်္ကန်း, သပိတ်,စသည်တို့ကို ပေးခြင်းသည် "**ဒါနဌာန**" မည်ပါသည်။ (၇) အာပတ်ကို ခံယူခြင်းသည် "**ပဋိဂ္ဂဟဌာန**" မည်

http://www.dhammadownload.com



ပါသည်။ (၈) သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာ မပြုနိုင်၍ တန်ဆောင်မုန်းလပြည့်နေ့သို့ ပဝါရဏာကို ဆွဲငင်ခြင်းသည် "မဟုပ္ပဋ္ဌ္ကာမူန" မည်ပါသည်။ (၉) တိဏဝတ္ထာရက သမထ၌ သဗ္ဗသင်္ဂါဟိကဉတ်, ပက္ခတစ်ခုခု၌ ထားအပ်သော ဉတ်နှစ်ခုအားဖြင့် ဉတ်သုံးပါးတို့သည် "ကမ္မလက္ခဏ" မည်ပါသည်။

➤ **ဉတ္တိဒုတိယကံဖြင့် ပြုနိုင်သည့် ဌာန ၇-ပါးနှင့် အဓိပ္ပါယ်** ။ ။ ဩသာရဏာဌာန, နိဿာရဏာဌာန, သမ္မုတိဌာန, ဒါနဌာန, ဥဒ္ဓါရဌာန, ဒေသနာဌာန, ကမ္မလက္ခဏာဌာန-တို့ ဖြစ်ပါသည်။

(၁) ရဟန်းတို့ကို လာဘ်,မရစိမ့်သောငှာ အားထုတ်ခြင်း,စသော ၈-ပါးတို့တွင် တစ်ပါးပါးနှင့်ပြည့်စုံသော ဥပါသကာကို သူလျှုသမျှပစ္စည်း မခံယူဘို့ရန် သပိတ်မှောက်ခြင်း၏အစွမ်းဖြင့် သံဃာ့ဘောင်မှ နှင်ထုတ်ခြင်းသည် "**နိဿာရဏာဌာန**" မည်၏။

(၂) ဥပါသကာသည် ကောင်းကောင်းမွန်မွန် တစ်ဖန်ကျင့်ပါက သပိတ်လှန်ခြင်း၏အစွမ်းဖြင့် သံဃာ့ဘောင်သို့ သွတ်သွင်းခြင်းသည် "**ဩသာရဏာဌာန**" မည်ပါသည်။

(၃) သိမ်သမုတ်ခြင်း,စသော သမ္မုတိ (၁၅)ပါးတို့၏အစွမ်းဖြင့် သမုတ်ခြင်းသည် "**သမ္မုတိ**" မည်ပါသည်။ (၄) ကထိန်သင်္ကန်းကိုပေးခြင်း, သေသူ၏သင်္ကန်းကို ပေးခြင်းသည် "**ဒါနဌာန**" မည်ပါသည်။ (၅) ကထိန်နှုတ်ခြင်းသည် "**ဥဒ္ဓါရဌာန**" မည်၏။ (၆) ကုဋိနေရာကို ညွှန်ပြခြင်း, ကျောင်းနေရာကို ညွှန်ပြခြင်းသည် "**ဒေသနာဌာန**" မည်ပါသည်။ (၇) တိဏဝတ္ထာရက သမထ၌ ပက္ခတစ်ဘက်စီ၌ ဉတ္တိဒုတိယ ကမ္မဝါစာ တစ်ခုစီနှင့် မောဟာရောပန ကမ္မဝါစာတို့သည် "**ကမ္မလက္ခဏာဌာန**" မည်ပါသည်။

➤ **ဉတ္တိစတုတ္ထကံ (၇) ဌာန /ဉတ္တိစတုတ္ထကံဖြင့် ပြုနိုင်သည့် ဌာန**

ဩသာရဏာဌာန, နိဿာရဏာဌာန, သမ္မုတိဌာန, ဒါနဌာန, နိဂ္ဂဟဌာန, သမနုဘာသနဌာန, ကမ္မလက္ခဏာဌာန-တို့ ဖြစ်ပါသည်။

(၁) တဇ္ဇနီယ,စသော ကံ ၇-မျိုးတို့ဖြင့် နှင်ထုတ်ခြင်းသည် "**နိဿာရဏာ**" မည်ပါသည်။ (၂) ထိုကံတို့၏ ငြိမ်းအေးခြင်းသည် "**ဩသာရဏာ**" မည်ပါသည်။

(၃) ဘိက္ခုနောဝါဒက သမ္မုတိ၏အစွမ်းဖြင့် သမုတ်ခြင်းသည် "**သမ္မုတိဌာန**" မည်ပါသည်။ (၄) ပရိဝါသ်ပေးခြင်း, မာနတ်ပေးခြင်းသည် "**ဒါနဌာန**" မည်ပါသည်။ (၅) အရင်းသို့ ပြန်ငင်ခြင်း၏အစွမ်းဖြင့် နှိပ်ခြင်းသည် "**နိဂ္ဂဟဌာန**" မည်ပါသည်။ (၆) ယာဝ တတိယကပုဂ္ဂိုလ် ၁၁-ယောက်တို့ကို သမနုဘာသနကံပြုခြင်းသည် "**သမနုဘာသန**" မည်ပါသည်။ (၇) ဥပသမ္ပဒါကံ, အဗ္ဘာနကံတို့သည် "**ကမ္မလက္ခဏ**" မည်ပါသည်။

http://www.dhammadownload.com



➤ **ယာဝတတိယကပုဂ္ဂိုလ် (၁၁)ယောက်**

➤ **၃-ကြိမ်တိုင်အောင် သမနုဘာသနကံဖြင့် ဆုံးမခြင်းရှိသူ ပုဂ္ဂိုလ် ၁၁-ယောက်** ဥက္ခိတ္တာနုဝတ္တိကာရဟန်းမ၊ ယာဝတတိယက ဘိက္ခု ၄-ယောက်, ဘိက္ခုနီ ၄-ယောက်၊ အရိဋ္ဌရဟန်း၊ စဏ္ဍကာဠီရဟန်းမ တို့ဖြစ်ပါသည်။

➤ **အပလောကနကံဖြင့် မပြီးစီးနိုင်သော ကံများ**

➤ **ဉတ္တိဒုတိယကံဖြင့် ပြီးစီးနိုင်သော ကံများ ။ ။** သီမာသမ္မုတိကံ, သီမာသမူဟနနကံ, ကထိနစီဝရဒါနကံ, ကထိနုဒ္ဓါရကံ, ကုဋိဝတ္ထုဒေသနာကံ, ဝိဟာရဝတ္ထုဒေသနာကံ-တို့သည် ဂရုကကံများဖြစ်သောကြောင့် အပလောကနကံဖြင့် မပြီးစီးနိုင် ဉတ္တိဒုတိယကံဖြင့်သာ ပြီးစီးနိုင်ပါသည်။

➤ **အပလောကနကံဖြင့် ပြီးစီးနိုင်သော ကံများ**

➤ **ဉတ္တိကံ,စသော ကံတို့ဖြင့် မပြီးစီးနိုင်သော ကံများ**

တိစီဝရေန အဝိပ္ပဝါသသမ္မုတိကံ, သန္ထတသမ္မုတိကံ, ဘတ္တုဒ္ဒေသကသမ္မုတိကံ, ဘဏ္ဍာဂါရိကသမ္မုတိကံ, စီဝရပ္ပဋိဂ္ဂါဟကသမ္မုတိကံ, ယာဂုဘာဇကသမ္မုတိကံ, ဖလဘာဇကသမ္မုတိကံ, ခဇ္ဇဘာဇကသမ္မုတိကံ, အပ္ပမတ္တကဝိဿဇ္ဇကသမ္မုတိကံ, သာဋိယဂ္ဂါဟာပကသမ္မုတိကံ, ပတ္တဂ္ဂါဟာပက သမ္မုတိကံ, အာရာမိကပေသကသမ္မုတိကံ, သာမဏေရပေသကသမ္မုတိကံ, သေနာသနဂ္ဂါဟာပကသမ္မုတိကံ, မတကစီဝရဒါနသမ္မုတိကံ-တို့သည် လဟုကကံများ ဖြစ်သောကြောင့် အပလောကနကံဖြင့် ပြုလုပ်ပြီးစီးနိုင်ပါသည်။ ဉတ္တိကံ,စသော ကံတို့ဖြင့် မပြုလုပ်နိုင်, မပြီးစီးနိုင်ပါ။

➤ **ကံ ၄-ပါးကို ဆောင်ရွက်ရာ၌ သတိမှတ်ချက် ။ ။** ကံ ၄-ပါးတို့တွင် အပလောကနကံကို ပန်ပြော၍သာ ပြုလုပ်ရပါမည်။ ဉတ္တိကံ စသည်တို့၏ အစွမ်းဖြင့် မပြုလုပ်ရ၊ ဉတ္တိကံကိုလည်း ဉတ်တစ်ကြိမ်ထား၍သာ ပြုရပါမည်။ "အပလောကနကံ" စသည်တို့၏ အစွမ်းဖြင့် မပြုလုပ်ရ။ * ဉတ္တိဒုတိယကံကား ပန်ပြော၍လည်း ပြုကောင်းပါသည်။ ဉတ္တိဒုတိယကံဖြင့်လည်း ပြုကောင်းပါသည်။ * ဉတ္တိစတုတ္ထကံကိုလည်း မိမိလက္ခဏာဖြင့်သာ ပြုလုပ်ရပါမည်။ ကြွင်းကံတို့၏အစွမ်းဖြင့် မပြုလုပ်ရ။

➤ **ပါစိတ်အာပတ်သင့်ပုံ ။ ။** တရားနှင့်လျော်ညီသော ကံများကို ဆန္ဒပေးပြီးနောက် ကဲ့ရဲ့ရှုပ်ချသော ရဟန်းအား စကားခွန်းတိုင်း စကားခွန်းတိုင်း ပါစိတ်အာပတ်သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ရှုတ်ချခြင်းသဘောသို့ ရောက်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

http://www.dhammadownload.com



➤ **ဒုက္ကဋ်အာပတ်သင့်သော ရဟန်းများ** ။ ။ ဓမ္မကံ၌ ယုံမှားမှုရှိ၍ ရှုတ်ချသော ရဟန်း၊ အဓမ္မကံ၌ ဓမ္မကံ-ဟု မှတ်ထင်၍ရင်း, ယုံမှားမှုရှိ၍ရင်း ရှုတ်ချသောရဟန်းတို့ ဖြစ်ပါသည်။

➤ **ရှုတ်ချသော်လည်းအာပတ်မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ**

အဓမ္မကံ၌ အဓမ္မကံ-ဟု မှတ်ထင်၍ရင်း, ဓမ္မမဟုတ်သဖြင့် ကံကိုပြုကုန်၏ဟူ၍ရင်း, ဝဂ်ဖြစ်သော သံဃာဖြင့် ကံကိုပြုကုန်၏ဟူ၍ရင်း ကံမထိုက်သူ အပေါ်၌ ကံကို ပြုကုန်၏ဟူ၍ရင်း သိ၍ ရှုတ်ချသောရဟန်း-တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ဓမ္မကံဖြစ်ခြင်း (၂) ဓမ္မကံ-ဟု အမှတ်ရှိခြင်း (၃) ဆန္ဒပေးပြီးနောက် ရှုတ်ချခြင်းတို့ ဖြစ်ပါသည်။

**ဆန္ဒံ အဒတွာဂမန သိက္ခာပုဒ်**

➤ **ဝိနိစ္ဆယကထာဝတ္တမာနခေတ် (ဆုံးဖြတ်၍ မပြီးသေးသော ကာလ)**

တရားလို တရားခံတို့က စွပ်စွဲချေပသော အကြောင်းဝတ္ထု အမှုခင်းကို ဆုံးဖြတ်ခြင်း မပြုရသေးဘဲ မေးဆဲအခါ ဉတ်မျှသာထားပြီး ကမ္မဝါစာဆုံးအောင် မဖတ်ရသေးသော အခါကာလ ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ဝိနိစ္ဆယကထာ ပြုလုပ်နေစဉ်အတွင်း၌ ကံကိုပျက်စေခြင်းငှာ အလိုရှိသောကြောင့် ပရိသတ်၏ ဟတ္ထပါသ်ကို စွန့်သောရဟန်းအား စွန့်ခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စွန့်အပ်ပြီးသောအခါ၌ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဝိနိစ္ဆယ ကထာယ ဝတ္တမာနာယ-၌ ဝတ္တမာန=ဖြစ်ဆဲ အဓိပ္ပါယ်**

အာပတ်တပ်၍ မဆုံးဖြတ်ရသေးသမျှ (သို့မဟုတ်) ကမ္မဝါစာရွတ်၍ မပြီးသေးသမျှ "ဝတ္တမာန-ဖြစ်ဆဲ" မည်ပါသည်။

➤ **အာသနာ-အရ** ။ ။ တစ်သိမ်တည်း၌ စည်းဝေးသော ဟတ္ထပါသ်နေရာမျိုးကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဆန္ဒမပေးဘဲ ဖဲသွားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်မှလွတ်ခွင့်ရှိသော အခါ** ။ ။ မကျန်းမာရာအခါ, ဂိလာနကို ပြုစုလုပ်ကျွေးရာအခါ, ကျင်ကြီး,စသည်တို့ နှိပ်စက်ရာအခါတို့ ဖြစ်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ အဓမ္မကံ၌ အဓမ္မကံဟု မှတ်ထင်၍ ဖဲသွားသောရဟန်း၊ သံဃာအား ငြင်းခုံခြင်း,စသည် ဖြစ်လိမ့်မည်ဟုရင်း, အဓမ္မဖြင့်ရင်း, ဝဂ္ဂသံဃာဖြင့်ရင်း, ကံ,မထိုက်သူအပေါ်၌ ကံပြုလိမ့်မည်ဟု သိ၍ရင်း

http://www.dhammadownload.com



ဖဲသွားသောရဟန်း၊ မကျန်းမာ၍သော်ငြင်း, မကျန်းမာသူ၏ ကိစ္စကြောင့်သော်ငြင်း, ကျင်ကြီး,စသည် နှိပ်စက်၍သော်ငြင်း, ကံ,မပျက်စေလိုဘဲ ပြန်လာမည်ဟူသော အကြံ ဖြင့်သော်ငြင်း သွားသောရဟန်းများနှင့် ဥမ္မတ္တကရဟန်း စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၆-ပါး** ။ ။ (၁) ဝိနိစ္ဆယကထာဖြစ်နေခိုက်ဖြစ်ခြင်း၊ (၂) ဓမ္မ ကံ ဖြစ်ခြင်း၊ (၃) ဓမ္မကံဟု မှတ်ထင်ခြင်း၊ (၄) တူသောသိမ်၌ တည်ခြင်း၊ (၅) တူသော သံဝါသရှိသူဖြစ်ခြင်း၊ (၆) ကံပျက်စေလို၍ ဟတ္ထပါသ်ကို စွန့်ခြင်း-တို့ ဖြစ်ပါသည်။

**ဒုဗ္ဗလ သိက္ခာပုဒ်**

➤ **သမဂ္ဂသံဃာ အဓိပ္ပါယ်** ။ ။ တူသော ကံကြီး, ကံငယ်ရှိ၍ တစ်သိမ်တည်းတွင် တည်ရှိသော ရဟန်းအပေါင်းကို "သမဂ္ဂသံဃာ"ဟု ခေါ်ပါသည်။

➤ **ယထာသန္ထုတံ-၌ သန္ထုတ-အရ** ။ ။ မိတ္တ=သာမညမိတ်ဆွေ၊ သန္ဒိဋ္ဌ=အရပ် တကာ လှည့်လည်ခိုက် မြင်အပ်ဖူးသော မိတ်ဆွေ၊ သမ္ဘတ္တ=ကောင်းစွာ ဆည်းကပ် တတ်သော မိတ်ဆွေရဟန်းတို့ကို ယူရပါမည်။

➤ **ယထာသန္ထုတ အဓိပ္ပါယ်** ။ ။ သာမန်မိတ်ဆွေ, ဟိုကိစ္စ ဒီကိစ္စ၌ ပေါင်းဆုံ တွေ့မြင်အပ်ဖူးသော မိတ်ဆွေ, အချင်းချင်းကောင်းစွာ ဆည်းကပ်တတ်သော မိတ်ဆွေ ရဟန်းတို့နှင့် ကောင်းစွာပေါင်းသင်းခြင်းကို "ယထာသန္ထုတ"ဟု ခေါ်ပါသည်။

➤ **ခီယျနာကာရ (ကဲ့ရဲ့ရှုတ်ချမှု) ပြုပါ၌ကား** ။ ။ ယထာသန္ထုတံ ဘိက္ခူ သံဃိကံ လာဘံ ပရိဏာမေန္တိ ဖြစ်ပါသည်။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ သေနာသနပညာပက,စသော သမ္မုတိကို ရထား သော ရဟန်းမျိုးအား သင်္ကန်းကို သံဃာနှင့်တကွ ကိုယ်တိုင်ပေးပြီးနောက် ရှုတ်ချ သော ရဟန်းအား စကားခွန်းတိုင်း စကားခွန်းတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (မူဋ္ဌိုလ်) ကို အကြောင်းပြု၍ သင်္ကန်းပေးပြီးနောက် ရှုတ်ချခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဝိဿဇ္ဇိယ ဝေဘင်္ဂိယ စွန့်ပေးကောင်း, ဝေဖန်ကောင်းသော ပစ္စည်း** ဂရုဘဏ်ငါးမျိုးမှတစ်ပါး ကြွင်းသော ပရိက္ခရာများ ဖြစ်ပါသည်။

➤ **မပေးစွန့်ကောင်း, မဝေဖန်ကောင်းသော ဂရုဘဏ် ၅-မျိုး**

(၁) သစ်သီးအာရာမ်, ပန်းအာရာမ်၊ သစ်သီးအာရာမ်, ပန်းအာရာမ်၏တည်ရာ မြေ [ပဌမဂရုဘဏ်] (၂) ကျောင်း, ကျောင်းရာမြေ [ဒုတိယ ဂရုဘဏ်] (၃) ညောင်စောင်း အင်းပျဉ်, ဘုံလျှို, ခေါင်းအုံး [တတိယ ဂရုဘဏ်] (၄) သံအိုး, ကြေးအိုး, သံအိုးစရည်း ကြေးအိုးစရည်း (ရေလှောင်အိုးကြီး), သံရေအိုး, ကြေးရေအိုး, သံဖျဉ်းအိုး, ကြေးဖျဉ်း

http://www.dhammadownload.com



အိုး, ပဲခွပ် (ဓား), ပေါက်ဆိန်, ဓားမ, ပေါက်တူး, ဆောက် [စတုတ္ထ ဂရုဘဏ်]

(၅) နွယ်, ဝါး, ဖြူဆံမြက်, ပြိတ်မြက်, မြက်သာမန်, မြေညက်, သစ်ဘဏ္ဍာ, မြေညက် ဘဏ္ဍာ [ပဉ္စမ ဂရုဘဏ်]

ဤ ဂရုဘဏ်ပစ္စည်းတို့သည် သံဃိကဖြစ်ခဲ့လျှင် အခြားကျောင်းတိုက် သံဃာအား စွန့်ခြင်း, ဝေဖန်ခြင်း, ဂိုဏ်းပုဂ္ဂိုလ်တို့အား စွန့်ခြင်း, ဝေဖန်ခြင်းကို မပြုလုပ်သင့်၊ စွန့်အပ် ဝေဖန်အပ်သော်လည်း သံဃိက ဖြစ်မြဲသာ ဖြစ်သည်။

**➤ ဂရုဘဏ် ၅-မျိုးကို ထာဝရ+အထာဝရ ခွဲပုံ ။ ။** ဂရုဘဏ် ၅-မျိုးတို့တွင် ပထမ, ဒုတိယ ရာသီ၌ပါဝင်သော အာရာမ, အာရာမဝတ္ထု၊ ဝိဟာရ, ဝိဟာရဝတ္ထု ၄-မျိုးတို့သည် ထာဝရ ဂရုဘဏ်ပစ္စည်းများ ဖြစ်ပါသည်။

တတိယ, စတုတ္ထ, ပဉ္စမ ရာသီ၌ပါဝင်သော ညောင်စောင်း, အင်းပျဉ် စသည်တို့သည် အထာဝရ ဂရုဘဏ် ပစ္စည်းများ ဖြစ်ပါသည်။

**➤ ဂရုဘဏ်ပစ္စည်းများ လဲလှယ်သုံးနိုင်သည့် နည်းလမ်းများ**

(၁) ကျေးဇူးမများသည့် ဂရုဘဏ်ကို ကျေးဇူးများမည့် ဂရုဘဏ်နှင့် လဲလှယ်၍ အသုံးပြုနိုင်ပါသည်။ လဲလှယ်ရာ၌ ထာဝရ ဂရုဘဏ်ကို ထာဝရဂရုဘဏ်ချင်းသာ လဲလှယ်ရပါမည်။ အထာဝရ ဂရုဘဏ်နှင့် လဲလှယ်ခွင့် မရပါ။

(၂) အထာဝရ ဂရုဘဏ်ကို ထာဝရ, အထာဝရ ဂရုဘဏ် နှစ်မျိုးလုံးနှင့် လဲလှယ်နိုင်ပါသည်။ မြို့တွင်း၌ရှိသော သံဃာပိုင် ဥယျာဉ် ကျောင်းတို့နှင့် ကျောင်းတိုက်အနီးမှာရှိသော လူပိုင် ဥယျာဉ် အိမ်တို့ကို သံဃာအား ကျေးဇူးများမည်ဆိုပါက လဲလှယ်၍ အသုံးပြုနိုင်ပါသည်။ ထို့ပြင် ကောင်းမွန်သော ကျောင်း,စသည်ကို ကောင်းစွာ စောင့်ရှောက်နိုင်ခြင်းအကျိုးငှာ အညံ့စားကျောင်း စသည်တို့ကို စွန့်၍ ဆွမ်း,စသည် အတွက် ပြုလုပ်နိုင်ပါသည်။

**➤ ဝေဖန်ကောင်း, ပေးကောင်းသော ပစ္စည်းနှင့် မဝေဖန်ကောင်း မပေးကောင်းသော ပစ္စည်းများ ။ ။** အာရာမ, အာရာမဝတ္ထု,စသော ဂရုဘဏ်ပစ္စည်း ငါးမျိုးတို့မှ တစ်ပါး အခြားဝတ္ထု ပစ္စည်းမျိုးတို့ကို ဝေဖန်ခွင့် ပေးခွင့်ရပါသည်။ အာရာမ, အာရာမဝတ္ထု,စသော ဂရုဘဏ်ပစ္စည်းမျိုးကိုမူ မဝေဖန်ကောင်း, မပေးစွန့်ကောင်းပါ။

**➤ ဂရုဘဏ်ပစ္စည်းတွင်ပါဝင်သော သံအိုး ကြေးအိုး,စသည်တို့၏ ပမာဏ**

စတုတ္ထ ဂရုဘဏ် အစုတွင်ပါဝင်သော သံအိုး ကြေးအိုး အိုးစရည်းနှင့်တူသော သံရေလှောင်အိုး, ကြေးရေလှောင်အိုး, သံဖျဉ်းအိုး, ကြေးဖျဉ်းအိုး, ဤသုံးမျိုးတို့သည် အောက်ထစ်ဆုံး တစ်လက်ဖက်မျှလောက်ရေကို ယူနိုင်ပါက ဂရုဘဏ်ပစ္စည်း ဖြစ်ပါသည်။ (၎င်းတို့ကို မဝေဖန်ထိုက် မဝေဖန်ကောင်း)

http://www.dhammadownload.com



သံရေအိုး, ကြေးရေအိုးကို သံကြေးနီ, ကြေးဖြူ, ကြေးပုပ်တို့တွင် တစ်ခုခုနှင့် ရောနှော ပြုလုပ်ထားသော သီဟိုဠ်ကျွန်းဖြစ် တစ်ပါဒကိုယူနိုင်သော သံရေအိုး, ကြေးရေအိုးကို သူတစ်ပါးအား ပေးကောင်းပါသည်။ ဝေဖန်ကောင်းပါသည်။

*** ဤ၌ ပါဒ–ဆန့်သော ကြေးအိုးဟူသည်** = မဂဓကွမ်းစားဖြင့် ငါးကွမ်းစားမျှ ဆန့်၏၊ ထိုငါးကွမ်းစားဆန့်သော အိုးထက် ပိုလွန်၍ဆန့်သော အိုးသည် ဂရုဘဏ် ဖြစ်ပါသည်။

**➤ ပါဠိတော်၌ မလာသော ဂရုဘဏ် ပစ္စည်းများ ။ ။** ရေကရား (ဝါ) ရေတံခေါင်း ထွေးခံ (ဝါ) လက်ဆေးခံ, ရေခွက်, ယောင်းမ, ယောက်ချို (ဝါ) ဇွန်း, ခွက်, စလောင်း, ရေသောက်ခွက်, သေတ္တာ, မီးအိုးခင်း, မီးမွှေယောင်းမ စသည်တို့သည် ငယ်သော်လည်း ဂရုဘဏ်ပစ္စည်းများ ဖြစ်ပါသည်။

**➤ သုံးစွဲကောင်း/ မသုံးစွဲကောင်းသော ပစ္စည်းများ**

သံသပိတ်, သံခွက်, ကြေးနီခွက်တို့ကိုကား ဝေဖန်ကောင်းပါသည်။ ကြေးဖြူ ကြေးပုပ်တို့ဖြင့် ပြုလုပ်ထားသော ခွက်အထူးကို သံဃိကပစ္စည်းကို သုံးဆောင်နည်းဖြင့်သော်ငြင်း, လူတို့က အထူးပြုလုပ်ထားသော ဥစ္စာဖြင့်သော်ငြင်း သုံးစွဲပါက သုံးဆောင်ကောင်းပါသည်။ ပုဂ္ဂလိကပစ္စည်းကို သုံးဆောင်နည်းဖြင့် သုံးဆောင်ခြင်းကား မပြုလုပ်ကောင်းပါ။

ကြေးခွက်အထူးမှတစ်ပါး ကပ္ပိယဘဏ္ဍာ, ကြေးဘဏ္ဍာတို့တွင် မျက်စဉ်းတံ, နှာနှပ်တံ, နားဖားချေးကလော်, အပ်, ဓားငယ်, အပ်နဖားထွင်းစူးငယ်, သံကောက်, မင်းတုတ်, တောင်ဝှေး၌စွပ်အပ်သော သံကွင်း, ကြေးကွင်း, ခက်ရင်း, တခဲနက် ပြုလုပ်ထားသော သံ, ကြေး၊ ပြုလုပ်၍ မပြီးသေးသော သံဘဏ္ဍာ, ကြေးဘဏ္ဍာ ဤအားလုံးတို့ကို ဝေဖန်ကောင်းပါသည်။

ဆေးတံ, ထယ်သွား, ဆီမီးတိုင်, မီးအိုးခင်း, ဆီမီးဆွဲ, မိန်းမရုပ်, ယောက်ျားရုပ် တိရစ္ဆာန်ရုပ်, နံရံအမိုး, တံခါးရွက် စသည်တို့၌ ကပ်ထားသော ဘဏ္ဍာ၊ အောက်ထစ်ဆုံး ပျဉ်ပြားစသည်၌ ရိုက်နှက်စရာ သံချောင်းမှစ၍ သံဘဏ္ဍာ, ကြေးဘဏ္ဍာ အားလုံးတို့သည် ဂရုဘဏ်ပစ္စည်းတို့ ဖြစ်ပါသည်။ ၎င်းတို့ကို မိမိ ရရှိထားပါသော်လည်း ကိုယ်ပိုင် အဖြစ်ဖြင့် သိမ်းဆည်း ဆောင်ထား၍ ပုဂ္ဂလိကအနေအားဖြင့် မသုံးစွဲထိုက်။ သံဃိက ပရိဘောဂနည်းဖြင့်ဖြစ်စေ, လူတို့သုံးစွဲနိုင်အောင် ပြုလုပ်ထားသော နည်းဖြင့်ဖြစ်စေ သုံးစွဲကောင်းပါသည်။

**မေး ။ ။** သံဃိကကျောင်း၌ ဣဿရိယအဖြစ်ဖြင့် နေထိုင်သော ကျောင်းဘုန်းကြီးသည် ထိုကျောင်းအာရာမ်အတွင်း၌ ပေါက်နေသော ဝါး, သစ်ပင်တို့ကို လူ

http://www.dhammadownload.com



ပုဂ္ဂိုလ်စသည်တို့အား ပေးကောင်း/မပေးကောင်း ဝိနိစ္ဆယ ချပြပါ။

ဖြေ ။ ။ ဝါး, သစ်ပင်တို့သည် စောင့်ရှောက်မှု လုံခြုံစေမှုရှိပါက ဂရုဘဏ်ပစ္စည်းတည်း။ (စောင့်ရှောက်မှု လုံခြုံစေမှု မရှိပါက ဂရုဘဏ် မဟုတ်) ဂရုဘဏ် ဝါး သစ်ပင်တို့ကို သံဃာ့ကိစ္စ စေတီကိစ္စ ဆောင်ရွက်ပြီး၍ ပိုနေပါက လူ ပုဂ္ဂိုလ်စသည်တို့အား ပေးကောင်းပါသည်။ သံဃာ့ကိစ္စ စေတီကိစ္စကို မဆောင်ရွက်ရသေးလျှင် မပေးကောင်းပါ။ (နွယ်၌လည်း ဤနည်းပင်မှတ်ပါ)

➤ **သံဃိက ဂရုဘဏ်ကြီးများ** ။ ။ ချည်ဖြင့်ပြုလုပ်ထားသော ကြိုးငယ်, သင်ပန်းလျှော်ဖြင့် ပြုလုပ်ထားသော ကြိုးငယ်, အုန်းဆံမျှင်ဖြင့် ပြုလုပ်ထားသော ကြိုးငယ်, သားရေနယ်ဖြင့် ပြုလုပ်ထားသော ကြိုးငယ်, သားရေကြိုး, သင်ပန်းလျှော် (သို့မဟုတ်) အုန်းဆံမျှင်တို့ဖြင့် ကျစ်ထားသော တစ်လွှန်းတင်ကြိုး, နှစ်လွှန်းတင်ကြိုးတို့သည် သံဃိကဖြစ်လျှင် ဂရုဘဏ်တည်း။ ထို့ကြောင့် မပေးကောင်း, မဝေဖန်ကောင်းပါ။ မကျစ်ဘဲ ထားပါက သင်ပန်းလျှော်မျှင်, အုန်းဆံမျှင်တို့ကို ဝေဖန်ကောင်းပါသည်။

➤ **ဝါးအစရှိ၍ ဝေဖန်ကောင်း ပေးကောင်းသော ပစ္စည်းများ** ။ ။ တစ်ပါဒကို ယူနိုင်သော ဆီကျည်တောက်, တောင်ဝှေး, ဖိနပ်ချိတ်စရာ ဒုက်ငယ် ထီးရိုးဒုက်, ထီးဝါးခြမ်းစိတ် ဤအားလုံးတို့ကို လူပုဂ္ဂိုလ် စသည်တို့အား ပေးကောင်းပါသည်။

➤ **ဂရုဘဏ်ဟု ခေါ်နိုင်သော ကြိမ်, နွယ်, သစ်ဝါး, အိမ်မိုးရန်မြက်, သစ်ရွက်တို့၏ ပမာဏ** ။ ။ * **ကြိမ်နွယ်များသည်** လက်ရုံးထက်ဝက် တစ်ထွာလက်လေးသစ်မျှ ပမာဏရှိပါက ဂရုဘဏ်ဟု ခေါ်နိုင်ပါသည်။ * **သစ်ဝါးတို့သည်** အလျားလက်ရှစ်သစ် လုံးပတ် သီဟိုဠ်ကညစ်ရိုးလောက် ပမာဏရှိလျှင် ဂရုဘဏ်ဟု ခေါ်နိုင်ပါသည်။

* အိမ်မိုးရန် သက်ငယ်မြက် စသည်တို့သည် လက်တစ်ဆုပ်လောက် ပမာဏရှိလျှင် ဂရုဘဏ်ဟု ခေါ်နိုင်ပါသည်။ * စာမရေးရသေးသော ထန်းရွက်, ပေရွက်တို့သည် လက်ရှစ်သစ်လောက် ပမာဏရှိလျှင် ဂရုဘဏ်ဟု ခေါ်နိုင်ပါသည်။

➤ **သံဃိက ဝါး,စသော ဂရုဘဏ်ပစ္စည်းများကို မိမိအတွက် အသုံးပြုနိုင်သည့်နည်းလမ်း** ။ ။ သံဃိကပစ္စည်းဖြစ်သော ဂရုဘဏ်ပစ္စည်းတစ်ခုခုကို ယူ၍ သုံးစွဲလိုပါက ထိုပစ္စည်းနှင့် တန်ဖိုးကိုဖြစ်စေ, အလားတူပစ္စည်းကိုဖြစ်စေ အစားပေး၍သော်၎င်း၊ ထို့ထက်ပိုအောင် အစားပေး၍သော်၎င်း ပြုလုပ်ပေးပါက အသုံးပြုနိုင်ပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ။ ။ (၁) သက်န်းမှတစ်ပါးသော ပရိက္ခရာကို ပေးပြီးနောက် ရှုတ်ချသော ရဟန်းအား ဒုက္ကဋ်အာပတ်၊ (၂) မပေးကောင်း မဝေဖန်ကောင်းသော ဂရုဘဏ် ပစ္စည်းများကို အစိုးရသူ၏အဖြစ်ဖြင့် (ဝါ) ပိုင်စိုးပိုင်နင်း ပြုလုပ်၍ ပေးသောရဟန်းအား ထုလ္လစ္စည်းအာပတ်၊ ခိုးလိုသော စိတ်ဖြင့်ပေးပါက ပစ္စည်း၏တန်ဖိုး

http://www.dhammadownload.com



ကို ကြည့်၍ ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာဇိကအာပတ်တို့ဖြင့် ဆုံးဖြတ်ရမည်။ (၃) သံဃာက မသမုတ်ဘဲ သက်နိုး (သို့မဟုတ်) သက်နိုးမှတစ်ပါးသော ပရိက္ခရာကို ပေးပြီးနောက် ရှုတ်ချသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။.။ ဆန္ဒာဂတိ စသည်ကို ပြုလေ့ရှိသော ရဟန်းကို တွေ့မြင်ရ၍ "ထိုရဟန်းအား ပေးသည့်အတွက် ဘာအကျိုးရှိမည်နည်း၊ ရပါက တော်စွာ လျော်စွာ သုံးစွဲလိမ့်မည် သင့်လျော်အောင် သုံးစွဲလိမ့်မည် မဟုတ်"ဟု ပြောဆို၍ ရှုတ်ချသော ရဟန်းနှင့် ဥမ္မတ္တက,စသော ရဟန်းတို့အား အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) သက်နိုးပေးရာ ပုဂ္ဂိုလ်က ရဟန်းဖြစ်ခြင်း (၂) ထိုပုဂ္ဂိုလ်သည်ပင် တရားသဖြင့် သေနာသနပညာပကသမ္မုတိ စသည်ကို ရရှိထားသူ ဖြစ်ခြင်း (၃) သံဃာနှင့်အတူ ဝိကပ္ပနာလောက်သော သက်နိုးကိုပေးခြင်း၊ (၄) ပေးပြီးနောက် ရှုတ်ချခြင်း-တို့ ဖြစ်ပါသည်။

**ပရိဏာမန သိက္ခာပုဒ်**

➤ **သိက္ခာပုဒ် ၂-ခု အထူး** ။ ။ နိဿဂ္ဂိယ ပရိဏာတသိက္ခာပုဒ်၌ မိမိအထံ၌ ညွတ်စေသောကြောင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။ သုဒ္ဓပါစိတ်လာ ပရိဏာမန သိက္ခာပုဒ်ကား- ပုဂ္ဂိုလ်အထံ ညွတ်စေသောကြောင့် သုဒ္ဓပါစိတ်အာပတ် သင့်ပါသည်။

**ရတနဝဂ်/ အစေလကဝဂ် သိက္ခာပုဒ်**

➤ **မုဒ္ဓါဘိသိတ္တ အဓိပ္ပါယ်** ။ ။ ခတ္တိယ အဘိသိက်ဖြင့် ဦးထိပ်၌သွန်းလောင်းပြီးသော မင်းကို "မုဒ္ဓါဘိသိတ္တ" ဟု ခေါ်ပါသည်။

➤ **အနိက္ခန္တရာဇက အဓိပ္ပါယ်** ။ ။ မထွက်သေးသော မင်းရှိရာ စက်ရာခန်းဆောင်ကို "အနိက္ခန္တရာဇက"ဟု ခေါ်ပါသည်။

➤ **အနိဂ္ဂတရတနက-၌ ရတန-အရ** ။ ။ မိဖုရားရတနာကိုသာ ယူရပါမည်။

➤ **အနိဂ္ဂတရတနက အဓိပ္ပါယ်** ။ ။ မထွက်သေးသော မိဖုရားရတနာရှိသော စက်ရာခန်းဆောင်သည် "အနိဂ္ဂတရတနက" မည်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ မိမိလာကြောင်းကို သိစေရန် တစ်ယောက်ယောက်ကို သံတော်ဦး မတင်ခိုင်းဘဲ စက်ရာခန်းဆောင်၏ တံခါးခုံ၏ ပထမ ခြေတစ်လှမ်းကျော်လွန်ပါက ဒုက္ကဋ်၊ ဒုတိယ ခြေတစ်လှမ်းကျော်လွန်ပါက ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အရှင်အာနန္ဒာမထေရ်(ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကောသလမင်း၏ နန်းတော်တွင်းသို့ ဝင်ခြင်း (ဝတ္ထု) ဟူသောအကြောင်းကြောင့် ပညတ်တော်မူပါသည်။

http://www.dhammadownload.com



➢ **စက်တော်ရာစခန်းဆောင်သို့ ဝင်သော်လည်း အာပတ်မသင့်ရာအခါ**

အဘိသိက် မသွန်းလောင်းရသေးသော အခါ, မင်း မိဖုရားနှစ်ယောက်တို့ ထွက်ပြီးသောအခါ, မင်း မိဖုရားနှစ်ယောက်တို့တွင် တစ်ယောက်ယောက်က ထွက်ပြီးသော အခါတို့ ဖြစ်ပါသည်။

➢ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်** ။ ။ တင်ကြို၍ သိစေသော မိမိ၌ တင်ကြို၍သိစေခြင်းဟု အမှတ်ရှိ၍ ဝင်သောရဟန်း၊ ခတ္တိယဇာတ် မဟုတ်လျှင်ငြင်း, ခတ္တိယ အဘိသိက်ဖြင့် အဘိသိက်မသွန်းလောင်းအပ်သေးသော မင်းဖြစ်လျှင်ငြင်း, မင်း မိဖုရားနှစ်ယောက်တို့ တစ်ယောက်ယောက်က ထွက်ပြီးလျှင်ငြင်း စက်ရာခန်းဆောင်သို့ ဝင်သောရဟန်း၊ စက်ရာခန်းဆောင် မဟုတ်သောအရပ်၌ ဝင်သောရဟန်း၊ ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်ပါသည်။

➢ **သိက္ခာပုဒ်အင်္ဂါ ၅–ပါး** ။ ။ (၁) ခတ္တိယဇာတ်ရှိခြင်း၊ (၂) အဘိသိက်သွန်းပြီးခြင်း၊ (၃)မင်းမိဖုရားနှစ်ပါးတို့ စက်တော်ခန်းဆောင်မှ မထွက်သေးခြင်း (၄)လာမည့်အကြောင်းကြိုတင်၍ မသိစေခြင်း၊(၅)စက်တော်ခန်းဆောင် တံခါးခုံကိုကျော်လွန်ခြင်း

## ရတန သိက္ခာပုဒ်

➢ **ရတန–အရ** ။ ။ ပုလဲ, ပတ္တမြား,စသော ရတနာ ၁၀-ပါးကို ယူရပါမည်။

➢ **ရတနာ ၁၀–ပါးကား** ။ ။ (၁) မုတ္တာ-ပုလဲ၊ (၂) မဏိ-ပတ္တမြား၊ (၃) ဝေဠုရိယ ကြောင်မျက်ရွဲ၊ (၄) သင်္ခ-ခရုသင်း၊ (၅) သိလာ-ကျောက်သလင်း၊ (၆) ပဝါဠ-သန္တာ၊ (၇) ရဇတ-ငွေ၊ (၈) ဇာတရူပ-ရွှေ (၉) လောဟိတင်္က-ပတ္တမြားကျောက်နီ (၁၀) မသာရဂလ္လ-ပတ္တမြားပြောက်-တို့ ဖြစ်ပါသည်။

➢ **ရတနသမ္မတ–အရ** ။ ။ ရတနာ ၁၀-ပါးမှတစ်ပါး အဝတ်အစား,စသော လူတို့၏ အသုံးအဆောင်ပစ္စည်းများကို ယူရပါမည်။

➢ **အဇ္ဈာရာမ–အရ/ အဇ္ဈာရာမ အဓိပ္ပါယ်** ။ ။ အကာအရံရှိသော ကျောင်းဖြစ်ပါက အရံအတွင်း, အကာအရံ မရှိသော ကျောင်းဖြစ်ပါက အစွန်ဆုံးကျောင်းမှ ခဲနှစ်ပစ်ကျရာအရပ် အတွင်းကို "အဇ္ဈာရာမ" ဟု ခေါ်ပါသည်။

➢ **အဇ္ဈာဝသထ–အရ/ အဇ္ဈာဝသထ အဓိပ္ပါယ်** ။ ။ အကာအရံရှိလျှင် အကာအရံ အတွင်း, အကာအရံ မရှိလျှင် အကာအရံအတွင်းမှ ပစ်လိုက်သော ကျည်ပွေ့ကျရာ အရပ်အတွင်းကို "အဇ္ဈာဝသထ"ဟု ခေါ်ပါသည်။

➢ **ရတနာ ၁၀–ပါးကို ကောက်ယူရာ၌ ရည်ရွယ်ချက်အလိုက် အာပတ်သင့်ပုံ**

(၁) ရွှေငွေကို မိမိအတွက်ကောက်ယူပါက နိဿဂ္ဂိပါစိတ်၊ (၂) ရွှေငွေကို သံဃာ ဂိုဏ်း, ပုဂ္ဂိုလ်, စေတီတို့အတွက် ကောက်ယူပါက ဒုက္ကဋ်အာပတ်၊ (၃) ပုလဲ,စသော

http://www.dhammadownload.com



၈-ပါးကို မိမိ, သူတစ်ပါးအတွက် ကောက်ယူပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **သိမ်းမထားသော ရဟန်း၏အပြစ်** ။ ။ ဥဂ္ဂဟေတွာဝါ ဥဂ္ဂဟာပေတွာဝါ နိက္ခိပိတဗ္ဗံ-အရ ယူ၍ သိမ်းထားရမည်ဟု ပညတ်တော်မူသော ဝိနည်းတော်ကို မလေးစားသောကြောင့် ခွင့်ပြုတော်မူသော အဇ္ဈာရာမ, အဇ္ဈာဝသထ အရပ်တို့၌ တွေ့ပါလျက် သိမ်းမယားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်နှင့်စပ်၍ မှတ်သားဖွယ်ရာများ** ။ ။ ကပ္ပိယဝတ္ထုကိုဖြစ်စေ, အကပ္ပိယ ဝတ္ထုကိုဖြစ်စေ, အောက်ထစ်ဆုံး အမိဥစ္စာကိုသော်မှ ဘဏ္ဍာစိုးလုပ်၍ သိုမှီး သိမ်းထားပါက ပါစိတ်အာပတ် သင့်ပါသည်။

* ဧကန်သိမ်းထားရမည်လည်းဖြစ်, ကပ္ပိယဘဏ္ဍာလည်းဖြစ်သော အမိဥစ္စာကို မိမိဥစ္စာဟု အမှတ်ထား၍ သိုမှီးသိမ်းထားရပါမည်။

"ဤဥစ္စာကို သိမ်းထားပေးစမ်းပါ"ဟု လျှောက်ထားပါက "မသိမ်းထားနိုင်" ဟု ပယ်မြစ်ရမည်။ မသိမ်းနိုင်-ဟု ပြောသဖြင့် စိတ်ဆိုး၍ ပစ်ချထားခဲ့ပါက မိမိကို အခြားတစ်နေရာသို့သွား၍ မဖြစ်နိုင်လောက်အောင် အနှောက်အယှက်ပေးသော ပစ္စည်းဖြစ်နေသောကြောင့် ကိုင်ကောင်းသော ကပ္ပိယဝတ္ထုဖြစ်လျှင် ကိုယ်တိုင်သိမ်းဆည်းရမည်။ အကပ္ပိယဝတ္ထုဖြစ်လျှင် ကပ္ပိယကာရကတို့ကို သိမ်းစေရမည်။

ကျောင်း၌ လက်သမားလုပ်သူ, မင်းအကျွမ်းဝင်သူတို့က ပဲခွပ်, ပုဆိန်,စသော လက်သမား အဆောက်အဦဘဏ္ဍာ, အိပ်ရာဘဏ္ဍာတို့ကို သိမ်းထားပေးပါဟု လျှောက်ထားပါက ချစ်ခြင်း ကြောက်ခြင်းကြောင့် မပြုလုပ်ကောင်း။ လုံခြုံသောအရပ်ကိုကား ညွှန်ပြနိုင်ပါသည်။

➤ **ပစ္စည်းကောက်ယူ သိမ်းထားသော ရဟန်း ပြုလုပ်ရမည့်ကျင့်ဝတ်**

အဇ္ဈာရာမ, အဇ္ဈာဝသထအရပ်၌ ရဟန်း သာမဏေတို့တွေ့လျှင် ယူလိမ့်မည်ဟု သံသယရှိပါက ကိုယ်တိုင်ဖြစ်စေ, သူတစ်ပါးကိုဖြစ်စေ ငွေဖြစ်လျှင် ဤ၍ ဤမျှဟု၊ အထည်ဝတ္ထုဖြစ်လျှင် ပုံသဏ္ဌာန်ကို မှတ်သားပြီး သိမ်းထားရမည်။ သိမ်းထားပြီးနောက် ဥစ္စာပျောက်သူလာပါလော့ဟု ကြေငြာရမည်၊ ထိုအခါ ဥစ္စာပျောက်သူရောက်လာပါက သင်. . ဘယ်ဥစ္စာပျောက်သနည်းဟု မေးရမည်၊ အမှတ်အသားနှင့်တူအောင် ပြောနိုင်ပါက ပေးလိုက်ရမည်၊ မပြောနိုင်ပါက ရှာချေဦးတော့ဟု ပြောဆိုရမည်။

ဘဏ္ဍာသိမ်းထားသော ကျောင်းတိုက်မှ ထွက်ခွါသွားလိုပါက လဇ္ဇီ ကုက္ကုစ္စက ရဟန်းတို့ထံ အပ်နှံခဲ့ရမည်၊ အကယ်၍ စိတ်ချရသော ရဟန်းမရှိပါက သူကြွယ်တို့၏ လက်၌ ထား၍သွားရမည်။ ခရီးလည်း,မထွက် ဥစ္စာရှင်ကိုလည်း မတွေ့ပါက ကောက်ယူထားသော ရဟန်းသည် မပျောက်ပျက်နိုင်သော ကျောက်ဆောက်ခြင်း, စေတီတည်

http://www.dhammadownload.com



ခြင်း, ရေကန်တူးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ကြာမြင့်မှ ဥစ္စာရှင်ရောက်လာပါက ထာဝရ အဆောက်အဦကို ပြ၍ ဝမ်းမြောက်ပါဟု ပြောရမည်၊ အကယ်၍ ဝမ်းမမြောက်နိုင်ဘဲ တပည့်တော်၏ ဥစ္စာပြန်ပေးပါဟု တောင်းလာပါက ရှာဖွေ၍ အစားပေးရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ရတနာကို ယူခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ရတန+ရတနသမ္မတတို့ကို ကောက်ယူသိမ်းထားနိုင်သည့် နေရာဌာန**

အရ္ဈာရာမ, အရ္ဈာဝသထတို့၏ အတွင်း၌ပင်ဖြစ်စေကာမူ ရဟန်း သာမဏေများ ကောက်ယူကြလိမ့်မည်ဟု ယုံမှားသင်္ကာဖြစ်လောက်ရာ ဌာနမျိုး၌သာ ကောက်ယူခွင့်ရှိပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ ။ ။** (၁) ခွင့်ပြုထားသော အရပ်၌ ကောက်ယူသိမ်းထားသော ရဟန်း၊ (၂) အဝတ်,စသော ဝတ္ထုကို ကောက်ယူသိမ်းထားသော ရဟန်း၊ (၃) အကျွမ်းဝင်သဖြင့် ယူထားသောရဟန်း၊ (၄) အခိုက်အတန့် ယူသောရဟန်း၊ (၅) ပံ့သကူအမှတ်ဖြင့် ယူသောရဟန်း၊ (၆) ဥမ္မတ္တကရဟန်း

➤ **မိမိ၏ ကပ္ပိယပစ္စည်းကိုပေး၍ မယ်တော်၏ ကပ္ပိယပစ္စည်းကို ယူသော ရဟန်း** ကယဝိက္ကယ သိက္ခာပုဒ်ကိုထောက်၍ နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **မယ်တော်၏ လက်စွပ်ကို သိမ်းဆည်းပေးသောရဟန်း -** ရတန သိက္ခာပုဒ်ကို ထောက်၍ သုဒ္ဓပါစိတ်အာပတ် သင့်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး ။ ။** (၁) ခွင့်မပြုအပ်သော အမှုကိုပြုခြင်း၊ (၂) သူတစ်ပါး ဥစ္စာဖြစ်ခြင်း၊ (၃) ဝိဿာသဂ္ဂါဟ ပံသုကူလသညာ မရှိခြင်း၊ (၄) ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေ သိမ်းထားခြင်း-တို့ ဖြစ်ပါသည်။

**ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်**

➤ **အနုပညတ်ပါဠိများ ။ ။** (၁) သန္တံ ဘိက္ခုံ၊ (၂) အနာပုစ္ဆာ (၃) အညတြ တထာရူပါ အစ္စာယိကာ-တို့ ဖြစ်ပါသည်။

➤ **ဝိကာလ-အရ ။ ။** မွန်းတည့်လွန်ရာအခါမှစ၍ အရုဏ်၏အတွင်းကာလကို ယူရပါမည်။

➤ **ရွာတွင်းသို့ဝင်သောအခါ ပန်ကြားပုံ ။ ။** ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ ဂါမံ ပဝိသိဿာမိ။ [နေလွဲအခါ ရွာတွင်းဝင်ခြင်းကို ပန်ပြောပါ၏၊ ရွာတွင်းသို့ ဝင်ပါဦးအံ့]ဟု ပါဠိဘာသာဖြင့်ဖြစ်စေ, မြန်မာဘာသာဖြင့်ဖြစ်စေ ပန်ကြားနိုင်ပါသည်။

➤ **အစ္စာယိကကရဏီယကိစ္စဟူသည် ။ ။** မီး, ရေ, မင်း, ခိုးသူ,စသော အရေး

http://www.dhammadownload.com



ကြီးသော ကိစ္စများကို ခေါ်ပါသည်။

➤ **ရဟန်းတော်များ မပန်ကြားဘဲ သွားရာ၌ အာပတ်သင့်ပုံ** ။ ။ အကာအရံ ရှိသော ရွာဖြစ်ပါက အကာအရံအတွင်းသို့၊ အကာအရံ မရှိသော ရွာဖြစ်ပါက ရွာ၏ ဥပစာအတွင်းသို့ ခြေတစ်လှမ်း လှမ်းမိသွားသောအခါ ဒုက္ကဋ်အာပတ်၊ ဒုတိယ ခြေ တစ်လှမ်း လှမ်းမိသွားသောအခါ ပါစိတ်အာပတ်သင့်ပါသည်။

➤ **ရဟန်းအားလုံး ရွာတွင်းသို့ ဝင်ရာ၌မပန်ကြားမှုံ** ။ ။ ကျောင်းရှိရဟန်းအားလုံး ရွာတွင်းသို့ ဝင်သောအခါ အချင်းချင်းပန်ကြားရပါမည်။ ယင်းသို့ အချင်းချင်းပန်ကြားပြီး မှ ရွာတွင်းသို့ဝင်ရပါမည်၊ ရွာတွင်းသို့ဝင်သွားပြီး ကိစ္စ မပြီးပြတ်သေးသဖြင့် နောက် ထပ် အခြားရွာသို့ ဆက်သွားလိုပါမူ ပန်ကြားရန် မလိုတော့ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နေလွဲအခါ ရွာတွင်းသို့ဝင်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **မပန်ပြောဘဲ သွားကောင်းသော အရပ်ဒေသများ** ။ ။ ရွာတွင်းရှိကျောင်းတိုက် ဘိက္ခုနီတို့၏ကျောင်း, တိတ္ထိတို့၏ အိပ်ရာ နေရာ, ရွာတွင်းဆွမ်းစားဇရပ်တို့ ဖြစ်သည်

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ နံနက်ကာလ၌ နံနက်ကာလ ဟု အမှတ်ရှိ၍ဝင်သောရဟန်း၊ အဆောတလျင် ပြုဖွယ်ကိစ္စကြောင့်သော်၎င်း, ထင် ရှားရှိသောရဟန်းကို ပန်ပြော၍သော်၎င်း ထင်ရှားမရှိသော ရဟန်းကို မပန်ပြောဘဲ သော်၎င်း ဝင်သောရဟန်း၊ ရွာလမ်းဖြင့်သွားသော ရဟန်း၊ ခြသေ့် သစ်ကျားတို့ လိုက် ခြင်း, မိုး၏သည်းထန်စွာရွာခြင်း,စသော ဘေးရန်ကြောင့်ဝင်သော ရဟန်း၊ ဥမ္မတ္တက ရဟန်းတို့အား အာပတ် မသင့်ပါ။

➤ **စာရိတ္တ သိက္ခာပုဒ်နှင့် ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်အထူး** ။ ။ စာရိတ္တ သိက္ခာပုဒ်၌ နိမန္တနဘတ်ရှိသော ရဟန်းအတွက် နေမလွဲမီ ရွာတွင်း ဒကာ, ဒကာမ တို့၏အိမ်သို့ လှည့်လည်ခြင်းကြောင့် ပညတ်တော်မူပါသည်။ ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်ကား ရဟန်းအားလုံးအတွက် နေလွဲအခါ ရွာတွင်းသို့ ဝင်ခြင်းကြောင့် ပညတ် တော်မူပါသည်။ ဤသို့ ထူးပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ထင်ရှားရှိသောရဟန်းကို မပန်ပြောခြင်း။ (၂) ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း၊ (၃) ရွာတွင်းသို့ ဝင်ခြင်း-တို့ ဖြစ်ပါသည်။

**သူစိယရ သိက္ခာပုဒ်**

➤ **အောနကေ (ခွဲခြင်းရှိသော) ပါစိတ်ဖြစ်သည်** ။ ။ ပါစိတ်အာပတ်ကို ဒေသနာ မပြောခင် ထိုအပ်ဘူးကို ခွဲပစ်ရဦးမည်၊ ဤသို့ ခွဲမှုကို ရှေးဦးစွာ ပြုလုပ်ပြီးမှ ဒေသနာ

http://www.dhammadownload.com



ကြားရသောကြောင့် "ဘေဒနက" (ခွဲခြင်းရှိသော) ပါစိတ်ဟု ခေါ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ သူစိယရ (အပ်ဘူး)ကို ကိုယ်တိုင်ပြုလုပ်မှု, သူတစ်ပါးအား ပြုလုပ်ခိုင်းမှုအတွက် ဒုက္ကဋ်အာပတ်၊ ပြုလုပ်၍ ပြီးစီးသောအခါ ပါစိတ်အာပတ် သင့်ပါသည်။

➤ **စတုက္ကပါစိတ်သရုပ်** ။ ။ (၁) မိမိပြု၍ မပြီးသေးသော အပ်ဘူးကို မိမိပင်ပြီးစေ၍ ရရှိသောရဟန်း၏ ပါစိတ်၊ (၂) မိမိပြု၍ မပြီးသေးသော အပ်ဘူးကို သူတစ်ပါးကို ပြီးအောင် အပြုခိုင်း၍ ရရှိသောရဟန်း၏ ပါစိတ်၊ (၃) သူတစ်ပါးပြု၍ မပြီးသေးသော အပ်ဘူးကို မိမိကပြီးအောင်ပြု၍ ရရှိသောရဟန်း၏ ပါစိတ်၊ (၄) သူတစ်ပါးပြု၍ မပြီးသေးသော အပ်ဘူးကို သူတစ်ပါးကိုပင် ပြီးအောင်အပြုခိုင်း၍ ရရှိသော ရဟန်း၏ ပါစိတ်တို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သက္ကတိုင်း (နိဓါန်း) ၌ များစွာသော ရဟန်း (ဗုဒ္ဓိလ်) တို့ကို အကြောင်းပြု၍ အပ်ဘူးများကိုတောင်းခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ အခြားသူအကျိုးငှာ ကိုယ်တိုင်ပြုခြင်း, သူတစ်ပါးကို ပြုစေခြင်းတို့ကြောင့်၎င်း၊ အခြားသူပြုလုပ်ထားသော အပ်ဘူးကိုရ၍ သုံးစွဲခြင်းကြောင့်၎င်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အရိုး+ဆင်စွယ်+ဦးချိုတို့ဖြင့် ပြုလုပ်သော်လည်း အာပတ် မသင့်နိုင်သော အသုံးအဆောင်များ** ။ ။ အနားပတ်သီး, ပွတ်ခိုပ်လေး, ခါးပန်းဘိ, မျက်စဉ်းဘူး, မျက်စဉ်းတံ, ပဲခွပ်ရိုး, ရေသုပ်ပဝါ-တို့ကို နွားရိုး, ကျွဲရိုး,စသော အရိုး, ဆင်စွယ်, ဦးချိုတို့ဖြင့် ပြုလုပ်ပါက အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အပ်ဘူးဖြစ်ခြင်း၊ (၂) အဋ္ဌိမယ စသည်ဖြစ်ခြင်း၊ (၃) ကိုယ်တိုင်ပြုပြီးခြင်း (သို့မဟုတ်) အပြုခိုင်း၍ ရခြင်း-တို့ ဖြစ်ပါသည်။

**မဉ္စပီဌ သိက္ခာပုဒ်**

➤ **မဉ္စ-အရ** ။ ။ မသာရက,စသော ညောင်စောင်းတို့တွင် တစ်မျိုးမျိုးကို ယူရမည်။

➤ **ပီဌ-အရ** ။ ။ မသာရက,စသော အင်းပျဉ်တို့တွင် တစ်မျိုးမျိုးကို ယူရပါမည်။

➤ **ဆေဒနကပါစိတ် အဓိပ္ပါယ်** ။ ။ ခြေယောက်၏ ပိုနေသော ပမာဏကို ဖြတ်ပြီးမှ ဒေသနာပြောရသော အာပတ်ကို "ဆေဒနကပါစိတ်" ဟု ခေါ်ပါသည်။

➤ **ပီဌ (အင်းပျဉ်) လုပ်ရာ၌ သတိပြုရမည့်အချက်** ။ ။ အင်းပျဉ်ကိုပြုလုပ်ရာ၌ အင်းပျဉ်သည် ညောင်စောင်းကဲ့သို့ အလွန်မရှည်ရ ပမာဏထက်လွန်သော အခြေရှိသော မြင့်ခုံကဲ့သို့လည်း လေးထောင့် မညီရပါ။

http://www.dhammadownload.com



➤ **ပမာဏထက်ပိုလွန်သော ညောင်စောင်း, အင်းပျဉ်ကို အသုံးပြုနိုင်အောင် ပြုလုပ်ပုံ** ။ ။ ပကတိပုရိသ တစ်တောင့်ထွာထက် ရှည်နေလျှင်ရင်း, ပိုနေလျှင်ရင်း ဖြတ်၍ ဖြစ်စေ, မြေထဲ၌မြှုပ်၍ဖြစ်စေ, မဖြတ် မမြှုပ်လိုပါက ညောင်စောင်းကို ပက်လက်လှန်၍ဖြစ်စေ ပြုလုပ်ရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဥပနန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ မြင့်သော ညောင်စောင်း၌ အိပ်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) ပမာဏထက်လွန်သော ညောင်စောင်း,စသည် ဖြစ်ခြင်း (၂) မိမိအတွက်ပြုပြီးခြင်း (သို့မဟုတ်) အပြုခိုင်း၍ရခြင်း-တို့ ဖြစ်ပါသည်။

**တူလောနဒ္ဓ သိက္ခာပုဒ်**

➤ **တူလောနဒ္ဓ (မဉ္စပီဌ) အဓိပ္ပါယ်** ။ ။ ညောင်စောင်း, အင်းပျဉ်ပေါ်၌ အဝတ် တစ်ထည်ကို ခင်းပြီးလျှင် ထိုအဝတ်၌ လဲတို့ကို ထည့်ပြီးနောက် အထက်က အဝတ်ဖြင့် ချုပ်စပ်ထားသည်ကို "တူလောနဒ္ဓ (မဉ္စပီဌ) ဟု ခေါ်ပါသည်။

➤ **တူလောနဒ္ဓမဉ္စပီဌ ပြုလုပ်ပုံ** ။ ။ ညောင်စောင်း, အင်းပျဉ်ပေါ်တွင် ခိုင်ခံ့သော အဝတ်အထည်မျိုးကို ဖြန့်ခင်းကာ ယင်းအဝတ်အထည်ပေါ်၌ လဲများကို ညီအောင် ဖြန့်ခင်းပြီး အပေါ်က အဝတ်အထည်တစ်ခုခု ဖုံးအုပ်ချုပ်လိုက်လျှင် "တူလောနဒ္ဓ မဉ္စပီဌ" ဖြစ်ပါသည်။

➤ **တူလ-အရ လဲ ၃-မျိုး** ။ ။ (၁) ရုက္ခတူလ-သစ်ပင်လဲ၊ (၂) လတာတူလ-နွယ်လဲ၊ (၃) ပေါဋကိတူလ-မြက်လဲ-တို့ ဖြစ်ပါသည်။

➤ **ဥဒ္ဒါလနကပါစိတ် အဓိပ္ပါယ်** ။ ။ လဲအဆာကိုထုတ်ပြီးနောက် ဒေသနာ ပြောရသောကြောင့် "ဥဒ္ဒါလနကပါစိတ်"ဟု ဆိုပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဖွဲ့အပ်သော လဲရှိသော ညောင်စောင်း အင်းပျဉ်ကို ပြုခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **ခေါင်းအုံးပမာဏ** ။ ။ အလျား ၂-တောင်၊ အနံ တောင်ဆုပ် ဖြစ်ပါသည်။

➤ **သီသပ္ပမာဏ= ဦးခေါင်းပမာဏရှိသော ခေါင်းအုံးဟူသည်** ။ ။ အကျယ် (ဝါ) အနံအားဖြင့် သုံးထောင့်တို့တွင် နှစ်ထောင့်တို့၏အကြား၌ တိုင်းလျှင် တစ်ထွာနှင့် လက်လေးသစ်ရှိ၏၊ ၃-ထောင့်ကို ထောင့်ဖြတ်အလယ်ကတိုင်းလျှင် တောင်ဆုပ်ကျယ်၏၊ အလျားအားဖြင့်ကား တစ်တောင့်ထွာဖြစ်စေ, နှစ်တောင်ဖြစ်စေ ရှည်လျား၏၊ ဤခေါင်းအုံးသည် အကြီးဆုံး သီသပ္ပမာဏရှိသော ခေါင်းအုံးဖြစ်ပါသည်။ (ထို့

http://www.dhammadownload.com



ထက် ကြီးလျှင် မအပ်ပါ။ ငယ်ခြင်းကြောင့် အပြစ်မရှိနိုင်ပါ။)

➤ **သီသပ္ပမာဏ** ။ ။ လည်ပင်းနှင့် ဦးခေါင်းထားလောက်သည်ကို "သီသပ္ပမာဏ" ဟု ဆိုပါသည်။

➤ **လဲမှို့ဝါများကို ကိုယ်တိုင်ထည့်၍ သုံးစွဲကောင်းသော ပစ္စည်းများ**

အာယောဂပတ်, ခါးပန်းကြိုး, ပခုံးလွယ်, သပိတ်အိတ်, ပုဝါရေစစ်, ခေါင်းအုံး တို့ ဖြစ်ပါသည်။ (၎င်းတို့၌ တူလောနဒ္ဓ-ကို ကိုယ်တိုင်ဖြစ်စေ, သူတစ်ပါးကိုဖြစ်စေ, ပြုလုပ်၍ သုံးဆောင်ပါက အနာပတ္တိ။)

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) တူလောနဒ္ဓ မဉ္စပီဌ ဖြစ်ခြင်း၊ (၂) မိမိအတွက် ကိုယ်တိုင်ပြု၍ဖြစ်စေ, သူတစ်ပါးကိုပြု၍ဖြစ်စေ ရခြင်း-တို့ ဖြစ်ပါသည်။

**နိသီဒန သိက္ခာပုဒ်**

➤ **အနုပညတ်ပါဠိ** ။ ။ ဒသာဝိဒတ္ထိ ဖြစ်ပါသည်။

➤ **နိသီဒန (နိသီဒိုင်) အဓိပ္ပါယ်** ။ ။ သန္ထတနှင့်တူစွာ ဖြန့်ခင်း၍ တစ်ခုသော အနံ့အစွန်း၌ ဘုရားရှင်၏ တစ်ထွာပမာဏရှိသော အရပ်ကို နှစ်ဌာနတို့၌ခွဲ၍ ပြုအပ်သော အမြိတ်အဆာ သုံးခုတို့နှင့်ယှဉ်သော ပရိက္ခရာကို နိသီဒန (နိသီဒိုင်) ဟု ခေါ်ပါသည်။

➤ **နိသီဒိုင်ပြုလုပ်ပုံ** ။ ။ သက်န်းဟောင်းတစ်ခုခုကို ဖြန့်ခင်းကာ အစွန်းတစ်ဖက်မှ မြတ်စွာဘုရား၏ တစ်ထွာမျှရှိသော အရပ်ကို သုံးထပ် အညီအမျှချိုးကာ ခေါင်ရိုးတင်သော နေရာနှစ်ခုတွင် ဓားဖြင့်ဖြတ်လိုးကာ အမြိတ်အဆာသုံးခုဖြစ်အောင် ပြုလုပ်ရပါမည်။

➤ **နိသီဒိုင်သင်္ကန်း ခွင့်ပြုတော်မူရကျိုး** ။ ။ ကိုယ်နှင့်သင်္ကန်း ကျောင်း အိပ်ရာ စသည်များကို သုက်,စသော အညစ်အကြေးများ မပေကျံ ကာကွယ်စောင့်ရှောက်ရန် အကျိုးငှာ ခွင့်ပြုတော်မူပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပမာဏ,မရှိသော နိသီဒိုင်တို့ကို ဆောင်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ ပမာဏနှင့်ယှဉ်သော နိသီဒိုင်ကိုသော်၎င်း, ပမာဏအောက် ယုတ်လျော့သော နိသီဒိုင်ကိုသော်၎င်း ပြုလုပ်သော ရဟန်း၊ သူတစ်ပါးပြုလုပ်ထားသော ပမာဏကိုလွန်သော နိသီဒိုင်ကိုရ၍ ဖြတ်ပြီး သုံးစွဲသော ရဟန်း၊ ဗိတာန် (မျက်နှာကြက်) စသည် ပြုလုပ်သောရဟန်း၊ ဉမ္မတ္တက ရဟန်း စသည်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) နိသီဒိုင်၏ ပမာဏကိုလွန်ခြင်း၊ (၂) မိမိအတွက် ကိုယ်တိုင်ပြု၍ဖြစ်စေ, သူတစ်ပါးကို ပြုစေ၍ဖြစ်စေ, ရခြင်း။

**ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်**

➤ **အမာလွှမ်းသင်္ကန်း ခွင့်ပြုတော်မူရကျိုး** ။ ။ ချက်၏အောက်, ပုဆစ်ဒူးဝန်း နှစ်ဖက်၏ အထက်၌ ယားနာ, သွေးစုနာ, အရည်ယိုသောအနာ, အိုင်းအနာတို့ကို ဖုံးလွှမ်းခြင်းအကျိုးငှာ ခွင့်ပြုတော်မူပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပမာဏနှင့်မယှဉ်ကုန်သော အနာလွှမ်း သင်္ကန်းတို့ကို ဆောင်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**ဝဿိကသာဋိက သိက္ခာပုဒ်**

➤ **ဝဿိကသာဋိက= မိုးရေခံသင်္ကန်း ခေါ်ပုံ** ။ ။ မိုးလေးလတွင် မိုးရွာသော အခါ ဝတ်၍ ရေသနုပ်ကဲ့သို့ မိုးရေခံချိုးရသော သင်္ကန်းကို "ဝဿိကသာဋိက=မိုးရေခံ သင်္ကန်း"ဟု ခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ပမာဏနှင့် မယှဉ်ကုန်သော မိုးရေခံ သင်္ကန်းတို့ကို ဆောင်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**နန္ဒ သိက္ခာပုဒ်**

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အရှင်နန္ဒမထေရ် (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဘုရားရှင်၏ သင်္ကန်းတော် ပမာဏ ရှိသော သင်္ကန်းကို ဆောင်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**သုဂတပါစိတ်အဖွင့် ပြီး၏။**

**ပါဋိဒေသနီယကဏ္ဍ**

**ပဌမ ပါဋိဒေသနီယ သိက္ခာပုဒ်**

➤ **ပါဋိဒေသနိ အဓိပ္ပါယ်** ။ ။ အခြားအာပတ်များကဲ့သို့ ဒေသနာ မပြောကြား ရဘဲ "ဂါရယှံ အာဝုသော"စသည်ဖြင့် သီးခြားဒေသနာ ကြားရသောကြောင့် "ပါဋိ ဒေသနီ"ဟု ခေါ်ပါသည်။

➤ **စံပွယ် ခေါ်ခဲ့ စံယူကောင်းသော အရပ်** ။ ။ ရွာတွင်းရှိကျောင်းတိုက်, ဘိက္ခုနီတို့၏ကျောင်း, တိတ္ထိတို့၏ အိပ်ရာ နေရာ, ရွာတွင်းဆွမ်းစားဇရပ်တို့ဖြစ်သည်။

➤ **စံပွယ် ခေါ်ခဲ့ မစံယူကောင်းသော အရပ်** ။ ။ ပေးလှူသော ဘိက္ခုနီမက

http://www.dhammadownload.com



မြို့တွင်း၊ အိမ်တွင်း၊ ရွာတွင်းရှိနေခိုက် ပေးလှူပါက မခံယူကောင်းပါ။

➤ **ဘိက္ခုနိယာ-အရ** ॥ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာတို့၌ ရဟန်းဖြစ်သော ဆွေမျိုး မတော်သော ဘိက္ခုနီမကို ယူရပါမည်။

➤ **အန္တရဃရ-အရ** ॥ ထုတ်ချင်း မပေါက်ဘဲ သွားလမ်းကိုပင် ပြန်၍ ထွက်ရသော လမ်းတို၊ မြင်းရထား၊စသည် သွား၍ ဖြစ်လောက်သော ထုတ်ချင်းပေါက် လမ်းရှည်၊ သုံးလမ်း လေးလမ်းဆုံရာ လမ်းခွ၊ အိမ်တို့ကို ယူရပါမည်။

➤ **ခံယူပါက အပြစ်မဖြစ်ပုံ** ॥ "အန္တရဃရံ ပဝိဋ္ဌာယ" ဟု ဟောတော်မူသောကြောင့် ရွာတွင်းရှိ ကျောင်းတိုက်၊စသည်တို့၌ တည်၍ပေးသော ရဟန်းမ၏လက်မှ ရဟန်းကိုယ်တိုင် လမ်းရှည်၊ လမ်းတို၊ လမ်းဆုံ၊ လမ်းမ၊ လူနေအိမ်တို့တွင် တစ်ခုခုသော အရပ်၌တည်လျက် ခံယူပါက အာပတ် မသင့်ပါ။ (ဝါ) အပြစ် မဖြစ်ပါ။

➤ **အာပတ်သင့်ပုံ (ဝါ) အပြစ်ဖြစ်ပုံ** ॥ ရဟန်းမ,က လမ်းရှည်၊ လမ်းတို၊ လမ်းဆုံ လမ်းမတို့၌တည်၍ လှူလတ်သော် ရဟန်းက လမ်းရှည်၊ လမ်းတို၊ လမ်းဆုံ၊ လမ်းမ စသည်တို့၌သော်၎င်း၊ ရွာတွင်းကျောင်း စသည်တို့၌သော်၎င်း တည်၍ ခံယူပါက ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း စားမျိုတိုင်း ပါဋိဒေသနီအာပတ် သင့်ပါသည်။

မေး ॥ အာရာမ်တွင်းဝယ် ဆွေမျိုးမတော်သော ရဟန်းမ၏ လက်မှ ဆွမ်းကို ခံယူသော ရဟန်းအား ပါဋိဒေသနီအာပတ် သင့်/မသင့် သာဓကပြ ဆုံးဖြတ်ပါ။

ဖြေ ॥ "အန္တရဃရံ ပဝိဋ္ဌာယ"ဟု ဟောတော်မူသောကြောင့် ပါဋိဒေသနီအာပတ် မသင့်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ သာဝတ္ထိပြည် (နိဒါန်း) ၌ ရဟန်းတစ်ပါး (မုဋ္ဌိလ်) ကို အကြောင်းပြု၍ ရွာတွင်းသို့ဝင်ပြီးသော ဆွေမျိုးမတော်သော ရဟန်းမ၏လက်မှ အာမိသကို ခံယူခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူသည်။

➤ **ပါဋိဒေသနီအာပတ် သင့်နိုင်သော ကာလိကကား** ॥ ခါဒနီယံဝါ ဘောဇနီယံဝါ-ဟု ဆိုသောကြောင့် ခဲဖွယ် ဘောဇဉ်ဟူသော ယာဝကာလိကမျိုးကို ခံယူမှသာ ပါဋိဒေသနီအာပတ် သင့်ပါသည်။

➤ **အာပတ်အဆုံးအဖြတ်** ॥ (၁) အညာတိကာ ဘိက္ခုနီမ၏ လက်မှ ယာဝကာလိကဝတ္ထုကို ခံယူမှုအတွက် ဒုက္ကဋ်အာပတ်၊ စားသောက်မှုအတွက် မျိုချတိုင်း မျိုချတိုင်း ပါဋိဒေသနီအာပတ် သင့်ပါသည်။

(၂) ယာဝကာလိက စသည်ကို ခံယူမှု စားသောက်မှု နှစ်မျိုးလုံးအတွက် ဒုက္ကဋ်အာပတ်၊ (၃) ဧကတော ဥပသမ္ပန္နဘိက္ခုနီမ၏ လက်မှ ယာဝကာလိကကို ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ (၄) ဆွေမျိုးတော်သော ဘိက္ခုနီမကို ဆွေမျိုးမတော်ဟု ထင်

http://www.dhammadownload.com



မှတ်မှု, ယုံမှားမှုဖြင့် ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ (၅) သိက္ခမာန်, သာမဏေမတို့၏ လက်မှခံယူ၍ သုံးဆောင်ပါက အနာပတ္တိ။ (အာပတ်မသင့်)

➤ **ခံယူမှုအတွက် အာပတ် မသင့်နိုင်သော အကြောင်းများ** ။ ။ အညာတိက ဘိက္ခုနီက သူ့လက်ဖြင့်ကိုင်၍ သူကိုယ်တိုင် မလှူဘဲ ရဟန်း၏ ဉာတိဖြစ်သူ ဘိက္ခုနီမ ၏ လက်သို့ကပ်၍ အလှူခိုင်းသည်ကို ခံယူခြင်း, လက်က မကိုင်ဘဲ ရဟန်း၏အနီးအပါး ချထား၍ လှူသည်ကို ခံယူခြင်းကြောင့် အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ပြည့်စုံစွာ ဘိက္ခုနီဖြစ်ခဲ့သူဖြစ်ခြင်း၊ (၂) ဉာတိ မတော်ခြင်း၊ (၃) မြို့ရွာတွင်းသို့ ဝင်ပြီးသော ရဟန်းမ၏လက်မှ မိမိလက်ဖြင့် ခံယူခြင်း၊ (၄) ယာဝကာလိက (ခဲဖွယ် ဘောဇဉ်) ဖြစ်ခြင်း၊ (၅) စားမျိုခြင်း။

**ဒုတိယ ပါဋိဒေသနီယ သိက္ခာပုဒ်**

➤ **ဝေါသာသနာကာရ (ဆွမ်းစီမံပုံ) ပြ ပါဠိ** ။ ။ "ဣဓ သူပံ ဒေထ၊ ဣဓ ဩဒနံ ဒေထ" ဖြစ်ပါသည်။

➤ **အပသာဒေတဗ္ဗာကာရ (တားမြစ်မောင်းမဲပုံ) ပြ ပါဠိ**

"အပသက္က တာဝ ဘဂိနိ ယာဝ ဘိက္ခူ ဘုဉ္ဇန္တိ" ဖြစ်ပါသည်။

➤ **တတြ စေ သာဘိက္ခုနီ-၌ ဘိက္ခုနီ-အရ** ။ ။ ဘိက္ခု ကေတော သံယာ, ဥဘတော သံယာ၌ ပဉ္စင်းဖြစ်သည့် ရဟန်းမမျိုးကို ယူရပါမည်။ [ဘိက္ခုနီ ကေတော သံယာ၌ ပဉ္စင်းဖြစ်သည့် ရဟန်းမမျိုးကို မယူရပါ။]

➤ **ပါဠိဒေသနီအာပတ်သင့်ပုံ** ။ ။ ဘိက္ခုနီမ စီမံလတ်သော် ရဟန်းတစ်ပါးမျှ လည်း မတားမြစ်အပ်သော် စားမျိုခြင်းငှာ အာမိသကိုခံယူကုန်သော ရဟန်းတို့အား ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း စားမျိုတိုင်း၌ ပါဋိဒေသနီအာပတ် သင့် ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဘိက္ခုနီမက စီမံလတ်သော် မတားမြစ် ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ ဘိက္ခုနီက သူ့ဆွမ်းကို အလှူခိုင်း၍ ခံယူသောရဟန်း၊ ရဟန်းအားလုံး အညီအမျှ လှူစေသည်ကို ခံယူသော ရဟန်း၊ သိက္ခမာန်, သာမဏေမ စီမံသည်ကို ခံယူသောရဟန်း၊ ဘောဇဉ်ငါးပါးမှ ကြွင်းသော ယာဂု ခဲဖွယ် သစ်သီးကြီးငယ်တို့ကို စားသောရဟန်း၊ ဥမ္မတ္တကရဟန်း။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ပြည့်စုံစွာ ဘိက္ခုနီဖြစ်ခဲ့သူဖြစ်ခြင်း၊ (၂) ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးဖြစ်ခြင်း၊ (၃) ရွာတွင်း၌ ခွင့်ပြုအပ်သော စီမံနည်းမှ

http://www.dhammadownload.com



အခြားနည်းဖြင့် စိမ်ခြင်း၊ (၄) ရဟန်းတို့က မတားမြစ်ခြင်း (၅) စားမျိုခြင်း။

**တတိယ ပါဋိဒေသနီယ သိက္ခာပုဒ်**

➤ **အနုပညတ် ၂-မျိုး ။ ။** (၁) ပုဗ္ဗေ အနိမန္တိတော၊ (၂) အဂိလာနော။

➤ **သေက္ခသမ္မတ အဓိပ္ပါယ် ။ ။** (လာသမျှရဟန်းအား လှူနေလျှင် သိပ်ဆင်းရဲသွားမည်စိုးသောကြောင့်) သဒ္ဓါတရား အားကြီး၍ ဥစ္စာနည်းပါးသော အမျိုးကို သေက္ခမျိုးဟု ဉတ္တိဒုတိယကမ္မဝါစာဖြင့် သမုတ်ထားခြင်းကို "သေက္ခသမ္မတ" ဟု ခေါ်သည်။

➤ **သေက္ခသမ္မုတိရသည့်ပုဂ္ဂိုလ် ။ ။** သဒ္ဓါတရားအားကြီး၍ ဥစ္စာနည်းပါးသူတို့ ဖြစ်ပါသည်။

➤ **ပုဗ္ဗေ အနိမန္တိတ အဓိပ္ပါယ် ။ ။** အိမ်၌ ဥပစာသို့သက်ရောက်သောအခါမှ ရှေးဦးစွာ အိမ်ဥပစာသို့ မသက်ရောက်သေးမီရှေး၌ မပင့်ဖိတ်အပ်သည်ကို "ပုဗ္ဗေ အနိမန္တိတ"ဟု ခေါ်ပါသည်။

➤ **အဂိလာန-အရ/ အဂိလာန အဓိပ္ပါယ် ။ ။** ဆွမ်းခံသွားလာနိုင်သော ရဟန်းကို "အဂိလာန" ဟု ခေါ်ပါသည်။

➤ **ပါဋိဒေသနီ အာပတ်သင့်ပုံ ။ ။** အိမ်ဥပစာသို့ သက်ရောက်၍ အာမိသကို ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ ထိုအာမိသကို ခံယူပြီးနောက် တစ်ပါးပါးသော အရပ်၌ သုံးဆောင်သောရဟန်းအား စားမျိုတိုင်း စားမျိုတိုင်း ပါဋိဒေသနီအာပတ်သင့်၏။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသောရဟန်း (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အတိုင်းအရှည်ကို မသိဘဲ ခံယူခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ပင့်ဖိတ်မှု မရှိဘဲ သေက္ခသမ္မတ ဓါယကာအိမ်မှ ခံယူကောင်းသော ဘောဇဉ်များ ။ ။** (၁) ဆွမ်းစားဇရပ်,စသော နေရာသို့ ယူဆောင်လှူဒါန်းသည့် ခဲဖွယ်ဘောဇဉ်မျိုး (၂) ရဟန်းကို မမြင်ရမီကပင် အိမ်အပြင်သို့ထုတ်၍ လှူဒါန်းရန် ပြင်ဆင်ထားသည့် ခဲဖွယ်ဘောဇဉ်မျိုး။ (၃) နိစ္စဘတ်, သလာကဘတ်, ပက္ခိကဘတ်, ဥပေါသထိကဘတ် ပါဋိပဒိကဘတ် [၎င်းတို့ကို ခံယူ၍ သုံးဆောင်သောရဟန်းအား အနာပတ္တိ။]

➤ **သေက္ခသမ္မတ ဓါယကာတို့ထံ ဘောဇဉ်ခံယူရမည့်အခါ ။ ။** (၁) အိမ်ရှင်တို့ တမင်လာ ပင့်ဖိတ်လှူသည့်အခါ၊ (၂) မကျန်းမာသည့်အခါတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး ။ ။** (၁) သေက္ခ-ဟု သမုတ်အပ်သော အမျိုးဖြစ်ခြင်း (၂) ရှေး၌ မပင့်ဖိတ်အပ်ခြင်း၊ (၃) ဂိလာန မဟုတ်ခြင်း၊ (၄) အိမ်၏ဥပစာသို့ သက်ရောက်ခြင်း၊ (၅) နိစ္စဘတ်,စသည်ကို ထား၍ အခြားအာမိသကို ခံယူသုံးဆောင်ခြင်း။

http://www.dhammadownload.com



**စတုတ္ထ ပါဋိဒေသနိယ သိက္ခာပုဒ်**

➤ **အနုပညတ်ပါဠိ** ။ ။ အဂိလာနော ဖြစ်ပါသည်။

➤ **ပုဗ္ဗေ အပ္ပဋိသံဝိဒိတံ-၌ ပုဗ္ဗ-အရ** ။ ။ အာရာမ်၏ ဥပစာသို့ မရောက်မီ ရှေးရှေးအချိန်အခါများကို ယူရပါမည်။

➤ **ပဋိသံဝိဒိတ အဓိပ္ပါယ်/ ပဋိသံဝိဒိတ ဖြစ်လာပုံ** ။ ။ မိန်းမဖြစ်စေ, ယောကျ်ား ဖြစ်စေ, လူဖြစ်စေ, ရဟန်းဖြစ်စေ, အာရာမ်တွင်း အာရာမ်ဥပစာအတွင်းသို့ လာရောက်ပြီး "အရှင်ဘုရား ဤမည်သောအမျိုးသည် အရှင်ဘုရားအား ခဲဖွယ်ဘောဇဉ်ကို လာလှူလိမ့်မည်"ဟု ရှေးဦးစွာ ကြိုတင်၍ လျှောက်ထားအပ်သော ဘောဇဉ်ကို "ပဋိ သံဝိဒိတ"ဟု ခေါ်ပါသည်။

ဤမျှသာ မကသေး၊ လျှောက်ထားပြီးနောက် ရှေးဦးစွာကြိုတင်၍ လျှောက်ထားတိုင်းသော ခဲဖွယ်ဘောဇဉ်ကို ယူလာသည်ဖြစ်စေ, အခြံအရံဖြစ်သော အခြားခဲဖွယ်ဘောဇဉ်ကိုရင်း၊ လျှောက်ထား၍ဆောင်ယူလာသော ခဲဖွယ်ဘောဇဉ်နှင့် အတူဆောင်ယူလာသော များစွာသော ခဲဖွယ်ဘောဇဉ်ကိုရင်း၊ ဆောင်ယူလာသည်ဖြစ်စေ, ဤမည်သော ဒကာသည် လျှောက်ထားကာ ခဲဖွယ်ဘောဇဉ်ကို ယူ၍သွား၏ဟု ကြားသော် တစ်ပါးသော ဒကာတို့သည်လည်း ထိုသူနှင့်အတူတူ ခဲဖွယ်ဘောဇဉ်ကို ဆောင်ယူလာခဲ့သည်ဖြစ်စေ, ထိုဆောင်ယူလာသော ခဲဖွယ် ဘောဇဉ် သုံးမျိုးကိုလည်း "ပဋိ သံဝိဒိတ" ဟုပင် ဆိုရပါသည်။

➤ **အပ္ပဋိသံဝိဒိတ အဓိပ္ပါယ်** ။ ။ ကြိုတင်၍ လျှောက်လည်း မလျှောက်ထား, ဆောင်လည်း မဆောင်အပ်သော ခဲဖွယ်ဘောဇဉ်ကို "အပ္ပဋိသံဝိဒိတ"ဟု ခေါ်သည်။

➤ **အဂိလာန-အရ** ။ ။ ဆွမ်းခံသွားလာနိုင်သော ရဟန်းကို ယူရပါမည်။

➤ **ပါဋိဒေသနီအာပတ်သင့်ပုံ** ။ ။ ခဲဖွယ်ဘောဇဉ်ကို အောက်ထစ်ဆုံး အာရာမ်၏ အလယ်ဖြင့် ဖြတ်သွားသော ခရီးသွားသူတို့က ပေးလှူအပ်သော ခဲဖွယ်ဘောဇဉ်ကို အာရာမ်၌သော်ရင်း, အာရာမ်ဥပစာ၌သော်ရင်း ခံယူ၍ စားမျိုသောရဟန်းအား ခံယူခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း စားမျိုတိုင်း ပါဋိဒေသနီအာပတ်သင့်၏။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သက္ကတိုင်း (နိဂမ်း) ၌ များစွာသော ရဟန်း (ပုဏ္ဏိုလ်) တို့ကို အကြောင်းပြု၍ အာရာမ်၌ စားပြတို့နေသည်ကို မပြောခြင်း (စဏ္ဍု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ ယာမကာလိက,စသည်တို့၌ အာဟာရအကျိုးငှာ ခံယူခြင်း၌ရင်း, စားမျိုခြင်း၌ရင်း ဒုက္ကဋ်အာပတ်၊ ပဋိသံဝိဒိတ ခဲဖွယ်ဘောဇဉ်၌ အပ္ပဋိသံဝိဒိတ-ဟု မှတ်ထင်ကာ ခံယူ၍ သုံးဆောင်သောရဟန်း၊ ယုံမှားမှုဖြင့် ခံယူကာ

http://www.dhammadownload.com



သုံးဆောင်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်ပါသည်။

**➢ အာပတ် မသင့်နိုင်သော ခဲဖွယ်ဘောဇဉ်များ ။ ။** တင်ကြို၍ သိစေထားသော ခဲဖွယ်ဘောဇဉ်၏ အကြွင်းအကျန်, ဂိလာန၏ အကြွင်းအကျန်ဘောဇဉ်၊ အာရာမ်၏ ပြင်ဘက်၌ ခံယူသောဘောဇဉ်၊ အာရာမ်တွင်း၌ပေါက်သော သစ်မြစ်, သစ်သီး, စသော စားသောက်ဖွယ်။ [ ၎င်းတို့ကို ခံယူသုံးဆောင်သော ရဟန်းအား အာပတ် မသင့်ပါ။]

**➢ သိက္ခာပုဒ်အင်္ဂါ ၇-ပါး ။ ။** (၁) သာသက်သပ္ပဋိဘာယ, တောကျောင်းဖြစ်ခြင်း (၂) ယာဝကာလိက အာမိသ၏ တတ္ထဇာတက မဟုတ်ခြင်း၊ (၃) ဂိလာန မဟုတ်ခြင်း၊ (၄) ဂိလာန၏ အကျန် မဟုတ်ခြင်း၊ (၅) ကြိုတင်၍ မသိစေအပ်ခြင်း၊ (၆) အာရာမ် တွင်း၌ ခံယူခြင်း၊ (၇) စားခြင်း-တို့ ဖြစ်ပါသည်။

**ပါဋိဒေသနီယအဖွင့်ပြီး၏။**

❀ ❀ ❀ ❀ ❀

**သေခိယကဏ္ဍ**

**➢ သေခိယ အဓိပ္ပါယ် ။ ။** ကျင့်အပ်သောကြောင့်ရင်း, သေက္ခပုဂ္ဂိုလ်၏ ဥစ္စာ ဖြစ်သောကြောင့်ရင်း "သေခိယ" မည်ပါသည်။

**➢ သေခိယသိက္ခာပုဒ်တို့၌ ပါရာဇိက, သံဃာဒိသိသ် စသည်တို့၌ကဲ့သို့ သချာ တပ်၍ ဟောတော်မမူရခြင်းအကြောင်း**

**➢ သေခိယသိက္ခာပုဒ်တို့၌ "ပဉ္စသတ္တတိ"ဟု သချာသဒ္ဒါ မပြဆိုရကြောင်း**

. သေခိယ-သည် ၅၅(၇၅)ပါးသာ မဟုတ်, ခန္ဓက၌ ဟောတော်မူအပ်သော ဝတ် တရားတို့သည်လည်း ကျင့်အပ်သောကြောင့် သေခိယတို့မည်သည်သာလျှင် ဖြစ်သည်၊ ထို့ကြောင့် သေခိယသိက္ခာပုဒ်တို့၌ "ပဉ္စသတ္တတိ"ဟု သချာတပ်၍ ဟောတော်မမူပါ။

(တစ်နည်း) စာရိတ္တဝိနည်းကို ပြခြင်းအကျိုးငှာ သေခိယ၌ သချာတပ်၍ ဟော တော် မမူပါ။

**➢ သေခိယသိက္ခာပုဒ်များ ကျင့်ရမည့်အရပ်ဌာန ။ ။** သေခိယသိက္ခာပုဒ်များကို ကျောင်းအာရာမ်တွင်း၌ရင်း, ရွာတွင်း၌ရင်း အားလုံးသောအရပ်တို့၌ ကျင့်ရပါမည်။

**➢ သေခိယသိက္ခာပုဒ်များကို အာပတ်နာမည်တပ်၍ မဟောရခြင်းအကြောင်း**

သေခိယသိက္ခာပုဒ်များကား ဝါရိတ္တ မဟုတ်, စာရိတ္တဝိနည်းဖြစ်သည်ဟု ပြလို သောကြောင့် အာပတ်နာမည်တပ်၍ ဟောတော်မမူပါ။ [ယော ပန ဘိက္ခု ဩလ မ္ဗေန္တော နိဝါသေယျ ဒုက္ကဋံ-ဟု အာပတ်နာမည်တပ်၍ မဟောဘဲ "သိက္ခာကရဏီယာ" ဟု ဆိုပါသည်။]

http://www.dhammadownload.com



> **သေခိယ၌ အာပတ်နာမည် မတပ်သည့်အတွက် အာပတ်မသင့်ဟု မမှတ်ထိုက်ခြင်းအကြောင်း** ။ ။ ပဒဘာဇနီ၌ "အာပတ္တိဒုက္ကဋဿ"ဟု ဟောတော်မူသည့်အတွက် သေခိယသိက္ခာပုဒ် အားလုံးတို့၌ မလေးစားမှုပြုလျှင် ဒုက္ကဋ်အာပတ်သင့်သောကြောင့် အာပတ် မသင့် (ဝါ) အပြစ်မရှိဟု မမှတ်ထိုက်ပါ။

> **ခသေခိယ သိက္ခာပုဒ်များ ကျူးလွန်က သင့်ရောက်သောအပြစ်** ။ ။ ပဒ ဘာဇနီ၌ "အာပတ္တိ ဒုက္ကဋဿ"ဟု ဟောတော်မူသောကြောင့် သေခိယသိက္ခာပုဒ်တို့၌ မလေးစားဘဲ မညီမညွတ်ဝတ်ခြင်း,စသည်ကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

> **သေခိယ၌ ကာရကပုဂ္ဂိုလ် မညွှန်းဆိုရခြင်းအကြောင်း** ။ ။ သေခိယသိက္ခာပုဒ်တို့၌ အနာဒရိယစိတ်ထားဖြင့် လွန်ကျူးသော ရဟန်းအားသာ အာပတ်သင့်၏ဟု ပြလိုသောကြောင့်- သေခိယ၌ ကာရကပုဂ္ဂိုလ် မညွှန်းဆိုရခြင်း ဖြစ်ပါသည်။

> **သေခိယသိက္ခာပုဒ်တို့ကို** ။ ရဟန်းကျူးလွန်လျှင် ဒုက္ကဋ်အာပတ်၊ သာမဏေ ကျူးလွန်လျှင် "ဒဏ်" သင့်ပါသည်။

> **ဂိလာနတို့သော်မှ လွတ်ကင်းခွင့်မရနိုင်သော သေခိယသိက္ခာပုဒ်များ**

၁။ သမတိတ္တိကသိက္ခာပုဒ်၊ ၂။ ဩဒန ပဋိစ္ဆာဒနသိက္ခာပုဒ်၊ ၃။ ဥဇ္ဈာနသညီ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

> **သေခိယ သိက္ခာပုဒ်တို့၏ နိဒါန်း+ပုဂ္ဂိုလ်+ဝတ္ထု** ။ ။ (၁) သုရုသုရုကာရက သိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌+ ရဟန်းများစွာကို+အကြောင်းပြု၍ ပညတ်တော်မူသည်။ (၂) ပါနီယထာလက သိက္ခာပုဒ်နှင့် သသိတ္ထကသိက္ခာပုဒ် ၂-ခုကို ဘဂ္ဂတိုင်း၌ များစွာသောရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပါသည်။ (၃) ကြွင်းသိက္ခာပုဒ် ၇၂-ပါးကို သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို + တွဲလျားချ၍ ဝတ်ခြင်း,စသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **သေခိယသိက္ခာပုဒ် ပညတ်ရာဌာနများ** ။ ။ (၁) ကောသမ္ဗီပြည် (၂) ဘဂ္ဂတိုင်း။ (၃) သာဝတ္ထိပြည်-တို့ ဖြစ်ပါသည်။

> **သေခိယသိက္ခာပုဒ်တို့၏ ပညတ်ရာဌာနတို့ကို သိက္ခာပုဒ်များနှင့် ယှဉ်တွဲပုံ**

သုရုသုရုကာရက သိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌ရင်း။ ပါနီယထာလက(သာမိသ) သိက္ခာပုဒ်, ပတ္တဓောဝန (သသိတ္ထက) သိက္ခာပုဒ်တို့ကို ဘဂ္ဂတိုင်း၌ရင်း၊ ကျန်သိက္ခာပုဒ် ၇၂-ပါးတို့ကို သာဝတ္ထိပြည်၌ရင်း ပညတ်တော်မူပါသည်။

> **သေခိယသိက္ခာပုဒ် အားလုံးနှင့် ဆက်ဆံသောအင်္ဂါ** ။ ။ (၁) အနာဒရိယ-မှုသေလေးစားမှု မရှိခြင်း၊ (၂) အနာပတ္တိကာရဏာဘာဝ-အာပတ် မသင့်ဖို့ရာ အကြောင်း မရှိခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



### ပရိမဏ္ဍလသိက္ခာပုဒ်

➤ **ပရိမဏ္ဍလနိဝါသန (အဝန်းညီစွာ သင်းပိုင်ကို ဝတ်ပုံ)**

သင်းပိုင်ကိုဝတ်သည့်အခါ ချက်အဝန်းကို ဖုံးလွှမ်း၍ငင်း, ပုဆစ်ဒူးဝန်းအောက် ၌ မြင်းခေါင်းရိုးမှစ၍ လက်ရှစ်သစ်အတိုင်းအရှည်ရှိသော အရပ်တိုင်အောင် သင်းပိုင်ကို ချ၍ငင်း, ဝတ်ရပါမည်။

➤ **အပြစ်သင့်ပုံ** ။ ။ ဤကဲ့သို့ မဝတ်ဘဲ မလေးစားခြင်းကြောင့် ရှေ့၌ဖြစ်စေ, နောက်၌ဖြစ်စေ, တွဲလျားချ၍ ဝတ်သောရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ပရိမဏ္ဍလပါရုပန/ အဝန်းညီစွာ ကေသီကို ဝတ်ပုံ (ရုံပုံ)**

လူတို့၏ ဝတ်ရုံနည်းဖြင့် မဝတ်ရုံဘဲ အနားစွန်းနှစ်ဘက်ကို အညီပြု၍ ဝတ်ရုံခြင်းကို "ပရိမဏ္ဍလပါရုပန"ဟု ဆိုပါသည်။ (တစ်နည်း) ကေသီကို ရုံသည့်အခါ ရှေ့နောက်အစွန်း နှစ်ဖက်တို့ကို အညီအမျှပြု၍ ဒူးဆစ်အောက် လက်လေးသစ်ခန့် ချပြီး ညီညာစွာ ရုံခြင်းသည် "ပရိမဏ္ဍလပါရုပန" မည်ပါသည်။

➤ **အပရိမဏ္ဍလဝတ်နည်းများ/ လူတို့ဝတ်ပုံ ဝတ်နည်းများ**

(၁) ဟတ္ထိသောဏ္ဍက-ဆင်နှာမောင်းနှင့်တူသော ဝတ်ခြင်း၊ (၂) မစ္ဆဝါလက-ငါးကြင်းမြီးနှင့်တူသော ဝတ်ခြင်း၊ (၃) စတုက္ကဏ္ဍက-အနားလေးခုရှိသော ဝတ်ခြင်း၊ (၄) တာလဝဏ္ဋက-ထန်းရွက် ယပ်ဝန်းနှင့်တူသော ဝတ်ခြင်း၊ (၅) သတဝလိက- များသော အတွန့်ရှိသော ဝတ်ခြင်း၊ (၆) သံဝေလ္လိယ-ခါးတောင်းကျိုက်၍ ဝတ်ခြင်းတို့ ဖြစ်ပါသည်။

➤ **ဟတ္ထိသောဏ္ဍက (ဆင်နှာမောင်းနှင့်တူသော ဝတ်နည်း) အဓိပ္ပါယ်**

စောင်တိုင်းသူ မိန်းမတို့၏ ဝတ်ခြင်းကဲ့သို့ ချက်အရင်းမှစ၍ ဆင်နှာမောင်းသဏ္ဌာန် ရှိအောင် တွဲလျားချ၍ဝတ်ခြင်းသည် "ဟတ္ထိသောဏ္ဍက" မည်ပါသည်။

➤ **မစ္ဆဝါလက (ငါးကြင်းမြီးနှင့်တူသော ဝတ်နည်း) အဓိပ္ပါယ်**

တစ်ဖက်၌ အမြိတ်အဆာအစွန်းကိုငင်း, တစ်ဖက်၌ အတွင်းအစွန်းကိုငင်း တွဲလျားချကာ ဝတ်ခြင်းသည် "မစ္ဆဝါလက" မည်ပါသည်။

➤ **စတုက္ကဏ္ဍက (အနားလေးခုရှိသော ဝတ်နည်း) အဓိပ္ပါယ်** ။ ။ အထက်၌ အနားနှစ်ခု, အောက်၌ အနားနှစ်ခုအားဖြင့် အနားလေးခုတို့ကို ပြ၍ဝတ်ခြင်းသည် "စတုက္ကဏ္ဍက" မည်ပါသည်။

➤ **တာလဝဏ္ဋက (ထန်းရွက်ယပ်ဝန်းနှင့်တူသော ဝတ်နည်း) အဓိပ္ပါယ်**

ထန်းရွက်ယပ်ဝန်း ပုံသဏ္ဌာန်ဖြင့် အဝတ်ကို တွဲလျားချကာ ဝတ်ခြင်းသည် "တာလဝဏ္ဋက" မည်ပါသည်။

http://www.dhammadownload.com



**➤ သတဝလိက (များသောအဘွန့်ရှိသော ဝတ်နည်း) အစိပ္ပါယ်** ။ ။ ရှည်သော အဝတ်ကို အတွန့်ပေါင်းများစွာ တွန့်၍ အတွန့်အလိပ်ရှိအောင် ပြုလျက် ဝတ်ခြင်းသည် "သတဝလိက" မည်ပါသည်။ (ပာစ်နည်း) လက်ဝဲနံပါး, လက်ျာနံပါးတို့၌ အကြား မရှိအောင် အတွန့်ပြု၍ ဝတ်ခြင်းသည် "သတဝလိက" မည်ပါသည်။

**➤ သံဝလ္လိယ (ခါးစတောင်းကျိုက်၍ ဝတ်နည်း) အစိပ္ပါယ်** ။ ။ လက်ဝှေ့သမား, အမှုလုပ်သမား စသူတို့ကဲ့သို့ ခါးတောင်းကျိုက်၍ ဝတ်ခြင်းသည် "သံဝလ္လိယ"မည်၏။

**အမှာ/** ဤ(၆)မျိုးတို့တွင် သံဝလ္လိယဝတ်ခြင်းမျိုးသည် မကျန်းမာသော ရဟန်း၊ ခရီးသွားရဟန်းတို့သော်မှ ဝတ်ပါက မအပ်စပ်ပါ။

**➤ သင်းပိုင်နှစ်ထည်ကို ထပ်၍ဝတ်ကောင်းပုံ** ။ ။ ဂိလာနရဟန်းသည် သင်းပိုင် နှစ်ထည် ထပ်၍ ဝတ်လိုလျှင် အတွင်းတစ်ထည်ကို ယခုခေတ်ထုံးစံအတိုင်း လိပ်၍ အပေါ်တစ်ထည်ကို ပတ်ရုံသာပတ်လျက် ဝတ်ကောင်းပါသည်။ အဂိလာန ရဟန်းကား သင်းပိုင်နှစ်ထည်လုံးကို ထပ်ပြီးမှ ဝတ်ကောင်းပါသည်။

**➤ ခရီးသွားရဟန်းများ လိုက်နာရန်** ။ ။ ခရီးသွားစဉ် သင်းပိုင်၏ အောက်အနားစွန်း တစ်ခုကိုဖြစ်စေ, နှစ်ခုကိုဖြစ်စေ မြှောက်၍ သင်းပိုင်အထက်၌ ဆွဲချိတ်ဝတ်ခြင်းနှင့် အတွင်းက သင်းပိုင်တစ်ထည်ကို ထိုအတိုင်းဝတ်ပြီး အပေါ်၌ သင်းပိုင်တစ်ထည် ထပ်ကာ ဝတ်ခြင်းတို့မှာ မအပ်ပါ။

**➤ ဝန်းဝိုင်းစွာ မဝတ်သော်လည်း အာပြစ် မရှိသောအခါ** ။ ။ ခြေသလုံး (သို့ မဟုတ်) ခြေ၌ အနာရှိခြင်းဟူသော မကျန်းမာသောအခါ, ခြသေ့် သစ်ကျားစသော သားရဲနှင့် ခားပြတို့လိုက်ခြင်းဟူသော ဘေးရန်ရှိသောအခါတို့ ဖြစ်ပါသည်။

**➤ ဝန်းဝိုင်းစွာ မဝတ်သော်လည်း အာပြစ်မရှိနိုင်ခြင်းအကြောင်း** ။ ။ သလုံး မြင်းခေါင်း မတင့်တယ်ခြင်းဟူသော အကြောင်းကြောင့်ရင်း, မကျန်းမာသောကြောင့် ရင်း, ဘေးရန်ရှိသောကြောင့်ရင်း, ပရိမဏ္ဍလဝတ်နည်းကို မသိသေးသောကြောင့်ရင်း သတိမေ့လျော့သောကြောင့်ရင်း ဝန်းဝိုင်းစွာ မဝတ်သော်လည်း အာပတ်မသင့်ပါ။

**➤ အသဉ္စိစ္စ အစိပ္ပါယ်** ။ ။ သင်္ကန်းကို ပရိမဏ္ဍလဖြစ်အောင် ဝတ်မည်ဟု ကြံ ရွယ်သော်လည်း အပရိမဏ္ဍလ ဝတ်မိခြင်းမျိုးကို "အသဉ္စိစ္စ" ဟု ဆိုပါသည်။

**➤ အသတိယာ အစိပ္ပါယ်** ။ ။ သင်းပိုင်ဝတ်မှု၌ စိတ်မရောက်ဘဲ အခြားအာရုံ၌ စိတ်ရောက်၍ အပရိမဏ္ဍလဝတ်ခြင်းမျိုးကို "အသတိယာ"ဟု ဆိုပါသည်။

**➤ အဇာနန္တဿ အစိပ္ပါယ်** ။ ။ ပရိမဏ္ဍလဝတ်နည်း မသိခြင်းကို "အဇာနန္တဿ" ဟု ဆိုပါသည်။ [ရင်း အဇာနန္တပုဂ္ဂိုလ်က အာပတ်လွတ်ဖြစ်သော်လည်း သင်းပိုင်ဝတ်ပုံ ဝတ်နည်းကိုကား တတ်အောင်သင်ယူရမည်။]

http://www.dhammadownload.com



➤ **သင်းပိုင်ကို အတို+အရှည်ဝတ်သော်လည်း အပြစ်မဖြစ်သောရဟန်း**

ခြေသလုံးခြောက်သောရဟန်း၊ ခြေသလုံးကြွက်သား ကြီးသောရဟန်းတို့သည် လျှောက်ပတ်ခြင်းအကျိုးငှာ လက်ရှစ်သစ်ထက် ပိုလွန်ကာ အောက်သို့ချ၍ ဝတ်ကောင်းပါသည်။ ခြေသလုံး၌သော်၎င်း, ခြေ၌သော်၎င်း အနာရှိသော ရဟန်းသည် မြှောက်၍ ဖြစ်စေ, အောက်သို့ချ၍ဖြစ်စေ ဝတ်ကောင်းပါသည်။

➤ **ပရိမဏ္ဍလသိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) လေးစားခြင်း မရှိသူဖြစ်ခြင်း၊ (၂) အာပတ်မသင့်ဖို့ရာ အကြောင်းမရှိခြင်း၊ (၃) ဝန်းဝိုင်းစွာ မဝတ်ခြင်းတို့ ဖြစ်ပါသည်။

**ဒုတိယ ပရိမဏ္ဍလ သိက္ခာပုဒ်**

➤ **ပရိမဏ္ဍလပါရုပန (အဝန်းညီစွာ ကေသိကို ဝတ်ပုံ ရုံပုံ)**

လူတို့ ခြုံနည်းကို မခြုံဘဲ အနားစွန်းနှစ်ဖက်တို့ကို အညီအမျှထားကာ ခြုံခြင်း ရုံခြင်းသည် "ပရိမဏ္ဍလပါရုပန" (အဝန်းညီစွာ ကေသိကို ဝတ်ပုံ ရုံပုံ) မည်၏။

➤ **ပါရုပိဿာမိ-အရ (ပါရုပန အမျိုးအစား သရုပ်)**

➤ **ဂိဟိပါရုတ (လူတို့၏ ခြုံနည်းများ) အဓိပ္ပါယ်** ။ ။ ဖြူသော အဝတ်ရှိသူတို့၏ ခြုံနည်း, ပရိဗိုဇ်တို့၏ ခြုံနည်း, အဝတ်တစ်ထည်ရှိသူတို့၏ ခြုံနည်း, သေသောက်ကြူးတို့၏ ခြုံနည်း, နန်းတွင်းသူတို့၏ ခြုံနည်း, လက်သမားကြီးတို့၏ ခြုံနည်း, လယ်တဲကုပ်သို့ ဝင်သူတို့၏ ခြုံနည်း, ပုဏ္ဏားတို့၏ခြုံနည်း, သံဃာ အစဉ်အတန်းကိုပြုကုန်သော ရဟန်းတို့၏ ခြုံနည်း စသည်တို့သည် "ဂိဟိပါရုတ" မည်ပါသည်။

➤ **သေတပဋပါရုတ အဓိပ္ပါယ်** ။ ။ အဝတ်ဖြူဝတ်လျက် ဖထက်ပိုင်း ကိုယ်တစ်ဝက်ကိုသာ စောင့်ရှောက်ကုန်သော နိဂဏ္ဌတို့၏ ခြုံခြင်းသည် "သေတပဋပါရုတ" မည်ပါသည်။

➤ **ပရိဗ္ဗာဇကပါရုတ အဓိပ္ပါယ်** ။ ။ ရင်ဘတ်ကိုဖွင့်၍ ပခုံးစွန်းနှစ်ဘက်တို့၌ ခြုံထည်ကိုထားကုန်သော ပရိဗိုဇ်တို့ကဲ့သို့ ခြုံခြင်းမျိုးသည် "ပရိဗ္ဗာဇကပါရုတ" မည်၏။

➤ **ဧကသာဋကပါရုတ အဓိပ္ပါယ်** ။ ။ ဝတ်အပ်သောအဝတ်၏ အစွန်းတစ်ခုဖြင့် ကျောက်ကုန်းကိုခြုံ၍ အနားစွန်းနှစ်ဘက်တို့ကို ပခုံးနှစ်ဘက်တို့၌ထားကာ ဝတ်ရုံကုန်သော အဝတ်တစ်ထည်ရှိသော လူတို့၏ ခြုံနည်းသည် "ဧကသာဋက ပါရုတ"မည်၏

➤ **သုရာသောဏ္ဍပါရုတ အဓိပ္ပါယ်** ။ ။ သေသောက်ကြူးသူ စသည်တို့သည် အဝတ်ဖြင့် လည်ပင်းကို ရစ်ပတ်၍ အစွန်းနှစ်ဘက်တို့ကို ရင်ဘတ်၌ တွဲလျားချသကဲ့သို့၎င်း, ကျောက်ကုန်း၌ ပစ်ချသကဲ့သို့၎င်း ခြုံခြင်းမျိုးသည် "သုရာသောဏ္ဍပါရုတ" မည်ပါသည်။

➤ **အန္တေပုရိကပါရုတ အဓိပ္ပါယ်** ။ ။ မျက်လုံးပေါက်မျှကိုပြ၍ ခေါင်းမြီးခြုံလျက်

http://www.dhammadownload.com



ရုံကုန်သော နန်းတွင်းသူ စသည်တို့၏ ခြုံခြင်းမျိုးသည် "အဋ္ဌေပုရိကပါရုတ"မည်၏။

➢ **မဟာရဇ္ဇကပါရုတ အခိပ္ပါယ်** ။ ။ ရှည်သောအဝတ်ကို ဝတ်၍ ထိုအဝတ်၏ အစွန်းတစ်ဖက်ဖြင့်ပင် တစ်ကိုယ်လုံးကိုခြုံသော လယ်သမားကြီးတို့၏ ခြုံခြင်းမျိုးသည် "မဟာရဇ္ဇကပါရုတ" မည်ပါသည်။

➢ **ကုဋိပ္ပဝေသက ပါရုတ အခိပ္ပါယ်** ။ ။ လယ်သမားတို့သည်လယ်တဲကုပ်သို့ ဝင်သောအခါ အဝတ်ကိုရစ်ပတ်၍ လက်ကတီးကြားသို့ ထည့်သွင်းကာ ထိုအဝတ်၏ အစွန်း တစ်ခုဖြင့် ကိုယ်ကိုခြုံသကဲ့သို့ ဝတ်ခြင်းသည် "ကုဋိပ္ပဝေသက ပါရုတ"မည်၏။

➢ **ဗြာဟ္မဏပါရုတ အခိပ္ပါယ်** ။ ။ ပုဏ္ဏားတို့သည် လက်ကတီးကြားနှစ်ဘက် တို့၏ အကြားသို့ ပုဆိုးကိုသွင်းကာ ပခုံးစွန်းတို့၌ ထည့်သွင်းကုန်သကဲ့သို့ ဝတ်ခြင်း သည် "ဗြာဟ္မဏပါရုတ" မည်ပါသည်။

➢ **ပါဠိကာရကပါရုတ အခိပ္ပါယ်** ။ ။ သံဃာအစဉ်အတန်းကိုပြုသော ရဟန်း သည် လက်ဝဲတစ်ဘက် ပခုံးကို ခြုံခြင်းဖြင့် ခြုံအပ်သော လက်ဝဲလက်မောင်းကို ဖွင့် ပြီး သင်္ကန်းကို ပခုံးစွန်း၌ တင်သကဲ့သို့ ရုံခြင်းသည် "ပါဠိကာရကပါရုတ"မည်၏။

## သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်

➢ **သုပ္ပဋိစ္ဆန္နဂမန (ဖုံးလွှမ်း၍သွားခြင်း) အခိပ္ပါယ်** ။ ။ကမ္ပတ်ကွင်း၌ အနား ပတ်သီးတပ်၍ အလျားအနားပတ်ဖြင့် လည်ပင်းကို ဖုံးလွှမ်းလျက် သင်္ကန်းနှစ်ဘက် အစွန်းကို အညီစုပြီး လက်လိပ်ပြကာ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်း၍ သွား ခြင်းကို "သုပ္ပဋိစ္ဆန္နဂမန" ဟု ခေါ်ပါသည်။

➢ **သုပ္ပဋိစ္ဆန္န နိသီဒန အခိပ္ပါယ် (သုပ္ပဋိစ္ဆန္နဖြစ်အောင် နေထိုင်နည်း)**

လည်မျိုမှစ၍ ဦးခေါင်းကိုရင်း, လက်ကောက်ဝတ်မှစ၍ လက်ဖျားကိုရင်း, သလုံး မြင်းခေါင်းမှစ၍ ခြေတို့ကိုရင်း, ဖွင့်လှစ်ပြီး ကြွင်းသော ကိုယ်အင်္ဂါတို့ကို ဖုံးလွှမ်း၍ နေထိုင်ခြင်းကို "သုပ္ပဋိစ္ဆန္န နိသီဒန" ဟု ဆိုပါသည်။

➢ **အာပတ်သင့်ပုံ** ။ ။ မြို့တွင်း ရွာတွင်း၌ ပဆစ်ဒူး, ပခုံးစွန်းနှစ်ဘက်, ရင်တို့ ကို ဖွင့်၍ သွားသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

➢ **သုသံဝုတဂမန အခိပ္ပါယ်** ။ ။ လက်ခြေများကို မလှုပ် မရမ်းဘဲ ကောင်းမွန် ငြိမ်သက်စွာထား၍ မြို့တွင်း ရွာတွင်း၌ သွားလာခြင်းကို "သုသံဝုတဂမန"ဟုခေါ်သည်

➢ **သုသံဝုတနိသီဒန အခိပ္ပါယ်** ။ ။ လက်ခြေများကို မလှုပ် မရမ်းဘဲ ကောင်းမွန် ငြိမ်သက်စွာထား၍ မြို့တွင်း ရွာတွင်း၌ နေထိုင်ခြင်းကို "သုသံဝုတနိသီဒန"ဟုခေါ်သည်

➢ **ဩက္ခိတ္တစက္ခုဂမန အခိပ္ပါယ်** ။ ။ အောက်သို့မျက်လွှာချ၍ ရှေ့၌ ရထား ထမ်းပိုးတက်ပြန် လေးတောင်ခန့်လောက် မြေအဘို့ကို ကြည့်ရှု၍သွားခြင်းကို "ဩက္ခိတ္တ

http://www.dhammadownload.com



စက္ခုဂမန"ဟု ခေါ်ပါသည်။

> **ဩက္ခိတ္တစက္ခုနိသီဒန အဓိပ္ပါယ်** ။ ။ အောက်၌မျက်လွှာချ၍ ရှေ့၌ ရထား ထမ်းပိုးတစ်ပြန် လေးတောင်ခန့်လောက် မြေအဘို့ကို ကြည့်ရှု၍ နေထိုင်ခြင်းကို "ဩက္ခိတ္တ စက္ခုနိသီဒန"ဟု ခေါ်ပါသည်။

> **အပြစ် မပြစ်ပုံ** ။ ။ တစ်ခုသောအရပ်၌နေ၍ ဆင်, မြင်း,စသော ဘေးရန် ရှိ-မရှိကို ကြည့်ရှုပါက ဩက္ခိတ္တစက္ခု သိက္ခာပုဒ်အရ အပြစ်မရှိပါ။

**ဥက္ခိတ္တက သိက္ခာပုဒ်**

> **ဥက္ခိတ္တကာယ ဂမန အဓိပ္ပါယ်** ။ ။ တစ်ဘက်၌ဖြစ်စေ, နှစ်ဘက်လုံး၌ဖြစ်စေ, သင်္ကန်းကိုမြှောက်ပင့်လျက် သွားခြင်းကို "ဥက္ခိတ္တကာယဂမန" ဟုခေါ်ပါသည်။

> **ဥက္ခိတ္တကာယ နိသီဒန အဓိပ္ပါယ်** ။ ။ တစ်ဘက်၌ဖြစ်စေ, နှစ်ဘက်လုံး၌ဖြစ်စေ, သင်္ကန်းကိုမြှောက်ပင့်လျက် နေထိုင်ခြင်းကို "ဥက္ခိတ္တကာယနိသီဒန" ဟုခေါ်ပါသည်။

**မေး** ။ ။ အဘယ်အရပ်မှစ၍ သင်္ကန်းကို မြှောက်ပင့်လျက် မသွားကောင်းသနည်း။

**ဖြေ** ။ ။ ရွာတံခါးခုံ အတွင်းမှစ၍ သင်္ကန်းကို မြှောက်ပင့်လျက် မသွားကောင်းပါ။

> **ဓမကရိုဏ်ရေစစ်ကို ထုတ်ဆောင်ရာ၌ လိုက်နာရမည့်နည်းကမ်း**

ထိုင်သောအခါ ဓမကရိုဏ်ရေစစ်ကို ထုတ်လိုသောရဟန်းသည် သင်္ကန်းကို မမြှောက်ဘဲ ထုတ်ဆောင်ရပါမည်။

> **အာပတ်မှလွတ်သော ပုဂ္ဂိုလ်** ။ ။ ကျောင်းဒိုမနေထိုင်ခြင်းငှာ ရွာတွင်းသို့ ရောက် နေသော ဝါသုပဂတရဟန်းအား သင်္ကန်းကိုမြှောက်ပင့်သော်လည်း အနာပတ္တိ။

> **ဥဇ္ဇဂ္ဃိက–အစရ အပြစ်လွတ်အောင် နေသနည်း** ။ ။ မြို့,ရွာအတွင်း၌ ရယ်စရာ အကြောင်းရှိခဲ့သော် ကျယ်လောင်စွာ မရယ်မူ၍ ပြုံးရုံမျှလောက်သာ ပြုံးရပါမည်။

> **ရယ်သော်လည်း အာပတ်မသင့်သော ပုဂ္ဂိုလ်** ။ ။ ရယ်ထိုက်သော အကြောင်း ကြောင့် ပြုံးခြင်းမျှကို ပြုသောရဟန်းအား အနာပတ္တိ။

**ဥစ္စသဒ္ဒ သိက္ခာပုဒ်**

> **အပ္ပသဒ္ဒ+မဟာသဒ္ဒ ခွဲခြားပုံ** ။ ။ ၁၂-တောင်ရှိသော အိမ်၌ အစဝယ် သံဃ ထေရ်, အလယ်ဝယ် ဒုတိယထေရ်, အဆုံးဝယ် တတိယထေရ် ၃-ပါးကို ထိုင်၍ ကြားရာ သံဃထေရ်နှင့် ဒုတိယထေရ်တို့ တိုင်ပင်သံကို ဒုတိယထေရ်သည် အသံကိုလည်း ကြားရ၍ စကားကိုလည်း ခွဲခြားနိုင်သည်၊ တတိယထေရ်သည်ကား အသံကိုသာ ကြား၍ စကားကို မခွဲခြားနိုင်၊ ဤသို့သော အသံကို "အပ္ပသဒ္ဒ"ဟု ခေါ်ပါသည်။

တတိယထေရ်သည် အသံကိုလည်းကြား၍, စကားကိုလည်း ခွဲခြားနိုင်လောက်သော အသံကို "မဟာသဒ္ဒ"ဟု ခေါ်ပါသည်။ [အကျဉ်းချုပ်] >

http://www.dhammadownload.com



[အကျဉ်းချုပ်] ၁၂-တောင်အရပ်က ကြားရှိသာ ကြား၍ နားမလည်သော အသံသည် "အပ္ပသဒ္ဒ" ။ နားလည်သော အသံသည် "မဟာသဒ္ဒ" ဖြစ်ပါသည်။

> **ကာယပ္ပစာလက မဖြစ်အောင် သွားလာနေထိုင်ပုံ** ။ ။ ကိုယ်,စသည်တို့ကို မြဲမြံစွာ မဘုန်မလှုပ်အောင် ဖြောင့်ဖြောင့်မတ်မတ် ထား၍ သွားလည်းသွားရမည်၊ နေလည်း နေထိုင်ရပါမည်။

> **ခမ္ဘကတ အစိပ္ပါယ်** ။ ။ ခါးနှင့်လက်ကို ဆက်စပ်အောင်ပြုသည်ကို "ခမ္ဘကတ" ဟု ခေါ်ပါသည်။

> **ဥက္ကုဋိကာ (ပဝါးဆွဲ,နင်း၍ သွားခြင်း) အစိပ္ပါယ်** ။ ။ ဖနောင့်တို့ကို မြှောက်၍ ခြေဖျားတို့ဖြင့်ရင်း, ခြေဖျားတို့ကိုမြှောက်၍ ဖနောင့်တို့ဖြင့်ရင်း မြေ၌ထိလျက် သွားခြင်းကို "ဥက္ကုဋိကာ"ဟု ခေါ်ပါသည်။

> **ပလ္လတ္ထိက ၂-မျိုး** ။ ။ (၁) ဟတ္ထပလ္လတ္ထိက= လက်ဖြင့် ထက်ဝန်းကျင် ရစ်ပတ်ခြင်း၊ (၂) ဒုဿပလ္လတ္ထိက=အဝတ်ဖြင့် ထက်ဝန်းကျင် ရစ်ပတ်ခြင်းတို့ ဖြစ်ပါသည်။

> **သက္ကစ္စပဋိဂ္ဂဟဏ အစိပ္ပါယ်** ။ ။ ဆွမ်းခံရာ၌ ဆွမ်းကို မလိုချင်သလို, သွန်ပစ်တော့မလို မလေးမစား မလုပ်ဘဲ ဆွမ်းကို လေးလေးစားစား သတိထား၍ ခံယူခြင်းကို "သက္ကစ္စ ပဋိဂ္ဂဟဏ" ဟု ခေါ်ပါသည်။

> **ပတ္တသညီ ပဋိဂ္ဂဟဏ အစိပ္ပါယ်** ။ ။ ဆွမ်းခံနေစဉ်အတွင်းမှာ ဟိုဟိုဒီဒီ မကြည့်မရှုဘဲ မိမိသပိတ်တွင်းသာ အမှတ်ထား၍ ခံယူခြင်းကို "ပတ္တသညီ ပဋိဂ္ဂဟဏ" ဟု ခေါ်ပါသည်။

> **သမသူပက အစိပ္ပါယ်** ။ ။ ပဲနောက် မတ်ပဲတို့ဖြင့်ရင်း, ပဲပိစပ် စသည်တို့ဖြင့်ရင်း, ပြုလုပ်ထားသော လက်ကော်၍ ရနိုင်လောက်သော ပဲဟင်းသည် ဆွမ်း၏ လေးဖို့တစ်ဖို့မျှ ပမာဏရှိလျှင် ထိုဆွမ်းကို "သမသူပက" **(ညီမျှသော ပဲဟင်းရှိသော ဆွမ်း)** ဟု ခေါ်ပါသည်။

> **သမသူပကံ-၌ သူပ-အရ** ။ ။ ပဲနောက် မတ်ပဲတို့ဖြင့်ရင်း, ပဲပိစပ် စသည်တို့ဖြင့်ရင်း, ပြုလုပ်ထားသော လက်ကော်၍ ရနိုင်လောက်သော ပဲဟင်းကို ယူရပါမည်။

> **ရသရသ (အလွန်အရသာရှိသော ဟင်း) အစိပ္ပါယ်** ။ ။ ပဲဟင်းမှ တစ်ပါး ပဲဟင်း၏ အစီးအပွားဖြစ်သော ဟင်းရွက်ဟင်း, သားငါးဟင်း,စသော ဟင်းရံ အထူးသည် "ရသရသ" မည်ပါသည်။

> **ပဲဟင်းကို ခံယူရမည့် ပမာဏနှင့် အပြစ်** ။ ။ ပဲဟင်းကို ခံယူသောအခါ ဆွမ်း၏ လေးပုံတစ်ပုံကိုသာ ခံယူရပါမည်။ ယင်းထက်ပို၍ ခံယူပါက ဒုက္ကဋ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



> **ပဲဟင်းကို ပို၍ ခံယူသော်လည်း အာပတ်မသင့်သော ပုဂ္ဂိုလ်** ॥ ॥ ဆွေမျိုးတော်သူ, ဖိတ်မံသူတို့ထံ လေးပုံတစ်ပုံထက် ပိုလွန်၍ ခံယူသောရဟန်း၊ သူတစ်ပါးအတွက်ရင်း, မိမိဥစ္စာဖြင့်ရင်း ပိုလွန်၍ ခံယူသောရဟန်းတို့အား အနာပတ္တိ။

> **ပဲဟင်းကို ပို၍ ခံယူပါလျက် အာပတ်မသင့်နိုင်ခြင်းအကြောင်း** ॥ ॥ ဆွေမျိုးတော်သောကြောင့်ရင်း, ဖိတ်မံထားသောကြောင့်ရင်း, လေးပုံတစ်ပုံထက် ပို၍ ခံယူပါသော်လည်း အာပတ် မသင့်ပါ။

> **ပိုလွန်၍ ခံယူကောင်းသော ဟင်းများ** ॥ ॥ ပဲဟင်းမှတစ်ပါး ပဲဟင်း၏ အစီးအပွားဖြစ်သော သားငါးအသုပ်, အကြော်, ဟင်းရွက်ဟင်း,စသော ဟင်းရံအထူးကို လေးပုံတစ်ပုံထက်ပို၍ ခံယူကောင်းပါသည်။

**သမတိတ္တိက သိက္ခာပုဒ်**

> **သမတိတ္တိက အစိပ္ပါယ်** ॥ ॥ အမိဋ္ဌာန်တင်လောက်သော သပိတ်၏ အတွင်းနှုတ်ခမ်းရစ် အရေးကို မကျော်လွန်ဘဲ စိထားအပ်သော ဆွမ်းကို "သမတိတ္တိက" (အညီအမျှ ပြည့်သောဆွမ်း) ဟု ခေါ်ပါသည်။

> **ပိဏ္ဍပါတ–အရ** ॥ ॥ ယာဝကာလိက ခဲဖွယ်ဘောဇဉ်ကို ယူရပါမည်။

> **မို့မောက်အောင် ခံယူကောင်း+ မခံယူကောင်းသော ဝတ္ထုများ**

အမိဋ္ဌာန် မလောက်သော သပိတ်ဖြင့် ယာဝကာလိက ခဲဖွယ်ဘောဇဉ်၊ အမိဋ္ဌာန်လောက်-မလောက်သော သပိတ်ခွက်အားလုံးဖြင့် ယာမကာလိက, သတ္တာဟကာလိက ယာဝဇီဝိက ဝတ္ထုတို့ကို မို့မောက်အောင် ခံယူကောင်းပါသည်။

အမိဋ္ဌာန်လောက်သော သပိတ်ဖြင့် ယာဝကာလိက ခဲဖွယ်ဘောဇဉ်ကို မို့မောက်အောင် မခံယူကောင်းပါ။

> **ထူပီကတ (ထူပကဲ့သို့ မို့မောက်အောင် ပြုအပ်သည်) မဖြစ်သော ဝတ္ထုများ**

ဆွမ်းခံတုန်းက တစ်သပိတ်ပြီး တစ်သပိတ် လဲ၍ နှစ်သပိတ်လုံး၌ မမောက်အောင် ခံယူပြီးလျှင် ဆွမ်းခံပြီးသောအခါ သပိတ်တစ်လုံးတည်း၌ အပြည့်သိပ်၍ ကျောင်းသို့ ပို့အပ်သော ဆွမ်းသည်ရင်း, လောင်းထည့်စဉ် အောက်သို့ လျှံကျသွားသော မုန့်, ကြံပိုင်း, သစ်သီးကြီးငယ်,စသော အာဟာရသည်ရင်း၊ သပိတ်ပေါ်တင်၍ ပေးလှူအပ်သော ဦးဆောက်ပန်းသဏ္ဌာန်ရှိသော ကရဝေးရွက် စသည်တို့သည်ရင်း၊ ဖက်ရွက်၌သော်ရင်း, ခွက်၌သော်ရင်း, ထည့်၍ သပိတ်ပေါ်တင်ပြီး လှူအပ်သော အာဟာရသည်ရင်း "ထူပီကတ" မဖြစ်ပါ။ [ဤဝတ္ထု အာဟာရတို့ကို ခံယူကောင်းပါသည်။]

**သပဒါန သိက္ခာပုဒ်**

> **သပဒါန (အစဉ်) အစိပ္ပါယ်** ॥ ॥ ဆွမ်းစားသောအခါ ဆွမ်းခွက်ထဲတွင် ဟိုနေရာကို

http://www.dhammadownload.com



နှိုက်လိုက်, သည်နားကိုနှိုက်လိုက် မလုပ်ဘဲ မိမိဘက်ရှိ အစမှစ၍ အစဉ်အတိုင်း စားခြင်းမျိုးကို "သပဒါန" (ဘုဥ္စန) ဟု ခေါ်ပါသည်။

➤ **အစဉ်အတိုင်း မဟုတ်ဘဲ ယူနိုင်သောအခါ** ။ ။ သူတစ်ပါးကို ပေးသည့်အခါ သူတစ်ပါး၏ ခွက်ထဲဝယ် ထည့်သည့်အခါတို့ ဖြစ်ပါသည်။ [ ယင်းအခါများ၌ အစဉ်အတိုင်း မဟုတ်ဘဲ ယူသော်လည်း အနာပတ္တိ၊ ထို့ပြင် လက်သုပ်ဟင်းလျာကို အစဉ်အတိုင်း မဟုတ်ဘဲ ယူသောရဟန်းအားလည်း အနာပတ္တိ။]

➤ **ထူပကတ အစိပ္ပါယ်** ။ ။ ပန်းကန်ထဲ၌ ထည့်ထားသောဆွမ်း၏ အလယ်ဗဟိုဆွမ်းဦး ဆွမ်းထိပ်ကို "ထူပကတ"ဟု ခေါ်ပါသည်။

➤ **ထူပကတ သိက္ခာပုဒ်အရ အာပတ်မသင့်သောရဟန်း** ။ ။ ကုန်ခါနီး အနည်းငယ် ကျန်သောဆွမ်းတို့ကို စုပေါင်းကာ ဦးထိပ်ကိုနှိပ်၍ စားသောရဟန်းအား အာပတ်မသင့်ပါ။

## ဩဒနပ္ပဋိစ္ဆာဒန သိက္ခာပုဒ်

➤ **သူပ–အရ** ။ ။ သောက်၍စားကောင်းသော ပဲဟင်းရည်,စသည်ကို ယူရမည်

➤ **ဗျဉ္ဇန–အရ** ။ ။ သားငါး,စသော ဟင်းလျာများကို ယူရပါမည်။

➤ **ဂိလာနရဟန်းလည်း အာပတ်သင့်နိုင်ခြင်းအကြောင်း** ။ ။ ဂိလာနဿ အနာပတ္တိ-ဟု အနာပတ္တိဝါရ၌ မဂ ါသောကြောင့် --အာပတ်သင့်နိုင်ပါသည်။

➤ **အာပတ် မသင့်သော ပုဂ္ဂိုလ်များ** ။ ။ ဆွမ်းရှင်တို့က မသတ်ရ-ဟု ကြွေးကြော်ရာအခါ စသည်တို့၌ သားငါးဟင်းလျာကို ဖုံးအုပ်၍ လှူခဲ့သော်ငြား, များများရလို၍ မဟုတ်ဘဲ ဖုံးလွှမ်း၍ ခံယူခဲ့သော်ငြား, ထိုရဟန်းတို့မှာ အာပတ် မသင့်ပါ။

## သူပေါဒနဝိညတ္တိ သိက္ခာပုဒ်

➤ **သူပေါဒန အစိပ္ပါယ်** ။ ။ ပဏီတဘောဇဉ်ကိုချန်၍ စားသောက်ဖွယ် အားလုံးကို "သူပေါဒန"ဟု ခေါ်ပါသည်။

➤ **အာပတ် မသင့်နိုင်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ။ ။ ဆွေမျိုးတော်သူတို့ထံ တောင်းခြင်း, ဖိတ်မံသူတို့ထံတောင်းခြင်း, သူတစ်ပါးအတွက် တောင်းခြင်း, မိမိဥစ္စာဖြင့် လဲယူသောအားဖြင့် တောင်းခြင်းကြောင့် တောင်းသောရဟန်းတို့မှာ အာပတ် မသင့်ပါ။

## ဥဇ္ဈာနသညီ သိက္ခာပုဒ်

➤ **အာပတ်မသင့်သော ရဟန်းများ** ။ ။ ပေးအံ့ဟူ၍ငြား, ပေးစေအံ့ဟူ၍ငြား ကြံ၍ ကြည့်သောရဟန်း။ ကဲ့ရဲ့လိုစိတ်မပါဘဲ ကြည့်သောရဟန်းတို့ ဖြစ်ပါသည်။

**မေး** ။ ။ ဆွမ်းခံပြန်လာသောရဟန်း၏ သပိတ်ကို မည်သို့သောစိတ်ထား့ဖြင့် ကြည့်

http://www.dhammadownload.com



သင့်ပါသနည်း။

ဖြေ ။ ။ ဆွမ်းခံပြန်လာသော ရဟန်း၏ သပိတ်ကို "သူလိုအပ်နေလျှင် ငါပေးလှူမည် သူများကို သူ့အား ပေးလှူစေမည်" (သို့မဟုတ်) "ပိုနေပါက ငါ့အား, အခြားသူ အား ပေးလှူစေမည်"ဟု နှလုံးသွင်းဖြင့်သာ ကြည့်ရှုသင့်ပါသည်။

**ကဗဠ သိက္ခာပုဒ်**

➤ **ဆွမ်းလုပ် ၃-မျိုး** ။ ။ (၁) အတိမဟန္တ-ဒေါင်းဥ ပမာဏရှိသော ဆွမ်းလုပ်၊ (၂) အတိခုဒ္ဒက-ကြက်ဥ ပမာဏရှိသော ဆွမ်းလုပ်၊ (၃) နာတိမဟန္တ-ဒေါင်းဥ, ကြက်ဥ တို့၏ အလယ်အလတ် ပမာဏရှိသော ဆွမ်းလုပ်တို့ ဖြစ်ပါသည်။

ထိုသုံးမျိုးတို့တွင် နာတိမဟန္တ ဆွမ်းလုပ်ဖြင့်သာ စားသင့်ပါသည်။ အတိမဟန္တ ဆွမ်းလုပ်မျိုးကို စားလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ အတိခုဒ္ဒက ဆွမ်းလုပ်မျိုးကို စားလျှင် အနာပတ္တိ၊ (အာပတ်မသင့်ပါ။)

➤ **အတိမဟန္တဖြစ်သော်လည်း အပြစ်မရှိသော စဲ့ဖွယ်များ** ။ ။ အမြစ်ခဲဖွယ်, စသော အလုံးစုံသောခဲဖွယ်, သစ်သီးငယ်, သစ်သီးကြီးတို့၌ အတိမဟန္တဖြစ်အောင် သုံးဆောင်သော်လည်း အနာပတ္တိ။ (အာပတ်မသင့်ပါ။)

**အာလောပ သိက္ခာပုဒ်**

➤ **ပရိမဏ္ဍလအာလောပ အဓိပ္ပါယ်** ။ ။ ရှည်ရှည်မျောမျော မဟုတ်ဘဲ အထိုက် အလျောက် ဝိုင်းသော ဆွမ်းလုပ်မျိုးကို "ပရိမဏ္ဍလအာလောပ" ဟု ခေါ်ပါသည်။

➤ **ပရိမဏ္ဍလအာလောပ မဟုတ်သော်လည်း အာပတ် မသင့်နိုင်သော ဝတ္ထုများ**

ခဲဖွယ်, သစ်သီးကြီး, သစ်သီးငယ်နှင့် လက်သုပ်ဟင်းလျာတို့ကို သုံးဆောင်ရာ၌ ပရိမဏ္ဍလအာလောပ မဟုတ်သော်လည်း အာပတ် မသင့်ပါ။

➤ **အနာဟဋ အဓိပ္ပါယ်** ။ ။ ခံတွင်းဝသို့ မရောက်သေးခြင်းကို "အနာဟဋ" ဟု ခေါ်ပါသည်။

➤ **ဘုဉ္ဇမာန သိက္ခာပုဒ်၌ သဗ္ဗဟတ္ထ-အင်္ဂ** ။ ။ လက်ချောင်းအားလုံးကို ယူရမည်။

**သကဗဠ သိက္ခာပုဒ်**

➤ **ကဗဠ-အရ/ ကဗဠ အဓိပ္ပါယ်** ။ ။ စကားပြောသောအခါ စကားလုံးကို ပီသအောင် မပြောနိုင်သည်အထိ ကြီးမား...၊ ဆွမ်းလုပ်မျိုးကို "ကဗဠ"ဟု ခေါ် ပါသည်။

➤ **အာပတ်သင့်/မသင့်သော ရဟန်း** ။ ။ စကားပြောသည့်အခါ စကားလုံး မပီသနိုင်လောက်အောင် ပါးစပ်တွင်း၌ ဆွမ်းလုပ်ရှိလတ်သော် စကားပြောသော ရဟန်း အား ဒုက္ကဋ်အာပတ် သင့်ပါသည်။ တရားဟောစဉ် ဖန်ခါးသီး စသည်ကို ပါးစပ်ထဲငုံ၍

http://www.dhammadownload.com



ဟောရာ၌ စကားလုံးပီသအောင် ပြောနိုင်လျှင် အာပတ် မသင့်ပါ။

➤ **ပိဏ္ဍုက္ခေပက အဓိပ္ပါယ်** ။ ။ ဆွမ်းလုပ်ကိုဖြစ်စေ, ဆွမ်းခဲတစ်ခုကိုဖြစ်စေ, ပါးစပ်၌ကပ်၍ မသွင်းဘဲ ပါးစပ်ထဲ၌ မြှောက်ပစ်၍ သွင်းခြင်းမျိုးကို "ပိဏ္ဍုက္ခေပက" ဟု ခေါ်ပါသည်။ [ခဲဖွယ်နှင့် သစ်သီးကြီးငယ်တို့ကို မြှောက်၍စားသော်လည်း အာပတ် မသင့်ပါ။]

➤ **ကဗဠာဝစ္ဆေဒက သိက္ခာပုဒ်** ။ ။ ခဲဖွယ် သစ်သီးကြီးငယ်နှင့်တကွ လက်သုပ် ဟင်းလျာတို့ကို ကိုက်ဖြတ်၍ စားသော်လည်း စားသော ရဟန်းမှာ အာပတ်မသင့်။

➤ **အဝဂဏ္ဍကာရက အဓိပ္ပါယ်** ။ ။ မျောက်ကဲ့သို့ ပါးစောင်၌ထား၍ စားခြင်း မျိုးကို "အဝဂဏ္ဍကာရက"ဟု ခေါ်ပါသည်။ [ သစ်သီးကြီးငယ်ကို ပါးစောင်၌ထား၍ စားသောရဟန်းမှာ အာပတ်မသင့်။]

➤ **ဟတ္ထနိဒ္ဓုနက သိက္ခာပုဒ်၌ လက်ကိုခါကောင်းသောအခါ** ။ ။ ဆွမ်းထဲ၌ ကျောက်ခဲ အမှိုက်ပါလာ၍ ထိုအမှိုက်များကို စွန့်ပစ်သော အခါမျိုး၌ ခါကောင်းသည်

➤ **သိတ္ထာဝကာရကံ-၌ အဝကာရက အဓိပ္ပါယ်** ။ ။ ဖရိုဖရဲ ကြဲနေအောင် ဆွမ်း လုံးများကို ဟိုပစ်လိုက် သည်ပစ်လိုက် လုပ်ခြင်းကို "အဝကာရက" ဟု ခေါ်ပါသည်။

➤ **သိတ္ထာဝကာရက သိက္ခာပုဒ်အရ အာပတ် မသင့်သောအခါ**

အရိုးအမှိုက်များကို စွန့်ပစ်ရင်း ဆွမ်းလုံးပါသွားရာ အခါမျိုး၌ ဆွမ်းလုံးများ ဖြန့်ကြဲနေသော်လည်း အာပတ် မသင့်ပါ။

➤ **ဟတ္ထနိလ္လေဟက သိက္ခာပုဒ်** ။ ။ ဆွမ်းစားသော ရဟန်းသည် လက်ချောင်းမျှ ကိုလည်း လျက်ခြင်းငှာ မအပ်ပါ။ (ဝါ) မလျက်ကောင်းပါ။ တခဲနက်ဖြစ်သော ယာဂု တင်လဲ, နို့ယနာဆွမ်း စသည်တို့ကိုကား လက်ချောင်းတို့ဖြင့်ကော်၍ လက်ချောင်းတို့ ကို ခံတွင်း၌သွင်း၍ စားကောင်းပါသည်။

**သာမိသ သိက္ခာပုဒ်**

➤ **အာမိသရှိသော လက်ဖြင့် ကိုင်ခြင်းကို ပယ်မြစ်တော်မူရကြောင်း**

အာမိသရှိသော လက်ဖြင့် ကိုင်ခြင်းကို ရွံရှာဖွယ်ကောင်းသောကြောင့် ပယ်မြစ် တော်မူပါသည်။

➤ **ဆွမ်း,စသော အာမိသဖြင့် မကိုင်ရသော သောက်ရေခွက် အမျိုးအစား**

သံယာ့ဥစ္စာ, အခြားပုဂ္ဂိုလ်၏ ဥစ္စာ, လူ့ဥစ္စာ, မိမိဥစ္စာဖြစ်သော ရေသောက် ခရုသင်း, ရေသောက်ခွက်ငယ်, ရေသောက် ထာလကာ-တို့ ဖြစ်ပါသည်။

➤ **သောက်ရေခွက်ကို ကိုင်ကောင်းသောအခါ** ။ ။ လက်၏ တစ်စိတ်တစ်ပိုင်းမျှ အာမိသ လိမ်းကျံမှု မရှိပါက ထို မပေကျံသော လက်ဖြင့် ကိုင်ကောင်းပါသည်။

http://www.dhammadownload.com



➤ **အာပတ် မသင့်သော ရဟန်းများ** ။ ။ ကိုယ်တိုင်ဆေးဖို့ဟု ကြံ၍သော်ရင်း, သူတစ်ပါးကို ဆေးစေဖို့ဟု ကြံ၍သော်ရင်း ကိုင်သောရဟန်းတို့အား အာပတ်မသင့်။

**သသိတ္ထက သိက္ခာပုဒ်**

➤ **ဆွမ်းလုံးများရှိနေသော သပိတ်ဆေးရေကို ရွာတွင်း၌ သွန်စစ်ရှိပါက အပြစ် ကင်းအောင် သွန်ပစ်နည်းများ**

၁။ (**ဥဒ္ဓရိတွာ အဓိပ္ပါယ်**) ဆွမ်းလုံးများကို ရေမှဆယ်ယူ၍ တစ်နေရာမှာ ပုံထား ပြီး ရေသက်သက်ကိုသာ စွန့်ပစ်ရမည်။ ၂။ (**ဘိန္ဒိတွာ အဓိပ္ပါယ်**) ဆွမ်းလုံးများကို ရေနှင့် သမသွားအောင် ချေမွပြီးမှ စွန့်ပစ်ရပါမည်။

၃။ (**ပဋိဂ္ဂဟေတွာ အဓိပ္ပါယ်**) ဒါယကာတို့ ပေးလာသော လက်ဆေးခံ၌ စွန့်ပစ်ရ ပါမည်။ ၄။ (**နီဟရိတွာ အဓိပ္ပါယ်**) ရွာပြင်ဘက်သို့ ထုတ်ဆောင်၍ စွန့်ပစ်ရမည်။ ဤ နည်းဖြင့် စွန့်သောရဟန်းအား အာပတ် မသင့်ပါ။

❀ ❀ ❀ ❀ ❀

**ဆတ္တပါဏိ သိက္ခာပုဒ်**

➤ **ဆတ္တပါဏိ အဓိပ္ပါယ်** ။ ။ လက်၌ထီးရှိသော ပုဂ္ဂိုလ်သည် "ဆတ္တပါဏိ" မည်ပါသည်။

➤ **ဆတ္တ သရုပ်** ။ ။ (၁) သေတစ္ဆတ္တ-ထီးဖြူ။ (၂) ကိလိဉ္စဆတ္တ-ဖျာဖြင့် ပြုအပ် သော ထီး၊ (၃) ပဏ္ဏစ္ဆတ္တ-သစ်ရွက်ဖြင့် ပြုအပ်သောထီး-တို့ ဖြစ်ပါသည်။

➤ **တရား မဟောကောင်းသော ဆတ္တပါဏိ ပုဂ္ဂိုလ်** ။ ။ ထီးကို ပခုံး, ပေါင်,စသော ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခု၌ထားသော်လည်း လက်ဖြင့် မလွှတ်သေးသမျှ ထို ပုဂ္ဂိုလ်အား တရားမဟောကောင်းပါ။

➤ **တရားဟောကောင်းသော ပုဂ္ဂိုလ်** ။ ။ ထိုပုဂ္ဂိုလ်အား အခြားသူတစ်ယောက်က ဆောင်းမိုးပေးလျှင်ရင်း, စိုက်ထောင်ထားအပ်သော ထီးအောက်၌နေလျှင်ရင်း, လက်မှ ကင်းကာမျှဖြစ်လတ်သော် ဆတ္တပါဏိ မဟုတ်တော့သောကြောင့် တရားဟော ကောင်းပါသည်။

➤ **ဒဏ္ဍ ပမာဏ/ဒဏ္ဍ-အရ/ ဒဏ္ဍပါဏိသူ-၌ ဒဏ္ဍ အဓိပ္ပါယ်** ။ ။ မရှိမ ပုရိသ၏ လေးတောင်ပမာဏ ရှိသော တုတ်တောင်ဝှေးသည် "ဒဏ္ဍ" မည်ပါသည်။

➤ **သတ္ထပါဏိသူ-၌ သတ္ထ-အရ** ။ ။ ဓား, သံလျက်, လှံ,စသော လက်နက်ဟူ သမျှကို ယူရပါမည်။ [သန်လျက်လွယ်လျက် တည်နေသော ပုဂ္ဂိုလ်သည် သတ္ထပါဏိ ဟူသော အရေအတွက်သို့ မရောက်သောကြောင့် ထိုသူအား တရားဟောကောင်း ပါသည်။]

http://www.dhammadownload.com



## အာဝုဓပါဏိ သိက္ခာပုဒ်

➤ **အာဝုဓ–အရ** ။ ။ ညှို့တင်ပြီးသော လေးဖြစ်စေ, ညှို့မတင်ရသေးသော လေး ဖြစ်စေ, လေးဆိုင်ရာအားလုံးကို ယူရပါမည်။

➤ **တရားမဟောကောင်းသော ပုဂ္ဂိုလ်** ။ ။ မြှားနှင့်တကွ လေးကိုကိုင်၍ရင်း, လေးသက်သက်ကိုရင်း, မြှားသက်သက်ကိုရင်း, ညှို့နှင့်တကွသော လေးကိုရင်း, ညှို့ မရှိသော လေးကိုရင်း, ကိုင်၍ရင်း, ရပ်နေ ထိုင်နေသော ပုဂ္ဂိုလ်အား တရား မဟော ကောင်းပါ။

➤ **တရားဟောကောင်းသော ပုဂ္ဂိုလ်** ။ ။ လေးကို ပခုံး၌ လွယ်ထားလျှင်ကား လက်ဖြင့် မကိုင်သေးသမျှ အာဝုဓပါဏိ မဟုတ်သောကြောင့် ထိုပုဂ္ဂိုလ်အား တရား ဟောကောင်းပါသည်။

➤ **ပါဒုကာရုဠ အဓိပ္ပါယ်** ။ ။ ထီးရိုးပုံသဏ္ဌာန်ရှိသော ခြေညှပ်ဖနပ်၌ ခြေချောင်း နှစ်ခုအကြားကို မသွင်း, နင်းရုံသက်သက် နင်းထားသော ပုဂ္ဂိုလ်၊ ခြေချောင်းကြား သွင်းပြီး ရပ်လျက်စွပ်ထားသော ပုဂ္ဂိုလ်မျိုးကို "ပါဒုကာရုဠ" ဟု ခေါ်ပါသည်။ (ယင်း ပုဂ္ဂိုလ်မျိုးကို တရား မဟောကောင်းပါ။)

➤ **ဥပါဟနာရုဠ အဓိပ္ပါယ်** ။ ။ ဖနောင့်ဖုံးကိုစွပ်၍ ရပ်နေခြင်းမျိုးကို "ဥပါဟနာရုဠ" ဟု ခေါ်ပါသည်။

## ယာနဂတ သိက္ခာပုဒ်

➤ **ယာနဂတ အဓိပ္ပါယ်** ။ ။ နွား, မြင်းတို့ဖြင့် ကပ်ယှဉ်အပ်သော ယာဉ်ပေါ်၌ ရောက်နေသူ, လက်ချင်းဆက်ကာ မ၍ယူအပ်သူ, အဝတ်ကို ဝါးလုံးလျှို၍ ထမ်းဆောင် အပ်သူ, နွား မြင်း မက,အပ်သော ယာဉ်၌နေသူ, ဖျက်၍ထားအပ်သော လှည်းဘီး ပေါ်၌ နေသူ အားလုံးကို "ယာနဂတ"ဟု ခေါ်ပါသည်။

➤ **ယာန သရုပ်** ။ ။ ဝယှ, ရထ, သကဋ, သန္ဒမာနိကာ, သိဝိက, ပါဋင်္ကီ, ဟတ္ထ သယ်ာဋ-တို့ ဖြစ်ပါသည်။

➤ **အာပတ် မသင့်အောင် ဟောနည်းများ** ။ ။ တရားဟောသူ, တရားနာသူတို့ ယာဉ်တစ်ခုတည်း၌ ထိုင်နေလျှင်ရင်း, ယာဉ်အမြင့်ပေါ်၌ ထိုင်နေသောရဟန်းက ယာဉ် အနိမ့်ပေါ်၌ ထိုင်နေသူအားရင်း, အနိမ့်အမြင့် ညီမျှသော ယာဉ်၌ထိုင်နေလျှင်ရင်း, ရှေ့ယာဉ်၌ ထိုင်နေသော ရဟန်းက နောက်ယာဉ်၌ နေသူအားရင်း, တရားဟော ကောင်း ပါသည်။

## သယနဂတ သိက္ခာပုဒ်

➤ **သယနဂတ အဓိပ္ပါယ်** ။ ။ အောက်ထစ်ဆုံးအားဖြင့် ဖျာသင်ဖြူး၌ဖြစ်စေ,

http://www.dhammadownload.com



ပကတိ မြေ၌ဖြစ်စေ, လျှောင်းနေခြင်းမျိုးကို "သယနဂတ"ဟု ခေါ်ပါသည်။

➤ **တရား မဟောကောင်းသော ပုဂ္ဂိုလ်** ။ ။ အောက်ထစ်ဆုံး ဖျာ, သင်ဖြူး၌သော်ရင်း, ပကတိမြေ၌သော်ရင်း, လျှောင်းသောပုဂ္ဂိုလ်အား မြင့်သောညောင်စောင်း, အင်းပျဉ်, မြေအရပ်တို့၌ ရပ်လျက်ဖြစ်စေ, ထိုင်လျက်ဖြစ်စေ, တရားမဟောကောင်းပါ။

➤ **တရားဟောကောင်းသော ပုဂ္ဂိုလ်** ။ ။ အိပ်ရာ၌ရောက်နေသော ရဟန်းသည် အိပ်ရာ၌ရောက်နေသော ပုဂ္ဂိုလ်အား မြင့်သောအိပ်ရာ ညီမျှသော ပမာဏရှိသော အိပ်ရာတို့၌ လျှောင်းလျက် ဟောကောင်းပါသည်။ * လျှောင်းသော ရဟန်းသည် ရပ်ထိုင်, လျှောင်းသော ပုဂ္ဂိုလ်အား ဟောကောင်းပါသည်။ * ထိုင်သောရဟန်းသည် ရပ်လျက် ထိုင်လျက်နေသော ပုဂ္ဂိုလ်အား ဟောကောင်းပါသည်။ * ရပ်သော ရဟန်းသည် ရပ်သော ပုဂ္ဂိုလ်အားသာ ဟောကောင်းပါသည်။

➤ **ဝေဌိတသီသ အစိပ္ပါယ်** ။ ။ ခေါင်းပေါင်း ပဝါဖြင့်သော်ရင်း, မကိုင်ရုံ့စသည်တို့ဖြင့်သော်ရင်း, ဆံ၏ အဆုံးအပိုင်းအခြားကို မမြင်နိုင်လောက်အောင် ရစ်ပတ်ထားသော ဦးခေါင်းရှိသူကို "ဝေဌိတသီသ" ဟု ခေါ်ပါသည်။ [ဆံ၏ အဆုံးအပိုင်းအခြားကို ဖွင့်စေ၍ ဟောပါက အာပတ် မသင့်။]

➤ **အာသနေ နိသိန္နဿ-၌ အာသန-အရ** ။ ။ အောက်ထစ်ဆုံး အဝတ်ကိုဖြစ်စေ မြက်တို့ကိုဖြစ်စေ အာသန-အရ ယူရပါမည်။

➤ **အာသနေ နိသိန္နဿ အစိပ္ပါယ်** ။ ။ အောက်ထစ်ဆုံးအားဖြင့် အဝတ်ကိုဖြစ်စေ, မြက်ကိုဖြစ်စေ, ခင်း၍ထိုင်နေခြင်းကို "အာသနေ နိသိန္နဿ"ဟု ခေါ်ပါသည်။ (ယင်းပုဂ္ဂိုလ်အား တရား မဟောကောင်းပါ။)

➤ **ဥစ္စေ အာသနေ အစိပ္ပါယ်** ။ ။ အောက်ထစ်ဆုံးအားဖြင့် မြေကြီးမြင့်မြင့်အရပ်တွင် ထိုင်နေခြင်းကို "ဥစ္စေ အာသနေ"ဟု ဆိုပါသည်။

➤ **န ဌိတော နိသိန္နဿ အစိပ္ပါယ်** ။ ။ မထေရ်အား ဆည်းကပ်ရာအရပ်သို့ သွား၍ ရပ်နေသော ရဟန်းငယ်ကို နေရာ၌ထိုင်နေသော မဟာထေရ်က ပြဿနာကို မေးလျှင် မဖြေဆိုထိုက်ပါ။ ထိုသို့ မဖြေဆိုထိုက်သော်လည်း ရှိသေသောအားဖြင့် မထေရ်ကိုထ၍ မေးပါလော့ဟု လျှောက်ခြင်းငှာ မတတ်ကောင်းသောကြောင့် နံပါး၌ ရပ်နေသော ရဟန်းငယ်အား ဖြေအံ့ဟု နှလုံးသွင်းကာ ဖြေဆိုကောင်းပါသည်။

❀ ❀ ❀ ❀ ❀

➤ **ပစ္ဆတော ဂမန သိက္ခာပုဒ်၌ တရားဟောသင့်ရာအခါ** ။ ။ အတူတကွ သင်ယူထားသော ပါဠိ အဋ္ဌကထာမှုကို သရဇ္ဈာယ်လိုသောအခါ, အတူ ရင်ပေါင်တန်း၍ သွားသောအခါမျိုးတို့၌ တရားဟောကောင်းပါသည်။

http://www.dhammadownload.com



➤ **ခရီးသွားစဉ် နောက်က လိုက်သောရဟန်းက ရှေ့ကသွားသူအား တရား ဟောကောင်း/မဟောကောင်း** ။ ။ မဟောကောင်းပါ။ အကယ်၍ ပါဠိ အဋ္ဌကထာ ဆိုင်ရာ ပြဿနာမေးလာပါက မိမိနောက်က နေသူအား ဖြေမည်ဟု နှလုံးသွင်းကာ ဖြေဆိုရပါမည်။

➤ **ဥပ္ပထေနဂမန သိက္ခာပုဒ်အရ အချင်းချင်း တရားဟောကောင်းသော အခါ** တရားဟောသူ, တရားနာသူ နှစ်ဦးတို့သည် လှည်းလမ်းတစ်ခုစီ ရင်ပေါင်တန်း လျှက်ရင်း, လမ်းမဟုတ်ဘဲ ရင်ပေါင်တန်းသွားလျှင်ရင်း တရားဟောကောင်းပါသည်။

➤ **မုံးကွယ်ရာအရပ်သို့ သွားစဉ် ကျင်ကြီးကျင်ငယ် လျှင်မြန်စွာ ထွက်သွားပါက အပြစ်ရှိ/ မရှိ** ။ ။ စေတနာ မပါဘဲ ပြုသည်မည်သောကြောင့် အပြစ် မရှိပါ။

**ဟရိတေဥစ္စာရ သိက္ခာပုဒ်**

➤ **ဟရိတ–အရ** ။ ။ စိမ်းစိုသော မြက်သစ်ပင်, မြေပေါ်၌ပေါ်လွင်ထင်ရှားနေသော အသက်ရှင်ဆဲ သစ်ပင်၏အမြစ်, မြေ၌ကပ်ငြိနေသော သစ်ကိုင်းသစ်ခက်များကို ယူရပါမည်။

➤ **ကျင်ကြီး ကျင်ငယ်စွန့်ကောင်းရာ ဌာန** ။ ။ ပင်စည် (သစ်ကိုင်း)ပေါ်၌ ထိုင်ကာ စိမ်းစိုသော မြက်သစ်ပင် မရှိရာအရပ်၌ စွန့်ချကောင်းပါသည်။

➤ **စိမ်းစိုသော မြက်သစ်ပင် မရှိရာ အရပ်ကို ရှာနေစဉ် မချုပ်တည်းနိုင်၍ ထွက် သွားလျှင် အာပတ်သင့်/ မသင့်** ။ ။ ဂိလာနအရာ၌ တည်သောကြောင့် မသင့်ပါ။

➤ **ကျင်ကြီး ကျင်ငယ် စွန့်လိုသဖြင့် စိမ်းစိုသော မြက်သစ်ပင် မရှိရာ အရပ်ကို မတွေ့ပါက ပြုလုပ်ရမည့်နည်းလမ်း** ။ ။ကျင်ကြီး ကျင်ငယ်စွန့်လိုသဖြင့် စိမ်းစိုသော မြက်သစ်ပင် မရှိရာအရပ်ကို ရှာမတွေ့ပါက မြက်ကရွတ်ခွေပေါ်၌ရင်း, ကောက်ရိုး ကရွတ်ခွေပေါ်၌ရင်း, ကျင်ကြီး ကျင်ငယ်ကို စွန့်ရပါမည်။ ထိုသို့ ပြုလုပ်လျှက် စိမ်းစို သော မြက်သစ်ပင်ရှိရာ အရပ်သို့ ရောက်သွားသော်လည်း အာပတ် မသင့်ပါ။

➤ **စိမ်းစိုသော မြက်သစ်ပင်နှင့် ရေတို့၌ နှပ်ညှစ်၍ မချသင့်ခြင်းအကြောင်း** "ခေဠ"သဒ္ဒါဖြင့် နှပ်ကိုလည်း သွင်းယူရေတွက်ရသောကြောင့် မချသင့်ပါ။

**ဥဒကေ ဥစ္စာရ သိက္ခာပုဒ်**

➤ **ဥဒက–အရ** ။ ။ သုံးဆောင်ကောင်းသော ရေကိုသာ ယူရပါမည်။

➤ **ကျင်ကြီး ကျင်ငယ်စွန့်ကောင်းသော ရေ** ။ ။ မသုံးဆောင်ကောင်းသော ဝစ္စကုဋိတွင်း၌ရှိသော ရေ, သမုဒ္ဒရာ ရေ, စသည်ကို၌ စွန့်ချမှုကို ပြုသောရဟန်းအား အာပတ် မသင့်ပါ။ ထို့ပြင် မိုးရွာလတ်သော် ပတဝန်းကျင်၌ ရေရှိရကား ရေမရှိရာ အရပ်ကို ရှာမတွေ့သောရဟန်းသည် ရေ၌ပင် စွန့်ချကောင်းပါသည်။

http://www.dhammadownload.com



**အမှာ/** ကုန်းပေါ်၌ စွန့်အပ်သော ကျင်ကြီး၊ ကျင်ငယ်၊ တံတွေးသည် ရေသို့ ရောက်သွားသော်လည်း အာပတ် မသင့်ပါ။

➢ **သေခိယ၌ သမနုဘာသနသမုဋ္ဌာန်ရှိသော သိက္ခာပုဒ်များ ။ ။** ဥဇ္ဇဂ္ဃိက သိက္ခာပုဒ် နှစ်ပုဒ်၊ ဥစ္စသဒ္ဒ သိက္ခာပုဒ် နှစ်ပုဒ်၊ သကဗဠသိက္ခာပုဒ်၊ ဆမာသိက္ခာပုဒ်၊ နိစာသန သိက္ခာပုဒ်၊ ဌိတသိက္ခာပုဒ်၊ ပစ္ဆတောဂမနသိက္ခာပုဒ်၊ ဥပ္ပထေနဂမနသိက္ခာပုဒ်အားဖြင့် (၁၀) ပုဒ် ဖြစ်ပါသည်။

➢ **ထေယျသတ္ထသမုဋ္ဌာန်ရှိသော သိက္ခာပုဒ် ။ ။** သူပေါဒန ဝိညတ္တိသိက္ခာပုဒ် ဖြစ်ပါသည်။

➢ **ဓမ္မဒေသနာသမုဋ္ဌာန်ရှိသော သိက္ခာပုဒ် ။ ။** ဆတ္တပါဏိသိက္ခာပုဒ်, ဒဏ္ဍပါဏိ သိက္ခာပုဒ်, သတ္ထပါဏိသိက္ခာပုဒ်, အာဝုဓပါဏိသိက္ခာပုဒ်, ပါဒုကသိက္ခာပုဒ်, ဥပါဟန သိက္ခာပုဒ်, ယာနသိက္ခာပုဒ်, သယနသိက္ခာပုဒ်, ပလ္လတ္ထိသိက္ခာပုဒ်, ဝေဌိတသိက္ခာပုဒ်, ဩဂုဏ္ဌိတသိက္ခာပုဒ်,အားဖြင့် (၁၁) ပုဒ်ဖြစ်ပါသည်။ ကြွင်း (၅၃)ပုဒ်သည် ပဌမ ပါရာဇိက သမုဋ္ဌာန်,စသော သိက္ခာပုဒ်များဖြစ်ပါသည်။

**သေခိယအဖွင့် ပြီး၏။**

❀ ❀ ❀ ❀ ❀

## အဓိကရဏသမထ အဖွင့်

➢ **အဓိကရဏသမထ အဓိပ္ပါယ် ။ ။** အဓိကရုဏ်းတို့ကို ငြိမ်းစေတတ်သော ကြောင့် "အဓိကရဏသမထ" မည်ပါသည်။

➢ **အဓိကရဏသမထတို့ကို သရုပ်ထုတ်၍ ပညတ်တော်မူရကျိုး ။ ။** အာပတ္တာ ဓိကရုဏ်းတို့၏ စင်ကြယ်သူ၏အဖြစ်ကိုငှင်း, ဝိဝါဒါဓိကရုဏ်း စသည်တို့၏ အကြောင်း ဖြစ်သော အာပတ်တို့၌ စင်ကြယ်သူ၏အဖြစ်ကိုငှင်း, မေးမြန်းခြင်းအကျိုးငှာ ပညတ် တော်မူပါသည်။

➢ **အဓိကရဏ-အရ ။ ။** ဝိဝါဒ,စသော အဓိကရုဏ်း ၄-ပါးကို ယူရမည်။

➢ **အဓိကရဏသမထ-အရ ။ ။** သမ္မုခါဝိနယ,စသော သမထ (၇)ပါးကို ယူရ ပါမည်။

➢ **သမထာယ+ ဝူပသမာယ အထူး ။ ။** အဓိကရုဏ်းကို ငြိမ်အေးနိုင်သောကြောင့် သမထာယ၊ ထိုအဓိကရုဏ်း နောက်ထပ်တစ်ဖန် ပြန်မပေါ်အောင် အထူးအားဖြင့် ငြိမ်ဝပ်ပိပြား ငြိမ်းအေးသွားခြင်းကို ဝူပသမာယ၊ ဤသို့ ထူးပါသည်။

➢ **အဓိကရုဏ်း ၄-ပါး ။ ။** (၁) ဝိဝါဒါဓိကရုဏ်း (၂) အနုဝါဒါဓိကရုဏ်း (၃) အာပတ္တာဓိကရုဏ်း (၄) ကိစ္စာဓိကရုဏ်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ဝိဝါဒါဓိကရုဏ်း အဓိပ္ပါယ်** ။ ။ ဓမ္မ, အဓမ္မ,စသော ဘေဒကရဝတ္ထု (၁၈) ပါး တို့ဖြင့် အချင်းချင်းဆန့်ကျင်ဘက်ကို ပြောဆိုခြင်းသည် "ဝိဝါဒါဓိကရုဏ်း" မည်၏။

➤ **အနုဝါဒါဓိကရုဏ်း အဓိပ္ပါယ်** ။ ။ သီလဝိပတ္တိ, အာစာရဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ, အာဇီဝဝိပတ္တိတို့ဖြင့် ဆဲရေးခြင်း, အပြစ်တင်ခြင်း, မေးမြန်းခြင်း, စစ်ဆေးခြင်းဟူသော စွပ်စွဲခြင်းသည် "အနုဝါဒါဓိကရုဏ်း" မည်ပါသည်။

➤ **အာပတ္တာဓိကရုဏ်း အဓိပ္ပါယ်** ။ ။ ဒွေမာတိကာ၌လာသော အာပတ်ငါးပါး, အကျယ်ဝေဖန်ရာ ပဒဘာဇနီ၌လာသော အာပတ်အစုနှစ်ပါးအားဖြင့် အာပတ် (၇)ဖုံ သည် "အာပတ္တာဓိကရုဏ်း" မည်ပါသည်။

➤ **ကိစ္စာဓိကရုဏ်း အဓိပ္ပါယ်** ။ ။ အပလောကနကံ,စသော ကံလေးပါးတို့ကို ပြုခြင်းသည် "ကိစ္စာဓိကရုဏ်း" မည်ပါသည်။

➤ **အဓိကရုဏ်း ၄-ပါးတို့ကို ဆိုင်ရာ သမထတို့ဖြင့် ယှဉ်တွဲပုံ** ။ ။ (၁) ဝိဝါဒါ ဓိကရုဏ်းသည် သမ္မုခါဝိနယသမထ,ယေဘုယျသိကာသမထ ၂-ပါးတို့ဖြင့် ငြိမ်းအေး ပါသည်။(၂) အနုဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနယသမထ, သတိဝိနယသမထ, အမူဠ ဝိနယသမထ, တဿပါပိယသိကာသမထ ၄-ပါးတို့ဖြင့် ငြိမ်းအေးပါသည်။

(၃) အာပတ္တာဓိကရုဏ်းသည် သမ္မုခါဝိနယသမထ, ပဋိညာတကရဏသမထ, တိဏဝတ္ထာရကသမထ ၃-မျိုးတို့ဖြင့် ငြိမ်းအေးပါသည်။ (၄) ကိစ္စာဓိကရုဏ်းသည် သမ္မုခါဝိနယသမထ ၁-ပါးတည်းဖြင့်သာ ငြိမ်းအေးပါသည်။

➤ **ဝိဝါဒါဓိကရုဏ်းကို သမ္မုခါဝိနယသမထဖြင့် ငြိမ်းစေနည်း ၄-မျိုး**

(၁) အဓိကရုဏ်းဖြစ်ရာ ကျောင်းတိုက်မှာပင် ငြိမ်းစေခြင်း၊ (၂) အဓိကရုဏ်းဖြစ်ရာ ကျောင်းတိုက်၌ ငြိမ်းစေခြင်းငှာ မတတ်နိုင်ကြ၍ အခြားကျောင်းတိုက်သို့ သွားကြစဉ် လမ်းခရီးမှာပင် အမှုသည်နှစ်ဦးတို့ အချင်းချင်း နားလည်မှုရ၍ ငြိမ်းသွားခြင်း၊ (၃) အခြားရဟန်းတို့ကပြော၍ သဘောပေါက်သဖြင့် ငြိမ်းသွားခြင်း (သို့မဟုတ်) ခရီး ရင်ဆိုင်လာသော ဝိနည်းမိုရ်တစ်ပါးနှင့်တွေ့၍ ထိုပုဂ္ဂိုလ် အဆုံးအမဖြင့် ငြိမ်းသွား ခြင်း၊ (၄) လမ်းခရီးမှာ မငြိမ်းစေနိုင်သဖြင့် မိမိတို့အားကိုးရာ ကျောင်းသို့ရောက်၍ အဓိကရုဏ်းကို ဆုံးဖြတ်ဖို့ရန် အပ်နှံသောအခါ သံဃာကုန် မစည်းဝေးဘဲ ရှိသမျှ သံဃာကဖြစ်စေ, သံဃာကုန်စည်းဝေး၍ ဝိနည်းမိုရ်ပုဂ္ဂိုလ်ကဖြစ်စေ, ငြိမ်းစေခြင်း။

➤ **သမ္မုခါဝိနယော-၌ သမ္မုခါ ၄-မျိုး** ။ ။ (၁) သံဃသမ္မုခတာ (၂) ဓမ္မ သမ္မုခ တာ၊ (၃) ဝိနယသမ္မုခတာ၊ (၄) ပုဂ္ဂလသမ္မုခတာ-တို့ ဖြစ်ပါသည်။

➤ **သံဃသမ္မုခတာ အဓိပ္ပါယ်** ။ ။ အဓိကရုဏ်းကို ငြိမ်းစေမှုကိစ္စ၌ ကာရက သံဃာ၏ ညီညွတ်စွာ မျက်မှောက်ပြုခြင်းသည် "သံဃသမ္မုခတာ" မည်ပါသည်။

http://www.dhammadownload.com



➤ **ဓမ္မသမ္မုခတာ အဓိပ္ပါယ်** ။ ။ ငြိမ်းစေအပ်သော အကြောင်းဝတ္ထု အမှု အခင်း၏ ဟုတ်မှန်ခြင်းသည် " ဓမ္မသမ္မုခတာ" မည်ပါသည်။

➤ **ဝိနယသမ္မုခတာ အဓိပ္ပါယ်** ။ ။ ငြိမ်းစေသင့်သည့် နည်းလမ်းအတိုင်း (ဝိနည်းတော် အတိုင်း) ငြိမ်းစေခြင်းသည် "ဝိနယသမ္မုခတာ" မည်ပါသည်။

➤ **ပုဂ္ဂလသမ္မုခတာ အဓိပ္ပါယ်** ။ ။ အတ္ထပစ္စတ္ထိကမည်သော ငြင်းခုံသည့် နှစ်ဖက်ပုဂ္ဂိုလ်တို့၏ မျက်မှောက်ဖြစ်ခြင်းသည် "ပုဂ္ဂလသမ္မုခတာ" မည်ပါသည်။

➤ **သလာကဂ္ဂါဟာပကရဟန်း၏ အင်္ဂါ ၅-ပါး** ။ ။ (၁) ဆန္ဒာဂတိ မလိုက်ခြင်း (၂) ဒေါသာဂတိ မလိုက်ခြင်း (၃) မောဟာဂတိ မလိုက်ခြင်း (၄) ဘယာဂတိ မလိုက်ခြင်း (၅) စာရေးတံ ယူပြီး-မယူရသေးသည်ကို သိခြင်း-တို့ ဖြစ်ပါသည်။

➤ **စာရေးတံ ၃-မျိုးနှင့် အဓိပ္ပါယ်** ။ ။ (၁) အလဇ္ဇီများသော ပရိသတ်၌ ယူစေအပ်သော ဂူဠကစာရေးတံ၊ (၂) လဇ္ဇီများသော ပရိသတ်၌ ယူစေအပ်သော ဝိဝဋက စာရေးတံ၊ (၃) သူမိုက်များသော ပရိသတ်၌ ယူစေအပ်သော သောသကဏ္ဏဇပ္ပကစာရေးတံ

➤ **ယေဘုယျသိကာ သမထ မည်ပုံ** ။ ။ ဓမ္မဝါဒီများရာလိုက်၍ အဓိကရုဏ်းကို ငြိမ်းစေရသောကြောင့် ထိုအများအလိုအတိုင်း ပြုခြင်းသည် "ယေဘုယျသိကာ သမထ" မည်ပါသည်။

➤ **ဝိဝါဒါဓိကရုဏ်းကို သမ္မုခါဝိနယ, ယေဘုယျသိကာ သမထတို့ဖြင့် ငြိမ်းအေးပုံ** ။ ။ မငြိမ်းအေးသော အဓိကရုဏ်းကို ဥဗ္ဗာဟိကာသမ္မုတိဖြင့် သမုတ်အပ်သော ရဟန်းတို့က "တပည့်တော်တို့ ငြိမ်းစေခြင်းငှာ မစွမ်းနိုင်ပါ"ဟု လျှောက်၍ သံဃာအား လွှဲအပ်လျှင် သံဃာသည် အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းကို "စာရေးတံကို ယူစေတတ်သောရဟန်း"ဟု သမုတ်ပြီး ထိုသမ္မုတိရသော ရဟန်းသည် စာရေးတံ ယူနည်း သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ယူစေ၍ ဓမ္မဝါဒီများသော ပရိသတ်၌ ထိုဓမ္မဝါဒီတို့ ပြောသည့်အတိုင်း ငြိမ်းအေးစေသော အဓိကရုဏ်းသည် "သမ္မုခါဝိနယ သမထ, ယေဘုယျသိကာ သမထ နှစ်မျိုးတို့ဖြင့် ငြိမ်းအေးသည်" မည်ပါသည်။

➤ **အနုဝါဒါဓိကရုဏ်းကို သမ္မုခါဝိနယ, သတိဝိနယ သမထတို့ဖြင့် ငြိမ်းအေးပုံ**

အကြင်အခါ၌ ရဟန္တာဖြစ်ကုန်သော ရဟန်းတို့အား သီလဝိပတ္တိဖြင့် စွပ်စွဲခံရ၍ သတိဝိနည်းကို တောင်းလတ်သော် သံဃာသည် ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် သတိဝိနည်းကို ပေး၏၊ ထိုအခါ၌ သမ္မုခါဝိနယ, သတိဝိနယ သမထ-တို့ဖြင့် ငြိမ်းအေးပါသည်။ သတိဝိနည်းပေးအပ်ပြီးသော် နောက်ထပ် ထိုရဟန္တာပုဂ္ဂိုလ်၌ တစ်စုံတစ်ယောက်သော ရဟန်း၏ စွပ်စွဲခြင်းသည် အထ မမြောက်တော့ပါ။

http://www.dhammadownload.com



➤ **အနုဝါဒါဓိကရုဏ်းကို သမ္မုခါဝိနယ, အမူဠ္ဟဝိနယသမထ-တို့ဖြင့် ငြိမ်းအေးပုံ**

အကြင်အခါ၌ ရူးသောရဟန်းသည် ရူးခြင်း၏အစွမ်းဖြင့် ရဟန်းတို့၏ အလုပ်မဟုတ်သော လွန်ကျူးမှုကိုပြုပြီးသော် "အရှင်သည် ဤသို့ သဘောရှိသော အာပတ်ကို အမှတ်ရပါလော့" ဟု ရဟန်းတို့က အပြစ်တင်လတ်သော် "အရှင်ဘုရားတို့ ရူးသေတပည့်တော်သည် ဤအမှုကို ပြုအပ်ပြီ, တပည့်တော် ထိုအာပတ်ကို အမှတ်မရပါ"ဟု ပြောဆိုပါသော်လည်း ရဟန်းတို့သည် စောဒနာမြဲ စောဒနာ၍ နောက်ထပ် မစောဒနာနိုင်အောင် အမူဠ္ဟဝိနည်းကို တောင်း၏၊ သံဃာသည် ထိုရဟန်းရူးအား ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် အမူဠ္ဟဝိနည်းကို ပေးရသည်၊ ထိုအခါ.သမ္မုခါဝိနယ, အမူဠ္ဟဝိနယ သမထတို့ဖြင့် ငြိမ်းအေးပါသည်။

အမူဠ္ဟဝိနည်းပေးပြီးသော် နောက်ထပ် ထိုပုဂ္ဂိုလ်၌ တစ်စုံတစ်ယောက်သော ရဟန်း၏ စွပ်စွဲခြင်းသည် အထ မမြောက်တော့ပါ။

➤ **အနုဝါဒါဓိကရုဏ်းကို သမ္မုခါဝိနယ, တဿ ပါပိယသိကာ သမထ-တို့ဖြင့် ငြိမ်းအေးပုံ ။ ။** အကြင်အခါ၌ ပါရာဇိက အာပတ်ဖြင့်သော်ငြင်း, ပါရာဇိက၏ အနီးဖြစ်သော ထုလ္လစ္စည်း ဒုက္ကဋ်အာပတ်ဖြင့်သော်ငြင်း, စောဒနာခံရ၍ အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းသော ယုတ်မာသော ပုဂ္ဂိုလ်အပေါ်၌ ဤရဟန်းသည် ပါရာဇိက မကျသေးအံ့, ကံနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကျင့်ပြီး၍ သံဃာဘောင်သို့ သွင်းအံ့၊ ပါရာဇိက ကျပြီးပါက အလိုလို ထိုရဟန်းကို ဖျက်ဆီးအံ့ဟု မှတ်ထင်၍ သံဃာသည် ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် တဿ ပါပိယသိကကံကို ပေးရသည်၊ ထိုအခါ သမ္မုခါဝိနယ, တဿ ပါပိယသိကာ သမထ-တို့ဖြင့် ငြိမ်းအေးပါသည်။

➤ **အာပတ္တာဓိကရုဏ်းကို သမ္မုခါဝိနယ, ပဋိညာတကရဏ သမထတို့ဖြင့် ငြိမ်းအေးပုံ ။ ။** အကြင်အခါ၌ ရဟန်းတစ်ပါးအထံ၌သော်ငြင်း, သံဃာ့အလယ်, ဂိုဏ်းအလယ်တို့၌သော်ငြင်း, ရဟန်းသည် လဟုကအာပတ်ကို ဒေသနာပြောရ၏၊ ထိုအခါ၌ အာပတ္တာဓိကရုဏ်းသည် သမ္မုခါဝိနယ, ပဋိညာတကရဏ သမထတို့ဖြင့် ငြိမ်းအေးပါသည်။

➤ **အာပတ္တာဓိကရုဏ်းကို ပဋိညာတကရဏဖြင့် ငြိမ်းပုံ ။ ။** မိမိ၏ လဟုက အာပတ်ကို ကုစားလျက် ဒေသနာပြောကြားသူ ရဟန်း၏ "အဟံ ဘန္တေ ဣတ္ထန္နာမံ အာပတ္တိံ အာပန္နော"ဟူ၍လည်းကောင်း၊ ပဿသိ-ရှုပါဟု မေးလျှောက်သည်ကို "အာမ ပဿာမိ"ဟုလည်းကောင်း၊ ဤနှစ်ခွန်းသော စကားသည် ၎င်းရဟန်း၏ အာပတ်ဝန်ခံမှုများပင်တည်း၊ ထိုဝန်ခံမှုနှစ်ချက် ပေးနိုင်ခဲ့၍ နောင်ရှောင်ကြဉ်လိုက်ပါလေဟု ဆက်၍ တုန့်ပြန်ပေးခြင်းဖြင့် ၎င်း၏သင့်ရောက်သော အာပတ်ကို ငြိမ်းပေးလိုက်ခြင်းသည် ဝန်ခံ

http://www.dhammadownload.com



မှု နှစ်ချက်ရှိ၍ ထိုဝန်ခံမှုနှစ်ချက်ဖြင့် ငြိမ်းပေးခြင်းဖြစ်သောကြောင့် ဤကဲ့သို့ ငြိမ်းစေခြင်းသည် ပဋိညာတကရဏဖြင့် အာပတ်ကို ငြိမ်းစေခြင်းပင် ဖြစ်ပါသည်။

➤ **ပဋိညာတကရဏ မည်ပုံ** ။ ။ အာပတ်ကိုဝန်ခံအပ်ပြီးသော် ဆုံးဖြတ်မှုကို ပြုခြင်းသည် "ပဋိညာတကရဏ" မည်ပါသည်။

➤ **သံဃာဒိသိသ်အာပတ်၌ ပဋိညာ+ပဋိညာတကရဏ မည်ပုံ** ။ ။ သံဃာဒိသိသ် အာပတ်၌ ပရိဝါသ်စသည်ကို တောင်းခြင်းသည် "ပဋိညာ" မည်ပါသည်။ ပရိဝါသ် စသည်တို့ကို ပေးခြင်းသည် "ပဋိညာတကရဏ" မည်ပါသည်။

➤ **သမဂ္ဂ မည်ပုံ** ။ ။ ကာယ သာမဂ္ဂီ၏အစွမ်းဖြင့် ညီညွတ်ခြင်းသည် "သမဂ္ဂ" မည်ပါသည်။

➤ **သမ္မောဒမာန မည်ပုံ** ။ ။ စိတ္တသာမဂ္ဂီ၏ အစွမ်းဖြင့် အရှာသယတူသည်၏ အဖြစ်ဖြင့် လွန်စွာဝမ်းမြောက်ခြင်းသည် "သမ္မောဒမာန" မည်ပါသည်။

➤ **အဝိဝဒမာန မည်ပုံ** ။ ။ ဘေဒကရဝတ္ထု ၁၈-ပါးတို့တွင် တစ်ပါးပါးဖြင့် မငြင်းခုံခြင်းသည် "အဝိဝဒမာန" မည်ပါသည်။

➤ **သိက္ခာတဖွဲ့ အဓိပ္ပါယ်** ။ ။ ထိုထိုသိက္ခာပုဒ်ကို မလွန်ကျူးဘဲ အဓိသီလသိက္ခာကို ပြီးစေသောအားဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်ကို "သိက္ခိတဗ္ဗံ"ဟု ခေါ်ပါသည်။

**ဘိက္ခုပါတိမောက် အဖွင့်ပြီး၏။**

❀ ❀ ❀ ❀ ❀

## ဘိက္ခုနီပါတိမောက်အဖွင့်

### ပါရာဇိကကဏ္ဍ/ ၁။ မေထုနဓမ္မ သိက္ခာပုဒ်

➤ **ဘိက္ခုနီပါတိမောက်ကို ပညတ်တော်မူရကျိုး** ။ ။ မြတ်စွာဘုရားသည် ရဟန်းမတို့၏ စီးပွားအလို့ငှာ ဘိက္ခုနီပါတိမောက်ကို ပညတ်တော်မူပါသည်။

➤ **ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်တို့ ထူးခြားဟန်**

ဘိက္ခုပါတိမောက်၌ "ဘန္တေ"ဟူသော သဒ္ဒါ၊ ဘိက္ခုနီပါတိမောက်၌ "အယျေ"ဟူသော သဒ္ဒါ၊ ဤသို့ သဒ္ဒါအသုံးအနှုန်းမျှသာရင်း၊ ဘိက္ခုပါတိမောက်၌ "တံ သဗ္ဗာ၀ သန္တာ"စသော ပုလ္လိင်အရာဝယ် ဘိက္ခုနီပါတိမောက်၌ "တံ သဗ္ဗာ၀ သန္တာ (သန္တိယော) စသော ဣတ္ထိလိင်ဖြစ်ခြင်းသည်ရင်း ထူးပါသည်။ ကြွင်းသမျှ မထူးပါ။

➤ **ဘိက္ခုနီပါတိမောက်နှင့် သက်ဆိုင်သော အာဒိကမ္မိက ဘိက္ခုနီ (၄)ယောက်**

သုန္ဒရီနန္ဒာ၊ ထုလ္လနန္ဒာ၊ ဆဗ္ဗဂ္ဂိယော ဘိက္ခုနိယော၊ စဏ္ဍကာဠီ၊ အညတရာ ဘိက္ခုနီ သမ္ဗဟုလာ ဘိက္ခုနိယော၊ ဒွေဘိက္ခုနိယော-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



**➤ ရဟန်းမတို့ လူထွက်သည့်အခါ သိက္ခာချရန် မလိုခြင်းအကြောင်း**

ရဟန်းမများသည် လူထွက်လိုစိတ်ဖြင့် လူအဝတ်လဲလိုက်လျှင်ပင် သိက္ခာကျပြီး လူအဖြစ်သို့ ရောက်သွားရသောကြောင့် သိက္ခာချရန် မလိုပါ။

**➤ ဘိက္ခုနီ မေထုနဓမ္မသိက္ခာပုဒ်၌ ဘိက္ခုတို့ကဲ့သို့ "ဘိက္ခုနီနံ သိက္ခာသာဇီဝ သမာပန္နာ သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ"ဟု မပါရှိခြင်းအကြောင်း**

ဘိက္ခုနီတို့၌ သိက္ခာချဖွယ် မလိုသောကြောင့် -- မပါရပါ။

**➤ ဘိက္ခုနီ ပထမပါရာဇိကည၌ သိက္ခာသာဇီဝ မထည့်ရခြင်းအကြောင်း**

ဘိက္ခုနီမတို့အား သိက္ခာချခြင်းမည်သည် မရှိသောကြောင့် သိက္ခာသာဇီဝ မထည့်ရပါ။

**➤ ဘိက္ခုနီ ပထမပါရာဇိက သိက္ခာပုဒ်၌ "ဆန္ဒသော" ထည့်ရခြင်းအကြောင်း**

ဘိက္ခုနီမ-သည် မေထုနရာဂနှင့် စပ်ယှဉ်သော ဆန္ဒ(ချစ်ခြင်း) ရုစိ(ကြိုက်ခြင်း) ဖြင့် အလိုတူမှုမှ ပါရာဇိကကျနိုင်သောကြောင့် "ဆန္ဒသော" ထည့်ရပါသည်။ (တစ်နည်း) အလိုဆန္ဒ မတူမှုဘဲ ဗလက္ကာရပြု၍ ဖျက်ဆီးခံရမှုဖြင့် ပါရာဇိက မကျနိုင်ဟု ပြဆိုလိုသောကြောင့် "ဆန္ဒသော" ထည့်ရပါသည်။

**➤ ဆန္ဒသော–ပါဌ်ဖြင့် ပြအပ်သော အဓိပ္ပါယ်** ။ ။ ဆန္ဒသောပါဌ်ဖြင့် အလိုတူ ဆန္ဒ မပါဘဲ ဗလက္ကာရ အပြုခံရလျှင် အပြစ်မရှိဟု ပြပါသည်။

**➤ ဆန္ဒသော–အရ** ။ ။ မေထုန်ရာဂနှင့် စပ်ယှဉ်သော ချစ်ခြင်း၊ ကြိုက်ခြင်းတို့ကို ယူရပါမည်။

**၅။ ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်**

**➤ အဝဿုတ အဓိပ္ပါယ်** ။ ။ ကာယသံသဂ္ဂရာဂဖြင့် စိုစွပ်သော ပုဂ္ဂိုလ်ကို "အဝဿုတ" ဟု ခေါ်ပါသည်။

**➤ ပုရိသပုဂ္ဂလ–အရ** ။ ။ ကိုယ်ဖြင့်မှီးနှောခြင်းသို့ ကောင်းစွာရောက်ခြင်းငှာ တတ်သိနားလည်သော လူဇာတ်ရှိသော ယောကျ်ားကို ယူရပါမည်။

**➤ ဥဗ္ဘဇာဏုမဏ္ဍလ–အရ** ။ ။ ပုဆစ်ဒူးဝန်း နှစ်ဖက်အရပ်ကိုရင်း၊ တတောင်ဆစ်အထက် လက်မောင်းကိုရင်း ယူရပါမည်။

**➤ အာမသန+ပရာမသန+ဂဟဏ+ဆုပန+ပဋိပီဠန အထူး** ။ ။ တွေ့ထိရာ အရပ်ကို မလွန်မူ၍ တစ်နေရာတည်း၌ သုံးသပ်ခြင်းသည် "အာမသန" မည်၏။ ထိုထိုဤဤ အရပ် ပြောင်းရွှေ့၍ သုံးသပ်ခြင်းသည် "ပရာမသန" မည်၏။ တိုင်းတာမှု ပြုခြင်းသည် "ဂဟဏ" မည်၏။ မထိခိုက်မူ၍ တို့ထိခြင်းသည် "ဆုပန" မည်၏။ အင်္ဂါကြီးငယ်ကို ကိုင်၍ ဖျစ်ညှစ်ခြင်းသည် "ပဋိပီဠန" မည်၏။

http://www.dhammadownload.com



➢ **ဥဗ္ဘဇာဏုမဏ္ဍလိကာ အဓိပ္ပါယ်** ။ ။ ကာယသံသဂ္ဂရာဂ အစရှိသော ဘိက္ခုနီသည် ညှပ်ရိုးနှစ်ဘက်အောက် ပုဆစ်ဒူးဝန်းနှစ်ဘက်၏ အထက်အရပ်၌ ကာယသံသဂ္ဂရာဂမျိုးရှိသော ယောက်ျား၏ ကိုင်ခြင်း တို့ခြင်းစသည်ကို သာယာခြင်း ပါရာဇိကကျသူကို "ဥဗ္ဘဇာဏုမဏ္ဍလိကာ" ဟု ခေါ်ပါသည်။

➢ **ဥဗ္ဘဇာဏုမဏ္ဍလိကာ ပါရာဇိကအာပတ်မည်ပုံ** ။ ။ ပုဆစ်ဒူးဝန်း နှစ်ဘက်၏ အထက်၌ သုံးသပ်သည်ကို သာယာခြင်းရှိသော ဘိက္ခုနီ၏ အာပတ်ဖြစ်သောကြောင့် "ဥဗ္ဘဇာဏုမဏ္ဍလိကာ ပါရာဇိကအာပတ်" မည်ပါသည်။

➢ **ဘိက္ခုနီအား ဒုက္ကဋ်အာပတ်များ သင့်နိုင်သော သာယာမှု** ။ ။ ပုဆစ်ဒူးဝန်း၏ အောက်အရပ်နှင့် တတောင်ဆစ်မှ လက်ဖျားအထိ, ညှပ်ရိုးမှအထက် ဦးခေါင်းပိုင်းတို့၌ ကေတော အဝဿုတဖြစ်လျှင်သော်ရင်း, ဥဘတော အဝဿုတ ဖြစ်စေကာမူ အမှတ်မရှိ ကာယပဋိဗဒ္ဓ အချင်းချင်းထိလျှင်သော်ရင်း, အမှတ်မရှိသည့် ကာယ, ကာယပဋိဗဒ္ဓဖြင့် ကာယ, ကာယပဋိဗဒ္ဓကို မေထုနရာဂ, ဂေဟာသိတပေမတို့ဖြင့် ထိလျှင်သော်ရင်း, တိရစ္ဆာန်နှင့် လူယောင်ဆောင် နတ်ဘီလူးတို့ဆိုင်ရာ ဧကတော အဝဿုတဖြင့် ထိမှု မှန်သမျှ၌သော်ရင်း, သာယာမှုတို့၌ ဒုက္ကဋ်အာပတ် သင့်ပါသည်။

**မေး** ။ ။ ဥဘတော အဝဿုတဖြစ်၍ တတောင်ဆစ်အထက် လက်မောင်းကို သုံးသပ်ရာ၌ သာယာသော ရဟန်းမအား အဘယ့်ကြောင့် အဘယ်အာပတ် သင့်သနည်း။

**ဖြေ** ။ ။ တတောင်ဆစ်အထက် လက်မောင်းကို ဥဗ္ဘဇာဏုမဏ္ဍလဖြင့် ရေတွက်အပ်သောကြောင့် လက်မောင်းကို သုံးသပ်ရာ၌ သာယာသော ရဟန်းမအား ပါရာဇိက အာပတ် သင့်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ သုန္ဒရီနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကိုယ်ဖြင့်နှီးနှောခြင်းသို့ ရောက်ခြင်း(ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➢ **ရဟန်းမ၏လက်ကို ပါရာဇိကခေတ်+ ထုလ္လစ္စည်းခေတ် ပိုင်းခြားပုံ**

တတောင်ဆစ်မှ အထက်, လက်မောင်းရင်းတိုင်အောင်သည် ပါရာဇိကခေတ်။ တတောင်ဆစ်မှအောက် လက်သည်းဖျားတိုင်အောင်သည် ထုလ္လစ္စည်းခေတ် ဖြစ်သည်။

**၆။ ဝဇ္ဇပ္ပဋိစ္ဆာဒိကာ သိက္ခာပုဒ်**

➢ **ဂဏာသ—အရ** ။ ။ မိမိမှတစ်ပါး အခြားသော ဘိက္ခုနီမတို့ကို ယူရပါမည်။

➢ **နာသိတာ အဓိပ္ပါယ်** ။ ။ အသွင်ကို ပျက်ခြင်းဖြင့် ကိုယ်ဖျက်ဆီးအပ်သော ဘိက္ခုနီမကိုရင်း, အခြားသူတို့က ဖျက်ဆီးအပ်သော ဘိက္ခုနီမကိုရင်း "နာသိတာ"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



▶ **အဝဿဋာ အဓိပ္ပါယ်** ။ ။ တိတ္ထိဘောင်သို့ ပြောင်းရွှေ့သွားသော ဘိက္ခုနီမကို "အဝဿဋာ"ဟု ခေါ်ပါသည်။

▶ **ဖုံးထားသော ရဟန်းမ၏ ပြောဆိုရာအခါပြ ပါဠိ** ။ ။ "ပုဗ္ဗေဝါဟံ အယျေ အညာသိ" ဖြစ်ပါသည်။

▶ **အပြစ်ကို ဖုံးကွယ်ထားသော ဘိက္ခုနီမ၏ ပါရာဇိက ကျရာကာလ**

ထိုအပြစ်ကို မည်သူ့ကိုမျှ မပြောတော့အံ့ဟု ဝန်ချအပ်ကာမျှ၌ ပါရာဇိက ကျပါသည်။

**မေး** ။ ။ ဝဇ္ဇပဋိစ္ဆာဒိကာ ရဟန်းမသည် ဖုံးထားကြောင်းကို ဝန်ခံသည့်အခါမှ ပါရာဇိက ကျပါသလော? ရှင်းပြပါ။

**ဖြေ** ။ ။ ဝန်ခံသည့်အခါမှ ပါရာဇိက ကျသည်မဟုတ်၊ မည်သူ့ကိုမျှ မပြောကြားတော့အံ့ဟု ဝန်ချကာမျှ၌ပင် ပါရာဇိက ကျပါသည်။

▶ **ဘိက္ခုနီမကို ပါရာဇိက ကျနေမှန်းသိသော်လည်း မိမိအသက် အန္တရာယ် စိုးရိမ်ရသောကြောင့် မပြောခဲ့တဲ ဖုံးထားသော ဘိက္ခုနီ ပါရာဇိက ကျ/မကျ**

ဘိက္ခုနီ ဝဇ္ဇပဋိစ္ဆာဒိကာသည် ဘိက္ခုသပ္ပါဏကဝဂ် ဒုဋ္ဌုလ္လပါစိတ်နှင့် အလားတူသောကြောင့် ဘိက္ခု ဒုဋ္ဌုလ္လ သိက္ခာပုဒ် အနာပတ္တိဝါရ၌ကဲ့သို့ပင် မှတ်ယူရမည်ဖြစ်၍ ဝဇ္ဇပဋိစ္ဆာဒိကာ ပါရာဇိက မကျပါ။

**မေး** ။ ။ အဘယ်ဘိက္ခုနီမသည် ဝဇ္ဇပဋိစ္ဆာဒိကာ-မည်သော ပါရာဇိက ကျပါသနည်း။

**ဖြေ** ။ ။ မိမိအသွင်၌တည်သော ဘိက္ခုနီမ၏ ပါရာဇိက ကျမှန်းသိပါလျက် ယခုအခါ ထိုအကြောင်းကို မည်သူ့ကိုမျှ မပြောကြားတော့အံ့ဟု လုံ့လကို ချအပ်ပြီးကာမျှ၌ပင် ဘိက္ခုနီမသည် ဝဇ္ဇပဋိစ္ဆာဒိကာမည်သော ပါရာဇိက ကျပါသည်။

▶ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကိုယ်တိုင်လည်း မစောဒနာ၊ ဂိုဏ်းအားလည်း မလျှောက်ထားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

▶ **သိက္ခာပုဒ် ၂-ခု အထူး** ။ ။ ဘိက္ခု ဒုဋ္ဌုလ္လာပတ္တိပဋိစ္ဆာဒန သိက္ခာပုဒ်၌ ပါစိတ်အာပတ် သင့်ပါသည်။ ဘိက္ခုနီ ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပုဒ်၌ ပါရာဇိကအာပတ် သင့်ပါသည်။ ဤသို့ ထူးပါသည်။

## ၃။ ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပုဒ်

▶ **ဥက္ခိတ္တ ဘိက္ခု-၌ ဘိက္ခု-အရ** ။ ။ အာပတ်ကို မရှုခြင်း စသည်တို့ကြောင့် နှင်ထုတ်အပ်သော ရဟန်းကို ယူရပါမည်။

▶ **ဓမ္မ၊ ဝိနယ၊ သတ္ထုသာသန အဓိပ္ပါယ်** ။ ။ ဟုတ်မှန်သော ဝတ္ထုကို "ဓမ္မ" ဟု ခေါ်ပါသည်။ စောဒနာ သာရဏာ ဝိနည်းကို "ဝိနယ"ဟု ခေါ်ပါသည်။ စောဒနာ

http://www.dhammadownload.com



သာရဏကို ပြုခြင်းတည်းဟူသော မြတ်စွာဘုရား အဆုံးအမတော်ကို "သတ္ထုသာသန" ဟု ခေါ်ပါသည်။

➢ **အနာဒရ အဓိပ္ပါယ်** ॥ ॥ ဥက္ခေပနီယကံ ပြုအပ်သော သံဃာအားလုံး၌သော်ငင်း, သံဃာ၌ အကျုံးဝင်သော ဂိုဏ်း၌သော်ငင်း, တစ်ပါးတည်းသော ပုဂ္ဂိုလ်၌သော်ငင်း, ဥက္ခေပနီယကံ၌သော်ငင်း ရိုသေလေးစားခြင်းမရှိ ကောင်းစွာ မကျင့်သူကို "အနာဒရ"ဟု ခေါ်ပါသည်။

➢ **ဝဋ္ဋကာရ (ကူစားခြင်း) ဟူသည်** ॥ ॥ သံဃာ,စသည်ကို ရိုသေလေးစား၍ ကောင်းစွာကျင့်လျှင် သံဃာတွင်းသို့ပြန်၍ ဉတ်ကမ္မဝါစာဖြင့် သွင်းခြင်းပင် ဖြစ်ပါသည်။ ➢ **အပ္ပဋိကာရ အဓိပ္ပါယ်** ॥ ॥ ဉတ်ကမ္မဝါစာဖြင့် သံဃဘောင်သို့ မသွင်းရသေးသူကို "အပ္ပဋိကာရ" ဟု ခေါ်ပါသည်။

➢ **အကတသဟာယံ-၌ သဟာယ+အကတသဟာယ ခွဲခြားပုံ**

ကေကမ္မ, ဧကုဒ္ဒေသ, သမသိက္ခတာ-ဟူသော သံဝါသ၌ တကွဖြစ်ခြင်းအားဖြင့် တူသော သံဝါသရှိကုန်သော ရဟန်းတို့သည် "သဟာယ" မည်ပါသည်။

ဧကုဒ္ဒေသ,စသော သံဝါသ၌ အဖော်မပြုအပ်သော ရဟန်း, တူသော သံဝါသ ရှိသူအဖြစ်သို့ မကပ်ရောက်သောရဟန်းသည် "အကတသဟာယ" မည်ပါသည်။

➢ **အနုဝတ္တန (အစဉ်လိုက်ပုံ) အဓိပ္ပါယ်** ॥ ॥ ဥက္ခိတ္တကရဟန်း ယူသောအယူကို လိုက်၍ ယူခြင်းသည် "အနုဝတ္တန (အစဉ်လိုက်ပုံ) မည်ပါသည်။

➢ **ဥက္ခိတ္တာနုဝတ္တိကာ ပါရာဇိကအာပတ် သင့်ရာကာလ** ॥ ॥ ဘိက္ခုနီမတို့သည် ဘိက္ခုနီမကို သံဃဘေဒက စသည်တို့၌ ဆိုခဲ့ပြီးသောနည်းဖြင့် အသီးအခြားဖြစ်စေ, သံဃာအလယ်၌ဖြစ်စေ, ပြောဆိုအပ်ပါလျက် အယူကို မစွန့်လတ်သော် သမနုဘာသနကံ၏ အဆုံး၌ ဥက္ခိတ္တာနုဝတ္တိကာမည်သော ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နှင်ထုတ်အပ်သော ရဟန်းသို့ လိုက်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➢ **ဥက္ခိတ္တာနုဝတ္တိကာ ဘိက္ခုနီမ အာပတ်သင့်ပုံ** ॥ ॥ ကမ္မဝါစာဖြင့် ဆုံးမရာတွင် ဉတ်ကြောင့် ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာနှစ်ကြိမ်တို့ကြောင့် ထုလ္လစ္စည်းအာပတ် ၂-ချက်၊ "ယဿ နက္ခမတိ သာ ဘာသေယျ"တွင် ယ-အက္ခရာသို့ရောက်သော တတိယ ကမ္မဝါစာကြောင့် ပါရာဇိကအာပတ် သင့်ပါသည်။

## ၈။ အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်

➢ **အဝဿုတာ အဓိပ္ပါယ်** ॥ ॥ လူအပေါင်းသည် သာယာအပ်သော မိတ်ဆွေ

http://www.dhammadownload.com



ဖွဲ့ခြင်း၏ အစွမ်းဖြင့် ကာယသံသဂ္ဂရာဂ စိုစွပ်သည်ကို "အဝဿုတာ"ဟု ခေါ်သည်။

➤ **အဝဿုတာ-တို့၏ ထူးခြားမှုက်** ။ ။ ဘိက္ခုနီ ပါရာဇိက အဋ္ဌဝတ္ထုကသိက္ခာ ပုဒ်လာ အဝဿုတာ-သဒ္ဒါကား လူအပေါင်းသည် သာယာအပ်သော မိတ်ဆွေဖွဲ့ခြင်း၏ အစွမ်းဖြင့် ကာယသံသဂ္ဂရာဂဖြင့် စွပ်စိုခြင်း ဖြစ်ပါသည်။ ပဌမ သံဃာဒိသိသ် (ဉပ္ပဇာကာမဏ္ဍလိကာ) လာ အဝဿုတာ-သဒ္ဒါကား ဆန္ဒရာဂဖြင့် စွပ်စိုခြင်း ဖြစ်ပါသည်။ ဤသို့ ထူးခြားပါသည်။ .

➤ ပုရိသပုဂ္ဂလ-အရ ။ ။ ကာယသံသဂ္ဂသို့ ရောက်ခြင်းငှာ တတ်သိနားလည်သော လူဇာတ်ရှိသော ယောကျ်ားကို ယူရပါမည်။

➤ ဟတ္ထဂ္ဂဟဏ-အရ ။ ။ ပါရာဇိကခေတ် မဟုတ်သော ကိုယ်အင်္ဂါကို ယူရမည်

➤ ဟတ္ထဂ္ဂဟဏမည်ပုံ ။ ။ ပါရာဇိကခေတ် မဟုတ်သော ကိုယ်အင်္ဂါကို ကိုင်ခြင်းသည် "ဟတ္ထဂ္ဂဟဏ" မည်ပါသည်။

➤ **သင်္ဃာဋိကဏ္ဏ-အရ** ။ ။ ဝတ်အပ်သော သင်းပိုင်, ရန်းအပ်သော ကေသီသက်န်းကြီးကို ယူရပါမည်။

➤ **သင်္ဃာဋိ ကဏ္ဏဂ္ဂဟဏ မည်ပုံ** ။ ။ ဝတ်အပ်သော သင်းပိုင်ကိုသော်၎င်း, ရန်းအပ်သော ကေသီသက်န်းကြီးကိုသော်၎င်း ကိုင်ခြင်းသည် သင်္ဃာဋိကဏ္ဏဂ္ဂဟဏ မည်ပါသည်။

➤ **အဋ္ဌဝတ္ထုကာမည်သောပါရာဇိကအာပတ် သင့်ပုံ** ။ ။ ဘိက္ခုနီမသည် ကာယသံသဂ္ဂ-ဟု ဆိုအပ်သော မသူတော်တို့၏အကျင့်ကို မှီဝဲခြင်းအကျိုးငှာ ဝတ္ထုရှစ်ပါးတို့ကို အစဉ်အားဖြင့်သော်၎င်း, အစဉ်မဟုတ်သောအားဖြင့်သော်၎င်း, ပြည့်စေခြင်းကြောင့် အဋ္ဌဝတ္ထုကာမည်သော ပါရာဇိကအာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းမ (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ ရှစ်ခုမြောက်ဝတ္ထုကို ပြည့်စေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ချိန်းချက်ရာအရပ်သို့ သွားခြင်းကြောင့် ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်၊ ချိန်းချက်သော ယောကျ်ား၏ ဟတ္ထပါသ်သို့ သက်ရောက်အပ်ကာမျှ ဖြစ်လတ်သော် ထုလ္လစ္စည်းအာပတ်၊ ယောကျ်ား၏ ရှေးရှုလာခြင်းကို သာယာခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ်၊ ဟတ္ထပါသ်သို့ရောက်ခြင်းကြောင့် ထုလ္လစ္စည်းအာပတ်၊ ကြွင်းဝတ္ထုတို့တွင် တစ်ပါးပါးသော ဝတ္ထုကြောင့် ထုလ္လစ္စည်းအာပတ်၊ ရှစ်ခုမြောက်ဝတ္ထု ပြည့်လတ်သော် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်၌ ဝတ္ထုတစ်မျိုးမျိုးကို ကျူးလွန်သော ရဟန်းမအား**

http://www.dhammadownload.com



**သင့်ရောက်သော အာပတ်** ။ ။ ထုလ္လစ္စည်းအာပတ် တစ်ချက်စီ သင့်ပါသည်။

➤ **ယင်းအာပတ်ကို ဒေသနာကြားရာ ရောက်/မရောက်** ။ ။ အဌဝတ္ထုကာ ပါရာဇိကဌ် ဝတ္ထုတစ်မျိုးမျိုးကို ကျူးလွန်မိလျှင် ထုလ္လစ္စည်းအာပတ် သင့်ပါသည်။ ဒေသနာကြားရာ၌ အာယတိံသံဝရစိတ်ဖြင့် ဒေသနာကြားမှသာ ဒေသနာကြားရာ ရောက်၍ ထိုအာပတ်မှ ထမြောက်ပါသည်။ အာယတိံသံဝရစိတ် မရှိဘဲ ဒေသနာ ကြားလျှင်ကား ဒေသနာ ကြားရာမရောက်, ထိုအာပတ်မှ မထမြောက်ပါ။

➤ **ဂဏ္ဍ ိကာ အာပတ် အဓိပ္ပါယ်** ။ ။ ရှစ်ပါးသော ဝတ္ထုတို့တွင် တစ်ခုခုကို လွန်ကျူးပြီးနောက်, နောင်မလွန်ကျူးတော့ဟု ဓုရနိက္ခေပပြု၍ ဒေသနာကြားသော အာ က်သည် ပါရာဇိက အရေအတွက်သို့ မရောက်သောကြောင့် " ဂဏာနူပိကာ " ဒ. ပတ် မည်ပါသည်။

➤ **အဂဏာနူပိကာအာပတ် အဓိပ္ပါယ်** ။ ။ အာပတ်သင့်ပြီး၍ နောင်တွင်လည်း တစ်ပါးသော ဝတ္ထုသို့ ရောက်ဦးအံ့--ဟု အားထုတ်ခြင်းနှင့်တကွ ဖြစ်၍သာလျှင် ဒေသနာကြားသော ရဟန်းမ၏ အာပတ်သည် "အဂဏာနူပိကာအာပတ်" မည်၏။

➤ **ဂဏာနူပိကာအာပတ်နှင့် အဂဏာနူပိကာအာပတ် အဆူး** ။ ။ ဂဏာနူပိကာ အာပတ်သည် ဒေသနာကြားခြင်း အရေအတွက်သို့ ရောက်၏၊ ပါရာဇိကအင်္ဂါ မဖြစ်။ အဂဏာနူပိကာ အာပတ်ကား ဒေသနာကြားခြင်း အရေအတွက်သို့ မရောက်၊ ပါရာဇိက အင်္ဂါဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

➤ **ဝတ္ထု (၈)ခုပြည့်သော်လည်း ပါရာဇိက မကျနိုင်ပုံ** ။ ။ အကြင်ရဟန်းမသည် တစ်ပါးသော အာပတ်သို့ရောက်ပြီး၍ နောင်မပြုအံ့ဟု လွှဲလျှောမှုကိုပြုကာ ဒေသနာ ကြားပြီး တစ်ဖန်ကိလေသာ၏အစွမ်းဖြင့် ရောက်၏၊ တစ်ဖန်လည်း ဒေသနာကြား၏၊ ဤနည်းအားဖြင့် ဝတ္ထု ရှစ်ခုပြည့်သော်လည်း ပါရာဇိက မကျနိုင်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ကာယသံသဂ္ဂရာဂဖြစ်ခြင်း၊ (၂) အားထုတ် ခြင်းနှင့်တကွဖြစ်သူ ဖြစ်ခြင်း၊ (၃) ရှစ်ခုမြောက်ဝတ္ထု၏ ပြည့်ခြင်း-တို့ ဖြစ်ပါသည်။

**ဘိက္ခုနီ ပါရာဇိကအဖွင့် ပြီး၏။**

❀ ❀ ❀ ❀ ❀

## သံဃာဒိသေသကဏ္ဍ/ (၁) ဥဿယဝါဒိကာ သိက္ခာပုဒ်

➤ **ဥဿယဝါဒိကာ အဓိပ္ပါယ်** ။ ။ ထောင်လွှားတက်ကြွသော မာန်မာန၏ အစွမ်း ဖြင့်သော်ငြင်း, ထောင်လွှားတက်ကြွသော ကောဓ၏ အစွမ်းဖြင့်သော်ငြင်း, တရားစွဲမှု ပြုခြင်းအကျိုးငှာ တရားသူကြီးတို့၏ အထံ၌ ငြင်းခုံလျက်နေသော ဘိက္ခုနီမကို "ဥဿယ ဝါဒိကာ" ဟု ခေါ်ပါသည်။

http://www.dhammadownload.com



➤ **ဥဿယ–အရ** ॥ ॥ တက်ကြွသော မာန, ခက်ထန်သော ဒေါသကို ယူရမည်။

➤ **သမဏာပရိဗ္ဗာဇကာ–အရ** ॥ ॥ သိတင်းသုံးဖော် ငါးဦးမှတစ်ပါး လှူဝတ်ကြောင် ရသေ့ပရိဗိုဇ်များကို ယူရပါမည်။ ➤ **ဂဟပတိ–အရ** ▪ သိတင်းသုံးဖော်ငါးဦးတို့မှတပါး ကြွင်းကုန်သော အိမ်၌တည်သူနှင့် ရသေ့, ပရိဗိုဇ်တို့ကို ယူရပါမည်။

➤ **ပဌမာပတ္တိကာ အစီပွါယ်** ॥ ॥ ရှေးဦးစွာ လွန်ကျူးဆဲခဏ၌ သင့်ရောက်ခြင်း ရှိသော အာပတ်သည် "ပဌမာပတ္တိကာ" မည်ပါသည်။

➤ **ဥဿယဝါဒိကာ သံဃာဒိသိသ်အာပတ် သင့်သောအခါ** ॥ ॥ ဆုံးဖြတ်ချက် ချပြီးသောအခါ ဥဿယဝါဒိကာ သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➤ **သံဃာဒိသိသ်အာပတ်၏ နိဿာရဏီယဖြစ်ပုံ /ဘိက္ခုနီ သံဃာဒိသေသ် အာပတ်ကို နိဿာရဏီယ–ဟု ဆိုရကြောင်း** ॥ ॥ သံဃာဒိသိသ်အာပတ် သင့်သူသည် မာနတ်ဆောက်တည်ခိုက်၌ ထိုမာနတ်နှင့်ဆိုင်သော ကျင့်ဝတ်များကို ကျင့်နေရသည် ဖြစ်၍ သံဃာမှ နှင်ထုတ်ရာရောက်သောကြောင့် "နိဿာရဏီယ" ဟု ဆိုရပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ॥ ॥ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ထောင်လွှားဘိတုံ မာန်အမျက်ဟုန်ဖြင့် ငြင်းခုံခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **တရားစွဲဆိုသော ဘိက္ခုနီမအား တရားပြီးဆုံးသည့်တိုင်အောင် သင့်ရောက် ထိုက်သော အာပတ်နှင့် သင့်ပုံ အခြင်းအရာ/** ➤ **တရားတွေ့သော ဘိက္ခုနီမအား အာပတ်သင့်ရာအခါ** ॥ ॥ တရားတွေ့ရန် အဖော်ရှာခြင်း, သက်သေရှာဖွေခြင်း,စသော ပုဗ္ဗပယောဂ၌ဒုက္ကဋ်၊ တရားတွေ့အံ့-ဟု စိတ်ဖြစ်သည်မှစ၍ တရားတွေ့ရန် သွားရာ၌ဒုက္ကဋ်။ ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်၊ တရားတွေ့ရာ၌ တစ်ဦးက ပထမ စပြောမှု ဒုက္ကဋ်အာပတ်၊ နောက်တစ်ဦးက ထပြောမှု ထုလ္လစ္စည်းအာပတ်၊ စီရင်ချက် ချပြီးအဆုံး၌ နိုင်သည်ဖြစ်စေ, ရှုံးသည်ဖြစ်စေ, သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ပုဂ္ဂိုလ်များ** ॥ ॥ ရန်သူတို့က တမန်စေ၍ ဖြစ်စေ, ကိုယ်တိုင်ဖြစ်စေ, "အရှင်မ လာလော့"ဟု ဆွဲခေါ်သဖြင့် လိုက်သွား၍ ပြောရသော ရဟန်းမ၊ ကျောင်း၌ အခြားသူတို့ ဖျက်ဆီးသွားသည်ကို မည်သူ မည်ဝါဟု မညွှန် ပြဘဲ တိုင်ကြားလျက် အစောင့်အရှောက်တောင်းသော ရဟန်းမ၊ တရားသူကြီးတို့က အခြားသူတို့ထံမှ ကြား၍ ကိုယ်တိုင်တရားပြီးဆုံးစေသော ရဟန်းမတို့အား တရား တွေ့သော်လည်း အာပတ်မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂–ပါး** ॥ ॥ (၁) အခြားသူတို့က မဆွဲငင်အပ်ဘဲ တရားစွဲမှုကို ပြုခြင်း (၂) တရားစွဲခြင်း၏ ပြီးဆုံးခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## ၂။ စောရီဝုဋ္ဌာပိကာ သိက္ခာပုဒ်

➤ **စောရီ အဓိပ္ပါယ်** ။ ။ ငါးပဲထိုက်တန်သော ဝတ္ထုမှစ၍ သူတစ်ပါးဥစ္စာကို ခိုးယူသော မိန်းမသည် "စောရီ" မည်ပါသည်။

➤ **စောရီ-အရ** ။ ။ နီလကဟာပဏ တစ်မတ်ထက်မှစ၍ သူများပိုင်ပစ္စည်းများကို ခိုးသဖြင့် ထိုခေတ် ဥပဒေ-အရ သတ်ထိုက်သည့် သူခိုးမကို ယူရပါမည်။

➤ **ဝဇ္ဈဝိဒိတ အဓိပ္ပါယ်** ။ ။ ခိုးမှုကြောင့် သတ်ထိုက်သူမ-ဟု ထင်ရှားသော ခိုးသူမကို "ဝဇ္ဈဝိဒိတ"ဟု ခေါ်ပါသည်။

➤ **ဂဏ အဓိပ္ပါယ်** ။ ။ ဗိသုကာကို ကိုးကွယ်ဆည်းကပ်သူအပေါင်း, ကာဒဲနတ်ကို ကိုးကွယ်ဆည်းကပ်သူအပေါင်း, စသည်သည် "ဂဏ" မည်ပါသည်။

➤ **ဂဏ-အရ** ။ ။ မလ္လဂိုဏ်း, ဘဋိပုတ္တဂိုဏ်း,စသည့် လူမှုရေးအသင်း အမျိုးမျိုးကို ယူရပါမည်။

➤ **ပူဂ အဓိပ္ပါယ်** ။ ။ သာသနာကို ကိုးကွယ်ဆည်းကပ်သူ, ကောင်းမှုပြုသူ အပေါင်းသည် "ပူဂ" မည်ပါသည်။

➤ **ပူဂ-အရ** ။ ။ တရားရေး အဖွဲ့အစည်းကို ယူရပါမည်။

➤ **သေဏိ အဓိပ္ပါယ်** ။ ။ နံ့သာကုန်သည်အပေါင်း, အထည်ကုန်သည်အပေါင်း စသည်သည် "သေဏိ" မည်ပါသည်။

➤ **သေဏိ-အရ** ။ ။ နံ့သာကုန်သည် အထည်ကုန်သည်,စသည့် ကုန်သည်အဖွဲ့ကို ယူရပါမည်။

➤ **ဂဏ-သဒ္ဒါ ၃-စုတို့၏ ခြားနားပုံ** ။ ။ ဒုတိယ သိက္ခာပုဒ်၌ မလ္လဂဏ, ဘဋိပုတ္တဂဏ,စသော ဂိုဏ်းသည် "ဂဏ" မည်ပါသည်။ တတိယသိက္ခာပုဒ်၌ တစ်ယောက်ပင် ဖြစ်စေကာမူ အဖော်ဖြစ်သော ဘိက္ခုနီမသည် "ဂဏ" မည်ပါသည်။ စတုတ္ထ သိက္ခာပုဒ်၌ ကာရက သံဃာသည် "ဂဏ"မည်ပါသည်။ ဤသို့ ခြားနားပါသည်။

➤ **ဂဏ, စသည်တို့ကို ပန်ကြားရခြင်းအကြောင်း/ ဂဏံ ဝါ,စသော စကားကို ဟောတော်မူရခြင်း၏ ရည်ရွယ်ချက်** ။ ။ မင်းတို့သည် ဂဏ,စသည်တို့အား ဤရွာနိဂုံး၌ သင်တို့သည်သာ ဆုံးမကြကုန်, အုပ်ချုပ်ကြကုန်ဟု ပြော၍ ရွာနိဂုံးတို့ကို အပ်နှင်းကြကုန်၏၊ ထိုထိုအရပ်၌ ဂဏ,စသူတို့သည်ပင် အစိုးရသောကြောင့် အစိုးရသော ဂဏ,စသူတို့ကို ရည်ရွယ်၍ "ဂဏံ ဝါ"စသော စကားကို မိန့်တော်မူပါသည်။

➤ **အညတြ ကပ္ပါ-၌ ကပ္ပ-အရ/ ကပ္ပ အဓိပ္ပါယ်** ။ ။ တိတ္ထိဘောင်တို့ထံ၌ ရှင်ပြုဖူးသော မိန်းမနှင့် အခြားရဟန်းမတို့ထံ ရှင်ပြုဖူးသော မိန်းမတို့ကို ယူရမည်။

➤ **အာပတ်သင့်ပုံ** ။ ။ စောရီမကို ရဟန်းခံပေးရာ၌ ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်း

http://www.dhammadownload.com



ခံ ပေးသော ဘိက္ခုနီမသည် ကာရကသံဃာဟူသော ဂိုဏ်းကိုရှာခြင်း, ကမ္မဝါစာ ဆရာမကို ရှာခြင်း, သပိတ် သင်္ကန်းတို့ကို ရှာခြင်းတို့ကြောင့်ရင်း၊ သိမ်သမုတ်ခြင်းတို့ကြောင့်ရင်း၊ ဉတ်ကြောင့်ရင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။ ကမ္မဝါစာ နှစ်ကြိမ်တို့ကြောင့် ထုလ္လစဥ်းအာပတ် သင့်ပါသည်။ ကမ္မဝါစာအဆုံး၌ သံဃာဒိသိသ်အာပတ် သင့်၏။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ဗုဒ္ဓိလ်)ကို အကြောင်းပြု၍ ခိုးသူမကို ထမြောက်စေခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

➤ **ခိုးသူမကို ရဟန်းပြုပေးသော်လည်း အာပတ် မသင့်ခြင်းအကြောင်း**

မင်း,စသည်တို့ကို ပန်ပြောပြီး၍ ရဟန်းပြုပေးသောကြောင့်ရင်း, ရဟန်းပြုဖို့ရန် အပ်သောမိန်းမကို ရဟန်းပြုပေးသောကြောင့်ရင်း, အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ။ ။** (၁) ခိုးသူမဖြစ်ခြင်း (၂) ခိုးသူမ-ဟု အမှတ်ရှိသူဖြစ်ခြင်း၊ (၃) ခွင့်ပြုတော်မူအပ်သော အကြောင်းကိုကြဉ်၍ ထမြောက်စေခြင်း။

## ၃။ ဧကဂါမန္တရဂမန သိက္ခာပုဒ်

➤ **ကောဝါ ဂါမန္တရ် ဂစ္ဆေယျ-အရ အာပတ်သင့်ပုံ ။ ။** မိမိရွာမှထွက်သော ရဟန်းမသည် ထွက်ရုံမျှဖြင့် အာပတ် မသင့်သေးပါ၊ ထွက်ပြီး၍ အခြားရွာသို့ သွားသော ရဟန်းမအား ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်၊ အခြားရွာတစ်ရွာ၏ အကာအရံကိုသော်ရင်း, ဥပစာကိုသော်ရင်း, ပထမခြေလှမ်းလွန်သော် ထုလ္လစဥ်းအာပတ်၊ ဒုတိယခြေလှမ်းလွန်ကာမျှ ဖြစ်လတ်သော် သံဃာဒိသိသ်အာပတ် သင့်ပါသည်။

**အမှာ/** အခြားရွာမှထွက်၍ တစ်ဖန် မိမိရွာသို့ ဝင်သောရဟန်းမအားလည်း ထို့အတူ အာပတ်သင့်သည်ဟု မှတ်ပါ။

➤ **ကပ္ပိယဘူမိ (အပ်သောမြေ) ။ ။** ကျိုးသော တံတိုင်းဖြင့်ရင်း, စည်းရိုးအပေါက်ဖြင့်ရင်း, ဘိက္ခုနီတို့၏ ကျောင်းမြေသို့ ဝင်နိုင်ပါက ဝင်သောရဟန်းမသည် ကပ္ပိယဘူမိ (အပ်သောမြေ)သို့ ဝင်သည်မည်ပါသည်။

➤ **အကပ္ပိယဘူမိ (မအပ်သောမြေ) ။ ။** ရွာပြင်ဘက်၌တည်၍ မိမိရွာသို့ရင်း, သူတစ်ပါးသို့ရင်း, ဝင်ပါက အကပ္ပိယဘူမိ ဖြစ်ပါသည်။ (ထို မအပ်သော မြေဖြင့် ခြေလျှင် ဝင်ပါက အာပတ်သင့်၏။)

➤ **ဂါမန္တရဂမန အာပတ် မသင့်ခြင်းအကြောင်း ။ ။** အခြားရွာမှ မိမိကျောင်းသို့ ပြန်လာသောအခါ ရွာပေါက်မှ မဝင်ဘဲ တံတိုင်းပေါက်, စည်းရိုးပေါက်တို့မှ ကျောင်းသို့ ဝင်လျှင် ဂါမန္တရ မဟုတ်သောကြောင့် အာပတ် မသင့်ပါ။

➤ **ကောဝါ နဒီပါရံ ဂစ္ဆေယျ-အရ အာပတ်သင့်ပုံ ။ ။** တစ်ဘက်ကမ်းသို့သွားသော

http://www.dhammadownload.com



ရဟန်းမအားရင်း၊ မြစ်အလယ်၌ အဖော်နှင့်အတူ ငြင်းခုံရန်ဖြစ်၍ တစ်ဖန် ဤဘက် ကမ်းသို့ ပြန်ကူးလာသော ရဟန်းမအားရင်း၊ ပထမခြေ ကြွမြောက်၍ ကမ်း၌ ထား အပ်ရာခဏ၌ ထုလ္လစ္စည်းအာပတ်၊ ဒုတိယခြေ ကြွမြောက်ရာအခါ၌ သံဃာဒိသိသ် အာပတ် သင့်ပါသည်။

➤ **နဒီပါရဂမနအာပတ် မသင့်ပုံ** ။ ။ တန်ခိုး၊ တံတား၊ ယာဉ်၊ လှေတို့ဖြင့် တစ်ဘက် ကမ်းသို့ သက်ဆင်းခြင်းငှာရင်း၊ ရေချိုးလိုခြင်း၊စသော အကြောင်းကြောင့် သက်ဆင်းပြီး ဤဘက်ကမ်းသို့ ခြေဖြင့် ပြန်တက်ခြင်းငှာရင်း အပ်ပါသည်။ နဒီပါရဂမနအာပတ် မသင့်ပါ။

➤ **နဒီပါရံ ဂစ္ဆေယျ-၌ နဒီ-အရ** ။ ။ ပုဆစ်ဒူးဝန်းနှစ်ဘက်, ချက်ဟူသော အဝန်း သုံးပါးကို ဖုံးလွှမ်းကာ သင်းပိုင်ကို မမြောက်ဘဲ တက်သွားသောရဟန်းမ၏ လက် တစ်သစ် နှစ်သစ်မျှ သင်းပိုင်ကို ရေစွပ်လောက်သောရေကို နဒီ-အရ ယူရပါမည်။

➤ **ဧကာ ဝါ ရတ္တိံ ဝိပ္ပဝသေယျ-အရ အာပတ်သင့်ပုံ** ။ ။ အရုဏ်မတက်မီ အဖော်မ၏ ဟတ္ထပါသ်သို့ သက်ဆင်းအံ့-ဟု နှလုံးမသွင်းဘဲ အခန်းတစ်ခုတည်း၌ အဖော်မ၏ ဟတ္ထပါသ်လွန်ရာအရပ်၌ ရပ်လျှက် အရုဏ်တက်စေသော ရဟန်းမအား ရတ္တိဝိပ္ပဝါသအာပတ် သင့်ပါသည်။

➤ **ဧကာဝါ ဂဏမှာ-၌ ဂဏ-အရ /ဂဏမှာ ဩဟီယေယျ-၌ ဂဏ-အရ**

အဖော် ဘိက္ခုနီမ တစ်ပါးပါးကိုပင် ဂဏ-အရ ယူရပါမည်။ (ဝါ) တစ်ယောက် သော ဘိက္ခုနီမမျှကိုလည်း ဂဏ-အရ ယူရပါမည်။

➤ **ဩဟီယေယျ-အရ** ။ ။ ဒဿနူပစာရ-မြင်နိုင်သည့်အရပ်၊ သဝနူပစာရ-အသံ ကြားနိုင်သည့်အရပ်တို့ကို စွန့်ခြင်းကို ယူရပါမည်။

➤ **ဩဟီယန အစိပ္ပါယ်** ။ ။ မြင်လောက်ရာအရပ်, ကြားလောက်ရာအရပ်ဟူ သော ဒဿနူပစာရ သဝနူပစာရတို့ကို လွန်၍ ချန်ရစ်နေခြင်းကို "ဩဟီယန"ဟု ခေါ်ပါသည်။

➤ **ဂဏဩဟီယန အာပတ်သင့်ပုံ** ။ ။ တံခါးခုံကို ကျော်လွန်ရာအခါမှစ၍ ရွာ ပြင်ဘက်၌ သစ်ပင်, တိုင်, အဝတ်ကန့်လန့်ကာ,စသော ဝတ္ထုခြားကွယ်နေသော်လည်း သဝနူပစာရ ရှိစေကာမူ အဖော်မ၏ ဒဿနူပစာရကို စွန့်လတ်သော် ဂဏဩဟီယန အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ရွာတစ်ပါးသို့ သွားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

http://www.dhammadownload.com



➤ **အနုပညတ် ၃-မျိုး** ။ ။ (၁) ကောဝါ နဒီပါရံ ဂစ္ဆေယျ၊ (၂) ကောဝါ ရတ္တိံ ဝိပ္ပဝသေယျ၊ (၃) ကောဝါ ဂဏမှာ ဩဟီယေယျ-ဖြစ်ပါသည်။

➤ **သံဃာဒိသိသ်အာပတ် ၄-ချက် တစ်ပြိုင်နက်သင့်နိုင်ပုံ** ။ ။ အရုဏ်မတက်မီ မိမိရွာမှ ထွက်၍ အရုဏ်တက်ချိန်၌ တစ်ပါးသောရွာ၌ အကျုံးဝင်သော မြစ်တစ်ဖက်ကမ်းသို့ သက်ရောက်နေသော ရဟန်းမသည် သံဃာဒိသိသ်အာပတ် ၄-ချက် တပြိုင်နက် သင့်ပါသည်။

➤ **တစ်ယောက်တည်း သွားသော်လည်း အာပတ် မသင့်ခြင်းအကြောင်း** ·
အဖော်မသည် အရပ်တစ်ပါးသို့ ဖဲသွားသော်ရင်း၊ လူထွက်သော်ရင်း၊ သေသော်ရင်း၊ တိတ္ထိဘောင်သို့ ပြောင်းရွှေ့သွားသော်ရင်း ဘေးရန်တို့ကြောင့်သော်ရင်း၊ ရွာတစ်ပါး စသည်သို့ သွားသောရဟန်းမနှင့် ရူးသောရဟန်းမ စသည်တို့မှာ တစ်ယောက်တည်း သွားသော်လည်း အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အန္တရာယ် မရှိဘဲ တစ်ယောက်တည်းဖြစ်ခြင်း၊ (၂) ရွာတစ်ပါးသို့ သွားခြင်း၊စသည်တို့တွင် တစ်ပါးပါးသို့ရောက်ခြင်း၊ (၃) ဘေးရန် မရှိခြင်း-တို့ ဖြစ်ပါသည်။

### ၄။ ဥက္ခိတ္တက ဩသာရဏ သိက္ခာပုဒ်

➤ **ဥက္ခိတ္တံ ဘိက္ခုနိံ-အရ** ။ ။ အာပတ်ကို မရှုခြင်း၊စသော အကြောင်းတို့ကြောင့် နှင်ထုတ်ခံရသော ဘိက္ခုနီမကို ယူရပါမည်။

➤ **အနာညာယ ဂဏဿ ဆန္ဒံ-၌ ဂဏ-အရ** ။ ။ဥက္ခိတ္တကကံ ပြုသောဘိက္ခုနီ ကာရကသံဃာကို ယူရပါမည်။

➤ **ဩသာရေယျ အဓိပ္ပါယ်** ။ ။ သံဃာ့ဘောင်သို့ သွင်းကြောင်းကံကို ပြုခြင်းကို "ဩသာရေယျ"ဟု ဆိုပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ဩသာရဏကံ ပြုသောရဟန်းမအား ဂိုဏ်းကိုရှာမှီးခြင်းကြောင့်ရင်း၊ သိမ်သမုတ်ခြင်းကြောင့်ရင်း၊ ဉတ်ကြောင့်ရင်း၊ ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာနှစ်ကြိမ်တို့ကြောင့် ထုလ္လစ္စည်းအာပတ်၊ ကမ္မဝါစာအဆုံး၌ သံဃာဒိသိသ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (မုဋ္ဌိလ်) ကို အကြောင်းပြု၍ ကာရကသံဃာကို မပန်ပြောဘဲ ထိုကာရကသံဃာ၏ ဆန္ဒကို မသိဘဲ သံဃာ့ဘောင်သို့ သွင်းခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ ကာရကသံဃာကို ပန်ပြော၍သော်ရင်း၊ ဂိုဏ်း၏ ဆန္ဒကိုသိ၍သော်ရင်း၊ ၄၃-ပါးသော နေဝတ္တာရကျင့်ဝတ်၌ ကျင့်သောရဟန်းမကိုသော်

http://www.dhammadownload.com



ရင်း, ကာရကသံဃာ မရှိလတ်သော် သံဃာ့ဘောင်သို့ သွင်းသောရဟန်းမနှင့် ရှူးသော ရဟန်းမ စသည်တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) ဓမ္မကံဖြင့် နှင်ထုတ်အပ်သူဖြစ်ခြင်း၊ (၂) ခွင့်ပြုတော်မူအပ်သော အကြောင်းမှတစ်ပါး သံဃာ့ဘောင်သို့ သွင်းခြင်း။

**၅။ ဘောဇနပဋိဂ္ဂဟဏ ပဌမ သိက္ခာပုဒ်**

➤ **အဝဿုတ အဓိပ္ပါယ်** ။ ။ ဆန္ဒရာဂဖြင့် စိုစွတ်သည်ကို "အဝဿုတ" ဟု ခေါ်ပါသည်။

➤ **စါဒေယျာဝါ ဘုဉ္ဇေယျာဝါ-အရ အာပတ်သင့်ပုံ** ။ ။ ခဲဖွယ်ဘောဇဉ်ကို ခံယူခြင်းကြောင့် ထုလ္လစ္စည်းအာပတ်၊ စားမျိုတိုင်း သံဃာဒိသိသ်အာပတ်၊ ရေဒန်ပူကို ခံယူခြင်း သုံးဆောင်ခြင်းတို့ကြောင့် ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။ ဧကတော အဝဿုတဖြစ်ပါက ခံယူလျှင် ဒုက္ကဋ်၊ စားမျိုလျှင် ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ သုန္ဒရီနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဆန္ဒရာဂဖြင့် စိုစွတ်သော ယောကျ်ားတို့၏ လက်မှ အာမိသကို ခံယူခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ နှစ်ယောက်လုံး ဆန္ဒရာဂဖြင့် မစိုစွတ်လျှင်ရင်း, ဆန္ဒရာဂဖြင့် မစိုစွတ်သော ယောကျ်ားဟု သိလျှင်ရင်း, ယူသောရဟန်းမနှင့် ရှူးသော ရဟန်းမ, စသည်တို့ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) စားမျိုထိုက်သော ခဲဖွယ်ဘောဇဉ် ဖြစ်ခြင်း၊ (၂) နှစ်ဦးလုံး အဝဿုတဖြစ်ခြင်း၊ (၃) ယူခြင်း-တို့ ဖြစ်ပါသည်။

**၆။ ဘောဇနပဋိဂ္ဂဟဏ ဒုတိယ သိက္ခာပုဒ်**

➤ **တိုက်တွန်းသော ရဟန်းမ အာပတ်သင့်ပုံ** ။ ။ တိုက်တွန်းခြင်းကြောင့်ရင်း, တိုက်တွန်းခံရသော ရဟန်းမ၏ ခံယူခြင်းကြောင့်ရင်း, ဒုက္ကဋ်အာပတ်၊ တိုက်တွန်းခံရသူ စားမျိုခြင်း အရေအတွက်အားဖြင့် ထုလ္လစ္စည်းအာပတ်၊ စားခြင်းအဆုံး၌ သံဃာဒိသိသ် အာပတ်သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ တိုက်တွန်းခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ ဆန္ဒရာဂဖြင့် မစိုစွတ်သော ယောကျ်ားတည်းဟု သိ၍သော်ရင်း, အမျက်ထွက်၍ မခံယူဟု သိ၍သော်ရင်း, အမျိုးကိုသနားသောကြောင့် မခံယူဟု သိ၍သော်ရင်း, တိုက်တွန်းသောရဟန်းမ၊ ရှူးသောရဟန်းမ-တို့ ဖြစ်သည်။

http://www.dhammadownload.com



➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) လူယောက်ျားဖြစ်ခြင်း (၂) ခဲဖွယ်ဘောဇဉ်ကို ယူ၍ စားပါလော့ဟု တိုက်တွန်းခြင်း၊ (၃) တိုက်တွန်းခံရသော ရဟန်းမ စား၍ ပြီးဆုံးခြင်း-တို့ ဖြစ်ပါသည်။

➤ **သိက္ခ် ပဉ္စာစိက္ခဏ သိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ စဏ္ဍကာဠီ ဘိက္ခုနီမ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဗုဒ္ဓံ ပစ္စာစိက္ခာမိ, စသော စကားကို ပြောဆိုခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အဓိကရဏကုပိတ သိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိ ပြည် (နိဒါန်း) ၌ စဏ္ဍကာဠီ ဘိက္ခုနီမ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဆန္ဒဂါမိနိယောစ ဘိက္ခုနိယော,စသော စကားကို ပြောဆိုခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

**၁၂။ ပါပသမာစာရ ပဌမ သိက္ခာပုဒ်**

➤ **သံသဋ္ဌ အဓိပ္ပါယ် (ဘိက္ခုနီမများ သံသဋ္ဌမှု ပြုလုပ်နေကြပုံ)** ။ ။ ရသေ့ ရဟန်းတို့အား မလျော်သော လူတို့၏ မောင်းထောင်းခြင်း, ထမင်းချက်ခြင်း, သတင်းစကားဆောင်ခြင်း,စသော ကိုယ်၌ဖြစ်သောအမှု, နှုတ်၌ဖြစ်သောအမှုတို့ကို ပြုလုပ် သောအားဖြင့် ရောနှောခြင်းကို "သံသဋ္ဌ"ဟု ခေါ်ပါသည်။

➤ **ပါပသမာစာရ မည်ပုံ** ။ ။ ယုတ်မာသောကိုယ်အကျင့်, နှုတ်အကျင့်ရှိသူ ရဟန်းမိန်းမများကို "ပါပသမာစာရ"ဟု ခေါ်ပါသည်။

➤ **ပါပသဒ္ဒါ မည်ပုံ** ။ ။ ယုတ်မာသောကျော်စောသံရှိသူ ရဟန်းမိန်းမများသည် "ပါပသဒ္ဒါ" မည်ပါသည်။

➤ **ပါပသိလောကာ မည်ပုံ** ။ ။ ယုတ်မာသော အသက်မွေးဝမ်းကြောင်းရှိသူ ရဟန်းမိန်းမများသည် "ပါပသိလောကာ" မည်ပါသည်။

➤ **ဝိဟေသိကာ မည်ပုံ** ။ ။ အချင်းချင်းအပေါ်၌ ကံပြုလတ်သော် တားမြစ်သောအားဖြင့် ညှဉ်းဆဲမှုကိုပြုခြင်းသည် "ဝိဟေသိကာ" မည်ပါသည်။

➤ **ဝဇ္ဇပ္ပဋိစ္ဆာဒိကာ အဓိပ္ပါယ်** ။ ။ ခုဒ္ဒါနုခုဒ္ဒက အပြစ်ကို ဖုံးလွှမ်းထားခြင်းကို "ဝဇ္ဇပ္ပဋိစ္ဆာဒိကာ"ဟု ခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ သမ္မဟုလာ ဘိက္ခုနီမ (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ လူတို့နှင့်ရောရောနှောနှော နေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သမနုဘာသနကံပြုရာ၌ တစ်ပြိုင်နက် ကံပြုနိုင်သော အရေအတွက်**

နှိပ်မှုပြုရာ နိဂ္ဂဟကံ၌ သံဃာအချင်းချင်း ကံ,မပြုနိုင်သောကြောင့် သမနုဘာသနကံပြုရာအခါ ဘိက္ခုနီမ နှစ်ယောက်သုံးယောက်တို့ကို တစ်ပေါင်းတည်း ဥတ်ကမ္မ -

http://www.dhammadownload.com



ဝါစာဖြင့် အဖန်ဖန်ပြောဆိုနိုင်ပါသည်။

**ပါပသမာစာရ ဒုတိယ သိက္ခာပုဒ်**

➤ **ဥညာ အစိပ္ပါယ်** ။ ။ အယုတ်အားဖြင့်သိခြင်း, နိမ့်ကျသည်ကိုပြု၍ သိခြင်းသည် "ဥညာ" မည်ပါသည်။

➤ **ပရိဘဝ အစိပ္ပါယ်** ။ ။ ဤရဟန်းမတို့ ဘာတတ်နိုင်မည်နည်းဟု လွှမ်းမိုး၍ သိခြင်းသည် "ပရိဘဝ" မည်ပါသည်။

➤ **အက္ခန္တိ အစိပ္ပါယ်** ။ ။ သည်းမခံနိုင်ခြင်း, အမျက်ထွက်ခြင်းသည် "အက္ခန္တိ" မည်ပါသည်။

➤ **ဝေဘဿိယ အစိပ္ပါယ်** ။ ။ အားရှိသော စကားရှိသူဖြစ်ရကား မိမိ၏ အားအစွမ်းကို ထင်ရှားပြလိုသောကြောင့် ထိတ်လန့်စေခြင်းသည် "ဝေဘဿိယ" မည်၏။

➤ **ဝိဝိစ္စထ အစိပ္ပါယ်** ။ ။ ရဟန်းမတို့အား မလျော်သော ကိုယ်, နှုတ်၌ဖြစ်သော နီးနှောခြင်းကို ပယ်စွန့်ကြကုန်လော့ဟု ဆိုခြင်းကို "ဝိဝိစ္စထ"ဟု ခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ဗုဒ္ဓိလ်) ကို အကြောင်းပြု၍ "သံသဋ္ဌာဝ အယျေ တုမှေ ဝိဟရထ မာ တုမှေ နာနာ ဝိဟရိတ္ထ"ဟု တိုက်တွန်းခြင်း (ဝစ္ဆာ)ကြောင့် ပညတ်တော်မူပါသည်။

➤ **ဘိက္ခုနီသည် သံဃာသင်းခွဲမှု မပြုလုပ်နိုင်ပါဘဲလျက် သံဃဘေဒက သိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ဘိက္ခုနီသည် သံဃာသင်းခွဲမှု မပြုလုပ်နိုင်သော်လည်း ကွဲပြားအောင်ကား လှုံ့ဆော်ပေးနိုင်, သံဃာအသင်းခွဲသော ဘိက္ခုဘက်သို့ လိုက်ပါနိုင်သောကြောင့် သံဃဘေဒက သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➤ **ဘိက္ခုနီမတို့ ပက္ခမာနတ် ကျင့်ရခြင်းအကြောင်း** ။ ။ ဘိက္ခုနီမသည် အာပတ်ကို ဖုံးလွှမ်းပါသော်လည်း ပရိဝါသ်နေခြင်းမည်သည် မရှိ၊ ဖုံးလွှမ်းခြင်းတည်းဟူသော အကြောင်းကြောင့်လည်း ဒုက္ကဋ်အာပတ်လည်း မသင့်ပါ၊ ထို့ကြောင့် အာပတ်ကို ဖုံးထားသည်ဖြစ်စေ, မဖုံးထားသည်ဖြစ်စေ, ပက္ခမာနတ်သာ ကျင့်ရပါသည်။

➤ **ပက္ခမာနတ်တောင်းရမည့် သံဃာ** ။ ။ ပက္ခမာနတ်ကို ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ-ဟူသော ဥဘတောသံဃာထံ၌ တောင်းရပါသည်။

➤ **ပက္ခမာနတ်ပေးပုံ** ။ ။ ဘိက္ခုနီတို့သည် ပက္ခမာနတ်ကို မိမိ၏ မဟာသိမ်ကို သုတ်သင်ပြီး၍ ကျောင်းတိုက်ဟူသော မဟာသိမ်၌ရင်း, ဝိဟာရသိမ်ကို သုတ်သင်ခြင်းငှာ မစွမ်းနိုင်သော ဘိက္ခုနီမတို့သည် ခဏ္ဍသိမ်၌ရင်း, အောက်ထစ်ဆုံး စတုဝဂ္ဂဂိုဏ်း သံဃာကို စည်းဝေးစေ၍ ပေးရပါမည်။

➤ **ပက္ခမာနတ်တောင်းပုံ ပါဠိ** ။ ။ အဟံ အယျေ ဧကံ အာပတ္တိံ အာပဇ္ဇိံ ဥဿယ

http://www.dhammadownload.com



ဝါဒံ သာဟံ အယျေ သံယံ ဇေါသာ အာပတ္တိယာ ဥဿယဝါဒါယ ပဋိမာနတ္တံ ယာစာမိ။

> **ဝတ်ဆောက်တည်ပုံ ပါဠိ** ။ ။ ဝတ္တံ သမာဒိယာမိ မာနတ္တံ သမာဒိယာမိ။

> **ဝတ်ချပုံပါဠိ** ။ ။ ဝတ္တံ နိက္ခိပါမိ မာနတ္တံ နိက္ခိပါမိ။

**သံဃာဒိသိသ်အဖွင့်ပြီး၏။**

**နိဿဂ္ဂိယကဏ္ဍ**

**ပတ္တဝဂ်/ပတ္တသန္နိစယ သိက္ခာပုဒ်**

> **ပတ္တသန္နိစယ အဓိပ္ပါယ်** ။ ။ တစ်ရက်မျှ အဓိဋ္ဌာန် မတင်ဘဲရင်း, ဝိကပ္ပနာ မပြုဘဲရင်း, အဓိဋ္ဌာန်လောက်သော သပိတ်ကိုထားခြင်းကို "ပတ္တသန္နိစယ"ဟုခေါ်သည်

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နီဒါန်း) ၌ ဆဗ္ဗဂ္ဂီဘိက္ခုနီမ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သပိတ်ကိုသိုမှီးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **ပတ္တသိက္ခာပုဒ်နှင့် ပတ္တသန္နိစယ သိက္ခာပုဒ် ၂-ခု အထူး** ။ ။ ဘိက္ခုပါတိမောက် ပတ္တသိက္ခာပုဒ်၌ ဆယ်ရက်လွန်ခြင်းကြောင့် အာပတ်သင့်ပါသည်။ ဘိက္ခုနီ ပတ္တသန္နိစယ သိက္ခာပုဒ်၌ တစ်ရက်မျှလွန်ခြင်းကြောင့် အာပတ်သင့်ပါသည်။ ဤသို့ ထူးသည်။

**အကာလစီဝရ သိက္ခာပုဒ်**

> **အကာလစီဝရ အဓိပ္ပါယ်** ။ ။ ကထိန်ခင်းလျှင် ကထိန်လတို့မှရင်း, ကထိန် မခင်းလျှင် သင်္ကန်းကာလမှရင်း, အခြားကာလ၌ဖြစ်သော သင်္ကန်းသည်ရင်း, သင်္ကန်း ကာလ၌လည်း ရည်စူး၍ လှူအပ်သော သင်္ကန်းသည်ရင်း "အကာလစီဝရ" မည်၏။

> **အာဒိဿ ဒိန္န (ရည်ညွှန်း၍ လှူအပ်သော သင်္ကန်း)ဟူသည်**

"လာလာသမျှ ပုဂ္ဂိုလ်တို့ကို ဝေဖန်ပါကုန်"ဟု ဆို၍ရင်း, "ဤသင်္ကန်းကို သုတ္တန္တိက စသော ဂိုဏ်းအားလှူပါ၏၊ ဤသင်္ကန်းကို အရှင်ဘုရားတို့အား လှူပါ၏"ဟု ဆို၍ ရင်း, လှူလိုသောကြောင့် ခြေရင်း၌ထား၍ရင်း, လှူအပ်သောသင်္ကန်းသည် "အာဒိဿ ဒိန္န" (ရည်ညွှန်း၍လှူအပ်သော သင်္ကန်း) မည်ပါသည်။

> **အာပတ်သင့်ပုံ** ။ ။ အကာလသင်္ကန်းကို ကာလသင်္ကန်းဟု ဆောက်တည်၍ ဝေဖန်စေသော ရဟန်းမအား ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ သင်္ကန်း သည် နိဿဂ္ဂီဖြစ်၍ စွန့်ပြီးနောက် ပြန်ရသော်လည်း ကိုယ်ပိုင်မဖြစ်, သုံးစွဲခွင့် မရ၊ ဒါယကာ၏ မူလရည်ရွယ်၍ လှူအပ်ရာဖြစ်သော ဂိုဏ်းထံ ပုဂ္ဂိုလ်ထံ ပြန်၍ ပို့ရမည်

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နီဒါန်း) ၌

http://www.dhammadownload.com



ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အကာလသက်န်းကို ကာလသက်န်းဟု ဆောက်တည်ပြီး ဝေဖန်စေခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄–ပါး** ။ ။ (၁) အကာလသက်န်းဖြစ်ခြင်း (၂) အကာလသက်န်းဟု အမှတ်ရှိသူဖြစ်ခြင်း (၃) ကာလစီဝရ-ဟု ဆောက်တည်ကာ အမြွက်ထောင်သဖြင့် ဝေဖန်စေခြင်း (၄) ရခြင်း-တို့ ဖြစ်ပါသည်။

**စီဝရပရိဝတ္တန သိက္ခာပုဒ်**

➤ **အစ္ဆိန္နေယျ-အရ ကိုယ်တိုင်လုယူရာ၌ အာပတ်သင့်ပုံ** ။ ။ ထုပ်ထားသော သက်န်းကို လုယူလျှင် အာပတ်တစ်ချက်၊ တစ်ထည်စီနေသော သက်န်းများကို လုယူလျှင် သက်န်းအရေအတွက်အားဖြင့် အာပတ်သင့်ပါသည်။

➤ **အစ္ဆိန္ဒာပေယျ–အရ သူတစ်ပါးကို လုယူနိုင်းရာ၌ အာပတ်သင့်ပုံ**

လုယူနိုင်းရာ၌ တစ်ကြိမ်စေခိုင်းခြင်းကြောင့် သက်န်းများစွာကို လုယက်ခိုင်းသော်လည်း အာပတ်တစ်ချက်သာ သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သက်န်းလဲလှယ်ပြီးနောက် လုယူခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **လုယူသော်လည်း အာပတ် မသင့်ခြင်းအကြောင်း** ။ ။ သက်န်းရှင်နှင့် အကျွမ်းဝင်ခြင်းကြောင့် လုယူသော်လည်း အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃–ပါး** ။ ။ (၁) ဥပသမ္ပန္နဖြစ်ခြင်း (၂) လဲလှယ်အပ်သော သက်န်း၏ ဝိကပ္ပနာလောက်ခြင်း (၃) မိမိဥစ္စာဟူသော အမှတ်ဖြင့် လုယူခြင်း၊ (၄) လုယူစေခြင်း-တို့ ဖြစ်ပါသည်။

**အညဝိညာပန သိက္ခာပုဒ်**

➤ **ဝိညာပေတွာ အဓိပ္ပါယ်** ။ ။ ဤမည်သော ဝတ္ထုကို ဆောင်ယူခဲ့ပါလော့ဟု တောင်းခြင်းကို "ဝိညာပေတွာ"ဟု ဆိုပါသည်။

➤ **အညံ ဝိညာပေယျ အဓိပ္ပါယ်** ။ ။ အရှင်မ- အရှင်မ၏ မကျန်းမာခြင်းသည် အဘယ်ပါနည်း၊ အဘယ်ကို ဆောင်ယူစေလိုပါသနည်းဟု လျှောက်ထားသဖြင့် တောင်းအပ်ပြီးသော ဝတ္ထုကို ပယ်မြစ်၍ ထောပတ်,စသော ဝတ္ထုကိုရင်း၊ အခြားဝတ္ထုကိုရင်း ယူလို၍ မူလတောင်းအပ်သော ဝတ္ထုမှ အခြားဝတ္ထုကို တောင်းခြင်းမျိုးကို "အညံ ဝိညာပေယျ"ဟု ဆိုပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ တောင်းခြင်းကြောင့် ဒုက္ကဋ်၊ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါသည်။

http://www.dhammadownload.com



➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဆိမှတစ်ပဲသော ထောပတ်ကိုတောင်းပြီး၍ ထောပတ်မှတစ်ပဲသော ဆီကိုတောင်းခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အမြွက်ထောင်သဖြင့် ယူလိုခြင်း၊ (၂) အခြားဝတ္ထုကို တောင်းခြင်း၊ (၃) ရခြင်း-တို့ ဖြစ်ပါသည်။

**အညစေတာပန သိက္ခာပုဒ်**

➤ **အညံ စေတာပေတွာ အဓိပ္ပါယ်** ။ ။ မိမိ၏ အပ်စပ်သော ဘဏ္ဍာဖြင့် "ဤမည်သော ဝတ္ထုကို ဆောင်ယူခဲ့ပါလော့"ဟု ပြော၍ အခြားဝတ္ထုကို လဲလှယ်စေခြင်းကို "အညံ စေတာပေတွာ" ဟု ဆိုပါသည်။

➤ **အညံ စေတာပေယျ အဓိပ္ပါယ်** ။ ။ အခြားဝတ္ထုကို ပေးပြီးနောက် အခြားဝတ္ထုကိုလည်း ဆောင်ယူခဲ့လိမ့်မည်ဟု မှတ်ထင်ကာ ငါ့အား ဤဝတ္ထုဖြင့် အလိုမရှိ ဤမည်သောဝတ္ထုကို ဆောင်ခဲ့ပါလော့ဟု ပြော၍ မူလလဲလှယ်စေအပ်ပြီး ဝတ္ထုမှ အခြားဝတ္ထုကို လဲလှယ်စေခြင်းကို "အညံ စေတာပေယျ"ဟု ဆိုပါသည်။

➤ **အပြစ်သင့်ပုံ** ။ ။ လဲလှယ်စေခြင်း ပယောဂကြောင့် ဒုက္ကဋ်အာပတ်၊ ရခြင်းကြောင့် ကပ္ပိယဘဏ္ဍာဖြင့်သော်၎င်း, အခြားအဖိုးဖြင့်သော်၎င်း, ဆောင်ယူအပ်သော ဝတ္ထုသည် နိဿဂ္ဂိ ဖြစ်ပါသည်။

**ပဌမ သံဃိကစေတာပန သိက္ခာပုဒ်**

➤ **အညဒတ္ထိက အဓိပ္ပါယ်** ။ ။ အခြားဝတ္ထု အကျိုးငှာ လှူအပ်သော ဝတ္ထုပစ္စည်းသည် "အညဒတ္ထိက" မည်ပါသည်။

➤ **အညုဒ္ဒိသိက အဓိပ္ပါယ်** ။ ။ အခြားဝတ္ထုကို ညွှန်ပြ၍ လှူအပ်သော ဝတ္ထုပစ္စည်းကို "အညုဒ္ဒိသိက"ဟု ခေါ်ပါသည်။

➤ **သံဃိကပရိက္ခာရ အရ** ။ ။ ဘိက္ခုနီသံဃာအား စွန့်လှူအပ်သော ကပ္ပိယဘဏ္ဍာကို ယူရပါမည်။

➤ **အညံ စေတာပေယျ အဓိပ္ပါယ်** ။ ။ ဤမည်သောဝတ္ထုကို သုံးဆောင်ပါကုန်လော့ဟု လျှောက်၍ ညွှန်ပြ သတ်မှတ်အပ်သော ကပ္ပိယဘဏ္ဍာ ပရိက္ခရာကို လှူအပ်၏၊ ထိုညွှန်ပြအပ်သော ဝတ္ထုမှ အခြားဝတ္ထုကို လဲလှယ်စေခြင်းကို "အညံ စေတာပေယျ"ဟု ဆိုပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ သမ္ဗဟုလာ ဘိက္ခုနီမ (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ ဝတ္ထုတစ်ခုကို ညွှန်ပြ၍ လှူအပ်သော ကပ္ပိယဘဏ္ဍာ ပရိက္ခရာဖြင့် အလှူရှင်ညွှန်ပြအပ်သော ဝတ္ထုမှ အခြားဝတ္ထု

http://www.dhammadownload.com



ကို လဲလှယ်စေခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➢ **မဟာဝဂ္ဂိက ပရိက္ခာရ-အရ** ။ ။ ဘိက္ခုနီဂိုဏ်းအား စွန့်လှူအပ်သော ပရိက္ခရာကို ယူရပါမည်။

➢ **ပုဂ္ဂလိက ပရိက္ခာရ-အရ** ။ ။ ဘိက္ခုနီမ တစ်ပါးအား စွန့်လှူအပ်သော ပရိက္ခရာကို ယူရပါမည်။

**ဂရုပါဝုရဏ သိက္ခာပုဒ်**

➢ **ဂရုပါဝုရဏ အဓိပ္ပါယ်** ။ ။ အေးသောအခါ ခြုံရန်ဖြစ်သော ခြုံထည်ကို "ဂရုပါဝုရဏ"ဟု ခေါ်ပါသည်။

➢ **ဂရုပါဝုရဏကို သုံးဆောင်ရန် သင့်လျော်သောကာလ** ။ ။ အေးသောအခါ ခြုံရန် ဖြစ်ပါသည်။

➢ **စတုက္ကံသ အဓိပ္ပါယ်** ။ ။ တစ်ကံသလျှင် လေးကျပ်ရှိသောကြောင့် တစ်ဆယ့်ခြောက်ကျပ်တန် ထိုက်သောခြုံထည်ကို "စတုက္ကံသ"ဟု ဆိုပါသည်။

➢ **စတုက္ကံသ ပရမံ-၌ စတုက္ကံသ-၏တန်ဖိုး** ။ ။ ၁၆-ကျပ် ဖြစ်ပါသည်။

➢ **အဍ္ဍတေယျကံသ ပရမံ-၌ အဍ္ဍတေယျကံသ-၏ တန်ဖိုး** ။ ။ ၁၀-ကျပ် ဖြစ်ပါသည်။

➢ **သတ်မှတ်ထားသော တန်ဖိုးထက်မြင့်သော အဖိုးတန် ဂရုပါဝုရဏ, လဟုပါဝုရဏ တောင်းသင့်သော အလှူရှင်** ။ ။ သိတင်းသုံးဖော်တို့နှင့် ဉာတိများ, လိုသမျှတောင်းရန် ဖိတ်ထားသူ ပဝါရိတများ ဖြစ်ပါသည်။

➢ **မတောင်းသင့်သော ဂရုပါဝုရဏ, လဟုပါဝုရဏ** ။ ။ ဂုဏ်တစ်ခုခုကို ကြည်ညို၍ "လိုတာအမိန့်ရှိပါ"ဟု မိမိအား (ဝါ) ဘိက္ခုနီမများအား ပြောကြားဖိတ်ထားသော အလှူရှင်တို့ ဖြစ်ပါသည်။

မေး ။ ။ အဘယ်သို့ လျှောက်ထားပါက ဂရုပါဝုရဏ ခြုံထည်ကို တောင်းနိုင်ပါသနည်း။

ဖြေ ။ ။ သိတင်းသုံးဖော်နှင့် ဆွေမျိုးတော်သူ, ဖိတ်မံသူတို့မှတစ်ပါး တရားနာရခြင်းစသော ဂုဏ်ကြောင့် ကြည်ညိုနှစ်သက်၍ "အရှင်မ အလိုရှိရာကို ပြောပါ"ဟု လျှောက်သောရဟန်းမအား အလွန်ဆုံး ၁၆-ကျပ်သာတန်သော ဂရုပါဝုရဏကို တောင်းနိုင်ပါသည်။ [ပိုလွန်၍ တောင်းသောရဟန်းမအား ဒုက္ကဋ်အာပတ်၊ ရအပ်ပြီးသော ခြုံထည်သည် နိဿဂ္ဂီ ဖြစ်ပါသည်။]

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကောသလမင်းကို ကမ္ဗလာတောင်းခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

http://www.dhammadownload.com



> **အာပတ် မသင့်သူများ** ။ ။ (၁) လေးကံသအောက် ယုတ်လျော့သော တန်ဖိုး ရှိသော ခြုံထည်၌ ယုတ်လျော့၏ဟု အမှတ်ရှိ၍ တောင်းသောရဟန်းမ၊ (၂) လေးကံသ မျှသာ တန်သောခြုံထည်ကို တောင်းသောရဟန်းမ၊ (၃) ဆွေမျိုးတော်သူ ဖိတ်မံသူတို့ထံ သူတစ်ပါးအကျိုးငှာရင်း, မိမိဥစ္စာဖြင့်ရင်း, တောင်းသောရဟန်းမ၊ (၃) ဒါယကာက တန်ဖိုးကြီးသော ခြုံထည်ကို တောင်းခိုင်းသော်လည်း တန်ဖိုးနည်းသည့် ခြုံထည်ကိုသာ တောင်းသောရဟန်းမ၊ (၅) ရူးသောရဟန်းမ စသည်တို့ ဖြစ်ပါသည်။

> **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) လေးသော ခြုံထည်ဖြစ်ခြင်း (၂) လေးကံသ ထက် အလွန်ထိုက်တန်သော ခြုံထည်ဖြစ်ခြင်း (၃) ခွင့်ပြုတော်မူအပ်သော အရပ်၌ တောင်းခြင်း (၄) ရခြင်း-တို့ ဖြစ်ပါသည်။

> **လဟုပါဝုရဏ အဓိပ္ပါယ်** ။ ။ ပူရာအခါ ခြုံရန်ဖြစ်သော ခြုံထည်ကို "လဟု ပါဝုရဏ"ဟု ခေါ်ပါသည်။(အလွန်ဆုံး ၁၀-ကျပ်တန် ခြုံထည်ကိုသာ တောင်းကောင်း ပါသည်။)

> **လဟုပါဝုရဏကို သုံးဆောင်ရန် သင့်လျော်သောကာလ** ။ ။ ပူရာအခါ ခြုံရန် ဖြစ်ပါသည်။

**နိဿဂ္ဂိ အပွင့်ပြီး၏။**

## ပါစိတ္တိယကဏ္ဍ

> **ဘိက္ခုနီမများ ကျူးလွန်လျှင် ပါစိတ်အာပတ်သင့်၍ ဘိက္ခုများကျူးလွန်ပါက ဒုက္ကဋ်အာပတ်သင့်သော ပညတ်ချက်များ** ။ ။ (၁) ကြက်သွန်ဖြူစိမ်း စားခြင်းကို ပညတ် ခြင်း (၂) ကျဉ်းမြောင်းသောအရပ်၌ အမွေးဖယ်ရှားမှုကို ပညတ်ခြင်း (၃) ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းတို့ကို ပညတ်ခြင်း (၄) ဂိလာန မဟုတ်ဘဲ ထီး, ဖိနပ်ဆောင်းမှုကို ပညတ်ခြင်း (၅) ဂိလာန မဟုတ်ဘဲ ယာဉ်ဖြင့် သွားမှုကို ပညတ်ခြင်း-တို့ ဖြစ်ပါသည်။

## လသုဏဝဂ်/လသုဏသိက္ခာပုဒ်

> **လသုဏ-အရ/ လသုဏ အဓိပ္ပါယ်** ။ ။ မဂဓတိုင်း၌ဖြစ်သော အမြောင့်များစွာ ပါသော ကြက်သွန်ဖြူကို ယူရပါမည်။

> **လသုဏ-အရ မယူရသည့် စားကောင်းသော ကြက်သွန်အမျိုးအစား**

(၁) ပလဏ္ဍုက-တစ်မြောင့်သာရှိသော ကြက်သွန်ဝါ၊ (၂) ဘဥ္စနက-နှစ်မြောင့် ရှိသော ကြက်သွန်နီ၊(၃)ဟရိတက-သုံးမြောင့်ရှိသော ကြက်သွန်စိမ်း၊(၄) စာပ လသုဏ ကြက်သွန်မြိတ်-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ကြက်သွန်ဖြူပါသော်လည်း စားကောင်းသည့်အရာများ** ။ ။ ကြက်သွန်ဖြူ ထည့်ကာ ကောင်းစွာချက်ထားသည့် ဟင်းရည်, အသား, ဆီ, ဆီးယို, လက်သုပ် ဟင်းလျာ-တို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကြက်သွန်ဖြူကို ဆောင်ယူစေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) စိမ်းသော ကြက်သွန်ဖြူဖြစ်ခြင်း (၂) စားမျိုခြင်း။

## သမ္ဗာဓလောမ သိက္ခာပုဒ်

➤ **သမ္ဗာဓ-အရ/ သမ္ဗာဓ အဓိပ္ပါယ်** ။ ။ လက်ကတီးကြားနှင့် ပဿာဝမဂ် အပြင်တို့ကို ယူရပါမည်။

➤ **သံဟရာပေယျ (သံဟရာပန) အဓိပ္ပါယ်** ။ ။ သင်တုန်းဓား, မွေးညှပ်, ကတ်ကြေး, စသည်တို့တွင် တစ်ခုခုဖြင့်ရိတ်ခြင်း, နှုတ်ခြင်း, ဖယ်ရှားခြင်းကို "သံဟရာ ပေယျ" (သံဟရာပန) ဟု ခေါ်ပါသည်။

➤ **သမ္ဗာဓလောမ သိက္ခာပုဒ်၏ အဓိပ္ပါယ်** ။ ။ ကျဉ်းမြောင်းသော ချိုင်းကြား, ပဿာဝမဂ် အပြင်အရပ်တို့၌ အမွေးကို ကပ်ကြေး, မွေးညှပ်, သင်တုန်းဓား, စသည် ဖြင့် ပယ်ရှားလျှင် ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ်သင့်ပါသည်။ အမွေး အရေအတွက်အားဖြင့် ပါစိတ်အာပတ် မသင့်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကျဉ်းမြောင်းသော အရပ်၌ အမွေး ကို ဖယ်ရှားစေခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အနာဟူသော အကြောင်းကြောင့် ဖယ် ရှားစေသော ရဟန်းမအား အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) အနာမရှိခြင်း (၂) ကျဉ်းမြောင်းသော အရပ် ၌ အမွေးကို ဖယ်ရှားခြင်း-တို့ ဖြစ်ပါသည်။

## တလဃာတက သိက္ခာပုဒ်

➤ **တလဃာတက အဓိပ္ပါယ်** ။ ။ အောက်ထစ်ဆုံးအားဖြင့် ကြာဝတ်ဆံဖြင့် သော်လည်း ပဿာဝမဂ်အပြင်ကို ပုတ်ခတ်ခြင်းကို "တလဃာတက"ဟု ဆိုပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဘိက္ခုနီမနှစ်ယောက် (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ ပဿာဝမဂ်အပြင်ကို ပုတ်ခတ်မှု ကို ပြုခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

http://www.dhammadownload.com


➤ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အနာဟူသော အကြောင်းကြောင့် အဖုကိုရင်း, အနာကိုရင်း, ပုတ်ခတ်သော ရဟန်းမအား အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အနာမရှိခြင်း (၂) ပဿာဝမဂ်၌ ပုတ်ခတ်မှုကို ပေးခြင်း (၃) ပုတ်ခတ်မှု အတွေ့ကို သာယာခြင်း-တို့ ဖြစ်ပါသည်။

**ဇတုမဋ္ဌက သိက္ခာပုဒ်**

➤ **ချိပ်တောင့်မှတစ်ပါး အခြားဝတ္ထုကို သွင်းလျှင်လည်း အပြစ်ရှိနိုင်ကြောင်း**

ဘိက္ခုနီ၏ ပဿာဝမဂ်ကို ချိပ်တောင့်ဖြင့် ထိုးမှုဖြစ်သောကြောင့် ဝတ္ထုကြောင်းအလိုက် 'ဇတုမဋ္ဌကေ'ဟု မိန့်တော်မူသည်၊ စင်စစ်အားဖြင့် ကာမရာဂကြောင့် ကြာဝတ်ဆံကိုလည်း သွင်းသောရဟန်းမအား ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (မှတ္တိုလ်) ကို အကြောင်းပြု၍ ပြေပြစ်သော ချိပ်တောင့်ဖြင့် ထိုးခြင်းကို သာယာခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**ဥဒကသုဒ္ဓိက သိက္ခာပုဒ်**

➤ **ဥဒကသုဒ္ဓိက အဓိပ္ပါယ်** ။ ။ ကျင်ငယ်ကိုပြုကြောင်း ပဿာဝမဂ်ကိုဆေးခြင်းကို "ဥဒကသုဒ္ဓိက"ဟု ခေါ်ပါသည်။

➤ **ခွင့်ပြုသော ပမာဏ** ။ ။ လက်နှစ်ဆစ် (တစ်ချောင်းသွင်းလျှင် နှစ်ဆစ်၊ နှစ်ချောင်း သွင်းလျှင် တစ်ဆစ်စီသာ) ဖြစ်ပါသည်။

➤ **ခွင့် မပြုသော ပမာဏ** ။ ။ နှစ်ဆစ်ထက်အပိုအလွန် (တစ်ချောင်းသွင်းလျှင် နှစ်ဆစ်ထက် အပိုအလွန်, နှစ်ချောင်းသွင်းလျှင် တစ်ဆစ်စီထက် အပိုအလွန် သုံးချောင်းစသည်) ဖြစ်ပါသည်။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ ဆေးရာအခါ၌ ရာဂ၏အစွမ်းဖြင့် အပြန့်အကျယ်အားဖြင့် သုံးခုမြောက်လက်ချောင်း၏ အဖျားတစ်ဆစ်ကိုရင်း, အနက်အားဖြင့် လက်တစ်ချောင်း၏ သုံးခုမြောက် အဆစ်တိုင်အောင်ရင်း, သွင်းသောရဟန်းမမှာ ပါစိတ်အာပတ်သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သက္ကတိုင်း (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (မှတ္တိုလ်) ကို အကြောင်းပြု၍ အလွန်နက်စွာ ရေဆေးမှုကို ယူခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အနာဟူသောအကြောင်းကြောင့် လက်နှစ်ဆစ်ထက် ပိုလွန်ကာ သွင်းသော်လည်း အာပတ် မသင့်ပါ။

http://www.dhammadownload.com



## ဥပတိဋ္ဌန သိက္ခာပုဒ်

➤ **ဘုဉ္ဇန္တဿ–အရ** ။ ။ ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးကို စားသောရဟန်းကို ယူရပါမည်။

➤ **ပါနီယ–အရ** ။ ။ ရေသက်သက်ကိုရင်း၊ ရက်တက်ရည်၊ နို့စမ်း၊ ပျားရည်၊ နို့ရည်၊စသည်တို့ကိုရင်း ယူရပါမည်။

➤ **ဝိဓူပန–အရ** ။ ။ အမှတ်မထား တစ်ပါးပါးသော ယပ်ဖြင့် ခပ်ပေးခြင်းကို ယူရပါမည်။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ ပါနီယ၊ ဝိဓူပန-တို့တွင် တစ်မျိုးမျိုးကို ကိုင်ကာ ဟတ္ထပါသ်၌ တည်နေလျှင် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ စားသောရဟန်း၏ အနီး၌တည်နေခြင်း (ဝတ္ထု) ဟူသောအကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ "ဤအရည်ကို သောက်ပါကုန်၊ ဤယပ်ဖြင့် ယပ်ခတ်ပါကုန်"ဟု လျှောက်၍ ကိုယ်တိုင်ပေးသည်ဖြစ်စေ၊ သူတစ်ပါးကို ပေးခိုင်းသည် ဖြစ်စေ၊ လူ သာမဏေကို အနီး၌တည်နေစေခြင်းအကျိုးငှာ စေခိုင်းသော ရဟန်းမ၊ ရူးသော ရဟန်းမ-တို့မှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) စားဆဲဖြစ်သော ရဟန်း၏ ဟတ္ထပါသ်၌ တည်ခြင်း (၂) သောက်ရေကိုဖြစ်စေ၊ ယပ်ကိုဖြစ်စေ၊ ကိုင်ခြင်း-တို့ ဖြစ်ပါသည်။

## အာမကဓည သိက္ခာပုဒ်

➤ **ဝိညတွာ–အရ မတောင်းကောင်းသည့်ပုဂ္ဂိုလ်** ။ ။ အောက်ထစ်ဆုံးအားဖြင့် အမိကိုသော်မှ မတောင်းကောင်းပါ။

➤ **ပါစိတ်အာပတ် သင့်ပုံ** ။ ။ ဤသိက္ခာပုဒ်၌ တောင်းခြင်းသည်ရင်း၊ စားခြင်းသည်ရင်း၊ လိုရင်းပမာဏဖြစ်သောကြောင့် ကိုယ်တိုင်တောင်း၍ အခြားသူကို လှော်ခြင်း၊ စသည်ကို ပြုခိုင်း၍သော်ရင်း၊ အခြားသူကို တောင်းခိုင်းပြီး ကိုယ်တိုင်လှော်ခြင်း စသည်တို့ကို ပြု၍သော်ရင်း၊ ယူသောအခါမှစ၍ သွားတို့ဖြင့် ဝါးနေသည့်တိုင်အောင် ပယောဂ အားလုံးတို့၌ ဒုက္ကဋ်အာပတ်၊ စားမျိုတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း)၌ သမ္ဗဟုလာ ဘိက္ခုနီမ (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ စပါးစိမ်းကို တောင်းခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ ကိုယ်တိုင်သော်ရင်း၊ အခြားသူကသော်ရင်း၊ တောင်း

http://www.dhammadownload.com



ခြင်း မဟုတ်ဘဲ ရအပ်သော စပါးစိမ်းကို လှော်ခြင်းစသည်ကို ကိုယ်တိုင်ပြု၍ဖြစ်စေ သူတစ်ပါးကို ပြုစေ၍ဖြစ်စေ စားသောရဟန်းမ၊ အခြားရဟန်းမက တောင်းခြင်းကြောင့် ရအပ်သော စပါးစိမ်းကို ကိုယ်တိုင်လှော်ခြင်း စသည်တို့ကို ပြု၍ရင်း, ပြုစေ၍ရင်း, စားသော ရဟန်းမတို့မှာ ဒုက္កဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ အနာရောဂါရှိ၍ ချေးအောင်းရန် တောင်းသော ရဟန်းမ၊ မတောင်းဘဲရသော စပါးစိမ်းကို နဝကမ္မ အကျိုးငှာ လက်ခံသော ရဟန်းမ၊ ဆွေမျိုးတော်သူ ဖိတ်မံသူတို့ထံ ပဲနောက်, မတ်ပဲ,စသော ပဲကို တောင်းသောရဟန်းမ ရှူးသောရဟန်းမ-တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) စပါး ၇-မျိုးတို့တွင် တစ်မျိုးမျိုးသော စပါးကို ကိုယ်တိုင်ဖြစ်စေ, သူတစ်ပါးကိုဖြစ်စေ တောင်းခြင်း။ (၂) ရခြင်း (၃) လှော်ခြင်းစသည် တို့ကို ကိုယ်တိုင်ပြု၍ဖြစ်စေ, သူတစ်ပါးကို ပြု၍ဖြစ်စေ စားမျိုခြင်း။

**ပဌမ ဥစ္စာရ ဆဍ္ဍန သိက္ခာပုဒ်**

➤ **ဝိဃာသ-အရ** ။ ။ လုပ်ဆေးရည်ကိုရင်း, ဝါးအပ်ပြီးသော ဒန်ပူကိုရင်း, ခံတွင်းမှထုတ်ပစ်အပ်သော အရိုး, စားဖတ်အကြွင်းအကျန် အားလုံးကိုရင်း, ယူရမည်။

➤ **ကုဋ္ဋနှင့် ပါကာရ အထူး** ။ ။ အိမ်, ကျောင်းတို့၏နံရံကို "ကုဋ္ဋ"ဟု ခေါ်ပါသည်။ အိမ်, ကျောင်းတို့၏ ဝင်းအကာကို "ပါကာရ"ဟု ခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နံရံပြင်ဘက်၌ စွန့်ပစ်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ ကြည့်၍သော်ရင်း, မသုံးစွဲအပ်သော အရပ်၌ သော်ရင်း, စွန့်ပစ်သော ရဟန်းမ၊ ရှူးသောရဟန်းမ-တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ကျင်ကြီးစသည်ဖြစ်ခြင်း (၂) မကြည့်ရှုခြင်း (၃) အသွားအလာများသော အရပ်ဖြစ်ခြင်း (၄) နံရံပြင်ဘက် တံတိုင်းပြင်ဘက် ဖြစ်ခြင်း (၅) ကိုယ်တိုင်စွန့်ပစ်ခြင်း, သူတစ်ပါးကို စွန့်ပစ်စေခြင်း-တို့ ဖြစ်ပါသည်။

**ဒုတိယ ဥစ္စာရဆဍ္ဍန သိက္ခာပုဒ်**

➤ **ဟရိတေ-အရ** ။ ။ လယ်, ဒုန်းခြံ,စသော အာရာမ်, အမှတ်မထားတစ်ပါးပါး သော စိုက်ပျိုးအပ်သော စိမ်းစိုသောအရပ်တို့ကို ယူရပါမည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသောရဟန်းမ (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ ကျင်ကြီး,စသည်ကို စိမ်းစိုသော အရပ်၌စွန့်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

http://www.dhammadownload.com



> **အာပတ် မသင့်သူများ ။ ။** စိမ်းစိုသောအရပ်၌ မစိမ်းစိုသောအရပ်ဟု အမှတ်ရှိ၍ စွန့်သောရဟန်းမ၊ စွန့်အပ်ပြီးသော လယ်၌ရင်း၊ ဥစ္စာရှင်တို့ကို ပန်ကြား၍ရင်း၊ စွန့်သောရဟန်းမ၊ ရူးသောရဟန်းမ-တို့ ဖြစ်ပါသည်။

**နစ္စဂီတ သိက္ခာပုဒ်**

> **နစ္စ+ဂီတ+ဝါဒိတ အဘိုး ။ ။** အောက်ထစ်ဆုံးအားဖြင့် ဒေါင်းတို့၏ ကခြင်းကိုလည်း "နစ္စ"ဟု ခေါ်ပါသည်။ အောက်ထစ်ဆုံးအားဖြင့် တရားဟောပုဂ္ဂိုလ်တို့၏ သီချင်းသံကိုလည်း "ဂီတ"ဟု ခေါ်ပါသည်။ အောက်ထစ်ဆုံးအားဖြင့် ရေစည်တီးသံကိုလည်း "ဝါဒိတ"ဟု ခေါ်ပါသည်။ ဤသို့ ထူးပါသည်။

> **နစ္စ-အရ ။ ။** အယုတ်ဆုံး ဥဒေါင်းကမှုမှ စ၍ ကခြင်းမှန်သမျှကို ယူရမည်။

> **ဂီတ-အရ ။ ။** အယုတ်ဆုံး တရားကို သီချင်းဆိုခြင်းမှ စ၍ သီချင်းသီဆိုမှုမှန်သမျှကို ယူရပါမည်။ > **ဝါဒိတ-အရ ။ ။** အယုတ်ဆုံး ရေစည်ပုတ်ခတ်မှုမှစ၍ တီးမှုတ်မှု မှန်သမျှ ကို ယူရပါမည်။

> **ပါစိတ်အာပတ်သင့်ပုံ ။ ။** နစ္စ, ဂီတ, ဝါဒိတ-တို့တွင် တစ်မျိုးမျိုးကို ကြည့်ရှုနားထောင်ခြင်းငှာ သွားသောရဟန်းမအား ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်၊ မြင်လောက် ကြားလောက်ရာ အရပ်ရောက်၍ ကြည့်ရှုနားထောင်ရာ၌ ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီ ရဟန်းမများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကခြင်း,စသည်တို့ကို ကြည့်ရှုခြင်းငှာ သွားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

> **ကျောင်းတွင်းရှိ စေတီတော်ကို အဆို, အက, စသည်တို့ဖြင့် ပူဇော်လိုလျှင် ရဟန်းတော်များ အပြစ်လွတ်အောင် လူဒါယကာတို့က လျှောက်ထားနည်း**

အရှင်ဘုရားတို့၏ စေတီအား ဆည်းကပ်မှုကို ပြုအံ့-ဟု လျှောက်ရမည်။

> **ရဟန်းတော်များက ပြန်လည်ပြောဆိုနည်း ။ ။** ဆည်းကပ်ကိုးကွယ်မှုသည် ကောင်း၏-ဟု ပြောရပါမည်။

> **ပွဲကြည့်သော်လည်း အာပတ် မသင့်ခြင်းအကြောင်း ။ ။** မိမိကျောင်း၌ နေ၍ရင်း၊ မိမိ၏ တည်ရာအရပ်သို့ ရောက်လာသည်ကိုရင်း၊ လမ်းသွားရင်း ခရီးရင်ဆိုင်ကြုံ၍ရင်း၊ ဘေးရန်ကြောင့် ပွဲသဘင်ရှိရာ အရပ်သို့ ဝင်ပြေးရင်းရင်း ကြည့်ပါက အာပတ်မသင့်ပါ။

> **သိက္ခာပုဒ်အင်္ဂါ ၃-ပါး ။ ။** (၁) နစ္စ,စသည်တို့တွင် တစ်ပါးပါးဖြစ်ခြင်း (၂) သွားခြင်း (၃) ကြည့်ရှုနားထောင်ခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



### ရဇ္ဇနကာရဝဂ်/ ရဇ္ဇနကာရ သိက္ခာပုဒ်

> **အပ္ပဒီပ-အရ/ အပ္ပဒီပ အဓိပ္ပါယ်** ။ ။ ဆီမီးရောင်, လရောင်, နေရောင်, မီးဖိုမှ မီးရောင်တို့တွင် တစ်ခုခုသော အရောင်ဖြင့် မထွန်းလင်းအပ်သော အရပ်ကို အပ္ပဒီပ" ဟု ခေါ်ပါသည်။

> **ရဇ္ဇနကာရရ အပ္ပဒီပေ-၌ ဒီပ-အရ** ။ ။ ဆီမီးရောင်, လရောင်, နေရောင်, မီးဖိုမှ မီးရောင်တို့တွင် တစ်ခုခုသော အရောင်ဖြင့် ထွန်းလင်းအပ်သော အရပ်ကို ယူရပါမည်။

> **ပုရိသ-အရ** ။ ။ အတူတကွ တည်နေခြင်းငှာရင်း, အတူတကွ စကားပြောခြင်းငှာရင်း, တတ်သိနားလည်သော လူယောက်ျားကို ယူရပါမည်။

> **သန္တိဋ္ဌေယျ (သန္တိဋ္ဌေန) အဓိပ္ပါယ်** ။ ။ ဟတ္ထပါသ်၌ ရပ်တည်ကာမျှကို "သန္တိဋ္ဌေယျ" (သန္တိဋ္ဌေန) ဟု ခေါ်ပါသည်။

> **သလ္လပေယျ (သလ္လပန) အဓိပ္ပါယ်** ။ ။ ဟတ္ထပါသ်၌ တည်၍ အိမ်၌မှီသော စကားကို ပြောဆိုခြင်းကို "သလ္လပေယျ" (သလ္လပန) ဟု ခေါ်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (ပုဗ္ဗိုလ်) ကို အကြောင်းပြု၍ ယောက်ျားနှင့်အတူ အနီး၌ တည်နေခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

> **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ညဉ့်မှောင်မိုက်ခြင်း (၂) ယောက်ျား၏ ဟတ္ထပါသ်၌ ရပ်တည်၍ စကားပြောခြင်း (၃) အဖော် မရှိခြင်း (၄) ဆိတ်ကွယ်ရာအရပ်ကို ရှာင်သူဖြစ်ခြင်း-တို့ ဖြစ်ပါသည်။

> **ပဋိစ္ဆန္နောကာသ သိက္ခာပုဒ်၌ ပဋိစ္ဆန္န ဩကာသ-အရ** ။ ။ နံရံစသော အကာတို့တွင် အမှတ်မထား တစ်ပါးပါးသော အကာဖြင့် ဖုံးကွယ်အပ်သော အရပ်ကို ယူရပါမည်။

### ဒုတိယိက ဥဇ္ဈာနေ သိက္ခာပုဒ်

> **ပြန်လွှတ်ရခြင်းအကြောင်း** ။ ။ မလျောက်ပတ်သော အကျင့်ကို ကျင့်ခြင်းငှာ အလိုရှိသောကြောင့် "သင် သွားတော့"ဟု အဖော်မကို ပြန်လွှတ်ပါသည်။

> **ဥယျောဇေ အဓိပ္ပါယ်** ။ ။ မလျောက်ပတ်သော အကျင့်ကို ကျင့်ခြင်းငှာ အလိုရှိသောကြောင့် "သင် သွားတော့"ဟု အဖော်မကို ပြန်လွှတ်ခြင်းကို "ဥယျောဇနေ"ဟု ခေါ်ပါသည်။

> **အာပတ်သင့်ပုံ** ။ ။ ပြန်လွှတ်ခြင်းကြောင့်ရင်း, ပြန်လွှတ်ခံရသော ရဟန်းမကမိမိ၏ ဟတ္ထပါသ်ကို စွန့်ခြင်းကြောင့်ရင်း, ဒုက္ကဋ်အာပတ်၊ ဟတ္ထပါသ်ကို စွန့်ပြီးလတ်

http://www.dhammadownload.com



သော် ပါစိတ်အာပတ် သင့်ပါသည်။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ယောကျ်ားနှင့်အတူ အနီး၌တည်နေခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**အနာပုစ္ဆာပက္ကမန သိက္ခာပုဒ်**

> **ပုရေဘတ္တ–အရ** ။ ။ အရုဏ်တက်ချိန်မှစ၍ မွန်းတည့်ချိန်တိုင်အောင် ကာလကို ယူရပါမည်။

> **အာသန–အရ** ။ ။ တင်ပလ္လင်ဖွဲ့ခွေ၍ ထိုင်နေရာအရပ်ကို ယူရပါမည်။

> **သာမိကေ အနာပုစ္ဆာ ပက္ကမေယျ–၌ သာမိက–အရ** ။ ။ အမျိုးအိမ်၌ တတ်သိ နားလည်သော လူကို ယူရပါမည်။

> **ပန်ကြားရမည့် ပုဂ္ဂိုလ်** ။ ။ ထိုအမျိုး (ဝါ) ထိုအိမ်၌ တစ်စုံတစ်ယောက်သော တတ်သိနားလည်သူ လူကို ပန်ကြားရပါမည်။

> **အာပတ်သင့်ပုံ** ။ ။ အမိုးအတွင်း၌ ထိုင်ပြီး၍ မိုးမစွတ်အပ်သော အရပ်ကို လွန်စေသော ရဟန်းမအားရင်း, လွင်တီးခေါင်၌ ၁၂-တောင်ဥပစာကို လွန်စေသော ရဟန်းမအားရင်း, ပထမခြေလှမ်း၌ ဒုက္ကဋ်၊ ဒုတိယခြေလှမ်း၌ ပါစိတ်အာပတ်သင့်၏။

> **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ မပန်ကြားဘဲ ဖဲသွားခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

> **မပန်ကြားဘဲ ဖဲသွားကောင်းသော အရပ်** ။ ။ မပြောင်းရွှေ့အပ်သော အရပ် ဖြစ်ပါသည်။

> **မပန်ကြားသော်လည်း အာပတ် မသင့်ခြင်းအကြောင်း** ။ ။ ဂိလာနဖြစ်သော ကြောင့်ရင်း, ဘေးရန်တို့ကြောင့်ရင်း အာပတ် မသင့်ပါ။

> **သိက္ခာပုဒ်အင်္ဂါ ၅–ပါး** ။ ။ (၁) ပုရေဘတ္တဖြစ်ခြင်း (၂) ရွာတွင်း၌ထိုင်ခြင်း (၃) ထိုင်နေရာ၏ တင်ပလ္လင်ဖွဲ့ခွေလောက်သော အရပ်ဖြစ်ခြင်း (၄) မပန်ကြားခြင်း (၅) ဥပစာရကို လွန်ခြင်း-တို့ ဖြစ်ပါသည်။

**အနာပုစ္ဆာ အဘိနိသီဒန သိက္ခာပုဒ်**

> **ပစ္ဆာဘတ္တ–အရ** ။ ။ မွန်းတည့်ချိန် လွန်ပြီးသည်မှစ၍ နေဝင်သည့်တိုင်အောင် ကာလကို ယူရပါမည်။

> **အာပတ်သင့်ပုံ** ။ ။ ထိုင်ပြီးသွားသော ရဟန်းမအား အာပတ်တစ်ချက်၊ မထိုင်ဘဲ လျောင်းပြီးသွားသော ရဟန်းမအား အာပတ်တစ်ချက်၊ ထိုင်ပြီး, လျောင်းပြီး သွားသော

http://www.dhammadownload.com



ရဟန်းမအား ပါစိတ်အာပတ် နှစ်ချက်သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နေရာ၌ထိုင်ခြင်း (ဝတ္ထု)ကြောင့်ပညတ်သည်။

➤ **အာပတ်မသင့်သော အရပ်/ ထိုင်ကောင်း လျောင်းကောင်းသော အရပ်** အမြဲခင်းထားအပ်သော အရပ်၌ ထိုင်ပါမူ အာပတ် မသင့်ပါ။

**အနာပုစ္ဆာ သန္တရဏ သိက္ခာပုဒ်**

➤ **ဝိကာလ-အရ** ။ ။ နေဝင်သည်မှစ၍ နောက်နေ့ အရုဏ်မတက်မီ အချိန်ကို ယူရပါမည်။

➤ **သေယျ-အရ** ။ ။ အောက်ထစ်ဆုံးအားဖြင့် သစ်ရွက်အခင်းကိုလည်း ယူရမည်

**ပရုဇ္ဈာပနက သိက္ခာပုဒ်**

➤ **ဒုဂ္ဂဟိတ အဓိပ္ပါယ်** ။ ။ ပြောဆိုအပ်သော စကားမှတစ်ပါးသော အခြင်းအရာအားဖြင့် ယူအပ်သော စကားသည် "ဒုဂ္ဂဟိတ" မည်ပါသည်။

➤ **ဒူပဓာရိတ အဓိပ္ပါယ်** ။ ။ မှတ်သားအပ်သော စကားမှတစ်ပါးသော အခြင်းအရာအားဖြင့် ယူအပ်သောစကားသည် "ဒူပဓာရိတ" မည်ပါသည်။

➤ **ကဲ့ရဲ့ပြောဆိုပုံ** ။ ။ "အရှင်မ တပည့်တော်သည် အရှင်မကြီးကို ရှိရှိသေသေ မလုပ်ကျွေးဘူးတဲ့"စသော နည်းဖြင့် ကဲ့ရဲ့ပြောဆိုပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) မကောင်းသဖြင့် မှတ်ယူအပ်သည်ဖြစ်ခြင်း (၂) ကဲ့ရဲ့စေခြင်း (၃) ကဲ့ရဲ့ခံရသူက ရဟန်းမဖြစ်ခြင်း-တို့ ဖြစ်ပါသည်။

**ပရအဘိသပန သိက္ခာပုဒ်**

➤ **နိရယ (ငရဲ)ဖြင့် ကျိန်ဆဲပုံ** ။ ။ ငရဲ၌ဖြစ်ရပါစေသား, ငရဲ၌ ဖြစ်ပါစေသတည်း စသော စကားတို့ကို ပြောဆိုလျက် ကျိန်ဆဲခြင်းသည် ငရဲဖြင့် ကျိန်ဆဲသည် မည်၏။

➤ **ဗြဟ္မစရိယဖြင့် ကျိန်ဆဲပုံ** ။ ။ လူဝတ်ကြောင်မ ဖြစ်ရပါလို၏၊ လူဝတ်ကြောင်မ ဖြစ်ပါစေသတည်း,စသော စကားတို့ကို ပြောဆိုလျက် ကျိန်ဆဲခြင်းသည် ဗြဟ္မစရိယ ဖြင့် ကျိန်ဆဲသည် မည်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ စဏ္ဍကာဠီ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကျိန်ဆဲခြင်း (ဝတ္ထု)ကြောင့် ပညတ်သည်။

➤ **အာပတ် မသင့်သူများ** ။ ။ အနက်, ပါဠိ, ဆုံးမမှုကို ရှေးရှု၍ ပြောဆိုသော ရဟန်းမ၊ ရူးသောရဟန်းမ-တို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ငရဲ, မြတ်သောအကျင့်တို့ဖြင့် ကျိန်ဆဲခြင်း (၂) ရဟန်းမ ဖြစ်ခြင်း၊ (၃) အတ္ထပုရေက္ခာရ, ဓမ္မပုရေက္ခာရစသည် မရှိခြင်း။

http://www.dhammadownload.com



## ဓရာဒန သိက္ခာပုဒ်

➤ **အာပတ်သင့်ပုံ** ။ ။ ကိုယ်ကို ထုရှိသာ ထု၍ မငိုလျှင်ငှင်း၊ ငိုရှိသာငို၍ မထုလျှင်ငှင်း၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ ထုလည်း ထု၊ ငိုလည်း ငိုလျှင် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ စဏ္ဍကာဠီ (မူလ္လီလ်) ကို အကြောင်းပြု၍ မိမိကိုယ်ကို ထု၍ငိုခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ ဉာတိဗျသန၊ ရောဂဗျသန၊ ဘောဂဗျသန တို့ တွေ့ထိနှိပ်စက်အပ်သောကြောင့် ငိုရှိသာ ငိုပြီး မထု မရိုက်လျှင် အာပတ်မသင့်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) မိမိကိုယ်ကို ပုတ်ခတ်ခြင်း၊ (၂) ငိုခြင်း။

## နဂ္ဂဝဂ်/နဂ္ဂ သိက္ခာပုဒ်

➤ **နဂ္ဂါ အဓိပ္ပါယ်** ။ ။ ခါးဝတ်ဖြစ်စေ၊ ကိုယ်ရုံဖြစ်စေ၊ တစ်ထည်ထည်မျှ မပါသူကို "နဂ္ဂါ"ဟု ခေါ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ အဝတ် မပါဘဲ ရေချိုးသောရဟန်းမအား လှံ့လပယောဂ ပြုတိုင်း ဒုက္ကဋ်အာပတ်၊ ရေချိုးပြီးသောအခါ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသော ဘိက္ခုနီမများ (မူလ္လီလ်) ကို အကြောင်းပြု၍ အဝတ်မဆီး အချည်းနှီး ရေချိုးခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **စေတ်နှင့်အညီ ကိုယ်လုံးတည်းဖွတ်၍ ရေချိုးနိုင်သော ရဟန်းမ၏ အနာပတ္တိကာလ** ။ ။ ရေသနုတ်သင်္ကန်းပျောက်ပျက်ရာအခါ၊ အဖိုးတန်အဝတ်ကို တွေ့၍ ခိုးသူတို့ ယူကုန်ရာ ဘေးရန်ရှိသောအခါတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အဝတ်မဆီး အချည်းနှီးဖြစ်ခြင်း (၂) ခွင့်ပြုတော် မူအပ်ပြီးသော အကြောင်းမရှိခြင်း (၃) ရေချိုး၍ ပြီးဆုံးခြင်း။

## ဝိဝရသိဗ္ဗန သိက္ခာပုဒ်

➤ **ဝိသိဗ္ဗေတွာ အဓိပ္ပါယ်** ။ ။ မကောင်းသဖြင့် ချုပ်ထားသော သင်္ကန်းကို တစ်ဖန် ချုပ်ခြင်းအကျိုးငှာ ဖြေခြင်းကို "ဝိသိဗ္ဗေတွာ"ဟု ဆိုပါသည်။

➤ **အနန္တရာယိကိနီ-၌ ယူရမည့်အန္တရာယ်** ။ ။ မီး၊ ရေ၊ မင်း၊စသော အန္တရာယ် ဆယ်ပါးတို့တွင် တစ်ပါးပါးကို ယူရပါမည်။

➤ **စတုပဉ္စာဟာ-အရ** ။ ။ ဖြေအပ်ရာနေ့မှ စ၍ ငါးရက်တို့ကို ယူရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ ငါးရက်လွန်ပြီးနောက် "မချုပ်တော့ဘဲ၊ ချုပ်စေခြင်းငှာ

http://www.dhammadownload.com



ကြောင့်ကြ မပြုတော့အံ့"ဟု တာဝန်ဝိရိယကို ချပြီးကာမျှ၌ ပါစိတ်အာပတ် သင့်၏။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သင်္ကန်းကိုဖြေပြီးနောက် မချုပ်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော (အနာပတ္တိ) ရဟန်းမများ** ။ ။ အန္တရာယ်ရှိသဖြင့် ရှာမှီးသော်လည်း ဘာကိုမျှ မရ, ချုပ်နေစဉ်မှာလည်း ငါးရက်ကျော်လွန်သွားသော ရဟန်းမ၊ မကျန်းမာသောကြောင့်၎င်း, ဘေးရန်တို့ကြောင့်၎င်း, ကိုယ်တိုင်လည်း မချုပ်သူတစ်ပါးကိုလည်း ချုပ်စေခြင်းငှာ လွဲလမပြုသော ရဟန်းမ၊ ရူးသောရဟန်းမ။

➤ **သိက္ခာပုဒ်အင်္ဂါ ၅-ပါး** ။ ။ (၁) ဝတ်ရုံလောက်သော သင်္ကန်းဖြစ်ခြင်း (၂) ရဟန်းမ၏ ဥစ္စာဖြစ်ခြင်း (၃) ချုပ်ခြင်းငှာ ဖြေခြင်း, ဖြေစေခြင်း (၄) ငါးရက်ကို လွန်ခြင်း (၅) လွဲလကို ချခြင်း-တို့ ဖြစ်ပါသည်။

**သင်္ဃာဋိစာရ သိက္ခာပုဒ်**

➤ **သင်္ဃာဋိ အဓိပ္ပါယ်** ။ ။ ချုပ်စပ်အပ်သော သင်္ကန်းငါးထည်သည် "သင်္ဃာဋိ" မည်ပါသည်။

➤ **သံဃာဋိ-အရ** ။ ။ သုံးစွဲခြင်း၏အစွမ်းဖြင့်သော်၎င်း, နေလှမ်းခြင်း၏အစွမ်းဖြင့်သော်၎င်း, ချုပ်စပ်အပ်သောကြောင့် တိစီဝရိတ်, ရေသနုတ်, ရင်စည်းတဘက်ဟူသော သင်္ကန်း ငါးထည်ပဲ့ကို ယူရပါမည်။

➤ **ဘိက္ခုနီမတို့ ဝတ်ရုံသော သင်္ကန်းငါးထည်သရုပ်** ။ ။ (၁) သင်းပိုင် (၂) ကောသိ (၃) ဒုကုဋ် (၄) ရေသနုတ် (၅) ရင်လွှမ်းတဘက်-တို့ ဖြစ်ပါသည်။

➤ **(ပဥ္စာဟိကာ) သင်္ဃာဋိစာရ အဓိပ္ပါယ်** ။ ။ တိစီဝရိတ်, ရေသနုပ်, ရင်စီးတဘက်, ဟူသော သင်္ကန်းငါးထည်တို့ကို သုံးစွဲခြင်း၏ အစွမ်းဖြင့်၎င်း, နေလှန်းခြင်း၏ အစွမ်းဖြင့်၎င်း, ငါးရက်တစ်ကြိမ် လဲလှယ်ဝတ်ရုံခြင်းကို "သင်္ဃာဋိစာရ"ဟု ခေါ်သည်။

➤ **အတိက္ကာမေယျ ပါစိတ္တိယံ-အရ အာပတ်သင့်ပုံ** ။ ။ ခြောက်ခုမြောက် အရုဏ်တက်ချိန်၌ သင်္ကန်းတစ်ထည်ကို သုံးစွဲခြင်း, နေလှန်းခြင်းဖြင့် မလဲလှယ်လျှင် ပါစိတ်အာပတ်တစ်ချက်၊ သင်္ကန်းငါးထည်တို့ကို မလဲလှယ်လျှင် ပါစိတ်အာပတ် ၅-ချက် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသော ရဟန်းမ (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ သင်္ကန်းကိုထား၍ သင်းပိုင်နှင့်တကွ အပေါ်ခြုံဖြင့် ဇနပုဒ်ဒေသစာရီ ဖဲသွားခြင်း (ဝတ္ထု)ကြောင့် ပညတ်သည်။

➤ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ ဂိလာနဖြစ်သောကြောင့်၎င်း, ငါ့သင်္ကန်း

http://www.dhammadownload.com



သည် တန်ဖိုးကြီး၏, ခိုးသူဘေးဖြစ်ရာအခါ၌ ဆောင်ခြင်းငှာ မတတ်ကောင်းဟု ကြံ ကာ ဘေးရန်တို့ကြောင့်ငှင်း, ငါးရက်လွန်သော်လည်း အာပတ် မသင့်ပါ။

➢ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) သင်္ကန်းငါးထည်တို့တွင် တစ်ထည်ထည်ဖြစ် ခြင်း (၂) ငါးရက်လွန်ခြင်း (၃) ခွင့်ပြုတော်မူအပ်သော အကြောင်းမရှိခြင်း (၄) မလဲ လှယ်ခြင်း-တို့ ဖြစ်ပါသည်။

**စီဝရသင်္ကမနိယ သိက္ခာပုဒ်**

➢ **စီဝရသင်္ကမနိယ အဓိပ္ပါယ်** ။ ။ ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ တိတ်တိတ်ယူဝတ်ပြီး နောက် မိမိထံ၌ အမြဲမထားနိုင်ဘဲ ပြောင်းရွှေ့၍ ပြန်ပေးအပ်သော သင်္ကန်းသည် "စီဝရသင်္ကမနိယ" မည်ပါသည်။

➢ **ဓာရေယျ-အရ အာပတ်သင့်ပုံ** ။ ။ ပြောင်းရွှေ့ထိုက်သော သင်္ကန်းကို ဝတ် ခြင်း, ရုံခြင်းပြုလျှင် ပါစိတ်အာပတ် သင့်ပါသည်။

➢ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ အညတရ ဘိက္ခုနီမ (ဗဟုန္နိလ်) ကို အကြောင်းပြု၍ ဘိက္ခုနီမ၏ သင်္ကန်းကိုယူကာ မပန်ပြောဘဲ ရုံခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➢ **အာပတ် မသင့်သော (အနာပတ္တိ) ရဟန်းမများ** ။ ။ သင်္ကန်းရှင်က ပေး အပ်သော သင်္ကန်းကိုငှင်း, သင်္ကန်းရှင်ကို ပန်ပြော၍ငှင်း, ဝတ်ရုံသော ရဟန်းမ၊ သင်္ကန်း ပျောက်ပျက်၍ ဝတ်ရုံသော ရဟန်းမ၊ ဘေးရန်တို့ကြောင့် ဝတ်ရုံသော ရဟန်းမ၊ ရူး သော ရဟန်းမ-တို့ ဖြစ်ပါသည်။

➢ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ပြောင်းရွှေ့ထိုက်သော သင်္ကန်းဖြစ်ခြင်း (၂) ရဟန်းမ၏ ဥစ္စာဖြစ်ခြင်း(၃) ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း (၄) ဆောင်ထားခြင်း

**ဂဏစီဝရ သိက္ခာပုဒ်**

➢ **ဂဏ-အရ** ။ ။ ဘိက္ခုနီသံဃာကို ယူရပါမည်။

➢ **စီဝရလာဘ-၌ စီဝရ-အရ** ။ ။ အငယ်ဆုံး ဝိကပ္ပနာလောက်သော ခေါမ, စသော သင်္ကန်း ၆-ထည်တို့တွင် တစ်ထည်ထည်သော သင်္ကန်းကို ယူရပါမည်။

➢ **စီဝရလာဘ အဓိပ္ပါယ်** ။ ။ အယုတ်ဆုံး ဝိကပ္ပနာ လောက်သော ရအပ်သော သင်္ကန်းသည် "စီဝရလာဘ" မည်ပါသည်။

➢ **အန္တရာယ ကရေယျ-၌ အန္တရာယ်ပြုပုံ** ။ ။ ဘိက္ခုနီ သံဃာအား ဒါယကာ တို့က သင်္ကန်းလှူမည်ဟု ကြားလျှင် မလှူနိုင်လောက်အောင် အားထုတ်ခြင်းကို အန္တရာယ်ပြုသည်ဟု ခေါ်ပါသည်။

➢ **ပါစိတ်အာပတ် သင့်ရာအခါ** ။ ။ ရဟန်းမ၏ စကားကြောင့် အလှူရှင်တို့က

http://www.dhammadownload.com



မလှူတော့ကုန်အံ့ဟု ဆုံးဖြတ်သောအခါ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဂိုဏ်း၏ သင်္ကန်းလာဘ်၌ အန္တရာယ်ကို ပြုခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သော ရဟန်းမများ** ။ ။ အဖိုးချိုရာအခါ၌ လှူကြဟု အကျိုးကို ပြ၍ တားမြစ်သောရဟန်းမ၊ ရူးသောရဟန်းမတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ဝိကပ္ပနာလောက်သော နောက်ဆုံးသင်္ကန်း ဖြစ်ခြင်း (၂) ဘိက္ခုနီသံဃာအပေါ်၌ ညွတ်ပြီးခြင်း (၃) အာနိသင်ကိုပြခြင်းနှင့် ကင်း၍ အန္တရာယ်ကို ပြုခြင်း-တို့ ဖြစ်ပါသည်။

## ပဋိဗာဟန သိက္ခာပုဒ်

➤ **ဓမ္မိကစီဝရဝိဘင်္ဂ ဖြစ်ပုံ** ။ ။ သမဂ္ဂသံဃာသည် အညီအညွတ် စည်းဝေး၍ ပြုအပ်သော သင်္ကန်းဝေဖန်မှုသည် "ဓမ္မိကစီဝရဝိဘင်္ဂ" ဖြစ်ပါသည်။

➤ **တရားနှင့်လျော်သော သင်္ကန်းဝေဖန်ပုံ** ။ ။ သမဂ္ဂသံဃာသည် အညီအညွတ် စည်းဝေး၍ ပြုအပ်သော သင်္ကန်းဝေဖန်ခြင်းသည် "တရားနှင့်လျော်သော သင်္ကန်းဝေဖန်ပုံ" ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ တရားနှင့်လျော်သော သင်္ကန်းဝေဖန်ခြင်းကို တားမြစ်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်နိုင်ခြင်းအကြောင်း** ။ ။ အကျိုးကိုပြ၍ တားမြစ်သောကြောင့် အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) သင်္ကန်းဝေဖန်ခြင်း၏ တရားနှင့်လျော်ခြင်း (၂) တရားနှင့်လျော်၏ဟု အမှတ်ရှိသူ ဖြစ်ခြင်း (၃) အကျိုးနှင့်ကင်း၍ တားမြစ်ခြင်း

## စီဝရဒါန သိက္ခာပုဒ်

➤ **သမဏစီဝရ-အရ** ။ ။ ကပ္ပဗိန္ဒု ထိုးပြီးသော ဝတ်ရုံလောက်သော သင်္ကန်းကို ယူရပါမည်။

➤ **အဂါရိက-အရ** ။ ။ မိဘမှတစ်ပါး အခြားသော လူများကို ယူရပါမည်။

➤ **သင်္ကန်းပေးကောင်းသူများ** ။ ။ သီတင်းသုံးဖော်ငါးဦးနှင့် အမိ အဖတို့ ဖြစ်ပါသည်။

➤ **ဒဒေယျ-ပေးခြင်းဟူသည်** ။ ။ လှူသောအားဖြင့် ပေးခြင်းမဟုတ်, စွန့်သော အားဖြင့် ပေးခြင်းပင် ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အိမ်၌တည်သူ လူဝတ်ကြောင်အား ရဟန်းတို့၏ သင်္ကန်းကို ပေးခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ မိဖတို့အား အပိုင်စွန့်၍ ပေးသောရဟန်းမ၊ အခိုက်အတန့် ငှားသောအားဖြင့် ပေးသောရဟန်းမ၊ ရူးသောရဟန်းမတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ရဟန်းတို့၏ သင်္ကန်းဖြစ်ခြင်း (၂) သီတင်းသုံးဖော်ငါးဦးနှင့် မိဖတို့မှတစ်ပါး အခြားသူတို့အား ပေးခြင်း၊ (၃) အခိုက်အတန့် ပေးခြင်းမျိုး မဟုတ်ခြင်း-တို့ ဖြစ်ပါသည်။

**ကာလ အတိက္ကမန သိက္ခာပုဒ်**

➤ **ဒုဗ္ဗလစီဝရပစ္စာသာ အဓိပ္ပါယ်** ။ ။ အကယ်၍ စွမ်းနိုင်လျှင် လှူပါမည်ဟု ဤမျှလောက်သော စကားကို ကြား၍ သင်္ကန်းရရန် အလိုအာသာဖြစ်ခြင်းကို "ဒုဗ္ဗလစီဝရ ပစ္စာသာ"ဟု ဆိုပါသည်။

➤ **စီဝရကာလသမယံ အတိက္ကာမေယျ အဓိပ္ပါယ်** ။ ။ မိုးလပတ်လုံးနေပြီးသော ရဟန်းမတို့သည် ကာလသင်္ကန်းဝေဖန်လတ်သော် "အရှင်မတို့ ဆိုင်းငံ့ကြပါကုန်၊ သံဃာ၏ သင်္ကန်းမျှော်လင့်ချက်သည် ရှိပါသေး၏"ဟု ပြော၍ သင်္ကန်းဝေဖန်ခြင်း၊ သင်္ကန်းကာလကို ကျော်လွန်စေခြင်းကို "စီဝရကာလသမယံ အတိက္ကာမေယျ"ဟု ဆိုပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ကထိန်မခင်းလျှင် မိုးလ၏နောက်ဆုံးလ, ကထိန်ခင်းလျှင် ကထိန်နုတ်ရာနေ့ကို ကျော်လွန်သောရဟန်းမအား ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အားနည်းသောသင်္ကန်း၌ဖြစ်သော အလိုအာသာဖြင့် သင်္ကန်းကာလအခါကို ကျော်လွန်စေခြင်း (ဝတ္ထု)ကြောင့် ပညတ်သည်။

➤ **အာပတ် မသင့်သော ရဟန်းမများ** ။ ။ လှူခြင်းငှာ မစွမ်းနိုင်ပါကုန်ဟု လျှောက်သော်လည်း ယခုအခါ ဒါယကာတို့၏ ဝါသည် ဖြစ်တော့လတံ့ဟုရင်း၊ သဒ္ဓါတရားရှိသော ယောက်ျားလာခဲ့သော် ဧကန်လှူလိမ့်မည်ဟုရင်း၊ အကျိုးကိုပြု၍ တားမြစ်သော ရဟန်းမ၊ ရူးသော ရဟန်းမတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) အားနည်းသော သင်္ကန်းဖြစ်ခြင်း (၂) အားနည်းသော သင်္ကန်းဟု အမှတ်ရှိသူဖြစ်ခြင်း (၃) အကျိုးနှင့်ကင်း၍ တားမြစ်ခြင်း။

**ကထိနုဒ္ဓါရ သိက္ခာပုဒ်**

➤ **ဓမ္မိက ကထိနုဒ္ဓါရဖြစ်ပုံ** ။ ။ ကထိန်အာနိသင်ခေတ်အတွင်း အကာလသင်္ကန်းကို လှူလိုသော ဒါယကာသည် ကထိန်အာနိသင်ဖြစ်သော သင်္ကန်းတို့ထက် များသည်

http://www.dhammadownload.com



ဖြစ်စေ, တန်းတူဖြစ်စေ, သင်္ကန်းတို့ကို ယူလာ၍ ပုရိမဝါကျွတ်သူ, ပစ္ဆိမဝါကျွတ်သူ မရွေး အားလုံးသော ဘိက္ခုနီသံဃာသည် ခင်းပြီးကထိန်ကို ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် နှုတ်ခြင်းမျိုးကို "ဓမ္မိက ကထိနုဒ္ဓါရ"ဟု ခေါ်ပါသည်။

➤ **ခင်းအပ်ပြီးသော ကထိန်ကို တစ်ပန်နှုတ်ရခြင်း၏ ရည်ရွယ်ချက်**

ဒါယကာက မူလကထိန်အာနိသင် လာဘ်လာဘနှင့် တန်းတူသော်ရင်း, အပို အလွန်သော်ရင်း, သံဃာအား လှူလိုသည်ဟု လျှောက်ထားခြင်းကြောင့် သံဃာအတွက် အကျိုးများမှုကို ရည်ရွယ်၍ ကထိန်နှုတ်ရပါသည်။

➤ **တရားနှင့် မလျော်သော ကထိန်နှုတ်ခြင်း** ။ ။ ကထိန်နှုတ်ခြင်းကြောင့် ရရှိမည့် လာဘ်သည် ကထိန်အာနိသင်လာဘ်အောက် နည်းနေလျှင် တရားနှင့် မလျော်သော ကထိန်နှုတ်ခြင်း မည်ပါသည်။

➤ **တရားနှင့်လျော်သော ကထိန်နှုတ်ခြင်း** ။ ။ ကထိန်နှုတ်ခြင်းကြောင့် နောက်ထပ် ရရှိမည့် လာဘ်က ကထိန်အာနိသင်လာဘ်ထက် များသော်ရင်း, တန်းတူသော်ရင်း, ဖြစ်မှ တရားနှင့်လျော်သော ကထိန်နှုတ်ခြင်း မည်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကထိန်နှုတ်ခြင်းကို တားမြစ်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

**တုဝဋ္ဋဝဂ်/ ကေမဥ္စတုဝဋ္ဋေန သိက္ခာပုဒ်**

➤ **အပြစ်ဖြစ်နိုင်သော နှစ်ပါး တစ်ညောင်စောင်း အိပ်ပုံ**

➤ **ကေမဥ္စတုဝဋ္ဋေန အဓိပ္ပါယ်** ။ ။ ရဟန်းမနှစ်ယောက်တို့တွင် တစ်ယောက်က အိပ်ပြီး၍ ထ,မသွားသေးဘဲ အခြားတစ်ယောက်က အိပ်ခြင်း, နှစ်ယောက်စလုံး တစ်ပြိုင်နက် အိပ်ခြင်းမျိုး ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသောရဟန်းမ (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ ရဟန်းမနှစ်ယောက် ညောင်စောင်း တစ်ခုတည်း၌ အိပ်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်အောင်အိပ်ပုံ** ။ ။ ဘိက္ခုနီမတစ်ယောက်က အိပ်ပြီး တစ်ယောက်က ထိုင်နေလျှင်ရင်း, နှစ်ယောက်စလုံး ထိုင်နေလျှင်ရင်း အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) ညောင်စောင်းတစ်ခုတည်း ဖြစ်ခြင်း (၂) နှစ်ယောက်စလုံး အိပ်ခြင်း-တို့ ဖြစ်ပါသည်။

**ကေတ္ထရဏ တုဝဋ္ဋေန သိက္ခာပုဒ်**

➤ **ကေတ္ထရဏ ပါဝုရဏ အဓိပ္ပါယ်** ။ ။ ပြောင်းရွှေ့နိုင်ကုန်သော အခြုံ, အခင်း

http://www.dhammadownload.com



ဖျာ, သင်ဖြူး,စသည်တို့၏ တစ်ဖက်အစွန်းကိုခင်း၍ တစ်ဖက်အစွန်းကို ခြုံခြင်းသည် "ကေတ္တရဏ ပါဝုရဏ" မည်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ အခြုံကိုပင်ခင်းပြီး အခင်းကိုပင်ခြုံ၍ အိပ်ကုန်သော ရဟန်းမတို့အား ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များးစွာသော ရဟန်းမ (ပုဂ္ဂိုလ်) တို့ကို အကြောင်းပြု၍ အခင်းအခြုံတစ်ခုတည်း၌ အိပ်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္កဋ်အာပတ်သင့်ပုံ** ။ ။ အခြုံမတူဘဲ တစ်ခင်းတည်း (သို့မဟုတ်) အခင်း မတူဘဲ တစ်ခြုံထည်တည်း အိပ်လျှင် ဒုက္កဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အခင်းတစ်ခုပေါ်ဝယ် အတူအိပ်ခွင့် ကြုံ လျှင် နှစ်ပါး၏အလယ်၌ သင်္ကန်းကိုဖြစ်စေ, တောင်ဝှေးကိုဖြစ်စေ, အပိုင်းအခြားပြု၍ အိပ်သောကြောင့် အာပတ် မသင့်ပါ။

➤ **မလွဲသာ မရှောင်သာ၍ အခင်းတစ်ခုတည်း၌ ဘိက္ခုနီမနှစ်ယောက် အတူ အိပ်ဖို့ရန် ကြုံလာခဲ့သော် အာပတ် မသင့်အောင် အိပ်နည်း** ။ ။ နှစ်ပါး၏ အလယ်၌ သင်္ကန်းကိုဖြစ်စေ, တောင်ဝှေးကိုဖြစ်စေ, အပိုင်းအခြားပြု၍ အိပ်ရပါမည်။

❀ ❀ ❀ ❀ ❀

## အဖာသုကရဏ သိက္ခာပုဒ်

➤ **အဖာသုကရဏ (စိတ်မချမ်းသာအောင် ပြုခြင်း) အဓိပ္ပါယ်** ။ ။ ဤစင်္ကြံ သွားခြင်း,စသော အမှုကြောင့် ဤရဟန်းမအား မချမ်းသာမှု ဖြစ်လတ့ံဟု နှလုံးသွင်း၍ မပန်ပြောဘဲ ရှေ့၌စင်္ကြံသွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, စသည်တို့ကိုသော်ရင်း။ ပါဠိကို ကိုယ်တိုင်ရွတ်ဆိုခြင်း, သူတစ်ပါးကို ရွတ်ဆိုစေခြင်း, အနက် အဓိပ္ပါယ်ကို မေးမြန်းခြင်း, သရဇ္ဈာယ်ခြင်းကိုသော်ရင်း၊ ပြုခြင်းကို "အဖာသုကရဏ"ဟု ခေါ်ပါသည်။

➤ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ စင်္ကြံသွားခြင်း၌ အခေါက်အရေအတွက်အားဖြင့် ရင်း, ရပ်ခြင်း,စသည်တို့၌ ပယောဂ အရေအတွက်အားဖြင့်ရင်း, ပါဠိရွတ်ခြင်း,စသည် တို့၌ ပုဒ်အရေအတွက်အားဖြင့်ရင်း ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ သညာနှင့်တကွ စေ့ဆော်၍ မချမ်းသာမှုကို ပြုခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ရဟန်းမ ဖြစ်ခြင်း။ (၂) မချမ်းသာမှုကို ပြုလိုသူ ဖြစ်ခြင်း။ (၃) မချမ်းသာမှုကိုပြုခြင်း (၄) မပန်ပြောခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com


## ၈ ဥပဋ္ဌာပန သိက္ခာပုဒ်

➤ **ဒုက္ခိတ အဓိပ္ပါယ်** ။ ။ မကျန်းမာသော ဘိက္ခုနီမကို "ဒုက္ခိတ"ဟု ခေါ်သည်။

➤ **သဟဇီဝိနီ အဓိပ္ပါယ်** ။ ။ ဥပဇ္ဈာယ်ယူသူ အတူနေတပည့်မကို သဟဇီဝိနီဟု ခေါ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ဥပဇ္ဈာယ်ယူသူ အတူနေတပည့်မကို "ကိုယ်တိုင်လည်း မပြုစုတော့, သူတစ်ပါးကိုလည်း ပြုစုရန် မခိုင်းတော့"ဟု လှံ့လကို ချပြီးကာမျှ ဖြစ်လတ်သော် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဒုက္ခရောက်နေသော အတူနေတပည့်မကို မပြုစု မလုပ်ကျွေးခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ ပြုစုလုပ်ကျွေးမည့်သူကို ရှာ၍ မရလျှင်ရင်း, မိမိ ကိုယ်တိုင် မကျန်းမာလျှင်ရင်း, ဘေးရန်ရှိလျှင်ရင်း, မလုပ်ကျွေးသော ရဟန်းမတို့မှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ မကျန်းမာသူဖြစ်ခြင်း (၂) ဥပဇ္ဈာယ်ယူ အတူနေ တပည့်မဖြစ်ခြင်း (၃) ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း၊ (၄) ပြုစုလုပ်ကျွေးခြင်း၌ လှံ့လကို ချထားခြင်း-တို့ ဖြစ်ပါသည်။

## နိက္ကမှန သိက္ခာပုဒ်

➤ **ဥပဿယ-အရ** ။ ။ တံခါးရွက် ဖွဲ့တပ်အပ်သော မိမိပိုင် ပုဂ္ဂလိကကျောင်းကို ယူရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ ကိုယ်တိုင်နှင်ထုတ်ရာ၌ ကျောင်းတံခါးတို့ကို လွန်အောင် တစ်ကြိမ်တည်းသော ပယောဂဖြင့် နှင်ထုတ်လျှင် ပါစိတ်အာပတ်တစ်ချက်၊ ပယောဂ အမျိုးမျိုးတို့ဖြင့် နှင်ထုတ်လျှင် ပယောဂ အရေအတွက်အားဖြင့် ပါစိတ်များစွာ သင့်ပါ သည်။ * သူတစ်ပါးကို စေခိုင်းရာ၌ "ဤမည် ဤမည်သော တံခါးကို ရကျော်လွန်အောင် ဆွဲထုတ်လော့"ဟု စေခိုင်းလျှင် တစ်ကြိမ်စေခိုင်းခြင်းကြောင့်ပင် တံခါး အရေအတွက် အားဖြင့် ပါစိတ်အာပတ်များ သင့်ပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ တံခါးရွက် မရှိသော ကျောင်းမှရင်း, လှ သာမဏေ ကိုရင်း, သပိတ် သင်္ကန်း,စသော ပရိက္ခရာကိုရင်း, ဆွဲထုတ်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ နှင်ထုတ်ခြင်း (ဝတ္ထု)ကြောင့် ပညတ်သည်။

➤ **သံသဋ္ဌ သိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌

http://www.dhammadownload.com



စင်္ကြာကာဋ္ဌိ (ဗုဏ္ဍိုလ်) ကို အကြောင်းပြု၍ လူတို့နှင့်ရောနှောလျက် နေခြင်း (စဏ္ဍ) ကြောင့် ပညတ်တော်မူပါသည်။

**အန္တောရဋ္ဌ သိက္ခာပုဒ်**

➤ **အန္တောရဋ္ဌ-အရ** ။ ။ မိမိနေထိုင်ရာ တိုင်းနိုင်ငံသည် "အန္တောရဋ္ဌ" မည်၏။

➤ **တိရောရဋ္ဌ-အရ** ။ ။ မိမိနေထိုင်ရာ တိုင်းနိုင်ငံမှ အခြားတိုင်းနိုင်ငံသည် "တိရောရဋ္ဌ" မည်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ အဖော်ကုန်သည်နှင့် ကင်း၍သွားသော ရဟန်းမအား ရွာတစ်ပါး၏ အရေအတွက်အားဖြင့်ရင်း, ရွာ,မရှိသော တောသို့သွားသော ရဟန်းမ အား ယူဇနာဝက် အရေအတွက်အားဖြင့်ရင်း, ပါစိတ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ အဖော်ကုန်သည်နှင့်အတူ သွားသောရဟန်းမ၊ ဘေးရန် မရှိသောအရပ်၌ သွားသောရဟန်းမ၊ ရူးသောရဟန်းမတို့ ဖြစ်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) တိုင်းနိုင်ငံအတွင်းဖြစ်ခြင်း (၂) ဘေးမကင်း ခြင်း (၃) ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း (၄) ဒေသစာရီ ဖဲသွားခြင်း။

**အန္တောဝဿ သိက္ခာပုဒ်**

➤ **အန္တောဝဿံ-၌ ဝဿ-အရ** ။ ။ ပုရိမဝါတွင်း သုံးလကိုရင်း, ပစ္ဆိမဝါတွင်း သုံးလကိုရင်း, ယူရပါမည်။

➤ **ဝါတွင်း၌ သွားသော်လည်း အာပတ် မသင့်နိုင်ခြင်းအကြောင်း**

၇-ရက်အတွင်း ပြုဖွယ်ကိစ္စကြောင့်ရင်း, တစ်စုံတစ်ယောက် ထွက်သွားသော ကြောင့်ရင်း, ဘေးရန်ရှိသောကြောင့်ရင်း အာပတ် မသင့်ပါ။

**စာရိက န ပက္ကမန သိက္ခာပုဒ်**

➤ **ဝဿံဝုဋ္ဌ အဓိပ္ပါယ်** ။ ။ ပုရိမဝါတွင်း သုံးလပတ်လုံးကိုရင်း, ပစ္ဆိမဝါတွင်း သုံးလပတ်လုံးကိုရင်း, နေပြီးသူကို "ဝဿံဝုဋ္ဌ"ဟု ခေါ်ပါသည်။

**မေး** ။ ။ ဘိက္ခုနီမများသည် ဝါကျွတ်ပါက ခရီးမည်မျှ သွားရမည်နည်း။

**ဖြေ** ။ ။ ဝါကျွတ်လျှင် ပဝါရဏာပြုပြီးနောက် ငါးယူဇနာတိုင်တိုင် ခရီးသွားရပါမည်၊ ခြောက်ယူဇနာသွားလျှင်ကား ဆိုဖွယ်ရာ မရှိပါ။ မိမိနေရာမှ သုံးယူဇနာသွားပြီး ထိုသွားလမ်းဖြင့်ပင် ပြန်လာလျှင် မအပ်ပါ။ အခြားလမ်းဖြင့် ပြန်လာခြင်းငှာ အပ်သည်။

➤ **အာပတ်သင့်ရာအခါ** ။ ။ အဓွန့်ရှည်သော ခရီးကို မသွားတော့အံ့ဟု ကြံ၍ လှံ့လကို ချထားအပ်ပြီးကာမျှဖြင့်လတ်သော် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ခရီး မသွားသော်လည်း အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အဖော် မရရှိခြင်း, ဂိလာနဖြစ်ခြင်း, ဘေးရန်ရှိခြင်းတို့ကြောင့် ခရီးမသွားသော်လည်း အာပတ်မသင့်ပါ။

http://www.dhammadownload.com



➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) မိုးလပတ်လုံး နေပြီးခြင်း (၂) ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း (၃) ငါးယူဇနာကို မလွန်ခြင်း-တို့ ဖြစ်ပါသည်။

**စိတ္တာဂါရဝဂ်/ ရာဇာဂါရ သိက္ခာပုဒ်**

➤ **ရာဇာဂါရ အဓိပ္ပါယ်** ။ ။ မင်း၏ပျော်မွေ့ရာ မင်းကွန်းစံနန်းတော်ကို "ရာဇာ ဂါရ"ဟု ခေါ်ပါသည်။

➤ **စိတ္တာဂါရ အဓိပ္ပါယ်** ။ ။ လူအများပျော်မွေ့ရာ ဆန်းကြယ်စွာ ဆောက်လုပ် ထားသော အိမ်ကို "စိတ္တာဂါရ"ဟု ခေါ်ပါသည်။

➤ **အာရာမ အဓိပ္ပါယ်** ။ ။ လူအများ၏ ပျော်မွေ့ရာ မြို့တွင်းဥယျာဉ်ကို "အာရာမ" ဟု ခေါ်ပါသည်။ ➤ **ဥယျာန အဓိပ္ပါယ်** ။ ။ လူအများ၏ ပျော်မွေ့ရာ မြို့ပ ဥယျာဉ်ကို "ဥယျာန" ဟု ခေါ်ပါသည်။

➤ **ပေါက္ခရဏီ အဓိပ္ပါယ်** ။ ။ လူအများ၏ ပျော်မွေ့ရာ ရေကန်ကို "ပေါက္ခရဏီ" ဟု ခေါ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ရာဇာဂါရ စသည်တို့တွင် တစ်မျိုးမျိုးကို သွား၍ကြည့် လျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်၊ ရပ်၍ကြည့်သောနေရာ၌ ခြေကို မကြွမြှောက်ဘဲ ငါးမျိုး လုံး ကြည့်လျှင် ပါစိတ်တစ်ချက်သာ သင့်ပါသည်။ ငါးမျိုးလုံး လှည့်လည်ကြည့်ရှုလျှင် လည်ပင်းကို လှည့်လည်ခြင်း ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါ သည်။ မျက်စိဖွင့်ခြင်း အရေအတွက်အားဖြင့် မသင့်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နီဓါန်း) ၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမများ (ပုဗ္ဗိုလ်) ကို အကြောင်းပြု၍ ဆန်းကြယ်သော အိမ်ကို ကြည့် ရှုခြင်းငှာ သွားခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

**အာသန္ဒိပရိဘုဉ္ဇန သိက္ခာပုဒ်**

➤ **အာသန္ဒိ အဓိပ္ပါယ်** ။ ။ လက်ရှစ်သစ် ပမာဏထက်လွန်သော အခြေရှိသော လေးထောင့်ခုံမြင့်သည် "အာသန္ဒိ" မည်ပါသည်။

➤ **ပလ္လင်္က အဓိပ္ပါယ်** ။ ။ ခြေထောက်သစ်သားကိုပင် ခြင်္သေ့ရုပ်စသည် ပြုလုပ် ထားသဖြင့် မပြောင်းရွှေ့နိုင်ကုန်သော သားရဲရုပ်တို့ဖြင့် ပြုအပ်သော ပလ္လင်သည် "ပလ္လင်္က" မည်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ထိုင်ခြင်း, အိပ်ခြင်း ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နီဓါန်း) ၌ များစွာသော ဘိက္ခုနီမများ (ပုဗ္ဗိုလ်) ကို အကြောင်းပြု၍ အာသန္ဒိ ပလ္လင်္က-တို့ကို သုံး

http://www.dhammadownload.com



ခွဲခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **သုံးခွဲကောင်းအောင် ပြုလုပ်ပုံ (အာပတ် မသင့်အောင် ပြုလုပ်နည်း)**

လေးထောင့်ခုံမြင့်၏ ခြေတို့ကိုဖြတ်၍ရင်း, ပလ္လင်၏ သားရဲရုပ်တို့ကို ဖျက်၍ရင်း သုံးခွဲပါက အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) အာသန္ဒီ, ပလ္လင် ဖြစ်ခြင်း (၂) ထိုင်ခြင်း, အိပ်ခြင်း-တို့ ဖြစ်ပါသည်။

## သုတ္တကန္တန သိက္ခာပုဒ်

➤ **သုတ္တ-အရ** ။ ။ ခေါမ,စသော ချည်ခြောက်မျိုးတို့တွင် တစ်မျိုးမျိုးသော ချည်ကို ယူရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ လက်ဖြင့်ဆွဲငင်လောက်သော ချည်ကို ဝင်ရိုး၌ ရစ်ပတ်အပ်ပြီးသော် ပါစိတ်အာပတ်တစ်ချက် သင့်ပါသည်။ ငင်ရာအခါမှ ရှေး၌ ဝါကို ရွေးချယ်ခြင်းမှ စ၍ ပယောဂအားလုံးတို့၌ လက်အကြိမ်အရေအတွက်အားဖြင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်သော ရဟန်းမများ** ။ ။ ငင်အပ်ပြီးသော အမြိတ်အဆာချည်ကို စုပေါင်း၍ ငင်သောရဟန်းမ၊ ရူးသော ရဟန်းမတို့ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီရဟန်းမများ (ဗုဒ္ဓိုလ်) ကို အကြောင်းပြု၍ ချည်ကိုငင်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

## ဂိဟိဝေယျာဝစ္စ သိက္ခာပုဒ်

➤ **မိဘတို့၏ ဝေယျာဝစ္စကို ပြုလုပ်ကောင်း/ မပြုလုပ်ကောင်း**

မိဘတို့ကို မိမိ၏ ဝေယျာဝစ္စပြုသူအရာ၌တည်အောင် တစ်စုံတစ်ရာ အမှုကို ပြုလုပ်နိုင်းပြီးမှသာ မိဘတို့အတွက် ယာဂုကျိုခြင်း,စသော ဝေယျာဝစ္စများကို ပြုလုပ်ပေးကောင်းပါသည်။ ဝေယျာဝစ္စတစ်ခုခုကို မပြုလုပ်နိုင်းဘဲ မိဘတို့၏ ဝေယျာဝစ္စကို မပြုလုပ်ကောင်းပါ။

➤ **ဘိက္ခုနီမများ လူတို့၏ ဝေယျာဝစ္စပြုလုပ်ကြပုံ** ။ ။ ယာဂုကျိုခြင်း စသည်တို့ကို ပြုလုပ်ကြပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ယာဂုကျိုခြင်း,စသည်ကို ပြုလုပ်သော ရဟန်းမသည် ယာဂု,စသည် မကျိုချက်မီ ရှေ့ပယောဂတို့၌ ပယောဂ အရေအတွက်အားဖြင့် ဒုက္ကဋ်အာပတ်၊ ယာဂု,စသည်တို့၌ အိုးခွက်အရေအတွက်အားဖြင့်ရင်း, ခဲဖွယ်,စသည်တို့၌ မုန့်တို့၏ အရေအတွက်အားဖြင့်ရင်း, ပါစိတ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com


➤ **လူတို့၏ ဝေယျာဝစ္စပြုသော်လည်း အာပတ် မသင့်ပုံ** ။ ။ လူတို့က သံဃာဘို့ ယာဂုသောက်ဖွယ်ကို ပြုလျှင်ရင်း, ထမင်းပြုလျှင်ရင်း, စေတီယဇော်မှု ပြုလုပ်လျှင်ရင်း, လူတို့၏ အဖော်အဖြစ်ဖြင့် ယာဂုကျိုခြင်း စသည်တို့ကို ပြုလုပ်ကောင်းပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး** ။ ။ (၁) လူတို့၏ ဝေယျာဝစ္စကို ပြုခြင်း(၂) ခွင့်ပြုတော်မူအပ်သော အကြောင်းမရှိခြင်း-တို့ ဖြစ်ပါသည်။

**အဓိကရဏ သိက္ခာပုဒ်**

➤ **အဓိကရဏ--အရ** ။ ။ အဓိကရုဏ်း ၄-ပါးတို့တွင် တစ်မျိုးမျိုးသော အဓိကရုဏ်းကို ယူရပါမည်။

➤ **အာပတ်သင့်ရာ ကာလ** ။ ။ လွှဲလကို ချအပ်ပြီးကာမျှဖြစ်လတ်သော် ပါစိတ်အာပတ်သင့်ပါသည်။ တစ်ရက်မျှလည်း အာပတ် မသင့်နိုင်အောင် ရှောင်လွှဲ၍ မရနိုင်ပါ။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အဓိကရုဏ်းကို မငြိမ်းစေခြင်း (ဝတ္ထု)ကြောင့် ပညတ်တော်မူပါသည်။

**ဘောဇနဒါန သိက္ခာပုဒ်**

➤ **သဖာဏ္ဍာသချုပ်** ။ ။ ကိုယ်, ကိုယ်နှင့်စပ်သောဝတ္ထု, ပစ်လွှတ်ခြင်း-တို့ဖြစ်သည်။

➤ **ခါဒနီယ ဘောဇနီယ--အရ** ။ ။ ရေ, ဒန်ပူမှတစ်ပါး စားမျိုထိုက်သော အာဟာရကို ယူရပါမည်။

➤ **ခဲဖွယ်ဘောဇဉ် ပေးကောင်းသော ပုဂ္ဂိုလ်** ။ ။ သိတင်းသုံးဖော်ငါးဦး ဖြစ်သည်

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အိမ်၌တည်သူ လူဝတ်ကြောင်အား ခဲဖွယ်ဘောဇဉ်ကိုပေးခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **ရေဒန်ပူကို မပေးသောရဟန်းမ အပြစ်** ။ ။ ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ပေးသော်လည်း အာပတ် မသင့်နိုင်ပုံ** ။ ။ ကိုယ်တိုင် မပေးဘဲ သူတစ်ပါးကို ပေးခိုင်းလျှင်ရင်း, အနီး၌ချထားပြီး ပေးလျှင်ရင်း, ပြင်ပကိုယ်၌ သုတ်လိမ်းကြောင်းဆီ,စသည်ကို ပေးလျှင်ရင်း, ပေးသောရဟန်းမမှာ အာပတ် မသင့်ပါ။

**အာဝသထစီဝရ သိက္ခာပုဒ်**

➤ **အာဝသထစီဝရ အဓိပ္ပါယ်** ။ ။ "ဥတုလာသော ဘိက္ခုနီမတို့ သုံးစွဲကြပါ"ဟု လျှောက်ထား၍ ပေးလှူထားအပ်သော သင်္ကန်းကို "အာဝသထစီဝရ"ဟုခေါ်သည်။

➤ **အနိဿဇ္ဇိတွာ--အရ အာပတ်သင့်ပုံ** ။ ။ အာဝသထစီဝရကို လေးရက်မြောက်

http://www.dhammadownload.com



သော နေ့၌ ဖွပ်လျှော်ပြီး အခြားသူမအား ဖြစ်စေ, အောက်ထစ်ဆုံး ဥတုလာသော သာမဏေမအားဖြစ်စေ, ပေးရမည်။ မပေးဘဲ သုံးစွဲပါက ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကျောင်း၌ အပြဲထားအပ်သော ဥတုနီးသင်္ကန်းကို မစွန့်ဘဲ သုံးစွဲခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **သုံးစွဲသော်လည်း အာပတ် မသင့်နိုင်ခြင်းအကြောင်း ။ ။** ဥတုလာသူ အခြား ဘိက္ခုနီမများ မရှိသောကြောင့်ရင်း, သင်္ကန်းလုယူခံရသောကြောင့်ရင်း, သင်္ကန်း ပျောက်ပျက်သွားသောကြောင့်ရင်း, ဘေးရန်တို့ကြောင့်ရင်း, မစွန့်ဘဲ သုံးစွဲသော ရဟန်းမမှာ အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး ။ ။** (၁) ကျောင်း၌ အပြဲထားအပ်သော ဥတုနီး သင်္ကန်းဖြစ်ခြင်း (၂) ၄-ရက်မြောက်နေ့ဖြစ်ခြင်း (၃) ဖွပ်လျှော်ပြီး မစွန့်ခြင်း (၄) ခွင့်ပြုတော်မူအပ်သော အကြောင်းမရှိခြင်း-တို့ ဖြစ်ပါသည်။

**အာဝသထစီဝရ သိက္ခာပုဒ်**

➤ **အာဝသထ (စီဝရ) အရ ။ ။** တံခါးရွက်ဖွဲ့တပ်အပ်ပြီးသော ကျောင်းကို ယူရပါမည်။

➤ **အနိဿဇ္ဇိတွာ-၌ နိဿဇ္ဇန အဓိပ္ပါယ် ။ ။** "ဤကျောင်းကို စောင့်ရှောက်ရစ် လိုက်ပါတော့"ဟု စောင့်ရှောက်ခြင်းအကျိုးငှာ ခဏအပ်နှံခြင်း, ပေးခြင်းကို "နိဿဇ္ဇန" ဟု ခေါ်ပါသည်။

➤ **အာပတ်သင့်ပုံ ။ ။** မိမိရွာမှ အခြားရွာသို့ တစ်ညဥ့်မျှနေခြင်းငှာ ဖဲသွားသော ရဟန်းမအား အကာအရံရှိလျှင် ကျောင်း၏အကာအရံကိုရင်း, အကာအရံ မရှိလျှင် ကျောင်း၏ဥပစာကိုရင်း, ပထမ ခြေလှမ်းလွန်ပြီးသော် ဒုက္កဋ်အာပတ်၊ ဒုတိယ ခြေလှမ်း လွန်ပြီးသော် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း ။ ။** သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ကျောင်းကို မစွန့်ဘဲ ဒေသစာရီ ဖဲသွားခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **အာပတ် မသင့်ခြင်းအကြောင်း ။ ။** အန္တရာယ်ရှိသောကြောင့်ရင်း, စောင့် ရှောက်မည့်သူ ရှာမရသောကြောင့်ရင်း, ဂိလာနဖြစ်သောကြောင့်ရင်း, ဘေးရန်ရှိသော ကြောင့်ရင်း, မစွန့်ဘဲ ဖဲသွားသော်လည်း အာပတ် မသင့်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၂-ပါး ။ ။** (၁) တံခါးရွက်တပ်ထားသော ကျောင်းဖြစ်ခြင်း (၂) ပရိက္ခေပနှင့် ဥပစာကျော်လွန်ခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



## တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏန သိက္ခာပုဒ်

**➤ တိရစ္ဆာနဝိဇ္ဇာဖြစ်သော အတတ်ပညာများ/ တိရစ္ဆာနဝိဇ္ဇာသရုပ်**

ဆင်အတတ်, မြင်းအတတ်, ရထားအတတ်, လေးအတတ်, မှားဆောက်ချွတ်အတတ်, အာထဗ္ဗနမန္တာန်, ခိလနမန္တာန်, ဝသီကရဏမန္တာန်, သောသာပနမန္တာန်, အဆိပ်ဆေးဖော်စပ်နည်း စသည်တို့ဖြစ်ပါသည်။

**➤ ဘိက္ခုနီများ မသင်ယူကောင်းသော တိရစ္ဆာနဝိဇ္ဇာများ** ။ ။ သူတစ်ပါးကို နှိပ်စက်ဘို့ဖြစ်သည့် ဆင်စီး, မြင်းစီး, ရထားစီး, မြားပစ်, ဓားခုတ်အတတ်များနှင့် ယင်နတ် ပူဇော်မှု, ကြောင့်ထောင်ချောက်ဆင်မှု, ဖျားယောင်းလှည့်စားမှု, ကိုယ်စိတ်ပင်ပန်းစေမှု, မန္တာန်ကျမ်း မန်းမှုတ်မှု,စသည့် လောကီပညာရပ်များ ဖြစ်ပါသည်။

**➤ တိရစ္ဆာနဝိဇ္ဇာ အဓိပ္ပါယ်** ။ ။ သုဂတိလမ်း, နိဗ္ဗာန်လမ်း၏ ဆန့်ကျင်ဘက်ဖီလာဖြစ်သော အကျိုးစီးပွားနှင့် မစပ်သော ဆင်အတတ်,စသော သူတစ်ပါးကို ညှဉ်းဆဲ နှိပ်စက်မှုများကို ပြုတတ်သော အတတ်များကို "တိရစ္ဆာနဝိဇ္ဇာ"ဟု ခေါ်ပါသည်။

**➤ အာပတ်သင့်ပုံ** ။ ။ တိရစ္ဆာနဝိဇ္ဇာကို ပဒ,စသည်တို့၏ အစွမ်းအားဖြင့် သင်ယူသော ရဟန်းမအား ပုဒ်အရေအတွက်, အက္ခရာ အရေအတွက်အားဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

**မေး** ။ ။ ရှေးခေတ် အချို့ပုဂ္ဂိုလ်များက ဘာသန္တရ စာသင်ယူမှုကို တိရစ္ဆာနဝိဇ္ဇာ ဖြစ်၍ မသင်ယူသင့်ဟု ဆိုတတ်ကြရာ ဗုဒ္ဓဝါဒနှင့် ညီ/မညီ ကဒ်ါ အဋ္ဌကထာအရ ဖြေရှင်းပြပါ။

**ဖြေ** ။ ။ သူတစ်ပါးကို ညှဉ်းဆဲကြောင်း အတတ်ကိုသာ တိရစ္ဆာနဝိဇ္ဇာ-ဟု အဋ္ဌကထာ ဖွင့်ဆိုသောကြောင့် ဘာသန္တရစာကို မသင်ယူသင့်ဟု ဆိုလျှင် ဗုဒ္ဓဝါဒနှင့် မညီပါ

**➤ အင်္ဂလိပ်စာ သချာနှင့် မြွေကိုက်မှာစိုး၍ မန္တာန်သင်ယူခြင်းသည် တိရစ္ဆာနဝိဇ္ဇာ သင်ယူခြင်း ဟုတ်/မဟုတ်** ။ ။ အခြားသူအား နှိပ်စက်ရန်ရင်း, ကာမဂုဏ်ကို အလုပ်အကျွေးပြုရန်ရင်း, ရည်ရွယ်ခြင်းမရှိလျှင် မဂ်ဖိုလ်၏ ကန့်လန့်ဖီလာ အတတ်ဟူ၍ မဆိုနိုင်သောကြောင့် တိရစ္ဆာနဝိဇ္ဇာ-ဟု မခေါ်ဆိုထိုက်ပါ။

**➤ သင်ယူပို့ချသော်လည်း အပြစ်ကင်းလွတ်သော အတတ်များ**

စာရေးအတတ်, ဓာရဏကျမ်းအတတ်ကို သင်ယူပို့ချလျှင်ရင်း, မိမိကိုယ်ကို စောင့်ရှောက်ခြင်းအကျိုးငှာ ဘီလူးတို့ကို ကာကွယ်ခြင်း, မြွေနဂါးတို့ မဝင်နိုင်အောင် စည်းဝိုင်းတားခြင်း,စသော အလုံးစုံသော အကာအရံကို သင်ယူပို့ချလျှင်ရင်း, အာပတ်မသင့်ပါ။

**➤ သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) တိရစ္ဆာနဝိဇ္ဇာဖြစ်ခြင်း (၂) သင်ယူခြင်း (ပို့

http://www.dhammadownload.com



ချခြင်း) (၃) ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း-တို့ ဖြစ်ပါသည်။

**အာရာမဝင်/အာရာမ ပဝိသနသိက္ခာပုဒ်**

➤ **အနုပညတ် ၂-မျိုး** ။ ။ (၁) သန္တံ ဘိက္ခုံ အနာပုစ္ဆာ (၂) ဇာနံ သဘိက္ခုကံ။

**မေး** ။ ။ အဘယ်နေရာမျိုးကို "သဘိက္ခုကာရာမ"ဟု ခေါ်ဆိုရကြောင်း ဖြေဆိုပါ။

**ဖြေ** ။ ။ သစ်ပင်၏ အနီးအောက်၌သော်လည်း ရဟန်းတို့နေကြလျှင် ထိုအရပ်မျိုးကို **"သဘိက္ခုကာရာမ(ရဟန်းယောကျ်ားရှိသောအာရာမ်)"**ဟုပင် ခေါ်ဆိုရပါသည်။

➤ **ပန်ကြားရမည့်သူများ** ။ ။ ရဟန်း, သာမဏေ, အာရာမ်စောင့်တို့တွင် တစ်ယောက်ယောက်ကို ပန်ပြောရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ မပန်ပြောဘဲ ဝင်ပါက ကာရံအပ်သော အာရာမ်ဖြစ်လျှင် အကာအရံကို ကျော်လွန်သော ရဟန်းမအားရင်း, အကာအရံ မရှိသော အာရာမ် ဖြစ်လျှင် ဥပစာသို့သက်ရောက်သော ရဟန်းမအားရင်း, ပထမခြေလှမ်း၌ ဒုက္ကဋ်အာပတ် ဒုတိယခြေလှမ်း၌ ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ များစွာသော ရဟန်းမများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ မပန်ပြောဘဲ အာရာမ်သို့ ဝင်ခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၄-ပါး** ။ ။ (၁) ရဟန်းရှိသော အာရာမ်ဖြစ်ခြင်း (၂) ရဟန်းရှိသော အာရာမ်ဟု အမှတ်ရှိသူဖြစ်ခြင်း (၃) အပိုင်းအခြားကို လွန်ခြင်း (၄) ခွင့်ပြုတော်မူအပ်သော အကြောင်းမရှိခြင်း-တို့ ဖြစ်ပါသည်။

**ဘိက္ခု အက္ကောသန သိက္ခာပုဒ်**

➤ **အက္ကောသသေယျ-၌ အက္ကောသ အဓိပ္ပါယ်** ။ ။ အက္ကောသဝတ္ထု ၁၀-ပါးတို့တွင် တစ်ပါးပါးသော ဝတ္ထုဖြင့် မျက်မှောက်၌ရင်း, မျက်ကွယ်၌ရင်း, ဆဲရေးခြင်းကို "အက္ကောသ"ဟု ခေါ်ပါသည်။

➤ **ပရိဘာသေယျ-၌ ပရိဘာသန အဓိပ္ပါယ်** ။ ။ ရဟန်းအပေါ်၌ ဘေးကိုပြခြင်းကို "ပရိဘာသန"ဟု ခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ဝေသာလီပြည် (နိဒါန်း) ၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမများ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ အရှင်ဥပါလိကို ဆဲရေးခြင်း (ဝတ္ထု) ဟူသောအကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **လူ သာမဏေကို ဆဲရေးသော ရဟန်းမ** ။ ။ ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ရဟန်းဖြစ်ခြင်း (၂) ဆဲရေးခြင်း, ခြိမ်းခြောက်ခြင်း (၃) အတ္ထပုရေက္ခာရာဒိတာ မဟုတ်ခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **အာပတ် မသင့်သော ရဟန်းမ** ။ ။ အတ္တ ဓမ္မ, အနုသာသနီတို့ကို ရှေးရှုပြုသော ရဟန်းမ၊ ရူးသောရဟန်းမ-တို့ ဖြစ်ပါသည်။

**ဂဏပရိဘာသန သိက္ခာပုဒ်**

➤ **စဏ္ဍိကတာ-အရ** ။ ။ ဒေါသဖြစ်၍ စိတ်ဆိုးနေသူကို ယူရပါမည်။

➤ **ဂဏ-အရ** ။ ။ ဘိက္ခုနီသံဃာကို ယူရပါမည်။

➤ **ပရိဘာသေယျ-၌ ပရိဘာသန အဓိပ္ပါယ်** ။ ။ "ဤရဟန်းမတို့သည် နားမလည်ကုန်, မထက်မြက်ကုန်, ကံကိုငင်း, ကံ၏အပြစ်ကိုငင်း, ကံ၏ပြည့်စုံခြင်းကိုငင်း ကံ၏ပျက်စီးခြင်းကိုငင်း, မသိကြကုန်"ဟု မျက်မှောက်၌ဖြစ်စေ, မျက်ကွယ်၌ဖြစ်စေ, ခြိမ်းချောက်ခြင်းကို "ပရိဘာသန"ဟု ခေါ်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဘိက္ခုနီသံဃာကို ခြိမ်းချောက်ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ဒုက္ကဋ်အာပတ်သင့်ပုံ** ။ ။ ရဟန်းမများစွာကိုငင်း, ရဟန်းမတစ်ယောက်ကိုငင်း, လူ သာမဏေကိုငင်း, ခြိမ်းချောက်သော ရဟန်းမအား ဒုက္ကဋ်အာပတ် သင့်၏။

**ပဝါရိတ သိက္ခာပုဒ်**

➤ **နိမန္တိတာ-အရ** ။ ။ ဂဏဘောဇနသိက္ခာပုဒ်၌ ဆိုခဲ့ပြီးသော "ထမင်းစားကြွပါ" စသော အကပ္ပိယ ဖိတ်နည်းဖြင့် ပင့်ဖိတ်အပ်ပြီးသူကို ယူရပါမည်။

➤ **ခါဒနီယ ဘောဇနီယ-အရ** ။ ။ ယာဂုနှင့် ယာမကာလိက, သတ္တာဟကာလိက ယာဝဇီဝိက ၃-ပါးတို့မှတစ်ပါး အခြားသော ခဲဖွယ်ဘောဇဉ်အားလုံးကို ယူရမည်။

**ကုလမစ္ဆရိနီ သိက္ခာပုဒ်**

➤ **ဘိက္ခုနီတို့၏ ဒကာ ဒကာမများနှင့် ပတ်သက်၍ ကုလမစ္ဆရိယ ဖြစ်ပုံ**

အဘယ်သို့ပြုလုပ်လျှင် ဘိက္ခုနီတို့အား ပစ္စည်းလေးပါး ပေးလှူသော ဒကာသို့ ဘိက္ခုနီများ မသွားကုန်အံ့နည်း-ဟု ဘိက္ခုနီတို့၏ အထံ၌ ဒကာ၏ မကောင်းကြောင်းကို ပြောဆိုသောအားဖြင့်ငင်း၊ အဘယ်သို့ပြုလျှင် ဤဒကာများသည် ဘိက္ခုနီတို့အား တစ်စုံတစ်ရာကို မပေးလှူကုန်အံ့နည်း-ဟု ဒကာအထံ၌ ဘိက္ခုနီတို့၏ မကောင်းကြောင်းကို ပြောဆိုခြင်းအားဖြင့်ငင်း၊ ကုလမစ္ဆရိယ ဖြစ်တတ်ပါသည်။

➤ **ကုလမစ္ဆရိနီ-၌ ဝန်တိုပုံ အခြင်းအရာ ၂-မျိုး** ။ ။ (၁) "ဘိက္ခုနီတို့အား ပစ္စည်း လေးပါး လှူဒါန်းကြကုန်သော အမျိုးအိမ်တို့သို့ အဘယ်နည်းဖြင့် ဘိက္ခုနီတို့ မသွား နိုင်ကုန်အံ့နည်း"ဟု ကြံ၍ ဘိက္ခုနီတို့၏အထံ၌ အမျိုး၏ ကျေးဇူးမဲ့ကို ပြောခြင်း။

(၂) အဘယ်သို့လျှင် ဤအမျိုးတို့သည် ရဟန်းမတို့အား မလှူဒါန်းနိုင်ကုန်အံ့နည်း

http://www.dhammadownload.com



ဟု ကြံ၍ အမျိုး၏အထံ၌ ဘိက္ခုနီတို့၏ ကျေးဇူးမဲ့ကို ပြောခြင်းကို "ကုလမစ္ဆရိနီ" ဟု ခေါ်ပါသည်။

**အဘိက္ခုကာဝါသ သိက္ခာပုဒ်**

➤ **ဘိက္ခုနီမတို့ ဝါဆိုအပ်သောကျောင်း** ။ ။ အန္တရာယ်ကင်းသဖြင့် သွားခြင်းငှာ စွမ်းနိုင်သော ယူဇနာဝက်အတွင်း ရဟန်းယောကျ်ားရှိသော ကျောင်း၌ ဝါဆိုအပ်ပါသည်။

➤ **ဝါမဆိုအပ်သော ကျောင်း** ။ ။ အန္တရာယ်ကင်းသဖြင့် သွားခြင်းငှာ စွမ်းနိုင်သော ယူဇနာဝက်အတွင်း ရဟန်းယောကျ်ား မရှိသော ကျောင်း၌ ဝါမဆိုအပ်ပါ။

➤ **အဘိက္ခုကာဝါသ (ရဟန်းယောကျ်ား မရှိသောကျောင်း)ဟူသည်**

ဘိက္ခုနီတို့၏ကျောင်းမှ ယူဇနာဝက်အတွင်း၌ ဩဝါဒပေးနိုင်ကုန်သော ရဟန်းတို့ မနေသောကျောင်း, ယူဇနာဝက်အတွင်း၌ ဩဝါဒပေးမည့်ရဟန်းရှိသော်လည်း ထိုခရီးက ဘေးမကင်းသောကျောင်းသည် "အဘိက္ခုကာဝါသ" မည်ပါသည်။

➤ **အာပတ်သင့်ရာအခါ** ။ ။ အဘိက္ခုကကျောင်း၌ မိုးလပတ်လုံးနေအံ့-ဟု ကြံ၍ အိပ်ရာ နေရာခင်းခြင်း, သောက်ရေတည်ထားခြင်း စသည်တို့ကိုပြုသော ရဟန်းမအား ဒုက္ကဋ်၊ အရုဏ်တက်သည်နှင့် တပြိုင်နက် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ရဟန်း မရှိသောကျောင်း၌ နေသော်လည်း အာပတ် မသင့်နိုင်ပုံ**

ရဟန်းများသည် ဝါဆိုပြီးမှ အရပ်တစ်ပါး ဖဲသွားလျှင်ရင်း, လူထွက်လျှင်ရင်း, ပျံလွန်လျှင်ရင်း, တိတ္ထိဘောင်သို့ ပြောင်းရွှေ့လျှင်ရင်း, ဘေးရန်ရှိလျှင်ရင်း, နေသော ရဟန်းမများမှာ အာပတ် မသင့်နိုင်ပါ။

➤ **သိက္ခာပုဒ်အင်္ဂါ ၃-ပါး** ။ ။ (၁) ရဟန်းမရှိသော ကျောင်းတိုက်ဖြစ်ခြင်း (၂) ဝါကပ်ခြင်း (၃) အရုဏ်တက်ခြင်း-တို့ ဖြစ်ပါသည်။

**အ ပဝါရဏာ သိက္ခာပုဒ်**

➤ **ဝဿံဝုဋ္ဌ-အရ** ။ ။ ပုရိမဝါ သုံးလပတ်လုံးရင်း, ပစ္ဆိမဝါ သုံးလပတ်လုံးရင်း နေပြီးသော ရဟန်းအားလုံးကို ယူရပါမည်။

➤ **ပဝါရဏာ အဓိပ္ပါယ်** ။ ။ ဒိဋ္ဌ, သုတ, ပရိသင်္ကိတရှိခဲ့ပါလျှင် ဆုံးမပါဟူ၍ တစ်ဦးနှင့်တစ်ဦး ကြည်နူးရွှင်ပျ ဖိတ်မန္တကပြုခြင်းကို "ပဝါရဏာ"ဟု ခေါ်ပါသည်။

➤ **ပဝါရဏာ ဥတ်သရုပ်** ။ ။ သဗ္ဗသင်္ဂါဟိကဥတ်, တေဝါစိကဥတ်, ဒွေဝါစိကဥတ်, ဧကဝါစိကဥတ်, သမာနဝဿိကဥတ်အားဖြင့် ၅-မျိုး ဖြစ်ပါသည်။

➤ **သဗ္ဗသင်္ဂါဟိကဥတ်ထားပုံ** ။ ။ သုဏာတု မေ အယျေ သံဃော၊ အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ။

http://www.dhammadownload.com



➤ **ဧဝါစိကာ ဥတ်ထားပုံ** ။ ။ သုဏာတု မေ အယျေ သံဃော၊ အဋ္ဌ ပဝါရဏာ စာတုဒ္ဒသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။

➤ **ဒွေဝါစိကာ ဥတ်ထားပုံ** ။ ။ သုဏာတု မေ အယျေ သံဃော၊ အဋ္ဌ ပဝါရဏာ စာတုဒ္ဒသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဒွေဝါစိကံ ပဝါရေယျ။

➤ **ဧကဝါစိကာ ဥတ်ထားပုံ** ။ ။ သုဏာတု မေ အယျေ သံဃော၊ အဋ္ဌ ပဝါရဏာ စာတုဒ္ဒသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧကဝါစိကံ ပဝါရေယျ။

➤ **သမာနဝဿိကာ ဥတ်ထားပုံ** ။ ။ သုဏာတု မေ အယျေ သံဃော၊ အဋ္ဌ ပဝါရဏာ စာတုဒ္ဒသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သမာနဝဿိကံ ပဝါရေယျ။

**မေး** ။ ။ အဘယ်အခါ၌ အဘယ်ဥတ်ကို ထားရမည်နည်း။

**ဖြေ** ။ ။ အန္တရာယ်မရှိက သဗ္ဗသင်္ဂါဟိကဥတ်ကိုသော်ရင်း, တေဝါစိကဥတ်ကိုသော်ရင်း ထားရပါမည်။ အန္တရာယ်ရှိပါက ထိုက်သည်အားလျော်စွာ ဒွေဝါစိက, ဧကဝါစိက, သမာနဝဿိကဥတ်များကို ထားရပါမည်။

**မေး** ။ ။ အဘယ်ဥတ်ထားလျှင် အဘယ်ပဝါရဏာ ပြုကောင်းသည် /မပြုကောင်းသည်ကို ခွဲခြားကာ ရေးပြပါ။

**ဖြေ** ။ ။ သဗ္ဗသင်္ဂါဟိကဥတ်ကိုထားလျှင် တေဝါစိက, ဒွေဝါစိက, ဧကဝါစိက, သမာနဝဿိက ပဝါရဏာ ၄-မျိုးလုံး ကြိုက်သလို ပြုကောင်းပါသည်။

* တေဝါစိက ဥတ်ကိုထားလျှင် တေဝါစိက ပဝါရဏာသာ ပြုကောင်းပါသည်။ ဒွေဝါစိက,စသည် မပြုကောင်းပါ။ * ဒွေဝါစိကဥတ်ကိုထားလျှင် တေဝါစိက, ဒွေဝါစိက ပဝါရဏာ ပြုကောင်းပါသည်။ ဧကဝါစိက ပဝါရဏာ မပြုကောင်းပါ။ ဧကဝါစိက, သမာနဝဿိကဥတ်ကိုထားလျှင် တေဝါစိက, ဒွေဝါစိက စသည်အားလျော်စွာ ဆန္ဒရှိရာကို ပြုကောင်းပါသည်။

➤ **ရဟန်းတော်များ ပဝါရဏာပြုပုံ ပါဠိ** ။ ။ သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ ဒုတိယမ္ပိ, တတိယမ္ပိ သံဃံ ဘန္တေ (ပ) ပဋိကရိဿာမိ။

➤ **ဘိက္ခုနီမများ ပဝါရဏာပြုပုံ ပါဠိ** ။ ။ သံဃံ အယျေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အယျာယော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တီ ပဋိကရိဿာမိ။ ဒုတိယမ္ပိ, တတိယမ္ပိ သံဃံ အယျေ (ပ) ပဋိကရိဿာမိ။

➤ **ဘိက္ခုနီသံဃာက ဘိက္ခုသံဃာထံ ပဝါရဏာပြုပုံ ပါဠိ** ။ ။ ဘိက္ခုနီသံဃော အယျ ဘိက္ခုသံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတာယျ ဘိက္ခုသံဃော ဘိက္ခုနီသံဃံ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ။

http://www.dhammadownload.com



➤ **ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ ပဝါရဏာပြုပုံချင်း တူ/မတူ**

ရဟန်းယောကျ်ားတို့သည် ဘိက္ခုအချင်းချင်းသာ ပဝါရဏာပြုရုံမျှဖြင့် ပြီးပါသည် ရဟန်းမိန်းမတို့မှာကား ဘိက္ခုနီသံဃာ အထံ၌တစ်ကြိမ်, ဘိက္ခုသံဃာအထံ၌ တစ်ကြိမ် အားဖြင့် ဥဘတောသံဃာ၌ နှစ်ကြိမ် ပဝါရဏာပြုရပါသည်။ ထို့ကြောင့် မတူပါ။

➤ **ဧကဝါစိက,စသော ပဝါရဏာ အဓိပ္ပါယ်** ။ ။ တစ်ကြိမ်သာ ဖိတ်၍ပြုရသော ပဝါရဏာသည် "**ဧကဝါစိက ပဝါရဏာ**" မည်၏။ နှစ်ကြိမ် ဖိတ်၍ပြုရသော ပဝါရဏာ သည် "**ဒွေဝါစိက ပဝါရဏာ**" မည်၏။ သုံးကြိမ် ဖိတ်၍ပြုရသော ပဝါရဏာသည် "**တေဝါစိက ပဝါရဏာ**" မည်၏။ ဝါတူပေါင်း၍ပြုသော ပဝါရဏာသည် "**သမာန ဝဿိက ပဝါရဏာ**" မည်ပါသည်။

➤ **ဘိက္ခုနီမတို့ အချင်းချင်း ပဝါရဏာပြုရမည့်ရက်** ။ ။ ပုရိမ ဝါကပ်သူများ အတွက် သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့ ဖြစ်ပါသည်။

➤ **ဘိက္ခုတို့ထံ ပဝါရဏာပြုရမည့်ရက်** ။ ။ သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။

➤ **ဘိက္ခုနီသံဃာ ပဝါရဏာပြုပုံ** ။ ။ အဖိတ်နေ့တွင် သံဃာစည်းဝေး၍ ပထမ ပဝါရဏာ ပြုရသည်။ ထိုအစည်းအဝေးမှာပင် ဘိက္ခုနီသံဃာ၏ ကိုယ်စား ဘိက္ခု သံဃာထံ ဖိတ်ကြားဖို့ရန် သင့်လျော်မည့် ဘိက္ခုနီမ တစ်ပါးပါးကို သမ္မုတိပေး၍ ရွေး ချယ်ရမည်၊ လပြည့်နေ့ရောက်သောအခါ ထိုသမ္မုတိရ ဘိက္ခုနီမက ဘိက္ခုနီသံဃာ အားလုံးကို ခေါ်ဆောင်၍ ဘိက္ခုသံဃာထံ သွားပြီး "ဘိက္ခုနီသံဃော အယျ ဘိက္ခုသံဃံ ပဝါရေတိ" စသည်ဖြင့် ဆို၍ ပဝါရဏာပြုရပါသည်။

**မေး** ။ ။ အဘယ်မျှလောက်သော ဘိက္ခုနီသည် အဘယ်သို့ ပဝါရဏာပြုခွင့်ရသည် ကို ဖော်ပြပါ။

**ဖြေ** ။ ။ ဘိက္ခုနီ ၅-ပါးရှိလျှင် သံဃာ့ပဝါရဏာ ပြုရမည်။ ၃-ပါး ၄-ပါးရှိလျှင် ဂဏဉတ် ထား၍ ပြုရမည်။ ၂-ပါးရှိက ဉတ်မထားဘဲ အချင်းချင်း ပဝါရဏာ ပြုရမည်။ ၁-ပါးတည်းရှိက "အဇ္ဇ မေ ပဝါရဏာ"ဟု ပုဂ္ဂလပဝါရဏာ ပြုရပါမည်။

➤ **ဘိက္ခုနီ ၂-ယောက်, ၃-ယောက်, ၄-ယောက်ရှိရာ၌ ဘိက္ခုသံဃာထံ ပဝါရဏာပြုပုံ** ။ ။ ဘိက္ခုတို့၏ကျောင်းသို့ သွားပြီး "ဘိက္ခုနိယော အယျ ဘိက္ခုသံဃံ ပဝါရေန္တိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒတာယျ ဘိက္ခုသံဃော ဘိက္ခုနိယော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တိယော ပဋိကရိဿန္တိ"ဟု ၃-ကြိမ် ဆိုရမည်။

➤ **ဘိက္ခုနီ ၁-ယောက်ရှိရာ၌ ဘိက္ခုသံဃာထံ ပဝါရဏာပြုပုံ**

အဟံ အယျေ ဘိက္ခုသံဃံ ပဝါရေမိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒတု မံ အယျ ဘိက္ခုသံဃော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တီ ပဋိကရိဿာမိ-ဟု ၃-ကြိမ် ဆို

http://www.dhammadownload.com



ရပါမည်။

➤ **ဘိက္ခုနီမများ ရဟန်း ၂–ပါး ၃–ပါးထံ ပဝါရဏာပြုပုံ (မိတ်ပုံ)**
ဘိက္ခုနိသံဃော အယျ အယျေ ပဝါရေတိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒန္တု အယျာ ဘိက္ခုနိသံဃံ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ။

➤ **ဘိက္ခုနီမများ ရဟန်း ၁–ပါးထံ ပဝါရဏာပြုပုံ (မိတ်ပုံ)** ။ ။ ဘိက္ခုနိသံဃော အယျ အယျံ ပဝါရေတိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒတာယျော ဘိက္ခုနိသံဃံ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ-ဟု ၃-ကြိမ်ဆိုရမည်။

➤ **ဘိက္ခု– ဘိက္ခုနိသံဃာ မပြည့်ရာ၌ ပဝါရဏာပြုပုံ** ။ ။ ဘိက္ခုနိယော အယျာ အယျေ ပဝါရေန္တိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒန္တာယျ ဘိက္ခုနိယော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တိယော ပဋိကရိဿန္တိ။

ဘိက္ခုနိယော အယျ အယျံ ပဝါရေန္တိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒတာယျော ဘိက္ခုနိယော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တိယော ပဋိကရိဿန္တိ။

➤ **အာပတ်သင့်ရာအစ** ။ ။ မိုးလပတ်လုံးနေပြီးနောက် ဥဘတောသံဃာ၌ ပဖိတ်တော့အံ့ဟု ကြံ၍ လွှဲလျှော့ချသည်နှင့် တစ်ပြိုင်နက် ပါစိတ်အာပတ် သင့်၏။

➤ **ပဝါရဏာ မပြုသော်လည်း အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အန္တရာယ် ၁၀-ပါးတွင် တစ်ပါးပါးရှိသောကြောင့်ရင်း, ရဟန်းတို့ကို ရှာမတွေ့သောကြောင့်ရင်း ဂိလာနဖြစ်သောကြောင့်ရင်း, ဘေးရန်ရှိသောကြောင့်ရင်း, ပဝါရဏာ မပြုသော်လည်း အာပတ် မသင့်ပါ။

## ဩဝါဒ သိက္ခာပုဒ်

➤ **ဩဝါဒ–အရ** ။ ။ ဂရုဓမ်ဩဝါဒကို နာယူခြင်းကို ယူရပါမည်။

➤ **သံဝါသ–အရ** ။ ။ ဥပုသ်နေ့မေးခြင်း, ပဝါရဏာပြုခြင်းတို့ကို ယူရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ ဩဝါဒ, သံဝါသအကျိုးငှာ မသွားတော့အံ့ဟု လွှဲလချ လိုက်လျှင် ပါစိတ်အာပတ်သင့်ပါသည်။

➤ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အန္တရာယ်ရှိသောကြောင့်ရင်း, အဖော် ရှာ၍ မရသောကြောင့်ရင်း, ဂိလာနဖြစ်သောကြောင့်ရင်း, အာပတ် မသင့်ပါ။

## ဩဝါဒူပသင်္ကမန သိက္ခာပုဒ်

➤ **ဩဝါဒူပသင်္ကမန အဓိပ္ပါယ်** ။ ။ ဩဝါဒခံလိုပါကြောင်း ခွင့်တောင်းခြင်း အကျိုးငှာ ချဉ်းကပ်ခြင်းကို "ဩဝါဒူပသင်္ကမန"ဟု ခေါ်ပါသည်။

➤ **ဥပုသ်နေ့ မေးပုံ / တံ အတိက္ကာမေန္တိယာ အဓိပ္ပါယ်** ။ ။ ဘိက္ခုနီမတို့သည် စာတုဒ္ဒသီဥပုသ်အတွက် ၁၃-ရက်မြောက်နေ့၌သော်ရင်း, ပန္နရသီဥပုသ်အတွက် ၁၄-

http://www.dhammadownload.com



ရက်မြောက်နေ့၌သော်၎င်း, ဘိက္ခုတို့၏ကျောင်းတိုက်သို့ သွား၍ "ဤဥပုသ်နေ့သည် စာတုဒ္ဒသီဥပုသ်နေ့ပါလော, ပန္နရသီဥပုသ်နေ့ပါလော"ဟု မေးရပါသည်။ ဩဝါဒ ခံယူဖို့ရန် ချဉ်းကပ်ခွင့်ကို တောင်းရသည်၊ ထိုနှစ်ပါးစုံကို မပြုသောရဟန်းမသည် တစ်လ ခွဲ အခါကို လွန်စေသည် မည်ပါသည်။

> **အာပတ်သင့်ရာကာလ** ॥ ॥ ဥပုသ်နေ့ကို မမေးတော့အံ့, ဩဝါဒခံယူဖို့ရန် ချဉ်းကပ်ခွင့်ကို မတောင်းတော့အံ့-ဟု လုံ့လချအပ်ကာမျှ ဖြစ်လတ်သော် ပါစိတ် အာပတ် သင့်ပါသည်။

**ပသာခေဇာတ သိက္ခာပုဒ်**

**မေး** ॥ ॥ အဘယ့်ကြောင့် အဘယ်အရပ်ကို ပသာခ-ဟုခေါ်ကြောင်း ရှင်းပြပါ။

**ဖြေ** ॥ ॥ သစ်ပင်၏သစ်ခက်တို့သည် ကွဲပြား၍ သွားကုန်သကဲ့သို့ ပေါင်နှစ်ဘက်၏ ဖြာ၍ထွက်ရာဖြစ်သောကြောင့် ချက်အောက် ပုဆစ်ဒူးဝန်းနှစ်ဘက်တို့၏ အထက် အရပ်ကို "ပသာခ" ဟု ခေါ်ပါသည်။

> **ပသာခေ ဇာတံ-၌ ပသာခ-အရ** ॥ ॥ သစ်ပင်၏သစ်ခက်တို့သည့် ကွဲပြား၍ သွားကုန်သကဲ့သို့ ပေါင်နှစ်ဘက်၏ ဖြာ၍ထွက်ရာဖြစ်သောကြောင့် -- ချက်အောက် ပုဆစ် ဒူးဝန်းနှစ်ဘက်တို့၏ အထက်အရပ်ကို ပသာခ-အရ ယူရပါမည်။

> **စကားတစ်ခွန်း စေခိုင်းရုံဖြင့် ပါစိတ်အာပတ် ၆-ချက်သင့်ရကြောင်း**

ချက်အောက် ဒူးနှစ်ဖက်အထက် ခက်မအရပ်၌ပေါက်သော ဂဏ္ဍ,စသည်ကို သံဃာဂိုဏ်းအား မပန်ကြားဘဲ တစ်ယောက်ချင်းချင်း ပြုစရာရှိသည်ကို အလုံးစုံပြုပါဟု ခိုင်းအံ့, ယောကျ်ားကလည်း အလုံးစုံပြုအံ့-ဟု တစ်ခွန်းသော စကားကြောင့် ပါစိတ် အာပတ် ၆-ချက်သင့်ပါသည်။

> **အာပတ် မသင့်နိုင်ပုံ** ॥ ॥ ပန်ပြောလျှင်၎င်း, နားလည်သော အဖော်မကို ခေါ်ထားလျှင်၎င်း, အာပတ် မသင့်နိုင်ပါ။

❀ ❀ ❀ ❀ ❀

**ဂဗ္ဘိနိဝဂ်/ဂဗ္ဘိနီ သိက္ခာပုဒ်**

> **ဂဗ္ဘိနီ အဓိပ္ပါယ်** ॥ ॥ ကိုယ်ဝန်ရှိသော မိန်းမကို "ဂဗ္ဘိနီ"ဟု ခေါ်ပါသည်။

> **အာပတ်သင့်ပုံ** ॥ ॥ ဥပဇ္ဈာယ်ဆရာမသည် ကာရကသံဃာဟူသော ဂိုဏ်းကို ရှာမှီးခြင်း,စသည်တို့၌၎င်း, ဉတ်ကမ္မဝါစာ နှစ်ကြိမ်၌၎င်း, ဒုက္ကဋ်အာပတ်၊ တတိယ ကမ္မဝါစာအဆုံး၌ ပါစိတ်အာပတ် သင့်ပါသည်။

> **ပါယန္တီ အဓိပ္ပါယ်** ॥ ॥ ကလေးကို နို့ရည်တိုက်သော အမိသည်၎င်း, ဒေထိန်း သည်၎င်း, "ပါယန္တီ" မည်ပါသည်။

http://www.dhammadownload.com



## ပဉ္စမ သိက္ခမာန သိက္ခာပုဒ်

➤ **ဒွေ ဝဿာနိ–အရ** ॥ ॥ ပဝါရဏာပြုခြင်း၏ အစွမ်းအားဖြင့် ၂-နှစ် အရေအတွက်ကို ယူရပါမည်။

➤ **ဆသု ဓမ္မေသု–၌ ဆ–အရ/ သိက္ခမာန်တို့ ၂–နှစ်ပတ်လုံး ကျင့်သုံးရမည့်** တရား ၆–မျိုး ॥ ॥ (၁) ပါဏာတိပါတာ ဝေရမဏီ၊ (၂) အဒိန္နာဒါနာ ဝေရမဏီ၊ (၃) အဗြဟ္မစရိယာ ဝေရမဏီ၊(၄) မုသာဝါဒါ ဝေရမဏီ၊(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ၊ (၆) ဝိကာလဘောဇနာ ဝေရမဏီ-တို့ ဖြစ်ပါသည်။

➤ **သိက္ခမာန်မည်ခြင်းအကြောင်း** ॥ ॥ သိက္ခာ ၆-ပါးတို့၌ ကျင့်တတ်သောကြောင့်ရင်း, သိက္ခာ-ဟုဆိုအပ်သော တရားတို့ကို မြတ်နိုးတတ်သောကြောင့်ရင်း, သိက္ခမာန် မည်ပါသည်။

➤ **အသိက္ခိတသိက္ခ အဓိပ္ပါယ်** ॥ ॥ ပဒဘာဇနီ၌ ဟောတော်မူအပ်သော နည်းဖြင့် သိက္ခာပုဒ်ကို လုံးဝမပေး, မဆောက်တည်အပ်သော သာမဏေမနှင့် ပေးပြီးဆောက်တည်ပြီးသော်လည်း တစ်ပါးပါးပျက်သော သိက္ခမာန်ကို "အသိက္ခိတသိက္ခ" ဟု ခေါ်ပါသည်။

➤ **မဟာသိက္ခမာန် အဓိပ္ပါယ်** ॥ ॥ သံဃာသည် အောက်ထစ်ဆုံးအားဖြင့် ဥပသမ္ပဒါကံပြုရာ တန်ဆောင်းဝန်း၌သော်လည်း ပဒဘာဇနီ၌ ဟောတော်မူသော ဥပသမ္ပဒါ သမ္မုတိကို ပေး[illegible]အပ်သော သိက္ခမာန်သည် "မဟာသိက္ခမာန်" မည်ပါသည်။

(တစ်နည်း) အသက် ၂၀-ကျော်သော သိက္ခမာန်ကို "မဟာသိက္ခမာန်"ဟု ခေါ်ပါသည်။

➤ **ပဉ္စမ ဂိဟိဂတ သိက္ခာပုဒ်** ॥ ॥ ၁၂-နှစ် မပြည့်သေးသော မိန်းမကို ပြည့်ပြီထင်၍ ရဟန်းခံပေးသော ရဟန်းမအား အာပတ် မသင့်၊ သို့သော် သိက္ခမာန်မသည် ဘိက္ခုနီမ မဖြစ်။

## ပဉ္စမ သဟဇီဝိနီ သိက္ခာပုဒ်

➤ **သဟဇီဝိနီ အဓိပ္ပါယ်** ॥ ॥ ဥပဇ္ဈာယ်ယူ အတူနေတပည့်မကို "သဟဇီဝိနီ" ဟု ခေါ်ပါသည်။

➤ **နေဝ အနုဂ္ဂဏှေယျဟူသည်** ॥ ॥ ကိုယ်တိုင်ပါဠိသင်ပေးခြင်း စသည်တို့ဖြင့် မချီးမြှောက်ခြင်းပင် ဖြစ်ပါသည်။

➤ **န အနုဂ္ဂဏှာပေယျဟူသည်** ॥ ॥ အရှင်မ ဤရဟန်းမအား ပါဠိသင်ပေးခြင်း စသည်တို့ကို ပေးလိုက်ပါလော့ဟု အခြားရဟန်းမကို မချီးမြှောက်စေခြင်းပင် ဖြစ်သည်

➤ **ပါစိတ်အာပတ်သင့်ရာကာလ** ॥ ॥ မချီးမြှောက်တော့အံ့ဟု လွှဲလကို ချအပ်

http://www.dhammadownload.com


ကာမျှ ဖြစ်လတ်သော် ပါစိတ်အာပတ်သင့်ပါသည်။

**နာနုဗန္ဓန သိက္ခာပုဒ်**

➤ **ပဝတ္တိနီ အဓိပ္ပါယ်** ။ ။ ပဉ္စင်းခံပေးသော ဥပဇ္ဈာယ်ဆရာမကို "ပဝတ္တိနီ" ဟု ခေါ်ပါသည်။

➤ **နာနုဗန္ဓန အဓိပ္ပါယ်** ။ ။ ဥပဇ္ဈာယ်ဆရာမအား ရေချိုးဆပ်ပြာမှုန့်, မြေညက် ဒန်ပူ, မျက်နှာသစ်ရေ,စသော ပြုဖွယ်ကိစ္စတို့ဖြင့် မပြုစု မလုပ်ကျွေးခြင်းကို နာနုဗန္ဓန ဟု ခေါ်ပါသည်။

➤ **အာပတ်သင့်ရာကာလ** ။ ။ မလိုက်တော့အံ့-ဟု လုံ့လချအပ်ကာမျှဖြစ်လတ် သော် ပါစိတ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်နိုင်ခြင်းအကြောင်း** ။ ။ ဝိနည်းသိက္ခာပုဒ်ကို နားမလည်သူ ဖြစ်လျှင်ရင်း, အလဇ္ဇီဖြစ်လျှင်ရင်း, ဂိလာနဖြစ်လျှင်ရင်း, ဘေးရန်ရှိလျှင်ရင်း, ဥပဇ္ဈာယ် နောက်သို့ မလိုက်သော်လည်း အာပတ် မသင့်ပါ။

**ဒုတိယ သဟာဇီဝိနီ သိက္ခာပုဒ်**

➤ **န ဥပကာသာပေယျဟူသည်** ။ ။ အရှင်မ ဤရဟန်းမကို ခေါ်၍ သွားပါလော့ ဟု အခြားရဟန်းမကို မစေခိုင်းခြင်းပင် ဖြစ်ပါသည်။

➤ **အာပတ်သင့်ရာကာလ** ။ ။ ခေါ်မသွားတော့အံ့ဟု လုံ့လကို ချအပ်ကာမျှ ဖြစ်လတ်သော် ပါစိတ်အာပတ် သင့်ပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ပုဂ္ဂိုလ်) ကို အကြောင်းပြု၍ ဥပဇ္ဈာယ်ယူ အတူနေတပည့်မကို ခေါ် မသွား ခြင်း (ဝတ္ထု) ဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်။

➤ **ခေါ်မသွားသော်လည်း အာပတ် မသင့်ခြင်းအကြောင်း** ။ ။ အန္တရာယ်ရှိ သောကြောင့်ရင်း, အဖော်မကို ရှာမရသောကြောင့်ရင်း, ဂိလာနဖြစ်သောကြောင့်ရင်း ဘေးရန်ရှိသောကြောင့်ရင်း, အာပတ် မသင့်ပါ။

**ကုမာရိဘူတဝဂ်/ ကုမာရိဘူတာသိက္ခာပုဒ်**

➤ **သိက္ခမာန် ၃-မျိုးတို့၏ ထူးခြားမာန်** ။ ။ (၁) မဟာသိက္ခမာန်-ဂဗ္ဘိနီဝဂ် တတိယ စတုတ္ထ သိက္ခာပုဒ်တို့၌လာသော သိက္ခမာန်တို့သည် အသက် ၂၀-ကျော်ပြီးသော မဟာ သိက္ခမာန်တို့ ဖြစ်ပါသည်။ [၎င်းတို့ကို သိက္ခာသမ္မုတိ ပေးသည့်အခါ ဥတ်ကမ္မဝါစာ တို့၌ ဂိဟိဂတာဖြစ်ဖြစ် ကုမာရိဘူတာဖြစ်ဖြစ် "သိက္ခမာနာ"ဟုသာ သုံးစွဲရသည်။ "ဂိဟိ ဂတာ"ဟုရင်း, "ကုမာရိဘူတာ"ဟုရင်း မသုံးစွဲရ။]

(၂) ဂိဟိဂတာသိက္ခမာန် - ၁၈-နှစ် မပြည့်သေးသော ဂိဟိဂတာများကို "ဂိဟိ

http://www.dhammadownload.com



ဂတာ"ဟုရင်း, "သိက္ခမာနာ"ဟုရင်း ခေါ်နိုင်ပါသည်။

(၃) ကုမာရိဘူတာ သိက္ခမာန် = အသက် ၁၈-နှစ်မှ ၂၀-အတွင်း အပျိုစင်များသည် ကုမာရိဘူတ သိက္ခမာန်များ မည်ပါသည်။ [၁၈-နှစ်မှ ၂၀-အတွင်း ဂိဟိဂတာများကိုလည်း ကုမာရိဘူတ သာမဏေမတို့ သိက္ခာကျင့်ရာ အရွယ်ဖြစ်သောကြောင့် "ကုမာရိဘူတာ"ဟုပင် ဆိုနိုင်ပါသည်။]

➤ **သိက္ခမာန် ၃-မျိုးတို့၏ အသက်အားဖြင့် ထူးခြားဖာန်** ။ ။ ဂိဟိဂတသိက္ခမာန်၏ အသက်အပိုင်းအခြားသည် အသက် ၁၀-နှစ်မှ ၁၈-နှစ်အထိ ဖြစ်ပါသည်။

ကုမာရိဘူတာ သိက္ခမာန်၏ အသက်အပိုင်းအခြားသည် အသက် ၁၈-နှစ်မှ အသက် ၂၀-အထိ ဖြစ်ပါသည်။ မဟာသိက္ခမာန်၏ အသက်အပိုင်းအခြားသည် အသက် ၂၀-ကျော် ဖြစ်ပါသည်။

➤ **သိက္ခာသမ္မုတိ ရနိုင်သော မာတုဂါမ၏ အငယ်ဆုံးအရွယ်** ။ ။ ဂိဟိဂတာဖြစ်လျှင် (၁၀)နှစ်၊ ကုမာရိဘူတာဖြစ်လျှင် (၁၈)နှစ် ဖြစ်ပါသည်။

➤ **ရဟန်းခံနိုင်သော အရွယ်** ။ ။ ဂိဟိဂတာဖြစ်လျှင် (၁၂) နှစ်၊ ကုမာရိဘူတာဖြစ်လျှင် အသက် (၂၀) ဖြစ်ပါသည်။

➤ **ဂိဟိဂတာသိက္ခမာန် အဓိပ္ပါယ်** ။ ။ ယောကျ်ားတစ်ပါးနှင့် မေထုန်သွားလာဆက်ဆံဖူးသော သိက္ခမာန်ကို "ဂိဟိဂတာသိက္ခမာန်"ဟု ခေါ်ပါသည်။

➤ **ကုမာရိဘူတာသိက္ခမာန် အဓိပ္ပါယ်** ။ ။ ယောကျ်ားတစ်ပါးနှင့် မသွားလာမဆက်ဆံဘူးသေးသော သိက္ခမာန်ကို "ကုမာရိဘူတာ သိက္ခမာန်"ဟု ခေါ်ပါသည်။

**မေး** ။ ။ ဂိဟိဂတသိက္ခမာန်ကို အဘယ်အရွယ်၌ သိက္ခာသမ္မုတိပေး၍ အဘယ်အရွယ်၌ ရဟန်းမ ပြုပေးနိုင်ပါသနည်း။

**ဖြေ** ။ ။ ဂိဟိဂတသိက္ခမာန်ကို အသက် (၁၀)နှစ်ရှိရာအခါ၌ သိက္ခာသမ္မုတိပေး၍ အသက် (၁၂)နှစ် ရှိရာအခါ၌ ရဟန်းမ ပြုပေးနိုင်ပါသည်။ အသက် (၁၁)နှစ်ရှိရာ အခါ၌ သိက္ခာသမ္မုတိပေး၍ အသက် (၁၃)နှစ် ရှိရာအခါ၌ ရဟန်းမ ပြုပေးနိုင်ပါသည်။ အသက် (၁၂)နှစ်, (၁၃)နှစ်, (၁၄)နှစ်, (၁၅)နှစ်, (၁၆)နှစ်, (၁၇)နှစ်, (၁၈)နှစ် ရှိရာအခါ၌ သိက္ခာသမ္မုတိပေး၍ အသက် (၂၀)ရှိရာအခါ၌ ရဟန်းမ ပြုပေးနိုင်သည်။

## ဥပနိဒ္ဓါဓသစသော သိက္ခာပုဒ်

➤ **ဥပနိဒ္ဓါဓသစသော-အရ** ။ ။ ရဟန်းပြုရာအခါမှစ၍ ရဟန်းဝါ၏ အစွမ်းဖြင့် ရေတွက်ရပါမည်။

➤ **ပါစိတ်အာပတ် သင့်ရာကာလ** ။ ။ ဥပဇ္ဈာယ်မ ပြုလုပ်၍ ထမြောက်စေသော ရဟန်းမအား အကြား၌ ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာအဆုံး၌ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



➤ **ပရိပုဏ္ဏဒွါဒသဝဿာ သိက္ခာပုဒ်၌ သံဃေန အသမ္မတာဝယ် သမ္မတ–အရ** ဝုဋ္ဌာပနသမ္မုတိကို ယူရပါမည်။

➤ **သံဃေန အသမ္မတာ အဓိပ္ပါယ်** ။ ။ သံဃာသည် ပဒဘာဇနီ၌ ဟောတော်မူအပ်သော ဝုဋ္ဌာပနသမ္မုတိ (ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးဖို့ရန် သမုတ်ခြင်း) ကို မပေးရသေးသော ရဟန်းမသည် "သံဃေန အသမ္မတာ" မည်ပါသည်။

**ခီယျနဓမ္မ သိက္ခာပုဒ်**

➤ **ဝုဋ္ဌာပနသမ္မုတိ တောင်းလာသော ဘိက္ခုနီမကို သံဃာက တားမြစ်ပုံ**

သင်သည် ဝိနည်းသိက္ခာပုဒ်၌ မကျွမ်းကျင်, မထက်မြက်, မကောင်းမှုမှ ရှက်ခြင်း မရှိ ထို့ကြောင့် သင့်အား ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးခြင်းဖြင့် မသင့်တော်သေးပါ ဟု တားမြစ်ရပါသည်။

➤ **ခီယျန ဓမ္မံ အာပဇ္ဇေယျ–၌ ရဟန်းမ၏ ပြောဆို ရှုတ်ချပုံ** ။ ။ မိမိမှတစ်ပါးသော ဖျတ္တလဒ္ဓိနီရဟန်းမတို့ကို ဝုဋ္ဌာပနသမ္မုတိပေးသည်ကို မြင်ရ၍ "ငါသည်သာ အမိုက်မတဲ့လား, အလဇ္ဇိနီတဲ့လား, ငါ့ကိုတော့ သမ္မုတိမပေးဘူး"စသည်ဖြင့် ပြောဆိုလျှက် မျက်မှောက် မျက်ကွယ်၌ ရှုတ်ချပြောဆိုပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း** ။ ။ သာဝတ္ထိပြည် (နိဒါန်း) ၌ စဏ္ဍ ကာဠီ (ဗုဒ္ဓိလ်)ကို အကြောင်းပြု၍ ရှုတ်ချခြင်းသဘောသို့ရောက်ခြင်း (ဓမ္မ) ကြောင့် ပညတ်တော်မူပါသည်။

**သောကာဝါသ သိက္ခာပုဒ်**

➤ **ပုရိသသံသဋ္ဌ ကုမာရကသံသဋ္ဌ–၌ ပုရိသနှင့် ကုမာရက အထူး** ။ ။ အသက် (၂၀) ပြည့်ပြီးသော ယောကျာ်းကို ပုရိသ၊ အသက်(၂၀) မပြည့်သေးသော လုလင်ဖျိုကို ကုမာရက၊ ဤသို့ ထူးပါသည်။

➤ **သောကာဝါသ အဓိပ္ပါယ်** ။ ။ အိမ်ရာထောင်ကြတော့ဖို့ဟု ချိန်းထားပြီးလျှက် ယောကျာ်းထံသို့ မသွားသောကြောင့် ယောကျာ်းတို့၏အတွင်း ပူဆွေးသောကကို သွင်းတတ်သော သိက္ခမာန်မကို "သောကာဝါသ"ဟု ခေါ်ပါသည်။

(တစ်နည်း) အိမ်ရှင်တို့သည် အိမ်တည်းသို့ ဝင်ကုန်သကဲ့သို့ ယောကျာ်းတစ်ဦးနှင့် ပေါင်းဖော်ခွင့်ကို မရခြင်းကြောင့် ပူဆွေးခြင်း သောကဝင်ရာ ခန္ဓာအိမ်ရှိသော သိက္ခမာန်မကို "သောကာဝါသ" ဟု ခေါ်ပါသည်။

**အနနုညာတ သိက္ခာပုဒ်**

➤ **မာတာပိတူ–အရ** ။ ။ မွေးဖွားသော အမိရင်းနှင့် ဖြစ်စေတတ်သော အဘရင်းပဲ့ကို ယူရပါမည်။ (မွေးစားသော မိဘတို့ကို မယူရ)

http://www.dhammadownload.com


➤ **သာမိက–အရ ။** ။ သိမ်းပိုက်အပ်သော လင်ယောကျ်ားကို ယူရပါမည်။

➤ **ရှင်ရဟန်းပြုရာ၌ ဘိက္ခုနှင့် ဘိက္ခုနီတို့ ခွင့်ပန်ရခြင်းအထူး ။** ။ ဘိက္ခုနီမတို့သည် ရှင်ပြုရာအခါ၌၎င်း, ရဟန်းပြုရာအခါ၌၎င်း, နှစ်ကြိမ်ပန်ပြောရပါသည်။ ရဟန်းယောကျ်ားတို့ကား တစ်ကြိမ်ပန်ပြောထားသော် [ရှင်ပြုရာအခါတုန်းက ခွင့်ပန်ထားလျှင် ရဟန်းခံရာအခါ၌ ခွင့်မပန်ဘဲ] အပ်ပါသည်။

➤ **အနနုညာတ သမုဋ္ဌာန်ရှိသော သိက္ခာပုဒ် ။** ။ အနနုညာတ သိက္ခာပုဒ် ဖြစ်ပါသည်။

## ပါရိဝါသိက သိက္ခာပုဒ်

➤ **ပါရိဝါသိက ၄-မျိုး ။** ။ (၁) ပရိသပါရိဝါသိက (၂) ရတ္တိပါရိဝါသိက (၃) ဆန္ဒ ပါရိဝါသိက (၄) အဇ္ဈာသယ ပါရိဝါသိက-တို့ ဖြစ်ပါသည်။

➤ **ဤ၌ အလိုရှိသော ပါရိဝါသိက ။** ။ ဆန္ဒပါရိဝါသိက, အဇ္ဈာသယ ပါရိဝါသိက-တို့ကို အလိုရှိပါသည်။

➤ **ပရိသပါရိဝါသိက အဓိပ္ပါယ် ။** ။ ရဟန်းတို့သည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စကြောင့် စည်းဝေနေစဉ် မိုးတက်လာသော်၎င်း, လူအများ ရှုန်းရှုန်းဖြစ်အောင် ပြုအပ်သော်၎င်း, လူအများ လွှမ်းမိုးလာသော်၎င်း, ကံပြု၍ မရသဖြင့် အခြားအရပ်သို့ သွားကြကုန်စို့ဟု တိုင်ပင်၍ ကံပြုလိုသောဆန္ဒကို မစွန့်ဘဲ ထသွားခြင်းသည် "ပရိသ ပါရိဝါသိက" မည်ပါသည်။

➤ **ပရိသပါရိဝါသိကဖြစ်ခဲ့သော် အခြားတစ်နေရာ၌ ကံပြုနိုင်ခြင်းအကြောင်း** ကံပြုလိုသော ဆန္ဒကို မစွန့်အပ်သောကြောင့်-- ကံပြုနိုင်ပါသည်။

➤ **ရတ္တိပါရိဝါသိက အဓိပ္ပါယ် ။** ။ ဥပုသ်ကံ,စသည်ကို ပြုအံ့ဟု ညဥ့်အခါ စည်းဝေးကုန်သော ရဟန်းတို့သည် သံဃာ မစုံမီ တရားနာကုန်အံ့ဟု ရဟန်းတစ်ပါးကို တရားဟော တောင်းပန်ကြ၏၊ တရားဟောနေစဉ် အရုဏ်တက်သွားခြင်းသည် "ရတ္တိ ပါရိဝါသိက" မည်ပါသည်။

**အမှာ/** အကယ်၍ ၁၄-ရက်နေ့ စည်းဝေးအံ့၊ ၁၅-ရက်နေ့၌ ဥပုသ်ပြုကောင်းသေး၏၊ ၁၅-ရက်နေ့ စည်းဝေးသော်ကား အထွက်တစ်ရက်နေ့ ရောက်သွားပြီဖြစ်၍ ဥပုသ်ကား မပြုကောင်းတော့ပါ၊ အခြားသံဃကံကိုကား ပြုကောင်းသည်။

➤ **ဆန္ဒပါရိဝါသိက အဓိပ္ပါယ် ။** ။ တစ်စုံတစ်ခုသော အဗ္ဘာနကံ,စသော သံဃကံကို ပြုကုန်အံ့ဟု ရဟန်းများစည်းဝေကြကုန်၏၊ ထိုအစည်းအဝေး၌ နက္ခတ်နားလည်သော ရဟန်းတစ်ပါးက ယနေ့ နက္ခတ်ကြမ်းသည်, ဤအမှုကို မပြုကြလင့်ဟု ဆိုသော် ထိုရဟန်း၏စကားကြောင့် ကံပြုလိုသောဆန္ဒကို စွန့်လွှတ်ခြင်းသည် ဆန္ဒပါရိဝါသိက

http://www.dhammadownload.com



မည်ပါသည်။

➤ **အဇ္ဈာသယ ပါရိဝါသိက အဓိပ္ပါယ်** ။ ။ နက္ခတ်ကို ဂရုမစိုက်သော ရဟန်း တစ်ပါး ရောက်လာ၍ နက္ခတ်ကောင်းကို မျှော်လင့်နေသော လူပြိန်း လူအ,ကို အကျိုး စီးပွား လွန်သွားပြီ နက္ခတ်ဖြင့် အဘယ်ပြုကုန်အံ့နည်းဟု ပြောသောအခါ ကံပြုလိုသော အဇ္ဈာသယဖြစ်ခြင်းသည် "အဇ္ဈာသယ ပါရိဝါသိက" မည်ပါသည်။

➤ **သုံးအပ်ပြီးသော ဆန္ဒပေးခြင်းဟူသည်** ။ ။ ဆန္ဒ အဇ္ဈာသယသုံးရာ၌ တစ်ဖန် ဆန္ဒပါရိသုဒ္ဓိကို မဆောင်ဘဲ ကံပြုခြင်းငှာ မတတ်ကောင်း။ ဤဆောင်အပ်သော ဆန္ဒ သုံးခြင်းကို ရည်ရွယ်၍ "သုံးအပ်ပြီးသော ဆန္ဒပေးခြင်း" ဟု ဆိုပါသည်။

➤ **ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကြောင်း** ။ ။ ရာဇဂြိုဟ်ပြည် (နိဒါန်း) ၌ ထုလ္လနန္ဒာ (ဗုဏ္ဏိလ်) ကို အကြောင်းပြု၍ သုံးအပ်ပြီးသော ဆန္ဒပေးခြင်းဖြင့် ထမြောက် စေခြင်း (ဝတ္ထု) ကြောင့် ပညတ်တော်မူပါသည်။

## ဆတ္တုပါဟနဝဂ်/ ဆတ္တုပါဟန သိက္ခာပုဒ်

➤ **အာပတ်သင့်ပုံ** ။ ။ သုံးဆောင်ခြင်း၏အစွမ်းဖြင့် ခရီးသွားရာအခါ၌ တစ်ကြိမ် တည်းသော ပယောဂဖြင့် တစ်နေ့ပတ်လုံး ဆောင်းသောရဟန်းမအား ပါစိတ်အာပတ် တစ်ချက်၊ ထီးရုတ်လောက်ရာ, ဖိနပ်ချွတ်လောက်ရာ အရပ်သို့ရောက်၍ ထီးကိုရုတ်, ဖိနပ်ကိုချွတ်ပြီး ထပ်ကာ ထပ်ကာ ဆောင်းသောရဟန်းမအား ပယောဂ အရေအတွက် အားဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

➤ **အနုပညတ်ပါဠိ** ။ ။ အဂိလာနာ ဖြစ်ပါသည်။

➤ **ထီးဆောင်း, ဖိနပ်စီးနိုင်ရာဌာန** ။ ။ အာရာမ်, အာရာမ်ဥပစာတို့ ဖြစ်ပါသည်။

➤ **ဂိလာန** ။ ။ ထီး, ဖိနပ်နှင့်ကင်း၍ မချမ်းသာ မသွားလာနိုင်လျှင် ဂိလာန မည်ပါသည်။ * **အဂိလာန** ။ ။ ထီး, ဖိနပ်နှင့်ကင်း၍ ချမ်းသာ သွားလာနိုင်လျှင် အဂိလာန မည်ပါသည်။

➤ **ယာန သိက္ခာပုဒ်၌ ယာန-အရ** ။ ။ လှည်းပေါင်းချုပ်,စသော ယာဉ်ကို ယူရ ပါမည်။

➤ **ယာန-အရ ယာဉ်သရုပ်** ။ ။ ဝယှ-ပေါင်းချုပ်၊ ရထ-ရထား၊ သကဋ-လှည်း၊ သန္ဒမာနိကာ-သန်လျှင်း၊ သိဝိကာ-ထမ်းစင်၊ ပါဋင်္ကီ-ပုဆိုးသန်လျှင်း။

➤ **သဃာဏိ သိက္ခာပုဒ်၌ အာပတ်မသင့်နိုင်ခြင်းအကြောင်း** ။ ။ အနာ-ဟူသော အကြောင်းကြောင့် ခါးစည်းချည်ကို ဆောင်သော်လည်း အာပတ် မသင့်ပါ။

➤ **ကူဋ္ဋာလင်္ကာရ အဓိပ္ပါယ်** ။ ။ ဦးခေါင်းသို့ ကပ်ရောက်ကုန်သော တန်ဆာ စသည်တို့တွင် တစ်မျိုးမျိုးသော တန်ဆာကို "ကူဋ္ဋာလင်္ကာရ"ဟု ခေါ်ပါသည်။

http://www.dhammadownload.com



➢ **ဏ္ဏုစ္ဆာလက်ာရ သရုပ်** ။ ။ (၁) သီသူပဂ-ဦးခေါင်းတန်းဆာ၊ (၂) ဂီဝူပဂ-လည်တန်းဆာ၊ (၃) ဟတ္ထူပဂ-လက်တန်းဆာ၊ (၄) ပါဒူပဂ-ခြေတန်းဆာ၊ (၅) ကဋူပဂ-ခါးတန်းဆာ-တို့ ဖြစ်ပါသည်။

➢ **ဂန္ဓဝဏ္ဏက သိက္ခာပုဒ်၌ အာပတ်သင့်ရာအခါ** ။ ။ ဂန္ဓ,စသည်ကို ရောစပ်ရာ အခါမှစ၍ ရှေးပယောဂ၌ ဒုက္ကဋ်အာပတ်၊ ရေချိုးခြင်းအဆုံး၌ ပါစိတ်အာပတ်သင့်ပါသည်။ [အနာဟူသော အကြောင်းကြောင့် နံ့သာ, အလှရည်တို့ဖြင့် ရေချိုးသော်လည်း အာပတ် မသင့်ပါ။]

➢ **ပိညာက အဓိပ္ပါယ်** ။ ။ နှမ်းကို ကြိတ်ချေထားသော အမှုန့်ကို "ပိညာက" ဟု ခေါ်ပါသည်။

## ဘိက္ခုနီ ဥမ္မဒ္ဒါပန သိက္ခာပုဒ်

➢ **အာပတ်သင့်ပုံ** ။ ။ လက်ကို မလွှတ်ဘဲ ပွတ်တိုက်လျှင် ပါစိတ်အာပတ် တစ်ချက်၊ လွှတ်စေ, လွှတ်စေ၍ ပွတ်တိုက်လျှင် ပယောဂ အရေအတွက်အားဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

➢ **ပွတ်တိုက်နှိပ်နယ်စေနိုင်ခြင်းအကြောင်း** ။ ။ ခရီးသွားခြင်းကြောင့် ပင်ပန်း ညောင်းညာခြင်း (ဂေလည)၊ ခိုးသူဘေး စသည်တို့ကြောင့် ကိုယ်တုန်လှုပ်ခြင်း စသည် (အာပဒါ) တို့ကြောင့် ပွတ်တိုက်နှိပ်နယ်ကောင်းပါသည်။

## အနာပုစ္ဆာ သိက္ခာပုဒ်

➢ **ဘိက္ခုသေ ပုရတော-အရ** ။ ။ ရဟန်း၏ ပတ်ပတ်လည် (၁၂)တောင် ဥပစာ အတွင်းကို ယူရပါမည်။

➢ **ပန်ကြားပုံ** ။ ။ နိသီဒါမိ အယျ-ထိုင်ပါရစေ အရှင်ဘုရား-ဟု ပန်ကြားရမည်

➢ **ပါစိတ်အာပတ်သင့်ပုံ** ။ ။ ရဟန်း၏ ၁၂-တောင် ဥပစာ၌ အောက်ထစ်ဆုံး အားဖြင့် မြေ၌သော်မှလည်း "အရှင်ဘုရား ထိုင်ပါရစေ"ဟု မပန်ပြောဘဲ ထိုင်သော ရဟန်းမအား ပါစိတ်အာပတ် သင့်ပါသည်။

➢ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ ဂိလာနဖြစ်သောကြောင့်ရင်း, ဘေးရန်ရှိ သောကြောင့်ရင်း, မပန်ပြောဘဲ ထိုင်သော်လည်း အာပတ်မသင့်ပါ။

## ပဉှာပုစ္ဆန သိက္ခာပုဒ်

➢ **အနောကာသကတ အဓိပ္ပါယ်** ။ ။ ဘိက္ခုနီမသည် ရဟန်းများကို ပြဿနာ မေးလိုလျှင် "ထိုမည်သောပါဠိရပ်၌ မေးပါရစေ, ခွင့်ပြုပါ"ဟု ခွင့်မတောင်းခြင်းကို "အနောကာသကတ" ဟု ခေါ်ပါသည်။

➢ **ခွင့်တောင်းပုံ** ။ ။ "ထိုမည်သော ပါဠိရပ်၌ မေးပါရစေ, ခွင့်ပြုပါ"ဟု ခွင့်

http://www.dhammadownload.com



တောင်းရပါမည်။

➤ **အာပတ်သင့်ပုံ** ။ ။ သုတ္တန်၌ မေးခွင့်တောင်းပြီး ဝိနည်းကိုဖြစ်စေ, အဘိဓမ္မာကိုဖြစ်စေ မေးသော ရဟန်းမအား ပါစိတ်အာပတ် သင့်ပါသည်။

**အသံကစ္စိကာ သိက္ခာပုဒ်**

➤ **သံကစ္စိကာ (ရင်လွှမ်းတဘက်) အဓိပ္ပါယ်** ။ ။ ညှပ်ရိုးနှစ်ဘက်အောက်, ချက်ဝန်း၏ အထက်ဟုဆိုအပ်သော ကိုယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ ခွင့်ပြုတော်မူအပ်သော ရင်စည်းတဘက်ကို "သံကစ္စိကာ" (ရင်လွှမ်းတဘက်) ဟု ခေါ်ပါသည်။

➤ **ဘိက္ခုနီမများအတွက် ရင်လွှမ်းတဘက်ကို ဘုရားရှင် ခွင့်ပြုထားရကျိုး**

ညှပ်ရိုးနှစ်ဘက်အောက်, ချက်ဝန်း၏ အထက်ဟုဆိုအပ်သော ကိုယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ ရင်လွှမ်းတဘက်ကို ဘုရားရှင် ခွင့်ပြုထားပါသည်။

➤ **အသံကစ္စိကာ အဓိပ္ပါယ်** ။ ။ ရင်စည်းတဘက် မပါခြင်းကို "အသံကစ္စိကာ" ဟု ခေါ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ အကာအရံရှိလျှင် ရွာ၏ အကာအရံ, အကာအရံ မရှိလျှင် ရွာ၏ဥပစာကို လွန်သောရဟန်းမအား ပထမခြေလှမ်း၌ ဒုက္ကဋ်၊ ဒုတိယခြေလှမ်း၌ ပါစိတ်အာပတ် သင့်ပါသည်။

➤ **အာပတ် မသင့်ခြင်းအကြောင်း** ။ ။ ရင်စည်းသက်န်းကို ဓားပြ,စသူတို့ လုယူအပ်သောကြောင့်ရင်း, ပျောက်ပျက်သွားသောကြောင့်ရင်း, ရင်စည်းတဘက် မပါဘဲ ရွာတွင်းသို့ ဝင်သော်လည်း အာပတ် မသင့်ပါ။

➤ **ဘိက္ခုနီ အသာဓာရဏ သိက္ခာပုဒ်တို့တွင် အစိတ္တက, လောကဝဇ္ဇ, အကုသလစိတ္တ သိက္ခာပုဒ်များ** ။ ။ ဂိရဂ္ဂသမဇ္ဇ, စိတ္တာဂါရ, သယ်ာဏီ, ဣတ္တာလက်ာရ, ဂန္ဓဝဏ္ဏက, ဝါသိတ ပိညာက, ဘိက္ခုနီ ဥမ္မဒ္ဒါပန, သိက္ခမာန ဥမ္မဒ္ဒါပန, သာမဏေရီ ဥမ္မဒ္ဒါပန, ဂိဟိနီ ဥမ္မဒ္ဒါပန သိက္ခာပုဒ်အားဖြင့် (၁၀) ပါး ဖြစ်ပါသည်။

➤ **အစိတ္တက အဓိပ္ပါယ်** ။ ။ ဝတ္ထုကိုသိသောစိတ်နှင့် ကင်း၍ရင်း, မကင်းဘဲရင်း, သင့်ရောက်ထိုက်သောကြောင့် "အစိတ္တက"ဟု ခေါ်ပါသည်။

➤ **လောကဝဇ္ဇ အကုသလစိတ္တ အဓိပ္ပါယ်** ။ ။ ဝတ္ထုကိုသိသော စိတ်ရှိလျက် အကုသိုလ်စိတ်ဖြင့်သာ သင့်ရောက်ထိုက်သောကြောင့် "လောကဝဇ္ဇ အကုသလစိတ္တ" ဟု ခေါ်ပါသည်။

➤ **အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ် (၁၉) ပုဒ်** ။ ။ စောရီဝုဋ္ဌာပန, ဂါမန္တရ, အာရာမ သိက္ခာပုဒ်, ဂဗ္ဘိနီဝဂ် အစ (၇) ပုဒ်၊ ကုမာရိဘူတဝဂ် အစ (၅) ပုဒ်၊ ပုရိသာဒိသံသဋ္ဌ, ပါရိဝါသိကဆန္ဒဒါန, အနုဝဿ ဝုဋ္ဌာပန, ဧကန္တရိကဝုဋ္ဌာပနသိက္ခာပုဒ်အားဖြင့်

http://www.dhammadownload.com



(၁၉) ပါး ဖြစ်ပါသည်။ ကြွင်းသိက္ခာပုဒ်များကား "သစိတ္တက လောကဝဇ္ဇ" သိက္ခာပုဒ် များ ဖြစ်ကြပါသည်။

**ဘိက္ခုနီ သုဒ္ဓပါစိတ်အဖွင့် ပြီး၏။**

❀ ❀ ❀ ❀ ❀

**ပါဋိဒေသနီယကဏ္ဍ**

**သပ္ပိဝိညာပန သိက္ခာပုဒ်**

➤ **သပ္ပိ–အစရှိ** ။ ။ ပါဠိတော်၌ တိုက်ရိုက်လာသော နွားမမှဖြစ်သော ထောပတ် စသည်တို့ကို ယူရပါမည်။ ➤ **အနုပညတ်ပါဠိ** ။ ။ အဂိလာနာ ဖြစ်ပါသည်။

➤ **ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ** ။ ။ တောင်းခြင်းကြောင့် ရအပ်သော ထောပတ်ကို စားအံ့ဟု ကြံကာ ခံယူလျှင် ခံယူပြီးသော ထောပတ်ကို စားမျိုတိုင်း စားမျိုတိုင်း ပါဋိဒေသနီ အာပတ်သင့်ပါသည်။

➤ **အာပတ် မသင့်သူများ** ။ ။ မကျန်းမာ၍ မကျန်းမာဟု အမှတ်ရှိလျက် တောင်း စားလျှင်ငင်း, မကျန်းမာရာအခါ၌ တောင်းပြီး ရောဂါပျောက်မှ စားလျှင်ငင်း, မကျန်း မာသော ရဟန်းမ၏ အကြွင်းအကျန်ကို စားလျှင်ငင်း, ဉာတိပဝါရိတတို့ထံမှ တောင်း၍ စားလျှင်ငင်း, အခြားသူအတွက် တောင်း၍စားလျှင်ငင်း, မိမိ၏ အပ်သောဥစ္စာဖြင့် လဲယူ၍ စားလျှင်ငင်း, ဥမ္မတ္တိကာဖြစ်၍ စားလျှင်ငင်း, စားသောရဟန်းမတို့မှာ အာပတ် မသင့်ပါ။

➤ **ဥစ္စာရှိမနုဿမဖွေ–၌ ယူရမည့်ပုဂ္ဂိုလ်** ။ ။ ဈာနလာဘီပုဂ္ဂိုလ်နှင့် အရိယာ ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ ➤ **ယူရမည့်တရားကား** ။ ။ ဈာန်, မဂ်, ဖိုလ်တရားတို့ဖြစ်ပါသည်။

➤ **အသက်မွေးမှု ပျက်စီးကြောင်းဖြစ်သော အာပတ်** = ဒုဗ္ဘာသိအာပတ်မှတစ်ပါး ကြွင်းသော အာပတ် ၆-ခုတို့ ဖြစ်ပါသည်။ ➤ **အယူစင်ကြယ်မှု ပျက်စီးကြောင်း အာပတ်များ** = ပါစိတ်အာပတ်နှင့် ဒုက္ကဋ်အာပတ်တို့ ဖြစ်ပါသည်။

➤ **ရဟန်းတော်များ ဒေသနာကြားသမြင် ဒေသနာကြားရာရောက်ပုံ**

ယခုအခါ မရောက်တော့အံ့ဟု နှလုံးသွင်း၍ ခုရနိက္ခေပပြုပြီး ဒေသနာကြားအပ် သော အာပတ်သည် ဒေသနာကြားရာ ရောက်ပါသည်။

➤ **ဒေသနာကြားရာ မရောက်ပုံ** ။ ။ အာပတ်သင့်ပြီးနောက် နောက်ထပ်လည်း အခြားဝတ္ထုကို ရောက်ဦးအံ့ဟု ဥဿာဟနှင့်တကွ ဒေသနာကြားအပ်သော အာပတ် သည် ဒေသနာကြားရာ မရောက်ပါ။

**ဘိက္ခုနီ ပါဋိဒေသနီ အဖွင့်ပြီး၏။**

24-7-2007

http://www.dhammadownload.com



**➢ ဂိဟိဂတသိက္ခမာန်နှင့် ကုမာရိဘူတသိက္ခမာန်အထူး**

ဂိဟိဂတသိက္ခမာန်သည် အသက် ၁၂-ပြည့်လျှင် သိက္ခိတသိက္ခာရှိ၍ ဝုဋ္ဌာနသမ္မုတိရမှ ဘိက္ခုနီပြုခွင့်ရှိပါသည်။ ကုမာရိဘူတသိက္ခမာန်သည် အသက် ၂၀-ပြည့်လျှင် သိက္ခိတသိက္ခာရှိ၍ ဝုဋ္ဌာနသမ္မုတိရမှ ဘိက္ခုနီပြုခွင့်ရှိပါသည်။ ဤသို့ ထူးပါသည်။

**➢ ပဌမ ကထိနသိက္ခာပုဒ်နှင့် အစ္စေကစီဝရသိက္ခာပုဒ်အထူး**

ပဌမကထိနသိက္ခာပုဒ်သည် သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ဆယ်ရက်ထားခွင့်ရပါသည်။ အစ္စေကစီဝရသိက္ခာပုဒ်သည် သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ဆယ့်တစ်ရက် ထားခွင့်ရပါသည်။ ဤသို့ ထူးပါသည်။

**➢ သံဃာဒိသိသ်အာပတ်ကို ကုစားရာ၌ ဘိက္ခု–ဘိက္ခုနီတို့၏ ကုစားမှာန် ကွဲပြားခြားနားပုံ** ။ ။ ဘိက္ခုတို့သည် ဖုံးလွှမ်းသလောက် ပရိဝါသ်နေရပါမည်။ ဘိက္ခုနီတို့သည် ပရိဝါသ်နေဖွယ် မလိုပါ။

ဘိက္ခုတို့သည် ၆-ရက်မာနတ်ကျင့်ရပါမည်၊ ဘိက္ခုနီတို့သည် ပက္ခမာနတ် ကျင့်ရပါမည်။ ဤသို့ ခြားနားပါသည်။

**➢ ပါရာဇိကအာပတ်သင့်ပြီးသော ပုဂ္ဂိုလ်၏ ဝိသုဒ္ဓိ မဖြစ်သော နေထိုင်နည်း** ။ ။ ပါရာဇိကအာပတ် သင့်ပြီးသော ပုဂ္ဂိုလ်သည် ရဟန်းအဖြစ်၌တည်၍ ဈာန်အစရှိသည်ကို မရနိုင်သောကြောင့် ရဟန်းအဖြစ်ဖြင့် နေထိုင်ခြင်းသည် ဝိသုဒ္ဓိ မဖြစ်သော နေထိုင်နည်းဖြစ်ပါသည်။

**➢ ဝိသုဒ္ဓိဖြစ်သော နေထိုင်နည်း** ။ ။ လူအဖြစ်, ဥပါသကာအဖြစ်, အာရာမ်စောင့်အဖြစ်, သာမဏေအဖြစ်တို့တွင် တစ်ခုခုပြုလုပ်၍ ဒါနစသည်တို့ဖြင့် နတ်ရွာသုဂတိကိုလည်းကောင်း၊ ဈာန်စသည်တို့ဖြင့် နိဗ္ဗာန်ကိုလည်းကောင်း ရနိုင်သောကြောင့် ပါရာဇိကကျသောသူ၏ လူ့အဖြစ်အစရှိသည်ဖြင့် နေထိုင်ခြင်းသည် ဝိသုဒ္ဓိဖြစ်သော နေထိုင်နည်း ဖြစ်ပါသည်။

http://www.dhammadownload.com



## ➤ ရဟန်းတော်များ ဒေသနာကြားပုံ

* ငယ် -- အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။
* ကြီး -- သာဓု အာဝုသော သာဓု သာဓု။
* ငယ် -- အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။
* ကြီး -- ပဿသိ အာဝုသော တာ အာပတ္တိယော။
* ငယ် -- အာမ ဘန္တေ ပဿာမိ။
* ကြီး -- အာယတိံ အာဝုသော သံဝရေယျာသိ။
* ငယ် -- သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
* ကြီး -- သာဓု အာဝုသော သာဓု သာဓု။
* ကြီး -- အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။
* ငယ် -- သာဓု ဘန္တေ သာဓု သာဓု။
* ကြီး -- အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုယှမူလေ ပဋိဒေသေမိ။
* ငယ် -- ပဿထ ဘန္တေ တာ အာပတ္တိယော။
* ကြီး -- အာမ အာဝုသော ပဿာမိ။
* ငယ် -- အာယတိံ ဘန္တေ သံဝရေယျာသိ။
* ကြီး -- သာဓု သာဋ္ဌု အာဝုသော သံဝရိဿာမိ။
* ငယ် -- သာဓု ဘန္တေ သာဓု သာဓု။
* ငယ် -- အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။
* ကြီး -- ပဿသိ အာဝုသော တာ အာပတ္တိယော။
* ငယ် -- အာမ ဘန္တေ ပဿာမိ။
* ကြီး -- အာယတိံ အာဝုသော သံဝရေယျာသိ။
* ငယ် -- သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
* ကြီး -- သာဓု အာဝုသော သာဓု သာဓု။

http://www.dhammadownload.com

http://www.dhammadownload.com